ဟဇရည် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)

၏

ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန်

အစောင် ၁၅

အာယသ်တော် ၁၇း၁ မှ ၁၈း၇၄ အထိ

ပြန်ဆို ရေးသား တည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၁၅]

စူရာဟ်ဗနီအိစ်ရာအီလ်

အိစ်ရာအီလီမျိုးနွယ်ကဏ္ဍ

၁၇ း ၁

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁

၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂

၃။ 'မိအ်ရားဂျ်' သည် ခန္ဓာကိုယ်ဖြင့် သွားခြင်းဖြစ်ကြောင်း၊ ကုရ်အာန်နှင့် ဗွန္နသ် အထောက်အထားများနှင့် 'အိဂ်ျမားအ်' (ပညာရှင်များ၏ တင်ပြချက်) ၃

၄။ အိဗ်နေကဆီးရ်၏ ဆင့်ပြန်ချက်ဖြင့် 'မိအ်ရားဂျ်'ဖြစ်စဉ်အကျဉ်း ၅

၅။ 'မိအ်ရားဂျ်' ဖြစ်ရပ်နှင့် စပ်လျဉ်း၍ မွတ်စ္စလင်မ်မဟုတ်သူတစ်ဦး၏ သက်သေ ထွက်ဆိုခြင်း ၇

၆။ 'အိစ်ရာအ်' နှင့် 'မိအ်ရားဂျ်' ၏ သမိုင်း ၉

၇။ 'မတ်စ်ဂျိဒ်ဒေ့ဟရာမ်'နှင့် 'မတ်စ်ဂျိဒ်အက္ကဆွာ' ၉

၈။ 'မတ်စ်ဂျိဒ်ဒေ့အက္ကာဆွာ'နှင့် ဆီးရီးယားနိုင်ငံ၏ 'ဗရ်ကာသ်'မင်္ဂလာများ ၁၀

၁၇ း ၂ မှ ၁၇ း ၃ အထိ

၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂

၁၇ း ၄ မှ ၁၇ း ၈ အထိ

၁၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄

၁၁။ အာယသ်တော်များ၏ ဆက်စပ်မှု ၁၆

၁၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၀

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၃။ ဗနီအိစ်ရာအီလ်တို့၏ သမိုင်းဖြစ်ရပ်သည် မှတ်စွလင်မ်များအတွက် သံဝေဂရယူဖွယ်ဖြစ်ပြီး လက်ရှိ 'ဗိုင်သွလ်မုကဒ္ဒပ်စ်' ၏ ဖြစ်ရပ်သည် အဆိုပါကဏ္ဍထဲမှ စံနမူနာတစ်ရပ် ဖြစ်ခဲ့ကြောင်း ၂၂

၁၄။ အံ့ဖွယ်ဖြစ်ရပ်တစ်ခု ၂၃

၁၅။ 'ကာဖိရ်' သည်လည်း အလ္လာဟ်၏ 'ဗန္ဒာဟ်' ကျေးကျွန် ဖြစ်သော်လည်း ထိုအသျှင်မြတ် လက်ခံသည့် 'ဗန္ဒာဟ်' ကျွန်မဟုတ်ခြင်းအကြောင်း ၂၄

၁၇ း ၉ မှ ၁၇ း ၁၁ အထိ

၁၆။ အာယသ်တော်များ၏ ဆက်စပ်မှု ၂၅

၁၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၅

၁၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၆

၁၇ း ၁၂ မှ ၁၇ း ၁၅ အထိ

၁၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၈

၂၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၀

၂၁။ မှတ်တမ်းစာအုပ်ကို လည်ဂုတ်၌ ဆွဲကြိုးသဖွယ်ဖြစ်ခြင်း ၃၀

၂၂။ ရစူလ်တမန်တော်များစေလွှတ်ခြင်းမပြုဘဲ အဇာဗ်ပေးတော်မမူခြင်းအကြောင်း.. ၃၁

၂၃။ မုရှ်ရစ်က်တို့၏ သားသမီးများအပေါ် 'အဇာဗ်' အပြစ်ဒဏ်မရှိခြင်း ၃၁

၁၇ း ၁၆ မှ ၁၇ း ၁၇ အထိ

၂၄။ အာယသ်တော်များ၏ ဆက်စပ်မှု ၃၂

၂၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၂

၂၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၃

၂၇။ သံသယတစ်ခုနှင့် ၎င်း၏အဖြေ ၃၃

၂၈။ ဖော်ပြပါအာယသ်တော်၏ အခြားဖွင့်ဆိုချက်တစ်ရပ် ၃၄

၂၉။ အုပ်စုမျိုးနွယ်အပေါ် သူဌေးသူကြွယ်တို့၏အငွေ့အသက်များကျရောက်ခြင်းသည် နိယာမပင်ဖြစ်ခြင်း ၃၅

၁၇ း ၁၈ မှ ၁၇ း ၂၁ အထိ

၃၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၆

စဉ်	အကြောင်းအရာ	စာမျက်နှာ

၃၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၈

၃၂။ 'ဗိဒ်အသ်' တရားသစ်တီထွင်မှုနှင့် မိမိအကြိုက် ပြုလုပ်သော လုပ်ရပ်တို့သည် မည်မျှပင် ကောင်းမွန်စေကာမူ လက်ခံခြင်းခံရမည်မဟုတ်ကြောင်း ၃၉

၁၇ ႏ ၂၂ မှ ၁၇ ႏ ၂၅ အထိ

၃၃။ အာယသ်တော်များ၏ ဆက်နွယ်မှု ၄၀

၃၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၄၁

၃၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၄၂

၃၆။ မိဘနှစ်ပါးအား ရိုသေလေးစားခြင်းနှင့် အမိန့်နာခံခြင်းတို့သည် အလွန်အရေးကြီးခြင်းအကြောင်း ၄၂

၃၇။ မိဘနှစ်ပါးအားအမိန့်နာခံခြင်းနှင့် ၎င်းတို့အား ပြုစုယုယခြင်း၏ထူးမြတ်မှုများ၊ ဟဒီးစ်ဆင့်ပြန်ချက် များစွာ၌ လာရှိခြင်းအကြောင်း ၄၂

၃၈။ မိဘနှစ်ပါး၏ တာဝန်ဝတ္တရားများ ပျက်ကွက်ခြင်းအပေါ် အပြစ်ဒဏ်သည် 'အာခေရသ်'တမလွန်မရောက်မီ လောက၌လည်း ရရှိမည်ဖြစ်ခြင်း ၄၄

၃၉။ မိဘနှစ်ပါး၏ အမိန့်နာခံမှုသည် မည်သည့်အရာများတွင် 'ဝါဂျိဗ်' ဖြစ်၍ မည်သည့်နေရာတွင် ဆန့်ကျင်ခြင်း ပြုနိုင်ပါသနည်း။ ၄၄

၄၀။ မိဘနှစ်ပါးအားပြုစုယုယခြင်းနှင့် ၎င်းတို့အားကောင်းမွန်စွာ ဆက်ဆံမှုပြုရာတွင် ထိုမိဘနှစ်ပါးသည် မွတ်စ္စလင်မ်ဖြစ်ရန် အရေးမကြီးခြင်း ၄၄

၄၁။ မိဘနှစ်ပါးအား ရိုသေလေးမြတ်စွာ ဆက်ဆံရခြင်းသည် အထူးအားဖြင့် အိုမင်းမစွမ်းသည့်အခါ၌ ဖြစ်ခြင်း ၄၆

၄၂။ အံ့ဖွယ်ဖြစ်ရပ်တစ်ခု ၄၉

၁၇ ႏ ၂၆ မှ ၁၇ ႏ ၂၇ အထိ

၄၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅၂

၄၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၅၃

၄၅။ အများဆွေမျိုးသားချင်းများနှင့် စပ်လျဉ်းသည့် ဝတ္တရားများကို အလေးအနက်ထားရခြင်းအကြောင်း ၅၃

၄၆။ ပြုမ်ႈ 'သဗ်ဗီးရ်'အပိုသုံးစွဲ (ဖြုန်းတီးမှု) ကို တားမြစ်ခြင်း ၅၄

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၇ း ၂၈

၄၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅၅
၄၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၅၆

၁၇ း ၂၉ မှ ၁၇ း ၃၀ အထိ

၄၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅၇
၅၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၅၈
၅၁။ အလယ်အလတ်သုံးစွဲရမည်ဟူသော လမ်းညွှန်ချက် ၅၈
၅၂။ မိမိကိုယ်တိုင် ပူဆွေးသောက ရောက်ရသည်အထိ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲမှု ပြုလိုက်သူတို့၏ အဆင့်အတန်း ၅၉
၅၃။ စည်းကမ်းမဲ့ သုံးစွဲမှုကို တားမြစ်ခြင်း ၆၀

၁၇ း ၃၁

၅၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၁
၅၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆၁

၁၇ း ၃၂

၅၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၂
၅၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆၂

၁၇ း ၃၃

၅၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၄
၅၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆၅
၆၀။ မတရားသတ်ဖြတ်ခြင်း၏ ဖွင့်ဆိုချက် ၆၆
၆၁။ အသေစားသေစေသည့် အခွင့်အရေးသည် မည်သူ့တွင် ရှိပါသနည်း။ ၆၆
၆၂။ မတရားမှုအား မတရားမှုဖြင့်မတုန့်ပြန်ရ။ မျှတမှုဖြင့်တုန့်ပြန်ရမည်။ တရားခံ၏
၆၃။ အပြစ်ပေးခြင်း၌လည်း တရားမျှတမှုကို ထောက်ရှုရမည်။ ၆၆
၆၄။ မှတ်သားဖွယ်ဖြစ်ရပ်တစ်ခု ၆၇

ခဉ်	အကြောင်းအရာ	စာမျက်နှာ
	၁၇း၃၄ မှ ၁၇း၃၅ အထိ	
၆၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၆၉
၆၆။	သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ	၆၉
၆၇။	မိဘမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများအပေါ် ဆင်ခြင်မှု	၆၉
၆၈။	ကတိကဝတ်ပြုထားသည်များကို ပြည့်ဝအောင် ထမ်းဆောင်ခြင်းဆိုင်ရာ အမိန့်	၇၀
၆၉။	တိုင်းတွာချိန်တွယ်ရာတွင်လျော့ပေါ့၍ တိုင်းတွာချိန်တွယ်ခြင်းအား တားမြစ်ချက်ပြုထားသည့်အကြောင်း	၇၂
	၁၇း၃၆ မှ ၁၇း၃၈ အထိ	
၇၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၇၃
၇၁။	သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ	၇၄
၇၂။	နား၊ မျက်စိ၊ နှလုံးသားတို့နှင့် စပ်လျဉ်း၍ 'ကေယာမသ်'နေ့တွင် စစ်ကြောမေးမြန်းခံရမည့်အကြောင်း	၇၄
	၁၇း၃၉ မှ ၁၇း၄၄ အထိ	
၇၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၈၁
၇၄။	သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ	၈၂
၇၅။	မိုးကောင်းကင်၊ မြေပထဝီနှင့် ၎င်းတို့အတွင်း၌ ရှိရှိသမျှတို့သည် 'သတ်စ်ဗီးဟ်' ပြုလုပ်နေခြင်း	၈၃
	၁၇း၄၅ မှ ၁၇း၄၈ အထိ	
၇၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၈၇
၇၇။	သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ	၈၉
၇၈။	နဗီတမန်တော်မြတ် ﷺ အပေါ် 'ဂျာဒူ' ပယောဂ စွဲကပ်နိုင်ခြင်း	၈၉
၇၉။	ရန်သူများ၏အရှုမှ ကွယ်ပျောက်နေစေရန် ကျင့်စဉ်တစ်ရပ်	၉၀
	၁၇း၄၉ မှ ၁၇း၅၂ အထိ	
၈၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၉၂
၈၁။	သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ	၉၄

စဉ်	အကြောင်းအရာ	စာမျက်နှာ
၈၁။	'ဟရ်ရ်' ကွင်းပြင်တွင် ကာဖိရ်သည်လည်း အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်း ထောပနာပြုလျက် ရှင်ပြန်ထခြင်း	၉၅
၈၂။	**၁၇း၅၃ မှ ၁၇း၅၅ အထိ**	
၈၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၉၇
၈၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၉၈
၈၅။	နှုတ်လျှာကြမ်းတမ်းခြင်းနှင့်စကားခက်ထန်ခြင်းတို့သည် ကာဖိရ်များနှင့်ပင်ပြုခြင်း မပိုင်ကြောင်း	၉၈
၈၆။	**၁၇း၅၆ မှ ၁၇း၅၈ အထိ**	
၈၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၀၀
၈၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၀၂
၈၉။	**၁၇း၅၉ မှ ၁၇း၆၀ အထိ**	
၉၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၀၃
	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၀၅
	၁၇း၆၁ မှ ၁၇း၆၅ အထိ	
၉၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၀၇
၉၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၀၈
၉၃။	**၁၇း၆၆ မှ ၁၇း၇၀ အထိ**	
၉၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၁၂
၉၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	
	အာဒမ် عليه السلام ၏ သားမြေး (လူသား) တို့သည် များစွာသော အဖန်ဆင်းခံ များထက် အဘယ်ကြောင့် ထူးမြတ်မှုရရှိပါသနည်း။	၁၁၃
၉၆။	**၁၇း၇၁ မှ ၁၇း၇၂ အထိ**	
၉၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၁၆

စဉ်	အကြောင်းအရာ	စာမျက်နှာ
၉၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၁၆
၉၉။	မှတ်တမ်းစာအုပ်	၁၁၇
	၁၇ း ၇၃ မှ ၁၇ း ၇၇ အထိ	
၁၀၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၁၉
၁၀၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၂၀
	၁၇ း ၇၈ မှ ၁၇ း ၈၂ အထိ	
၁၀၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၂၅
၁၀၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၂၆
၁၀၄။	ရန်သူတို့၏ လှည့်စားဖြားယောင်း ကြံစည်မှုများမှ လွတ်မြောက်ရန် အကောင်းဆုံးသော နည်းလမ်းမှာ နမာဇ်ဝတ်ပြုမှုပင်ဖြစ်ခြင်း	၁၂၆
၁၀၅။	'သဟ်ဂျ်ဥဒ်'နမာဇ်အချိန်နှင့် အမိန့်ပညတ်ချက်များ	၁၂၉
၁၀၆။	'သဟဂျ်ဥဒ်'နမာဇ်သည် 'ဖွရ်ဇ်'ဖြစ်ပါသလော။ (သို့) 'နဖိလ်'ဖြစ်ပါသလော။	၁၃၀
၁၀၇။	'သဟဂျ်ဥဒ်' နမာဇ်သည် 'နဖိလ်' (သို့) 'စွန္နသ်မုအက္ကဒဟ်' ဖြစ်ပါသလော။	၁၃၂
၁၀၈။	'သဟဂျ်ဥဒ်' ၏ အရေအတွက်နှင့် ရကာအသ်များ	၁၃၃
၁၀၉။	'သဟဂျ်ဥဒ်' နမာဇ် ဖတ်ပုံဖတ်နည်း	၁၃၄
၁၁၀။	'မကာမေ့မဟ်မူးဒ်'	၁၃၄
၁၁၁။	နဗီတမန်တော်များနှင့် သူတော်စင်တို့၏ 'ရှဖာအသ်' ပြုခြင်းကို လက်ခံတော်မူမည်ဖြစ်ခြင်း	၁၃၄
၁၁၂။	မေးခွန်းတစ်ခုနှင့်အဖြေ	၁၃၅
၁၁၃။	'သဟဂျ်ဥဒ်'နမာဇ်သည် 'ရှဖာအသ်'၏ အဆင့်ရရှိရန် အထူးအရေးပါခြင်း	၁၃၆
၁၁၄။	အဓိကရည်ရွယ်ချက်များအတွက် လက်ခံခြင်းပြုခံရသည့်ဒိုအာ	၁၃၈
၁၁၅။	ရှရစ်က်၊ကုဖွရ်နှင့် လမ်းမှားသူတို့၏ဓလေ့ထုံးတမ်းစဉ်လာများနှင့် အထိမ်းအမှတ်သင်္ကေတများကို ဖယ်ရှားပစ်ရန် 'ဝါဂျိဗ်'ဖြစ်ခြင်း	၁၃၉
	၁၇ း ၈၃ မှ ၁၇ း ၈၄ အထိ	
၁၁၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၄၁
၁၁၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၄၁

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၇ ႏ ၈၅ မှ ၁၇ ႏ ၈၉ အထိ

၁၁၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၃
၁၁၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၄၄
၁၂၀။ 'ရူးဟ်' ဆိုသည်မှာ အဘယ်နည်း ၁၄၅
၁၂၁။ ဤမေးခွန်းထုတ်သည့်ဖြစ်ရပ်သည် မက္ကာဟ် (သို့) မဒီနာတွင် ဖြစ်ခဲ့ပါသလော။ ၁၄၇
၁၂၂။ ဖော်ပြပါမေးခွန်း၏ အဖြေ ၁၄၈
၁၂၃။ မေးခွန်းတိုင်းကို ဖြေကြားရန် အရေးမကြီး။ မေးမြန်းသူ၏ သာသနာရေး လိုက်စားမှု ရှိ၊ မရှိကိုသာ ထောက်ရှုရန် အရေးကြီးခြင်း ၁၄၈
၁၂၄။ 'ရူးဟ်' (ဝိညာဉ်) ဖစ်မြစ်၏ အသိပညာကို တစ်ဦးတစ်ယောက်အနေဖြင့် နားလည်နိုင်ပါသလော။ ၁၄၉
၁၂၅။ အကျိုးကျေးဇူး ၁၄၉

၁၇ ႏ ၉၀ မှ ၁၇ ႏ ၉၅ အထိ

၁၂၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၄
၁၂၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅၆
၁၂၈။ အဓိပ္ပာယ်မဲ့ ရန်လိုသည့် မေးခွန်းအပေါ် နဗီတမန်တော်မြတ် ﷺ ၏ တုန့်ပြန်ဖြေကြားခြင်း ၁၅၆
၁၂၉။ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဟူသည် လူသားသာ ဖြစ်နိုင်၍ ဖရေစ်ရှ်သာဟ်သည် လူသားများအတွက် ရစူလ်တမန်တော်မဖြစ်နိုင်ခြင်း ၁၅၆

၁၇ ႏ ၉၆ မှ ၁၇ ႏ ၁၀၀ အထိ

၁၃၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၆၀
၁၃၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၆၁

၁၇ ႏ ၁၀၁ မှ ၁၇ ႏ ၁၀၉ အထိ

၁၃၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၆၅
၁၃၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၆၇

၁၇ း ၁၁၀ မှ ၁၇ း ၁၁၁ အထိ

၁၃၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၇၁
၁၃၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၇၁
၁၃၆။	စုဆောင်းတင်ပြသူမှ အခြေအနေကို တင်ပြခြင်း	၁၇၄

စူရာဟ်ကဟာဖ်
ဥမင်လှိုဏ်ခေါင်းကဏ္ဍ

၁၈ း ၁ မှ ၁၈ း ၈ အထိ

၁၃၇။	‘စူရာဟ်ကဟာဖ်’၏ ထူးခြားချက်များနှင့် ထူးမြတ်ခြင်းများအကြောင်း	၁၇၇
၁၃၈။	‘ရာနေ့နူဇူးလ်’အာယသ်တော် ကျရောက်လာရခြင်း၏ အကြောင်းအရင်းဖြစ်စဉ်	၁၇၈
၁၃၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၈၀
၁၄၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၈၁

၁၈ း ၉ မှ ၁၈ း ၁၂ အထိ

၁၄၁။	အဘိဓါန်ဖွင့်ဆိုချက်	၁၈၄
၁၄၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၈၅
၁၄၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၈၆
၁၄၄။	‘အဆ်ဟာဗေ့ကဟာဖ်’ နှင့် ‘ရကီးမ်’ ၏ ဖြစ်စဉ်အကြောင်း	၁၈၆
၁၄၅။	သာသနာကို စောင့်ရှောက်ကာကွယ်ရန် ဂူများ၌ ခိုလှုံသူတို့၏ ဖြစ်ရပ်များသည် မြို့ရွာဒေသ အမျိုးမျိုးတွင် မြောက်မြားစွာရှိခြင်း	၁၈၉
၁၄၆။	‘အဆ်ဟားဗေ့ကဟာဖ်’ တို့ တည်ရှိရာနေရာနှင့် ၄င်းဖြစ်စဉ် ဖြစ်ပေါ်ခဲ့သည့် ခေတ်ကာလ	၁၉၀
၁၄၇။	ခေတ်သစ်သမိုင်းပညာရှင်တို့၏ လေ့လာဆန်းစစ်ချက်	၁၉၃
၁၄၈။	‘အဆ်ဟားဗေ့ကဟာဖ်’ဖြစ်ရပ်သည် မည်သည့်ခေတ်သမယ၌ ဖြစ်ပေါ်ခဲ့သနည်း။ လှိုဏ်ဂူ၌ ပုန်း အောင်းခြင်း၏ အကြောင်းခံမှာ မည်သို့နည်း။	၁၉၆
၁၄၉။	မျိုးနွယ်အုပ်စုနှင့် အစုအဖွဲ့တို့၏ မူလဇစ်မြစ်	၁၉၇
၁၅၀။	‘အဆ်ဟားဗေ့ကဟာဖ်’တို့သည် ယခုတိုင် အသက်ရှင်နေဆဲဖြစ်ပါသလော။	၂၀၀

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၈ း ၁၃ မှ ၁၈ း ၁၆ အထိ

၁၅၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၀၃
၁၅၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၀၄

၁၈ း ၁၇ မှ ၁၈ း ၁၈ အထိ

၁၅၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၀၆
၁၅၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၀၇
၁၅၅။ 'အဆွ်ဟားဗေ့ကဟဖ်' ကာလရှည်ကြာစွာ အိပ်စက်နေချိန်တွင် မြင်ရသူမျိုးအဖို့ နိုးကြားနေသည်ဟု ထင်မြင်ယူဆရခြင်း ၂၀၉
၁၅၆။ 'အဆွ်ဟားဗေ့ကဟဖ်'၏ ခွေး ၂၀၉
၁၅၇။ ကောင်းမြတ်သော သူတော်စင်အသိုင်းအဝိုင်း၏ 'ဗရ်ကာသ်'မင်္ဂလာတော်များဖြင့် ထိုအသျှင်မြတ်သည် ခွေး၏သိက္ခာအဆင့်အတန်းကိုပင် တိုးမြှင့်ပေးတော်မူခြင်း.. ၂၁၀
၁၅၈။ 'အဆွ်ဟားဗေ့ကဟဖ်' တို့အား တွေ့မြင်ရသူများသည် ၎င်းတို့၏ အရှိန်အဝါကြောင့် ကြောက်လန့်၍ ထွက်ပြေးရလောက်အောင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား အရှိန်အဝါ ချီးမြှင့်ထားတော်မူခြင်း ၂၁၁

၁၈ း ၁၉ မှ ၁၈ း ၂၀ အထိ

၁၅၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၁၃
၁၆၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၁၄
၁၆၁။ အချို့ဓမ္မသတ်များ ၂၁၈

၁၈ း ၂၁

၁၆၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၁၉
၁၆၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၁၉
၁၆၄။ 'အဆွ်ဟားဗေ့ကဟဖ်'အကြောင်း မြို့နေလူများ သိရှိသွားခြင်းအကြောင်း ၂၂၀
၁၆၅။ 'အဆွ်ဟားဗေ့ကဟဖ်'တို့ ကွယ်လွန်သေဆုံးပြီးနောက် လူတို့အတွင်း ကွဲလွဲမှုများ ဖြစ်ပေါ်ခြင်း ၂၂၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၁၈ း ၂၂	
၁၆၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၂၄
၁၆၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၂၆
၁၆၈။	ကွဲလွဲချက်များအပေါ် ငြင်းခုံရာတွင် ပြောဆိုရမည့် စည်းကမ်းချက်များ	၂၂၆
၁၆၉။	'အဆွဲဟားဗေ့ကဟဖ်' တို့၏ အမည်များ	၂၂၇
၁၇၀။	ကွဲလွဲမှုရှိသည့် အရေးကိစ္စများတွင် ရှည်လျားစွာ ငြင်းခုံခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်ခြင်း	၂၂၈
	၁၈ း ၂၃ မှ ၁၈ း ၂၆ အထိ	
၁၇၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၃၀
၁၇၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၃၁
၁၇၃။	နောင်အခါ တစ်စုံတစ်ရာ ပြုလုပ်ရန်ရှိလျှင် 'အင်န်ရှာအလ္လာဟ်'ဆိုရခြင်း	၂၃၂
	၁၈ း ၂၇ မှ ၁၈ း ၃၁ အထိ	
၁၇၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၃၇
၁၇၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၃၉
၁၇၆။	'ဒအ်ဝသ်'နှင့် 'သဗ်လီးဂ်'လုပ်ငန်းအတွက် သီးခြားအထူးစည်းကမ်းချက်များ..	၂၃၉
၁၇၇။	'ဂျန္နသ်' သုခဘုံတို့အတွက် လက်ဝတ်ရတနာများ	၂၄၀
	၁၈ း ၃၂ မှ ၁၈ း ၄၄ အထိ	
၁၇၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၄၄
၁၇၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၄၈
	၁၈ း ၄၅ မှ ၁၈ း ၄၉ အထိ	
၁၈၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၅၁
၁၈၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၅၃
	၁၈ း ၅၀ မှ ၁၈ း ၅၉ အထိ	
၁၈၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၆၀

ခဉ်	အကြောင်းအရာ	စာမျက်နှာ

၁၈၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၆၂
၁၈၄။ အီစ်လီးစ်၏ သားသမီးများနှင့် မျိုးနွယ်အဆက်လည်းရှိခြင်း ၂၆၂

၁၈ း ၆၀ မှ ၁၈ း ၇၀ အထိ

၁၈၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၆၆
၁၈၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၆၉
၁၈၇။ ဟဇရတ်မူစာ عليه السلام နှင့် ဟဇရတ်ခိဇ္ဇ်ရ် عليه السلام အကြောင်း ၂၇၀
၁၈၈။ ခရီး၏ စည်းကမ်းချက်အချို့နှင့် စံနမူနာတစ်ရပ်ဖြစ်သည့် တမန်တော်များ၏ ရည်ရွယ်ချက် ခိုင်မာခြင်း ၂၇၄
၁၈၉။ ဟဇရတ်မူစာ عليه السلام သည် ခိဇ္ဇ်ရ် عليه السلام ထက် ပို၍မြတ်ခြင်းနှင့် မူစာ عليه السلام အား ပဲ့ပြင်မှု 'မုအ်ဂျေဇာဟ်' ၂၇၅
၁၉၀။ ဟဇရတ်ခိဇ္ဇ်ရ် عليه السلام နှင့် တွေ့ဆုံခြင်းနှင့် ၎င်း၏ နဗီဖြစ်ခြင်းဆိုင်ရာ ဓမ္မသတ် ၂၇၈
၁၉၁။ ဝလီသူတော်စင်တစ်ပါးအဖို့ ရှရီအသ်တရားတော်၏ ထင်ရှားပေါ်လွင်သော အမိန့်တစ်ခုနှင့် ဆန့်ကျင်၍ ပြုလုပ်ခြင်းမပိုင်ကြောင်း ၂၇၉
၁၉၂။ တပည့်သည် ဆရာ၏ အမိန့်ကို နာခံရခြင်း ၂၇၉
၁၉၃။ ရှရီအသ်၏ အာလင်မ်အသိပညာရှင်သည် ရှရီအသ်နှင့် ဆန့်ကျင်သည့် လုပ်ရပ် အပေါ် 'ဆွဗရ်'သည်းခံမှုပြုခြင်း မပိုင်ကြောင်း ၂၇၉
၁၉၄။ မူစာ عليه السلام ၏ အသိပညာနှင့် ခိဇ္ဇ်ရ် عليه السلام အသိပညာတွင် မတူညီသည့်အခြေခံ တစ်ခုနှင့် ၎င်းတို့နှစ်ဦးစလုံးတွင် အပေါ်ယံဆန့်ကျင်ခြားနားမှုအား ရှင်းလင်းခြင်း ၂၈၀

၁၈ း ၇၁ မှ ၁၈ း ၇၄ အထိ

၁၉၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၈၃
၁၉၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၈၄

ပါရာ [၁၅]

စူရာဟ်ဗနီအိစ်ရာအီလ်

အိစ်ရာအီလီမျိုးနွယ်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

سُبْحٰنَ الَّذِيْٓ اَسْرٰى بِعَبْدِهٖ لَيْلًا مِّنَ الْمَسْجِدِ
الْحَرَامِ اِلَى الْمَسْجِدِ الْاَقْصَا الَّذِيْ بٰرَكْنَا حَوْلَهٗ لِنُرِيَهٗ مِنْ
اٰيٰتِنَا ۭ اِنَّهٗ هُوَ السَّمِيْعُ الْبَصِيْرُ ①

၁၇ : ၁ ။ ။ အကြင်အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။ ထိုအသျှင်မြတ်သည် တစ်ညဉ့်၌ မိမိ၏ ကျွန် (နဗီတမန်တော် မိုဟမ္မဒ်) အား 'မတ်စ်ဂျစ်ဒ်ဒေ့ဟရာမ်' ထူးမြတ်သော ဗလီဝတ်ကျောင်းတော်မှ ထိုကျွန် (နဗီတမန်တော် မိုဟမ္မဒ်) အား မိမိ၏ အချို့သက်သေလက္ခဏာတော်များကို ပြသတော်မူရန်အလို့ငှာ အကြင် 'မတ်စ်ဂျစ်ဒ်ဒေ့အတ်က်ဆွာ' ဗလီဝတ်ကျောင်းတော်သို့ ခေါ်ဆောင်၍ သွားတော်မူခဲ့၏။ ငါအသျှင်မြတ်သည် ထိုဗလီဝတ်ကျောင်းတော်၏ ပတ်ဝန်းကျင်ကို 'ဗရ်ကသ်'သုခချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံတော်မူခဲ့၏။ ကေန်မလွဲ ထိုအသျှင်မြတ်သည်ပင်လျှင် (အလုံးစုံတို့ကို) အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ အကြွင်းမဲ့ သိမြင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုအသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ အကြင်အသျှင်မြတ်သည် မိမိ၏ ဗန္ဒာဟ်ကျေးကျွန် (မိုဟမ္မဒ် ﷺ) အား ညဉ့်အချိန်တွင် 'မတ်စ်ဂျီဒ်ဒေ့ဟရာမ်' ('ကအ်ဗာဟ်'၏ ဗလီဝတ်ကျောင်းတော်) မှ 'မတ်စ်ဂျီဒ်အက္ကဆွာ' (ဗိုင်သွလ်မုကဒ်ဒဆ်) သို့ ခေါ်ဆောင်တော်မူခဲ့သည်။ ထို 'ဗိုင်သွလ်မုကဒ္ဒပ်စ်'၏ အနီးနား ပတ်ဝန်းကျင်တွင် ('ရှာမ်'ဆီးရီးယားနိုင်ငံရှိသည်။) ငါအသျှင်မြတ်

သည် (သာသနာရေးနှင့် လောကီရေးဆိုင်ရာ) 'ဗရ်ကသ်'မင်္ဂလာတော်များ ပြုထားတော်မူသည်။ (သာသနာရေး 'ဗရ်ကသ်'မင်္ဂလာများ) ဆိုသည်မှာ ထိုနေရာဒေသတွင် မြောက်မြားစွာသော နဗီတမန်တော်များ မြုပ်နှံခဲ့ခြင်းကို ဆိုလိုသည်။ လောကီရေး 'ဗရ်ကသ်'မင်္ဂလာများဆိုသည်မှာ ထိုနေရာဒေသတွင် ဥယျာဉ်များ၊ မြစ်ချောင်းများ၊ စိမ့်စမ်းများနှင့် ကောက်ပဲသီးနှံ အများအပြား ထွက်ရှိခြင်းတို့ကို ဆိုလိုသည်။ အချုပ်မှာ ထို 'မတ်စ်ဂျိဒ်ဒေ့အက္ကဆွာ' သို့ အံ့သြဖွယ်ရာ ပုံသဏ္ဌာန်ဖြင့်) ခေါ်ဆောင်တော်မူခဲ့သည်။ ထိုသို့ ခေါ်ယူတော်မူရခြင်းမှာ ငါအသျှင်မြတ်သည် ၎င်းအား မိမိ၏ အံ့ဖွယ်တန်ခိုးတော်များကို ပြသရန် ဖြစ်သည်။ (ထိုတန်ခိုးတော်များအနက် အချို့မှာ ထိုနေရာဒေသနှင့် သက်ဆိုင်သည်။ ဥပမာ- ဤမျှ ဝေးကွာသည့် ခရီးရှည်ကို အလွန်တိုတောင်းသော အချိန်အတွင်း၀ယ် ဖြတ်သန်းရောက်ရှိစေခြင်း၊ နဗီတမန်တော်အားလုံးတို့ကို တွေ့ဆုံရခြင်းနှင့် ၎င်းတို့၏ ပြောစကားများ နားထောင်ရခြင်း စသော အချက်များဖြစ်သည်။ အချို့မှာ ရှေ့ဖြစ်မည့် ဖြစ်ရပ်နှင့် သက်ဆိုင်ပေသည်။ ဥပမာ- မိုးကောင်းကင်များအပေါ်သို့ ခေါ်ဆောင်သွားခြင်း၊ ထိုမိုးကောင်းကင်၏ ထူးဆန်းအံ့ဖွယ်များကို တွေ့မြင်ရှုစားခြင်းတို့ ဖြစ်သည်။ ဧကန်မုချ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ကြားတော်မူသော အလွန်တရာ သိတော်မူသော အသျှင် ဖြစ်တော်မူသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ မြွက်ကြားတော်မူသည့် စကားများကို ကြားတော်မူခြင်းနှင့် အခြေအနေအရပ်ရပ်ကို သိတော်မူခြင်းတို့ ဖြစ်သည်။ မည်သည့်နဗီရစူလ်မျှ မရရှိခဲ့သည့် ထူးခြားသော အဆင့်အတန်းများ ချီးမြှင့်ခြင်းနှင့် မိမိအပါးတော်၌ ခေါ်ယူချီးမြှင့်သည့် အဆင့်အတန်းများကို ချီးမြှင့်တော်မူသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်တွင် 'ကျွန်ုပ်တို့၏ တမန်တော်မြတ် ﷺ အား အသျှင်မြတ်ဘက်တော်မှ အထူးချီးမြှင့်ခြင်းခံရသည့် 'မုအ်ဂျေဇာဟ်' (တန်ခိုးဗျာဒိတ်တော်) ဖြစ်သည့် 'မိအ်ရာဂျ်'အကြောင်းကို တင်ပြထားသည်။ أَسْرَى ဟူသော စာလုံးသည် إسراء ဟူသော စာလုံးမှ ခွဲထွက်သည့် စာလုံးဖြစ်သည်။ အဘိဓါန်အဓိပ္ပာယ်အရ 'ညဥ့်တွင် ခေါ်ဆောင်သွားခြင်း'ဟု ဖြစ်သည်။ ထို့နောက် لَيْلًا ဟူသော စာလုံးဖြင့် ထိုအဓိပ္ပာယ်သဘောကို ထင်ရှားစွာ ပေါ်လွင်စေခဲ့သည်။ لَيْلًا ဟူသော စာလုံးအား သတ်မှတ်ကန့်သတ်ချက်မရှိဘဲ သုံးနှုန်းထားခြင်းဖြင့် ဤ 'မုအ်ဂျေဇာဟ်'ဖြစ်ရပ်အားလုံးသည် ညဥ့်တစ်ညဥ့်လုံးပင် မကြာဘဲ ညဥ့်၏ အစိတ်အပိုင်းတစ်ခုမျှသာ ကြာမြင့်ခဲ့ကြောင်း ညွှန်းဆိုခြင်းဖြစ်သည်။ အာယသ်တော်၌ ဖော်ပြထားသည့် 'မတ်စ်ဂျိဒ်ဒေ့ဟရာမ်' မှ 'မတ်စ်ဂျိဒ်ဒေ့အက္ကဆွာ'အထိ ခရီးကို إسراء 'အစ္စရာ'ဟု ခေါ်သည်။ ထိုနေရာမှ မိုးကောင်းကင်များအပေါ် သွားသည့် ခရီးကို معراج 'မိအ်ရားဂျ်'ဟု ခေါ်ဆိုသည်။ إسراء သည် ဤအာယသ်တော်များ၏ ဖော်ပြချက်များအရ အတည်ဖြစ်ပေသည်။ 'မိအ်ရားဂျ်'သည် 'စူရာဟ်နဂျ်မ်'၏ အာယသ်တော်များအပြင် ဟဒီးစ်တော်များဖြင့်လည်း အတည်ဖြစ်ပေသည်။

بِعَبْدِهٖ ဤကဲ့သို့ ထူးခြားကြီးမြတ်သည့် အဆင့်အတန်းကို ချီးမြှင့်ရာတွင် بِعَبْدِهٖ ဟူသော စာလုံးကို သုံးနှုန်းခြင်းမှာ အထူးချစ်မြတ်နိုးသူတစ်ဦးဖြစ်ကြောင်း ဖော်ညွှန်းခြင်းဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်က 'ဤသည် ငါအသျှင်မြတ်၏ ကျွန်ဖြစ်သည်' ဟု မိန့်ဆိုခြင်းသည် လူသားတစ်ဦးအဖို့ ထို့ထက်သာပိုသော ချီးမြှင့်မှု နောက်ထပ်မရှိတော့ သည့်အတွက် ဖြစ်သည်။

အခြားအာယသ်တော်တစ်ပုဒ်တွင် عِبَادُ الرَّحْمٰنِ الَّذِيْنَ ဟု မိန့်ကြားလျက် မိမိ၏ထံတော်ပါး၌ ခေါ်ယူလျက် ချီးမြှင့်ရန် ရည်ရွယ်တော်မူခြင်း ဖြစ်သည်။ ထိုအချက်အားဖြင့် သိရှိရသည်မှာ လူသားအဖို့ အကောင်းဆုံးသော ပြည့်ဝမှုဆိုသည်မှာ ထိုလူသားသည် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံမှုရှိသည့် ကျွန်ဖြစ်ရခြင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် ဤအထူးချီးမြှင့်သည့် အဆင့်အတန်းတွင် ကိုယ်တော်မြတ်၏ ပြည့်စုံသည့် ဂုဏ်ပုဒ်များအနက် 'ကျွန်' တည်းဟူသော ဂုဏ်ထူးဝိသေသကို ရွေးချယ်သုံးနှုန်းတော်မူခြင်း ဖြစ်သည်။ ဤစာလုံးကို သုံးနှုန်းခြင်း၏ ကြီးမားသည့် အကျိုးတစ်ရပ်ကို ရည်ရွယ်သည်မှာ 'ဤအံ့ဖွယ် ခရီး၏ အစမှအဆုံးအထိ ဖြစ်စဉ်တို့သည် သဘာဝနှင့် ဆန့်ကျင်သည့် 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) များပင် ဖြစ်ပြီး တစ်ဦးတစ်ယောက်ကိုမှ ဖန်ဆင်းရှင်ဖြစ်သည်ဟူ၍ ဒွိဟမဖြစ်စေရန်' အတွက် ဖြစ်သည်။ ပမာဆိုရသော် တမန်တော်အီစာ عليه السلام အား မိုးကောင်းကင်သို့ ခေါ်ယူတော်မူသည့်အခါ အီစာအီတို့တွင် ရှိုက်သွာန်၏ ဖြားယောင်းမှုကို ခံခဲ့ကြရသည့်အတွက်ကြောင့် عبد ဟူသော စာလုံးကို သုံးနှုန်း၍ တင်ပြထားပေသည်။ ဤသို့ တင်ပြထားခြင်းမှာ ဂုဏ်ဒြပ်များနှင့် 'မုအ်ဂျေဇာဟ်' များဖြင့် ပြည့်စုံကုံလုံသော်ငြားလည်း တမန်တော်မြတ် ﷺ ပင်လျှင် အလ္လာဟ်အသျှင်မြတ်၏ 'ကျွန်' တစ်ဦးသာ ဖြစ်ကြောင်း ညွှန်းဆိုထားခြင်း ဖြစ်သည်။

'မိအ်ရာဂျ်' သည် ခန္ဓာကိုယ်ဖြင့် သွားခြင်းဖြစ်ကြောင်း၊ ကုရ်အာန်နှင့် စွန္နသ်အထောက်အထားများနှင့် 'အိဂျ်မာအ်' (ပညာရှင်များ၏ တင်ပြချက်)

ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်တို့၏ မိန့်ကြားချက်များဖြင့် إسراء နှင့် معراج 'အစ္စရာ' နှင့် 'မိအ်ရာဂျ်' တို့၏ ခရီးစဉ်အားလုံးသည် ဝိညာဉ်ဖြင့်သာမဟုတ်ဘဲ ခန္ဓာကိုယ်ဖြင့်ဖြစ်ကြောင်း အတည်ဖြစ်သည်။ ကုရ်အာန်တွင် ထိုစူရာဟ်ဗနီအိစ်ရာအီလ်၏ ပထမဦးဆုံးစာလုံး سُبْحٰنَ တွင်ပင် ခန္ဓာကိုယ်ဖြင့် သွားခြင်းဖြစ်ကြောင်း ညွှန်းဆိုပြသနေပေသည်။ အဘယ်ကြောင့်ဆိုသော် ဤစကားလုံးသည် အံ့ဖွယ်ကိစ္စများနှင့် ကြီးကျယ်သည့် လုပ်ရပ်များအပေါ် သုံးစွဲခဲ့သည့် စကားလုံးဖြစ်ပြီး အိပ်မက်သဖွယ် ဖြစ်သည်ဆိုလျှင် မည်သည့်အံ့သြဖွယ်ရာ ရှိပါမည်နည်း။ အိပ်မက်မှာမူ မွတ်စ္စလင်မ်တိုင်းသာမက လူသားတိုင်းအဖို့ 'ကျွန်ုပ်သည် မိုးကောင်းကင်အပေါ်တွင် ထိုထို ဤဤ အလုပ်များ ပြုလုပ်ခဲ့သည်' ဟူ၍ မြင်မက်နိုင်သည့်ကိစ္စ ဖြစ်သည်။

عَبْدِ 'ကျွန်'ဟူသော စာလုံးသည် ဝိညာဉ်သာမဟုတ်ဘဲ ခန္ဓာကိုယ်နှင့် ဝိညာဉ်တို့၏ ပေါင်းစုခြင်း၏ အမည်ဖြစ်သည်။

ထို့ပြင် 'မိအ်ရားဂျ်'၏ ဖြစ်စဉ်ကို ကိုယ်တော်မြတ်သည် ဟဇရသ်အွန်းမေ့ဟာနီး ؓ သခင်မအား ပြောကြားတော်မူရာ သခင်မက 'ဤအကြောင်းအရာကို မည်သူ့မျှ မတင်ပြပါနှင့်' ထိုသို့ တင်ပြလိုက်ပါက ပို၍ပင် ငြင်းဆို ဆန့်ကျင်ကြလိမ့်မည်'ဟု အကြံပေး လျှောက်ထားခဲ့သည်။ အကယ်၍ ဤဖြစ်ရပ်သည် အိပ်မက်သာဖြစ်ခဲ့မည်ဆိုလျှင် ထိုဖြစ်ရပ်အား တင်ပြခြင်းအပေါ် မည်သည့်ငြင်းဆို ဆန့်ကျင်မှုများ ရှိပါမည်နည်း။

ထို့နောက် ကိုယ်တော်မြတ် ﷺ သည် လူတို့အား ထိုအကြောင်းဖြစ်ရပ်ကို တင်ပြလေသောအခါ မက္ကာဟ်မြို့ရှိ ကာဖိရ်တို့သည် ငြင်းဆန်ဆန့်ကျင်ခဲ့ကြပြီး လှောင်ပြောင်သရော်ခဲ့ကြသည်။ အချို့ လောလော လတ်လတ် မွတ်စ္စလင်မ်များသည်ပင် 'မုရ်သဒ်' (သာသနာပျက်သူများ) ဖြစ်သွားခဲ့ကြရသည်။ အကယ်၍သာ ဤကိစ္စသည် အိပ်မက်သာဖြစ်ပါလျှင် ထိုဖော်ပြပါအကြောင်းအရာများ မည်သို့ ဖြစ်လာနိုင်အံ့နည်း။ ကိုယ်တော်မြတ် ﷺ အဖို့ ဤဖြစ်ရပ်မတိုင်မီဖြစ်စေ၊ ဤဖြစ်ရပ်၏ နောက်တွင်ဖြစ်စေ အိပ်မက်သဖွယ် ဝိညာဉ်ဖြင့် 'မိအ်ရားဂျ်'ခရီး သွားခဲ့ခြင်းဖြစ်လျှင် အထက်ပါတင်ပြချက်သည် ဤအချက်ကို ဆန့်ကျင်ခြင်းမဟုတ်ပါချေ။ ပညာရှင်အများစုတို့ထံတွင်

وماجعنا الرؤيا الّتى ارينك

ဟူသော အာယသ်တော်တွင် رؤيا ၏အလိုသဘောမှာ رويت မြင်တွေ့ခြင်းဟုဖြစ်သည်။ သို့သော် رؤيا ဟူသော စာလုံးသည် (များသောအားဖြင့် အိပ်မက်မြင်မက်ခြင်း အဓိပ္ပာယ်အတွက် သုံးနှုန်းကြသည်။ အိပ်မက်သဘောကောက်ယူရခြင်း၏ အကြောင်းမှာ ဤကိစ္စတွင် ပုံတူခိုင်းနှိုင်းရန်အတွက် رؤيا ဟု သုံးနှုန်းခြင်းဖြစ်နိုင်သည်။ အကြောင်းမှာ လူတစ်ဦး၏ အိပ်မက်မြင်မက်ခြင်းကဲ့သို့ ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ အကယ်၍ رؤيا ၏ အဓိပ္ပာယ်ကို 'အိပ်မက်'ဟုသာ ယူဆမည်ဆိုလျှင်လည်း 'မိအ်ရားဂျ်' ဖြစ်စဉ်သည် ခန္ဓာကိုယ်နှင့် သွားခြင်းအပြင် ၎င်း၏ အလျှင်၌ဖြစ်စေ၊ နောက်ပိုင်း၌ဖြစ်စေ၊ အိပ်မက်သဖွယ် ဝိညာဉ်နှင့် သွားသည်ဆိုလျှင်လည်း မဟုတ်ကြောင်း မငြင်းဆိုနိုင်ပါချေ။ အကြောင်းမှာ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိ အဗ္ဗားစ် ؓ နှင့် မုအ်မင်နီတို့၏ မိခင်မွန် ဟဇရသ်အာအိရှာဟ် ؓ သခင်မတို့က ထို 'မိအ်ရားဂျ်'ဖြစ်ရပ်သည် အိပ်မက်ဖြစ်ကြောင်း ဆင့်ပြန်ထားသည်။ ဤသည်မှာလည်း သူ့နေရာနှင့်သူ အမှန်ဖြစ်သည်။ သို့သော် ဤသည်ကို ကြည့်၍ 'မိအ်ရားဂျ်'သည် ခန္ဓာကိုယ်ဖြင့်မဟုတ်ဟု သတ်မှတ်ခြင်းမပြုနိုင်ပေ။ သဖ်စီးရ်ကုရ်သုဗီး ကျမ်းတွင် اسراء 'အိစ်ရာ'၏ ဟဒီးစ်တော်များသည် 'မုသာဝါသိရ်'ဖြစ်သည်။ ထို့နောက် 'နက္ကားရှ်' သည် ဆွဟာဗာ (၂၀) တို့၏ ဆင့်ပြန်ချက်များကို ဤခေါင်းစဉ်တွင် ဆင့်ပြန်ခဲ့သည်။ ကာဇီအိယားဒ်သည် 'ရှိဖား' ကျမ်းတွင် အကျယ်တဝင့် ရှင်းလင်းထားသည်။ *[ကုရ်သုဗီးကျမ်း]*

အေမာမ်အိဗ်နိကဆီးရ်သည် မိမိ၏ သဖ်စီးရ်ကျမ်းတွင် ထိုဆင့်ပြန်ချက်အားလုံးကို အပြည့်အဝ လေ့လာဆန်းစစ်၍ ဖော်ပြခဲ့သည်။ ထို့နောက် (၂၅) ဦးသော ဆွဟာဗာတို့၏ အမည်နာမများကို ဖော်ပြခဲ့သည်။ ထိုသူများသည် အဆိုပါဆင့်ပြန်ချက်များကို ဆင့်ပြန်ခဲ့သူများ ဖြစ်ကြသည်။ ၎င်းတို့၏ အမည်များမှာ-

(၁) ဟာဇရသ်အုမရ်ဗင်နိခဆ်ွသားဗ် رضي الله عنه သခင် (၂) အလီမုရ်သဒ္ဒါ رضي الله عنه သခင်
(၃) အိဗ်နုမတ်စ်အူးဒ် رضي الله عنه သခင် (၄) အဘူဇရ်ဂဖ်ဖားရီ رضي الله عنه သခင်
(၅) မာလိက်ဗင်နိဆွအ်ဆွအဟ် رضي الله عنه သခင် (၆) အဘူဟုရိုင်ရာဟ် رضي الله عنه သခင်
(၇) အဘူစအီးဒ် رضي الله عنه သခင် (၈) အိဗ်နုအဗ္ဗားစ် رضي الله عنه သခင်
(၉) ရှဒ်ဒါဒ်ဗင်နိအောင်စ် رضي الله عنه သခင် (၁၀) အိုဗိုင်အိဗ်နိကအဗ် رضي الله عنه သခင်
(၁၁) အဗ်ဒုရ်ရဟ်မာန်ဗင်နိ ကရ်ဒ် رضي الله عنه သခင် (၁၂) အဘူဟိုက်ယား رضي الله عنه သခင်
(၁၃) အဘူလိုက်လား رضي الله عنه သခင် (၁၄) အဗ်ဒုလ္လာဟ်ဗင်နိအုမရ် رضي الله عنه သခင်
(၁၅) ဂျာဗိရ်ဗင်နိအဗ်ဒုလ္လာဟ် رضي الله عنه သခင် (၁၆) ဟုဇိုင်ဖဟ်ဗင်နိယမားန် رضي الله عنه သခင်
(၁၇) ဗရီဒဟ် رضي الله عنه သခင် (၁၈) အဘူအိုင်ယူးဗ်အန်ဆွာရီ رضي الله عنه သခင်
(၁၉) အဘူအုမာမဟ် رضي الله عنه သခင် (၂၀) စမ်ရဟ်ဗင်နိဂျုန်ဒူးဗ် رضي الله عنه သခင်
(၂၁) အဘူလ်ဟမ်ရားအ် رضي الله عنه သခင် (၂၂) ဆွုဟိုင်းဗ်ရူမီ رضي الله عنه သခင်
(၂၃) အွန်းမေ့ဟာနီး رضي الله عنه သခင် (၂၄) အာအေရှာဟ် رضي الله عنه သခင်
(၂၅) အတ်စ်မာအ်ဗင်နိသေ့အဘီဗကရ် رضي الله عنه သခင် တို့ဖြစ်သည်။

ထို့နောက် အိဗ်နေကဆီးရ်သခင်က မိန့်ဆိုသည်မှာ-

فَحَدِيْثُ الْإِسْرَاءِ جَمَعَ عَلَيْهِ الْمُسْلِمُوْنَ واعرض عنه الزنادقة والملحدون

အိစ်ရာအ်ဖြစ်ရပ်၏ ဟဒီးစ်အပေါ် မွတ်စ္စလင်မ်အားလုံးတို့သည် တစ်ညီတစ်ညွတ်တည်း လက်ခံကြသည်။ သာသနာမဲ့သူများနှင့် ကာဖိရ်များသည်သာ လက်မခံကြခြင်းဖြစ်သည်။

အိဗ်နေကဆီးရ်၏ ဆင့်ပြန်ချက်ဖြင့် မိအ်ရာဂျ် ဖြစ်စဉ်အကျဉ်း

အေမာမ်အိဗ်နေကဆီးရ် (ရဟ) သည် မိမိ၏ သဖ်စီးရ်ဖွင့်ဆိုခြင်းတွင် ဖော်ပြပါအာယသ်တော်၏ သဖ်စီးရ်နှင့် ဆက်စပ်မှုရှိသော ဟဒီးစ်တော်များအား အကျယ်တဝင့် တင်ပြပြီးသောအခါ 'ကိုယ်တော်မြတ် ﷺ သည် 'အိစ်ရာအ်'ခရီးကို နိုးကြားနေစဉ် သွားတော်မူခဲ့သည်။ အိပ်မက်ဖြင့် သွားခြင်း မဟုတ်။ မက္ကာဟ်မြို့မှာ 'ဗိုင်သွလ်မုကဒ္ဒပ်စ်'အထိ 'ဗုရားက်'ပေါ်၌ စီးနင်း၍ ကြွမြန်းတော်မူခဲ့သည်။ 'ဗိုင်သွလ်မုကဒ်ဒဆ်'၏ တံခါးသို့ ရောက်သောအခါ 'ဗုရားက်'ကို တံခါးအနီးတွင် ချည်နှောင်၍ ကိုယ်တော်မြတ် ﷺ သည် 'ဗိုင်သွလ်မုကဒ္ဒပ်စ်'၌ ဝင်ရောက်တော်မူသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ သည်

'သဟိယသွလ်မတ်စ်ကိုဒ်ဒေ' နမာဇ်နှစ်ရကအသ်ကို ဝတ်ပြုတော်မူသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ ထံသို့ လှေကားတစ်ခု ယူဆောင်လာသည်။ ထိုလှေကားတွင် အောက်မှ အထက်သို့တက်ရန် အဆင့်များ ပါရှိသည်။ ထိုလှေကားဖြင့် ကိုယ်တော်မြတ် ﷺ သည် ပထမ မိုးကောင်းကင်ပေါ်သို့ ကြွမြန်းတော်မူသည်။ ထို့နောက် ကျန်မိုးကောင်းကင်အထပ်များသို့ ကြွမြန်းတော်မူသည်။ ထိုလှေကား၏ ဇစ်မြစ်ကိုမူ အလ္လာဟ်အသျှင်မြတ်သာ အသိဆုံးဖြစ်တော်မူသည်။ ထိုလှေကားသည် မည်သို့နည်း။ အဘယ်အရာနည်း။ မျက်မှောက်ခေတ်တွင်လည်း လှေကားအမျိုးအစားများစွာတို့သည် လောက၌ ပေါပေါက်လျက်ရှိသည်။ 'လစ်ဖ်' ဓါတ်လှေကားကဲ့သို့ အော်တိုမစ်တစ် လှေကားများပင် ပေါပေါက်နေပြီးဖြစ်သည်။ သို့ရှိရာ 'မုအ်ဂျိဇာဟ်' အဖြစ် ဖြစ်ရှိလာသည့် ဤလှေကားနှင့် စပ်လျဉ်း၍ကား မည်သည့်ဒွိဟသံသယမျှဖြစ်ရန် မည်သူ့တွင်မှ အခွင့်အရေးမရှိပါချေ။ မိုးကောင်းကင်အထပ်တိုင်းရှိ ဖရစ်ရှ်သာဟ်များသည် ကိုယ်တော်မြတ် ﷺ အား ကြိုဆိုကြသည်။ ထို့နောက် မိုးကောင်းကင်အထပ်တိုင်းတွင် နေရာအဆင့်သတ်မှတ်ခြင်း ခံရသည့် နဗီတမန်တော်များနှင့် တွေ့ဆုံရသည်။ ဥပမာ– မိုး (၆) ထပ်တွင် ဟဇရသ်မူစာ (عليه السلام) နှင့် မိုး (၇) ထပ်တွင် ဟဇရသ်ခလီလွလ္လာဟ် (عليه السلام) တို့နှင့် တွေ့ဆုံခဲ့ရသည်။

ထို့နောက် ကိုယ်တော်မြတ် ﷺ သည် ထိုနဗီတမန်တော်တို့၏ အဆင့်များထက် ကျော်လွန်၍ ရှေ့သို့ ကြွမြန်းတော်မူသည်။ ထို့နောက် သက္ကဒီးရ် (အကောင်းအဆိုး နမူးစာ) ရေးမှတ်သည့် ကလောင်တံ၏ အသံကိုပင် ကြားရသော ကွင်းပြင်တစ်ခုသို့ ရောက်ရှိခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ သည် 'စိဒ်ရသွလ်မွန်းသဟာ' တို့ တွေ့မြင်ရသည်။ ထိုအပင်ပေါ်တွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ရွှေပိုးဖလံများသည် အရောင်စုံလင်စွာဖြင့် ကျနေသည်ကို တွေ့မြင်ခဲ့ရသည်။ ထိုအပင်အား ဖရစ်ရှ်သာဟ်များက ဝန်းရံထားကြသည်။ ထိုနေရာတွင် ကိုယ်တော်မြတ် ﷺ သည် ဂျိဗ်ရာအီးလ် (عليه السلام) ၏ မူလပကာတိ အသွင်သဏ္ဍာန်ကို တွေ့မြင်တော်မူခဲ့ရသည်။ ၄င်း၏ အတောင်ပံများမှာ (၆၀၀) ရှိသည်။ ထို့နောက် ထိုနေရာတွင် အစိမ်းရောင်ဝေါယာဉ်ကို တွေ့မြင်ရသည်။ ၄င်းသည် မိုးကောင်းကင်များကိုပင် လွှမ်းခြုံထားခြင်းရှိသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ သည် 'ဗိုင်သွလ်မအ်မူးရ်' ကိုလည်း တွေ့မြင်တော်မူခဲ့ရသည်။ ထိုအနီးအနားတွင် 'ကအ်ဗာဟ်' ကျောင်းတော်အား ဆောက်လုပ်သည့် ဟဇရသ်အိဗ်ရာဟီးမ် (عليه السلام) သည် နံရံကို ခါးဖြင့် မှီ၍ ထိုင်နေသည်ကို တွေ့မြင်ရသည်။ ထို 'ဗိုင်သွလ်မအ်မူးရ်' တွင် နေ့စဉ် ဖရစ်ရှ်သာဟ် ခုနှစ်သောင်း ဝင်ရောက်ကြရသည်။ ထိုဖရစ်ရှ်သာဟ်တို့သည် ဤ 'ဗိုင်သွလ်မအ်မူးရ်' တွင် ဒုတိယအကြိမ် ပြန်လည်ဝင်ရောက်ရန် 'ကေယာမသ်' အထိတိုင် အလှည့်ကျမည်မဟုတ်ပါချေ။ ကိုယ်တော်မြတ် ﷺ သည် 'ဂျန္နသ်' နှင့် 'ဂျဟန္နမ်' တို့ကို မိမိမျက်လုံးများဖြင့် ကိုယ်တိုင် တွေ့မြင်တော်မူခဲ့သည်။ ထိုစဉ်က ကိုယ်တော်မြတ် ﷺ ၏ အုမ္မသ်သားများအပေါ် ပထမဦးစွာ နမာဇ်အကြိမ် (၅၀) 'ဖွရဇ်' အဖြစ် အမိန့်ရရှိခဲ့သည်။ ထို့နောက်တစ်ဖန် လျှော့ပေါ့၍ (၅) ကြိမ် ဖြစ်ခဲ့ရသည်။ ထို့ကြောင့် 'အေဗာဒသ်' အားလုံးတို့တွင် နမာဇ်၏ ထူးမြတ်မှုနှင့် လေးနက်မှုတို့မှာ ပိုမိုခြင်းဖြစ်သည်။

ထို့နောက် ကိုယ်တော်မြတ် ﷺ သည် 'ဗိုင်သွလ်မုကဒ်ဒဆ်'သို့ ပြန်လည်ကြွမြန်းလာတော်မူသည်။ မိုးကောင်းကင်အထပ်များ၌ တွေ့ဆုံခဲ့ရသည့် နဗီတမန်တော်များသည်လည်း ကိုယ်တော်မြတ် ﷺ နှင့်အတူ လိုက်ပါဆင်းသက်ခဲ့ကြသည်။ ကိုယ်တော်မြတ် ﷺ အား နှုတ်ဆက်ရန် 'ဗိုင်သွလ်မုကဒ်ဒဆ်'အထိ လိုက်ပါလာကြဟန်တူသည်။ ထိုအချိန်တွင် ကိုယ်တော်မြတ် ﷺ သည် နမာဇ်အချိန် ကျရောက်လာသည့်အတွက် နဗီတမန်တော်အပေါင်းတို့နှင့်အတူ နမာဇ်ဝတ်ပြုတော်မူသည်။ ဤနမာဇ်သည်လည်း ထိုနေ့၏ 'ဖွဂျ်ရ်'နမာဇ် ဖြစ်ဟန်တူပေသည်။ အိဗ်နေကဆီးရ် (ရဟ) က မိန့်ဆိုသည်မှာ ဤရှေ့ဆောင်ပြု၍ နမာဇ်ဝတ်ပြုသည့် ဖြစ်ရပ်သည် အချို့ပညာရှင်များထံတွင် မိုးကောင်းကင်အပေါ် မသွားမီက ဖြစ်သည်ဟု ဆိုကြသည်။ သို့ရာတွင် ဤဖြစ်ရပ်သည် မိုးကောင်းကင်မှ အပြန်တွင် ဖြစ်ပေါ်သည်မှာ ထင်ရှားပေသည်။ အဘယ်ကြောင့် ဆိုသော် မိုးကောင်းကင်အထပ်များတွင် ဂျိဗ်ရာအီးလ် عليه السلام သည် နဗီတမန်တော်များနှင့် ကိုယ်တော်မြတ် ﷺ အား မိတ်ဆက်ပေးခဲ့ကြောင်း ဆင့်ပြန်ထားသည်။ အကယ်၍ နမာဇ်၌ ရှေ့ဆောင်ဦးရွက်ပြုခဲ့မှုသည် ကနဦးက ဖြစ်ခဲ့သည်ဆိုပါလျှင် ဤနေရာ၌ မိတ်ဆက်ပေးရန် မလိုအပ်ပါချေ။ တစ်ဖန် ဤခရီးစဉ်၏ အဓိကရည်ရွယ်ချက်သည် အကြီးမားဆုံး မိတ်ဆွေ၊ အကြီးမားဆုံး အသျှင်မြတ်နှင့် တွေ့ဆုံရန် ဖြစ်သည်။ ထို့ကြောင့် ဦးစွာ ထိုရည်ရွယ်ချက်ကို ပြည့်ဝအောင် ပြုလုပ်လိုက်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ထိုအဓိကအလုပ် ပြီးမြောက်သည့်အခါတွင် နဗီတမန်တော်များသည် ကိုယ်တော်မြတ် ﷺ အား နှုတ်ဆက်ရန် 'ဗိုင်သွလ်မုကဒ်ဒဆ်'သို့ လိုက်ပါဆင်းသက်လာကြသည်။ ကိုယ်တော်မြတ် ﷺ အား ဂျိဗ်ရာအီးလ် عليه السلام က နမာဇ်၌ ရှေ့ဆောင်ဦးရွက်ပြုပါရန် အရိပ်အမြွက်ဖြင့် ပြသခဲ့သည်။ ထိုသို့ ပြသခြင်းဖြင့် ကိုယ်တော်မြတ် ﷺ သည် နဗီတမန်တော်အားလုံးတို့တွင် အထူးမြတ်ဆုံးဖြစ်ကြောင်း လက်တွေ့ပြသလိုက်ခြင်းဖြစ်သည်။

ထို့နောက် ကိုယ်တော်မြတ် ﷺ သည် 'ဗိုင်သွလ်မုကဒ်ဒဆ်'မှ ထွက်ခွာလာခဲ့သည်။ ဗုရားက်အား စီးနင်းလျက် မှောင်မိုက်သည့်အချိန်၌ပင် မက္ကာဟ်သို့ ပြန်လည်ရောက်ရှိတော်မူခဲ့သည်။

'မိအ်ရာဂျ်' ဖြစ်ရပ်နှင့် စပ်လျဉ်း၍ မွတ်စလင်မ်မဟုတ်သူတစ်ဦး၏ သက်သေထွက်ဆိုခြင်း

သဖ်စီးရ်အိဗ်နေကဆီးရ်ကျမ်းတွင် ဟာဖိဇ်အဗူနအီးမ် အဆ္ဖဟာနီသည် မိမိ၏ ကျမ်း 'ဒလာအိလွန် နဗူဝသ်'တွင် မုဟမ္မဒ်အိဗ်နေအုမရ်ဝါကိဒီ၏ စနဒ်ဖြင့် မုဟမ္မဒ်ဗင်နှ် ကအ်ဗ်ကုရဇီ၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ခဲ့သည်ဟု ဖော်ပြထားသည်။ ယင်းဆင့်ပြန်ချက်မှာ တမန်တော်မြတ် ﷺ သည် ရောမဘုရင်ကိုင်စွာရ်ထံသို့ မိမိ၏ သဝဏ်လွှာပို့ဆောင်ရန် ဟဇရသ်ဒဟ်ယဟ်ဗင်နှ်ခလီဖဟ် رضي الله عنه အား စေလွှတ်တော်မူခဲ့သည်။ ထို့နောက် ဟဇရသ်ဒဟ်ယဟ် رضي الله عنه ၏ သဝဏ်လွှာပို့ခြင်း၊ ရောမဘုရင်ထံ ရောက်ရှိခြင်းနှင့်အတူ ၎င်း၏ အသိဉာဏ်ကြွယ်ဝခြင်းအကြောင်းများကို အကျယ်တဝင့် တင်ပြထားသည်။ (ထိုအကြောင်းများသည် ဆွဟီးဟ်ဘိုခါရီနှင့် မိုင်မာသော ဟဒီးစ်ကျမ်းကြီးများ၌ ပါရှိသည်။ ထိုအကြောင်း၏ နောက်ဆုံးတွင် ရောမဘုရင် ဟိရက်ကဲလ်သည် သဝဏ်လွှာကို ဖတ်ကြားပြီး ကိုယ်တော်မြတ် ﷺ ၏ အခြေအနေအကြောင်းအရာများကို လေ့လာ

စုံစမ်းရန် ထိုအချိန်က ကုန်ကူးသန်းလျက် ထိုနိုင်ငံ၌ ရောက်ရှိနေသည့် အာရဗ်ကုန်သည်များကို ဆင့်ခေါ်လိုက်သည်။ ဘုရင့်အမိန့်အရ အဘူစွဖ်ယာန်နှင့် ကုန်သည်အုပ်စုတို့သည် ဘုရင့်ရှေ့တော်မှောက်သို့ အခစားရောက်လာခဲ့ရသည်။ ဘုရင်ဟိရတ်က်လ်သည် ဆွဟီးစ်ဘိုခါရီနှင့် မွတ်စ္စလင်မ်စသော ကျမ်းများ၌ အကျယ်တဝင့် ပါရှိသော မေးခွန်းများကို မေးလေသည်။ အဘူစွဖ်ယာန်သည် မိမိ၏ စိတ်၌ လိုလားသည်မှာ မိမိဖြေကြားသည့် စကားလုံးများသည် တမန်တော်မြတ် ﷺ အဖို့ သေးသိမ်စေပြီး အဆင့်မရှိသော အခြေအနေသို့ ရောက်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့သော်လည်း အဘူစွဖ်ယာန်းက ပြောဆိုသည်မှာ 'ကျွန်ုပ်၏ပါးစပ်မှ ထွက်ဆိုမိသည့် စကားများသည် မုသားများဖြစ်ကြောင်း ပေါ်လွင်သွားလျှင် ကျွန်ုပ်သည် ဘုရင်၏အရှေ့မှ နိမ့်ကျသွားပေမည်။ တစ်ဖန် ကျွန်ုပ်၏ မိတ်ဆွေများသည်လည်း ကျွန်ုပ်အား အမြဲတစေ မုသားဝါဒီဟု ရှုတ်ချနေကြပေလိမ့်မည်'ဟု စဉ်းစားမိသည်။ သို့သော် ကျွန်ုပ်အဖို့ ထိုအချိန်တွင် ကျွန်ုပ်သည် ဘုရင်အား 'မိအ်ရားဂျ်'အကြောင်း တင်ပြလိုက်မည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ မှားယွင်းသည့်အကြောင်းကို ဘုရင်ကိုယ်တိုင် စဉ်းစားနားလည်လိမ့်မည်ဟု စဉ်းစားမိ၍ 'ကျွန်တော်မျိုးသည် ထိုပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ကိစ္စရပ်တစ်ခုကို တင်ပြပါမည်။ ထိုကိစ္စရပ်မှာ မှားယွင်းပါသလောဆိုသည်ကို အရှင်မင်းကြီးကိုယ်တော်တိုင် စဉ်းစားဆင်ခြင် သိရှိနိုင်ပါလိမ့်မည်'ဟု လျှောက်ထားလိုက်သည်။ ဘုရင်ဟိရတ်က်လ်က 'မည်သည့်ဖြစ်ရပ်ကိစ္စပါနည်း'ဟု မေးမြန်းလေသည်။

အဘူစွဖ်ယန်းက 'ထိုနဗီဟု ကြွေးကြော်နေသူ (တမန်တော်မြတ် ﷺ) က ပြောသည်မှာ သူသည် ညဉ့်တစ်ညဉ့်တွင် မက္ကာဟ်မြို့မှ ထွက်၍ အရှင်မင်းကြီး၏ ဤ 'ဗိုင်သွလ်မုကဒ္ဒပ်စ်'သို့ ရောက်ရှိခဲ့သည်။ တစ်ဖန် ထိုညဉ့်မှာပင် နံနက်မိုးမသောက်မီ မက္ကာဟ်မြို့တွင် ကျွန်ုပ်တို့ထံသို့ ပြန်လည်ရောက်ရှိခဲ့သည်'ဟု ပြောဆိုပေသည်။ 'အီလိယာ'သည် (ဗိုင်သွလ်မုကဒ္ဒပ်စ်) ၏ အကြီးဆုံးပညာရှင်ဖြစ်ပြီး ထိုစဉ်က ရောမဘုရင်ဟိရတ်က်လ်၏ ခေါင်းရင်းဘက်၌ အနီးဆုံး ရပ်နေခဲ့သူဖြစ်သည်။ ၎င်းက 'ကျွန်ုပ်သည် ထိုညဉ့်ကို သိရှိပါသည်'ဟု လျှောက်ထားလေသည်။ ဘုရင်သည် ၎င်းဘက်သို့ လှည့်၍ 'အသင် မည်ကဲ့သို့ သိရှိပါသနည်း'ဟု မေးမြန်းလေသည်။ ထိုပညာရှင်က လျှောက်ထားသည်မှာ 'ကျွန်ုပ်သည် ညဉ့်အခါ 'ဗိုင်သွလ်မုကဒ္ဒပ်စ်'၏ တံခါးများ မပိတ်သရွေ့ အိပ်စက်မှုမပြုသည်မှာ ကျွန်ုပ်၏ အလေ့အကျင့် ဖြစ်သည်။ ထိုညဉ့်၌လည်း ထုံးစံအတိုင်း ကျွန်ုပ်သည် တံခါးများ လိုက်လံ၍ ပိတ်နေသည်။ သို့ရာတွင် တံခါးပေါက်တစ်ခုကို ကျွန်ုပ် ပိတ်၍ မရနိုင် ဖြစ်ခဲ့ရပါသည်။ ကျွန်ုပ်သည် အလုပ်သမားများကို ခေါ်ယူ၍ ပိတ်စေခဲ့ပါသည်။ ၎င်းတို့အားလုံး စုပေါင်း၍ ထိုတံခါးကို ပိတ်ရန် ကြိုးစားခဲ့သော်လည်း ၎င်းတို့သည်လည်း မပိတ်နိုင်ခဲ့ကြပါချေ။ တံခါးသည် မိမိနေရာမှ ရွေ့လျားခြင်းပင် မရှိခဲ့ပါချေ။ ကျွန်ုပ်တို့သည် တောင်ကြီးတစ်တောင်ကို လှုပ်နေရသည့်အလား ထင်မှတ်ရပါသည်။ ကျွန်ုပ်သည် မတတ်သာ၍ နောက်ထပ်အလုပ်သမားများ ခေါ်ယူ၍ ပိတ်စေခဲ့ပါသည်။ ၎င်းတို့က ကြည့်၍ 'ဤတံခါးဘောင်များ၏အပေါ် အဆောက်အဦး၏ လေးလံမှုသည် တံခါးအပေါ်သို့ ကျရောက်နေပါသည်။ ယခုမှ နံနက်မိုးမလင်းမီအထိ ထိုတံခါးပိတ်နိုင်မည့် နည်းလမ်းမရှိပါ။ နံနက်မိုးလင်းသည့်အခါ မည်သို့ ပိတ်ရမည်ဆိုသည့် နည်းလမ်းကို ရှာဖွေရလိမ့်မည်'ဟု ဆိုကြသည်။ ကျွန်ုပ်လည်း

မတတ်သာ၍ ပြန်လာခဲ့သည်။ ထိုတံခါးပေါက် တံခါးချက်နှစ်ချပ်မှာ ပွင့်လျက်ပင် ရှိနေခဲ့သည်။ နံနက်မိုးသောက်သည်နှင့် ကျွန်ုပ်သည် ထိုတံခါးဝသို့ ရောက်ရှိခဲ့သည်။ ဗလီတံခါး၏အနီး ကျောက်တုံးတစ်တုံးတွင် အပေါက်တစ်ခု ဖြစ်နေသည်ကို တွေ့ရသည်။ ဤနေရာတွင် တိရစ္ဆာန်တစ်ကောင် ချည်နှောင်ထားသည်ဟု ထင်ရပေသည်။ ထို့နောက် ကျွန်ုပ်သည် ကျွန်ုပ်၏ မိတ်ဆွေများအား 'ယနေ့ ဤတံခါးကို ပိတ်၍ မရအောင် အလ္လာဟ်အသျှင်မြတ်က တားဆီးတော်မူခြင်း ဖြစ်ပေမည်။ အကြောင်းမှာ နဗီတစ်ပါးပါး လာရန် ရှိသောကြောင့် ဖြစ်လိမ့်မည်' ဟု ပြောပြခဲ့သည်။ ထို့နောက် ဆက်လက်၍ ၎င်းက 'ကိုယ်တော်မြတ် ﷺ သည် ထိုညဉ့်တွင် ကျွန်ုပ်တို့၏ ဗလီဝတ်ကျောင်းတော်တွင် နမာဇ်ဝတ်ပြုတော်မူခဲ့သည်' ဟု ပြောဆို၍ အခြားသော ရှင်းလင်းချက်များကို တင်ပြခဲ့သည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

'အီစ်ရာအ်' နှင့် 'မီအ်ရားဂျ်' ၏ သမိုင်း

အေမာမ်ကုရ်သုဗီးသည် မိမိ၏ကျမ်းတွင် မိန့်ဆိုသည်မှာ 'မီအ်ရားဂျ်' ၏ သမိုင်းသည် ကွဲလွဲသော ဆင့်ပြန်ချက်များစွာ ရှိသည်။ မူစာဗင်နိအွက္ကဗာဟ်၏ ဆင့်ပြန်ချက်တွင် 'ဤဖြစ်ရပ်သည် မဒီနာသို့ ဟီဂျ်ရသ် မပြုမီ (၆) လအလျင်က ဖြစ်ခဲ့သည်' ဟု လာရှိသည်။ ဟဇရသ်အာအေရှာဟ် ﷺ သခင်မက မိန့်ကြားသည်မှာ 'ဟဇရသ်ခဒီဂျာဟ် ﷺ သခင်မ၏ ကွယ်လွန်တော်မူခြင်းသည် နမာဇ်များ 'ဖွရဇ်' တာဝန်မဖြစ်မီက ဖြစ်ခဲ့သည်။' အေမာမ်ဇုဟ်ရီ (ရဟ) က 'ဟဇရသ်ခဒီဂျာဟ် ﷺ သခင်မ၏ 'ဝဖားသ်' သည် 'နဗူဝသ်' ရပြီး (၇) နှစ်နောက်ပိုင်းတွင် ဖြစ်သည်' ဟု ဆိုသည်။

အချို့ဆင့်ပြန်ချက်များတွင် 'မီအ်ရားဂျ်' ဖြစ်ရပ်သည် 'နဗူဝသ်' ရပြီး (၅) နှစ်နောက်ပိုင်းတွင် ဖြစ်ခဲ့သည်ဟု လာရှိသည်။ အိဗ်နေအိစ်ဟားက် (ရဟ) က ပြောဆိုသည်မှာ 'မီအ်ရားဂျ်' ဖြစ်ရပ်သည် အာရဗ်မျိုးနွယ်စုများအတွင်း အစ္စလာမ်ပြန့်နှံ့ပြီးသည့်အချိန်၌ ဖြစ်ခဲ့သည်။ ထိုဆင့်ပြန်ချက်များအရ 'မီအ်ရားဂျ်' ဖြစ်ရပ်သည် မဒီနာသို့ ဟီဂျ်ရသ်မပြုမီ နှစ်များစွာအလျင်က ဖြစ်ခဲ့သည်ဟု သိရှိရသည်။ ဟရ်ဗီက ပြောဆိုသည်မှာ 'အီစ်ရာအ်' နှင့် 'မီအ်ရားဂျ်' ဖြစ်ရပ်သည် ရဗီအွတ်စာနီလ (၂၇) ရက်မြောက် ညဉ့် ဟီဂျ်ရသ်မတိုင်မီ တစ်နှစ်အလျင်က ဖြစ်ခဲ့သည်။ အိဗ်နေကာစင်မ်ဇဟ်ဗီက ပြောဆိုသည်မှာ 'နဗူဝသ်' ရပြီး (၁၈) လ (တစ်နှစ်ခွဲ) အကြာတွင် ဖြစ်ခဲ့သည်ဟု ဆိုသည်။

ဟဒီးစ်ပညာရှင်တို့သည် ကွဲလွဲမှုရှိသည့် ဆင့်ပြန်ချက်များ တင်ပြပြီး မည်သည့်ဆုံးဖြတ်သည့်အကြောင်းအရာမျှ ရေးသားခြင်းမရှိခဲ့ကြ။ အများအားဖြင့် ကျော်ကြားသည်မှာ ရဂျဗ်လ (၂၇) မြောက်ညဉ့်တွင် 'မီအ်ရားဂျ်' ညဉ့် ဖြစ်သည်။

'မတ်စ်ဂျိဒ်ဒေဟရာမ်' နှင့် 'မတ်စ်ဂျိဒ်အက္ကဆွာ'

ဟဇရသ်အဘူဇရ်ဂဖ်ဖာရီ ﷺ သခင်က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ အား 'ဒွန္နယာလောကတွင် ပထမဦးဆုံး ဗလီဝတ်ကျောင်းတော်မှာ အဘယ်အရာပါနည်း' ဟု လျှောက်ထားမေးမြန်း

ခဲ့ရာ ကိုယ်တော်မြတ် ﷺ က 'မတ်စ်ဂျိဒ်ဒ္ဒေဟရာမ်' ဖြစ်သည်ဟု မိန့်ကြားသည်။ ကျွန်ုပ်က ထပ်မံ၍ 'ထို 'မတ်စ်ဂျိဒ်ဒ္ဒေဟရာမ်' ပြီးလျှင် အဘယ်ဝတ်ကျောင်းတော်သည် အမြတ်ဆုံး ဖြစ်ပါသနည်း' ဟု လျှောက်ထားမေးမြန်းပြန်ရာ ကိုယ်တော်မြတ် ﷺ က 'မတ်စ်ဂျိဒ်ဒ္ဒေအက္ကဆွာ' ဟု မိန့်ကြားတော်မူသည်။ ထိုအခါ ကျွန်ုပ်က 'ထိုဗလီနှစ်ခု၏ ကြားအလယ်တွင် ကာလမည်မျှ ကွာခြားပါသနည်း' ဟု လျှောက်ထားမေးမြန်းလေရာ ကိုယ်တော်မြတ် ﷺ က အနှစ် (၄၀) ဟု မိန့်ကြားခဲ့သည်။ ထို့နောက် ဆက်လက်၍ ကိုယ်တော်မြတ် ﷺ က 'ဗလီများ၏ ထူးမြတ်မှုအစဉ်လိုက်မှာမူ ဤအတိုင်းဖြစ်သည်။ သို့သော် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အတွက် ကမ္ဘာမြေတစ်ခုလုံးကို 'စဂျ်ဒဟ်' ပြုရာ (မတ်စ်ဂျိဒ်) အဖြစ် ပြုပေးတော်မူသည်။ နမာဇ်အချိန်ကျရောက်လာပါက ထိုအချိန်ကျရောက်သည့်နေရာ၌ပင် နမာဇ်၏ တာဝန်ကို ထမ်းဆောင်လိုက်ပါ' ဟု မိန့်ကြားတော်မူခဲ့သည်။

အေမာမ်သဖ်စီးရ်မုဂျာဟီဒ် (ရဟ) က မိန့်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် 'ဗိုင်သွလ္လာဟ်' (မတ်စ်ဂျိဒ်ဒ္ဒေဟရာမ်) ၏ နေရာကို ကမ္ဘာကြီးတစ်ခုလုံး မဖန်ဆင်းမီ နှစ် (၂၀၀၀) အလျှင်က ဖန်ဆင်းတော်မူခဲ့သည်။ ၎င်း၏ အုတ်မြစ်များသည် မြေခုနစ်ထပ်အတွင်းသို့ ရောက်ရှိခဲ့သည်။ 'မတ်စ်ဂျိဒ်ဒ္ဒေအက္ကဆွာ' ကို ဟာဇရသ်စုလိုင်မာန် (عليه السلام) တည်ဆောက်ခဲ့သည်။ *[နစာအီ၊ သဖ်စီးရ်ကုရ်သုဗီး၊ တွဲ-၄၊ စာ-၁၃၇]*

'မတ်စ်ဂျိဒ်ဒ္ဒေဟရာမ်' သည် 'ဗိုင်သွလ္လာဟ်' အနီး၌ တည်ဆောက်သည့် ဗလီဝတ်ကျောင်းတော်၏ အမည်ဖြစ်သည်။ အချို့အချိန်အခါများတွင် 'ဟရာမ်' ပရဝုဏ်တစ်ခုလုံးကိုလည်း 'မတ်စ်ဂျိဒ်ဒ္ဒေဟရာမ်' နှင့် ခိုင်းနှိုင်းခေါ်ဆိုခြင်းလည်း ရှိသည်။ ထိုဒုတိယအဓိပ္ပာယ်အားဖြင့် ဆင့်ပြန်ချက်နှစ်ခုတွင် ဆန့်ကျင်ခြားနားမှုများလည်း ဝေးလွင့်ပျောက်ကွယ်သွားပေမည်။ ထိုအချက်မှာ အချို့ဆင့်ပြန်ချက်များတွင် ကိုယ်တော်မြတ် ﷺ သည် 'အိစ်ရာအ်' အတွက် ကြွမြန်းတော်မူခြင်းသည် ဟာဇရသ်အွန်းမေ့ဟာနီ (رضي الله عنها) သခင်မ၏ အိမ်မှဖြစ်သည်ဟု လာရှိသည်။ အချို့ဆင့်ပြန်ချက်များတွင် 'ဗိုင်သွလ္လာဟ်' ၏ ဟသ္တီးမ်မှ ဖြစ်သည်ဟု လာရှိသည်။ အကယ်၍ 'မတ်စ်ဂျိဒ်ဒ္ဒေဟရာမ်' အား ကန့်သတ်ခြင်းမရှိသော အများအဓိပ္ပာယ် ယူလိုက်ပါလျှင် 'ကိုယ်တော်မြတ် ﷺ သည် ဦးစွာပထမ အွန်းမေ့ဟာနီး (رضي الله عنها) သခင်၏ နေအိမ်၌ ရှိတော်မူခဲ့သည်။ ထိုနေအိမ်မှ ထွက်၍ 'ကအ်ဗာဟ်' ၏ ဟသ္တီးမ်သို့ ကြွမြန်းတော်မူ၍ ထိုနေရာမှ 'အိစ်ရာအ်' ခရီးကို စတင်ခဲ့ခြင်းဖြစ်ပေသည်။

'မတ်စ်ဂျိဒ်ဒ္ဒေအက္ကဆွာ' နှင့် ဆီးရီးယားနိုင်ငံ၏ 'ဗရ်ကသ်' မင်္ဂလာများ

အာယသ်တော်တွင် بَارَكْنَا حَوْلَهُ မှ حَوْلَ ၏ အလိုသဘောမှာ ဆီးရီးယားနိုင်ငံတစ်ခုလုံးကို ဆိုလိုခြင်းဖြစ်သည်။ ဟဒီးစ်တော်တစ်ပုဒ်တွင် 'အလ္လာဟ်အသျှင်မြတ်သည် 'အရ်ရှ်' ပလ္လင်တော်မှ 'ဖုရားသ်' (ယူဖရေးတီး) မြစ်အထိ 'ဗရ်ကသ်' မင်္ဂလာများ၏ မြေအဖြစ် ဖန်ဆင်းတော်မူခဲ့သည်။ ယင်းတို့အနက် ပါလက်စတိုင်းမြေအား အထူးသန့်ပြန့်ခြင်းကို ချီးမြှင့်တော်မူခဲ့သည်' ဟု လာရှိထားပေသည်။

[ရူးဟွလ်မအာနီ]

ထိုနေရာဒေသ၏ လောကီရေးရာနှင့် သာသနာရေး 'ဗရ်ကာသ်'မင်္ဂလာများတွင် သာသနာရေးအရ ထူးမြတ်မှုများမှာ ထိုဒေသတွင် နဗီတမန်တော်များ များစွာတို့၏ 'ကိဗ်လာဟ်'၊ နဗီတမန်တော်အားလုံးတို့၏ နေအိမ်များနှင့် မြုပ်နှံရာ သင်္ချိုင်းတော်များ ရှိခြင်းကို ဆိုလိုသည်။ လောကီရေး ထူးမြတ်မှု 'ဗရ်ကာသ်' မင်္ဂလာများမှာ ထိုဒေသတွင် စိမ်းလန်းစိုပြေသည့် မြေကြီးကောင်းမွန်လှပသည့် စည်းစိမ်များ၊ မြစ်ချောင်းများနှင့် ဥယျာဉ် စသည်များ ပေါများခြင်းတို့ ဖြစ်သည်။

ဟဇရေသ်မအားဇ်ဗင်နိဂျဗလ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ဆီးရီးယားနိုင်ငံအား 'အို၊ ဆီးရီးယား၊ အသင်သည် မြို့၊ ရွာ၊ နိုင်ငံအားလုံးတို့အနက် ငါအသျှင်မြတ် ရွေးချယ်သည့် နယ်မြေဒေသဖြစ်သည်။ ငါအသျှင်မြတ်သည် အသင့်ထံသို့ မိမိရွေးချယ်ထားသည့် 'ဗန္ဒဟ်'ကျေးကျွန်များကို ပို့ဆောင်ပေးတော်မူမည်'ဟု မိန့်ကြားတော်မူသည်။ *[ကုရ်သုဗီကျမ်း]*

မုစ်နဒ်အဟ်မဒ်ကျမ်းတွင် ဟဒီးစ်တော်တစ်ရပ် လာရှိသည်မှာ ဒဂ်ျဂျားလ်သည် ကမ္ဘာတစ်ခွင် လှည့်လည်ပေမည်။ သို့ရာတွင် ဗလီ (၄) လုံးသို့တိုင် ရောက်ရှိနိုင်ခြင်း ရှိမည်မဟုတ်ပေ။ ယင်းဗလီ (၄) လုံးမှာ-

(၁) မဒီနာရှိ 'မတ်စ်ဂျီဒ်ဒွေနဗဝီ'
(၂) မက္ကာဟ်မြို့ရှိ 'မတ်စ်ဂျီဒ်ဒွေဟရာမ်'
(၃) 'မတ်စ်ဂျီဒ်အက္ကဆွာ'နှင့်
(၄) 'မတ်စ်ဂျီဒ်သွူးရ်' တို့ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاٰتَيْنَا مُوْسَى الْكِتٰبَ وَ
جَعَلْنٰهُ هُدًى لِّبَنِيْٓ اِسْرَاۗءِيْلَ اَلَّا تَتَّخِذُوْا مِنْ دُوْنِيْ وَكِيْلًا ۝۲

၁၇ : ၂ ။ ။ စင်စစ် ငါအသျှင်မြတ်သည် (နဗီတမန်တော်) မူစာအား ကျမ်းဂန်တော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်းကျမ်းဂန်တော်ကို အီစ်ရာအီလီမျိုးနွယ်တို့အဖို့ 'အသင်တို့သည် ငါအသျှင်မြတ်မှတစ်ပါး အခြားမည်သည့်တစ်စုံတစ်ရာကိုမျှ အားကိုးအားထား မပြုလုပ်ကြကုန်လင့်'ဟူ၍ တရားလမ်းညွှန် ပြုတော်မူခဲ့လေသည်။

ذُرِّيَّةَ مَنْ حَمَلْنَا مَعَ نُوْحٍ ۭ اِنَّهٗ كَانَ عَبْدًا شَكُوْرًا ۝۳

၁၇ : ၃ ။ ။ အို၊ အကြင်သူတို့၏ သား၊ မြေးအပေါင်းတို့၊ ငါအသျှင်မြတ်သည် ထိုသူတို့အား (နဗီတမန်တော်) နူးဟ်နှင့်အတူ (သင်္ဘောပေါ်သို့) တင်ဆောင်တော်မူခဲ့လေသည်။ (အသင်တို့သည် အလ္လာဟ်အသျှင်မြတ် တစ်ဆူတည်းဖြစ်တော်

မှုကြောင်းကို သက်ဝင်ယုံကြည်ကြလေကုန်။) စကန်အမှန် ၎င်း (နဗီတမန်တော်နူးဟ်) သည် ကျေးဇူးတော်ကို အလွန်သိတတ်သော ကျွန်တစ်ပါး ဖြစ်ခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ငါအသျှင်မြတ်သည် မူစာ ﷺ အား ကျမ်းဂန် (သောင်ရားသ်) ကို ပေးတော်မူခဲ့သည်။ ၎င်းနောက် ငါအသျှင်မြတ်သည် ၎င်းအား ဗနီအိစ်ရာအီးလ်တို့အတွက် တရားလမ်းမှန်အဖြစ် ပြုပေးတော်မူခဲ့သည်။ (ထိုကျမ်းတွင် ကျင့်ရန်၊ ကြဉ်ရန် အမိန့်ပညတ်ချက်များနှင့်အတူ 'သောင်ဟီးဒ်' ၏ ကြီးကျယ်လှသည့် အမိန့်များလည်း ပါဝင်သည်မှာ) အသင်တို့သည် ငါအသျှင်မြတ်မှအပ အခြားသူတစ်ဦးဦးကို (မိမိတို့၏) အလုပ်များ ပြီးမြောက်စေသူဟု သတ်မှတ်ခြင်း မပြုကြလေနှင့်။ အို၊ ငါအသျှင်က နူးဟ် ﷺ နှင့်အတူ လှေပေါ်၌ စီးနင်းလိုက်ပါစေရန် ပြုပေးခဲ့သူတို့၏ အနွယ်ဝင်တို့၊ (ငါအသျှင်မြတ်သည် အသင်တို့အား ဦးတည်၍ မိန့်ကြားနေခြင်း ဖြစ်သည်။ အသင်တို့သည် ထို 'နေ့အမ်မသ်' ကျေးဇူးတော်ကို သတိရစေရန် ဖြစ်သည်။ ယင်းမှာ အကယ်၍ ငါအသျှင်မြတ်သည် ထိုသူတို့အား လှေပေါ်၌ စီးနင်းလိုက်ပါစေ၍ ကယ်တင်ခြင်းမပြုခဲ့ပါလျှင် ၎င်းတို့၏ မျိုးဆက်မှ အသင်တို့သည် အဘယ်မှာ ရှိနိုင်တော့အံ့နည်း။ ထိုကျေးဇူးတော်ကို သတိရလျက် တစ်ပါးတည်းသာ တည်ရှိတော်မူသော ထိုအသျှင်မြတ်အား ကျေးဇူးတရား သိကြကုန်) ထိုနူးဟ် ﷺ သည် လွန်စွာ ကျေးဇူးတရား သိတတ်သူ ကျွန်ဖြစ်ပေသည်။ (သို့ရှိရာ နဗီတမန်တော်သည်ပင် ကျေးဇူးတရား သိတတ်သူ၊ ကျေးဇူးတင်ခြင်းများ ပြုကြသည်ဆိုလျှင် ကျွန်ုပ်တို့သည် ဤကျေးဇူးတရားကို အဘယ်သို့ စွန့်လွှတ်သူများ ဖြစ်ကြရမည်နည်း။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَقَضَيْنَآ إِلَىٰ بَنِىٓ إِسْرَٰٓءِيلَ فِى ٱلْكِتَٰبِ لَتُفْسِدُنَّ فِى ٱلْأَرْضِ
مَرَّتَيْنِ وَلَتَعْلُنَّ عُلُوًّا كَبِيرًا ④

၁၇ : ၄ ။ ။ စင်စစ် ငါအသျှင်မြတ်သည် အိစ်ရာအီလီမျိုးနွယ်တို့ထံ (သောင်ရားသ်) ကျမ်းတော်၌ (ဤသို့) စီရင်ပြဋ္ဌာန်း (ချက်ကို ပေးပို့) တော်မူခဲ့လေသည်။ (အို၊ အိစ်ရာအီလီမျိုးနွယ်တို့) 'မုချစင်စစ် အသင်တို့သည် တိုင်းပြည်တွင် နှစ်ကြိမ်တိုင်တိုင် ပျက်စီးရာပျက်စီးကြောင်းကို ပြုလုပ်ကြပေမည်။ ထို့ပြင် စကန်မလွဲ အသင်တို့သည် အကြီးအကျယ် ရက်စက်စွာ အုပ်စိုးမှုဖြင့်လည်း အုပ်စိုးကြပေမည်။

فَإِذَا جَآءَ وَعْدُ أُولَىٰهُمَا بَعَثْنَا
عَلَيْكُمْ عِبَادًا لَّنَآ أُو۟لِى بَأْسٍ شَدِيدٍ فَجَاسُوا۟ خِلَـٰلَ ٱلدِّيَارِ ۚ
وَكَانَ وَعْدًا مَّفْعُولًا ٥

၁၇ ; ၅ ။ ။ တစ်ဖန် ထိုနှစ်ကြိမ်အနက် ပထမအကြိမ် (ပျက်စီးရာပျက်စီးကြောင်းကို အသင်တို့ ပြုလုပ်ခဲ့ကြသည့်) အတွက် ချိန်းချက်ထားသော အပြစ်ဒဏ် (ကျရောက်ရန် အချိန်) သည် ဆိုက်ရောက်လာသောအခါ၊ ငါအသျှင်မြတ်သည် အလွန်တရာ အပြင်းအထန် တိုက်ခိုက်လေ့ရှိကြသော မိမိကျွန်များကို အသင်တို့အပေါ်ဝယ် နိုင်လိုမင်းထက် ပြုမူ (လွှမ်းမိုး) စေတော်မူပေမည်။ ထိုအခါ ၎င်းတို့သည် (အသင်တို့အား ဖျက်ဆီးသတ်ဖြတ်ကြရန် အသင်တို့၏) နေအိမ်များအတွင်းသို့ ဝင်ရောက်ကြပေမည်။ စင်စစ် (ငါအသျှင်မြတ်၏ ဤခြိမ်းခြောက်မှုသည် မုချ) ပြီးမြောက်အောင်မြင်မည့် ချိန်းချက်မှုပင် ဖြစ်ပေသည်။

ثُمَّ رَدَدْنَا لَكُمُ ٱلْكَرَّةَ عَلَيْهِمْ
وَأَمْدَدْنَـٰكُم بِأَمْوَٰلٍ وَبَنِينَ وَجَعَلْنَـٰكُمْ أَكْثَرَ نَفِيرًا ٦

၁၇ ; ၆ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် အသင်တို့အား ထိုသူတို့အပေါ်၌ (လွှမ်းမိုးရန်) အလှည့်ပြန်ပေးတော်မူမည်။ ထို့ပြင် ငါအသျှင်မြတ်သည် အသင်တို့အား ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ သား (သမီး) များဖြင့်လည်းကောင်း ကူညီစောင်မတော်မူမည်။ ထို့ပြင် ငါအသျှင်မြတ်သည် အသင်တို့အား လူစုလူရုံးအားဖြင့်လည်း (လူဦးရေ) များပြောင်သော လူစုလူရုံး ဖြစ်စေတော်မူပေမည်။

إِنْ أَحْسَنتُمْ أَحْسَنتُمْ لِأَنفُسِكُمْ ۖ وَإِنْ أَسَأْتُمْ فَلَهَا ۚ
فَإِذَا جَآءَ وَعْدُ ٱلْـَٔاخِرَةِ لِيَسُـۥٓـُٔوا۟ وُجُوهَكُمْ وَلِيَدْخُلُوا۟
ٱلْمَسْجِدَ كَمَا دَخَلُوهُ أَوَّلَ مَرَّةٍ وَلِيُتَبِّرُوا۟ مَا عَلَوْا۟ تَتْبِيرًا ٧

၁၇ ; ၇ ။ ။ အကယ်၍ အသင်တို့သည် အကောင်းပြုလုပ်ခဲ့ကြသည်ရှိသော်၊ မိမိတို့ကိုယ်များအဖို့ အကောင်းပြုကြမည်သာ (ဖြစ်မည်။) သို့ရာတွင် အကယ်၍ အသင်တို့သည် အဆိုးပြုခဲ့ကြပါလျှင်လည်း မိမိတို့ကိုယ်များနှင့် ဆန့်ကျင် (၍ ပြုကြ) မည်သာ (ဖြစ်မည်။) တစ်ဖန် ဒုတိယအကြိမ် (ပျက်စီးရာပျက်စီးကြောင်းတို့ အသင်တို့ ပြုလုပ်ခဲ့ကြသည့်) အတွက် ချိန်းချက်ထားသော ပြစ်ဒဏ် (ကျရောက်ရန် အချိန်) သည် ဆိုက်ရောက်လာသောအခါ (ငါအသျှင်မြတ်သည် မိမိ၏ အခြားကျွန်များအား) ယင်းတို့သည် အသင်တို့၏ မျက်နှာများကို ပျက်စီးညှိုးနွမ်းစေကြရန်အလို့ငှာလည်းကောင်း၊ ထိုသူတို့သည် ဗလီဝတ်ကျောင်းတော်သို့ ပထမအကြိမ် ဝင်ရောက်ခဲ့ကြသကဲ့သို့ ဝင်ရောက်ကြရန်အလို့ငှာလည်းကောင်း၊ ယင်းတို့ (လက်လှမ်းမီ)

နိုင်နင်းသမျှသော အရာဝတ္ထုများကို ဖြိုခွင်းဖျက်ဆီးကြရန် အလို့ငှာလည်းကောင်း (အသင်တို့အပေါ်၌ လွှမ်းမိုးစေတော်မူမည်) ဖြစ်ပေသည်။

عَسَىٰ رَبُّكُمْ أَن يَرْحَمَكُمْ ۚ وَإِنْ عُدتُّمْ عُدْنَا ۘ وَجَعَلْنَا جَهَنَّمَ
لِلْكَافِرِينَ حَصِيرًا ۝٨

၁၇ : ၈ ။ ။ (အို၊ အိစ်ရာအီလီ မျိုးနွယ်တို့) အသင်တို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင်တို့အပေါ်၌ ကရုဏာပြုကောင်း ပြုတော်မူပေမည်။ သို့ရာတွင် အကယ်၍သာ အသင်တို့သည် (ရှေးယခင်နည်းတူ မောက်မာပလွှားခြင်းတို့ကို) ထပ်မံ၍ ပြုခဲ့ကြသည်ရှိသော် ငါအသျှင်မြတ်သည်လည်း (အသင်တို့အား ရှေးနည်းအတိုင်းပင်) ထပ်မံ၍ (အပြစ်ဒဏ်ပေးတော်မူခြင်းကို) ပြုလုပ်တော်မူမည်သာ (ဖြစ်၏။) စင်စစ် ငါအသျှင်မြတ်သည် 'ဂျဟန္နမ်' ငရဲဘုံကို ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အဖို့ အကျဉ်းထောင် ပြုလုပ်ထားတော်မူချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ငါအသျှင်မြတ်သည် ဗနီအိစ်ရာအီလ်တို့ကို ကျမ်းဂန်တွင် ('သောင်ရားသ်' ကျမ်းတွင်ဖြစ်စေ၊ (သို့) အခြားသော ဗနီအိစ်ရာအီလ်တို့၏ နဗီတမန်တော်များ၏ ဆွဟီးဖ်ကျမ်းငယ်များ၌ဖြစ်စေ) ဤစကားကို (ကြိုတင်ဟောကိန်း မိန့်ကြားသည့်အနေဖြင့်) ပြောကြားတော်မူခဲ့သည်မှာ အသင်တို့သည် ကမ္ဘာ (ဆီးရီးယား) မြေပေါ်တွင် နှစ်ကြိမ်တိုင်တိုင် (ပြစ်မှုဒုစရိုက် မြောက်မြားစွာ ကျူးလွန်ခြင်းဖြင့်) မကောင်းမှုများ ပြုကြပေလိမ့်မည်။ (တစ်ကြိမ်သည် မူစာ عليه السلام ၏ ရှရီအသ်နှင့် ဆန့်ကျင်ခြင်းနှင့် ဒုတိယအကြိမ်မှာ အီစာ عليه السلام ၏ ရှရီအသ်နှင့် ဆန့်ကျင်ခြင်းတို့ ဖြစ်သည်။) ထို့ပြင် အခြားသူတို့အပေါ်၌လည်း ကြီးမားသော ဆိုးသွမ်းမှုများ ပြုကြလိမ့်မည်။ (မတရားဖိနှိပ်စော်ကားမှုများ ကျူးလွန်ကြလိမ့်မည်။) ဤအတိုင်းပင် لَتُفْسِدُنَّ တွင် 'ဟုကူကွလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်းသည့် ဝတ္တရားများ) တွင် ပျက်စီးစေခြင်းကိုလည်းကောင်း၊ لَتَعْلُنَّ တွင် 'ဟုကူကွလ်အိဗားဒ်' (ဗန္ဒာဟ်လူသားများနှင့် စပ်လျဉ်းသည့် ဝတ္တရားများ) တွင် ပျက်စီးစေခြင်းကိုလည်းကောင်း ပြုကြသည်ဟု ညွှန်းဆိုခြင်းဖြစ်သည်။ ထိုနှစ်ကြိမ်စလုံးတွင် ပြင်းထန်သည့် အပြစ်ဒဏ်များ၌ နစ်မွန်းနေကြရပေမည်ဟုလည်း ပြောဆိုခြင်းဖြစ်သည်။ တစ်ဖန် ထိုနှစ်ကြိမ်အနက် ပထမအကြိမ်၏ သတ်မှတ်ချိန် ရောက်ရှိလာသည့်အခါ ငါအသျှင်မြတ်သည် အသင်တို့အပေါ်၌ ငါအသျှင်မြတ်၏ ဗန္ဒာဟ်ကျေးကျွန်များအနက်မှ အလွန်ပြင်းထန်စွာ စစ်မက်တိုက်ခိုက်နိုင်သူတို့အား စေလွှတ်ရောက်ရှိစေတော်မူမည်။ ထိုသူတို့သည် အသင်တို့၏ အိမ်များ၌ ဝင်ရောက်ကြလိမ့်မည်။ (အသင်တို့အား သတ်ဖြတ်ဖမ်းဆီးခြင်းနှင့် ဖျက်ဆီးခြင်းများ ပြုကြလိမ့်မည်။)

ထို့နောက် ဤသည် (အပြစ်ဒဏ်ပေးမည်ဟု ကတိပြုထားခြင်းမှ) မုချဖြစ်လာရမည့် ကတိတော် တစ်ရပ်ပင် ဖြစ်သည်။ တစ်ဖန် (အသင်တို့သည် မိမိတို့၏ ပြုမူဆောင်ရွက်ချက် လုပ်ရပ်များအပေါ် အရှက်

ရ၍ အများဝန်ခံခြင်းများ ပြုကြမည်ဆိုလျှင်) ငါအသျှင်မြတ်သည် တစ်ဖန်ပြန်၍ ၄င်းတို့အပေါ်၌ အသင်တို့၏ လွှမ်းမိုးအောင်နိုင်မှုများ ပြုတော်မူမည်။ (အုပ်စုတစ်စုသည် ၄င်းတို့အပေါ်၌ လွှမ်းမိုးအောင်နိုင်မှု ဖြစ်သွားလိမ့်မည်။ ထိုအုပ်စုသည် အသင်တို့အား ကူညီသူများ ဖြစ်သွားလိမ့်မည်။ ဤနည်းအတိုင်း အသင်တို့၏ ရန်သူများသည် ထိုအုပ်စုအားလည်းကောင်း၊ အသင်တို့အားလည်းကောင်း ရှုံးနိမ့်သွားပေလိမ့်မည်။) ထို့နောက် ဥစ္စာပစ္စည်းများအားလည်းကောင်း၊ သားသမီးများအားလည်းကောင်း၊ (ဖမ်းဆီးခံခဲ့ရသည့် သားသမီးများအတွက် ငါအသျှင်မြတ်သည် အသင်တို့အား ကူညီစောင်မတော်မူမည်။ ဆိုလိုသည်မှာ ဤအရာအားလုံးကို အသင်တို့အား ပြန်လည်ပေးတော်မူမည်။ ထိုအရာများဖြင့် အသင်တို့၏ အင်အား ရရှိစေမည်။) ထို့နောက် ငါအသျှင်မြတ်သည် အသင်တို့၏ အုပ်စုကို (နောက်လိုက်များကို) တိုးစေတော်မူမည်။ (သို့ရှိရာ ရာထူးရာခံ၊ ဥစ္စာပစ္စည်းများ၊ သားသမီးများနှင့် နောက်လိုက်များ တိုးပွားလာပေမည်။ ထို့နောက် ထိုကျမ်းဂန်တွင် သတိသံဝေဂ ရရှိစေမည့် နည်းလမ်းဖြင့်လည်း ရေးသားထားသည်မှာ) အကယ်၍ (ယခုမှစ၍ နောင်အခါတွင်) ကောင်းမှုကိုယ်ကျင့်တရားများပြုလျက် ရှိနေမည်ဆိုလျှင် မိမိ၏ ကောင်းကျိုးအတွက်သာ ကောင်းမှုကိုယ်ကျင့်တရားများ ပြုလုပ်ခြင်း ဖြစ်ပေမည်။ (ဆိုလိုသည်မှာ လောကီလောကုတ္တရာတွင် ထိုကောင်းမှုများ၏ အကျိုးဆက် ရရှိပေမည်။) ထို့နောက် အကယ်၍ အသင်တို့သည် မကောင်းမှုများ ကျူးလွန်ခဲ့ကြမည်ဆိုလျှင် မိမိအတွက်သာ မကောင်းမှုများ ကျူးလွန်ခြင်းဖြစ်ပေမည်။ (ဤသည်လည်း အထက်ပါအတိုင်းပင် ၄င်း၏ အကျိုးဆက် ရရှိပေမည်။) တစ်ဖန် (ဖော်ပြပါကျူးလွန်မှုနှစ်ကြိမ်အနက်) နောက်ဆုံးအကြိမ်၏ အချိန်ကို ရောက်ရှိလာပေလိမ့်မည်။ ထိုအချိန်တွင် အသင်တို့သည် ဧသာ عليه السلام ၏ ရှရီအသ်တရားတော်ကို ဆန့်ကျင်ခြားနားခြင်းများ ပြုကြပေလိမ့်မည်။)

သို့ရှိရာ ငါအသျှင်မြတ်သည် တစ်ဖန် အသင်တို့အပေါ်သို့ အခြားသူများကို စေလွှတ်တော်မူမည်။ (သို့မှသာ ၄င်းတို့သည် အသင်တို့အား ရိုက်နှက်ညှဉ်းပန်းလျက်) အသင်တို့၏ မျက်နှာများကို ဖျက်စီးကြလိမ့်မည်။ ထို့နောက် (ဗိုင်သွလ်မုကဒ်ဒဆ်) ဗလီဝတ်ကျောင်းတော်တွင် ထို (ယခင်က) လူများ (အတင်းအဓမ္မ) ဝင်ရောက်ခဲ့ကြသကဲ့သို့ (နောင်းခေတ်လူများသည်လည်း ထိုဝတ်ကျောင်းတော်၌ ဝင်ရောက်ကြပေလိမ့်မည်။ ၄င်းတို့လက်တွင်း၌ ရှိသမျှအရာအားလုံးကို ဖျက်ဆီးပစ်ကြပေလိမ့်မည်။ (ထို့နောက် ဤကျမ်းဂန်တွင် ရေးသားထားသည်မှာ 'အကယ်၍ ဤဒုတိယအကြိမ်ပြီးနောက် ရှရီအသေ့မုဟမ္မဒီယဟ်၏ ခေတ်သမယ ရောက်ရှိလာသောအခါ အသင်တို့သည် ဆန့်ကျင်ခြားနားခြင်းနှင့် အပြစ်ကျူးလွန်ခြင်းများကို စွန့်လွှတ်၍ ရှရီအသေ့မိုဟမ္မဒီယဟ်၏ နောက်လိုက်အဖြစ် ပြုခဲ့ပါလျှင်) အံ့သြဖွယ်မဟုတ်ပေ။ အသင်တို့၏ အသျှင်သည် အသင်တို့အပေါ် သနားကြင်နာတော်မူပါစေ။ (အသင်တို့၏ နိမ့်ကျမှုနှင့် သေးသိမ်မှုများမှ ဖယ်ရှားပေးပါစေ။) ထို့နောက် အကယ်၍ အသင်တို့သည် တစ်ဖန် ထို (ဆိုးသွမ်း) မှုကိုပင် ပြုလုပ်ကြဦးမည်ဆိုလျှင် ငါအသျှင်သည်လည်း ထိုအပြစ်ဒဏ်ပေးခြင်းဖြင့်ပင် ဆက်ဆံမှု) ပြုတော်မူပေသည်။ (သို့ရှိရာ ကိုယ်တော်မြတ် ﷺ ၏ ခေတ်အခါသမယတွင် ထိုသူတို့သည် ကိုယ်တော်မြတ် ﷺ အား ဆန့်ကျင်မှုများ ပြုကြလေ

သောအခါ တစ်ဖန် ပြန်လည်၍ သတ်ဖြတ်ခံရခြင်း၊ ဖမ်းဆီးခံရခြင်းနှင့် သေးသိမ်မှုများ ဖြစ်လာခဲ့ကြလေသည်။ ဤသည်မှာ လောက၏ အပြစ်ဒဏ်သာ ဖြစ်ပေမည်။) ထို့နောက် (အာခေရသ်တွင်မူ) ငါအသျှင်မြတ်သည် 'ဂျဟန္နမ်'ငရဲမီးဘုံကို ကာဖိရ်များ၏ အကျဉ်းထောင်အဖြစ် ပြုလုပ်ဖန်ဆင်းတော်မူသည်။

အာယသ်တော်များ၏ ဆက်စပ်မှု

ဤအာယသ်တော်အလျှင် ပထမအာယသ်တော်များမှ

جَعَلْنٰهُ هُدًى لِّبَنِىٓ اِسْرَآءِيْلَ

တွင် ရှရီအသ်တရားတော်၏ အမိန့်တော်များနှင့် အသျှင်မြတ်၏ 'ဟေဒါယသ်'လမ်းမှန်တရားများကို လိုက်နာကျင့်ဆောင်ရန် နှိုးဆော်ထားသည်။ ဖော်ပြပါအာယသ်တော်များတွင်မူ ၎င်းတို့အား ဆန့်ကျင်ငြင်းဆိုခြင်းဖြင့် အပြစ်ဒဏ်များပေးမည့် အကြောင်းများ ဖော်ပြထားသည်။ ထိုအာယသ်တော်များတွင် ဗနီအိစ်ရာအီလ်တို့၏ အဖြစ်အပျက်နှစ်ခုကို သတိသံဝေဂရရှိစေရန် တင်ပြထားသည်မှာ ထိုဗနီအိစ်ရာအီလ်တို့သည် တစ်ခါက အပြစ်ဒုစရိုက်များ ကျူးလွန်ခြင်းနှင့် ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၏ အမိန့်တော်များကို ဆန့်ကျင်ဖီလာပြုကြသည့်အခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ရန်သူကို ၎င်းတို့အပေါ်သို့ ကျရောက်စေတော်မူခဲ့သည်။ ထိုရန်သူများသည် ၎င်းတို့အား ဖျက်ဆီးပစ်ခဲ့ကြသည်။ ထို့နောက်တစ်ဖန် ၎င်းတို့အဖို့ အနည်းငယ်မျှ သတိတရား ရရှိလာကြသည်။ ဆိုးသွမ်းမှုများ နည်းပါးစေသောအခါ ကောင်းမွန်လာခဲ့ကြသည်။ သို့ရာတွင် ဤသည်ကား ရက်အနည်းငယ်မျှအတွက်သာဖြစ်ခဲ့ပြီး တစ်ဖန်ပြန်၍ ဆိုးသွမ်းမှုများနှင့် မကောင်းမှုများသည် ၎င်းတို့အတွင်း၌ ပြန့်နှံ့သွားကြပြန်သည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ ရန်သူ၏ လက်ဖြင့် အပြစ်ပေးတော်မူခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် 'ဝါကိအာဟ်'ဖြစ်ရပ်နှစ်ခုလုံးကို ဖော်ပြထားသော်လည်း သမိုင်းတွင်မူ ဤနည်းနှင့်တူသော ဖြစ်ရပ် (၆) မျိုး ရှိသည်။

ပထမဖြစ်ရပ် ။ ။ 'မတ်စ်ဂျိဒ်ဒေအက္ကဆွာ'အား တည်ဆောက်ခဲ့သူ ဟဇရသ်စုလိုင်မာန် ﷺ 'ဝဖာသ်' ဖြစ်ပြီး ကာလအတန်ကြာသောအခါ 'ဗိုင်သွလ်မုကဒ္ဒပ်စ်'မှ အုပ်ချုပ်ရေး အကြီးအကဲသည် သာသနာ့ဘောင်လွတ် လုပ်ရပ်များနှင့် မကောင်းသော လုပ်ရပ်များ ကျူးလွန်သည့်အခါ အီဂျစ်မှ ဘုရင်တစ်ပါးသည် ၎င်းအပေါ် ချီတက်လာပြီး 'ဗိုင်သွလ်မုကဒ္ဒပ်စ်'မှ ရွှေ၊ ငွေ နှင့် ပစ္စည်းများ လုယူသွားခဲ့သည်။ မြို့နှင့် ဗလီကိုမူ တိုက်ခိုက်ဖြိုဖျက်ခြင်း မပြုခဲ့ပေ။

ဒုတိယဖြစ်ရပ် ။ ။ ထိုဖြစ်ရပ်ထက် နှစ်ပေါင်း (၄၀၀) နောက်ပိုင်းတွင် 'ဗိုင်သွလ်မုကဒ္ဒပ်စ်'၌ နေထိုင်သူ ယဟူဒီအချို့သည် ရုပ်တုဆင်းတု ကိုးကွယ်ခြင်းများကို ပြုခဲ့ကြသည်။ ကျန်ရှိသူတို့မှာ အချင်းချင်း မသင့်မြတ်မှုများနှင့် စိတ်ဝမ်းကွဲမှုပြဿနာများ ဖြစ်ခဲ့ကြသည်။ ထိုသို့ဖြစ်ရခြင်း ရလဒ်ဆိုးဖြစ်သော အီဂျစ်နိုင်ငံမှ ဘုရင်တစ်ပါးသည် ၎င်းတို့အပေါ်သို့ ချီတက်တိုက်ခိုက်ခဲ့ပြီး အတိုင်းအတာတစ်ခုအထိ မြို့နှင့် ဗလီ

အဆောက်အဦးတို့ကို ထိခိုက်စေခဲ့သည်။ ထို့နောက်တစ်ဖန် ၎င်းတို့၏ အခြေအနေများ အနည်းငယ် တည့်မတ်လာခဲ့ကြသည်။

တတိယဖြစ်ရပ် ။ ။ ထိုဖြစ်ရပ်ပြီး၍ နှစ်အနည်းငယ်နောက်ပိုင်းတွင် ဗာဗိလ်နိုင်ငံမှ ဘုရင် ဗုခ်သေနဆွ်ရ်သည် 'ဗိုင်သွလ်မုကဒ္ဒပ်စ်'သို့ ချီတက်ပြီး မြို့ကို သိမ်းပိုက်၍ များစွာသော ဥစ္စာပစ္စည်းများကို လုယူခဲ့သည်။ လူများစွာတို့ကို ချုပ်နှောင်ဖမ်းဆီး၍ ခေါ်ဆောင်သွားခဲ့သည်။ ပထမဘုရင်၏ အမျိုးအနွယ်မှ ပုဂ္ဂိုလ်တစ်ဦးအား မိမိ၏ ကိုယ်စားလှယ်အသွင်ဖြင့် အုပ်ချုပ်ရေးတာဝန် ပေးအပ်ခဲ့လေသည်။

စတုတ္ထဖြစ်ရပ် ။ ။ ထိုဘုရင်အသစ်သည် ရပ်တုကိုးကွယ်ခြင်းနှင့် မကောင်းမှုများ ပြုလုပ်သူဖြစ်သည်။ ၎င်းသည် ဗုခ်သေနဆွ်ရ်အား ပုန်ကန်ခြားနားမှုများ ပြုလေသောအခါ ဗုခ်သေနဆွ်ရ်သည် ၎င်းအပေါ် ချီတက်တိုက်ခိုက်လေသည်။ အပြန်အလှန် တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်းတို့သည် အတိုင်းမရှိ ဖြစ်ခဲ့သည်။ မြို့ကို မီးတိုက်ရှို့လျက် ကွင်းပြင်ဖြစ်စေခဲ့သည်။ ဤအနိဋ္ဌာရုံသည် ဤဝတ်ကျောင်းတော်ကြီး ဆောက်လုပ်၍ နှစ်ပေါင်း (၄၁၅) နှစ်အကြာတွင် ဖြစ်ခဲ့သည်။ ထို့နောက်ပိုင်းတွင် ယဟူဒီတို့သည် နယ်နှင်ဒဏ်ပေးခံရပြီး ဗာဗိလ်သို့ ရောက်သွားကြလေသည်။ ထိုဗာဗိလ်တွင် အလွန်သေးသိမ်စွာဖြင့် နှစ်ပေါင်း (၇၀) ကုန်လွန်ခဲ့လေသည်။ ထို့နောက်တွင် အီရန်ဘုရင်သည် ဗာဗိလ်ဘုရင်ထံသို့ ချီတက်တိုက်ခိုက်ပြီး ဗာဗိလ်ကို သိမ်းပိုက်လိုက်သည်။ ထို့နောက် အီရန်ဘုရင်သည် နယ်နှင်ဒဏ်ခံရသူ ယဟူဒီများကို သနားသောကြောင့် ၎င်းတို့အား ဆီးရီးယားသို့ ပြန်ပို့လိုက်သည်။ ၎င်းတို့ထံမှ လုယူထားသည့် ပစ္စည်းများကိုလည်း ပြန်လည်ပေးခဲ့သည်။ ယခုမူ ယဟူဒီတို့သည် မိမိတို့၏ လုပ်ရပ်ဆိုးများနှင့် အပြစ်ဒုစရိုက်များ ကျူးလွန်ခြင်းများအပေါ် အရှက်တရားနှင့် နောင်တရပြီး အမှားဝန်ခံမှုပြုလိုက်ပြီဖြစ်သည်။ နဂိုမူလနေရာ၌ ပြန်လည်အခြေချနေထိုင်လေသောအခါ အီရန်ဘုရင်၏ အကူအညီဖြင့် 'မတ်စ်ဂျိဒ်ဒေအက္ကဆွာ'အား နဂိုပုံသဏ္ဍာန်အတိုင်း ပြန်လည်ဆောက်လုပ်ခဲ့ကြသည်။

ပဉ္စမဖြစ်ရပ် ။ ။ ယဟူဒီတို့သည် ဤနေရာတွင် တည်ငြိမ်အေးချမ်းစွာဖြင့် ပြန်လည်နေထိုင်ခွင့် ရရှိသောအခါ ၎င်းတို့သည် မိမိတို့၏ အတိတ်ဖြစ်ရပ်များကို မေ့လျော့သွားကြသည်။ မကောင်းမှုဒုစရိုက် ကျူးလွန်ခြင်းများ၌ ပြန်လည်မွေ့လျော်လာကြပြန်သည်။ ဤသို့ဖြင့် ဟဇရသ်အီစာ ﷺ မဖွားမြင်မီနှစ်ပေါင်း (၁၇၀) အလျှင်၌ ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်ခဲ့သည်မှာ 'အင်နိသွာကီယဟ်'အား တည်ထောင်ခဲ့သည့် ဘုရင်သည် ချီတက်တိုက်ခိုက်ခဲ့ပြန်သည်။ ၄၀၀၀၀ (လေးသောင်း) မျှသော ယဟူဒီများကို သတ်ဖြတ်ခဲ့သည်။ ၄၀၀၀၀ (လေးသောင်း) မျှရှိသော ယဟူဒီများကို အကျဉ်းသားအဖြစ်နှင့်လည်းကောင်း၊ ကျွန်ပြုခြင်းဖြင့်လည်းကောင်း မိမိတို့နှင့်အတူ ခေါ်ဆောင်သွားသည်။ ဝတ်ကျောင်းတော်အားလည်း လွန်စွာ အရိုအသေကင်းမဲ့မှုများ ပြုခဲ့သည်။ သို့သော် ဝတ်ကျောင်းတော် အဆောက်အအုံမှာမူ လွတ်ကင်းခဲ့လေသည်။ သို့သော်လည်း

ထိုဘုရင်၏ လက်အောက်ခံများက မြို့နှင့် ဝတ်ကျောင်းတော်ကို လုံးဝ ကွင်းပြင် ဖြစ်စေခဲ့ကြသည်။ ထို့နောက် ကာလအတန်ကြာသောအခါ 'မိုင်သွလ်မုကဒ္ဒပ်စ်'တွင် ရောမဘုရင်များ အုပ်စိုးလာခဲ့ကြသည်။ ၄င်းတို့သည် ဗလီကို ပြန်လည်မွမ်းမံခဲ့ကြသည်။ ထိုဖြစ်ရပ်၏ (၈) နှစ်နောက်တွင် ဟဇရသ်အီစာ ﷺ ဖွားမြင်တော်မူခဲ့လေသည်။

ဆင္ဒမဖြစ်ရပ် ။ ။ ဟဇရသ်အီစာ ﷺ သည် ကိုယ်ခန္ဓာနှင့်တကွ ကောင်းကင်ထက်သို့ ကြွမြန်းတော်မူပြီး နှစ်ပေါင်း (၄၀) ၏နောက်ပိုင်းတွင် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့သည်မှာ ယဟူဒီတို့သည် မိမိတို့၏ အုပ်ချုပ်သူများဖြစ်သည့် ရောမဘုရင်များကို ပုန်ကန်ခြားနားမှု ပြုကြလေသည်။ ရောမဘုရင်တို့သည် မြို့နှင့် ဝတ်ကျောင်းတော်ကို ဖျက်ဆီး၍ နဂိုမူလအတိုင်း ထားလိုက်ကြသည်။ ထိုအချိန်က ဘုရင်၏ အမည်မှာ 'သွိသွိစ်'ဟု ဖြစ်သည်။ ၄င်းသည် ယဟူဒီလည်း မဟုတ်။ နဆွ်ရာနီလည်း မဟုတ်ပေ။ အကြောင်းမှာ ထိုသို့ဖြစ်ပြီး ကာလများစွာ ကြာပြီးမှ ၄င်းသည် ပထမဦးဆုံး အီဆာအီ ဖြစ်ခဲ့သောကြောင့် ဖြစ်သည်။ ထို့နောက်ပိုင်းတွင် ဟဇရသ်အုမရ်ဖာရ်ဝန် ခသ္ဖ်သွာဗ် ﷺ ၏ ခေတ်ကာလအထိ ဤဝတ်ကျောင်းတော်မှာ ကွင်းပြင်ဖြစ်နေခဲ့သည်။ ဟဇရသ်အုမရ် ﷺ သည် ဤဝတ်ကျောင်းတော်အား ပြန်လည် ဆောက်လုပ်ခဲ့ရသည်။ ဤဖော်ပြပါ ဖြစ်ရပ် (၆) မျိုးသည် 'သဗ်စီရ်ဗယာနူလ်ကုရ်အာန်' ကျမ်းတွင် 'သဗ်စီးရ်ဟတ်ကာနီ'၏ အညွှန်းဖြင့် ရေးသားဖော်ပြထားသည်။

ယခု ကုရ်အာန်ကျမ်းတော်မြတ်မှ ဖော်ပြသည့် ဖြစ်ရပ်နှစ်မျိုးမှာ မည်သည့်ဖြစ်ရပ်များဖြစ်သည်ကို အတိအကျ သတ်မှတ်ရန်မှာ ခက်ခဲနေသည်။ သို့ရာတွင် ယဟူဒီတို့၏ ဆိုးသွမ်းမှုလည်း အများပြားဆုံးနှင့် အပြစ်ဒဏ်လည်း အကြီးမားဆုံး၊ အပြင်းဆုံးသော ဖြစ်ရပ်ကို ရွေးချယ်ကောက်ယူလိုက်သည်။ ထိုဖြစ်ရပ်မှာ စတုတ္ထဖြစ်ရပ်နှင့် ဆဌမဖြစ်ရပ်တို့ ဖြစ်သည်။ သဗ်စီးရ်ကုရ်သွဗီသည် ဤနေရာတွင် ဟဇရသ်ဟုဇိုင်ဖာဟ် ﷺ ဆင့်ပြန့်ခဲ့သည့် ရှည်လျားသော မရ်ဖူးအ်ဟဒီးစ်တော်တစ်ပုဒ်ကို တင်ပြထားရာ ထိုဟဒီးစ်အရလည်း ဤဖြစ်ရပ် နှစ်မျိုးသည် စတုတ္ထနှင့် ဆဌမဖြစ်ရပ်များသာဖြစ်ကြောင်း သတ်မှတ်ချက်ဖြစ်လာရသည်။ ထိုရှည်လျားသော ဟဒီးစ်၏ အဓိပ္ပာယ်မှာ 'ဟဇရသ်ဟုဇိုင်ဖာဟ် ﷺ သခင်က ဆင့်ပြန့်သည်မှာ 'ကျွန်ုပ်သည် တမန်တော်မြတ် ﷺ အား 'မိုင်သွလ်မုကဒ်ဒဆ်'သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် အလွန်ကြီးမြတ်သော ဗလီဝတ်ကျောင်းတော် ဖြစ်ပါသလား'ဟု လျှောက်ထားမေးမြန်းရာ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ ကမ္ဘာလောကတွင်ရှိသော ဝတ်ကျောင်းတော်များတွင် ထူးထူးခြားခြား ကြီးမြတ်မှုရှိသော ဝတ်ကျောင်းတော်ဖြစ်သည်။ ထိုဝတ်ကျောင်းတော်အား အလ္လာဟ်အသျှင်မြတ်သည် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား စသည်တို့ဖြင့် စုလိုင်မာန် ﷺ အတွက် ဆောက်လုပ်စေတော်မူခဲ့သည်။ စုလိုင်မာန် ﷺ သည် ထိုဝတ်ကျောင်းတော်အား စတင်ဆောက်လုပ်တော်မူသည့်အခါ အလ္လာဟ်အသျှင်မြတ်သည် 'ဂျင်နားသ်' ('ဂျင်န်'များ) ကို ဟဇရသ်ဟုလိုင်မာန် ﷺ ၏ အမိန့်နာခံသူများအဖြစ် ပြုပေးတော်မူခဲ့သည်။ 'ဂျင်န်' တို့သည် ဤအဖိုးတန်ရတနာများနှင့် ရွှေ ငွေ စသည်တို့ကို ရှာဖွေစုဆောင်းလျက် ထိုအရာများဖြင့်

ဝတ်ကျောင်းတော် ဆောက်လုပ်ကြသည်။ ဟဇရတ်ဟုဇိုင်ဖဟ် ؓ သခင်က ပြောဆိုသည်မှာ 'ကျွန်ုပ်သည် တမန်တော်မြတ် ﷺ အား ဤသို့ဆိုလျှင် 'ဗိုင်သွလ်မုကဒ္ဒပ်စ်'မှ ရွှေ၊ ငွေ၊ ရတနာ၊ ကျောက်သံပတ္တမြားများ သည် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။ မည်သည့်ပုံစံဖြင့် ပျောက်ဆုံးသွားပါသနည်း'ဟု လျှောက်ထားမေးမြန်းရာ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'ဗနီအိစ်ရာအီလ်တို့သည် အလ္လာဟ် အသျှင်မြတ်၏ အမိန့်တော်ကို ဖီဆန်သူများ၊ ပြစ်မှုဒုစရိုက်ကျူးလွန်ခြင်းများနှင့် မကောင်းမှုများ၌ နစ်မွန်းသွား ခဲ့ကြပြီး နဗီတမန်တော်များကို သတ်ဖြတ်ခဲ့ကြသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ် ၌ 'ဗုခ်သေနဆွ်ရ်'ဘုရင်ကို စေလွှတ်တော်မူလိုက်သည်။' ထိုဘုရင်သည် မီးကိုးကွယ်သည့် 'မဂျူစီ' ဖြစ်သည်။ ၎င်းသည် 'ဗိုင်သွလ်မုကဒ္ဒပ်စ်'ကို နှစ်ပေါင်း (၇၀၀) တိုင် အုပ်ချုပ်ခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်

فَاِذَا جَاءَ وَعْدُ اُوْلٰهُمَا بَعَثْنَا عَلَيْكُمْ عِبَادًا لَّنَا اُولِي بَاْسٍ شَدِيْدٍ

ဟု မိန့်ကြားထားသည်မှာ ဤဖြစ်ရပ်ကိုပင် ရည်ညွှန်းခြင်းဖြစ်သည်။ ဗုခ်သေနဆွ်ရ်၏ စစ်တပ် သည် ဝတ်ကျောင်းတော်အတွင်းသို့ ဝင်ရောက်ပြီး အမျိုးသားများကို သတ်ဖြတ်၍ ကလေးများနှင့် အမျိုး သမီးများကို ချုပ်နှောင်ဖမ်းဆီးကြလေသည်။

ထို့နောက် 'ဗိုင်သွလ်မုကဒ္ဒပ်စ်'၏ ရွှေ၊ ငွေ၊ ရတနာ၊ ကျောက်သံပတ္တမြား စသော ဥစ္စာပစ္စည်း များကို (၁၇၀၀၀၀) မျှသော လှည်းများတွင် တင်၍ သယ်ဆောင်သွားလေသည်။ ထို့နောက် မိမိတို့ တိုင်းပြည် ဗာဗိလ်၌ ထားရှိလေသည်။ ထို့ပြင် ဗနီအိစ်ရာအီလ်တို့အား နှစ်ပေါင်း (၁၀၀) တိုင် ကျွန်ပြုလျက် သေးသိမ်အောက်တန်းကျ၍ ပင်ပန်းဆင်းရဲစွာ ပြုလုပ်ရသည့် အလုပ်များကို ခိုင်းစေမှုပြုခဲ့လေသည်။

ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် အီရန်ဘုရင်များအနက်မှ ဘုရင်တစ်ပါးကို ၎င်းနှင့် ရင်ဆိုင်ရန် ရပ်စေတော်မူလိုက်သည်။ ထိုအီရန်ဘုရင်သည် ဗာဗိလ်ကို သိမ်းပိုက်လိုက်သည်။ ကျန်ရှိနေသေးသည့် ဗနီ အိစ်ရာအီလ်များကို 'ဗုခ်သေနဆွ်ရ်'၏ အချုပ်အနှောင်မှ လွှတ်ပေးလိုက်သည်။ ထို့နောက် 'ဗိုင်သွလ်မုကဒ်ဒဆ်' မှ ယူဆောင်လာသည့် ဥစ္စာပစ္စည်းအားလုံးကို 'ဗိုင်သွလ်မုကဒ္ဒပ်စ်'သို့ ပြန်ပို့ပေးခဲ့သည်။ ထို့နောက် ဗနီ အိစ်ရာအီလ်တို့အား 'အကယ်၍ အသင်တို့သည် အမိန့်ဖီဆန်မှုနှင့် ပြစ်မှုဒုစရိုက် ကျူးလွန်မှုများဘက်သို့ ပြန်လှည့်သွားကြမည်ဆိုလျှင် ကျွန်ုပ်သည်လည်း သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်း အပြစ်ကို အသင်တို့အပေါ် ပြန်လည် ပြုလုပ်မည်'ဟု မိန့်ကြားခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်

عَسٰى رَبُّكُمْ اَنْ يَّرْحَمَكُمْ وَاِنْ عُدْ تُّمْ عُدْنَا

ဟု လာရှိခြင်းမှာလည်း ဤသည်ကိုပင် ဆိုလိုခြင်းဖြစ်သည်။

ဗနီအိစ်ရာအီလ်တို့သည် 'ဗိုင်သွလ်မုကဒ္ဒပ်စ်'သို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။ ပစ္စည်းဥစ္စာ ရတနာတို့သည်လည်း လက်ဝယ်ရရှိခဲ့သည်ဖြစ်ရာ အပြစ်ဒုစရိုက် ကျူးလွန်ခြင်းများနှင့် မကောင်းမှုများဘက် သို့ ပြန်လှည့်သွားကြလေသည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ်တွင် ရောမဘုရင် ကိုင်ဆွ်ရ် ကို စေလွှတ်တော်မူလိုက်သည်။ အောက်ပါအာယသ်တော်တွင်လည်း ဤသည်ကိုပင် ဆိုလိုခြင်းဖြစ်သည်။

فَاِذَا جَاءَ وَعْدُ الْاٰخِرَةِ لِيَسُوْءٗا وُجُوْهَكُمْ

ရောမဘုရင်သည် ဗနီအိစ်ရာအီလ်တို့အား ကုန်းကြောင်းမှလည်းကောင်း၊ ရေကြောင်းမှလည်းကောင်း တိုက်ခိုက်ခဲ့သည်။ များစွာသော သူများကို သတ်ဖြတ်ခြင်းနှင့် ဖမ်းဆီးခြင်းများ ပြုခဲ့သည်။ ထို့နောက် 'ဗိုင်သွလ်မုကဒ်ဒဆ်'၌ ရှိသမျှ ဥစ္စာပစ္စည်းများကို (၁၇၀၀၀၀) မျှသော လှည်းများတွင် တင်၍ သယ်ဆောင်သွားကြသည်။ ထို့နောက် မိမိတို့၏ ရွှေဘုရားကျောင်း၌ ထားလိုက်ကြသည်။ ထိုရတနာပစ္စည်းအားလုံးသည် ယခုတိုင် ထိုနေရာ၌ပင် ရှိနေသည်။ ထို့ကြောင့် ထိုနေရာ၌ပင် ရှိနေပေဦးမည်။ ဟဇရသ်အေမာမ် မဟ်ဒီသည် ထိုပစ္စည်းများကို (၁၇၀၀၀၀) မျှရှိသော လှေသင်္ဘောများ၌ တင်၍ 'ဗိုင်သွလ်မုကဒ္ဒပ်စ်'သို့ ပြန်လည်ပို့ဆောင်ပေလိမ့်မည်။ ဤနေရာ၌ပင် အလ္လာဟ်အသျှင်မြတ်သည် ရှေ့၊ နောက် ရှိခဲ့သမျှ ပစ္စည်းအားလုံးကို စုရုံးစေတော်မူလိမ့်မည်။ *[သဖ်စီရ်ကုရ်သုဗီကျမ်း]*

ဗယာနုလ်ကုရ်အာန်ကျမ်းတော်တွင် ဖော်ပြထားသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၌ လာရှိသော ဖြစ်ရပ်နှစ်ခု၏ အလိုသဘောမှာ ရှရီအသ်နှစ်ခုအား ဆန့်ကျင်ခြင်းကို ဆိုလိုသည်။ ပထမမှာ မူစာ عليه السلام ၏ ရှရီအသ်ကို ဆန့်ကျင်ခြင်းဖြစ်သည်။ တစ်ဖန် ဟဇရသ်အီစာ عليه السلام ၏ ရှရီအသ်အား ဆန့်ကျင်ခြင်းဖြစ်သည်။ ဤနည်းဖြင့် ပထမဆန့်ကျင်ခြင်း၌ပင် အဆိုပါဖြစ်ရပ်အားလုံးကို တင်ပြခြင်းဖြစ်နိုင်သည်။ ဖြစ်ရပ်များ အကြောင်း ရှင်းလင်းပြီးနောက်တွင် ဖော်ပြပါ အာယသ်တော်များ၏ သဖ်စီရ်ကို ဆက်လက်၍ ကြည့်ရှုလေ့လာကြပါလေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဖော်ပြပါဖြစ်ရပ်များအရ သိရှိရသည်မှာ ဗနီအိစ်ရာအီလ်တို့နှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်သည် စီရင်ချက် ချမှတ်တော်မူခဲ့သည်။ ယင်းစီရင်ချက်မှာ ဗနီအိစ်ရာအီလ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို နာခံနေသရွေ့ လောကီ၊ လောကုတ္တရာရေးရာတို့တွင် အောင်မြင်နေကြပေမည်။ သာသနာပေါ်မှ အတိမ်းအစောင်းပြုသည်နှင့် သေးသိမ်မှုများ ဖြစ်ကြရပေမည်။ ထို့နောက် ရန်သူများ၊ ကာဖိရ်များ၏ လက်များဖြင့် ရိုက်နှက်မှုတို့သည် ၎င်းတို့အပေါ် ရောက်ရှိလာကြပေမည်။ ၎င်းနောက် ရန်သူများသည် ထိုသူများအပေါ် လွှမ်းမိုးပြီး အသက်စည်းစိမ်များကို ပျက်စီးစေခြင်းသာမက ၎င်းတို့နှင့်အတူ ၎င်းတို့၏ 'ကိဗ်လာဟ်'ဖြစ်သည့် 'ဗိုင်သွလ်မုကဒ္ဒပ်စ်'သည်လည်း ရန်သူတို့၏ ဖျက်ဆီးခြင်းလက်မှ လွတ်ကင်းမည် မဟုတ်ပေ။ ကာဖိရ်ရန်သူတို့သည် 'ဗိုင်သွလ်မုကဒ္ဒပ်စ်'ဗလီဝတ်ကျောင်းတော်အတွင်း ဝင်ရောက်၍ ဝတ်ကျောင်းတော်အား အရိုအသေမဲ့ခြင်းနှင့် ချိုးဖဲ့ဖျက်ဆီးခြင်းများကို ပြုကြလိမ့်မည်။ ဤသည်မှာလည်း ဗနီအိစ်ရာအီလ်တို့အတွက် တစ်စိတ်တစ်ဒေသသော အပြစ်ဒဏ်သာ ဖြစ်ချေမည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဖြစ်ရပ်နှစ်ခုကို တင်ပြခဲ့သည်။ ပထမဖြစ်ရပ်မှာ မူစာ عليه السلام ၏ ခေတ်သမယတွင် ဖြစ်ခဲ့သည်။ ဒုတိယဖြစ်ရပ်မှာ ဟဇရသ်အီစာ عليه السلام ၏

ခေတ်သမယ၌ ဖြစ်ခဲ့သည်။ ထိုခေတ်နှစ်ခေတ်စလုံးတွင် ဗနီအိစ်ရာအီလ်တို့သည် မိမိတို့ခေတ်သမယ၌ ရှိသော အသျှင်မြတ် ချမှတ်ပေးသည့် ရှရီအသ်တရားတော်ကို ငြင်းဆိုဆန့်ကျင်လျက် ဆိုးသွမ်းမှုများ ပြုခဲ့ကြသည်။ ထို့ကြောင့် ပထမဖြစ်ရပ်တွင် ကာဖိရ်မဂျူစီ မီးကိုးကွယ်သည့် ဘုရင်တစ်ပါးကို ၎င်းတို့အပေါ်၌လည်းကောင်း၊ 'ဗိုင်သွလ်မုကဒ္ဒပ်စ်'အပေါ်၌လည်းကောင်း စေလွှတ်တော်မူခဲ့ပြီး ပျက်စီးစေခဲ့သည်။ ဒုတိယဖြစ်ရပ်မှာ ရောမဘုရင်တစ်ပါးကို ၎င်းတို့အပေါ် စေလွှတ်တော်မူခဲ့သည်။ ထိုဘုရင်သည် ၎င်းတို့အား သတ်ဖြတ်ခြင်းနှင့် 'ဗိုင်သွလ်မုကဒ္ဒပ်စ်'အား ဖြိုဖျက်၍ ကွင်းပြင်ဖြစ်စေခဲ့သည်။ ကုရ်အာန်ကျမ်းမြတ်တွင် ဤအကြောင်းနှင့် တစ်ဆက်တည်း ဖော်ပြထားသည်မှာ 'နှစ်ကြိမ်နှစ်ခါစလုံးတွင် ဗနီအိစ်ရာအီလ်တို့သည် မိမိတို့၏ မကောင်းမှု ကျူးလွန်ခြင်းများကို နောင်တရ၍ 'သောင်ဗာဟ်'ပြုခဲ့ကြသည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ နိုင်ငံနှင့် ဥစ္စာစီးပွားများ၊ သားသမီးများကို နဂိုအတိုင်း ပြုပေးတော်မူလိုက်သည်ပင် ဖြစ်သည်။

ထိုဖြစ်ရပ်နှစ်ခုကို တင်ပြပြီး နောက်ဆုံး၌ အလ္လာဟ်အသျှင်မြတ်သည် ထိုကိစ္စများတွင် မိမိ၏ အမိန့်ဥပဒေကို ထုတ်ပြန်မိန့်ကြားတော်မူလိုက်သည်။

وَاِنْ عُدْتُّمْ عُدْنَا

'အကယ်၍ အသင်တို့သည် အမိန့်ဖီဆန်ခြင်းနှင့် ဆိုးသွမ်းခြင်းများဘက်သို့ ပြန်လှည့်သွားမည်ဆိုလျှင် ငါအသျှင်မြတ်သည် ဤသို့သော 'အဇာဗ်'အပြစ်ဒဏ်မျိုးကို ပြန်လည်၍ အသင်တို့အပေါ် ကျရောက်စေတော်မူမည်'ဟု ဖြစ်သည်။

ဤအမိန့်ဥပဒေသည် 'ကေယာမသ်'နေ့ထိအတွက် မိန့်ကြားခြင်းဖြစ်သည်။ ဤအမိန့်သည် ကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယတွင်ရှိသော ဗနီအိစ်ရာအီလ်များကို ဦးတည်ရည်ညွှန်း၍ မိန့်ကြားခြင်းဖြစ်သည်။ ထိုမိန့်ကြားချက်တွင် 'အသင်တို့သည် ပထမဦးစွာ မူစာ عليه السلام ၏ ရှရီအသ်ကို ဆန့်ကျင်ငြင်းဆိုခဲ့ကြသည်။ ဒုတိယပါဈရသ်အီစာ عليه السلام ၏ ရှရီအသ်ကို ဆန့်ကျင်ငြင်းဆိုခဲ့ကြသည်။ ထို့ကြောင့် အသင်တို့သည် 'အဇာဗ်' အပြစ်ဒဏ်များကို ခံစားခဲ့ကြရသည်။ ယခု တတိယအကြိမ်သည် 'ရှရီအသေ့မိုဟမ္မဒီယဟ်' (မိုဟမ္မဒ် ﷺ ၏ ရှရီအသ်တရားတော်) ၏ ခေတ်ကာလဖြစ်သည်။ ထိုရှရီအသ်သည် 'ကေယာမသ်'နေ့တိုင် တည်ရှိနေမည့် ရှရီအသ်ဖြစ်သည်။ ထိုရှရီအသ်အားလည်း ဆန့်ကျင်မှုများ ပြုကြမည်ဆိုလျှင် ထိုယခင်ရလဒ်အတိုင်းပင် ဖြစ်ပေမည်'ဆိုသည့် အကြောင်း ညွှန်းဆိုပြသခြင်းပင် ဖြစ်ပေသည်။ သို့ရှိရာ ဤအတိုင်းပင် ဖြစ်ခဲ့လေသည်။ ၎င်းတို့သည် 'ရှရီအသေမိုဟမ္မဒ်ဒီယဟ်'နှင့် အစ္စလာမ့်အား ဆန့်ကျင်မှုများ ပြုကြလေသောအခါ မွတ်စ္စလင်မ်တို့၏ 'လက်'ဖြင့် ပြည်နှင်ဒဏ်ခံခဲ့ကြရသည်။ သေးသိမ်မှုများ ဖြစ်ကြရသည်။ နောက်ဆုံး ၎င်းတို့၏ 'ကိဗ်လာဟ်'၊ 'ဗိုင်သွလ်မုကဒ္ဒပ်စ်' သည်လည်း မွတ်စ္စလင်မ်တို့၏ လက်တွင်းသို့ ရောက်ရှိသွားခဲ့လေသည်။ သို့သော် ဤနေရာ၌ ကွဲပြားမှုရှိသည်မှာ ရှေးဘုရင်များသည် ၎င်းတို့အားလည်း သေးသိမ်စွာ ဆက်ဆံခဲ့ကြသည်။ ၎င်းတို့၏ 'ကိဗ်လာဟ်'၊ 'ဗိုင်သွလ်မုကဒ္ဒပ်စ်'ကိုလည်း ရှိသေကိုင်းရှိုင်းခြင်းမပြုဘဲ ရိုင်းစိုင်းစွာ

ဆက်ဆံခဲ့ကြသည်။ ယခု မွတ်စ္စလင်မ်များမှာမူ ‘ဗိုင်သွလ်မုကဒ္ဒပ်စ်’ ကို အောင်မြင်စွာ သိမ်းပိုက်ထားပြီး နှစ်ပေါင်းရာချီ၍ ပျက်စီးခြင်းများနှင့်အတူ လူသူမရှိဖြစ်နေခြင်းများကို အဆုံးသတ်၍ အစအဆုံး ပြုပြင် ဆောက်လုပ်ခဲ့ကြသည်။ ထိုနဗီတမန်တော်များထားရှိသည့် ‘ကိဗ်လာဟ်’ တော်၏ ဂုဏ်သိက္ခာတော်များ ကို နဂိုမူလအတိုင်း ရှိစေခဲ့ကြသည်။

ဗနီအိစ်ရာအီလ်တို့၏ သမိုင်းဖြစ်ရပ်သည် မွတ်စ္စလင်မ်များအတွက် သံဝေဂရယူဖွယ်ဖြစ်ပြီး လက်ရှိ ‘ဗိုင်သွလ် မုကဒ္ဒပ်စ်’၏ ဖြစ်ရပ်သည် အဆိုပါကလ္လာထဲမှ စံနမူနာတစ်ရပ် ဖြစ်ခဲ့ကြောင်း

ကုရ်အာန်ကျမ်းတော်မြတ်တွင် ဗနီအိစ်ရာအီလ်တို့၏ ဤဖြစ်ရပ်များ တင်ပြခြင်းနှင့် မွတ်စ္စလင်မ် တို့အား အသိပေးပြောဆိုခြင်းတို့၏ အဓိကရည်ရွယ်ချက်မှာ ‘မွတ်စ္စလင်မ်များသည်လည်း အလ္လာဟ်အသျှင် မြတ်၏ ဤအမိန့်ဥပဒေတို့၏ ဘောင်အပြင်မှမဟုတ်၊ လောကီလောကုတ္တရာတွင် ၎င်းတို့၏ ဂုဏ်သိက္ခာ၊ ဥစ္စာပစ္စည်းနှင့် စည်းစိမ်ချမ်းသာမှုတို့သည် အသျှင်မြတ်၏ အမိန့်နာခံမှုနှင့် ဆက်စပ်နေသည်။ မည်သို့ဆိုလျှင် ၎င်းတို့သည် အလ္လာဟ်နှင့် ရစူလ်၏ အမိန့်နာခံခြင်းမှ သွေဖည်၊ တိမ်းစောင်းကြမည်ဆိုလျှင် ၎င်းတို့၏ ရန်သူများနှင့် ကာဖိရ်တို့သည် ၎င်းတို့အပေါ် စိုးမိုးအုပ်ချုပ်ခြင်း အရှိအသေမဲ့စွာ ဆက်ဆံမှုပြုခံကြရပေမည်’ ဖြစ်သည်။ မျက်မှောက်ခေတ် ဆိုးရွားလှသည့် အနိဋ္ဌာရုံဖြစ်သော ‘ဗိုင်သွလ်မုကဒ္ဒပ်စ်’ အား ယဟူဒီများက သိမ်းပိုက်ခြင်းနှင့် တစ်ဖန် ၎င်းကို မီးရှို့သည့် ဖြစ်ရပ်များသည် အစ္စလာမ့်လောကအတွင်း ပူဆွေးသောက ရောက်စရာဖြစ်နေရသည်။ အမှန်စင်စစ် ဤဖြစ်ရပ်များသည် ကုရ်အာန်ကျမ်းတော်မြတ်၏ မိန့်ကြားခြင်း များကို ထောက်ခံနေခြင်းသာ ဖြစ်ပေသည်။ မွတ်စ္စလင်မ်တို့သည် အလ္လာဟ်နှင့် ရစူလ်ကို မေ့လျော့နေကြသည်။ ‘အာခိရတ်’ တမလွန်ကို အလေးမမူ လျစ်လျူရှု၍ လောကီရေး ကြီးကျယ်ခမ်းနားမှုများ၌ အာရုံများ စွဲကပ်သွားကြသည်။ ကုရ်အာန်နှင့် စွန္နသ်၏ အမိန့်ပညတ်ချက်များနှင့် သူစိမ်းဆန်သွားခဲ့ကြသည်။ ထို့ကြောင့် ကုဋေပေါင်းများစွာသော အာရပ်များအပေါ်၌ ‘သိန်း’ ဂဏန်းမျှရှိသော ယဟူဒီတို့က လွှမ်းမိုးခဲ့ကြသည်။ ထိုယဟူဒီများသည် မွတ်စ္စလင်မ်တို့၏ အသက်၊ အိုး၊ အိမ်၊ စည်းစိမ်တို့ကို များစွာ ထိပါးဖျက်ဆီးနေကြသည်။ အစ္စလာမ့်ရှရီအသ်တရားတော်၏ ရှုထောင့်မှ လောက၏ အထွတ်မြတ်ဆုံး ဝတ်ကျောင်းတော် (၃) ခုအနက် နဗီတမန်တော်အပေါင်းတို့၏ ‘ကိဗ်လာဟ်’ ဖြစ်သော ဝတ်ကျောင်းတော်ကို လုယူသိမ်းပိုက်ခဲ့ကြသည်။ လောကတွင် အသေးသိမ်ဆုံးဟု ယူဆခဲ့သည့် လူမျိုးစုတစ်စုသည် ဤသို့ လွှမ်းမိုးခဲ့ခြင်းဖြစ်သည်။ ထိုလူမျိုးစု မှာကား ယဟူဒီလူမျိုးစုပင် ဖြစ်သည်။ ထိုလူမျိုးစု သည် အရေအတွက်အားဖြင့် ကြည့်လျှင် မွတ်စ္စလင်မ်တို့နှင့် မည်သို့မျှ မယှဉ်သာပေ။ မွတ်စ္စလင်မ်တို့ စုပေါင်း၍ စစ်လက်နက်ပစ္စည်းများအားဖြင့် ကြည့်ပြန်လျှင်လည်း ယဟူဒီတို့၏ အခြေအနေမှာ မည်သည့်အဆင့်မျှ မဟုတ်ပါချေ။ ဤယဟူဒီတို့၏ အခြေအနေဖြစ်ရပ်ကို ကြည့်လျှင် ၎င်းတို့သည် မည်သို့မျှ ဂုဏ်သိက္ခာ၏ အဆင့်မရှိပါချေ။ သို့သော်လည်း မွတ်စ္စလင်မ်များအဖို့ ၎င်းတို့၏ ဆိုးသွမ်းမှုများ၏ အပြစ်ဒဏ်ကျရောက်ခြင်းဆိုသည်မှာ မလွဲကေန်ပင်ဖြစ်ကြောင်း သိရှိရပေသည်။

ဤသို့ ဖြစ်ရခြင်းများသည် ကျွန်ုပ်တို့၏ မကောင်းမှုလုပ်ရပ်များကြောင့်သာ ဖြစ်ကြောင်း ထင်ရှားပေသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ မကောင်းမှုလုပ်ရပ်များအပေါ် နောင်တအရှက်ရပြီး စစ်မှန်သည့် 'သောင်ဗာဟ်'ပြုကြရမည်။ အသျှင်မြတ်၏ အမိန့်တော်များ လိုက်နာကြရမည်။ စစ်မှန်သည့် မွတ်စ္စလင်မ်များ ဖြစ်ကြရမည်။ အခြားသူတို့၏ လမ်းစဉ်ကို အတုခိုးခြင်းနှင့် အခြားသူများအပေါ် ယုံကြည်အားကိုးတတ်သည့် အကြီးဆုံးအပြစ်ဂိုနာဟ်ကို ရှောင်ကြဉ်ကြရမည်။ ဤသို့ ပြုလုပ်လာပါက 'အင်န်ရှာအ္လလာဟ်' အလ္လာဟ်အသျှင်မြတ်ကတိတော် ပြုထားတော်မူသည့်အတိုင်း 'ဗိုင်သွလ်မုကဒ္ဒပ်စ်'နှင့် ပါလက်စတိုင်းတို့သည် တစ်ဖန်ပြန်၍ ကျွန်ုပ်တို့လက်ဝယ် ရောက်ရှိလာပေမည်။ သို့ရာတွင် ဝမ်းနည်းဖွယ်ကောင်းလှသည်မှာ မျက်မှောက်ခေတ် အာရပ်ခေါင်းဆောင်များနှင့် ထိုဒေသရှိ မွတ်စ္စလင်မ်ထုတို့သည် ယခုတိုင် စစ်မှန်သော သတိတရား မရရှိကြသေးပေ။ ၎င်းတို့သည် ယခုတိုင်လည်း အခြားသူတို့ပေါ် ယုံကြည်ကိုးစားလျက် 'ဗိုင်သွလ်မုကဒ္ဒပ်စ်' ပြန်လည်ရရှိရေး စီမံကိန်းများနှင့် ဇယားများ ဆွဲနေကြဆဲဖြစ်သည်။ ၎င်းတို့၏ ဤလုပ်ရပ်များအားဖြင့် မည်သို့မျှ ဖြစ်လာနိုင်ချေ မရှိပေ။

'ဗိုင်သွလ်မုကဒ္ဒပ်စ်'နှင် ပါလက်စတိုင်းနယ်မြေများ၊ မွတ်စ္စလင်မ်များ၏ လက်ဝယ် ပြန်လည်ရရှိနိုင်မည့် လက်နက်များမှာ အလ္လာဟ်အသျှင်မြတ်ဘက်သို့ အာရုံပြုခြင်း၊ 'အာခေရသ်'အပေါ် ယုံကြည်ခြင်း၊ ရှရီအသ်တရားတော်၏ အမိန့်ပညတ်များကို လိုက်နာခြင်း၊ မိမိတို့၏ လူမှုရေး၊ နိုင်ငံရေးများတွင် အခြားသူများအပေါ် အားကိုးအားထား ပြုခြင်းနှင့် ၎င်းတို့၏ လမ်းစဉ်ကို အတုခိုးခြင်းများမှ ရှောင်ကြဉ်ခြင်း၊ တစ်ဖန် အလ္လာဟ်အသျှင်မြတ်အပေါ် အားကိုးအားထားပြု၍ အစွလာမ့်နည်းစနစ်စစ်စစ်ဖြင့် ရှရီအသ်တရားတော်၏ 'ဂျီဟားဒ်'ပြုခြင်းတို့ပင် ဖြစ်သည်။

အံ့ဖွယ်ဖြစ်ရပ်တစ်ခု

အလ္လာဟ်အသျှင်မြတ်သည် ဤကမ္ဘာမြေပေါ်တွင် မိမိအား 'အေဗာဒသ်'ပြုသူများအတွက် နေရာနှစ်ခုကို 'ကိဗ်လာဟ်'အဖြစ် ပြုတော်မူခဲ့သည်။ တစ်နေရာသည် 'ဗိုင်သွလ်မုကဒ္ဒပ်စ်'ဖြစ်၍ အခြားတစ်နေရာမှာ 'ဗိုင်သွလ္လာဟ်'ဖြစ်သည်။ သို့ရာတွင် တန်ခိုးတော်အသျှင်မြတ်၏ ဥပဒေမှာ ထိုနေရာနှစ်ခုနှင့် စပ်လျဉ်း၍ သီးခြားစီဖြစ်သည်။ 'ဗိုင်သွလ္လာဟ်'အား ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် 'ဗိုင်သွလ္လာဟ်'အပေါ်သို့ ကာဖိရ်များ လွှမ်းမိုးမှုမရှိနိုင်ခြင်းတို့မှာ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် မိမိတာဝန်ဖြစ်သည်ဟု တာဝန်ယူထားခြင်းဖြစ်သည်။ ထိုတာဝန်ယူခြင်း၏ ရလဒ်သည် ကုရ်အာန်ကျမ်းမြတ်တွင် စူရာဟ်ဖီးလ်၌ ဖော်ပြထားသော 'ဆင်တပ်'ဖြစ်ရပ်ပင် ဖြစ်သည်။ ထိုဖြစ်ရပ်တွင် ယမန်နိုင်ငံမှ နဆွ်ရာနီဘုရင်သည် 'ဗိုင်သွလ္လာဟ်' အား ဖြိုဖျက်ရန် ချီတက်လာခဲ့သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းနှင့်အတူ ၎င်း၏ ဆင်တပ်ကို 'ဗိုင်သွလ္လာဟ်' အနီးသို့ မရောက်မီမှာပင် ငှက်များ၏ အကြောင်းခံဖြင့် ဖျက်ဆီးနှိမ်နင်းတော်မူခဲ့သည်။

သို့သော် 'ဗိုင်သွလ်မုကဒ္ဒပ်စ်'နှင့် စပ်လျဉ်း၍ ဤသတ်မှတ်ချက် ဥပဒေမရှိဘဲ ဖော်ပြပါ အာယသ်တော်များအားဖြင့် 'မွတ်စ္စလင်မ်တို့သည် လမ်းမှားခြင်းနှင့် အပြစ်ဒုစရိုက်များ ကျူးလွန်ခြင်း၌ မွေ့လျော်နေ

ကြပါလျှင် ၎င်းတို့အား အပြစ်ဒဏ်ပေးသည့်အနေဖြင့် ၎င်းတို့၏ 'ကိဗ်လာဟ်'သည်လည်း လုယူခြင်း ခံရပေမည်။ ကာဖိရ်တို့သည် ၎င်းတို့အပေါ်၌ လွှမ်းမိုးသွားပေလိမ့်မည်'ဟု သိရှိရပေသည်။

ကာဖိရ်သည်လည်း အလ္လာဟ်၏ 'ဗန္ဒာဟ်' ကျေးကျွန်ဖြစ်သော်လည်း ထိုအသျှင်မြတ် လက်ခံသည့် 'ဗန္ဒာဟ်' ကျွန်မဟုတ်ခြင်းအကြောင်း

ဖော်ပြပါဖြစ်ရပ်တွင် ကုရ်အာန်ကျမ်းတော်မြတ်မှ မိန့်ကြားသည်မှာ 'မွတ်စ္လင်မ်တို့သည် ပြဿနာများ၊ အပြစ်ဒုစရိုက်ကျူးလွန်ခြင်းတို့ ပြုလုပ်လာကြပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ်တွင် '၎င်းတို့၏ အိမ်များအတွင်း၌ပင် ဝင်ရောက်၍ ၎င်းတို့အား တိုက်ခိုက်သတ်ဖြတ်မည့် မိမိ၏ ဗန္ဒာဟ် ကျေးကျွန်များ ကျရောက်စေတော်မူမည်' ဟူ၍ ဖြစ်သည်။ ဤနေရာတွင် ကုရ်အာန်ကျမ်းတော်မြတ်သည် عِبَادًا لَّنَا ဟူသော စာလုံးဖြင့် မိန့်ကြားတော်မူထားပေသည်။ عِبَادَنَا ဟူသော စာလုံးဖြင့် မိန့်ကြားခြင်း မပြုပေ။ စင်စစ် ဤစာလုံးမှာ အတိုချုံးဖြစ်သည်။ ဤသို့ သုံးနှုန်းရခြင်း၏ အမြော်အမြင်မှာ 'ဗန္ဒာဟ်' ကျွန်တစ်ဦး၏ إضافت ဆက်သွယ်မှု၊ ပတ်သက်မှုသည် အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဆက်သွယ်မှု ဖြစ်လျှင် ထိုဗန္ဒာဟ်ကျွန်အတွက် အကြီးမားဆုံး ချီးမြှင့်ခံရမှုဖြစ်သည်။ ဥပမာအားဖြင့် ဤစူရာဟ်အစတွင် أَسْرَىٰ بِعَبْدِهِ ၏ အောက်တွင် တမန်တော်မြတ် ﷺ အဖို့ အဆုံးစွန်အထိ ချီးမြှင့်မှု၊ အတိုင်းမရှိ နီးကပ်စေမှုတို့ကို 'မိအ်ရာဂျ်'ညဥ့်တွင် ရရှိခဲ့သည့်အကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤဖြစ်ရပ်ကို တင်ပြသည့်အခါ တမန်တော်မြတ် ﷺ ၏ အမည်နာမ (သို့) ဂုဏ်ပုဒ်တစ်ခုခုဖြင့် ဖော်ပြရမည့်အစား عَبْدِهِ ဟုသာ ဆို၍ လူသား၏ အဆုံးစွန်အထိ ပြည့်စုံကုံလုံမှုနှင့် အတိုင်းမဲ့ အဆင့်အတန်း မြင့်မားခြင်းတို့မှာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား 'မိမိ၏ ဗန္ဒာဟ်ကျွန်'ဟု ခေါ်ဝေါ်လျက် ချီးမြှင့်တော်မူကြောင်း ပြသခြင်းဖြစ်သည်။ ဖော်ပြပါအာယသ်တော်၌ ဗနီအိစ်ရာအီလ်တို့၏ အပြစ်ဒဏ်အတွက် အသုံးချတော်မူခဲ့သည့် သူများမှာ ကာဖိရ်ဖြစ်သည့်အတွက် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား عِبَادَنَا ဟူသော စာလုံးကို သုံးနှုန်းရမည့်အစား ဆက်သွယ်မှုနှင့် ပတ်သက်မှုတို့ကို ချိုးဖျက်၍ عِبَادًا لَّنَا ဟု မိန့်ကြားတော်မူခြင်း ဖြစ်သည်။ ထိုမိန့်ကြားချက်တွင် ဖန်ဆင်းမှုအရဆိုလျှင် လူတိုင်းလူတိုင်းသည် အလ္လာဟ်အသျှင်မြတ်၏ 'ဗန္ဒာဟ်'ကျွန်ဖြစ်သည်။ သို့သော်လည်း အီမာန်မရှိလျှင် အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဆက်သွယ်ပတ်သက်နိုင်ပြီး လက်ခံသည့် 'ဗန္ဒာဟ်'ကျွန်မဟုတ်ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ هَٰذَا الْقُرْآنَ يَهْدِي لِلَّتِي هِيَ أَقْوَمُ وَ
يُبَشِّرُ الْمُؤْمِنِينَ الَّذِينَ يَعْمَلُونَ الصَّالِحَاتِ أَنَّ لَهُمْ أَجْرًا كَبِيرًا ﴿٩﴾

၁၇ : ၉ ။ ။ ဧကန်စင်စစ် ဤကုရ်အာန်ကျမ်းတော်မြတ်သည် ဖြောင့်မတ်ဆုံးသော တရားလမ်းစဉ်ကို ညွှန်ကြားပြသလေသည်။ ထို့ပြင် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်သည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သော မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား ၎င်းတို့အဖို့ ကြီးကျယ်လှစွာသော အကျိုးဆုလာဘ် ရှိသည်ဟူ၍ သတင်းကောင်းပေးလေသည်။

وَأَنَّ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ أَعْتَدْنَا لَهُمْ عَذَابًا أَلِيمًا ﴿١٠﴾

၁၇ : ၁၀ ။ ။ ထို့ပြင် ဧကန်စင်စစ် 'အာခိရသ်' နောင်တမလွန်ဘဝကို မယုံကြည်သော သူတို့အဖို့မှာမူ ငါအသျှင်မြတ်သည် ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို အဆင်သင့် ပြုလုပ်ထားတော်မူသည် (ကိုလည်း ဤကုရ်အာန်ကျမ်းတော်မြတ်သည် သတင်းပေးလေသည်။)

وَيَدْعُ الْإِنسَانُ بِالشَّرِّ دُعَاءَهُ بِالْخَيْرِ ۖ وَكَانَ الْإِنسَانُ عَجُولًا ﴿١١﴾

၁၇ : ၁၁ ။ ။ စင်စစ် လူသားများသည် အကောင်းနှင့် စပ်လျဉ်း၍ မိမိတို့ လျှောက်ထားပန်ကြားဘိသကဲ့သို့ပင် အဆိုးနှင့် စပ်လျဉ်း၍လည်း လျှောက်ထားပန်ကြားကြကုန်၏။ စင်စစ်မှာမူ လူသားတို့သည် (သဘာဝအလျောက်ပင်) အလွန်အလျင်လိုသူများ ဖြစ်ကြကုန်သည်။

အာယသ်တော်များ၏ ဆက်စပ်မှု

စူရာဟ်၏အစတွင် 'မိအ်ရာဂျ်'၏ 'မုအ်ဂျိဇာဟ်'အားဖြင့် ကိုယ်တော်မြတ် ﷺ ၏ ကြီးကျယ်မြတ်ထွတ်မှု ဂုဏ်သိက္ခာကို တင်ပြထားသည်။ ဤအာယသ်တော်များတွင် 'မုအ်ဂျိဇာဟ်'သည် ကုရ်အာန်ဖြင့် အတည်ဖြစ်ကြောင်း ပြဆိုထားသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဧကန်မုချ ဤကုရ်အာန်ကျမ်းမြတ်သည် လုံးဝ ဖြောင့်မတ်သည့် တရားလမ်းစဉ်ကို ညွှန်ကြားပြသလေသည်။ (အစ္စလာမ်သာသနာဖြစ်သည်။) ထို့နောက် (ထိုသာသနာကို လိုက်နာသူနှင့် မလိုက်နာသူတို့အတွက် အကျိုးအစားပေးခြင်းနှင့် အပြစ်အစားပေးခြင်းများကိုလည်း ဖော်ပြထားသည်မှာ) ကုရ်အာန်ကျမ်းတော်မြတ်သည် ကောင်းမြတ်သော အကျင့်သီလ တည်ဆောက်ကြသော အီမာန်ရှင်မွတ်စ္စလင်မ်များအဖို့ ကြီးကျယ်လှစွာသော အကျိုးဆုလာဘ်များ ရရှိမည့်အကြောင်း သတင်းကောင်းပေးလေသည်။ ထို့ပြင် တမလွန်ကို မယုံကြည်သူများအဖို့ ငါအသျှင်မြတ်သည် ပြင်းပြနာကျင်စေမည့် အပြစ်ဒဏ်များကို စီမံထား

တော်မူသည်။ ထို့နောက် (အချို့သော) လူများ (ကာဖိရ်များ) သည် အကောင်းအတွက် ဒိုအာတောင်းခံသကဲ့သို့ အဆိုး (အဓားမ်) အတွက်လည်း တောင်းခံကြသည်။ ထို့နောက် လူသားသည် (သဘာဝအလျောက်ပင်) အလွန်အလျင်လိုသူများ ဖြစ်ကြပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ကုရ်အာန်ကျမ်းတော်မြတ်မှ ဖြောင့်မတ်မှန်ကန်သည့် တရားလမ်းစဉ်ကို ညွှန်ကြားပြသခြင်းကို **اَقْوَمُ** ဟု သုံးနှုန်းထားသည်။ **اَقْوَمُ** ၏ ဖွင့်ဆိုချက်မှာ 'လိုရာပန်းတိုင်သို့ ရောက်ရှိစေခြင်းတွင် အနီးဆုံးလည်းဖြစ်ပြီး လွယ်ကူမှုလည်း ရှိ၍ စိုးရိမ်ကြောင့်ကြဖွယ်ရာများမှ ကင်းရှင်းသည့်လမ်း'ဖြစ်သည်။

[ကုရ်သုဗီးကျမ်း]

ထိုအချက်ဖြင့် သိရှိရသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် လူ့ဘဝသက်တမ်းအတွက် အမိန့်ပေးသမျှတို့သည် ထိုအရည်အချင်းဖြင့် စုဖွဲ့ထားသည့် အမိန့်များပင် ဖြစ်သည်။ စင်စစ် လူသားသည် မိမိ၏ သိနားလည်နိုင်မှုအားနည်းခြင်းကြောင့် တစ်ခါတစ်ရံ ထိုလမ်းစဉ်ကို ခက်ခဲကြမ်းတမ်းသည်ဟုလည်းကောင်း၊ စိုးရိမ်ဖွယ်ဒုက္ခများဖြင့် ပြည့်နှက်နေသည်ဟုလည်းကောင်း ယူဆကြသည်။ သို့ရာတွင် လောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသေးအဖွဲ့အရာများမှအစ သိရှိတော်မူသည်။ အတိတ်ကာလ၊ ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလတို့သည် ထိုအသျှင်မြတ်၏ ရှေ့တော်တွင် အတူတူပင်ဖြစ်သည်။ ထိုအသျှင်မြတ်သာလျှင် လူသား၏ ကောင်းကျိုးသည် မည်သည့်အလုပ်တွင်၊ မည်သည့်အခြေအနေတွင် ပို၍ ရှိကြောင်း အခြေခံဇစ်မြစ်မှ စ၍ သိတော်မူသည်။ လူသားကိုယ်တိုင်ပင် ထိုအခြေအနေအရပ်ရပ်ကို မသိရှိနိုင်ပေ။ မိမိ၏ ကောင်းခြင်း၊ ဆိုးခြင်းတို့ကိုလည်း အပြည့်အဝ မသိရှိနိုင်ပါချေ။ ဤဆက်နွယ်ပတ်သက်မှုများကြောင့် ဖော်ပြပါအာယသ်တော်များအနက် နောက်ဆုံးအာယသ်တော်တွင် 'လူသားသည် အလျင်စလို ပြုတတ်ခြင်းတွင် တစ်ခါတစ်ရံ မိမိအတွက် ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေမည့် အကြောင်းတရားများကိုပင် ဒိုအာတောင်းခံလေ့ ရှိသည်'ဟု မိန့်ဆိုထားခြင်း ဖြစ်ပေမည်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် ဤကဲ့သို့သော ဒိုအာကို လက်ခံတော်မူလိုက်ပါလျှင် ထိုသူ့အဖို့ ပျက်စီးခြင်းသာ ဖြစ်ပေတော့မည်။

သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် များသောအားဖြင့် ထိုကဲ့သို့သော ဒိုအာများကို ချက်ချင်းလက်ခံတော်မူခြင်း မပြုပေ။ လူသားအနေဖြင့် 'ကျွန်ုပ်၏ ဤဒိုအာ တောင်းခံမှုသည် မှားယွင်းသွားသည်၊ ကျွန်ုပ်အဖို့ ပြင်းထန်သော ဆုံးရှုံးနစ်နာမှု ဖြစ်သည်'ဟု မိမိကိုယ်တိုင် နားလည်သဘောပေါက်သည့်အထိ စောင့်ဆိုင်းတော်မူလေ့ ရှိသည်။ အာယသ်တော်၏ နောက်ဆုံးအပိုဒ်တွင် လူသား၏ သဘာဝအလျောက်ပင်ကိုယ်အားနည်းချက်တစ်ရပ်အဖို့ အခြေခံသဘာဝအဖြစ် တင်ပြမိန့်ကြားထားသည်မှာ 'လူသားသည် မိမိ၏ ပင်ကိုယ်သဘာဝအလျောက်ပင် အလျင်စလို ပြုတတ်သူများ ဖြစ်ကြသည်။ မစဉ်းစားမဆင်ခြင်ဘဲ အကျိုးအမြတ်နှင့် ဆုံးရှုံးမှုတို့ကို ကြည့်ရှုတတ်ကြသည်။ ရှေ့ရေးတွေးခေါ်တတ်မှု၊ ရေရှည်ကို ကြည့်တတ်

မှုတို့၌ အားနည်းတတ်ကြသည်။ ကြီးမားသည်ဖြစ်စေ၊ သေးငယ်သည်ဖြစ်စေ မစဉ်းစားမဆင်ခြင်ဘဲ သာယာငြိမ့်ညောင်းမှုကို ရရှိလိုကြသည်။ အမြဲတစေ သာယာငြိမ့်ညောင်းမှုကို ဦးစားပေးလေ့ ရှိကြသည်။ ဤတင်ပြမှုများဖြင့် ဤအာယသ်တော်မှ လူသားတို့၏ ပင်ကိုယ်သဘာဝ အားနည်းချက်တစ်ရပ်ကို တင်ပြကြောင်း သိရှိရပေသည်။

အချို့သဖ်စီးရ်အဖွင့်ပညာရှင် အေမာမ်ကြီးများက ဤအာယသ်တော်ကို သီးသန့်ဖြစ်ရပ်တစ်ခုနှင့် ဆက်နွယ်သည်ဟု သတ်မှတ်ကြသည်။ ထိုဆက်နွယ်မှုမှာ 'နဒ်ရ်ဗင်န်ဟာရိဆ်'သည် အစ္စလာမ်အား ဆန့်ကျင်တိုက်ခိုက်သည့်အနေဖြင့် တစ်ခါတွင်

اَللّٰهُمَّ اِنْ كَانَ هٰذَا هُوَ الْحَقُّ مِنْ عِنْدِ كَ فَاَمْطِرْ عَلَيْنَا حِجَارَةً مِّنَ السَّمَاءِ

اَوِ ائْتِنَا بِعَذَابٍ اَلِيْمٍ

'အို၊ အလ္လာဟ်၊ အကယ်၍ အသျှင်မြတ်၏ ထံတော်ဝယ် ဤအစ္စလာမ်သာသနာသည်ပင် မှန်ကန်သော သာသနာဖြစ်ပါလျှင် ကျွန်တော်မျိုးတို့အပေါ်တွင် မိုးကောင်းကင်မှ ကျောက်ခဲမိုးများ ရွာချစေတော်မူပါ။ ထိုသို့မဟုတ်ပါက နာကျင်မှုပြင်းပြစေမည့် 'အဇာဗ်'အပြစ်ဒဏ်တစ်ခုခုကို ပို့ချပေးတော်မူပါ'ဟု ဖြစ်သည်။

ဤအခြေအနေတွင် လူသားဟု ဆိုရာ၌ သီးသန့် ဤလူသား (သို့) ထိုလူသားနှင့် ပင်ကိုယ်သဘာဝ တူညီသော လူသားကို ဆိုလိုသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَجَعَلْنَا الَّيْلَ وَالنَّهَارَ اٰيَتَيْنِ فَمَحَوْنَآ اٰيَةَ الَّيْلِ وَجَعَلْنَآ اٰيَةَ
النَّهَارِ مُبْصِرَةً لِّتَبْتَغُوْا فَضْلًا مِّنْ رَّبِّكُمْ وَلِتَعْلَمُوْا عَدَدَ السِّنِيْنَ
وَالْحِسَابَ ۚ وَكُلَّ شَيْءٍ فَصَّلْنٰهُ تَفْصِيْلًا ﴿١٢﴾

၁၇ : ၁၂ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ညဉ့်နှင့် နေ့ကို သက်သေလက္ခဏာတော်နှစ်ရပ် (အဖြစ်) ပြုလုပ်ထားတော်မူခဲ့လေသည်။ သို့ရာတွင် ငါအသျှင်မြတ်သည် ညဉ့်၏ သက်သေလက္ခဏာကို မှောင်မိုက်စေတော်မူ၍ နေ့၏ သက်သေလက္ခဏာကိုမူ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကျေးဇူးတော်ကို ဆည်းပူးကြရန်အလို့ငှာလည်းကောင်း၊ အသင်တို့သည် နှစ်များ၏ အရေအတွက်နှင့် (အခြားကိစ္စများ) တွက်ချက်မှုကို သိရှိနိုင်ကြရန် အလို့ငှာလည်းကောင်း၊ ငါအသျှင်မြတ်သည် (စက္ခုကို) အလင်းပေးသော အရာ (အဖြစ်) ပြုလုပ်တော်မူခဲ့လေသည်။ စင်စစ် ငါအသျှင်မြတ်သည် (လိုအပ်သော) အရာခပ်သိမ်းတို့ကို အသေးစိတ် ရှင်းလင်းဖော်ပြတော်မူခဲ့ပေသည်။

وَكُلَّ إِنسَانٍ أَلْزَمْنَاهُ
طَائِرَهُ فِي عُنُقِهِ ۖ وَنُخْرِجُ لَهُ يَوْمَ الْقِيَامَةِ كِتَابًا يَلْقَاهُ مَنشُورًا ⑬

၁၇ : ၁၃ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် လူတိုင်းလူတိုင်း၏ အပြုအမူကို ၎င်း၏ လည်ကုတ်တွင် နိုင်မြဲစွာ ချည်နှောင်ထားတော်မူသည်။ ၎င်းပြင် ငါအသျှင်မြတ်သည် 'ကေယာမသ်' နေ့တွင် ၎င်းအား မှတ်တမ်းတစ်ခုကို ထုတ်ပေးတော်မူပေမည်။ ၎င်းသည် ထိုမှတ်တမ်းကို ပွင့်လျက် (ရှိသည်ကို) တွေ့ရှိရပေလိမ့်မည်။

اقْرَأْ كِتَابَكَ كَفَىٰ بِنَفْسِكَ الْيَوْمَ عَلَيْكَ حَسِيبًا ⑭

၁၇ : ၁၄ ။ ။ (ထို့နောက် ၎င်းအား) အသင်သည် မိမိ၏ မှတ်တမ်းကို ဖတ်လော့။ ယနေ့သည် အသင်ကိုယ်တိုင်ပင် မိမိကိုယ်နှင့် ဆန့်ကျင်၍ စစ်ဆေးသူအဖြစ် လုံလောက်ပေသည်။

مَّنِ اهْتَدَىٰ فَإِنَّمَا
يَهْتَدِي لِنَفْسِهِ ۖ وَمَن ضَلَّ فَإِنَّمَا يَضِلُّ عَلَيْهَا ۚ وَلَا تَزِرُ وَازِرَةٌ
وِزْرَ أُخْرَىٰ ۗ وَمَا كُنَّا مُعَذِّبِينَ حَتَّىٰ نَبْعَثَ رَسُولًا ⑮

၁၇ : ၁၅ ။ ။ အကြင်သူသည် တရားလမ်းမှန်ကို ရရှိခဲ့ပါလျှင် မိမိကိုယ်တိုင်၏ အကျိုးငှာ တရားလမ်းမှန်ကို ရရှိခဲ့သည်သာ (ဖြစ်၏။) ထိုနည်းတူစွာ အကြင်သူသည် လမ်းမှားခဲ့လျှင်လည်း မိမိကိုယ်နှင့် ဆန့်ကျင်၍ လမ်းမှားခဲ့သည်သာ (ဖြစ်၏။) အမှန်စင်စစ် မည်သူတစ်ဦးတစ်ယောက်မျှပင် သူတစ်ပါး၏ ဝန်ထုတ်ကို သယ်ပိုးလိမ့်မည် မဟုတ်ပေ။ စင်စစ် ငါအသျှင်မြတ်သည် ရစူလ်တမန်တော်တစ်ပါးပါးကို စေလွှတ်တော်မူခြင်း မပြုသမျှ ကာလပတ်လုံး အပြစ်ဒဏ်ပေးတော်မူမည်မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ငါအသျှင်မြတ်သည် ညဉ့်နှင့် နေ့ကို (မိမိ၏ တန်ခိုးတော်များ၏) သက်သေလက္ခဏာတော်များအဖြစ် ဖန်ဆင်းတော်မူခဲ့သည်။ သို့ရှိရာ ညဉ့်၏ လက္ခဏာ (ညဉ့်) ကို ငါအသျှင်မြတ်သည် အမှောင်အဖြစ် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် နေ့၏ လက္ခဏာကို အလင်းရောင်အဖြစ် ဖန်ဆင်းတော်မူခဲ့သည်။ (ထိုသို့ ဖန်ဆင်းခြင်းတွင် အရာအားလုံးကို အခက်အခဲမရှိ တွေ့မြင်နိုင်စေရန် ဖြစ်သည်။) သို့မှသာ (နေ့တွင်) မိမိတို့အသျှင်မြတ်ဘက်မှ ပေးကမ်းသည့် ရိဇ်ကို့များကို ရှာဖွေနိုင်ကြပေမည်။ ထို့နောက် (ညဉ့်နှင့် နေ့၏ အဝင်အထွက် သွားလာလည်ပတ်မှုနှင့် ၎င်းတို့နှစ်ခုတွင် အလင်းနှင့် အမှောင်ဟု ခွဲခြားထား

သည်။ ယင်းတို့နှစ်ခု၏ ကွဲလွဲသော လည်ပတ်မှုနှုန်းဖြင့်) နှစ်ကာလများအား ရေတွက်ခြင်းနှင့် (အခြားသေးငယ်သော လုပ်ငန်းဆောင်တာများတွင်) စာရင်းတွက်ချက်မှုများကိုလည်း သိရှိနိုင်ပေမည်။ (စူရာဟ်ယူနွတ်စ်၏ ပထမရူကူအ်တွင် တင်ပြခဲ့ပြီးဖြစ်သည်။) ထို့နောက် ငါအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ကောင်းစွာ အကျယ်တဝင့် ရှင်းလင်းစွာ တင်ပြထားတော်မူပေသည်။ ('လောင်ဟော့မဟ်ဖူးဇ်'တွင်မူ ကောက်နုတ်ပယ်ချခြင်းမရှိဘဲ စကြဝဠာအပေါင်း၏ ပြည့်စုံသော အသေးစိတ် ရှင်းလင်းတင်ပြချက်များ ရှိပြီး ကုရ်အာန်ကျမ်းမြတ်တွင်မူ လိုအပ်သည်ခန့်သာ ရှင်းလင်းတင်ပြထားသည်။ ထို့ကြောင့် ဤတင်ပြချက်သည် နှစ်မျိုးစလုံးနှင့် ပတ်သက်ခြင်း ဖြစ်နိုင်သည်။) ထို့နောက် ငါအသျှင်မြတ်သည် (ပြုလုပ်ကျင့်ဆောင်သူ) လူသားတိုင်း၏ ပြုမူကျင့်ဆောင်ချက် (မကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ) များကို ၎င်း၏ လည်ဂုတ်၌ ဆွဲကြိုး (သဖွယ်) ချိတ်ဆွဲထားတော်မူသည်။ (လူတိုင်းလူတိုင်း၏ ပြုမူကျင့်ဆောင်ချက်များသည် ၎င်းနှင့် အတူတကွပင် ရှိနေပေမည်ဟု ဆိုလိုခြင်းဖြစ်သည်။)

ထို့နောက် (တစ်ဖန်) 'ကေယာမသ်'နေ့တွင် ၎င်း၏ 'မှတ်တမ်းစာအုပ်'ကို ၎င်းသူ (ကြည့်ရှုရန်) အတွက် ထုတ်၍ ၎င်း၏ ရှေ့မှောက်သို့ ပေးတော်မူလိမ့်မည်။ ၎င်းမှတ်တမ်းစာအုပ်ကို ၎င်းသူသည် ရှင်းလင်းစွာ တွေ့မြင်ရလိမ့်မည်။ 'မိမိ၏ မှတ်တမ်းစာအုပ်ကို (ကိုယ်တိုင်) ဖတ်လော့။' ယနေ့ အသင်ကိုယ်တိုင်ပင် မိမိ၏ အရေအတွက်စာရင်းကို ဆန်းစစ်ရန် လုံလောက်ပေသည်။ (အသင်၏ ပြုမူဆောင်ရွက်ချက်၊ ကျင့်စဉ်လုပ်ရပ်များကို အခြားသူတစ်ဦးက ရေတွက်ပေးရန် မလိုအပ်ပေ။ မိမိကိုယ်တိုင် မိမိ၏ မှတ်တမ်းစာအုပ်ကို ဖတ်၍ အသင့်အဖို့ ဆိုးကျိုးအပြစ် မည်မျှရှိသည်။ ကောင်းကျိုးအစား မည်မျှ ရထိုက်သည်တို့ကို ရေတွက်ပါ။ ဆိုလိုသည်မှာ အကယ်စင်စစ် 'အဇာဗ်'အပြစ်ဒဏ်သည် ယခု ရှေ့မှောက်သို့ ရောက်ရှိမလာသေးပါချေ။ သို့သော် ထို 'အဇာဗ်'အပြစ်ဒဏ်သည် ပယ်ဖျက်သွားမည့် အရာကားမဟုတ်ပေ။ လူသားသည် မိမိ၏ ပြုမူဆောင်ရွက်ချက်အားလုံးကို မိမိ၏ မျက်လုံးများဖြင့် အထင်အရှားတွေ့မြင်ရမည့် အချိန်တစ်ချိန် ရောက်ရှိလာပေမည်။ ထို့နောက် 'အဇာဗ်'၏ အထောက်အထားများ ၎င်းအပေါ် ကျရောက်လာပေမည်။ ထို့နောက်) အကြင်သူသည် (လောကတွင် ဖြောင့်မတ်မှန်ကန်သော) လမ်းအပေါ် လျှောက်လှမ်းခဲ့ပါလျှင် ထိုသူသည် မိမိ၏ ကောင်းကျိုးအတွက်သာ လျှောက်လှမ်းခြင်း ဖြစ်သည်။ ထို့နောက် အကြင်သူသည် လမ်းမှားကို လျှောက်လှမ်းခဲ့ပါလျှင် ထိုသူသည် မိမိ၏ ဆိုးကျိုးအတွက်သာ လျှောက်လှမ်းခြင်းဖြစ်ပေသည်။ ထိုသူသည် ထိုအချိန်တွင် ၎င်းပြုမူခဲ့သည့် လုပ်ရပ်၏ ဆိုးကျိုးကို တွေ့မြင်ခံစားရပေမည်။ အခြားသူတစ်ဦးတစ်ယောက်အဖို့ မည်သည့်ဆုံးရှုံးနစ်နာမှုမျှ မဖြစ်ပါချေ။ အကြောင်းမှာ ငါအသျှင်မြတ်၏ ဥပဒေသတ်မှတ်ချက်မှာ လူတစ်ဦးသည် အခြားလူတစ်ဦး၏ (အပြစ်ဂိုနာဟ်) ဝန်ထုပ်ကို ထမ်းပိုးရမည်မဟုတ်။ (လူတစ်ဦးအားအပြစ်ပေးလျှင် ထိုအပြစ်အတွက် အထောက်အထားပြည့်စုံပြီးမှသာ အပြစ်ပေးလေ့ ရှိသည်။ အကြောင်းမှာ ငါအသျှင်မြတ်၏ ဥပဒေမှာ) ငါအသျှင်မြတ်သည် ရစူလ်တစ်ပါးပါးကို (မျိုးနွယ်အုပ်စုတစ်စု၏ 'ဟေဒါယာသ်' အတွက်) မစေလွှတ်သမျှ ၎င်းတို့အပေါ် (မည်သည့်အခါမျှ) အပြစ်ဒဏ်ပေးတော်မမူပေ။

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

ဖော်ပြပါအာယသ်တော်များတွင် ဦးစွာပထမ ညဥ့်နှင့်နေ့တို့၏ ကွဲလွဲမှုများကို အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသည့် တန်ခိုးတော်များ၏ သက်သေလက္ခဏာတော်များအဖြစ် သတ်မှတ်ထားသည်။ တစ်ဖန် ညဥ့်ကို အမှောင်၊ နေ့ကို အလင်းဖြစ်စေခြင်းတွင် ကြီးမားသည့် လျှို့ဝှက်ချက်ရှိသည်။ ညဥ့်အား အမှောင်ဖြစ်စေသည့် လျှို့ဝှက်ချက်ကိုမူ ဤနေရာ၌ ဖော်ပြခြင်းမရှိ။ အခြားအာယသ်တော်များတွင် ဖော်ပြထားသည်မှာ ညဥ့်၏ အမှောင်သည် အိပ်စက်ခြင်းနှင့် အနားယူခြင်းတို့အတွက် သင့်တော်ပေသည်။ တန်ခိုးတော်အသျှင်မြတ်၏ သတ်မှတ်စီမံခြင်းမှာ လူတိုင်းနှင့် သက်ရှိသတ္တဝါတိုင်းသည် ဤညဥ့်၏ အမှောင်တွင် ငိုက်မြည်းလာကြသည်။ တစ်လောကလုံးသည် ညဥ့်အခါ၌ အိပ်စက်ကြသည်။ အကယ်၍ အချို့က အိပ်စက်နေပြီး အချို့က နိုးကြားနေကြမည်ဆိုလျှင် ထိုနိုးကြားသူတို့၏ ဆူညံအော်ဟစ်မှုနှင့် အလုပ်အကိုင်များ လုပ်နေကြခြင်းတို့ကြောင့် အိပ်စက်သူတို့၏ အိပ်စက်မှုသည်လည်း အနှောက်အယှက်ပြုခံရပေမည်။

တစ်ဖန် နေ့ကို အလင်းရောင်အဖြစ် ဖန်ဆင်းထားခြင်းသည် ဤနေရာတွင် လျှို့ဝှက်ချက်နှစ်ခု ရှိသည်။ ပထမအချက်မှာ နေ့၏ အလင်းရောင်တွင် လူသားသည် မိမိ၏ ရိဇ်ကိရိက္ခာကို ရှာဖွေရသည်။ ကူလီ၊ အလုပ်သမား၊ စက်မှုလက်မှု စသည့် အလုပ်များအတွက် ဤအလင်းရောင် လိုအပ်ပေသည်။ ဒုတိယအချက်မှာ နေနှင့် ညဥ့်ပြောင်းလဲမှုအားဖြင့် နှစ်များ၊ လများ၏ အရေအတွက်ကို သိရှိနိုင်သည်။ ရက်ပေါင်း (၃၆၀) ဖြစ်လျှင် တစ်နှစ်ပြည့်ကြောင်း သိရှိနိုင်သည်။ အလားတူ အခြားသော စာရင်းအင်းများအတွက်လည်း ညဥ့်နှင့် နေ့တို့၏ ပြောင်းလဲမှုနှင့် စပ်လျဉ်းနေပေသည်။ အကယ်၍ ညဥ့်နှင့် နေ့တို့၌ ဤကွဲလွဲမှုများ မရှိပါလျှင် အလုပ်သမား၏ အလုပ်သမား၊ ဝန်ထမ်း၏ လစာ၊ လုပ်ငန်းဆောင်တာများအတွက် အချိန်ကာလ သတ်မှတ်မှုများ စသည့် လုပ်ငန်းအားလုံးတို့တွင် ခက်ခဲသွားကြပေလိမ့်မည်။

မှတ်တမ်းစာအုပ်ကို လည်ပင်း၌ ဆွဲကြိုးသဖွယ်ဖြစ်ခြင်း

လူသည် မည်သည့်နေရာ၊ မည်သည့်အခြေအနေ၌ပင် ရှိသည်ဖြစ်စေ၊ ၎င်း၏ မှတ်တမ်းစာအုပ်သည် ၎င်းနှင့်အတူ ရှိနေပေသည်။ ၎င်းပြုသမျှတို့ကို ရေးမှတ်လျက်သာ ရှိနေပေမည်။ ၎င်းသေဆုံးသွားသည့်အခါ ထိုမှတ်တမ်းစာအုပ်ကို ပိတ်လိုက်ပေမည်။ ထို့နောက် 'ကေယာမသ်'နေ့တွင် ဤမှတ်တမ်းစာအုပ်ကို ၎င်း၏ လက်တွင် ပေးအပ်ခြင်း ခံရပေမည်။ မိမိကိုယ်တိုင်ဖတ်၍ မိမိသည် ကုသိုလ်ရထိုက်သူဖြစ်သလော။ (သို့) 'အဇားဗ်'အပြစ်ဒဏ်ခံထိုက်သူ ဖြစ်သလော။ ဆိုသည်ကို မိမိကိုယ်တိုင် စိတ်၌ ဆုံးဖြတ်နိုင်ရန် ဖြစ်သည်။ ကသာဒါ ؓ သခင်ထံမှ ဆင့်ပြန်သည်မှာ 'ထိုနေ့တွင် စာမဖတ်တတ်သူများလည်း ဖတ်တတ်သွားပေလိမ့်မည်'ဟု ဖြစ်သည်။ ထိုအချက်အပေါ် အဗ္ဗဟာနီးက ဟဇရေသ်အဗူဟုမာမဟ် ؓ ၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားထားသည်မှာ 'ကေယာမသ်'နေ့တွင် အချို့လူတို့၏ မှတ်တမ်းစာအုပ်ကို ၎င်းတို့လက်သို့ ပေးအပ်သည့်အခါ ၎င်းတို့သည် ထိုမှတ်တမ်းစာအုပ်ကို ဖတ်ကြည့်ကြပေလိမ့်မည်။

ထို့နောက် ၎င်း၏ အချို့သောကောင်းမှုများကို ထိုမှတ်တမ်းစာအုပ်၌ ရေးသားထားခြင်း မရှိသည်ကို တွေ့ရသည့်အခါ 'အို၊ အသျှင်မြတ်၊ ဤမှတ်တမ်းစာအုပ်တွင် ကျွန်တော်မျိုး၏ ထိုထိုသော ကောင်းမှုများ ရေးသားထားခြင်း မရှိပါ'ဟု လျှောက်ထားပေမည်။ ထိုအခါ အသျှင်မြတ်က 'အသင်သည် လူတို့၏ အတင်းအဖျင်းပြောသည့်အတွက် ငါအသျှင်မြတ်သည် အသင်၏ ထိုကောင်းမှုများကို ပယ်ဖျက်လိုက်ခြင်း ဖြစ်သည်'ဟု အဖြေပေး မိန့်ကြားတော်မူပေမည်။ */ မဇ္ဇဟရီကျမ်း /*

ရစူလ်တမန်တော်များ စေလွှတ်ခြင်းမပြုဘဲ 'အဇာဗ်'ပေးတော်မမူခြင်းအကြောင်း

ဤအာယသ်တော်အရ အချို့ဖိကာဟ်ပညာရှင် အေမာမ်ကြီးများထံတွင် 'နဗီရစူလ်တစ်ပါးပါး၏ 'ဒအ်ဝသ်'မရောက်ရှိသည့် လူမျိုးစုသည် ကာဖိရ်ပင် ဖြစ်လင့်ကစား ၎င်းတို့အဖို့ မည်သည့် 'အဇာဗ်'အပြစ်ဒဏ်မျှ ရှိမည်မဟုတ်'ဟု ဖြစ်သည်။ အချို့အေမာမ်ကြီးများထံတွင် 'အစွလာမ့်ယုံကြည်ချက်၊ အယူဝါဒများကို ဦးနှောက်အသိဉာဏ်ဖြင့် သိနားလည်နိုင်သည်။ ဥပမာ- အလ္လာဟ်အသျှင်မြတ် တည်ရှိနေတော်မူခြင်းနှင့် ထိုအသျှင်မြတ်သည် တစ်ပါးတည်းသာ ဖြစ်တော်မူခြင်း စသော ယုံကြည်ချက်များ ဖြစ်သည်။ သို့ရှိရာ အကယ်၍ ထိုအချက်များကို ငြင်းဆိုခြင်းပြုလျှင် ၎င်းအဖို့ ကုဖွရ် သွေဖည်ငြင်းပယ်မှုအပေါ် 'အဇာဗ်'အပြစ်ဒဏ်ရှိပေမည်။ စင်စစ် ၎င်းထံသို့ နဗီ၊ ရစူလ်တစ်ပါးပါး၏ 'ဒအ်ဝသ်'ရောက်ရှိခြင်း မရှိသော်လည်း ၎င်းအဖို့ 'အဇာဗ်'ခံရမည်။ သို့ရာတွင် အခြားသော မကောင်းမှုဒုစရိုက်များနှင့် အပြစ်ဂိုနာဟ်များ ကျူးလွန်ခြင်းတို့အပေါ် အပြစ်ဒဏ်ပေးရာတွင် နဗီတမန်တော်တို့၏ 'သဗ်လီဂ်'နှင့် 'ဒအ်ဝသ်'ဖိတ်ခေါ်ခြင်း မရောက်ရှိပါက အပြစ်ဒဏ်ပေးမည်မဟုတ်'ဟု ဆိုကြသည်။ အချို့ပညာရှင်တို့က ဤနေရာတွင် 'ရစူလ်'၏ အလိုသဘောမှာ နဗီ၊ ရစူလ်အားလည်းကောင်း (သို့) လူသား၏ ဦးနှောက် အသိဉာဏ်အားလည်းကောင်း၊ ရစူလ်ပင်ဖြစ်[illegible] ဆိုကြသည်။ အကြောင်းမှာ ဦးနှောက်အသိဉာဏ်သည်လည်း အဆင့်တစ်ခုအားဖြင့် အလ္လာဟ်၏ ရစူလ်သာဖြစ်သောကြောင့်ပင် ဖြစ်သည်။

မုရှ်ရစ်က[illegible]၏ သားသမီးများအပေါ် 'အဇာဗ်'အပြစ်ဒဏ်မရှိခြင်း

أَلَّا تَزِرُ وَازِرَةٌ وِّزْرَ أُخْرَىٰ

ဤအာယသ်တော်နှင့် ပတ်သက်၍ သဖ်စီးရ်မဇ္ဇဟရီးကျမ်းတွင် ရေးသားထားသည်မှာ မုရှ်ရစ်က်တို့၏ သားသမီးများသည် အရွယ်မရောက်မီ သေဆုံးသွားပါက ၎င်းတို့အဖို့ 'အဇာဗ်'ရှိမည်မဟုတ်ပါ။ အကြောင်းမှာ မိဘတို့၏ ကုဖွရ်ပြုမှုခြင်းများသည် ၎င်းတို့အဖို့ အပြစ်မထိုက်သောကြောင့် ဖြစ်ပေမည်။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

وَإِذَا أَرَدْنَا
أَن نُّهْلِكَ قَرْيَةً أَمَرْنَا مُتْرَفِيهَا فَفَسَقُوا فِيهَا فَحَقَّ عَلَيْهَا
الْقَوْلُ فَدَمَّرْنَاهَا تَدْمِيرًا ﴿١٦﴾

၁၇ : ၁၆ ။ ။ တစ်ဖန် ငါအသျှင်မြတ်သည် ရွာတစ်ရွာကို ဖျက်ဆီးရန် ရည်စူးတော်မူသောအခါ ထိုရွာရှိ စည်းစိမ်ရှင်များကို (အီမာန်ယုံကြည်ရန်၊ အမိန့်တော်နာခံရန်) အမိန့်ပေးတော်မူ၏။ ထိုအခါ ၄င်းတို့သည် ထိုရွာတွင် ဆိုးသွမ်းကြလေတော့သည်။ သို့ဖြစ်ပေရာ ချိန်းချက်ထားသော ပြစ်ဒဏ်သည် ထိုရွာ၌ သက်ရောက် (အတည်ဖြစ်) လေသည်။ ထိုအခါ ငါအသျှင်မြတ်သည် ၄င်းရွာကို ဖျက်ဆီးတော်မူလေသည်။

وَكَمْ أَهْلَكْنَا مِنَ الْقُرُونِ مِن
بَعْدِ نُوحٍ ۗ وَكَفَىٰ بِرَبِّكَ بِذُنُوبِ عِبَادِهِ خَبِيرًا بَصِيرًا ﴿١٧﴾

၁၇ : ၁၇ ။ ။ စင်စစ် ငါအသျှင်မြတ်သည် (နဗီတမန်တော်) နူးဟ်၏ နောက်တွင် မြောက်မြားစွာသော လူမျိုးဆက်တို့ကို ဖျက်ဆီးပစ်တော်မူခဲ့လေသည်။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မိမိကျွန်များ၏ ပြစ်မှုများကို သိတော်မူသော အသျှင်၊ မြင်တော်မူသော အသျှင်မြတ်အဖြစ် လုံလောက်တော်မူပေသည်။

အာယသ်တော်များ၏ ဆက်စပ်မှု

ဤအာယသ်တော်၏အလျှင် ရှေးအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်ကို တင်ပြသည်မှာ 'လူမျိုးစုတစ်စုအပေါ် နဗီ၊ ရစူလ်များအားဖြင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ ပို့ချခြင်း၊ ရောက်ရှိခြင်းလည်း မရှိ။ ၄င်းလူမျိုးစုတို့သည် အမိန့်နာခံမှု မပြုကြဟုဆိုလျှင်လည်း ၄င်းတို့အပေါ် 'အဇားဗ်'အပြစ်ဒဏ် ချမည်မဟုတ်ပါ။ အထက်ပါအာယသ်တော်များတွင်မူ ထိုအချက်နှင့် ဆန့်ကျင်သော အချက်ကို တင်ပြထားသည်မှာ လူမျိုးစုတစ်စုအပေါ် ရစူလ်တမန်တော်နှင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ ရောက်ရှိသွားသည့်တိုင် ထိုလူမျိုးစုတို့သည် ဆိုးသွမ်းမှု၊ ဆန့်ကျင်မှုများကိုသာ ကျူးလွန်နေကြပါလျှင် ၄င်းတို့အပေါ် 'အဇားဗ်'အပြစ်ဒဏ် ချပေးတော်မူလေ့ ရှိသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ငါအသျှင်မြတ်သည် မြို့ရွာတစ်ခုခုအား (၄င်းတို့၏ ကုဖွ်ရ်နှင့် အမိန့်ဖီဆန်မှုများကြောင့် အလ္လာဟ်အသျှင်မြတ်၏ လျှို့ဝှက်ချက်များအားဖြင့် ဖျက်ဆီးရန် ထိုက်သင့်၍) ဖျက်ဆီးလိုသောအခါ (ထိုမြို့ရွာတွင် ရစူလ်များ မစေလွှတ်မီ ဖျက်ဆီးတော်မူခြင်း မပြုပေ။ ထိုမျှမက ဦးစွာ ရစူလ်တစ်ပါးအပေါ်

သိရှိခြင်းနှင့်အတူ ထို (မြို့ရွာ၏) စည်းစိမ်ယစ်မူးနေသူ (သူဌေးသူကြွယ်၊ ခေါင်းဆောင်) များအား (အထူးအားဖြင့်လည်းကောင်း၊ အခြားသော လူထုကို အများနှင့်ခြုံငုံခြင်းဖြင့်လည်းကောင်း အီမာန်နှင့် အမိန့်နာခံမှုများပြုရန်) အမိန့်ပေးတော်မူသည်။ တစ်ဖန် ၎င်းတို့သည် (ရစူလ်တမန်တော်ကို ပြောဆိုစကား လက်မခံဘဲ) ထိုမြို့ရွာ၌ ဆိုးသွမ်းမှုများ ပြုကြလေသောအခါ ၎င်းတို့ပေါ်တွင် အထောက်အထားများ ပြည့်ဝသွားပြီးဖြစ်သည်။ တစ်ဖန် ထိုမြို့ရွာကို ဖျက်ဆီးပစ်တော်မူလေ့ရှိသည်။ ထို့နောက် (ထိုဓလေ့တော် နှင့်အညီ) ငါအသျှင်မြတ်သည် များစွာသော အွမ္မသ်များကို နူးဟ် عليه السلام (ခေတ်သမယ) ၏ နောက်တွင် (၎င်းတို့၏ ကုဖွ်ရ်နှင့် အပြစ်ကျူးလွန်မှုများကြောင့်) ဖျက်ဆီးတော်မူခဲ့သည်။ ဥပမာ-အားဒ်၊ စမူဒ် စသည် တို့နှင့် နူးဟ် عليه السلام ၏ အမျိုးသားများ ရေ၌ နစ်မြုပ်၍ သေကြေပျက်စီးသွားရခြင်းအကြောင်းတို့မှာ ကျော် ကြားသော ဖြစ်ရပ်များပင် ဖြစ်သည်။ ထို့ကြောင့် مِنۢ بَعۡدِ نُوحٍ ဟုသာတင်ပြပြီး နူးဟ် عليه السلام ၏ အမျိုး သားများအကြောင်းကိုကား တင်ပြခြင်း မရှိပေ။ ထို့ပြင် စူရာဟ်၏အစတွင် ذُرِّيَّةَ مَنۡ حَمَلۡنَا مَعَ نُوحٍ ဟူသော အာယသ်တော်၌ حَمَلۡنَا ဟူသော စာလုံးသည် နူးဟ် عليه السلام ၏ ခေတ်ကာလ၌ ရေလွှမ်းမိုးခြင်းကို ညွှန်းဆိုပြသလိုက်ခြင်းဖြစ်သည်။ နူးဟ် عليه السلام ၏အမျိုးသားများ ပျက်စီးရခြင်းအကြောင်းကို သတ်မှတ် ပြီး ဤနေရာတွင် နူးဟ် عليه السلام ၏ နောက်ပိုင်းဟူ၍ တင်ပြခြင်းဖြစ်သည်။) ထို့နောက် အသင်၏ အသျှင် မြတ်သည် မိမိ၏ ဗန္ဒာဟ်ကျွန်များ၏ အပြစ်ဒုစရိုက်များကို သိရှိတော်မူသော၊ တွေ့မြင်တော်မူသော အသျှင် ဖြစ်ရာတွင် ပြည့်စုံတော်မူသော အသျှင် ဖြစ်တော်မူသည်။ မျိုးနွယ်စုများအား ပြစ်မှုများနှင့်အညီ ပြစ်ဒဏ် များ ပေးတော်မူသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

သဲသယတစ်ခုနှင့် ၎င်း၏ အဖြေ

إِذَآ أَرَدۡنَا ဟူသော အာယသ်တော်မှ စာလုံးနှင့် ၎င်း၏နောက်မှ أَمَرۡنَا တို့၏ ပေါ်လွင်ထင်ရှားမှု ဖြင့် ထိုလူများအား ဖျက်ဆီးရန်မှာ အလ္လာဟ်အသျှင်မြတ်၏ ရည်ရွယ်ချက်ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အား ဦးစွာပထမ နဗီတမန်တော်များအားဖြင့် အီမာန်သက်ဝင်ယုံကြည်ရန်နှင့် အမိန့်နာခံမှုများပြုရန် အမိန့်ပေး ခြင်းနှင့် ၎င်းတို့၏ မကောင်းမှုဒုစရိုက် ကျူးလွန်မှုများကို 'အဇာဗ်' ၏ အကြောင်းခံပြုလုပ်ခြင်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှသာ ဖြစ်သည်ဟု ဆိုသောအခါ ၎င်းတို့မှာ မတတ်သာ၊ မစွမ်းသာ ဖြစ်ကြရပေသည်။

ဤစောဒက၏ အဖြေအတွက် အဓိပ္ပာယ်နှင့် ဖွင့်ဆိုချက်အကျဉ်းချုပ်တို့တွင် ညွှန်းဆိုထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် လူသားအား အသိဉာဏ်နှင့်အတူ လုပ်ပိုင်ခွင့်၊ ရွေးချယ်ခွင့်တို့ကို ပေးထား

တော်မူသည်။ 'အဇားဗ်'အပြစ်ဒဏ်နှင့် 'စဝါးဗ်'အကျိုးကုသိုလ်တို့၏ လမ်းကို သတ်မှတ်ပေးထားတော်မူ၏။ လူတစ်ဦးသည် မိမိ၏ လုပ်ပိုင်ခွင့်နှင့် ဆုံးဖြတ်ချက်တို့ဖြင့် 'အဇားဗ်'၏ လုပ်ရပ်များပြုရန် ရည်ရွယ်လိုက်ပါလျှင် အသျှင်မြတ်၏ ဓလေ့တော်မှာ ထိုလူသည် ထို 'အဇားဗ်'အပြစ်ဒဏ်၏ အကြောင်းခံများကို အသင့် ပြုလုပ်ထားခြင်းပင်ဖြစ်သည်။ သို့ရှိရာ 'အဇားဗ်'၏ အကြောင်းခံအစစ်မှာ မိမိကိုယ်တိုင် ထို 'အဇားဗ်'၏ လုပ်ရပ်များပြုရန် ရည်ရွယ်၍ ဆုံးဖြတ်ခြင်းဖြစ်သည်။ 'အဇားဗ်'၏ အဓိကအကြောင်းအရင်းမှာ ကုဖွ်ရ်နှင့် ဒုစရိုက်အပြစ်များကို သန္နိဋ္ဌာန်ချ ဆုံးဖြတ်ခြင်းကြောင့်သာ ဖြစ်ပြီး ရည်ရွယ်ခြင်းသက်သက်ဖြင့် ထိုသို့ အပြစ်မထိုက်ပေ။ အကြောင်းမှာ ထိုသူသည် ချွင်းချက်ရှိသောသူ မဖြစ်နိုင်ပေ။

ဖော်ပြပါအာယသ်တော်၏ အခြားဖွင့်ဆိုချက်တစ်ရပ်

أَمَرْنَا စာလုံး၏ ကျော်ကြားသည့် အလိုသဘောမှာ အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည့်အတိုင်း 'ငါအသျှင်မြတ် အမိန့်ပေးတော်မူသည်'ဟု ဖြစ်သည်။ သို့သော် ဤအာယသ်တော်မှ ဤစလုံး၏ 'ကိရအသ်'တွင် ကွဲလွဲမှုများရှိသည်။ အဘူအွတ်စ်မာန်းနဟ်ဒီ၊ အဘူရိဂျာ၊ အဘွလ်အာလိယဟ်၊ မုဂျာဟိဒ်တို့ ရွေးချယ်ခဲ့သည့် 'ကိရ်အသ်'တစ်မျိုးတွင် 'မီမ်'တွင် 'သရှ်ဒီးဒ်'နှင့် أَمَّرْنَا ဟု ဖြစ်သည်။ ထိုသို့ဆိုလျှင် ၎င်း၏ အဓိပ္ပာယ်မှာ 'ငါအသျှင်မြတ်သည် မကောင်းမှုဒုစရိုက်များ၌ နစ်မွန်းနေကြသည့် ချမ်းသာကြွယ်ဝသူတို့အား အုပ်ချုပ်သူ ခေါင်းဆောင်အဖြစ် ပြုပေးတော်မူသည်။ ထို့ပြင် အမျိုးသားအားလုံးတို့အတွက် 'အဇားဗ်'၏ အကြောင်းခံဖြစ်ပေသည်'ဟု ဖြစ်သည်။

ဟဇရတ်အလီ ﷺ နှင့် ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်တို့၏ 'ကိရ်အသ်'တွင် ဤစာလုံးကို آمَرْنَا ဟု ဖတ်ကြသည်။ ၎င်း၏ သဖ်စီးရ်ဖွင့်ဆိုချက်သည် ထိုပုဂ္ဂိုလ်များထံတွင် أَكْثَرْنَا ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မျိုးနွယ်စုတစ်စုပေါ် 'အဇားဗ်'ပို့ချတော်မူမည်ဆိုပါက ထို 'အဇားဗ်' မပို့ချမီ ဤမျိုးနွယ်အုပ်စုတွင် စည်းစိမ်ယစ်မူးပြီး ချမ်းသာကြွယ်ဝသူ အများအပြား ဖြစ်ပေါ်စေသည်။ ထိုချမ်းသာကြွယ်ဝသူတို့သည် မိမိတို့၏ မကောင်းမှုများဖြင့် မျိုးနွယ်အုပ်စုတစ်စုလုံးကို 'အဇားဗ်'၌ ကျရောက်စေရန် အကြောင်းခံ ဖြစ်ပေါ်စေသည်'ဟု ဖြစ်သည်။

ထို 'ကိရ်အသ်'များအနက် ပထမ 'ကိရ်အသ်'အရ သိရှိရသည်မှာ ဤကဲ့သို့သော ချမ်းသာကြွယ်ဝသူများကို မျိုးနွယ်အုပ်စု၏ ခေါင်းဆောင်အုပ်ချုပ်သူအဖြစ် ပြုပေးလိုက်သည်။ ဒုတိယ 'ကိရ်အသ်'အားဖြင့် မျိုးနွယ်အုပ်စုတွင် ဤကဲ့သို့ စည်းစိမ်ယစ်မူးတတ်သည့် ချမ်းသာကြွယ်ဝသူ အများအပြား ဖြစ်ပေါ်စေသည်'ဟု သိရှိရသည်။

ဤ 'ကိရ်အသ်'နှစ်မျိုးအရ စည်းစိမ်ယစ်မူးတတ်သူတို့၏ အုပ်ချုပ်ရေး၊ (သို့) ဤကဲ့သို့သောသူ အများအပြားဖြစ်ပေါ်လာခြင်းတို့သည် ဝမ်းသာဖွယ်ရာမဟုတ်။ အသျှင်မြတ်၏ 'အဇားဗ်'ကျရောက်ရန်

နိမိတ်သင်္ကေတများသာ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် မျိုးနွယ်အုပ်စုတစ်စုအပေါ် အမျက်တော်ရှ၍ ၎င်းတို့အား 'အဇာဗ်'ပို့ချလိုတော်မူလျှင် ဦးစွာပထမ ထိုမျိုးနွယ်စုတွင် စည်းစိမ်ယစ်မူးတတ်သည့် အုပ်ချုပ်သူ ခေါင်းဆောင်များ (သို့) အုပ်ချုပ်သူခေါင်းဆောင်များ မဖြစ်သည့်တိုင် စည်းစိမ်ယစ်မူးတတ်သူ အများအပြားဖြစ်ပေါ်စေတော်မူသည်။ ဤပုံသဏ္ဌာန်နှစ်မျိုးစလုံး၏ ရလဒ်မှာ ဤသူတို့သည် စည်းစိမ်ရမ္မက်များတွင် နစ်မွန်းလျက် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို မိမိတို့ကိုယ်တိုင်လည်း ဖီဆန်မှုပြုကြသည်။ အခြားသူတို့ကို ထိုသို့ပြုရန် လမ်းကြောင်းများ ပြုလုပ်ပေးကြသည်။ နောက်ဆုံးတွင် အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ် ကျရောက်လာခဲ့သည်။

အုပ်စုမျိုးနွယ်အပေါ် သူဌေးသူကြွယ်တို့၏ အငွေ့အသက်များ ကျရောက်ခြင်းသည် နိယာမဖြစ်ခြင်း

အာယသ်တော်တွင် စည်းစိမ်ယစ်မူးတတ်သည့် သူဌေးသူကြွယ်များအကြောင်း တင်ပြထားခြင်းမှာ သဘာဝအလျောက် သာမန်လူတို့သည် မိမိတို့၏ သူဌေး၊ ခေါင်းဆောင် စသည်တို့၏ အကျင့်စရိုက်နှင့် လုပ်ရပ်များအပေါ် အားကျလေ့ ရှိကြသည်။ ထိုသူဌေးသူကြွယ်များနှင့် အုပ်ချုပ်သူ ခေါင်းဆောင်တို့သည် မကောင်းမှုလုပ်ရပ်များ ကျူးလွန်ကြသည့်အခါ မျိုးနွယ်စုတစ်စုလုံးသည်လည်း အဆိုပါမကောင်းမှုများကို ကျူးလွန်လာကြပေသည်။ အလ္လာဟ်အသျှင်မြတ်ဘက်မှ စည်းစိမ်ဥစ္စာပစ္စည်းများ ချီးမြှင့်ခြင်း ခံရသူများအနေနှင့် မိမိတို့၏ လုပ်ရပ်များနှင့် စာရိတ္တများကို ပြုပြင်ရန် ပို၍ သောကထားသင့်ပေသည်။ ထိုသို့မဟုတ်ဘဲ စည်းစိမ်ယစ်ယူးခြင်း၌ နစ်မွန်းနေမည်ဆိုလျှင် မိမိတို့၏လွဲမှားမှုများကြောင့် လမ်းမှားသို့ ရောက်ရှိသွားသော မျိုးနွယ်စု၏ မကောင်းသော လုပ်ရပ်များ၏ အကျိုးဆက် (ဆိုးကျိုး) သည်လည်း ၎င်းတို့အပေါ်သို့ ပြန်လည်ကျရောက်ပေမည်။

◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊

مَنْ كَانَ يُرِيدُ الْعَاجِلَةَ عَجَّلْنَا لَهُ فِيهَا مَا نَشَاءُ لِمَنْ نُرِيدُ ثُمَّ جَعَلْنَا
لَهُ جَهَنَّمَ يَصْلَاهَا مَذْمُومًا مَدْحُورًا ﴿١٨﴾

၁၇ : ၁၈ ။ ။ မည်သူမဆို ဤလောကဘဝ (၏ စည်းစိမ်) ကို ရည်စူးခဲ့ပါလျှင် ငါအသျှင်မြတ်သည် ထိုသူအား ဤ (လောက) ၌ အလိုရှိတော်မူသော အရာကို အလိုရှိတော်မူသော သူအား အဆောတလျင် ပေးတော်မူ၏။ ၎င်းနောက် ထိုသူ့အဖို့ 'ဂျဟန္နမ်'ငရဲဘုံကို (အဆင်သင့်) ပြုလုပ်၍ ထားတော်မူ၏။ ထိုသူသည် ယင်း 'ဂျဟန္နမ်'ငရဲဘုံသို့ ပြစ်တင်ကဲ့ရဲ့ နှင်ထုတ်ခြင်းခံရလျက် ဝင်ရောက်ရမည်သာ ဖြစ်၏။

وَمَنْ أَرَادَ الْآخِرَةَ وَسَعَىٰ لَهَا سَعْيَهَا وَهُوَ مُؤْمِنٌ فَأُولَٰئِكَ كَانَ سَعْيُهُم مَّشْكُورًا ⑲

၁၇ : ၁၉ ။ ။ သို့ရာတွင် မည်သူမဆို 'အာခိရတ်'တမလွန်ဘဝကို ရည်စူးခဲ့သော်၊ ၎င်းပြင် ထိုသူသည် ယင်း (တမလွန်ဘဝ) နှင့် လျော်ညီစွာ ကြိုးစားအားထုတ်မှုကိုလည်း အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့သော်၊ ထို့ပြင် ၎င်းသူသည် မုအ်မင်န်သက်ဝင် ယုံကြည်သူလည်း ဖြစ်ခဲ့သော်။ ထိုကဲ့သို့သော သူတို့၏ ကြိုးပမ်းအားထုတ်မှုသည် သဘောတူလက်ခံခြင်း ခံရမည်ဖြစ်သည်။

كُلًّا نُّمِدُّ هَٰؤُلَاءِ وَهَٰؤُلَاءِ مِنْ عَطَاءِ رَبِّكَ ۚ وَمَا كَانَ عَطَاءُ رَبِّكَ مَحْظُورًا ⑳

၁၇ : ၂၀ ။ ။ ငါအသျှင်မြတ်သည် ဤသူတို့ကိုလည်းကောင်း၊ ထိုသူတို့ကိုလည်းကောင်း အသီးသီးတို့ကို အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ (လောကီဆိုင်ရာ) ဆုလာဘ်ကျေးဇူးတော်မှ ကူညီစောင်မတော်မူလေသည်။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ (လောကီဆိုင်ရာ) ဆုလာဘ်ကျေးဇူးတော်သည် (မည်သူတစ်ဦး တစ်ယောက်၏ အပေါ်၌မျှ) ပိတ်ပင်ထားသည် မရှိချေ။

انظُرْ كَيْفَ فَضَّلْنَا بَعْضَهُمْ عَلَىٰ بَعْضٍ ۚ وَلَلْآخِرَةُ أَكْبَرُ دَرَجَاتٍ وَأَكْبَرُ تَفْضِيلًا ㉑

၁၇ : ၂၁ ။ ။ (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် ၎င်းတို့အနက် အချို့ကို အချို့ထက် မည်သို့မည်ပုံ ထွတ်မြတ်စေတော်မူခဲ့သည်ကို အသင်ရှုပါလေ။ အမှန်စင်စစ် နောင်တမလွန်ဘဝသည် အဆင့်အတန်းအားဖြင့်လည်းကောင်း၊ ထွတ်မြတ်မှုအားဖြင့်လည်းကောင်း အလွန်ကြီးကျယ်လှပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အကြင်သူသည် မိမိ၏ ကောင်းမြတ်သော ကောင်းမှုကျင့်စဉ်များကို လောကီရေး (အကျိုးအတွက်သာ) နိယသ်ထားမည်ဆိုလျှင် (ထိုသူသည် အာခိရတ်ကို မယုံကြည် ငြင်းဆိုသူပင်ဖြစ်စေ၊ (သို့) အာခိရတ်အား မေ့လျော့နေသူပင်ဖြစ်စေ) ငါအသျှင်မြတ်သည် ဤကဲ့သို့သောသူကို လောက၌ပင် လိုလားသမျှတို့ကို (ဤသည်မှာလည်း အားလုံးအတွက် မဟုတ်ပေ။) မည်သည့်အရာအတွက်ပင် လိုလားသည်ဖြစ်စေ၊ ငါအသျှင်မြတ်သည် ချက်ချင်းပင် ပေးတော်မူပေမည်။ (လောက၌ပင် အနည်းငယ်မျှသော အကျိုးအစားပေးခံရပေမည်။) တစ်ဖန် (အာခိရတ်တမလွန်တွင် မည်သည့်အရာမျှ ရရှိမည်မဟုတ်ဘဲ ထိုနေရာတွင် ငါအသျှင်မြတ်သည် ထိုသူ့အတွက် 'ဂျဟန္နမ်'ကို စီစဉ်ပေးတော်မူမည်။ ထိုသူသည် ထို 'ဂျဟန္နမ်'တွင် မောင်းထုတ်ခြင်းခံရသော အဖြစ်ဆိုးနှင့် ဝင်ရပေမည်။ ထို့နောက် အကြင်သူသည် (မိမိ၏ ပြုမူဆောင်ရွက်ချက်လုပ်ရပ်များတွင်) 'အာခိရတ်'တမလွန် (၏ စဝါးဗ်) ၏ နိယသ်ထားသည်။ ထို့နောက် ထို 'အာခိရတ်'အတွက်

ကြိုးပမ်းလုပ်ဆောင်ရမည့်တို့ကို ကြိုးပမ်းလုပ်ဆောင်ခဲ့သည်ဖြစ်ပါလျှင် (ဆိုလိုသည်မှာ ကြိုးပမ်းမှုတိုင်းသည် အကျိုးမရှိ၊ အကျိုးရှိသော ကြိုးပမ်းမှုဟူသည် ရှရီအသ်၊ စွန္နသ်တော်တို့နှင့် ကိုက်ညီသော ကြိုးပမ်းမှုပင် ဖြစ်သည်။ အကြောင်းမှာ ဤသို့သော ကြိုးပမ်းမှုကိုသာ ပြုရန် အမိန့်ပေးထားသောကြောင့် ဖြစ်သည်။ ရှရီအသ်၊ စွန္နသ်တို့နှင့် ဆန့်ကျင်သော ကြိုးပမ်းမှုသည် အလ္လာဟ်အသျှင်မြတ် လက်ခံတော်မူသည့် ကြိုးပမ်းမှုမဟုတ်ပေ။) စည်းကမ်းချက်မှာ ထိုသူသည် မုအ်မင်န်သက်ဝင် ယုံကြည်သူဖြစ်ရမည်။ သို့ရှိရာ ဤကဲ့သို့သော သူများ၏ ကြိုးပမ်းမှုသည် လက်ခံဖွယ်ရာဖြစ်ပေမည်။ အချုပ်ဆိုရသော် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် အောင်မြင်မှု ရရှိမည့် စည်းကမ်းချက် (၄) ရပ် ရှိသည်။

(၁) **'သဆွဲဟီးဟ်နီယသ်' နီယသ်ကို မှန်ကန်အောင်ပြုခြင်း**

ဆိုလိုသည်မှာ 'အာခိရသ်'၏ စဝါးဗ်အကျိုးကုသိုလ်ကိုသာ နီယသ်ထားခြင်း ဖြစ်ပြီး ထိုနီယသ်တွင် စိတ်ရိုင်း၏ တောင့်တလိုလားချက်များ မပါရှိရပေ။

(၂) **ထိုနီယသ်အတွက် အလုပ်ကို ပြုလုပ်အကောင်အထည်ဖော်ခြင်း**

အလုပ်ပြုလုပ်ခြင်းမရှိဘဲ နီယသ်ဆန္ဒပြု ရည်ရွယ်ရုံဖြင့် အလုပ်ကား မဖြစ်မြောက်ပေ။

(၃) **'သဆွဲဟီးဟ်အမလ်' လုပ်ရပ်ကို မှန်ကန်အောင် ပြုခြင်း**

မိမိ၏ ကြိုးပမ်းမှုလုပ်ရပ်သည် ရှရီအသ်နှင့် စွန္နသ်တို့နှင့် ကိုက်ညီမှု ရှိရပေမည်။ အကြောင်းမှာ ရည်ရွယ်ချက်နှင့် ဆန့်ကျင်ရာဘက်သို့ ရောက်ရှိခြင်း၊ ဆန့်ကျင်ရာ၌ ကြိုးပမ်းခြင်းတို့သည် အကျိုးဖြစ်ထွန်းမည့်အစား ရည်ရွယ်ချက်ဆန္ဒတို့မှ ပို၍ ဝေးကွာစေသောကြောင့် ဖြစ်သည်။

(၄) **'သဆွဲဟီးဟ်အကီဒဟ်' ယုံကြည်ချက်အယူဝါဒများကို မှန်ကန်အောင် ပြုခြင်း**

ဤအချက်သည် အရေးအကြီးဆုံးနှင့် အဓိကအကျဆုံးဖြစ်သည်။ ဤ 'သဆွဲဟီးဟ် အကီဒဟ်' သည် အီမာန်ဖြစ်သည်။ ထိုစည်းကမ်းချက်များမပါရှိဘဲ မည်သည့် 'အမလ်' ကျင့်ဆောင်မှုမျှ အလ္လာဟ်အသျှင်မြတ် ထံတော်၌ လက်ခံတော်မူမည်မဟုတ်ပေ။

ကာဖိရ်များအဖို့ လောက၌ စည်းစိမ်များရရှိနေခြင်းသည် ၎င်းတို့၏ 'အမလ်' ကျင့်ဆောင်ချက်များကို လက်ခံသည့် လက္ခဏာမဟုတ်ပေ။ အကြောင်းမှာ လောကီရေးစည်းစိမ်ဥစ္စာများသည် အလ္လာဟ်အသျှင်မြတ် လက်ခံတော်မူခြင်းနှင့် မသက်ဆိုင်ပါချေ။) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ချီးမြှင့်မှု (လောကီရေး) များအနက် ငါအသျှင်မြတ်သည် ထို (လက်ခံခြင်းခံရ) သူများအတွက်လည်း ကူညီစောင်မတော်မူခဲ့သည်။ ထို့နောက် ထို (လက်ခံခြင်းမခံရ) သူများအတွက်လည်း (ကူညီစောင်မတော်

မူခဲ့သည်။) ထို့နောက် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ပေးကမ်းချီးမြှင့်မှုကို (လောကီရေးချီးမြှင့်မှုကို မည်သူ့အပေါ်တွင်မဆို) ပိတ်ပင်ခြင်းမရှိပါ။ အသင် ကြည့်ရှုပါလေ။ ငါအသျှင်မြတ်သည် (ဤလောကီရေး ချီးမြှင့်မှုတွင် အီမာန်နှင့် ကုဖ်ရ်ကို စည်းကမ်းသတ်မှတ်ချက်မထားဘဲ) တစ်ဦးကို တစ်ဦး အပေါ် မည်ကဲ့သို့ ထူးမြတ်မှု ပေးထားတော်မူသည်ကို အသင်ကြည့်ရှုပါလေ။ (ကာဖိရ်အများစုတို့သည် မွတ်စ္စလင်မ်များတို့ထက် ပို၍ စည်းစိမ်ဥစ္စာပစ္စည်းများ ကြွယ်ဝချမ်းသာကြသည်။ အကြောင်းမှာ ဤအရာများသည် ဂုဏ်ယူထိုက်သော အရာများကား မဟုတ်ပါချေ။) သို့ရာတွင် တမလွန် (အသျှင်မြတ် လက်ခံတော်မူခြင်းနှင့်သာ သက်ဆိုင်ခြင်း) သည် အဆင့်အတန်းအားဖြင့် အလွန်တရာကြီးမြင့်ပြီး ထူးမြတ်မှုအားဖြင့်လည်း အလွန်တရာ ကြီးမြင့်လှပေသည်။ (ထို့ကြောင့် ထိုတမလွန်အတွက်ကိုသာ အလေးထားကြရပေမည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဖော်ပြပါအာယသ်တော်များတွင် မိမိတို့၏ ပြုမူဆောင်ရွက်မှုများတွင် လောကီရေးအတွက်သာ ရည်ရွယ်သူများနှင့် ၎င်းတို့၏ အပြစ်ဒဏ်အကြောင်း မိန့်ကြားတော်မူထားခြင်း ဖြစ်သည်။ ထိုမိန့်ကြားချက်တွင် مَنْ كَانَ يُرِيدُ الْعَاجِلَةَ ဟူသော စာလုံးများဖြင့် အသုံးပြုထားသည်။ ဤသည်မှာ ထပ်ခါထပ်ခါနှင့် အမြဲတမ်းအတွက် ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသော စာလုံးများဖြစ်သည်။ အလိုသဘောမှာ 'ဤ 'ဂျဟန္နမ်'၏ အပြစ်ဒဏ် သည် ထိုသူ၏ လုပ်ရပ်တိုင်းတွင် အချိန်တိုင်း လောကီရေးရည်ရွယ်ချက်များသည်သာ လွှမ်းမိုးအုပ်ဆိုင်း နေပြီး အာခိရသ်တမလွန်ဘက်သို့ မည်သည့်အာရုံမျှ မရှိခြင်း'ကို ဆိုလိုသည်။

တစ်ဖန် 'အာခိရသ်'အတွက် ရည်ရွယ်ခြင်းနှင့် ထိုရည်ရွယ်သူ၏ ကောင်းကျိုး၊ အစားပေးခြင်းများကို တင်ပြရာတွင် اَرَادَ الْاٰخِرَةَ ဟူသော စာလုံးကို အသုံးပြုထားသည်။ အလိုသဘောမှာ မုအ်မင်န်သည် မည်သည့်အချိန်၌ပင် ဖြစ်စေ၊ မည်သည့်ကျင့်ဆောင်မှု၌ပင် ဖြစ်စေ၊ 'အာခိရသ်'တမလွန်အတွက် ရည်ရွယ်လိုက်ပါလျှင် အခြား သော 'အမလ်'ကျင့်ဆောင်မှုတစ်ရပ်၏ နီယသ်ပျက်ပြားခြင်း တစ်စုံတစ်ရာ ပါဝင်နေပါလျှင်လည်း ၎င်း၏ ဤကျင့်ဆောင်မှုမှာ လက်ခံခြင်း ခံရပေမည်။

ပထမပုံစံသည် 'အာခိရသ်'ကို မယုံကြည်သော ကာဖိရ်ဖြစ်နိုင်သည်။ အကြောင်းမှာ ၎င်း၏ မည်သည့် 'အမလ်'ကျင့်ဆောင်ချက်မှ လက်ခံခြင်းခံရမည် မဟုတ်သောကြောင့်ပင် ဖြစ်သည်။

ဒုတိယပုံစံမှာ မုအ်မင်န်သက်ဝင်ယုံကြည်သူဖြစ်သည်။ ၎င်း၏ ကျင့်ဆောင်မှုလုပ်ရပ်သည် အာခိရသ် တမလွန်အတွက် သီးသန့်စစ်မှန်သော နီယသ်ဖြစ်ပြီး ကျန်ရှိ စည်းကမ်းသတ်မှတ်ချက်များနှင့်လည်း ကိုက်ညီပါလျှင် ထိုလုပ်ရပ်သည် လက်ခံခြင်းခံရပေမည်။ ထိုမုအ်မင်န်အတွက်လည်း စိတ်ထားဖြူစင်မှုမရှိသော 'အမလ်'လုပ်ရပ်ဖြစ်လျှင်သော်လည်းကောင်း၊ (သို့) အခြားသော စည်းကမ်းချက်များ မပါရှိလျှင်သော်လည်းကောင်း၊ ထို 'အမလ်'လုပ်ရပ်သည်လည်း လက်ခံခြင်းခံရမည်မဟုတ်ပေ။

'ဗိဒ်အသ်'တရားသစ်တီထွင်မှုနှင့် မိမိအကြိုက်ပြုလုပ်သော လုပ်ရပ်တို့သည် မည်မျှပင် ကောင်းမွန် စေကာမူ လက်ခံခြင်း ခံရမည်မဟုတ်ကြောင်း

ဤအာယသ်တော်တွင် سعى နှင့် عمل စာလုံးတို့နှင့်အတူ سَعْيَهَا စာလုံးကို ဖြည့်စွက်၍ ညွှန်ပြသည်မှာ လုပ်ရပ်တိုင်းနှင့် ကြိုးပမ်းမှုတိုင်းသည် အကျိုးဖြစ်ထွန်းသည်မဟုတ်။ အသျှင်မြတ်ထံတော်၌ လက်ခံခြင်းခံရမည်မဟုတ်။ ထိုမျှမက လုပ်ရပ်နှင့် ကြိုးပမ်းမှုတို့သည် 'အာခေရသ်'တမလွန်နှင့် ကိုက်ညီခြင်း ရှိရမည်။ ထိုသို့ ကိုက်ညီမှုရှိခြင်း၊ (သို့) မရှိခြင်းဟူသည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော် ﷺ တို့၏ တင်ပြမိန့်ကြားချက်များဖြင့်သာ သိရှိနိုင်သည်။ ထို့ကြောင့် မိမိအကြိုက်နှင့် လမ်းစဉ်သစ် တီထွင်ထားသည့် ကောင်းမှုလုပ်ရပ်များ ပြုလုပ်ကြခြင်းတို့တွင် 'ဗိဒ်အသ်'(တရားသစ်တီထွင်မှု) အစဉ်အလာများ ပါဝင်နေလေ့ရှိသည်။ ထိုလုပ်ရပ်သည် အပေါ်ယံအားဖြင့် ကြည့်၍ မည်မျှပင် ကောင်းမွန်၍ အကျိုးဖြစ်ထွန်းမည်ဟု ထင်ရပါစေ၊ 'အာခေရသ်'တမလွန်အတွက်မူ ကြိုးပမ်းခြင်းမမည်ပေ။ အကြောင်းမှာ ထိုလုပ်ရပ်များသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌လည်း လက်ခံခြင်းခံရမည်မဟုတ်။ 'အာခေရသ်' အတွက်လည်း အကျိုးဖြစ်ထွန်း အသုံးဝင်မည် မဟုတ်သောကြောင့်ပင် ဖြစ်သည်။

သဖ်စီးရ်ရူးဟွလ်မအာနီကျမ်းတွင် سَعْيَهَا ၏ ရှင်းလင်းချက်၌ سَعْىً အား စွန္နသ်နှင့်အညီ ဖြစ်ရန်ကိုလည်း ရေးသားထားသည်မှာ ဤ 'အမလ်'ကျင့်စဉ်လုပ်ရပ်တွင် စွဲမြဲမှုလည်း ရှိရမည်။ ဆိုလိုသည်မှာ အကျိုးရှိသော ကျင့်စဉ်လုပ်ရပ်သည် စွန္နသ်နှင့်လည်း ကိုက်ညီမှုရှိရမည်။ ထိုလုပ်ရပ်အပေါ် စွဲမြဲစွာ အစဉ်တစိုက် ပြုလုပ်ခြင်းလည်း ရှိရမည်။ အစဉ်တစိုက်မဟုတ်ဘဲ တစ်ခါတစ်ရံ ပြုကျင့်သည်။ တစ်ခါတစ်ရံ စွန့်လွှတ်သည်ဟူသော ပုံစံမျိုးမရှိရ။ ဤသို့ ပြုခြင်းဖြင့် ပြည့်ဝသော အကျိုးဖြစ်ထွန်းမည် မဟုတ်ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

لَا تَجْعَلْ مَعَ اللَّهِ إِلَٰهًا آخَرَ فَتَقْعُدَ مَذْمُومًا مَّخْذُولًا ﴿٢٢﴾

၁၇ : ၂၂ ။ ။ အသင်သည် အလ္လာဟ်အသျှင်မြတ်နှင့်အတူ (အခြား) မည်သည့်ကိုးကွယ်ရာကိုမျှ (တွဲဖက်ကိုးကွယ်ခြင်းကို) ပြုလုပ်လေနှင့်။ သို့ပြုခဲ့ပါလျှင် အသင်သည် ပြစ်တင်ကဲ့ရဲ့ခြင်း ခံရလျက် (အပြင် ကူညီစောင်မသူ၊ အဆွေခင်ပွန်းများ ကင်းမဲ့စွာ) စွန့်ပစ်ထားခြင်း ခံရလျက် (တစ်ကိုယ်တည်း) ထိုင်၍ နေရမည်သာဖြစ်၏။

وَقَضَىٰ رَبُّكَ أَلَّا تَعْبُدُوا إِلَّا إِيَّاهُ وَبِالْوَالِدَيْنِ إِحْسَانًا ۚ إِمَّا يَبْلُغَنَّ عِندَكَ الْكِبَرَ
أَحَدُهُمَا أَوْ كِلَاهُمَا فَلَا تَقُل لَّهُمَا أُفٍّ وَلَا تَنْهَرْهُمَا وَقُل لَّهُمَا قَوْلًا كَرِيمًا ﴿٢٣﴾

၁၇ : ၂၃ ။ ။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် (ဤသို့) အမိန့်တော်စီရင်ချက် ချမှတ်ပြဋ္ဌာန်းတော်မူခဲ့လေသည်။ အသင်တို့သည် ထိုအသျှင်မြတ်မှတစ်ပါး အခြားမည်သည့်အရာကိုမျှ ခဝပ်ကိုးကွယ်ခြင်း

အလျှဉ်း မပြုလေနှင့်။ ထို့ပြင် မိဘနှစ်ပါးတို့အား ကောင်းမွန်စွာ ဆက်ဆံပြုစု ထောက်ပံ့ကြရမည်။ အကယ်၍ ထို (မိဘ) နှစ်ပါးအနက် တစ်ဦးဦးသော်လည်းကောင်း၊ နှစ်ဦးစလုံးသော်လည်းကောင်း အသင်၏ ရှေ့မှောက်တွင် သက်ရွယ်ကြီးရင့် အိုမင်းခြင်းသို့ ရောက်ရှိသောအခါ အသင်သည် ထို (မိဘ) နှစ်ပါးအား အို' ဟူ၍ပင် မပြောဆိုလေနှင့်။ ထို့ပြင် အသင်တို့သည် ထို (မိဘ) နှစ်ပါးအား ငေါက်ငမ်းခြင်းကိုလည်း မပြုလေနှင့်။ ၎င်းပြင် အသင်သည် ထို (မိဘ) နှစ်ပါး (နှင့် စကားပြောဆိုသောအခါ ၎င်းတို့) အား ယဉ်ကျေးသိမ်မွေ့ ရည်မွန်သော စကားကိုသာ (ရိုသေစွာ) ပြောဆိုပါလေ။

وَاخْفِضْ لَهُمَا جَنَاحَ الذُّلِّ مِنَ الرَّحْمَةِ وَقُل رَّبِّ ارْحَمْهُمَا كَمَا رَبَّيَانِي صَغِيرًا ﴿٢٤﴾

၁၇ : ၂၄ ။ ။ ၎င်းပြင် အသင်တို့သည် ထိုမိဘနှစ်ပါး၏ ရှေ့မှောက်တွင် ၎င်းတို့အပေါ်၌ ကရုဏာတရား ထားရှိသောအားဖြင့် ကျိုးနွံစွာ ရှိနေပါလေ။ ထို့ပြင် အသင်သည် (ထိုမိဘနှစ်ပါးနှင့် ပတ်သက်၍ အသျှင်မြတ်ထံတော်၌) 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ထိုမိဘနှစ်ပါးသည် ကျွန်တော်မျိုးအား ငယ်စဉ်ကလေးဘဝ၌ ပြုစုပျိုးထောင်ခဲ့ကြသကဲ့သို့ပင် အသျှင်မြတ်သည် ၎င်းတို့မိဘနှစ်ပါးအပေါ်၌ ကရုဏာပြုတော်မူပါ' ဟု လျှောက်ထားပန်ကြားပါလေ။

رَّبُّكُمْ أَعْلَمُ بِمَا فِي نُفُوسِكُمْ ۚ إِن تَكُونُوا صَالِحِينَ فَإِنَّهُ كَانَ لِلْأَوَّابِينَ غَفُورًا ﴿٢٥﴾

၁၇ : ၂၅ ။ ။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင်တို့၏ စိတ်နှလုံးများ၌ ရှိသည်တို့ကို ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ အကယ်၍ အသင်တို့သည် အမိန့်တော်ကို လိုက်နာသူများ (သူတော်စင်များ) ဖြစ်ကြပါလျှင်၊ ဧကန်မလွဲ ထိုအသျှင်မြတ်သည် ဝန်ချတောင်းပန်သူတို့အား အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အာယသ်တော်များ၏ ဆက်နွယ်မှု

ရှေ့၌ လွန်ခဲ့ပြီးသော အာယသ်တော်များတွင် 'အအ်မာလ်' ကျင့်စဉ်လုပ်ရပ်များ လက်ခံခြင်းပြုခံရရန် စည်းကမ်းချက်အချို့ကို တင်ပြထားသည်။ ထိုစည်းကမ်းချက်များအနက် စည်းကမ်းချက်တစ်ရပ်မှာ အီမာန်နှင့်တကွ ဖြစ်ပြီး ရှရီအသ်နှင့် စွန္နသ်တို့နှင့် ကိုက်ညီသော လုပ်ရပ်သည်သာ လက်ခံခြင်းပြုခံရနိုင်သည်' ဟု ဖြစ်သည်။ ထိုအာယသ်တော်များတွင် အထူးညွှန်ကြားထားသည့် 'အအ်မာလ်' ကျင့်စဉ်လုပ်ရပ်များသည် ရှရီအသ်က ပြဋ္ဌာန်းထားသည့် ပညတ်ချက်များသာ ဖြစ်သည်။ ထိုပြဋ္ဌာန်းချက်အတိုင်း လိုက်နာကျင့်ဆောင်လျှင် 'အာခိရသ်' တမလွန်ကို အောင်မြင်မည်။ ဆန့်ကျင်သွေဖည်လျှင် ဆုံးရှုံးပျက်စီးရမည်။ ထိုစည်းကမ်းချက်များအနက် အဓိကအရေးပါဆုံး စည်းကမ်းချက်မှာ အီမာန်ဖြစ်သည်။ ထို့ကြောင့် ပထမဦးဆုံး တင်ပြသည့် အမိန့်သည်လည်း 'သောင်ဟီးဒ်' ပင် ဖြစ်သည်။ ထို့နောက်တွင် حقوق العباد အဖန်ဆင်းခံများနှင့် စပ်လျဉ်းသော အမိန့်ပညတ်ချက်များ ဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ပထမအမိန့် ။ ။ 'တောင်ဟီးဒ်'

لَا تَجْعَلْ مَعَ اللّٰهِ اِلٰهًا اٰخَرَ

အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြားကိုးကွယ်ရာ ရွေးချယ်ခြင်းမပြုကြလေနှင့်။ (ရှရစ်က်မပြုကြလေနှင့်။) ထိုသို့မဟုတ်ပါက အပြစ်ဆိုးစွာ ကူညီစောင်မသူမရှိဘဲ ဖြစ်ရပေလိမ့်မည်။ (ရှေ့၌ ထိုအကြောင်းအရာ၏ လေးနက်မှုကို တင်ပြထားသည်။) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က မိန့်ကြားသည်မှာ ထို (မှန်ကန်သော ကိုးကွယ်ရာ) အသျှင်မှအပ အခြားသူတစ်ဦး၏ 'အိဗာဒသ်' မပြုလေနှင့်။ (ဆိုလိုသည်မှာ 'အာခေရသ်' ၏ ကြီးပမ်းမှုအကြောင်း ခွဲခြမ်းစိတ်ဖြာပြခြင်း ဖြစ်သည်။)

ဒုတိယအမိန့် ။ ။ ادا ء حقوق والدين မိဘနှစ်ပါး၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ခြင်း

وَبِالْوَالِدَيْنِ اِحْسَانًا

ထို့နောက် အသင်သည် မိဘနှစ်ပါးကို ကောင်းစွာ ဆက်ဆံခြင်းပြုပါလေ။ အကယ်၍ (ထိုမိဘနှစ်ပါးသည်) အသင့်ထံ၌ ရှိနေပြီး ၎င်းတို့အနက် တစ်ဦးဦးသော်လည်းကောင်း၊ (သို့) နှစ်ဦးစလုံးသော်လည်းကောင်း၊ အိုမင်းမစွမ်း (အရွယ်) သို့ ရောက်ရှိသွားပါလျှင် (ထိုသို့ အိုမင်းမစွမ်းဖြစ်ခြင်းကြောင့် ပြုစုရန် လိုအပ်လာပေလိမ့်မည်။ ထိုအခါ သဘာဝအလျောက် ၎င်းတို့အား ပြုစုရခြင်းသည် လေးလံခက်ခဲပေလိမ့်မည်။ ထိုအချိန်၌လည်း ၎င်းတို့အား ရိုသေလေးစားမှုပြုပါ။) ၎င်းတို့အား မည်သည့်အခါမျှ 'အို့၊ အာ' ဟူ၍ မပြောဆိုလေနှင့်။ ၎င်းတို့အား ဟိန်းဟောက်ခြင်း မပြုလေနှင့်။ ထို့ပြင် ၎င်းတို့အား အထူးကောင်းမွန်စွာဖြင့် စကားပြောဆိုပါလေ။ ၎င်းတို့၏ ရှေ့မှောက်တွင် ရိုကျိုးမှုဖြင့် ခေါင်းငုံ့နေပါလေ။

ထို့နောက် (၎င်းတို့အတွက် အလ္လာဟ်အသျှင်မြတ်ထံတော်တွင်) 'အို့၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ကျွန်တော်မျိုးတို့အား ကလေးဘဝ အရွယ်တွင် မိဘနှစ်ပါးက ပြုစုစောင့်ရှောက်ပျိုးထောင်ခဲ့သည့်အတိုင်း ၎င်းတို့အား ကြင်နာသနားတော်မူပါ'ဟု ဒိုအာပြုပေးနေပါလေ။ (ထို့ပြင် ဤသို့ အပြင်ပိုင်းရှိသေသမှုနှင့် အမိန့်နာခံမည်ဟူသော ရည်ရွယ်ချက်ဆန္ဒများလည်း ထားရှိရမည်။ အဘယ်ကြောင့်ဆိုသော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင်တို့၏ နှလုံးသားများအတွင်းမှ စကားအကြောင်းအရာများကို ကောင်းစွာသိတော်မူသောကြောင့် ဖြစ်သည်။ (ထို့ကြောင့်ပင် အသင်တို့အတွက် ဤအမိန့်ကို လိုက်နာခြင်း လွယ်ကူစေရန် လျှော့ပေါ့သည့်အမိန့်တစ်ခုကို မိန့်ကြားထားသည်မှာ) အကယ်၍ အသင်တို့သည် (အမှန်တကယ် စိတ်နှလုံးသားမှပင်) ကောင်းမြတ်သူများဖြစ်လျှင် (တစ်စုံတစ်ရာ မှားယွင်းချွတ်ချော်သွားခြင်း (သို့) မကောင်းသော စိတ်ခါတ်ပေါ်ခြင်းတို့ကြောင့် မှားယွင်းမှုတစ်စုံတစ်ရာ ဖြစ်ပေါ်သွားပြီးမှ တစ်ဖန် မိမိ၏ လုပ်ရပ်အပေါ် အရှက်ရ၍ ဝန်ချတောင်းပန်ပါလျှင်) အလ္လာဟ်အသျှင်မြတ်သည် 'သောင်ဗာဟ်'အများဝန်ခံတောင်းပန်သူတို့၏ မှားယွင်းမှုအပြစ်ကို ခွင့်လွှတ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

မိဘနှစ်ပါးအား ရိုသေလေးစားခြင်းနှင့် အမိန့်နာခံခြင်းတို့သည် အလွန်အရေးကြီးခြင်းအကြောင်း

အေမာမ်ကုရ်သုဗီ (ရဟ) သခင်က မိန့်ဆိုသည်မှာ ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် မိဘနှစ်ပါးအား ရိုသေလေးစားစွာ ဆက်ဆံခြင်းနှင့် ၎င်းတို့အား ကောင်းမွန်စွာ ဆက်ဆံခြင်းတို့ကို မိမိ၏ 'အေဗာဒသ်'နှင့်အတူ တွဲ၍ 'ဝါဂျိဗ်'ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ အလားတူ စူရာဟ်လွက်မာန်တွင် မိမိအား ကျေးဇူးသိတတ်ခြင်းနှင့်အတူ မိဘနှစ်ပါး၏ ကျေးဇူးသိတတ်ခြင်းကို တွဲ၍ တာဝန်အဖြစ် မိန့်ကြား ထားတော်မူသည်။

اَنِ اشْكُرْلِىْ وَلِوَالِدَيْكَ

'ငါအသျှင်မြတ်အားလည်းကောင်း၊ အသင်၏ မိဘနှစ်ပါးအားလည်းကောင်း ကျေးဇူးတင်လော့' ဟူ၍ ဖြစ်သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်'ပြုခြင်း၏ နောက်တွင် မိဘနှစ်ပါး၏ အမိန့်နာခံမှုသည် အရေးကြီးဆုံး ဖြစ်သည်ကိုလည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတင်ခြင်း ပြုသကဲ့သို့ မိဘနှစ်ပါးအားလည်း ကျေးဇူးတင်ခြင်းမှာ 'ဝါဂျိဗ်'ဖြစ်သည်ကိုလည်းကောင်း သိရှိရပေသည်။ ဆွဟီးဟ်ဘိုခါရီကျမ်းမှ ဟဒီးစ်တော်တစ်ရပ်သည်လည်း ဤသည်ကို ထောက်ခံနေသည်။ ထိုဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ အား ပုဂ္ဂိုလ်တစ်ဦးက 'အလ္လာဟ်အသျှင်မြတ်ထံတော်၌ အနှစ်သက်ဆုံး ကျင့်စဉ်မှာ မည်သည့်ကျင့်စဉ်ပါနည်း'ဟု မေးလျှောက်ရာ တမန်တော်မြတ် ﷺ က 'နမာဇ်ကို မိမိ၏ 'မွတ်စ်သဟာဗ်'အချိန်၌ ဖတ်ခြင်းဖြစ်သည်'ဟု မိန့်ကြားတော်မူသည်။ တစ်ဖန် ထိုပုဂ္ဂိုလ်က 'ထိုနမာဇ်၏ နောက်တွင် မည်သည့်အရာ အမြတ်ဆုံးပါနည်း'ဟု မေးလျှောက်ပြန်သည်။ ကိုယ်တော်မြတ် ﷺ က 'မိဘ နှစ်ပါးအား ကောင်းမွန်စွာ ဆက်ဆံခြင်းဖြစ်သည်'ဟု မိန့်ကြားလေသည်။ *[ကုရ်သုဗီးကျမ်း]*

မိဘနှစ်ပါးအား အမိန့်နာခံခြင်းနှင့် ၎င်းတို့အား ပြုစုယုယခြင်း၏ ထူးမြတ်မှုများ၊ ဟဒီးစ်ဆင့်ပြန်ချက် များစွာ၌ လာရှိခြင်းအကြောင်း

(၁) မွတ်စ်နဒ်အဟ်မဒ်၊ သိရ်မေဇီ၊ အိဗ်နေမာဂျာဟ်ကျမ်းနှင့် မွတ်စ်သဒ်ရတ်ကျမ်းများတွင် ဆွဟီးဟ်စနဒ်ဖြင့် ဟဇရသ်အဗူလ်ဒရ်ဒါအ် ﵁ သခင်ထံမှ ဆင့်ပြန်ချက် လာရှိသည်မှာ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ ဖခင်သည် 'ဂျန္နသ်'သုခဘုံ၏ အလယ်တံခါးမကြီးပင် ဖြစ်သည်။ ၎င်းအား ထိန်းသိမ်း စောင့်ရှောက်လိုက ထိန်းသိမ်းစောင့်ရှောက်နိုင်သည်။ (သို့) ၎င်းအား ဖျက်ဆီးလိုက ဖျက်ဆီးနိုင်သည်။ အသင်၏ လုပ်ပိုင်ခွင့်အရေး ဖြစ်သည်။ *[မဇ္ဟရီးကျမ်း]*

(၂) ဂျာမိအ်သိရ်မေဇီနှင့် မွတ်စ်သရတ်က်ဟာကင်မ်ကျမ်းတို့တွင် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် အုမရ် ﵁ သခင်၏ ဆင့်ပြန်ချက်လာရှိသည်။ ဟာကင်မ်သည် ထိုဆင့်ပြန်ချက်ကို ဆွဟီးဟ်ဖြစ်သည်ဟု

ဆိုသည်။ ထိုဆင့်ပြန်ချက်မှာ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ သဘောတူနှစ်မြို့မှုသည် ဖခင်၏ သဘောတူနှစ်မြို့မှုတွင် ရှိသည်။ အလ္လာဟ်အသျှင်မြတ်၏ မနှစ်မြို့မှုသည် ဖခင်၏ မနှစ်မြို့မှုတွင် ရှိသည်။

(၃) အိဗ်နေမာဂျာဟ်က ဟဇရသ်အဘူအုမာမဟ် ؓ သခင်၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်သည်မှာ လူတစ်ဦးသည် တမန်တော်မြတ် ﷺ အား 'သားသမီးများအပေါ် မည်သည့်တာဝန် ဝတ္တရားများ ရှိပါသနည်း' ဟု လျှောက်ထားမေးမြန်းရာ တမန်တော်မြတ် ﷺ က ထိုမိဘနှစ်ပါးသည်ပင် အသင်၏ 'ဂျန္နသ်' (သို့) 'ဂျဟန္နမ်'ဖြစ်သည်'ဟု မိန့်ကြားတော်မူသည်။ ဆိုလိုသည်မှာ ၎င်းတို့အား အမိန့်နာခံမှုပြုခြင်းနှင့် ပြုစုယုယခြင်းသည် 'ဂျန္နသ်'သို့ ရောက်ရှိစေပြီး ၎င်းတို့အား အရိုအသေမဲ့ ရိုင်းစိုင်းမှုပြုခြင်းနှင့် ၎င်းတို့၏ မနှစ်မြို့မှုတို့သည် 'ဂျဟန္နမ်'အပယ်ငရဲသို့ ရောက်ရှိစေသည်။

(၄) ဗိုင်ဟကီသည် ရှုအဗွလ်အီမာန်ကျမ်းတွင်လည်းကောင်း၊ အိဗ်နေအဆာကိရ်သည်လည်းကောင်း၊ ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်၏ ဆင့်ပြန်ချက်အား ဆင့်ပြန်ခဲ့ကြသည်။ ထိုဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'အကြင်သူသည် အလ္လာဟ်အသျှင်မြတ်အတွက် မိဘနှစ်ပါး၏ အမိန့်နာခံမှုပြုပါလျှင် ထိုသူ့အတွက် 'ဂျန္နသ်'၏ တံခါးပေါက်နှစ်ပေါက် ပွင့်လျက်ရှိနေပေလိမ့်မည်။ မိဘနှစ်ပါး၏ အမိန့်ဖီဆန်မှုပြုသူအတွက် 'ဂျဟန္နမ်'၏ တံခါးနှစ်ပေါက် ပွင့်လျက် ရှိနေလိမ့်မည်။ အကယ်၍ မိဘနှစ်ပါးအနက် တစ်ဦးဦးသာ ရှိမည်ဆိုလျှင် 'ဂျန္နသ်'ဖြစ်စေ၊ 'ဂျဟန္နမ်'ဖြစ်စေ၊ တံခါးပေါက်တစ်ပေါက်သာ ပွင့်စေလျက်ရှိလိမ့်မည်။ ထိုအချက်အပေါ် လူတစ်ဦးက မိဘနှစ်ပါးက ထိုသူ့အပေါ် မတရားပြုသည့် အခြေအနေတွင်လည်း ဤ ('ဂျဟန္နမ်'၏ ဤ 'ဝအီးဒ်'သတိပေး ခြိမ်းခြောက်ခြင်း) အတိုင်း ဖြစ်ပါမည်လော'ဟု မေးလျှောက်ရာ တမန်တော်မြတ် ﷺ က

وان ظلما وان ظلما وان ظلما

'မိဘနှစ်ပါးကပင် ၎င်းအား မတရားပြုသည်ဖြစ်ပါစေ မိဘနှစ်ပါး၏ အမိန့်ဖီဆန်ခြင်းနှင့် ၎င်းတို့အား ဒုက္ခရောက်စေခြင်းတို့အပေါ်၌လည်း 'ဂျဟန္နမ်'၏ 'ဝအီးဒ်' (သတိပေးနှိုးဆော်ချက်) ရှိသည်'ဟုမိန့်ကြားတော်မူသည်။ ဤဟဒီးစ်တော်အရ သိရှိရသည်မှာ သားသမီးများအဖို့ မိဘနှစ်ပါးက မိမိတို့အား မတရားပြုခဲ့သည်ပ ြ်လင့်ကစား ထိုမိဘများ၏ မတရားပြုမှုကို လက်စားချေခွင့် မရှိပေ။ ၎င်းတို့အား ပြုစုယုယခြင်းများကို ရပ်သိမ်းခြင်း၊ စွန့်လွှတ်ခြင်းလည်း မပြုရကြောင်း သိရှိရပေသည်။

(၅) ဗိုင်ဟကီ (ရဟ) သခင်က ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်သည်မှာ တမန်တော်မြတ် ﷺ က 'မိဘအား ပြုစုယုယမှုပြုသည့် သားသည် မိမိ၏ မိဘနှစ်ပါးကို ကရုဏာ၏ အကြည့်ဖြင့် ကြည့်ခဲ့လျှင် ကြည့်ခဲ့သည့် အကြိမ်တိုင်းအတွက် အသျှင်မြတ် လက်ခံပြီးဖြစ်သည့် 'ဟဂျ်' တစ်ကြိမ်၏ 'စဝါးဗ်'ကို ရရှိပေမည်'ဟု မိန့်ကြားတော်မူသည်။ ထိုအခါ လူတို့က 'အကယ်၍ ထိုသူသည် တစ်နေ့တွင် အကြိမ် (၁၀၀) ကြည့်ရှုသည်ဆိုလျှင် မည်သို့ပါနည်း'ဟု မေးလျှောက်ကြရာ တမန်တော်

မြတ် ﷺ က 'မှန်ပါသည်။ အကြိမ် (၁၀၀) ကြည့်လျှင် အကြည့်တိုင်းအတွက် ဤအတိုင်းပင် 'စဝါးဗ်' ရရှိသွားပါလိမ့်မည်။' အလ္လာဟ်အသျှင်မြတ်သည် ကြီးမားတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသည်။ ထိုအသျှင်မြတ်၏ ဘဏ္ဍာတော်တွင် မည်သည့်လျော့နည်းမှုမျှ မဖြစ်ပါ' ဟု မိန့်ကြားတော်မူသည်။

မိဘနှစ်ပါး၏ တာဝန်ဝတ္တရားများ ပျက်ကွက်ခြင်းအပေါ် အပြစ်ဒဏ်သည် 'အာခိရသ်'တမလွန် မရောက်မီ လောက၌လည်း ရရှိမည်ဖြစ်ခြင်း

(၆) ဗိုင်ဟကီ (ရဟ) သခင်က ရှုအဗ္ဗလ်အီမာန်ကျမ်းတွင် အဘီဗကရဟ်၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ထားသည်။ ထိုဆင့်ပြန်ချက်၌ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'ဂိုနာဟ်ပြစ်မှုအားလုံး၏ အပြစ်ဒဏ်ကို အလ္လာဟ်အသျှင်မြတ်သည် 'ကေယာမသ်'နေ့ထိတိုင် စောင့်ဆိုင်းပေးလိုက စောင့်ဆိုင်းပေးတော်မူသည်။ သို့သော် မိဘနှစ်ပါး၏ တာဝန်ဝတ္တရားများ ပျက်ကွက်ခြင်းနှင့် အမိန့်ဖီဆန်ခြင်းတို့အတွက်ကိုမူ 'အာခိရသ်' တမလွန်၌ အပြစ်မပေးမီ ဒွန်ယာလောက၌လည်း အပြစ်ပေးတော်မူသည်။ ဤဆင့်ပြန်ချက်အားလုံးသည် သဖ်စီးရ်မဇ္ဇဟရီကျမ်းမှ ဆင့်ပြန်တင်ပြခြင်း ဖြစ်သည်။

မိဘနှစ်ပါး၏ အမိန့်နာခံမှုသည် မည်သည့်အရာများတွင် 'ဝါဂျိဗ်'ဖြစ်၍ မည်သည့်နေရာတွင် ဆန့်ကျင်ခြင်း ပြုနိုင်ပါသနည်း။

ဤအချက်အပေါ် အိုလာမာသာသနာ့ပညာရှင်များနှင့် ဖုကဟာဖိကာဟ်ဓမ္မသတ်ပညာရှင်များ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ကြသည်မှာ မိဘနှစ်ပါး၏ အမိန့်နာခံမှုသည် ပြုပိုင်သော အလုပ်များတွင် 'ဝါဂျိဗ်'ဖြစ်၍ မပြုပိုင်သော (သို့) 'ဂိုနာဟ်'အပြစ်ထိုက်သော လုပ်ရပ်များတွင် ၎င်းတို့၏ အမိန့်နာခံခြင်းသည် 'ဝါဂျိဗ်'မဖြစ်သည့်အပြင် ပိုင်ပင် မပိုင်ပါချေ။ ဟဒီးစ်တော်တွင်

لَاطَاعَةَ لِمَخْلُوْقٍ فِىْ مَعْصِيَّةِ الْخَالِقِ

'ဖန်ဆင်းရှင်၏ အမိန့်ကို ဖီဆန်ရန်အတွက် မည်သည့်အဖန်ဆင်းခံ၏ အမိန့်ကိုမျှ နာခံခြင်းမပိုင်ပေ' ဟု ဖြစ်သည်။

မိဘနှစ်ပါးအား ပြုစုယုယခြင်းနှင့် ၎င်းတို့အား ကောင်းမွန်စွာ ဆက်ဆံမှုပြုရာတွင် ထိုမိဘနှစ်ပါးသည် မွတ်စ္စလင်မ်ဖြစ်ရန် အရေးမကြီးခြင်း

အေမာမ်ကုရ်သုဗီ (ရဟ) သခင်သည် ဤဓမ္မသတ်၏ အကိုးအကားအဖြစ် ဟဇရသ်အဝ်စ်မာ (ရ) သခင်မ၏ ဖြစ်ရပ်ကို ဆွဟီးဟ်ဘိုခါရီကျမ်းမှ ဆင့်ပြန်ခဲ့သည်။ ယင်းဖြစ်ရပ်တွင် ဟဇရသ်အဝ်စမာ (ရ)

သခင်မသည် တမန်တော်မြတ် ﷺ အား ဖသ်ဝါမေးမြန်းခဲ့သည်။ ထိုမေးမြန်းချက်မှာ 'ကျွန်မ၏ မိခင်သည် မုရှိရစ်က်ဖြစ်ခဲ့ပါသည်။ ကျွန်မနှင့် တွေ့ဆုံရန် လာသည့်အခါ သူမအား ငွေ့ခံပြုစုခြင်း ပိုင်ပါသလား' ဟု မေးမြန်းရာ ကိုယ်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ-

صلي امك

'မိမိ၏ မိခင်အား အဆက်အသွယ်ပြုခြင်းနှင့် သူမအား ငွေ့ခံပြုစုခြင်းများ ပြုလုပ်ပါ' ဟု ဖြစ်သည်။ ကာဖိရ်မိဘများနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ကြားထားတော်မူသည်မှာ-

وَصَاحِبْهُمَا فِي الدُّنْيَا مَعْرُوفًا

'မိဘနှစ်ပါးမှာ ကာဖိရ်ဖြစ်နေပြီး ၎င်းအားလည်း ကာဖိရ်ဖြစ်ရန် အမိန့်ပေးပါလျှင် မိဘနှစ်ပါး၏ ဤအမိန့်ကို နာခံခြင်းမပိုင်ပေ။ သို့သော် လောကတွင် ၎င်းတို့အား အကောင်းဆုံးသော နည်းလမ်းများဖြင့် ဆက်ဆံနေရမည်။ အကောင်းဆုံးသော နည်းလမ်းဆိုသည်မှာ ၎င်းတို့အား ပြုစုစောင့်ရှောက်ခြင်းကိုသာ ဆိုလိုကြောင်း ထင်ရှားသည်။

မှတ်ချက် ။ ။ 'ဂျီဟားဒ်' သည် 'ဖွရ်ဓ်အိုင်းန်' မဖြစ်သေးဘဲ 'ဖွရ်ဓ်ကိဖာယဟ်' အဆင့်၌ ရှိနေသမျှ သားတစ်ဦးအဖို့ ၎င်း၏ မိဘတို့၏ ခွင့်ပြုမိန့်မရှိဘဲ 'ဂျီဟားဒ်' ၌ ပါဝင်ခြင်းမပိုင်ပေ။ ဆွဟီးဟ်ဘိုခါရီကျမ်းတွင် ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ﷺ မှ ဆင့်ပြန့်ခဲ့သည်။ 'လူတစ်ဦးသည် တမန်တော်မြတ် ﷺ ၏ အပါးတော်တွင် 'ဂျီဟားဒ်' ပါဝင်ခွင့်ရရန် အစေားရောက်ရှိလျက်ရှိသည်။ ကိုယ်တော်မြတ် ﷺ က ၎င်းအား 'အသင်၏ မိဘနှစ်ပါးအသက်ရှင်လျက် ရှိနေပါသလော' ဟု မေးတော်မူသည်။ ထိုအခါ ထိုလူက 'ဟုတ်ပါသည်။ အသက်ရှင်လျက် ရှိနေပါသည်' ဟု လျှောက်ထားဖြေကြားလေသည်။ ကိုယ်တော်မြတ် ﷺ က

ففيهما فجاهد

'ဤသို့ဆိုလျှင် အသင်သည် မိဘနှစ်ပါးအား ပြုစုရင်းဖြင့် 'ဂျီဟားဒ်' ပြုပါ' ဟု မိန့်ကြားတော်မူလေသည်။

ဆိုလိုသည်မှာ 'မိဘနှစ်ပါး၏ ပြုစုခြင်း၌ပင် အသင့်အဖို့ 'ဂျီဟားဒ်' ၏ 'စဝါးဗ်' ရရှိပေမည်' ဟု ဖြစ်သည်။

အခြားဆင့်ပြန့်ချက်တစ်ခုတွင် အထက်ပါအကြောင်းအရာ၌ အပို ပါရှိသေးသည်မှာ ထိုပုဂ္ဂိုလ်က 'ကျွန်တော်မျိုးသည် မိမိ၏ မိဘနှစ်ပါး ငိုယိုနေကြသည်ကို လွှတ်၍ လာခဲ့ပါသည်' ဟု လျှောက်ထားရာ ကိုယ်တော်မြတ် ﷺ က '၎င်းတို့အား ငိုယိုစေသကဲ့သို့ ယခု သွား၍ ရယ်မောစေပါ' ဟု မိန့်ကြားတော်မူသည်။ ဆိုလိုသည်မှာ 'အသင် ယခု သွား၍ ၎င်းတို့အား 'ကျွန်ုပ်သည် မိဘနှစ်ပါး၏ ဆန္ဒနှင့် ဆန့်ကျင်၍ 'ဂျီဟားဒ်' သို့ သွားမည်မဟုတ်ပါ' ဟု ပြောလော့' ဟု ဖြစ်သည်။ *[ကုရ်သုဗီးကျမ်း]*

ဓမ္မသတ် ။ ။ အရာတစ်ခုသည် 'ဖွရ်စ်အိုင်းန်' (သို့) 'ဝါဂျိဗ်အလလ်အိုင်းန်' မဖြစ်သေးဘဲ 'ကိဖာယာဟ်' အဆင့်၌သာ ရှိနေသေးလျှင် သားသမီးများအဖို့ ထိုအလုပ်ကို မိဘနှစ်ပါး၏ ခွင့်ပြုချက်မရရှိဘဲ မပြုပိုင်ကြောင်း သိရှိရပေသည်။ ထိုအခိုန်တွင် သာသနာ့ပညာ အပြည့်အဝ သင်ယူခြင်းနှင့် 'သဗ်လီးဂ်' ပြုလုပ်ခြင်းများအတွက် ခရီးထွက်ခြင်းတို့သည်လည်း ပါဝင်ပေသည်။ 'ဖွရ်စ်' ဖြစ်သည့် အတိုင်းအတာခန့် သာသနာ့ပညာ ရှာဖွေပြီးသူအဖို့ အာလင်မ်ဖြစ်ရန် ခရီးထွက်နေခြင်း (သို့) လူတို့အား 'ဒအ်ဝသေ့သဗ်လီးဂ်' ပြုလုပ်ရန် ခရီးထွက်ခြင်းတို့သည် မိဘနှစ်ပါး၏ ခွင့်ပြုချက်မရရှိဘဲ မပိုင်ကြောင်း သိရှိရပေသည်။

ဓမ္မသတ် ။ ။ မိဘနှစ်ပါးနှင့် ကောင်းမွန်စွာ ဆက်ဆံရန် ကုရ်အာန်နှင့် ဟဒီးစ်တော်များ၌ မိန့်ကြားထားတော်မူသည်။ ထိုမိန့်ကြားချက်တွင် မိဘတို့၏ ဆွေမျိုးရင်းချာများ (သို့) မိတ်ဆွေများအားလည်း ကောင်းမွန်စွာ ဆက်ဆံရန်လည်း ပါဝင်ပေသည်။ အထူးသဖြင့် မိဘနှစ်ပါး သေဆုံးပြီးနောက်တွင် ဖြစ်သည်။

ဆွဟီးဟ်ဘုခါရီကျမ်းတွင် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ﷺ သခင်၏ ဆင့်ပြန်ချက်ကို ဖော်ပြထားသည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'ဖခင်နှင့် အကောင်းဆုံး ဆက်ဆံခြင်းဆိုသည်မှာ ဖခင်သေဆုံးသွားသည့်အခါ ၎င်း၏ မိတ်ဆွေများကို ကောင်းမွန်စွာ ဆက်ဆံခြင်းဖြစ်သည်။'

ဟဇရသ်အဘူအုစိုင်ယဒ်ဗဒ်ရီ ﷺ က ဆင့်ပြန်ခဲ့သည်မှာ 'ကျွန်ုပ်သည် တမန်တော်မြတ် ﷺ နှင့်အတူ ထိုင်လျက် ရှိနေခဲ့သည်။ ထိုစဉ် အန်ဆွာရီတစ်ဦး ရောက်ရှိလာပြီး 'ယာရစူလွလ္လာဟ် ﷺ ၊ မိဘနှစ်ပါး ကွယ်လွန်ပြီးနောက်တွင်လည်း ၎င်းတို့နှင့် စပ်လျဉ်းသည့် တာဝန်ဝတ္တရားများသည် ကျွန်တော်မျိုးအပေါ်၌ ရှိနေပါဦးမည်လော' ဟု မေးလျှောက်ရာ ကိုယ်တော်မြတ် ﷺ က 'ရှိပါသည်။ ၎င်းတို့အတွက် ဒိုအာနှင့် 'အိစ်သိဂ်ဖာရ်' များ ပြုပေးရပါမည်။ ထို့ပြင် ၎င်းတို့က အခြားသူတစ်ဦးဦးနှင့် ကတိကဝတ်ပြုထားခဲ့သည်များကို ထမ်းဆောင်ပေးရမည်။ ၎င်းတို့၏ မိတ်ဆွေများအား ရိုသေလေးစားစွာ ဆက်ဆံရမည်။ ထိုမိဘနှစ်ပါးဖြင့်သာ ဆက်နွယ်တော်စပ်ခဲ့ရသည့် ဆွေမျိုးရင်းချာများအား ဆက်သွယ်မှုများ ပြုလျက် ကောင်းစွာ ဆက်ဆံရမည်။ မိဘနှစ်ပါး၏ ဝတ္တရားများသည် ၎င်းတို့ ကွယ်လွန်ပြီးနောက်၌လည်း အသင်တို့အပေါ် တာဝန်ရှိပေသည်။

ကိုယ်တော်မြတ် ﷺ သည် ဟဇရသ်ခဒီဂျာဟ် ﷺ သခင်မကြီး ကွယ်လွန်ပြီးနောက်တွင် သူမ၏ မိတ်ဆွေအပေါင်းအသင်းများထံ လက်ဆောင်ပစ္စည်းများ ပေးပို့လေ့ရှိသည်မှာ ကိုယ်တော်မြတ် ﷺ ၏ ဓလေ့တော်ဖြစ်သည်။ ဤသို့ ပြုခြင်းဖြင့် ခဒီဂျာဟ် ﷺ သခင်မနှင့် စပ်လျဉ်းသည့် ဝတ္တရားများကို ထမ်းဆောင်လိုက်ခြင်း ဖြစ်သည်။

မိဘနှစ်ပါးအား ရိုသေလေးမြတ်စွာ ဆက်ဆံရခြင်းသည် အထူးအားဖြင့် အိုမင်းမစွမ်းသည့်အခါ၌ ဖြစ်ခြင်း

မိဘနှစ်ပါးအား အခိန့်နာခံမှုပြုခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်းတို့သည် အချိန်ကာလ၊ အသက်အရွယ်များဖြင့် ပိုင်းခြားသတ်မှတ်ထားခြင်း မရှိပေ။ အခြေအနေတိုင်း၊ အသက်အရွယ်တိုင်းတွင် မိဘနှစ်ပါးကို

ကောင်းမွန်စွာ ဆက်ဆံရန် 'ဝါဂျိဗ်'ဖြစ်ပေသည်။ သို့ရာတွင် 'ဝါဂျိဗ်'နှင့် 'ဖွရဒ်'တာဝန်များကို ထမ်းဆောင်ရာတွင် အဟန့်အတားဖြစ်စေသော အခြေအနေများသည် ယေဘုယျအားဖြင့် ရှိတတ်ကြသည်။ ထိုအခြေအနေများတွင် ကုရ်အာန်ကျမ်းတော်မြတ်က အများအတွက် ချမှတ်ပေးသည့် နည်းလမ်းမှာ အမိန့်တော်များကို လိုက်နာခြင်းလွယ်ကူရန်အတွက် ဘက်ပေါင်းစုံမှ ဦးနှောက်ကို အသိတရားများလည်း ရရှိစေသည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် အမိန့်များ လိုက်နာခြင်းကို စွဲမြဲစွာ ပြုလုပ်ရန် လေးနက်မှုကိုလည်း ပြသပေးထားသည်။

မိဘနှစ်ပါးတို့သည် အိုမင်းမစွမ်းသည့် အသက်အရွယ်ကို ရောက်ရှိပြီး သားသမီးများ၏ ပြုစုယုယမှုကို လိုလားလာပြီး ၎င်းတို့၏ ဘဝသည် သားသမီးများ၏ သနားကြင်နာမှုအပေါ်၌သာ ရှိတော့သည့်အခါ အကယ်၍ သားသမီးများဘက်မှ အနည်းငယ်မျှသာ ဂရုမစိုက်ခြင်းကို ခံစားလိုက်ရပါလျှင် ဤသည် ၎င်းတို့၏ စိတ်တွင် ဒဏ်ရာဖြစ်သွားလေသည်။

အခြားတစ်ဖက်တွင် အိုမင်းမစွမ်းဖြစ်နေချိန်၌ တစ်ခါတစ်ရံ သဘာဝအလျောက် စိတ်ငြီးငွေ့ခြင်းများ ဖြစ်ရလေ့ရှိသည်။ တတိယအချက်မှာ အိုမင်းမစွမ်းဖြစ်ရသည့် နောက်ဆုံးကာလများတွင် ဦးနှောက်ဉာဏ်နှင့် အသိတရားများက ယိုယွင်းလာလေ့ ရှိကြသည်။ ထိုအခါများတွင် ၎င်းတို့၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ရန်မှာ သားသမီးများအတွက် အခက်ကြုံရတတ်သည်။ ကုရ်အာန်ကျမ်းတော် မြတ်သည် ထိုအခြေအနေများတွင် မိဘတို့၏ စိတ်ကို ဖြေသိမ့်၍ စိတ်ချမ်းသာမှု ရရှိစေမည့် အမိန့်တော် များနှင့်အတူ လူသားကို မိမိ၏ လူမမယ်ကလေးဘဝအရွယ်ကို ပြန်ပြောင်းသတိရစေသည်။ ယနေ့ အသင့် အား အသင်၏ မိဘနှစ်ပါးက လိုလားနေသကဲ့သို့ တစ်ချိန်က အသင်သည်လည်း အသင့်မိဘနှစ်ပါးအား ယခု ၎င်းတို့က အသင့်အား လိုလားတောင့်တသည်ထက် ပို၍ လိုလားခဲ့ဘူးကြသည်။ ထိုအချိန်က အသင်၏ မိဘတို့သည် မိမိတို့၏ လိုအပ်ချက်များ၊ အနားယူခြင်းများကို အသင့်အတွက် စွန့်လွှတ်ခဲ့ကြသည်။ အသင်၏ အသိမဲ့သည့် စကားများကို အချစ်များဖြင့် သည်းခံခဲ့ကြရသည်။ ယနေ့ ၎င်းတို့တွင် လိုလားမှု၊ တောင့်တမှုများ၏ အချိန်အခါ ရောက်ရှိလာခဲ့ပေပြီ။ သို့ရှိရာ အသိတရားနှင့် သိက္ခာတရားတို့ဖြင့် 'ထိုမိဘတို့ ပြုခဲ့ကြသည့် ကျေးဇူးတရားများကို တုန့်ပြန်ကြ'ပါဟု တောင်းဆိုနေပါသည်။ အာယသ်တော်တွင်

كَمَا رَبَّيَانِى صَغِيرًا

သည် တင်ပြပါအချက်များကို ညွှန်ပြခြင်းဖြစ်သည်။ ဖော်ပြပါအာယသ်တော်များတွင် မိဘနှစ်ပါး အိုမင်းမစွမ်းသည့်အရွယ် ရောက်ရှိသည့်အချိန်တွင် လေးနက်သည့် အချို့အမိန့်တော်များ ပေးထားတော်မူသည်။

ပထမအမိန့် ။ ။ ၎င်းတို့အား أُفٍّ (အွဖ်) 'အို၊ အာ'ဟူ၍ပင် မပြောဆိုရ။ أُفٍّ ဟူသော စာလုံး၏ အလိုသဘောမှာ 'မိမိ မနှစ်သက်ကြောင်းကို ထုတ်ဖော်ခြင်း' ဖြစ်သည်။ အာယ်မ္မျှဆိုသော် ထိုမိဘနှစ်ပါး

၏ စကားကို ကြားပြီး ထိုစကားကို မနှစ်သက်ကြောင်း ထုတ်ဖော်သည့်အနေဖြင့် သက်ပြင်းချခြင်းသည်လည်း أُفٍّ 'အွဖ်'၌ အကျုံးဝင်ပေသည်။ ဟဒီးစ်တော်တစ်ရပ်တွင် ဟဇရသ်အလီ ﷺ သခင်၏ ဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ (မိဘနှစ်ပါးအား) ဒုက္ခရောက်စေခြင်းတွင် أُفٍّ 'အွဖ်' (အို၊ အာ၊ ဟာ) ဟု ပြောဆိုခြင်းထက် နိမ့်သော စကားလုံးအချို့ ရှိမည်ဆိုလျှင်ပင် ကေန်မုချ ထိုစကားလုံးကိုလည်း တင်ပြမည်သာ ဖြစ်သည်။ (မိဘနှစ်ပါးအား ထိုအရာထက်ပင် သေးငယ်သည့် ဒုက္ခရောက်စေမည်ဆိုလျှင်လည်း တားမြစ်ချက်ရှိသည်။)

ဒုတိယအမိန့် ။ ။ وَلَا تَنْهَرْ هُمَا ၏ အဓိပ္ပာယ်မှာ 'ငေါက်ငန်းခြင်း၊ ဟိန်းဟောက်ခြင်း'တို့ ဖြစ်သည်။ ထိုသို့ ငေါက်ငန်းခြင်းသည် ဒုက္ခရောက်စေခြင်းဖြစ်ကြောင်း ပေါ်လွင်ပေသည်။

တတိယအမိန့် ။ ။ တတိယအမိန့်မှာ وَقُل لَّهُمَا قَوْلًا كَرِيمًا ဖြစ်သည်။ ပထမတားမြစ်ချက်မှာ တင်ပြသည့် အမိန့်နှစ်ခုနှင့် သက်ဆိုင်သည့် အမိန့်ဖြစ်သည်။ ဤအမိန့်တွင် မိဘနှစ်ပါး၏ မနှစ်မြို့ဖွယ် အသေးအဖွဲ့ ကိစ္စများကို တားမြစ်ထားသည်။ ဤတတိယအမိန့်တွင် မိဘနှစ်ပါးနှင့် စကားပြောဆိုခြင်းအတွက် ရှိသေသမှု စည်းကမ်းများကို လမ်းညွှန်သင်ကြားပေးထားသည်။ ထိုမိဘတို့အား အကြင်နာ၊ ကရုဏာများနှင့် ပျော့ပြောင်းသော လေသံဖြင့် စကားပြောဆို ရန်ဖြစ်သည်။ ဟဇရသ်စအီဒ်ဗင်န်မုစိုင်ယဗ်က မိန့်ဆိုသည်မှာ 'ကျွန်တစ်ဦးသည် ခက်ထန်ကြမ်းတမ်းသည့် စရိုက်ရှိသော မိမိ၏ သခင်အား စကားပြောဆိုသကဲ့သို့ ဖြစ်သည်'ဟူ၏။

စတုတ္ထအမိန့် ။ ။ وَاخْفِضْ لَهُمَا جَنَاحَ الذُّلِّ مِنَ الرَّحْمَةِ ဆိုလိုသည်မှာ မိဘတို့၏ ရှေ့မှောက်တွင် မိမိကိုယ်မိမိ ချည့်နဲ့သူ သေးသိမ်သူအသွင်ဖြင့် နေရမည်။ ဥပမာ- 'ကျွန်သည် ဖခင်၏ ရှေ့၌ ရှိနေသကဲ့သို့ ဖြစ်သည်။ جَنَاحَ ၏ အဓိပ္ပာယ်မှာ လက်မောင်း၊ ပခုံး ဖြစ်သည်။ မိဘတို့အတွက် မိမိ၏ပခုံးကို ကျိုးငဲ့သေးသိမ်စွာ နှိမ့်ချခြင်းဖြစ်သည်။ နောက်ဆုံးတွင် مِنَ الرَّحْمَةِ ဟူသော စာလုံးဖြင့် မိဘနှစ်ပါးတို့အပေါ် ဤသို့ ဆက်ဆံခြင်းသည် ပြစားမှုသက်သက်မဟုတ်ဘဲ နှလုံးသားမှ အကြင်နာ၊ ကရုဏာနှင့် လေးစားမှုများကို အခြေခံထားရမည်ဖြစ်ကြောင်းနှင့် မိဘနှစ်ပါး၏ ရှေ့မှောက်တွင် သေးသိမ်နှိမ့်ချမှုဖြင့် ဆက်ဆံပါလျှင် ဤဆက်ဆံမှုသည် စစ်မှန်သော ဂုဏ်သိက္ခာဖြင့် ဆက်ဆံခြင်း၏ ရှေ့ပြေးဖြစ်ကြောင်း တို့ကို တင်ပြထားခြင်းဖြစ်သည်။ ဤသို့ ဆက်ဆံခြင်းသည် အစစ်အမှန် သေးသိမ်ခြင်းမဟုတ်ဘဲ အကြင်နာ ကရုဏာများဖြင့်သာ ပြုသောကြောင့် ဖြစ်သည်။

ပဉ္စမအဓိပ္ပာယ် ။ ။ وَقُلْ رَبِّ ارْحَمْهُمَا ဆိုလိုသည်မှာ မိဘနှစ်ပါးအတွက် အစစအရာရာ အေးချမ်းသာယာမှု ဖြစ်နိုင်ရန်မှာ လူသားတို့၏ အစွမ်းအစဖြင့် မဖြစ်နိုင်။ မိမိ၌ အင်အားရှိသမျှ တတ်စွမ်းသမျှတို့ဖြင့် မိဘများအေးချမ်းသာယာမှု ရရှိစေရန်ဟူသည့် သောကနှင့်အတူ ၎င်းတို့အတွက် အလ္လာဟ်အသျှင်မြတ်ထံတော်၌လည်း 'အို၊ အသျှင်မြတ်၊ အသျှင်မြတ်သည် မိမိ၏ အကြင်နာ ကရုဏာတော်များဖြင့် ၎င်းတို့၏ အခက်အခဲဟူသမျှကို လွယ်ကူစေတော်မူပါ။ ဒုက္ခဟူသရွေ့ကို ဝေးကွာစေတော်မူပါ' ဟူ၍ ဒိုအာတောင်းဆိုလျက် ရှိနေရမည်။ ဤနောက်ဆုံးအဓိပ္ပာယ်သည် အမြဲတမ်း မိဘနှစ်ပါးအား အကျိုးပြုသူအဖြစ်နှင့် မိဘနှစ်ပါး ကွယ်လွန်သေဆုံး ပြီးနောက်တွင်လည်း အကျိုးပြုသူအဖြစ်နှင့် ဆက်လက်တည်ရှိနေမည် ဖြစ်သည်။ ကျယ်ပြန့်နက်ရှိုင်းသည့်အဓိပ္ပာယ် ဖြစ်သည်။

မှတ်ချက် ။ ။ မိဘတို့သည် အကယ်၍ မွတ်စ္လင်မ်ဖြစ်ခဲ့ကြပါလျှင် ၎င်းတို့အတွက် 'ရဟ်မသ်' ၏ ဒိုအာတောင်းခံပေးလျက် ရှိနေရမည်။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် မွတ်စ္လင်မ်မဟုတ်ပါက ၎င်းတို့ အသက်ရှင်နေချိန်တွင် '၎င်းတို့အား လောကီရေးဒုက္ခများမှ လွတ်မြောက်အောင်မြင်စေတော်မူပါ။ အီမာန်ရယူနိုင်သည့် စွမ်းအားများ ပေးသနားတော်မူပါ' ဟူသော ဒိုအာတောင်းခြင်း ပိုင်ပေမည်။ ၎င်းတို့ သေဆုံးပြီးနောက် ၎င်းတို့အတွက် 'ရဟ်မသ်' ၏ ဒိုအာတောင်းခံခြင်း မပိုင်ပေ။ *[ကုရ်သုဗီကျမ်း]*

အံ့ဖွယ်ဖြစ်ရပ်တစ်ခု

ကုရ်သုဗီသည် မိမိ၏ 'မုသ်သဆွိလ်စနဒ်' နှင့်အတူ ဟဇရသ်ဂျာဗိရ်ဗင်န် အဗ်ဒုလ္လာဟ် ﷺ ထံမှ ဆင့်ပြန်ခဲ့သည်မှာ လူတစ်ဦးသည် တမန်တော်မြတ် ﷺ ထံ အခစားဝင်ရောက်လျက် တိုင်တန်းသည်မှာ 'ကျွန်တော်မျိုး၏ ဖခင်သည် ကျွန်တော်မျိုး၏ ဥစ္စာပစ္စည်းများကို ယူလိုက်ပါသည်။' တမန်တော်မြတ် ﷺ က 'အသင်၏ ဖခင်ကို ခေါ်ဆောင်လာခဲ့ပါ' ဟု မိန့်ကြားတော်မူသည်။ ထိုစဉ် ဂျိဗ်ရာအီးလ် ﷺ ရောက်ရှိလာပြီး 'ထိုသူ၏ ဖခင် ရောက်ရှိလာပါလျှင် ၎င်းအား 'မိမိကိုယ်တိုင် မိမိနား၌ပင် မကြားနိုင်သည့် စိတ်ထဲမှ ပြောကြားသော စကားများကား မည်သို့ပါနည်း' ဟု မေးမြန်းတော်မူပါ' ဟူ၍ လျှောက်ထားလေသည်။ သားဖြစ်သူက ဖခင်ကို ခေါ်ဆောင်လာသောအခါ ကိုယ်တော်မြတ် ﷺ က ၎င်းဖခင်ဖြစ်သူအား 'အသင်သည် မိမိသား၏ ပစ္စည်းများကို လုယူလိုက်သည်ဆိုသည်မှာ ဟုတ်ပါသလော' ဟု မေးမြန်းရာ ထိုဖခင်ဖြစ်သူက 'ကျွန်ုပ်သည် ၎င်းသား၏ ဖွဖီ၊ ခါလာ (သို့) မိမိမှအပ အခြားမည်သည့်နေရာတွင် သုံးစွဲနေပါသနည်းဟူသည်ကို ထိုသားဖြစ်သူအားသာ မေးမြန်းပါလေ' ဟူ၍ ဖြေကြားသောအခါ တမန်တော်မြတ် ﷺ သည် (အီးဟ်) ဟု မိန့်ကြားတော်မူလိုက်သည်။ အလိုသဘောမှာ အစစ်အမှန် အရင်းအမြစ်ကို သိရှိသွားခဲ့ပြီး မေးမြန်းရန်၊ ကြားနာရန် မလိုတော့ဟု ဖြစ်သည်။

ထို့နောက် တမန်တော်မြတ် ﷺ သည် ထိုသူ၏ ဖခင်အား 'ယခုတိုင်အောင် အသင်၏ နားများ၌ပင် မကြားရသေးသည့် စကားများဆိုသည်ကား အဘယ်နည်း' ဟု မေးမြန်းတော်မူသည်။ ထိုအခါ ထိုသူက 'အို၊ တမန်တော်မြတ်၊ လုပ်ရပ်တိုင်းတွင် အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်မြတ်အပေါ် ထားရှိသည့် ကျွန်တော်မျိုး၏ အီမာန်နှင့် ယုံကြည်ချက်ကို တိုးမြှင့်ပေးတော်မူပါသည်။ (မည်သူမျှ မကြားရသည့် ကိစ္စ တစ်ခုကို ကိုယ်တော်က သိရှိခဲ့ပါသည်။ ဤသည် 'မုအ်ဂျေဇာဟ်' တစ်ရပ်ပင် ဖြစ်ပါသည်) ဟု လျှောက် ထားခဲ့သည်။ ထို့နောက် ထိုသူကပင် ဆက်လက်၍ 'ကျွန်တော်မျိုးသည် လင်္ကာပိုဒ်အချို့ကို စိတ်မှ ရေရွတ် မိပါသည်။ ထိုလင်္ကာများကို ကျွန်တော်မျိုး၏ နားများကပင် မကြားခဲ့ကြပါ' ဟု လျှောက်ထားလေသည်။ ကိုယ်တော်မြတ် ﷺ က 'ထိုလင်္ကာများအား ကျွန်ုပ်ကို ဖတ်ကြားပြပါ' ဟု မိန့်ကြားတော်မူသည့်အခါ ထိုသူ သည် အောက်ပါလင်္ကာများကို ဖတ်ပြလေသည်။

غَذَوْتُكَ مَولُوْدًا وَمُنْتُكَ يافعا   تُعَلُّ بِمَا اَجْنِىْ عَلَيْكَ وَتُنْهل

'ကျွန်ုပ်သည် အသင့်အား ငယ်စဉ်တောင်ကျေးကလေးဘဝမှစ၍ အဟာရ အစားအစာများကို ကျွေးမွေးခဲ့ပါသည်။ အရွယ်ရောက်ပြီးအချိန်၌လည်း အသင့်တာဝန်ကို ထမ်းဆောင်နေဆဲ ဖြစ်ပါသည်။ အသင်၏ စားခြင်း၊ သောက်ခြင်း အားလုံးတို့သည် ကျွန်ုပ်၏ ရှာဖွေမှုနှင့်သာ ဖြစ်ပါသည်။'

اذا ليلة ضافتك بالسقم لم ابت   لسقمك الاساهرا اتململ

'အသင့်၌ တစ်စုံတစ်ရာ ဝေဒနာဖြစ်ပေါ်လာသည့် ညဉ့်အခါမျိုးတွင် ကျွန်ုပ်သည် အသင်၏ ရောဂါ ဝေဒနာကြောင့် တစ်ညဉ့်လုံး နိုးကြားလျက် နေမထိထိုင်မသာ ဖြစ်ခဲ့ရပါသည်။'

كأنى انا المطروق دونك بالذى   طرقت به دونى فعينى نهمل

'အသင်၏ ဤရောဂါဝေဒနာသည် အသင့်အား စွဲကပ်သည်မဟုတ်ဘဲ ကျွန်ုပ်၌သာ စွဲကပ်သည့် အလား ဖြစ်ရပ်ပါသည်။ အသင်၏ ဤရောဂါဝေဒနာကြောင့် ကျွန်ုပ်သည် တစ်ညဉ့်လုံး ငိုကြွေးခဲ့ရပါသည်'

نخاف الردى نفسى عليك وانها   لتعلمان الموت وقت مؤجل

'ကျွန်ုပ်သည် အသင် ပျက်စီး (သေဆုံး) သွားမည်ကို စိုးရိမ်ပူပန်လျက် ရှိနေခဲ့ပါသည်။ စင်စစ် 'သေခြင်းတရားသည် စောလျင်သေးသည်။ နောက်ကျသည်' ဟူ၍ မရှိနိုင်ဘဲ သတ်မှတ်ရက်တစ်ရက်၌ ဖြစ်မည်ကို ကျွန်ုပ်သိပါသည်။'

فلمّا بلغت السِنَّ والغاية التى   اليهامدىماكنت فيك اُوَمِّل

'ထို့နောက်တစ်ဖန် အသင်သည် ကျွန်ုပ် မျှော်မှန်းထားခဲ့သည့် အသက်အရွယ် အတိုင်းအတာသို့ ရောက်ရှိလာခဲ့သည်။'

جعلت جزائ غلظةً وفظاظة كانّك انت المنعم المتفضِّل

'ထို့နောက် အသင်သည်သာ ကျွန်ုပ်အား ကျေးဇူးပြုနေသူတစ်ဦးအလား ပြင်းထန်မှုနှင့် ကြမ်းတမ်းသော စကားလုံးများဖြင့် ကျွန်ုပ်အား တုန့်ပြန်မှုပြုခဲ့သည်။'

فليتك اذ الم ترع حقَّ اُبّوتى فعلت كما الجارُ المصاقب يفعل

'အကယ်၍ အသင်သည် ကျွန်ုပ်အား ဖခင်ဖြစ်ခြင်း၏ ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူ မဖြစ်ခဲ့သည့်တိုင် အနည်းဆုံး အိမ်နီးချင်းကောင်းတစ်ဦး ပြုခဲ့သည့်နှယ် ပြုခဲ့ပေအံ့။

فَاَوْلَيْتَنِىْ حَقَّ الْجِوَا رِوَلَمْ تَكُنْ عَلَىَّ بِمَالٍ دُوْنَ مَالك تبخل

'သို့ရှိရာ အသင်သည် ကျွန်ုပ်အပေါ် အိမ်နီးချင်း၏ ဝတ္တရားကျေပွန်သူတစ်ဦးကဲ့သို့ ကျေပွန်ခဲ့မည်ဆိုလျှင်လည်း ကျွန်ုပ်ပိုင် ဥစ္စာပစ္စည်းများကို မိမိဝတ္တရားအတွက် သုံးစွဲရန် စေးနည်းတွန့်တိုမှုမဖြစ်တန်ရာ။'

တမန်တော်မြတ် ﷺ သည် ထိုလင်္ကာများကို နားထောင်ပြီး ထိုသူ့သား၏ အင်္ကျီရင်ဘတ်ကို ဆွဲ၍ 'အသင်သွားလော့။ အသင်သည်လည်းကောင်း၊ အသင်၏ ပစ္စည်းများသည်လည်းကောင်း အသင့် ဖခင်ပိုင်သည့်အရာများဖြစ်သည်'ဟု မိန့်ကြားတော်မူလိုက်သည်။ *[သဖ်စီးရ်ကုရ်သုဗီကျမ်း၊ တွဲ-၆၊ စာ-၂၄၆။]*

ဤလင်္ကာများသည် အာရဗီအာဒစ်စာအုပ်ဖြစ်သည့် ကျော်ကြားသော حماسه 'ဟမာစဟ်' ကျမ်း၌လည်း ဖော်ပြထားသည်။ သို့ရာတွင် ၎င်းကို လင်္ကာဆရာ اميه بن ابى الصلت ဘက်သို့ ညွှန်းဆိုထားသည်။ အချို့က ဤသည် အဗ်ဒုလ်အအ်လာ၏ လင်္ကာများဖြစ်သည်ဟု ဆိုကြသည်။ အချို့ကမူ အဗ်ဒုလ်အဖွားစ်ဘက်သို့ ညွှန်းဆိုကြသည်။ *[ကုရ်သုဗီကျမ်း]*

ဖော်ပြပါအာယသ်တော်များအနက် နောက်ဆုံးအာယသ်တော်ဖြစ်သော

رَبُّكُمْ اَعْلَمُ بِمَا فِىْ نُفُوْ سِكُمْ

တွင် ထိုစိတ်ယုတ်များ ပပျောက်စေရန် မိန့်တော်မူထားပေသည်။ အကြင်စိတ်ယုတ်များသည် မိဘများအား ရိုသေကိုင်းရှိုင်းရန် အထက်၌ တင်ပြခဲ့သည့် အမိန့်များကြောင့် သားသမီးများ၏ စိတ်ထဲ၌ ဖြစ်ပေါ်စေပါသည်။ ၎င်းမှာ မိဘများနှင့် အမြဲတမ်းအတူတကွ နေကြရမည်။ ထိုသို့ နေသည့်အခါ ၎င်းတို့နှင့် မိမိတို့၏ အခြေအနေများမှာ အမြဲတမ်း တူညီမှုမရှိနိုင်သည့်အခါ ရံဖန်ရံခါ အထက်၌ တင်ပြခဲ့သည့် အမိန့်စည်းကမ်းချက်များနှင့် ဆန့်ကျင်မှု ဖြစ်ရှိသွားပေလိမ့်မည်။ ထိုကဲ့သို့ ဖြစ်ခြင်းအပေါ် 'ဂျဟန္နမ်'သို့ လားရမည်ဟူသော ခြိမ်းခြောက်နှိုးဆော်ချက် လာရှိထားသည်ဖြစ်ရာ ဤသို့သော အပြစ်မျိုးမှ ရှောင်ကြဉ်ရန် ခက်ခဲလှပေသည်။ ဤအာယသ်တော်သည် ထိုသို့သော စိတ်ဓါတ် ကျဉ်းမြောင်းခြင်းများဖြင့် မိဘနှစ်ပါးတို့အား ရိုသေလေးစားရမည်ဟူသော ဖော်ပြပါအမိန့်တော်ကို ဆန့်ကျင်သည့် ကိစ္စရပ်များ ဖြစ်ပေါ်လာစေခြင်းများကို ဝေးလွင့်စေရန် ဖြစ်သည်။

ဤအာယသ်တော်တွင် မရည်ရွယ်ဘဲလျက် အရှိအသေမဲ့သော ရှိင်းစိုင်းမှုများသည် တစ်ခါတစ်ရံ သောကတစ်စုံတစ်ခု (သို့) မေ့လျော့ခြင်းများဖြင့် တစ်စုံတစ်ရာသော စကားများ ထွက်သွားပြီးနောက်တွင် ထိုမှားယွင်းချွတ်ချော်မှုအပေါ် 'သောင်ဗာဟ်' ပြုပါလျှင် အလ္လာဟ်အသျှင်မြတ်သည် နှလုံးသားအတွင်းမှ အခြေအနေများကို ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုရုတ်တရက် ထွက်သွားသည့်စကားများသည် အရှိအသေမဲ့ ရှိင်းစိုင်းရန် (သို့) ဒုက္ခရောက်စေရန် ရည်ရွယ်၍ ပြောဆိုခြင်းမဟုတ်လျှင် ထိုအသျှင်မြတ်သည် ခွင့်လွှတ်ချမ်းသာပေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

اَوَّابِيْنَ သည် تَوَّابِيْنَ ၏ အဓိပ္ပာယ်ဖြစ်သည်။ ဟဒီးစ်တော်တွင် 'မဂ်ရိဗ်'နမာဇ်ပြီးနောက် 'နဖွလ်'(၆) ရကအသ်နှင့် 'အိရှ်ရာက်နဖိလ်' နမာဇ်များကို صلوة الاوابين 'ဆွလာသွလ်အောင်ဝါဗီးန်' ဟု ခေါ်သည်။ ထိုနမာဇ်များကို ဖတ်ခွင့် ရရှိကြသော နဖူးစာရှင်များမှာ اوابين နှင့် توابين တို့ပင် ဖြစ်သည်ဟု ညွှန်းဆိုခြင်းဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاٰتِ ذَا الْقُرْبٰى حَقَّهٗ وَالْمِسْكِيْنَ وَابْنَ السَّبِيْلِ وَلَا تُبَذِّرْ تَبْذِيْرًا ﴿٢٦﴾

၁၇ : ၂၆ ။ ။ ထို့ပြင် အသင်သည် ဆွေမျိုးနီးစပ်သူအား ၎င်း၏ ရသင့်ရထိုက်သော အခွင့်အရေးကို ပေးပါလေ။ ထို့ပြင် ဆင်းရဲသားအားလည်းကောင်း၊ ခရီးသည်အားလည်းကောင်း (၎င်းတို့ ရသင့်ရထိုက်သော အခွင့်အရေးများကို ပေးပါလေ) သို့ရာတွင် အသင်သည် (မိမိ၏ ဥစ္စာပစ္စည်းများကို) အလဟဿ မဖြုန်းတီးလေနှင့်။

اِنَّ الْمُبَذِّرِيْنَ كَانُوْٓا اِخْوَانَ الشَّيٰطِيْنِ ۭ وَكَانَ الشَّيْطٰنُ لِرَبِّهٖ كَفُوْرًا ﴿٢٧﴾

၁၇ : ၂၇ ။ ။ စေနံမလွဲ (ဥစ္စာပစ္စည်း) အလဟဿ ဖြုန်းတီးသူတို့သည် ရှိက်သွာန်၏ ညီသား အစ်ကိုများပင် ဖြစ်ကြကုန်၏။ စင်စစ် ရှိက်သွာန်သည် မိမိကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား အလွန်တရာ ကျေးဇူးကန်းသူပင် ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤအာယသ်တော်နှစ်ပါးတွင် အဖန်ဆင်းခံလူသားများနှင့် စပ်လျဉ်းသော တာဝန်နှစ်ရပ်ကို ဖော်ပြထားသည်။ ပထမဦးစွာ မိဘနှစ်ပါးအပြင် အခြားသော ဆွေမျိုးသားချင်းများ၊ အများမွတ်စ္စလင်မ်တို့၏ ဝတ္တရားများနှင့် ဒုတိယမှာ သုံးစွဲမှုတွင် အပိုဖြုန်းတီးခြင်းကို တားမြစ်ထားသည့် အမိန့်တို့ဖြစ်သည်။ ၎င်း၏

ဖွင့်ဆိုချက်အကျဉ်းမှာ ဆွေမျိုးသားချင်းအ၌ ၎င်းတို့၏ ရပိုင်ခွင့် (ပစ္စည်းဥစ္စာများဖြင့်ဖြစ်စေ၊ ပစ္စည်းဥစ္စာ မဟုတ်သည်များနှင့်ဖြစ်စေ) ပေးကမ်းလျက်ရှိနေရမည်။ ထို့နောက် 'မိစ္စကီးန်' ဆင်းရဲနွမ်းပါးသူများနှင့် ခရီးသည်များကိုလည်း (၎င်းတို့၏ ရပိုင်ခွင့် အခွင့်အရေးများကို) ပေးကမ်းလျက်ရှိနေရမည်။ ထို့ပြင် (ဥစ္စာပစ္စည်းများကို) အလဟဿ အကျိုးမဲ့ မဖြုန်းတီးလေနှင့်။ ကေန်အမှန် အလဟဿဖြုန်းတီးသူတို့ သည် ရှိုက်သွာန်၏ ညီနောင်များပင် ဖြစ်ပေသည်။ (ရှိုက်သွာန်နှင့် တူဆင်ပေသည်ဟု ဆိုလိုသည်။) စင်စစ် ရှိုက်သွာန်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား အလွန်တရာ ကျေးဇူးကန်းသူ ဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ရတနာအသိဉာဏ်များ ချီးမြှင့်ထားတော်မူသည်။ ရှိုက်သွာန် သည် ထိုရတနာအသိဉာဏ်ကို အလ္လာဟ်အသျှင်မြတ်အား အမိန့်ဖီဆန်မှုပြုခြင်းတွင် အသုံးပြုခဲ့လေသည်။ အလားတူ အလဟဿ အပိုဖြုန်းတီးသူများအား အလ္လာဟ်အသျှင်မြတ်သည် ဥစ္စာပစ္စည်း ရတနာများ ချီးမြှင့်တော်မူခဲ့သည်။ သို့ရာတွင် ၎င်းတို့သည် ထိုဥစ္စာပစ္စည်းများကို အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဖီဆန် ခြင်းတွင် အသုံးပြုခဲ့ကြသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အများဆွေမျိုးသားချင်းများနှင့် စပ်လျဉ်းသည့် ဝတ္တရားများကို အလေးအနက်ထားရခြင်းအကြောင်း

ရှေ့၌ တင်ပြခဲ့ပြီးသည့် အာယသ်တော်များတွင် မိဘနှစ်ပါး၏ တာဝန်ဝတ္တရားများနှင့် မိဘတို့အား ရိုသေလေးမြတ်စွာ ဆက်ဆံရမည့်အကြောင်းများကို ညွှန်ပြသင်ကြားထားသည်။ ဤအာယသ်တော်တွင် ဆွေမျိုးသားချင်းများ၏ ဝတ္တရားများအကြောင်း တင်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် ဆွေမျိုးသား ချင်းတိုင်း၏ ဝတ္တရားများ ကျေပွန်ရမည်။ အနည်းဆုံး ၎င်းတို့အား ကောင်းမွန်စွာ ဆက်ဆံခြင်းပြုရမည်။ အကယ်၍ ၎င်းတို့မှာ ချို့တဲ့နွမ်းပါးဆင်းရဲသားများဖြစ်ကြပါလျှင် ၎င်းတို့အား ဥစ္စာကြေးငွေတို့ဖြင့် မိမိအင်အားနှင့်အညီ ပေးကမ်းကူညီခြင်းသည်လည်း ဤအမိန့်၌ အကျုံးဝင်ပေသည်။ ဤအာယယသ် တော်အားဖြင့် လူတိုင်းသည် မိမိ၏ ဆွေမျိုးသားချင်းများ၏ ဝတ္တရားများရှိကြောင်း အတည်ဖြစ်သည်။ ထိုဝတ္တရားများကား အဘယ်နည်းဟူသည့် ထိုရှင်းလင်းချက်ကို တင်ပြထားခြင်း မရှိပေ။ သို့သော် ဆွေမျိုး သားချင်းများနှင့် ဆက်သွယ်ခြင်းနှင့် ကောင်းမွန်စွာ ဆက်ဆံနေထိုင်ခြင်းတို့မှာမူ ထိုအာယသ်တော်၌ ပါဝင် ကြောင်း ထင်ရှားပေသည်။

အေမာမ်အဗူဟာနီဖာဟ် (ရဟ) ထံတွင် ထိုအမိန့်၏ အောက်၌ 'နိကာဟ်' မပြုပိုင်သည့် ဆွေမျိုး ရင်းချာများတွင် အကယ်၍ ထိုဆွေမျိုးရင်းချာသည် အမျိုးသမီး (သို့) ကလေးဖြစ်သည်။ ၎င်းတို့တွင် စားဝတ်နေရေးအတွက် အသုံးအဆောင် ဥစ္စာပစ္စည်းလည်းမရှိ။ ရှာဖွေစားသောက်နိုင်ခြင်းလည်း မရှိလျှင် ဖြစ်စေ၊ တစ်ဖန် အလားတူ 'နိကာဟ်' မပြုပိုင်သူ ဆွေမျိုးရင်းချာတွင် မသန်စွမ်းသူဖြစ်စေ (သို့) မျက်မမြင် ဖြစ်စေ ရှိပြီး ၎င်းတို့တွင် စားဝတ်နေရေးအတွက် လုံလောက်စေမည့် ဥစ္စာပစ္စည်းလည်း မရှိပါက ၎င်းတို့၏

ဆွေမျိုးသားချင်းများအနက် ၎င်းတို့အား ကူညီထောက်ပံ့နိုင်လောက်အောင် ချောင်လည်သူများအဖို့ ထိုသူတို့အတွက် သုံးစွဲရန် 'ဖွရ်ဇ်'ဖြစ်သည်။ အကယ်၍ သူဆင်းရဲတို့၏ ဆွေမျိုးရင်းချာများတွင် ချမ်းသာ ကြွယ်ဝ ချောင်လည်သူ အများအပြားရှိပါလျှင် ၎င်းတို့သည် ခွဲဝေလျက် ထိုဆင်းရဲသားများအတွက် အသုံးစရိတ်များ ပေးကြရပေမည်။ စူရာဟ်ဗကရာဟ်၏ အာယသ်တော် وعلى الوارث مثل ذالك ဖြင့်လည်း ဤအဓိပ္ပါယ်သည် အတည်ဖြစ်ပေသည်။ *[သဖ်စီးရ်မဇ္ဇဟရီကျမ်း]*

ဤအာယသ်တော်တွင် ဆွေမျိုးရင်းချာများ၊ 'မိစ္စကီးန်' ဆင်းရဲသားများနှင့် ခရီးသည်တို့အား ဥစ္စာကြေးငွေတို့ဖြင့် ကူညီထောက်ပံ့ခြင်းနှင့် ၎င်းတို့အား ဆွေမျိုးအဆက်အသွယ်ပြုလုပ်ခြင်းတို့ကို ၎င်းတို့၏ အခွင့်အရေးရပိုင်ခွင့် ဖြစ်သည်ဟု မိန့်ကြားလျက် 'ပေးကမ်းသူသည် အပေးခံရသူအပေါ် ကျေးဇူးဖော်ထုတ်ရန် အခွင့်အရေး မရှိပါချေ။ အကြောင်းမှာ ဤသည် ဆင်းရဲသားများ၏ ရပိုင်ခွင့်၊ အခွင့်အရေး ဖြစ်ပြီး ချမ်းသာသူတို့၏ တာဝန်မှာ 'ဖွရ်ဇ်'ဖြစ်သည်။ ပေးကမ်းသူသည် မိမိ၏ 'ဖွရ်ဇ်'တာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်သည်။ မည်သူ့ကိုမျှ ကျေးဇူးပြုနေခြင်း မဟုတ်ပေ။

تبذير 'သဗ်ဇီးရ်' အပိုသုံးစွဲ (ဖြုန်းတီးမှု) ကို တားမြစ်ခြင်း

အပိုသုံးစွဲခြင်း၏ အဓိပ္ပာယ်ကို ကုရ်အာန်ကျမ်းတော်မြတ်တွင် စာလုံးနှစ်လုံးဖြင့် သုံးနှုန်းထားသည်။ တစ်ခုမှာ تبذير 'သဗ်ဇီးရ်'ဖြစ်ပြီး အခြားတစ်ခုမှာ اسراف 'အိစ်ရားဖ်'ဟူသည် စာလုံးဖြစ်သည်။ 'သဗ်ဇီးရ်'၏ တားမြစ်ချက်မှာမူ ဤဖော်ပြပါအာယသ်တော်၌ အထင်အရှားဖြစ်သည်။ 'အိစ်ရားဖ်'၏ တားမြစ်ချက်သည် وَلَا تُسْرِفُوْا ဟူသော အာယသ်တော်ဖြင့် အတည်ဖြစ်သည်။ အချို့ပညာရှင်များက ဤစာလုံးနှစ်လုံးတို့သည် တူညီသော အဓိပ္ပာယ်ရှိသည့် စာလုံးဖြစ်သည်ဟု ဆိုကြသည်။ ပြစ်မှုလုပ်ရပ်တစ်စုံတစ်ရာတွင်သော်လည်းကောင်း၊ (သို့) သုံးစွဲရန်မဟုတ်သည့် နေရာများ၌လည်းကောင်း သုံးစွဲခြင်းကို تبذير 'သဗ်ဇီးရ်'နှင့် اسراف 'အိစ်ရားဖ်'ဟု ခေါ်သည်။ အချို့ပညာရှင်တို့က ခွဲခြမ်းစိတ်ဖြာ၍ မိန့်ဆိုကြသည်မှာ ပြစ်မှုလုပ်ရပ်တစ်ခုခု၌လည်းကောင်း၊ (သို့) လုံးဝဥဿုံ သုံးစွဲရမည်မဟုတ်သော နေရာများ၌လည်းကောင်း၊ သုံးစွဲခြင်း تبذير 'သဗ်ဇီးရ်'ဟု ခေါ်သည်။ သုံးစွဲခြင်းပိုင်သည့် နေရာဖြစ်ပါသော်လည်း လိုအပ်သည်ထက် ပို၍ သုံးစွဲခြင်းဖြစ်မူ ၎င်းအား اسراف 'အိစ်ရားဖ်'ဟု ခေါ်သည်။ ထို့ကြောင့် تبذير သည် اسراف ထက် ပိုမိုပြင်းထန်ဆိုးရွားခြင်း ဖြစ်သည်။ နေရာမဲ့ အပြစ်ထိုက်သော နေရာများ၌ သုံးစွဲသူများကို ရှိုက်သွာန်၏ ညီနောင်များဖြစ်ကြသည်ဟု သတ်မှတ်ထားခြင်းဖြစ်သည်။ အေမာမ်သဖ်စီးရ် ဟဇရသ်မုဂျာဟိဒ် (ရဟ) က မိန့်ဆိုသည်မှာ အကယ်၍ လူတစ်ဦးသည် မိမိ၏ ဥစ္စာပစ္စည်းအားလုံးကို အမှန်တရားအတွက် သုံးစွဲလိုက်ခြင်းဖြစ်လျှင် ထိုသို့ သုံးစွဲခြင်းသည် تبذير 'သဗ်ဇီးရ်'ဟု မခေါ်ဆိုပေ။

အကယ်၍ မှားယွင်းသော လုပ်ရပ်အတွက်ဖြစ်လျှင် مُد 'မွဒ်' တစ်ခုပင် သုံးစွဲသည်ဖြစ်စေ ဤသည် تَبْذِير 'သဗ်ဇီးရ်'သာ ဖြစ်ပေသည်။ ဟဇရတ်အဗ်ဒုလ္လာဟ်အိဗ်နေမတ်စ်အူးဒ် ﷺ သခင်က မိန့်ဆိုသည်မှာ မမှန်ကန်သော နေရာနှင့် မသုံးစွဲရမည့် နေရာမျိုး၌ သုံးစွဲခြင်းသည် 'သဗ်ဇီးရ်'ဖြစ်သည်။ *[မဇ္ဇဟရီးကျမ်း]*

အေမာမ်မာလိက်စ် (ရဟ) က မိန့်ဆိုသည်မှာ 'သဗ်ဇီးရ်'ဆိုသည်မှာ လူသားသည် ဥစ္စာပစ္စည်းကို သမာအာဇီဝဖြင့် ရှာဖွေခဲ့သည်။ သို့သော် အမှန်တရားနှင့် ဆန့်ကျင်သည့်နေရာ၌ ထိုဥစ္စာပစ္စည်းကို သုံးစွဲလိုက်ခြင်းကို ခေါ်ဆိုသည်။ ၎င်းအား 'အိစ်ရားဖ်'ဟုလည်း ခေါ်ဆိုသည်။ ဤသည်မှာ 'ဟရာမ်'ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

အေမာမ်ကုရ်သုဗီ (ရဟ) က မိန့်ဆိုသည်မှာ 'ဟရာမ်'နှင့် မပိုင်သည့်လုပ်ရပ်များတွင်မူ 'ဒိရ်ဟာမ်' တစ်ပြားမျှသာ သုံးခြင်းသည်လည်း 'သဗ်ဇီးရ်'ဖြစ်သည်။ ပြုပိုင်ခွင့်ရှိသည့် ဆန္ဒများအား ပြုလုပ်ရာတွင် အတိုင်းအတာထက် ကျော်လွန်၍ သုံးစွဲခြင်းကြောင့် နောင်တွင် ဆင်းရဲနွမ်းပါးမှု ဖြစ်သွားရန် စိုးရိမ်ရသည် ဆိုလျှင် ဤသည်လည်း 'သဗ်ဇီးရ်'၌ အကျုံးဝင်သည်။ သို့ရာတွင် အကယ်၍ လူတစ်ဦးသည် ကနဦးမှ ရှိသည့် အရင်းငွေကို ထိန်းသိမ်းထားပြီး အကျိုးအမြတ်ရရှိသည်များမှ မိမိ၏ ပြုပိုင်သည့် ဆန္ဒလုပ်ရပ်များတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲမည်ဆိုလျှင် ဤသည် 'သဗ်ဇီးရ်'၌ အကျုံးမဝင်ပေ။

[ကုရ်သုဗီကျမ်း၊ တွဲ-၁၀၊ စာ-၂၄၈။]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِمَّا تُعْرِضَنَّ عَنْهُمُ ابْتِغَاءَ رَحْمَةٍ مِّن رَّبِّكَ تَرْجُوهَا فَقُل لَّهُمْ قَوْلًا مَّيْسُورًا ﴿٢٨﴾

၁၇ : ၂၈ ။ ။ သို့ရာတွင် အကယ်၍ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ ကရုဏာတော်ကို စောင့်မျှော်နေခိုက် ၎င်းတို့အား (အမြဲထောက်ပံ့နေရာမှ အခွင့်မသင့်၍ မထောက်ပံ့နိုင်ဘဲ ခေတ္တခဏ) လျစ်လျူရှုပါလျှင် အသင်သည် ၎င်းတို့အား (ထိုအချိန်တွင် စိတ်ထိခိုက်စေမည့် စကားကို ရှောင်၍) ပြေပြစ်သောစကားကို ပြောဆိုပါလေ။

အကျယ်ပွင့်ဆိုချက်အနှစ်ချုပ်

ဤအာယသ်တော်တွင် 'ဟုကူကွလ်အိဗားဒ်'အဖန်ဆင်းခံလူသားများနှင့် စပ်လျဉ်းသည့် ဝတ္တရားများနှင့် စပ်လျဉ်း၍ ပဋ္ဌမမြောက်အဖြစ် အမိန့်ပေးထားသည်မှာ အကယ်၍ တစ်ခါတစ်ရံ ဆင်းရဲသားများအား ၎င်းတို့၏ လိုအပ်သည့်အချိန်၌ ပေးရန် စီစဉ်ပေးနိုင်ခြင်းမရှိပါက ထိုအချိန်၌လည်း ၎င်းတို့အား အလွတ်

တုန့်ပြန်ခြင်းမပြုဘဲ စာနာစိတ်ထားလျက် နောင်တစ်ကြိမ်တွင် လွယ်ကူစေရမည်ဟု နှစ်သိမ့်စကား တုန့်ပြန်ရပေမည်။

အာယသ်တော်၏ ဖွင့်ဆိုချက်မှာ အကယ်၍ (တစ်ခါတစ်ရံ အသင်တို့ထံတွင် ၄င်းတို့အား ပေးရန် ပစ္စည်းမရှိပါလျှင်) အသင်တို့သည် မိမိအသျှင်မြတ်ထံတော်မှ 'ရိဇ်ဇ်'ကို စောင့်မျှော်နေစိုက် (ထိုရိဇ်ဇ် မရောက်ရှိလာမီ ၄င်းတို့အား အကြောင်းပြ ငြင်းဆိုရန်ရှိပါလျှင်) ၄င်းတို့အား နူးညံ့သိမ်မွေ့သော စကားကို ပြောဆိုရမည်။ (၄င်းတို့အား နှစ်သိမ့်သည့်အနေဖြင့် 'အင်နိရှာအလ္လာဟ်' တစ်နေရာရာမှ ရရှိပါလျှင် အသင့်အား ပေးလိုက်ပါမည်ဟု ကတိပေးလိုက်ရမည်။ စိတ်၌ နာကျည်းစေမည့် စကားမျိုး မပြောဆိုရ။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဤအာယသ်တော်တွင် တမန်တော်မြတ် ﷺ နှင့် ၄င်း၏ အကြောင်းခံဖြင့် အုမ္မသ်တစ်ရပ်လုံးအတွက် အံ့ဖွယ်သူရဲ စာရိတ္တမွန်ကို သင်ကြားပေးထားသည်။ ဆိုလိုသည်မှာ အကယ်၍ တစ်ခါတစ်ရံ ဆင်းရဲသားများက တောင်းခံလာသည့်အခါ အသင့်ထံ၌ ပေးရန် တစ်စုံတစ်ရာ မရှိသည့်အတွက် ၄င်းတို့အား ငြင်းဆိုရန် အခက်ကြုံရပါလျှင် အသင်က မပေးနိုင်သည့်အကြောင်း ငြင်းဆိုခြင်းတွင် ထိုငြင်းဆိုခြင်းသည် အရေးမစိုက် ဂရုမမူသည့်အသွင် (သို့) တောင်းခံသူအား သေးသိမ်မှုဖြစ်စေသည့်သဏ္ဌာန် မဖြစ်စေရပေ။ ထို့ပြင်မက ဤသို့ ငြင်းဆိုရာတွင် မိမိတွင် ပေးရန် အင်အားမရှိကြောင်း အခြေအနေမပေးသေး၍ဖြစ်ကြောင်း ထုတ်ဖော်သော စကားမျိုးဖြင့်သာ ဖြစ်ရမည်။

ဤအာယသ်တော်၏ 'ရှာနေနူဇူးလ်' (ကျရောက်လာရခြင်းအကြောင်း) နှင့် စပ်လျဉ်း၍ အိဗ်နု ဇိုက်ဒ်၏ ဆင့်ပြန်ချက်လာရှိသည်မှာ လူအချို့တို့သည် ကိုယ်တော်မြတ် ﷺ ထံတော်မှ ပစ္စည်းများ တောင်းခံလေ့ရှိကြသည်။ ကိုယ်တော်မြတ် ﷺ သည် ၄င်းတို့အား ပေးလိုက်လျှင် မဟုတ်မမှန်သော နေရာ၌ သုံးစွဲကြလိမ့်မည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ သည် ၄င်းတို့အား ပေးကမ်းခြင်းမှ ငြင်းဆိုတော်မူခဲ့သည်။ ဤငြင်းဆိုမှုသည် ၄င်းတို့အား မကောင်းမှုမှ တားဆီးတော်မူခြင်းဖြစ်သည်။ ထိုအကြောင်းအပေါ် ဤအာယသ်တော် ကျရောက်လာခဲ့ခြင်းဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

မွစ်နဒ်စအီးဒ်ဗင်နမန်ဆွူးရ်ကျမ်းတွင် စဗာဗင်နှိဟီကမ်၏ ဆင့်ပြန်ချက်ကို ဖော်ပြထားသည်မှာ 'ကိုယ်တော်မြတ် ﷺ ထံတော်တွင် အဝတ်အစားအချို့ ရောက်ရှိလာရာ ကိုယ်တော်မြတ် ﷺ သည် ထိုအဝတ်များကို ထိုက်သူတို့ကို ခွဲဝေပေးတော်မူလိုက်သည်။ ထို့နောက် လူအချို့ ထပ်မံ ရောက်ရှိလာချိန်တွင် ကိုယ်တော်မြတ် ﷺ မှာ ဝေငှပြီးနေပြီ ဖြစ်သည်။ အဝတ်အထည်များသည် ကုန်သွားပြီးဖြစ်သည်။ ဤဖြစ်ရပ်အပေါ် ဤအာယသ်တော် ကျရောက်လာခဲ့သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَا تَجْعَلْ يَدَكَ مَغْلُولَةً إِلَىٰ عُنُقِكَ وَلَا تَبْسُطْهَا كُلَّ الْبَسْطِ فَتَقْعُدَ مَلُومًا مَّحْسُورًا ﴿٢٩﴾

၁၇ : ၂၉ ။ ။ ထို့ပြင် အသင်သည် မိမိ၏လက်ကို မိမိလည်ကုပ်တွင် တုပ်နှောင်၍ (လည်း) မထားလေနှင့်။ (အလွန်အကျွံ မတွန့်တို မစေးနှဲရ။) ထိုနည်းတူစွာ အသင်တို့သည် ယင်း (လက်) ကို လုံးဝဖွင့်၍လည်း မထားလေနှင့်။ (ရှိစု၊ မဲ့စု အားလုံးလည်း မလှူဒါန်းရ။) သို့ပြုခဲ့ပါလျှင် အသင်သည် (သူတစ်ပါးထံ လက်ဖြန့်ရမည့်ဘဝသို့ ရောက်၍) ပြစ်တင်ရှုံ့ချခြင်း ခံရပြီး ဝမ်းနည်းကြေကွဲလျက် ထိုင်နေရမည်သာ (ဖြစ်၏။)

إِنَّ رَبَّكَ يَبْسُطُ الرِّزْقَ لِمَن يَشَاءُ وَيَقْدِرُ ۚ إِنَّهُ كَانَ بِعِبَادِهِ خَبِيرًا بَصِيرًا ﴿٣٠﴾

၁၇ : ၃၀ ။ ။ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား ရိဇ္ဇာကို တိုး၍ ပေးသနားတော်မူ၏။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် (မိမိအလိုရှိတော်မူသော သူအား ရိဇ္ဇာကို) ကျပ်တည်းစေတော်မူလေသည်။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် မိမိကျွန်များ (၏ အခြေအနေ) ကို အလွန်တရာ သိတော်မူသော အသျှင်၊ အလွန်တရာ မြင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် အသင်သည် မိမိလက်ကို လည်ဂုတ်၌သာ တုတ်နှောင်ထားခြင်း မပြုလေနှင့်။ (အခုံးစွန်အထိ စေးနည်းတွန့်တိုမှုဖြင့် သုံးစွဲသော လက်ကို လုံးဝ တားမြစ်ခြင်းကို ဆိုလိုသည်။) ထို့နောက် မိမိလက်ကို လုံးဝ ဖွင့်၍လည်း မထားလေနှင့်။ ('လိုအပ်သည်ထက် ပို၍ သုံးစွဲခြင်းဖြင့် ဖြုန်းတီးခြင်းလည်း မပြုလေနှင့်' ဟု ဆိုလိုသည်။) ထိုသို့မဟုတ်ပါက အသင်သည် အပြစ်တင်ရှုတ်ချခံရသူအဖြစ် ဥစ္စာပျက်စီးမွဲတေလျက် ထိုင်နေလိုက်ရသူ ဖြစ်သွားပေမည်။ (လူတစ်ဦးတစ်ယောက်၏ ဆင်းရဲနွမ်းပါးမှုကို ကြည့်ပြီး မိမိကိုယ်မိမိ ပူဆွေးသောက၌ နစ်၍ သံဝေဂယူခြင်းသည် အသိဉာဏ်ရှိသော အချက်မဟုတ်ပေ။ အကြောင်းမှာ) ဧကန်မုချ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလိုရှိတော်မူသော သူအား ရိဇိရိဇ္ဇာကို ပို၍ ပေးတော်မူသည်။ ထိုအသျှင်မြတ်သည်ပင် မိမိအလိုရှိတော်မူသောသူအား ရိဇိရိဇ္ဇာ ကျဉ်းမြောင်းစေတော်မူသည်။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် မိမိ၏ ဗန္ဒာပယ်ကျေးကျွန်များ (၏ အခြေအနေများနှင့် ၎င်းတို့၏ ကောင်းကျိုး) ကို ကောင်းစွာ သိတော်မူသော အသျှင်၊ မြင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (လောကအပေါင်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အလုပ်ဖြစ်သည်။ အသင်တို့သည် မိမိနှင့် ဖြစ်နိုင်မည်၊ မဖြစ်နိုင်မည်ကို

အဘယ် ကြောင့် သောကထားနေရပါသနည်း။ မိမိကိုယ်မိမိ ဒုက္ခများ၌ နစ်မွန်းစေလျက် အားလုံးတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်ဆိုခြင်းမှာ အကျိုးမဲ့သော လုပ်ရပ်ဖြစ်သည်။ အကြောင်းမှာ ဤသို့ ဒုက္ခဟူသရွေ့ ခံစားလျက် အားလုံးတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးဖြင်းသည် အသင်၏ စွမ်းဆောင်နိုင်သော လုပ်ရပ်မဟုတ်သောကြောင့်ပင် ဖြစ်သည်။

ဤသို့ဆိုခြင်းဖြင့် 'လူသားအဖို့ မည်သည့်ပူဆွေးသောကမျှ မဖြစ်စေရ။ ထိုသောကအတွက် မည်သည့် ကြံစည်ကြိုးပမ်းမှုမျှ မပြုရ' ဟု ဆိုလိုခြင်းမဟုတ်ဘဲ 'အားလုံးတို့၏ လိုအပ်ချက်ဆန္ဒများကို ဖြည့်ဆည်းခြင်းသည် လူသားတစ်ဦး၏ လုပ်နိုင်စွမ်းသော အလုပ်မဟုတ်ပေ။ ထိုလူသည် မိမိကိုယ်မိမိ မည်မျှပင် ဒုက္ခများ ခံစားရန် အသင့်ရှိနေသူပင်ဖြစ်စေ၊ ထိုအလုပ်မှာကား လူသားပြုနိုင်စွမ်းသည့် အလုပ်မဟုတ်ပါချေ။ ဤအလုပ်မှာ စင်စစ် ကမ္ဘာလောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အလုပ်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်သည်သာ အရာအားလုံးတို့၏ လိုအပ်ချက်ဆန္ဒများကို သိတော်မူပြီး အရာအားလုံးတို့၏ သင့်တော်မည့် အခြေအနေ များကိုလည်း ကောင်းစွာ သိတော်မူသောကြောင့် ဖြစ်သည်။ မည်သည့်အချိန်၊ မည်သူသည် မည်သည့် လိုအပ်ချက်ကို မည်မျှခန့် ဖြည့်ဆည်းပေးရမည်ကို သိရှိတော်မူသောကြောင့် ဖြစ်သည်။ အကြောင်းမှာ လူသား၏ အလုပ်မှာမူ အလယ်အလတ်ဖြစ်သော အလုပ်ကိုသာ ပြုလုပ်ရမည်ဖြစ်သည်။ သုံးစွဲရမည့် နေရာ၌ စေးနဲခြင်း မပြုရ။ မနက်ဖြန်ဟူသော နေ့တွင် မိမိကိုယ်တိုင် သူဆင်းရဲဖြစ်ခြင်း၊ မိမိ၌ ရှိသော အိမ်သူအိမ်သား များ၏ ဝတ္တရားများ မကျေပွန်ဖွယ်ရာဖြစ်ခြင်းနှင့် နောင်တွင် နောင်တရစေမည့် အဖြစ်များနှင့် ကြုံရလောက်အောင် သုံးစွဲခြင်းလည်း မပြုရ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အလယ်အလတ်သုံးစွဲရမည်ဟူသော လမ်းညွှန်ချက်

ဤအာယသ်တော်၏ ဦးတည်မိန့်ကြားချက်သည် အခြားသူများဘက်သို့မဟုတ်ဘဲ ကိုယ်တော်မြတ် ﷺ ဘက်သို့သာ ဦးတည်မိန့်ကြားခြင်းဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ၏ အကြောင်းခံဖြင့် အုမ္မသ်တစ်ရပ်လုံးကို ထပ်ဆင့် ဦးတည်မိန့်ကြားခြင်းဖြစ်သည်။ အခြားသူတို့အား ပံ့ပိုးကူညီရာတွင် အတားအဆီးလည်း မဖြစ်၊ မိမိကိုယ်တိုင်အတွက်လည်း ဒုက္ခမရောက်စေသည့် နှစ်သက်လက်ခံဖွယ် သင်ကြားပေးမှုပင်ဖြစ်သည်။ ဤအာယသ်တော်၏ 'ရှားနေနုဇူးလ်' ကျရောက်လာသည့် ဖြစ်ရပ်တွင် အိဗ်နေမရ်ဒဝီယဟ်သည် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နမတ်စ်အူဒ် ؓ သခင်၏ ဆင့်ပြန်ချက်ကိုလည်းကောင်း၊ ဗဂ်ဝီသည် ဟဇရသ်ဂျာဗိရ် ؓ သခင်၏ ဆင့်ပြန်ချက်ဖြင့်လည်းကောင်း ဖြစ်ရပ်တစ်ခုကို ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ ထံတော်ပါးတွင် လူငယ်တစ်ဦး အခစားဝင်ရောက်လာပြီး 'ကျွန်တော်မျိုး၏ မိခင်သည် ကိုယ်တော့်ထံမှ ကုရ်သာတစ်ထည် တောင်းခံပါသည်' ဟု လျှောက်ထားတောင်းခံလေသည်။ ထိုစဉ်က ကိုယ်တော်

မြတ် ﷺ ထံတော်တွင် ကိုယ်တော်၏ ခန္ဓာကိုယ်တော်၌ ဝတ်ဆင်ထားသည့် ကုရ်သာမှအပ အခြားမည်သည့် ကုရ်သာမျှ မရှိပေ။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ က ထိုလူငယ်အား 'အသင့်မိခင်၏ လိုအပ်ချက်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန် အဆင်ပြေစေမည့်အချိန် လာခဲ့ပါ'ဟု မိန့်ကြားတော်မူလိုက်သည်။ လူငယ်သည် အိမ်သို့ ပြန်သွားလေသည်။ ထို့နောက်တစ်ဖန် ပြန်လည်ရောက်ရှိလာပြီး 'ကျွန်တော်မျိုး၏ မိခင်က ကိုယ်တော်၏ ခန္ဓာကိုယ်တော်၌ ဝတ်ဆင်ထားတော်မူသည့် ကုရ်အာန်ကိုပင် ချီးမြှင့်တော်မူပါရန် တောင်းခံပါသည်'ဟု လျှောက်ထားရာ ဤသည်ကို ကြားပြီး ကိုယ်တော်မြတ် ﷺ သည် မိမိ၏ ခန္ဓာကိုယ်တော်မှ ကုရ်သာကို ချွတ်၍ ပေးတော်မူလိုက်လေသည်။ ကိုယ်တော်မြတ် ﷺ မှာ အင်္ကျီမရှိဘဲ ဗလာဖြစ်သွားတော့သည်။ နမာဇ် အချိန် ကျရောက်လာသည့်အခါ ဟာဇရသ်ဗိလားလ် ﷺ သခင်က အဇာန်ဆိုလိုက်သည်။ သို့ရာတွင် ကိုယ်တော်မြတ် ﷺ သည် အမြဲတမ်း ဓလေ့တော်အတိုင်း အပြင်သို့ ကြွလာခြင်းမရှိသည်ကို တွေ့ရသော အခါ လူတို့မှာ သောကဖြစ်သွားသည်။ အချို့လူတို့မှာ ကိုယ်တော်မြတ် ﷺ ၏ အဆောင်တော်အတွင်းသို့ ဝင်ရောက်စစေးကြလေသည်။ ထိုအခါ ကိုယ်တော်မြတ် ﷺ ၏ ခန္ဓာကိုယ်တော်၌ အင်္ကျီမရှိသည်ကို တွေ့မြင် ကြရလေသည်။ ဤဖြစ်ရပ်အပေါ် ဤအာယသ်တော် ကျရောက်လာခဲ့သည်။

မိမိကိုယ်တိုင် ပူဆွေးသောက ရောက်ရသည်အထိ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲမှု ပြုလိုက်သူတို့၏ အဆင့်အတန်း

ဤအာယသ်တော်အားဖြင့် မိမိကိုယ်တိုင် ပူဆွေးသောကနှင့် ဆင်းရဲမွဲတေသွားရသည်အထိ သုံးစွဲ ခြင်းများကို တားမြစ်ထားကြောင်း အပေါ်ယံအားဖြင့် ထင်ရှားပေသည်။ အေမာမ်သဖ်စီးရ် ကုရ်သုဗီသခင်က မိန့်ဆိုသည်မှာ ဤအမိန့်သည် သုံးစွဲပြီးနောက် ဒုက္ခများဖြင့် သောကရောက်ရှိလျက် မိမိ၏ သုံးစွဲခဲ့သည်ကို နောင်တရနေသော မွတ်ဆ္လင်မ်တို့၏ အခြေအနေအများစုအပေါ် မိန့်ကြားခြင်းဖြစ်သည်။ ကုရ်အာန်ကျမ်းတော် မှ مَحْسُورًا ဟူသော စာလုံးတွင် ဖော်ပြပါအချက်များကို ညွှန်းဆိုနေသည်။

တစ်ဖန် နောင်တွင် ကြုံတွေ့လာရမည့် ပူဆွေးသောကများကို စိုးရိမ်ကြောင့်ကြမှုမရှိဘဲ သတ္တိရှိရှိ သုံးစွဲမှုပြု[illegible] မိ[illegible]သားစု၏ ဝတ္တရားကိုလည်း ကျေပွန်နိုင်သူများဖြစ်ကြလျှင် ၎င်းတို့အတွက် အထက်ဖော်ပြပါ အမိန့်၌ မပါ[illegible]င်ပေ။ အကြောင်းမှာ တမန်တော်မြတ် ﷺ ၏ ဓလေ့တော်မှာ မနက်ဖြန်အတွက် တစ်စုံတစ်ရာ စုဆောင်းထားတော်မူခြင်းမရှိ။ ယနေ့ ရောက်ရှိလာသည့် ပစ္စည်းကို ယနေ့ပင် သုံးစွဲတော်မူလိုက်သည်။ များသောအားဖြင့် ဆာလောင်မှုနှင့် ငတ်မွတ်ခြင်းများလည်း ကြုံတွေ့ခဲ့ရသည်။ ဝမ်းဗိုက်တွင် ကျောက်တုံး ချည်ထားသည့် အဖြစ်ကိုလည်း ရင်ဆိုင်ခဲ့ရသည်။ ဆွဟာဗာတို့သည်လည်း ကိုယ်တော်မြတ် ﷺ ၏ ခေတ် သမယတွင် မိမိတို့၏ ဥစ္စာပစ္စည်းအားလုံးကို အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲခဲ့ကြသည်။ ကိုယ်တော်မြတ် ﷺ သည် ဤအချင်းအရာကို တားမြစ်တော်မမူခဲ့ပေ။ ၎င်းတို့အပေါ် ရှုတ်ချခြင်းလည်း ပြုတော်မမူခဲ့ပေ။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဤအာယသ်တော်မှ တားမြစ်ချက်သည် ဆင်းရဲချို့တဲ့

ခြင်း၊ ဝတ်မွတ်ဆာလောင်ခြင်းတို့ကို ခံနိုင်စွမ်းမရှိဘဲ သုံးစွဲပြီးမှ 'အကယ်၍ ကျွန်ုပ်တို့ မသုံးစွဲခဲ့လျှင် ကောင်းလေစွ' ဟု နောင်တရသူများအတွက် ဖြစ်သည်။ ဤသို့ ယူဆပြောဆိုလိုက်ခြင်းဖြင့် ၎င်းတို့ ပြုခဲ့သည့် ကောင်းမှုလုပ်ရပ်မှာ ပျက်စီးသွားလေတော့သည်။ ထို့ကြောင့် ထိုသို့ ပြုခြင်းကို တားမြစ်ခြင်း ဖြစ်သည်။

ချည်းကမ်းမဲ့ သုံးစွဲမှုကို တားမြစ်ခြင်း

ရှေ့၌ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို မစူးစမ်း မဆင်ခြင်ဘဲ မျက်စိစုံမှိတ်လျက် သုံးစွဲပြီး မနက်ဖြန် ဆင်းရဲနွမ်းပါးသူများက လာရောက်တောင်းခံသည်ဖြစ်စေ၊ (သို့) သာသနာရေးဆိုင်ရာ အရေးကြီး လိုအပ်ချက် တစ်စုံတစ်ရာ ဖြစ်ပေါ်လာသည်ဖြစ်စေ ၎င်းအား ပေးကမ်းရန်ပင် မစွမ်းနိုင်အောင် ဖြစ်သွားရတတ်သည်။ ထိုကဲ့သို့ စနစ်ဇယားမရှိဘဲ သုံးစွဲသူတို့နှင့် စပ်လျဉ်း၍ ဤအာယသ်တော်မှ တားမြစ်ခြင်းဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

ထိုသို့မဟုတ်ဘဲ သုံးစွဲရန် 'ဝါဂျိဗ်' ဖြစ်သော (မိသားစုအပေါ် သုံးစွဲခြင်း) ကို မပြုနိုင်ကြသူတို့၏ လုပ်ရပ်ကိုလည်း တားမြစ်ခြင်းဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

مَلُومًا مَّحْسُورًا

ဟူသော စာလုံးများနှင့် စပ်လျဉ်း၍ သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် مَلُوم သည် ပထမအခြေအနေဖြစ်သော စေးနဲတွန့်တိုခြင်းနှင့် ပတ်သက်သည်။ ဆိုလိုသည်မှာ အကယ်၍ လက်ကို စေးနဲတွန့်တိုခြင်းဖြင့် ပေးကမ်းခြင်းမှ ရုတ်သိမ်းလိုက်ပါလျှင် လူတို့က ၎င်းအား ရှုတ်ချအပြစ်တင်ကြပေမည်။

محسورًا

ဤစာလုံးနှင့် ပတ်သက်သည်မှာ ဒုတိယအခြေအနေများဖြစ်သည်။ ဆိုလိုသည်မှာ သုံးစွဲရာတွင် မိမိကိုယ်တိုင်ပင် ဆင်းရဲမွဲတေသွားသည်အထိ သုံးစွဲခြင်းပြုလိုက်ရာ ထိုသူသည် သောကဗျာပါဒဖြစ်ရသူ မောပန်းနွမ်းနယ်သူ ဖြစ်သွားရပေမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَا تَقْتُلُوٓا۟ أَوْلَـٰدَكُمْ خَشْيَةَ إِمْلَـٰقٍ ۖ نَّحْنُ نَرْزُقُهُمْ وَإِيَّاكُمْ ۚ إِنَّ قَتْلَهُمْ كَانَ خِطْـًٔا كَبِيرًا ﴿٣١﴾

၁၇ : ၃၁ ။ ။ ထို့ပြင် အသင်တို့သည် စီးပွားရေးကျပ်တည်းမှုကို စိုးရိမ်သောကြောင့် မိမိတို့၏ သားသမီးများအား မသတ်ဖြတ်ကြလေနှင့်။ (စင်စစ်) ငါအသျှင်မြတ်သည်ပင်လျှင် ၎င်းတို့နှင့် အသင်တို့အား စားနပ်ရိက္ခာကို ချီးမြှင့်ပေးသနားတော်မူပေသည်။ ဧကန်မလွဲ ၎င်းတို့အား သတ်ဖြတ်ခြင်းမှာ အလွန်ကြီးလေးသော ပြစ်မှုပင် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် မိမိတို့၏ သားသမီးများကို ဆင်းရဲမွဲတေမည်ကို ကြောက်ရွံ့စိုးရိမ်လျက် မသတ်ဖြတ်ကြကုန်လင့်။ (အကြောင်းမှာ အရာအားလုံးတို့အား ရိဇိရိက္ခာပေးသူမှာ ငါအသျှင်မြတ်သာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။) ငါအသျှင်မြတ်သည် ၎င်းတို့အားလည်း ရိဇိရိက္ခာပေးတော်မူသည်။ အသင်တို့အားလည်း ရိဇိရိက္ခာပေးတော်မူသည်။ (အကယ်၍ ရိဇိရိက္ခာသည် အသင်တို့က ပေးသည်ဆိုလျှင် ဤအချက်များကို စဉ်းစားပါ။) ကေန်အမှန် ၎င်းတို့အား သတ်ဖြတ်ခြင်းသည် အလွန်ကြီးလေးသည့် အပြစ် 'ဂိုနာဟ်'ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ရှေ့၌ ပြီးခဲ့သည့် အာယသ်တော်များတွင် လူမှုဝတ္တရားများဆိုင်ရာ လမ်းညွှန်မှုများကို တင်ပြခဲ့သည်။ ယခု ဤဆဋ္ဌမမြောက်အမိန့်သည် အမှောင်ခေတ်လူသားတို့၏ မတရားမှုပြုသော ဓလေ့တစ်ခုကို ပြုပြင်ရန် ဖြစ်သည်။ ဇမာနဟ်ဂျာဟိလီယသ် (အမှောင်ခေတ်) တွင် အချို့လူတို့သည် ကလေးမွေးဖွားသည်နှင့် မိမိတို့၏ သားသမီးများကို အထူးသဖြင့် သမီးမိန်းကလေးများကို '၎င်းတို့အတွက် သုံးစွဲရန်မှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ်တော့မည်'ဟူသည့် စိုးရိမ်စိတ်ဖြင့် သတ်ဖြတ်ခဲ့ကြသည်။ ဖော်ပြပါအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အသိတရားမရှိခြင်းများကို ဖော်ပြထားသည်မှာ 'အသင်တို့အား 'ရိဇိရိက္ခာပေးကမ်းနေသူမှာ မည်သူများပါနည်း။ ဤရိဇိရိက္ခာ ပေးကမ်းချီးမြှင့်ခြင်းသည် ထိုအလ္လာဟ်အသျှင်မြတ်၏ လက်တော်၌သာ ရှိသည်။ အသင်တို့အားလည်း ထိုအသျှင်မြတ်ကပင် ရိဇိရိက္ခာ ပေးသနားတော်မူပါသည်။ အသင်တို့ ပေးကမ်းနေသူတို့အားလည်း ထိုအသျှင်မြတ်ကပင် ရိဇိရိက္ခာ ပေးကမ်းတော်မူလိမ့်မည်။ အဘယ်ကြောင့် အသင်တို့သည် ဤကြောင့်ကြမှုဖြင့် မိမိတို့၏ သားသမီးများကို သတ်ဖြတ်သူ တရားခံဖြစ်စေရပါသနည်း။'

ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်သည် ရိဇိရိက္ခာပေးသနားတော်မူခြင်းအကြောင်း တင်ပြရာ၌ သားသမီးများကို ရှေ့တန်းတင်လျက် ရှေ့မှ ဖော်ပြထားသည်။ ဤသည်မှာ 'ငါအသျှင်မြတ်သည် ဦးစွာပထမ ၎င်းတို့အားလည်းကောင်း၊ ထို့နောက်တစ်ဖန် အသင်တို့အားလည်းကောင်း ပေးတော်မူမည်။ အဓိကဆိုလိုရင်းမှာ 'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ မိသားစုအားလည်းကောင်း၊ အခြားသော အားအင်ချည့်နဲ့သူများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များအား ကြည့်ရှုစောင့်ရှောက်သူများအား ကြည့်တော်မူသည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အား မိမိ၏ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်နှင့် အခြားသော သူများအား ကူညီပံ့ပိုးနိုင်မည့် အချက်ဖြင့် ပေးတော်မူသည်။ ဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ-

إِنَّمَا تُنْصَرُوْنَ وَتُرْزَقُوْنَ بِضُعَفَائِكُمْ

'အသင်တို့၏ အားအင်ချည့်နဲ့သူကို အကြောင်းခံ၍ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အသင်တို့အဖို့ ကူညီစောင်မမှုများ ရောက်ရှိလာသည်။ အသင်တို့အား ရိဇိရိက္ခာများ ပေးကမ်းခြင်းများ ဖြစ်လာရသည်။

မိသားစုတို့၏ တာဝန်ခံမိဘများအဖို့ ရရှိသမျှတို့မှာ ထိုအားအင်ချည့်နဲ့သူ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အကြောင်းခံဖြင့်သာ ရရှိခြင်းဖြစ်ကြောင်း သိရှိရပေသည်။

ဓမ္မသတ် ။ ။ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအမိန့်သည် လောကီရေးရာတို့၏ ဖမ်းစားခြင်းခံရသူတို့အတွက်လည်း ဖြစ်ပေသည်။ ကလေးများစွာ မွေးဖွားမည်ကို စိုးရိမ်၍ ကလေးမဖွားရန် ထိန်းချုပ်ခြင်းနှင့် သန္ဓေတားဆီးခြင်းများမှာ မျက်မှောက်ခေတ်၌ ရေပန်းစားသည့် လုပ်ရပ်များပင် ဖြစ်သည်။ ဤစရိုက်များ၏ အရင်းအမြစ်သည်လည်း အမှောင်ခေတ်နည်းစနစ်များအပေါ်၌ အခြေခံခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ရိဇ်ဇ်ရိက္ခာ၏ တာဝန်သည် မိမိသာဖြစ်သည်ဟု ယူဆခြင်းပင် ဖြစ်သည်။ စင်စစ် ဤလုပ်ရပ်သည် သားသမီးများအား သတ်ဖြတ်သည့် အပြစ် 'ဂိုနာဟ်' နှင့် တန်းတူမဟုတ်သော်လည်း ဤလုပ်ရပ်များသည် အပြစ်ထိုက်သော လုပ်ရပ်များ ဖြစ်သည်မှာ သံသယမရှိပါချေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَا تَقْرَبُوا الزِّنٰٓى اِنَّهٗ كَانَ فَاحِشَةً ۗ وَسَآءَ سَبِيْلًا ﴿٣٢﴾

၁၇ : ၃၂ ။ ။ ၄င်းပြင် အသင်တို့သည် 'ဇေနာ' (ကာမအမှု) ၏ အနီးသို့ပင် မချဉ်းကပ်ကြလေနှင့်။ ကေန်စင်စစ် ယင်း 'ဇေနာ' (ကာမဂုဏ်ကျူးလွန်မှု) သည် အလွန်စက်ဆုပ်ဖွယ် ဖြစ်သည့်အပြင် အလွန်ဆိုးဝါးလှသော လမ်းစဉ်လည်း ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် အသင်တို့သည် 'ဇိနာ' (ကာမေသုမိစ္ဆာစာရ ကျူးလွန်ခြင်းအနားသို့ပင် မသွားကြလေနှင့်။) ထို 'ဇိနာ' အမှု၏ ရှေ့ပြေးအသေးအဖွဲ့ကိစ္စများကိုပင် ရှောင်ကြဉ်ကြကုန်။) ကေန်အမှန် ယင်းကိစ္စသည် (ကိုယ်တိုင်လည်း) ရှက်ဖွယ်လိလိ ကိစ္စရပ်ဖြစ်ပြီး (အခြားသော ပျက်ပြားစေခြင်းများ၏ ရှုထောင့်မှလည်း) အလွန်ဆိုးရွားသည့် လမ်းစဉ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤကိစ္စအပေါ်၌ ရန်လိုမှုများ၊ ပြဿနာများနှင့် ဆုံးရှုံးမှုများ၏ အကျိုးဆက် ဆင့်ပွားဖြစ်ရှိလေ့ရှိသောကြောင့်ပင် ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤသတ္တမမြောက် အမိန့်သည် 'ဇိနာ' ၏ 'ဟရာမ်' ဖြစ်ခြင်းအကြောင်း ဖြစ်သည်။ ထို 'ဇိနာ' အမှု၏ 'ဟရာမ်' ဖြစ်ကြောင်းကို အကြောင်းခံနှစ်ခုဖြင့် တင်ပြထားသည်။ ပထမအကြောင်းခံမှာ အရှက်တရားမဲ့ခြင်း ဖြစ်သည်။ လူသားတွင် ဟီရိသြတပ္ပ အရှက်တရား မရှိပဟုဆိုလျှင် ထိုလူသားသည် လူဖြစ်ရခြင်း

အကျိုးများမှ နဖူးစာမဲ့သူ ဖြစ်သွားသည်။ ထိုလူသားသည် အကောင်းအဆိုးကိုလည်း ခွဲခြားတော့မည် မဟုတ်ပေ။ ထိုအချက်ကို အဓိပ္ပာယ်ပေါ်လွင်စေရန်အတွက် ဟဒီးစ်တော်တွင် မိန့်ကြားထားသည်မှာ-

اذا فاتك الحياء فافعل ماشئت

'အသင့်၌ အရှက်တရားမရှိတော့သည့်အခါ မကောင်းမှုတစ်ခုခုအတွက် အတားအဆီးသည် မည်သည့် အကာအကွယ်မျှ မရှိတော့ဟုဆိုလျှင် အသင် လုပ်လိုရာကို လုပ်ပါ' ဟု ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ သည် အရှက်သိက္ခာတရားကို အီမာန်၏ အရေးပါသည့် အစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်တော်မူခဲ့ခြင်း ဖြစ်သည်။ ၎င်းမှာ الحياء شعبة من الايمان ဖြစ်သည်။ *[ဘုခါရီကျမ်း]*

ဒုတိယအကြောင်းတရားမှာ လူ့အသိုင်းအဝိုင်း၌ ပြဿနာအရှုပ်အထွေးများ ဖြစ်ပွားစေခြင်းပင် ဖြစ်သည်။ ထိုပြဿနာအရှုပ်အထွေးများသည် ဤ 'ဇိနာ' အမှုကိစ္စအားဖြင့် ပြန့်နှံ့သွားခြင်းဖြစ်သည်။ ယင်း 'ဇိနာ' အမှုကိစ္စကြောင့် ပြဿနာအရှုပ်အထွေးများ ဖြစ်ပေါ်လာခြင်းမှာ အတိုင်းအတာမရှိအောင်ပင် ဖြစ်လေ့ရှိသည်။ ထို 'ဇိနာ' ၏ ဆိုးကျိုးသည် တစ်ခါတစ်ရံ မျိုးနွယ်စုတစ်စုလုံး၊ လူမျိုးတစ်မျိုးလုံးကိုပင် ပျက်စီးစေသည်။ ပြဿနာအရှုပ်အထွေးများ၊ ခိုးဝှက်မှုများ၊ လုယက်မှုများနှင့် သတ်ဖြတ်မှု စသော ဖြစ်ရပ်များ မျက်မှောက်ခေတ် ဤကမ္ဘာတွင် နေရာအနှံ့အပြား ဖြစ်ပွားနေရခြင်း၏ စစ်မြစ်ကို ကြည့်လိုက်ပါလျှင် ဖြစ်ရပ်တစ်ဝက်ကျော်မှာ ဤ 'ဇိနာ' အမှုကို ကျူးလွန်သည့် အမျိုးသားနှင့် အမျိုးသမီးတို့ပင် ဖြစ်ပေသည်။ ဤပြစ်မှုသည် အမှန်စင်စစ် 'ဟုကူကွလ်အိဗားဒ်' (လူသားများနှင့် သက်ဆိုင်သည့် ဝတ္တရားများ) နှင့် ဆက်နွယ်ပတ်သက်ခြင်း မရှိပေ။ သို့ရာတွင် ဤနေရာ၌ 'ဟုကူကွလ်အိဗားဒ်' (လူသားများနှင့် သက်ဆိုင်သည့် ဝတ္တရား) များတွင် အငွေ့အသက် သက်ရောက်စေသည့် မြောက်မြားစွာသော ပြစ်မှုများကို သယ်ဆောင်လာသော ပြစ်မှုဖြစ်သည်။ ထို့နောက် သတ်ဖြတ်မှုများ၊ ဆုံးရှုံးနစ်နာမှုများပေါ်၌ ရပ်တည်စေခြင်း၊ ထို့ကြောင့် ဤသို့ တင်ပြခြင်းဖြစ်နိုင်သည်။ ထို့ကြောင့် အစ္စလာမ်သာသနာသည် ဤပြစ်မှုအား အခြားသော ပြစ်မှုအားလုံးတို့ထက် အဆိုးရွားဆုံးသော ပြစ်မှုအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ အကြောင်းမှာ ဤပြစ်မှုသည် အခြားမြောက်မြားစွာသော ပြစ်မှုများကို မိမိအတွင်း၌ ဝင်ဆံ့ကိန်းအောင်းစေနိုင်သောကြောင့် ဖြစ်သည်။

ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'မိုးကောင်းကင်ခုနစ်ထပ်နှင့် မြေခုနစ်ထပ်တို့သည် အိမ်ထောင်ပြုပြီးသူ (အိမ်ထောင်ရှင်) 'ဇိနာ' ပြုသူအား 'လအ်နတ်' ပြုနေပေသည်။ 'ဂျဟန္နမ်' ငရဲဘုံတွင် ဤသို့သောသူများ၏ အရှက်တန်ဆာများမှ 'ဂျဟန္နမ်' ကျခံရသူ ငရဲသားများပင် စိတ်ညစ်ရလောက်အောင် ပြင်းထန်သည့် အနံ့ဆိုးများ ပျံ့ထွက်နေပေမည်။ ထို့နောက် မီး၏ အပြစ်ဒဏ်နှင့်အတူ ၎င်းတို့၏ သေးသိမ်မှုများသည် 'ဂျဟန္နမ်' တွင် ဖြစ်လျက်ရှိနေပေမည်။

အခြားဟဒီးစ်တော်တစ်ရပ်တွင် ဟဇရသ်အဗူဟုရိုင်ရာဟ် ؓ သခင်၏ ဆင့်ပြန်ချက်၌ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ဇိနာ' ပြုသောသူသည် 'ဇိနာ' ပြုသည့်အချိန် မုအ်မင်နိမဟုတ်ပေ။ ခိုးဝှက်မှု

ပြုသူသည် ခိုးဝှက်နေသည့်အချိန်တွင် မုအ်မင်န်မဟုတ်ပေ။ ထို့နောက် အရက်သေစာ သောက်သုံးသူနေသည် အရက်သောက်နေချိန်တွင် မုအ်မင်န်မဟုတ်ပေဟု ဖြစ်သည်။ ဤဟဒီးစ်တော်သည် ဘိုခါရီနှင့် မွတ်စ္စလင်မ် ကျမ်းများ၌ လာရှိထားပြီး ၎င်း၏ 'ရှရဟ်' ရှင်းလင်းချက်သည် အဘူဒါဝူးဒ်ကျမ်း၌ လာရှိသည်မှာ ထိုပြစ်မှု များကို ကျူးလွန်သူသည် အခိုပါပြစ်မှု ကျူးလွန်နေချိန်တွင် ၎င်း၏ နှလုံးသားမှ အီမာန်သည် ထွက်၍ အပြင်သို့ ရောက်ရှိသွားလေသည်။ ထို့နောက် ထိုပြစ်မှုမှ ရပ်တန့်သွားသည့်အခါ အီမာန်သည် ပြန်လည် ရောက်ရှိလာပေသည်။ *[မဇ္ဇဟရီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَا تَقْتُلُوا النَّفْسَ الَّتِي حَرَّمَ اللَّهُ إِلَّا
بِالْحَقِّ ۗ وَمَن قُتِلَ مَظْلُومًا فَقَدْ جَعَلْنَا لِوَلِيِّهِ سُلْطَانًا فَلَا يُسْرِف
فِّي الْقَتْلِ ۖ إِنَّهُ كَانَ مَنصُورًا ﴿٣٣﴾

၁၇ : ၃၃ ။ ။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်က တားမြစ်ထားတော်မူသော အသက်ဇီဝိန်ကို မှန်ကန်သောအကြောင်း မရှိဘဲလျက် မသတ်ဖြတ်ကြလေနှင့်။ စင်စစ် မည်သူမဆို မတရားသတ်ဖြတ်ခြင်း ခံရသည်ရှိသော် ငါအသျှင်မြတ်သည် ထိုသူ၏ အမွေအစားအမွေခံအား (အရေးဆိုခွင့်) အာဏာကို ချီးမြှင့်ထားတော်မူခဲ့လေသည်။ သို့ရာတွင် ယင်း (အမွေစားအမွေခံ) သည် (အလ္လာဟ်အသျှင်မြတ်၏) ကူညီစောင်မမှုကို ရရှိပြီး ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် အကြင်သူ (အား သတ်ဖြတ်ရန်) အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်' ပြုထားသည်ဆိုလျှင် ၎င်းသူအား မသတ်ဖြတ်ရပေ။ သို့ရာတွင် အမှန်တရားအပေါ်၌ (သတ်ဖြတ်ခြင်း ပိုင်သည်။ ဆိုလိုသည်မှာ ရှရီအသ်၏ အမိန့်ပညတ်ချက်အရ သတ်ဖြတ်ခြင်းသည် ဝါဂျိဗ် (သို့) ပိုင်ခြင်း ဖြစ်ပါလျှင် ထိုသတ်ဖြတ်ခြင်းသည် (အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်' ပြုထားသည်များတွင် မပါဝင်ပါချေ။) ထို့နောက် အကြင်သူသည် မတရားသတ်ဖြတ်ခံရပါလျှင် ငါအသျှင်မြတ်သည် ထိုသတ်ဖြတ်ခံရသူ၏ အမွေခံ (အမွေခံအစစ် (သို့) အမိန့်အရ အမွေခံဖြစ်သူ) ကို လုပ်ပိုင်ခွင့်ပေးထားသည်။ ('ကိဆွားဆ်' အသေစားသေခြင်းကို ရယူရန် ဖြစ်သည်) သို့ရှိရာ ၎င်းအား သတ်ဖြတ်ခြင်းနှင့် စပ်လျဉ်း၍ အပြစ်ပေးရာ၌ (ရှရီအသ်တရားတော်၏ ပြဋ္ဌာန်းမှုထက်) လွန်ကျူးမှုမဖြစ်စေရ။ (ဆိုလိုသည်မှာ သတ်ဖြတ်သူတရားခံအား ၎င်းသူသတ်ဖြတ်ကြောင်း ခိုင်မာသည့် အထောက်အထားမရှိဘဲ သတ်ဖြတ်ခြင်းမပြုရ။ ထို့အပြင် သတ်ဖြတ်မှု၌ မပါဝင်သည့် ၎င်း၏ ဆွေမျိုးသားချင်း စသည်တို့အား လက်စားချေရန် ပြင်းပြသောစိတ်ဖြင့် သတ်ဖြတ်ခြင်း မပြုရ။ လူသတ်

တရားခံအားလည်း အသေစားသေစေသည့် သဘောဖြင့် သတ်ဖြတ်ခြင်းသာပြုရမည်။ နား၊ နှာခေါင်း (သို့) ခြေ၊ လက် စသည်တို့ကို ဖြတ်တောက်ခြင်းမပြုရ။ အဘယ်ကြောင်ဆိုသော်) ထိုအမွေစားအမွေခံသည် ('ကိဆွားဆ်'အသေစားသေစေသော ခွင့်ပြုချက်အရ သတ်ဖြတ်ရာ၌ ဘောင်ကို ကျော်လွန်သူမဟုတ်လျှင် တရားတော်အရ) အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မမှုကို ရရှိထိုက်သူဖြစ်သောကြောင့်ပင် ဖြစ်သည်။ (အကယ်၍ ထိုအမွေစားအမွေခံသည် လွန်လွန်ကျူးကျူး ပြုလိုက်ပါလျှင် တစ်ဖက်မှ အသေစားသေစေခြင်း ခံရသူအုပ်စုသည် 'မဇ္ဇလူးမ်'မတရားပြုခံရသူများဖြစ်၍ အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မမှုကို ထိုက်သူများ ဖြစ်သွားကြပေမည်။ ထို့ကြောင့် အသတ်ခံရသူ၏ အမွေစားအမွေခံအဖို့ မိမိ၏ ကူညီစောင်မခြင်း ခံထိုက်သည့် ဂုဏ်ကို တန်ဖိုးထားရမည်။ စည်းလွတ်ဘောင်လွတ်ပြုလျက် ထိုကျေးဇူးတော်ကို အကျိုးမဲ့ ဖြစ်အောင် မပြုလုပ်ရပေ။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဤအဋ္ဌမမြောက်အမိန့်သည် မတရားသတ်ဖြတ်ခြင်းသည် 'ဟရာမ်'ဖြစ်ကြောင်း တင်ပြသည့် အမိန့် ဖြစ်သည်။ ဤပြစ်မှုသည် ကြီးမားသည့် ပြစ်မှုဖြစ်ကြောင်း ကမ္ဘာပေါ်ရှိ အဖွဲ့အစည်းများ၊ ဘာသာသာသနာ များနှင့် အုပ်စုတိုင်းက လက်ခံကြသည်။ ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ တစ်လောကလုံးအား ဖျက်ဆီးခြင်းသည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် မုအ်မင်န်တစ်ဦးအား မတရား သတ်ဖြတ်ခြင်းထက် လွယ်ကူပေါ့ပါးခြင်း ရှိသည်ဟု ဖြစ်သည်။ အချို့ဆင့်ပြန်ချက်များတွင် ဤမိန့်ကြား ချက်နှင့်အတူ 'အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ မိုးခုနစ်ထပ်မြေခုနစ်ထပ်၌ နေထိုင်ကြသူတို့သည် မုအ်မင်န် တစ်ဦးတစ်ယောက်အား မတရားသတ်ဖြတ်ခြင်း၌ ပါဝင်ကြမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ အားလုံးကို 'ဂျဟန္နမ်'ငရဲဘုံ၌ ဝင်ရောက်စေတော်မူလိမ့်မည်'ဟုလည်း ပါရှိသည်။

[အိဗ်နုမာဂျာဟ်ကျမ်း၊ ဗိုင်ဟကီကျမ်း။]

အခြားဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားသည်မှာ မွတ်စလင်မ်တစ်ဦးအား မတရားသတ်ဖြတ်ရာတွင် သတ်ဖြတ်သူအား စကားတစ်လုံးဖြင့်ပင် ကူညီခဲ့သူ ဖြစ်မည်ဆိုလျှင် ထိုသူ့အား 'ဟရှရ်'ကွင်းပြင်၌ အလ္လာဟ်အသျှင်မြတ် ရှေ့တော်သို့ ရောက်သည့်အခါ ၎င်း၏ နဖူးတွင်

ائس من رحمة الله

'ဤသူသည် အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်'ကရုဏာတော်မှ မက်ကင်းသူအဖြစ် ပြုခံရသည်' ဟု ရေးသားထားပေမည်။

[မဇ္ဇဟရီကျမ်း]

ဗိုင်ဟကီသည် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သခင်နှင့် ဟဇရသ်မုအာဝိယဟ် ﷺ သခင် တို့၏ ဆင်ပြန်ချက်ကို ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ ပြစ်မှုတိုင်းအတွက်

အလ္လာဟ်အသျှင်မြတ်က ခွင့်လွှတ်ချမ်းသာခွင့် ပေးတော်မူမည်ကို မျှော်လင့်ချက် ရှိသည်။ သို့သော်လည်း 'ကုဖွ်ရ်'၏ အခြေအနေ၌ သေဆုံးသွားခြင်း (သို့) သိလျက်နှင့် မွတ်စ္စလင်မ်တစ်ဦးအား မတရားသတ်ဖြတ်ခြင်းတို့၏ အပြစ်များ မပါဝင်ပေ။

မတရားသတ်ဖြတ်ခြင်း၏ ဖွင့်ဆိုချက်

အေမာမ်ဘိုခါရီနှင့် မွတ်စ္စလင်မ်တို့သည် ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်နမတ်စ်အူဒ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည်မှာ အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း တည်ရှိတော်မူကြောင်းနှင့် ငါကိုယ်တော်သည် ရစူလ်တမန်တော်ဖြစ်ကြောင်း မြွက်ဟဝန်ခံသူ မွတ်စ္စလင်မ်တစ်ဦးအား အခြေအနေ (၃) ရပ်မှအပ သတ်ဖြတ်ခြင်းမပိုင်။ ထိုအခြေအနေ (၃) ရပ်ဆိုသည်မှာ-

(၁) အိမ်ထောင်ပြုပြီးသည့် အိမ်ထောင်ရှင်ဖြစ်ပါလျက် 'ဇိနာ' ကျူးလွန်သူ (ရှရီအသ်တရားတော်အရ ၎င်းသူ၏ အပြစ်ဒဏ်သည် ကျောက်ခဲများဖြင့် ပစ်ပေါက်၍ သတ်ဖြတ်ခြင်း) ဖြစ်သည်။

(၂) မွတ်စ္စလင်မ်တစ်ဦးအား မတရားသတ်ဖြတ်သူ (၎င်း၏ အပြစ်ဒဏ်မှာ အသတ်ခံရသူ၏ အမွေစားအမွေခံသည် ၎င်းအား အသေစားသေစေခြင်းအဖြစ် သတ်ဖြတ်ခြင်းပြုနိုင်သည်)

(၃) အစ္စလာမ်သာသနာတော်မှ 'မုရ်သဒ်' ကျောခိုင်းစွန့်ခွာ၍ သာသနာမဲ့ဖြစ်သွားသူ (၎င်း၏ အပြစ်ဒဏ်သည်လည်း သတ်ဖြတ်ခြင်းဖြစ်သည်။)

အသေစားသေစေသည့် အခွင့်အရေးသည် မည်သူ့တွင် ရှိပါသနည်း။

ဖော်ပြပါအာယသ်တော်တွင် ဖော်ပြထားသည်မှာ ဤအခွင့်အရေးသည် အသတ်ခံရသူ၏ အမွေစားအမွေခံကသာ ရရှိပေမည်။ အကယ်၍ အသတ်ခံရသူ၏ သားချင်းများအနက် မည်သူမှမရှိပါက အစ္စလာမ့်အုပ်ချုပ်ရေးခေါင်းဆောင်သည် ဤအခွင့်အရေးကို ရရှိပေမည်။ အကြောင်းမှာ ၎င်းသည်လည်း ရှုထောင့်တစ်ခုမှ မွတ်စ္စလင်မ်အားလုံးတို့၏ 'ဝလီ' (အုပ်ထိန်းသူ၊ ပိုင်ရှင်) ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ဖွင့်ဆိုချက်အနှစ်ချုပ်တွင် 'အမွေခံအစစ် (သို့) အမိန့်အရ အမွေခံဖြစ်သူ' ဟု ရေးသားထားခြင်း ဖြစ်သည်။

မတရားမှုအား မတရားမှုဖြင့် မတုန့်ပြန်ရ၊ မျှတမှုဖြင့် တုန့်ပြန်ရမည်၊ တရားခံ၏ အပြစ်ပေးခြင်း၌လည်း တရားမျှတမှုကို ထောက်ရှုရမည်၊

فلا يسرف في القتل

သည် အစ္စလာမ့်ဥပဒေ၏ အထူးလမ်းညွှန်မှုတစ်ရပ် ဖြစ်သည်။ ထိုလမ်းညွှန်မှုအားဖြင့် အကျိုးသက်ရောက်သည်မှာ မတရားမှုအား မတရားမှုဖြင့် ပြန်လည်တုန့်ပြန်ခြင်း မပိုင်။ အစားတုန့်ပြန်ခြင်း၌လည်း

တရားမျှတမှုကို ထောက်ရှုရန် အရေးကြီးသည်။ အသတ်ခံရသူ၏ အမွေစားအမွေခံသည် တရားမျှတမှုဖြင့် မိမိ၏ အသတ်ခံရသူအတွက် အစားယူခြင်းကို တရားတော်မှ ပြဋ္ဌာန်းထားသည့် 'ကိဆွားဆ်' (အသေစား သေစေခြင်း) ပြုလိုပါလျှင် ရှရီအသ်တရားတော်၏ ဥပဒေသည် ၎င်းအဖို့ တာဝန်ဖြစ်သွားသည်မှာ ဤသူသည် 'ကူညီစောင်မခြင်း ခံထိုက်သူ'ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ကူညီစောင်မသူဖြစ်ပေမည်။ အကယ်၍ ၎င်းသည် လက်စားချေလိုစိတ် ပြင်းပြစွာဖြင့် 'တရားတော်အရ အသေစားသေစေခြင်း' ဘောင်ကို ကျော်လွန်၍ လွန်လွန်ကျူးကျူး ပြုလိုက်ပါလျှင် ထိုသူသည် 'မတရားပြုခံရသူ' ဖြစ်မည့်အစား 'မတရားပြုသူ' ဖြစ်သွားပေမည်။ 'မတရားပြုသူ' သည် 'မတရားပြုခံရသူ' ဖြစ်သွားပေမည်။ ဤသို့ဖြင့် အခြေအနေမှာ ပြောင်းပြန်ဖြစ်သွားပေလိမ့်မည်။ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ အမိန့်ဥပဒေတို့သည် ထိုသူ့အား ကူညီစောင်မရမည့်အစား တစ်ဖက်အုပ်စုကိုသာ ကူညီစောင်မပေတော့မည်။ ၎င်းတို့အား မတရားမှုပြုခံရခြင်းမှ ကာကွယ်ပေလိမ့်မည်။

အာရပ်နိုင်ငံတွင် 'ဂျာဟိလိယသ်'အမှောင်ခေတ်က ဓလေ့ရှိသည်မှာ လူတစ်ဦး အသတ်ခံရပြီဆိုလျှင် လက်စားချေရန်အတွက် သတ်ဖြတ်သူ၏ ဆွေမျိုးများ (သို့) အပေါင်းအပါ မိတ်သင်္ဂဟများအနက် တွေ့ရာလူကို သတ်ဖြတ်လေ့ရှိခဲ့ကြသည်။ အချို့နေရာများတွင် အသတ်ခံရသူသည် အကြီးအကဲတစ်ဦးဦး ဖြစ်ပါက တုန့်ပြန်လက်စားချေရာ၌ လူသတ်သမားတစ်ဦးတည်းကိုသာ 'ကိဆွားဆ်' (အသေစားသေစေ ခြင်း) ဖြင့် လုံလောက်သည်ဟု မယူဆဘဲ လူတစ်ဦး အသတ်ခံရခြင်း၏ အစားကို နှစ်ဦး၊ သုံးဦး (သို့) ထို့ထက်ပို၍ သတ်ဖြတ်လေ့ရှိခဲ့ကြသည်။ အချို့လူတို့မှာမူ လူသတ်သူအား 'အသေစားသေစေ' တုန့်ပြန် သတ်ဖြတ်ရာတွင် သတ်ဖြတ်ခြင်းနှင့်ပင် အားမရဘဲ ၎င်း၏ နား၊ နှာခေါင်း စသည်တို့ကို ဖြတ်တောက်ခြင်း ပြုလေ့ ရှိခဲ့ကြသည်။ ဤအရာအားလုံးတို့သည် အစ္စလာမ့်နည်းအရ 'အသေစားသေစေသည့်' အပြစ်ဒဏ်၏ အတိုင်းအတာထက် ကျော်လွန်၍ 'ဟရာမ်'ဖြစ်သွားသည်။ ထို့ကြောင့်

فلا يسرف فى القتل

ဟူသော အာယသ်တော်တွင် ဤအရာအားလုံးကို တားမြစ်ထားခြင်းဖြစ်သည်။

မှတ်သားဖွယ်ကြောင်းရပ်တစ်ခု

မုဂ်ျဆဟိဒ်အမောမ်အချို့၏ ရှေ့မှောက်တွင် လူတစ်ဦးသည် ဟဂ်ျဂျားဂ်ျဗင်န် ယူစွဖ်၏ မကောင်း ကြောင်း စွပ်စွဲပြောဆိုမှုများ ပြုလေသည်။ ၎င်း၏ ပြောဆိုချက်မှာ ဟဂ်ျဂျားဂ်ဗင်န်ယူစွဖ်သည် အစ္စလာမ့် သမိုင်းတွင် မတရားမှုညဉ်းပန်းနှိပ်စက်မှုနှင့် အမည်အပျက်ဆုံး ဘုရင်ဖြစ်သည်။ ၎င်းသည် ထောင်ပေါင်း များစွာသော ဆွဟာဗာ ﷺ များနှင့် သာဗီအီးန် (ရဟ) တို့ကို မတရားသဖြင့် သတ်ဖြတ်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် ၎င်းအား မကောင်းပြောဆိုခြင်းသည် မကောင်းဖြစ်သည်ဟု လူတို့၏ အတွေးအာရုံ၌ မရှိကြပါ'ဟု ဖြစ်သည်။ မိမိရှေ့၌ ပြောဆိုနေသည်ကို ကြားရသည့် ပညာရှင်က ထိုသို့ ပြောဆိုနေသူအား 'အသင့်ထံတွင်

ဤစွပ်စွဲပြောဆိုချက်များအတွက် သက်သေ၊ အထောက်အထားတစ်စုံတစ်ရာ ရှိပါသလား' ဟု မေးရာ 'မရှိပါ' ဟု ဖြေကြားလေသည်။ ထိုအခါ ထိုပညာရှင်ကြီးက 'အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် မတရားပြုသူ ဟဂ်ျဂျားဂ်ျဗင်နိယူစွဖ်အား မတရားသဖြင့် အပြစ်မဲ့ အသတ်ခံရသူ ထောင်ပေါင်းများစွာတို့အတွက် လက်စားချေရန် အပြစ်ဒဏ်ပေးတော်မူပါလျှင် ဟဂ်ျဂျားဂ်ျအပေါ်၌ မတရားပြုသူအား လက်စားချေ အပြစ်ဒဏ်ပေးရန်ကိုလည်း ချန်လှပ်ထားတော်မူမည်မဟုတ်ပေ။ ဟဂ်ျဂျားဂ်ျအတွက် လက်စားချေခြင်းကို အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့ထံမှ အစားယူပေလိမ့်မည်။ အလ္လာဟ်အသျှင်မြတ်၏ ခုံရုံးတော်တွင် မကောင်းသော အပြစ်ကျူးလွန်သောသူများအပေါ် မိမိတို့လိုရာ စွပ်စွဲလျက် အပြစ်ပို့သူများအား တရားသေ လွတ်ပေးရန် မည်သည့်ကူညီစောင်မသူမျှ ရှိမည်မဟုတ်ပေ' ဟု ပြောဆိုလေသည်။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

وَلَا تَقْرَبُوا مَالَ الْيَتِيمِ إِلَّا بِالَّتِي
هِيَ أَحْسَنُ حَتَّىٰ يَبْلُغَ أَشُدَّهُ ۚ وَأَوْفُوا بِالْعَهْدِ ۖ إِنَّ الْعَهْدَ كَانَ مَسْئُولًا ﴿٣٤﴾

၁၇ : ၃၄ ။ ။ ထို့ပြင် အသင်တို့သည် ဖမဲ့ကလေးသူငယ်များ၊ (၎င်းတို့) လူလားမြောက် အရွယ်ရောက်သည်အထိ (၎င်းတို့၏ အကျိုးစီးပွားအလို့ငှာ) ကောင်းမွန်သော နည်းလမ်းမှအပ ၎င်း (ဖမဲ့ကလေး) တို့၏ ဥစ္စာပစ္စည်းအနီးသို့ပင် မချဉ်းကပ်ကြလေနှင့်။ ထို့ပြင် အသင်တို့သည် (မိမိတို့အချင်းချင်း တစ်ဖက်နှင့်တစ်ဖက် ထားရှိကြသော) ပဋိညာဉ် ကတိသစ္စာကို ကျေပွန်စွာ ဆောင်ရွက်ကြလေကုန်။ စေန်စင်စစ် ယင်းပဋိညာဉ် ကတိသစ္စာသည် စစ်ဆေးမေးမြန်းခြင်း ခံရမည့် အမှုကိစ္စပင် ဖြစ်ချေသည်။

وَأَوْفُوا الْكَيْلَ إِذَا كِلْتُمْ وَزِنُوا بِالْقِسْطَاسِ الْمُسْتَقِيمِ ۚ
ذَٰلِكَ خَيْرٌ وَأَحْسَنُ تَأْوِيلًا ﴿٣٥﴾

၁၇ : ၃၅ ။ ။ ထို့ပြင် အသင်တို့သည် (မိမိတို့ ရောင်းချသော ဝတ္ထုပစ္စည်း တစ်စုံတစ်ရာကို) တောင်း၊ တင်း၊ ခွက် (စသည့်) ပမာဏ (ဖြင့်) ခြင်တွယ်၍ (ရောင်းချ) ပေးသောအခါဝယ် မှန်မှန်ကန်ကန် ပေးကြလေကုန်။ ထို့ပြင် အသင်တို့သည် (အလေးချိန်ခွင် ဖြင့်) ချိန်တွယ်၍ ရောင်းချသောအခါတွင် (လည်း) မှန်ကန်သော (အလေး) ချိန်ခွင်ဖြင့် ချိန်တွယ် (၍ ပေး) ကြလေကုန်။ ဤသည်ပင်လျှင် (ဤပစ္စုပ္ပန်ဘဝ၌) အမွန်မြတ်ဆုံးပင် ဖြစ်သည့်အပြင် (နောင်တမလွန်ဘဝ၏) အကျိုးဆက်အားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် အသင်တို့သည် 'ယသီးမ်' မိဘမဲ့ကလေးသူငယ်များ၏ ပစ္စည်းများအနားသို့ပင် မချဉ်းကပ်ကြလေနှင့်။ (ထိုမိဘမဲ့တို့၏ ပစ္စည်းများအား သုံးစွဲခြင်း မပြုကြလေနှင့်။) ထိုသို့ မသုံးစွဲရခြင်းသည် ထိုမိဘမဲ့ကလေးတို့ (ရှရီအသ်တရားတော်အရ) အရွယ်ရောက်လာမည့်အချိန်အထိ ဖြစ်သည်။ ထို့နောက် အသင်တို့သည် (ပြုပိုင်သော) ကတိကဝတ်ပြုထားသည်များကို ကျေပွန်စွာ ထမ်းဆောင်ကြကုန်။ စင်စစ်အမှန် ကတိကဝတ်ပြုမှုသည် 'ကေယာမသ်' နေ့တွင် စစ်ကြောမေးမြန်းခြင်း ခံရမည်သာ ဖြစ်သည်။ (ထိုကတိကဝတ်ဟု ဆိုရာ၌ လူသားသည် အလ္လာဟ်အသျှင်မြတ်နှင့် ပြုခဲ့သည့် ကတိကဝတ်များလည်း ပါဝင်သည်။ ထို့ပြင် လူသားတစ်ဦးဦးနှင့် ပြုထားသည့် ကတိကဝတ်လည်း ပါဝင်ပေသည်။) ထို့နောက် အသင်တို့သည် (တိုင်းထွာ၍ ရောင်းချသည့် အရာများတွင်) ပြည့်ဝစွာ တိုင်းထွာလျက် ရောင်းချပေးကြကုန်။ ထို့နောက် ချိန်တွယ်သည့်အရာများကို မှန်ကန်သည့် ချိန်ခွင် (အလေး) ဖြင့် ချိန်တွယ် (ရောင်းချ) ကြလေကုန်။ ဤသို့ပြုခြင်းသည် (မူလစစ်မြစ်ကပင်) အကောင်းဆုံးဖြစ်ပြီး နောက်ဆုံးရလဒ်သည်လည်း အကောင်းဆုံးဖြစ်သည်။ ('အာခေရသ်' တမလွန်၌မူ ထိုသို့ပြုခြင်း၏ အကျိုးစဝါးစ်နှင့် ဒွန္နယာလောက၌မူ အရောင်းအဝယ်စီးပွားတိုးတက်စေပြီး ကောင်းသော အမည်များဖြင့် ကျော်ကြားမှု ရရှိပေမည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဤအာယသ်တော်နှစ်ပါးတွင် နဝမ၊ ဒသမနှင့် ဧကာဒသမ၊ အမိန့်များဖြစ်သော ဥစ္စာပစ္စည်းနှင့် စပ်လျဉ်းသည့် အမိန့်များ တင်ပြထားသည်။ ကုန်လွန်ခဲ့သော အာယသ်တော်များတွင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ဝတ္တရားအကြောင်း တင်ပြထားသည်။ ယခု ဤတင်ပြချက်တွင် ဥစ္စာပစ္စည်းများနှင့် စပ်လျဉ်းသည့် တာဝန်ဝတ္တရားများအကြောင်း ဖြစ်သည်။

မိဘမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများအပေါ် ဆင်ခြင်မှု

ဤနေရာ၌ ပထမအာယသ်တော်တွင် 'ယသီးမ်' မိဘမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ထိုပစ္စည်းများ သုံးစွဲခြင်းအပေါ် ထို 'ယသီးမ်' မိဘမဲ့တို့၏ ဥစ္စာပစ္စည်းများအနီးသို့ပင် မချဉ်းကပ်ကြလေနှင့်ဟု အလွန်လေးနက်စွာ ဆင်ခြင်ရန် အမိန့်တော်များဖြစ်သည်။ ဆိုလိုသည်မှာ ထိုသို့ သုံးစွဲခြင်းသည် ရှရီအသ်တရားတော်နှင့် ဆန့်ကျင်၍သော်လည်းကောင်း၊ (သို့) ကလေးများ၏ ကောင်းကျိုးနှင့် ဆန့်ကျင်၍သော်လည်းကောင်း မဖြစ်စေရ။ 'ယသီးမ်' မိဘမဲ့ကလေးများ၏ ဥစ္စာပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲမှုများ ပြုပေးကြရန် တာဝန်ရှိသူတို့အဖို့ အလွန်ဆင်ခြင်ခြင်းများဖြင့် ကိုင်တွယ်သုံးစွဲရန် အရေးကြီးသည်။ ကလေးများ၏ ကောင်းကျိုးကိုသာ ရှေးရှုလျက် သုံးစွဲကြရမည်။ မိမိတို့ဆန္ဒအလျောက် (သို့) အလေးမမူဘဲ သုံးစွဲခြင်းများ မပြုကြလေနှင့်။ ဤသို့ စီမံခန့်ခွဲနေခြင်းသည် ကလေးများ

အရွယ်ရောက်ပြီး မိမိတို့ ဥစ္စာပစ္စည်းများကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အချိန်အထိ ဖြစ်ပေမည်။ ဤသည်မှာလည်း အနည်းဆုံး ကလေးများ၏ အသက် (၁၅) နှစ်ဖြစ်၍ ထို့ထက်ပိုလျှင်မူ အသက် (၁၈) နှစ်အရွယ်တိုင်သည့်အထိ ဖြစ်သည်။ မပိုင်သည့်နည်းလမ်းဖြင့် မည်သည့်ပစ္စည်းကိုမျှ သုံးစွဲခြင်းမပိုင်ပေ။ ဤနေရာ၌ 'ယသီးမ်' မိဘမဲ့ကလေးများအတွက် အထူးသီးသန့်မိန့်ဆိုရခြင်းမှာ ထို 'ယသီးမ်' မိဘမဲ့ကလေးများသည် မည်သည့်စာရင်းအင်းကိုင်တွယ်နိုင်စွမ်း မရှိသောကြောင့် ဖြစ်သည်။ အခြားသူများအဖို့ ဤအကြောင်းကိုလည်း မသိရှိနိုင်ပေ။ မိမိ၏ ရပိုင်ခွင့်ကို တောင်းခံပေးမည့် မည်သူတစ်ဦးတစ်ယောက်မျှ မရှိပါလျှင် ထိုနေရာတွင် အလ္လာဟ်အသျှင်မြတ်၏ တောင်းခံမှုသည် အလွန်ပြင်းထန်မှုဖြစ်သွားပေသည်။ လူအများ၏ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ချွတ်ချော်မှုများဖြစ်လျှင် အပြစ် 'ဂိုနာဟ်' များ ပို၍ ကြီးမားသွားသည်။

ကတိကဝတ်ပြုထားသည်များကို ပြည့်ဝအောင် ထမ်းဆောင်ခြင်းဆိုင်ရာ အမိန့်

ဒသမမြောက်အမိန့်သည် ကတိကဝတ်ပြုထားသည်ကို ပြည့်ဝအောင် ထမ်းဆောင်ခြင်းဖြစ်သည်။ ကတိကဝတ်သည် နှစ်မျိုးနှစ်စားရှိသည်။

ပထမတစ်မျိုးမှာ ဗန္ဒာဟ်လူသားနှင့် အလ္လာဟ်အသျှင်မြတ်အကြား ပြုထားသည့် ကတိဖြစ်သည်။ ဥပမာ– 'အဇလ်' လောကတွင် ဗန္ဒာဟ်လူသားသည် 'မုချကေန် အလ္လာဟ် အသျှင်မြတ်သည် ကျွန်တော်မျိုး၏ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်ဖြစ်သည်' ဟု ပြုခဲ့သည့် ကတိကဝတ် ဖြစ်သည်။ ထိုကတိအတွက် အရေးကြီးသည့် သက်ရောက်မှုမှာ ထိုအသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာခြင်းနှင့် ထိုအသျှင်မြတ်၏ နှစ်မြို့မှုကို ရယူခြင်းတို့ပင် ဖြစ်သည်။ ဤကတိကဝတ်သည် မုအ်မင်န် ဖြစ်စေ၊ (သို့) ကာဖိရ်ပင် ဖြစ်စေ၊ 'အဇလ်' (ဝိညာဉ်လောက) တွင် လူသားတိုင်း ပြုခဲ့သည့် ကတိကဝတ်ဖြစ်သည်။ မုအ်မင်န်၏ အခြား ကတိကဝတ်မှာ لا إله إلا الله ၏ အကြောင်းခံဖြင့် ပြုခဲ့သည့်ကတိဖြစ်သည်။ ထိုကတိ၏ ရည်ရွယ်ချက်မှာ အသျှင်မြတ်၏ အမိန့်တော်အားလုံးကို အပြည့်အဝ လိုက်နာခြင်းနှင့် ထိုအသျှင်မြတ်၏ နှစ်မြို့မှုကို ရယူရန်ဖြစ်သည်။

ဒုတိယတစ်မျိုးမှာ ကတိတွင် ရှရီအသ်တရားတော်နှင့် မဆန့်ကျင်သည့် ကတိဖြစ်လျှင် ထိုကတိအား ပြည့်ဝအောင် ထမ်းဆောင်ရန်မှာ 'ဝါဂျိဗ်' ဖြစ်သည်။ အကယ်၍ ထိုကတိသည် ရှရီအသ်တရားတော်နှင့် ဆန့်ကျင်နေပါလျှင် မိမိနှင့် ကတိပြုထားသည့် တစ်ဖက်လူအား ထိုကတိအတိုင်း မပြုလုပ်တော့ပါဟု အသိပေးလျက် ဖျက်သိမ်းလိုက်ရန်မှာ 'ဝါဂျိဗ်' ဖြစ်သည်။ အကယ်၍ အုပ်စုနှစ်စုအကြား ကတိပြုထားရာတွင် အုပ်စုတစ်စုသည် ကတိအတိုင်း မဆောင်ရွက်ပါက တစ်ဖက်အုပ်စုသည် ရုံးတော်၌ လျှောက်ထားလျက် ထိုကတိအတိုင်း မဆောင်ရွက်သူအုပ်စုကို ကတိအတိုင်း ဆောင်ရွက်စေရန် အကျပ်ကိုင်ရမည်။ 'မုအာဟာဒဟ်' အပြန်အလှန် ကတိကဝတ်ပြုခြင်းဆိုသည်မှာ အုပ်စုနှစ်စုအကြား အလုပ်တစ်ခုခုကို ပြုလုပ်မည်။ (သို့) မပြုလုပ်ပါ' ဟူ၍ ကတိပြုခြင်းကို 'မုအာဟာဒဟ်' ကတိကဝတ်ပြုခြင်းဟု ခေါ်သည်။

လူတစ်ဦးသည် အခြားတစ်ဦးအား ကျွန်ုပ်သည် အသင့်အား မည်သည့်ပစ္စည်းတစ်ခု ပေးမည်။ (သို့) မည်သည့်အချိန် အသင်နှင့် တွေ့ဆုံမည်။ (သို့) အသင့်အား ကျွန်ုပ်သည် မည်သည့်အလုပ်ကို ပြုလုပ်ပေးမည်ဟု တစ်ဖက်တည်းမှ ကတိပြုခြင်းဖြစ်လျှင် ထိုကတိအတိုင်း ပြည့်ဝအောင် ထမ်းဆောင်ရန်မှာလည်း 'ဝါဂျိဗ်'ဖြစ်သည်။ အချို့ပညာရှင်များက ဤသို့ တစ်ဖက်တည်း ကတိပြုခြင်းကိုလည်း 'မုအာဟဒဟ်'၏ အလိုသဘော၌ ထည့်သွင်းသတ်မှတ်ကြသည်။ သို့သော်လည်း ခြားနားချက်တစ်ရပ် ရှိသည်မှာ အုပ်စုနှစ်စုအကြား 'မုအာဟဒဟ်'၏ အလိုသဘောအရ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ကတိပြုခြင်းကိစ္စတွင် တစ်ဖက်ဖက်မှ ကတိချိုးဖောက်ပါက ကျန်တစ်ဖက်အုပ်စုသည် တရားရုံးတော်၌ ထိုအုပ်စုအား ကတိအတိုင်း ဆောင်ရွက်စေရန် အကျပ်ကိုင်နိုင်သည်။ သို့ရာတွင် တစ်ဘက်တည်း ကတိပြုထားခြင်းကိုမူ တရားရုံးတော်၌ အကျပ်ကိုင်လျက် အဓမ္မပြုစေခြင်းကား မပြုနိုင်ပါ။ သို့သော်လည်း ရှရီအသ်တရားတော်၏ အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ ကတိပြုထားပြီးမှ ကတိချိုးဖောက်ခြင်းသည် တရားတော်အရ အပြစ်ထိုက်သူဖြစ်ပေမည်။ ဟဒီးစ်တော်တွင် ထိုသို့ ပြုခြင်းကို عملي نفاق 'အမလီနိဖာက်'လုပ်ရပ်၌ မုနာဖစ်က်အယောင်ဆောင်၏ လက္ခဏာများရှိသူဟူ၍ သတ်မှတ်ထားသည်။

ဤအာယသ်တော်၏ နောက်ဆုံးတွင်

إِنَّ الْعَهْدَ كَانَ مَسْئُولًا

ဆိုလိုသည်မှာ 'ကေယာမသ်နေ့တွင် 'ဖွရဇ်'တာဝန်များ၊ 'ဝါဂျိဗ်'တာဝန်များနှင့် အသျှင်မြတ်၏ အမိန့်တော်များအား ပြည့်ဝအောင် ထမ်းဆောင်သည်၊ မထမ်းဆောင်သည့်အကြောင်း စစ်ဆေးမေးမြန်းခြင်း ခံရမည်ဖြစ်သကဲ့သို့ အချင်းချင်း ကတိကဝတ်ပြုခဲ့ခြင်းများနှင့် စပ်လျဉ်း၍လည်း စစ်ကြောမေးမြန်းခြင်း ခံရပေမည်'ဟု ဖြစ်သည်။

ဤနေရာ၌ ထိုအကြောင်းနှင့် စပ်လျဉ်း၍ 'စစ်ကြောမေးမြန်းခြင်းခံရမည်'ဟုသာ မိန့်ဆိုလျက် ရှေ့တွင် ထိုစစ်ကြောမေးမြန်းခြင်း ခံရပြီးနောက် 'မည်သို့ဖြစ်မည်'ဆိုသည်ကို သဘောမပေါက်ဘဲလျက် သံသယအသွင်ဖြစ်နေလျှင် ကြီးမားစွာသော စိုးရိမ်ဖွယ်များရှိကြောင်း ညွှန်းဆိုပြခြင်းပင် ဖြစ်သည်။

ကေဒသမခြောက်အမိန့်မှာ အပေးအယူနှင့် အရောင်းအဝယ်ကိစ္စများတွင် တိုင်းထွာ၍သော်လည်းကောင်း၊ ခြင်တွယ်၊ ချိန်တွယ်၍သော်လည်းကောင်း ရောင်းဝယ်သည့် ပစ္စည်းများကို ပြည့်ပြည့်ဝဝ ပြုကြရန် ညွှန်ကြားခြင်းနှင့် ထိုကိစ္စများတွင် လျှော့ပေါ့၍ ချိန်တွယ်ခြင်းကို တားမြစ်ထားကြောင်း တင်ပြထားသည်။ အကျယ်တဝင့်ကို 'စူရာဟ်မုသ္ဖွေဖီးန်'၌ ကြည့်ရှုနိုင်ပါသည်။

မှုသတ် ။ ။ ဖိကာဟ်ပညာရှင်ကြီးများက ဤအာယသ်တော်၌ တိုင်းတွာခြင်းနှင့် ချိန်တွယ်ခြင်းဆိုင်ရာ အမိန့်များ တင်ပြထားသည်ဖြစ်ရာ ထိုအမိန့်များ၏ သဘောမှာ တစ်ဖက်လူအဖို့ ရပိုင်ခွင့်ရှိသည့်အတိုင်း မရရှိဘဲ လျော့နည်းစွာ တိုင်းထွာချိန်တွယ်ပေးခြင်းသည် 'ဟရာမ်'ဖြစ်သည်ဟု ဆိုလိုကြောင်း မိန့်ဆိုကြသည်။

ထို့ကြောင့် ဝန်ထမ်းတစ်ဦးသည် မိမိအား အပ်နှံထားသည့် အလုပ်ကိုဖြစ်စေ၊ မိမိအပေါ် သတ်မှတ်ထားသည့် အလုပ်ကိုဖြစ်စေ၊ လျော့ပေါ့၍ လုပ်ခြင်းသည်လည်းကောင်း၊ ပေးရမည့်အချိန်ထက် လျော့ပေါ့၍သော်လည်းကောင်း အလုပ်သမားသည် မိမိ၏အလုပ်ကို အချောင်ခိုခြင်းသည်လည်းကောင်း ပြုလုပ်ခဲ့ပါလျှင် ဤအမိန့်၌ အကျုံးဝင်၍ 'ဟရာမ်'ဖြစ်ပေသည်။

တိုင်းတွာချိန်တွယ်ရာတွင် လျော့ပေါ့၍ တိုင်းတွာချိန်တွယ်ခြင်းအား တားမြစ်ချက်ပြုထားသည့်အကြောင်း

ဓမ္မသတ် ။ ။ اَوۡفُوۡا الۡكَيۡلَ اِذَا كِلۡتُمۡ ဗဟာရ်မုဟ်းသွံကျမ်းတွင် အဘူဟိုင်ယားန် (ရဟ) မိန့်ဆိုသည်မှာ ဤအာယသ်တော်၌ တိုင်းတွာချိန်တွယ်ခြင်းများကို ပြည့်ဝအောင် ပြုရမည့် တာဝန်အား ရောင်းချသူအပေါ်၌ သတ်မှတ်ထားသည်။ ထို့ကြောင့် တိုင်းတွာချိန်တွယ်ပေးခြင်းကို အပြည့်အဝ ပြုပေးရန်မှာ ရောင်းချသူ၏ တာဝန်ဖြစ်ကြောင်း သိရှိရပေမည်။

နောက်ဆုံးအာယသ်တော်တွင် တိုင်းတွာချိန်တွယ်ခြင်းများကို ပြည့်ဝအောင် ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍

ذٰلِكَ خَيۡرٌ وَّاَحۡسَنُ تَاۡوِيۡلًا

ဟု မိန့်ကြားတော်မူထားသည်။ ဤမိန့်ကြားချက်တွင် တိုင်းတွာချိန်တွယ်ခြင်းများကို ပြည့်ဝစွာ ပြုရန် အချက်နှစ်ချက် မိန့်ကြားတော်မူထားသည်။ ၎င်းတို့မှာ-

(၁) ထိုသူ့အဖို့ အကောင်းဆုံးဖြစ်သည်။ ဆိုလိုသည်မှာ ဤသို့ဖြစ်သည်။ မိမိ၏ ပင်ကိုယ် အခေါ်အရ ဖြစ်စေ၊ ပင်ကိုယ်သဘာဝအရဖြစ်စေ၊ မှန်ရည်သော လူတစ်ဦးအဖို့ တိုင်းတွာချိန်တွယ်ခြင်းများ၌ လျော့ပေါ့ခြင်းကို ကောင်းသော လုပ်ရပ်ဟု မယူဆနိုင်ပါချေ။

(၂) ဒုတိယအချက်မှာ ထိုသူ့အဖို့ အကောင်းဆုံးသော ရလဒ်ရရှိမည်ဟု မိန့်ကြားခြင်းဖြစ်သည်။ ဤသို့ပြုခြင်းတွင် 'အာခိရသ်'တမလွန်၏ ကောင်းကျိုးရလဒ်၊ 'စဝါးဗ်'အကျိုးကုသိုလ်ရရှိခြင်းနှင့် 'ဂျန္နသ်' သုခဘုံနန်းသို့ ဝင်ရောက်စံမြန်းရခြင်းတို့ဖြစ်သည်။ ဤအကျိုးရလဒ်နှင့်အတူ ဒွန္နယာလောက၏ ကောင်းကျိုး ရလဒ်ရှိခြင်းကိုလည်း ညွှန်ပြနေပါသည်။ အဘယ်ကြောင့်ဆိုသော် 'အရောင်းအဝယ် ကူးသန်းရောင်းဝယ် မှုသည် ဈေး၌ ထိုရောင်းဝယ်သူအဖို့ အမည်ကောင်းနှင့် ယုံကြည်စိတ်ချရမှုကို မတည်ဆောက်နိုင်သရွေ့ ကောင်းမွန်တောက်ပြောင်သည့် အရောင်းအဝယ် မဖြစ်နိုင်သောကြောင့် ဖြစ်သည်။ အရောင်းအဝယ်ကိစ္စ ဟူသည် သစ္စာသမာဓိမရှိဘဲ အောင်မြင်မှု မရရှိနိုင်ပေ။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

وَلَا تَقْفُ مَا لَيْسَ لَكَ بِهِۦ عِلْمٌ ۚ إِنَّ
السَّمْعَ وَالْبَصَرَ وَالْفُؤَادَ كُلُّ أُو۟لَٰٓئِكَ كَانَ عَنْهُ مَسْـُٔولًا ﴿٣٦﴾

၁၇ : ၃၆ ။ ။ ထို့ပြင် အသင်သည် မိမိမသိသော အကြောင်းအရာ၏နောက်သို့ မလိုက်လေနှင့်။ ဧကန်မလွဲ၊ နား၊ မျက်စိ၊ စိတ်နှလုံးအသီးသီးတို့နှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းကို ခံရမည်ဖြစ်၏။

وَلَا تَمْشِ فِى الْأَرْضِ مَرَحًا ۖ إِنَّكَ لَن تَخْرِقَ الْأَرْضَ وَلَن تَبْلُغَ الْجِبَالَ طُولًا ﴿٣٧﴾

၁၇ : ၃၇ ။ ။ ထို့ပြင် အသင်သည် ပထဝီမြေပေါ်ဝယ် ဟိတ်ဟန်ထုတ်၍ မော်ကြွားလျက် မလျှောက်လေနှင့်။ ဧကန်စင်စစ် အသင်သည် (ယင်းသို့ လမ်းလျှောက်ခြင်းအားဖြင့်) ပထဝီမြေကို အလျှဉ်းတွင်းဖောက် (ခွဲ) နိုင်မည် မဟုတ်ပေ။ ထို့ပြင် အသင်သည် (မိမိကိုယ်လုံးကိုယ်ရပ်) မြင့်မားခြင်းဖြင့် တောင်များကို အလျှဉ်း မီနိုင်မည်မဟုတ်ချေ။

كُلُّ ذَٰلِكَ كَانَ سَيِّئُهُۥ عِندَ رَبِّكَ مَكْرُوهًا ﴿٣٨﴾

၁၇ : ၃၈ ။ ။ ဤ (အမိန့်ပညတ်ချက်) အသီးသီးတို့အနက် မကောင်းမှုတို့မှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် စက်ဆုပ်ရွံရှာဖွယ်ရာများပင် ဖြစ်ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် အသင်သည် အခြေအမြစ်မရှိသော အရာများအပေါ် (စူးစမ်းလေ့လာမှုမပြုဘဲ) 'အမလ်' ကျင့်သုံးခြင်းမပြုလေနှင့်။ (အဘယ်ကြောင့်ဆိုသော်) နား၊ မျက်စိ၊ နှလုံးသားအားလုံးတို့နှင့် စပ်လျဉ်း၍ လူတိုင်းလူတိုင်းသည် (ကေယာမသ်နေ့တွင်) စစ်ကြောမေးမြန်းခြင်းခံကြရပေမည်။ (နားနှင့် မျက်စိတို့အား မည်သည့်ကိစ္စများ၌ အသုံးပြုခဲ့ပါသနည်း။ ထိုအလုပ်သည် ကောင်းသောအလုပ် ဖြစ်ပါသလော။ (သို့) မကောင်းသော အလုပ်ဖြစ်ပါသလော။ ထို့နောက် အထောက်အထားမဲ့ အခြေအမြစ်မရှိသော တွေးခေါ်မှုအာရုံများကို စိတ်၌ ကိန်းအောင်းစေပါသနည်း။ ထို့နောက် အသင်သည် မြေပထဝီအပေါ် မာနထောင်လွှားလျက် မလျှောက်လေနှင့်။ (အဘယ်ကြောင့်ဆိုသော်) အသင် (မြေကြီးပေါ်၌ ခြေထောက်ကို ပြင်းထန်စွာ ထောက်လျက် ခြေချခြင်းဖြင့်) မြေကြီးအား ခွဲခြမ်းခြင်းငှာ မပြုနိုင်ပါ။ ထို့ပြင် မိမိ၏ ခန္ဓာကိုယ်ကို မြှောက်မြှောက်ပြီး ထောင့်၏ မြင့်မားမှုများဆီသို့ မရောက်ရှိနိုင်ပါ။ (ထိုသို့ မာနထောင်လွှားခြင်းသည် အကျိုးမဲ့သာဖြစ်ချေသည်။) ဤ (ဖော်ပြပါ) မကောင်းသော လုပ်ရပ်အားလုံးတို့သည် အသင့်အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်၏ ထံတော်ပါးတွင် (လုံးဝ) မနှစ်သက်သော လုပ်ရပ်များပင် ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်များတွင် (၁၂) ကြိမ်မြောက်နှင့် (၁၃) ကြိမ်မြောက် အမိန့်တော်နှစ်ပါးမှာ လူမှုဆက်ဆံရေးဆိုင်ရာ အမိန့်တော်များဖြစ်သည်။ (၁၂) ကြိမ်မြောက် အမိန့်တော်တွင် လေ့လာဆန်းစစ်မှု မပြုဘဲ အကြောင်းအချင်းရာတစ်ခုကို ပြုလုပ်ကျင့်ဆောင်ခြင်းအား တားမြစ်ထားတော်မူသည်။

ဤနေရာတွင် လေ့လာဆန်းစစ်ခြင်း၏ အဆင့်များစွာ ရှိသည်ကို သတိပြုရပေမည်။ ယင်းတို့အနက် လေ့လာဆန်းစစ်မှုတစ်ခုမှာ 'ကိစ္စတစ်ခုနှင့် စပ်လျဉ်း၍ ပြည့်ဝသော ယုံကြည်စိတ်ချမှုဖြစ်ရမည်။ ဆန့်ကျင်သော အခြားတစ်ဖက်မှ ဒွိဟသံသယတစ်စုံတစ်ရာ မဖြစ်စေရပေ။ ဒုတိယအချက်မှာ ထင်မြင်ယူဆချက်သည် လွှမ်းမိုးသောအဆင့်သို့ ရောက်ရှိသွားခြင်းဖြစ်သည်။ စင်စစ် ဆန့်ကျင်သော အခြားတစ်ဖက်၌ ဒွိဟသံသယလည်း ရှိနေသည့်အဆင့် ဖြစ်သည်။ အလားတူ အမိန့်တော်များ၌လည်း နှစ်မျိုးနှစ်စား ရှိသည်။ တစ်မျိုးမှာ တိကျခိုင်လုံ၊ ယုံကြည်စိတ်ချရသော အမိန့်ဖြစ်သည်။ ဥပမာ- ယုံကြည်ချက်များနှင့် သာသနာရေးဆိုင်ရာ ဥပဒေများတွင် ပထမအဆင့် လေ့လာဆန်းစစ်မှုကို လိုလားသည်။ ထိုသို့ မပြုလုပ်ဘဲ 'အမလ်' ကျင့်သုံးမှုပြုရန် မပိုင်ပေ။ ဒုတိယတစ်မျိုးမှာ ဆင်ခြင်သုံးသပ်ချက်မှ ဖြစ်ပေါ်လာသည့် ယုံကြည်ချက်ဖြစ်သည်။ ဥပမာ- 'အမလ်'ကျင့်ဆောင်ချက် အကိုင်းအလက်များနှင့် စပ်လျဉ်းသည့် အမိန့်ပညတ်ချက်များဖြစ်သည်။ ဤရှင်းလင်းတင်ပြချက်များ ပြီးသောအခါ ဖော်ပြပါအာယသ်တော်၏ လိုလားတောင့်တချက်မှာ တိကျခိုင်လုံသော အမိန့်တော်များတွင် လေ့လာဆန်းစစ်မှုသည်လည်း ပထမအဆင့်ဖြစ်သော ယုံကြည်စိတ်ချရသည့် အဆင့်အထိ လေ့လာဆန်းစစ်မှု ပြုရပေမည်။ ဤအဆင့်အထိ မရောက်ရှိသရွေ့ ယုံကြည်ချက်နှင့် အစ္စလာမ်ဥပဒေများတွင် ထိုဆန်းစစ်လေ့လာမှုသည် လက်ခံနိုင်သော အဆင့်မဟုတ်ပေ။ ထိုဆန်းစစ်မှု၏ တောင်းဆိုချက်အပေါ် လိုက်နာကျင့်ဆောင်ခြင်း မပိုင်ပေ။ 'အမလ်'ကျင့်ဆောင်ချက် အကိုင်းအလက်များ၌မူ ဒုတိယအဆင့်ဖြစ်သည့် ဆင်ခြင်သုံးသပ်ချက်မှ ဖြစ်ပေါ်လာသော ယုံကြည်ချက်ဖြစ်သည့် ဒုတိယအဆင့် ဖြင့်ပင် လုံလောက်ပေသည်။ *[ဗယာနုလ်ကုရ်အာန်ကျမ်း]*

နား၊ မျက်စိ၊ နှလုံးသားတို့နှင့် စပ်လျဉ်း၍ 'ကေယာမသ်'နေ့တွင် စစ်ကြောမေးမြန်းခံရမည့်အကြောင်း

اِنَّ السَّمْعَ وَالْبَصَرَ وَالْفُؤَادَ كُلُّ اُولٰٓئِكَ كَانَ عَنْهُ مَسْئُوْلًا

ဤအာယသ်တော်တွင် 'ကေယာမသ်'နေ့၌ နား၊ မျက်စိနှင့် နှလုံးသားတို့သည် စစ်ကြောမေးမြန်းခြင်းခံကြရမည့်အကြောင်း ပြဆိုထားသည်။ အလိုသဘောမှာ နားအား 'အသင်သည် ဘဝသက်တမ်းတွင် မည်သည့်အရာများ နားထောင်ခဲ့ပါသနည်း။' တစ်ဖန် မျက်စိအား 'အသင်သည် ဘဝသက်တမ်းတွင် မည်သည်တို့ကို ကြည့်ရှုခဲ့ပါသနည်း။' တစ်ဖန် နှလုံးသားအား 'အသင်သည် ဘဝသက်တမ်းတစ်လျှောက်လုံးတွင် မည်ကဲ့သို့သော တွေးခေါ်မှုများ ပြုလုပ်ပြီး မည်သည့်အရာများအပေါ် ယုံကြည်ခဲ့ပါသနည်း'ဟူ၍

စစ်ကြောမေးမြန်းပေလိမ့်မည်။ အကယ်၍ နားသည် တရားတော်အရ 'ဟလာလ်'မဖြစ်သော ဥပမာ-တမ်ဦးတစ်ယောက်၏အတင်း ပြောဆိုခြင်း၊ (သို့) သီချင်း စသော ကိစ္စများ နားထောင်ခြင်း၊ (သို့) မျက်စိသည် 'နီကာဟ်'ပြုပိုင်သော အမျိုးသမီး၊ (သို့) လူပျိုပေါက်စများ စသည်တို့အား ရှရီအသ်တရားတော်အရ 'ဟလာလ်'မဖြစ်သော မကောင်းသည့် အကြည့်ဖြင့် ကြည့်ခြင်း၊ (သို့) နှလုံးသားသည် ကုရ်အာန်နှင့် ဗွန္နသ်တို့နှင့် ဆန့်ကျင်သည့် 'အကီဒဟ်'ယုံကြည်ချက်များကို ထားရှိခဲ့သည်ဖြစ်စေ၊ (သို့) တစ်စုံတစ်ဦးနှင့် ပတ်သက်၍ မိမိစိတ်တွင် အထောက်အထားမဲ့ စွပ်စွဲချက်များ ကိန်းအောင်းစေခဲ့လျှင်ဖြစ်စေ စစ်ကြောမေးမြန်းခြင်း ခံရမည်ဟု ဖြစ်သည်။ ဤစစ်ကြောမေးမြန်းခံရခြင်း၏ ရလဒ်သည် 'အဇာဗ်'အပြစ်ဒဏ်ကျခံရခြင်း ဖြစ်ပေမည်။ 'ကေယာမသ်'နေ့တွင် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်တော်မူခဲ့သည့် ကျေးဇူးတော်ဟူသရွေ့တို့နှင့် စပ်လျဉ်း၍ စစ်ကြောမေးမြန်းခြင်း ခံကြရပေမည်။

لَتُسْئَلُنَّ يَوْ مَئِذٍ عَنِ النَّعِيْمِ

ဆိုလိုသည်မှာ ('ကေယာမသ်'နေ့တွင် အသင့်အား အလ္လာဟ်အသျှင်မြတ် ချီးမြှင့်တော်မူခဲ့သည့် ကျေးဇူးတော်များနှင့် စပ်လျဉ်း၍ စစ်ကြောမေးမြန်းခြင်း ခံရပေလိမ့်မည်။) နား၊ မျက်စိနှင့် နှလုံးသားတို့သည် ဤ 'နေအ်မသ်'ကျေးဇူးတော်များတွင် အများဆုံး အရေးပါကြသည့်အတွက် ဤနေရာတွင် ၎င်းတို့အကြောင်းကို အထူးအားဖြင့် ဖော်ပြမိန့်ကြားခြင်း ဖြစ်သည်။

သဖ်စီးရ်ကုရ်သုဗီနှင့် မဇ္ဇဟာရီကျမ်းတို့တွင် အထက်ပါအကြောင်းအရာနှင့် စပ်လျဉ်း၍ အလိုသဘောကောက်ယူ တင်ပြထားသည်။ ၎င်းမှာ ထိုအာယသ်တော်၏အလျင် ဝါကျတွင်

لَاتَقْفُ مَالَيْسَ لَكَ بِهٖ عِلْمٌ

'မိမိ၌ အသိမရှိသော ကိစ္စ၌ဖြစ်စေ၊ လေ့လာဆန်းစစ်ခြင်းမပြုရသော ကိစ္စ၌ဖြစ်စေ၊ အသင်သည် ထိုကိစ္စအပေါ်၌ 'အမလ်'ပြုမူကျင့်ဆောင်ခြင်း မပြုလေနှင့်'ဟု မိန့်ကြားထားသည်။ ထိုအာယသ်တော်၏ အကျယ်တဝင့် ရှင်းလင်းခြင်း၌ နား၊ မျက်စိနှင့် နှလုံးသားတို့အား စစ်ကြောမေးမြန်းခြင်းခံရမည့်အကြောင်း လာရှိထားသည်။ အလိုသဘောမှာ လူတစ်ဦးသည် မစူးစမ်းဘဲ ဆန်းစစ်လေ့လာခြင်း မပြုဘဲ အခြားလူတစ်ဦးအပေါ်၌ မဟုတ်မမှန် စွပ်စွဲခြင်း (သို့) မစူးစမ်း၊ မလေ့လာဘဲ 'အမလ်'ကျင့်ဆောင်မှု တစ်စုံတစ်ရာ ပြုလိုက်ပါလျှင် အကယ်၍ ဤသို့ ပြုမူခြင်းသည် နားဖြင့် နားထောင်ခြင်း၊ ကြားနာခြင်းတို့နှင့် သက်ဆိုင်ပါလျှင် နားကို စစ်ကြောမေးမြန်းပေလိမ့်မည်။ မျက်စိဖြင့် ကြည့်မြင်နိုင်ခြင်းနှင့် သက်ဆိုင်ပါလျှင် မျက်စိအား စစ်ကြောမေးမြန်းပေမည်။ အကယ်၍ နှလုံးသားမှ သိနားလည်ခြင်းနှင့် သက်ဆိုင်ပါက စိတ်နှလုံးသားအား စစ်ကြေးမေးမြန်းပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဤသူသည် မိမိ၏ မဟုတ်မမှန် စွပ်စွဲခြင်းနှင့် မိမိ၏ စိတ်၌ ကိန်းဝပ်နေသည့် အတွေးအခေါ်အယူအဆများတွင် မှန်သည်၊ မှားသည်ကို ထိုသူ၏ အစိတ်အပိုင်းများက ကိုယ်တိုင် ထွက်ဆိုဝန်ခံကြပေလိမ့်မည်။ ဤသည် 'ဟရှရ်'ကွင်းပြင်တွင် စူးစမ်း

လေ့လာခြင်းမရှိဘဲ မဟုတ်မမှန် စွပ်စွဲသူများနှင့် ဆန်းစစ်လေ့လာခြင်း၊ စူးစမ်းခြင်းမရှိဘဲ 'အမလ်' ကျင့်ဆောင်သူတို့အဖို့ အလွန်သေးသိမ်ခြင်းဖြစ်စေမည့် အကြောင်းတရားဖြစ်ပေမည်။ 'စူရာဟ်ယာစီးန်' တွင်

اَلْيَوْمَ نَخْتِمُ عَلٰى اَفْوَاهِهِمْ وَتُكَلِّمُنَا اَيْدِيْهِمْ
وَتَشْهَدُ اَرْجُلُهُمْ بِمَاكَانُوْا يَكْسِبُوْنَ

ဆိုလိုသည်မှာ 'ကေယာမသ်' နေ့တွင် ငါအသျှင်မြတ်သည် ၄င်းတို့၏ ပါးစပ်များကို တံဆိပ် ခတ်နှိပ်၍ ပိတ်ပစ်တော်မူလိုက်မည်။ ထိုအခါ ၄င်းတို့၏ လက်များက စကားပြောဆိုကြပေမည်။ ၄င်းတို့၏ ခြေများက သက်သေထွက်ဆိုကြပေမည်။ ဆိုလိုသည်မှာ ထိုသူသည် ဤအစိတ်အပိုင်းများဖြင့် ကောင်းသော အလုပ်များ (သို့) ဆိုးရွားသော အလုပ်များ မည်သို့ လုပ်စေခဲ့သည်ကို ထိုအစိတ်အပိုင်းများကိုယ်တိုင်က သက်သေထွက်ဆိုရန် ဖြစ်သည်။

ဤနေရာတွင် နား၊ မျက်စိနှင့် နှလုံးသားတို့ကို အထူးပြုတင်ပြရခြင်းမှာ အလ္လာဟ်အသျှင်မြတ်သည် လူသားအား ဤအာရုံများနှင့် နှလုံးသား၏ သိနားလည်တတ်မှုကို ချီးမြှင့်တော်မူခြင်းသည် စိတ်နှလုံး၌ ကိန်းဝပ်လာသည့် အတွေးအခေါ် အယူအဆများကို မှန်သည်၊ မှားသည်၊ ခွဲခြားဆန်းစစ်လျက် အမှန်ဖြစ်လျှင် ထိုအမှန်အပေါ်၌ ကျင့်သုံးမည်။ မှားယွင်းလျှင် စွန့်ပစ်မည်ဟု ဝေဖန်ပိုင်းခြား ဆန်းစစ်နိုင်ရန် ဖြစ်သည်။ ထိုအစိတ်အပိုင်းများကို အသုံးမပြုဘဲလျက် လေ့လာဆန်းစစ်၊ စူးစမ်းဆင်ခြင်မှု မပြုသော အရာများအပေါ် လိုက်နာကျင့်ဆောင်ခြင်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များအား ကျေးဇူးကန်းသူပင် ဖြစ်ပေသည်။

ကွဲပြားခြားနားသည့် အရာအမျိုးမျိုးကို သိရှိနိုင်သည့် အာရုံ (၅) ပါးရှိသည်။ နား၊ မျက်စိ၊ နှာခေါင်း၊ နှုတ်လျှာ၏ အင်အားများနှင့် အပူ၊ အအေး စသည်တို့ကို ခွဲခြားသိရှိနိုင်သည့် ခန္ဓာကိုယ်တစ်ခုလုံး၏ အာရုံများဖြစ်သည်။ သို့သော်လည်း သဘာဝအလျောက် လူသားအဖို့ ပို၍ သိရှိနိုင်ခြင်းများသည် နားနှင့် မျက်စိတို့သာ ဖြစ်သည်။ နှာခေါင်းဖြင့် ရှူရှိုက်ခြင်းဖြင့်ဖြစ်စေ၊ နှုတ်လျှာဖြင့် မြည်းစမ်းခြင်းဖြင့်ဖြစ်စေ၊ လက် စသည်တို့ဖြင့် ထိတွေ့ကိုင်တွယ်ခြင်းဖြင့် ဖြစ်စေ သိရှိနိုင်ခြင်းတို့သည် ကြားခြင်း၊ မြင်ခြင်းတို့နှင့် နှိုင်းယှဉ်ပါက အလွန်ပင် နည်းပါးလှသည်။

ဤနေရာ၌ အာရုံ ငါးပါးအနက် အာရုံနှစ်ပါးကိုသာ တင်ပြ၍ လုံလောက်စေခြင်းတို့မှာ ဤအတွက်ကြောင့်ပင် ဖြစ်ပေမည်။ ထိုအာရုံနှစ်ပါးတွင်လည်း နား၊ အာရုံကို မျက်စိအာရုံထက် ဦးစားပေး တင်ပြထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားနေရာများ၌လည်း ထိုအာရုံ (နားနှင့် မျက်စိ) နှစ်ပါးကို တင်ပြထားရာတွင်လည်း နား (အာရုံ) ကိုသာ ဦးစားပေးရှေ့တန်းတင်ထားသည်။ ထိုအချက်ဖြင့် လူသား၏ သိရှိရမှုများတွင် များသောအားဖြင့် အကြီးမားဆုံး အစိတ်အပိုင်းသည် နားဖြင့် ကြားနာ၊ နားထောင်၍ သိရှိရသော အရာများဖြစ်၍ မျက်စိဖြင့် တွေ့မြင်၊ ကြည့်ရှု၍ သိရှိရခြင်းများမှာ နားနှင့် နှိုင်းယှဉ်လျှင် လွန်စွာ နည်းပါးလှကြောင်း သိရှိရပေသည်။

ဖော်ပြပါအာယသ်တော်နှစ်ပါးအနက် ဒုတိယအာယသ်တော်တွင် (၁၃) ကြိမ်မြောက် အမိန့်တော် ဖြစ်သည်။ ယင်းအမိန့်တော်မှ ကမ္ဘာမြေပေါ်တွင် မာနထောင်လွှားလျက် မလျှောက်လေနှင့်ဟု ဖြစ်သည်။ ဆိုလိုသည်မှာ မာန်မာန ထောင်လွှားမှုကို ပေါ်လွင်စေသည့် လျှောက်ခြင်းမျိုး မလျှောက်လေနှင့်။ ဤသည် အသိဉာဏ်မဲ့သည့် လုပ်ရပ်ဖြစ်သည်။ မိမိမစွမ်းနိုင်သော အဆင့်ဖြစ်သည်။ ကမ္ဘာမြေပထဝီကို ခွဲခြမ်းစေလို သည့် သဘောကို ဆောင်နေသည်။ ရင်ကို ကော့၍ လျှောက်ပြီး အလွန်မြင့်မားခြင်းကို ဖြစ်လိုခြင်း ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ တောင်များသည်ကား အလွန်ပင် မြင့်မားလှပေသည်။ 'သကဗ်ဗွရ်'မာန သည် စင်စစ် လူသား၏ နှလုံးသားနှင့် ပတ်သက်သော ပြင်းထန်သည့် ပြစ်မှုကြီးဖြစ်သည်။ လူသား၏ လှုပ်ရှားမှုဟန်ပန်တို့၌ 'သကဗ်ဗွရ်'မာနရှိကြောင်း ညွှန်ပြနေခြင်းတို့ဖြစ်လျှင် ဤအရာများသည်လည်း မပိုင် သော လုပ်ရပ်များပင် ဖြစ်သည်။

မာနထောင်လွှားသည့်ပုံစံဖြင့် လျှောက်ခြင်းသည် ကမ္ဘာမြေပေါ်တွင် ပြင်းထန်စွာ ဆောင့်၍ လျှောက်ခြင်း မဟုတ်သည်ဖြစ်စေ၊ ရင်ကော့၍ မြင့်မားစေရန် လျှောက်ခြင်းမဟုတ်သည်ဖြစ်စေ၊ အခြေအနေ တိုင်းတွင် မပိုင်သော လျှောက်ခြင်းဖြစ်သည်။ 'သကဗ်ဗွရ်'၏ အဓိပ္ပာယ်မှာ မိမိကိုယ်မိမိ အခြားသူများထက် ကြီးမြတ်သည်ဟု ယူဆခြင်းနှင့် အခြားသူများကို မိမိထက် သေးသိမ်သူ၊ အောက်တန်းကျသည်ဟု ယူဆခြင်း ဖြစ်သည်။ ဟဒီးစ်တော်တွင် ထိုသို့ ပြုသူအပေါ် ပြင်းထန်စွာသော 'ဝအီးဒ်'ခြိမ်းခြောက်မှုများ လာရှိသည်။ အေမာမ်မွတ်စ္စလင်မ်သည် အိယားဇ်ဗင်နှ်ဟီမားရ် رضي الله عنه သခင်က ဆင့်ပြန့်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့် ကြားတော်မူသည်မှာ ရိုကျိုးခြင်းနှင့် မိမိကိုယ်မိမိ နှိမ့်ချခြင်းကို လက်ကိုင်ထားကြရန် အလ္လာဟ်အသျှင်မြတ် မှ ငါ့ကိုယ်တော်အပေါ် 'ဝဟီ'ဗျာဒိတ်တော်ဖြင့် မိန့်ကြားတော်မူခဲ့သည်။ တစ်ဦးတစ်ယောက်သည် တစ်ပါး သူအပေါ် မာနထောင်လွှားခြင်းနှင့် မိမိကိုယ်မိမိ အထင်ကြီးသည့် ပုံစံမျိုးဖြင့် မာနမထောင်လွှားကြလေနှင့်။ တစ်ဦးအပေါ်တစ်ဦး မတရား မလုပ်ကြံကြလေနှင့်။ *[မဇ္ဇ်ဟရီကျမ်း]*

ထို့နောက် ဟဒီးစ်တော်တစ်ပုဒ်တွင် ဟဇရသ်အဗ်ဒွလ္လာဟ်အိဗ်နေမတ်စ်အူးဒ် رضي الله عنه သခင်မှ ဆင့်ပြန့်ထား သည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အကြင်သူ၏ စိတ်နှလုံးသား၌ မြူမှုန်မျှ မာနရှိသော် ထိုသူသည် 'ဂျန္နသ်'သို့ ဝင်ရောက်ရမည်မဟုတ်ဟု ဖြစ်သည်။ *[ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း]*

ဟဒီးစ်ကုဒ်ဆီဟဒီးစ်တော်တစ်ပါးတွင် ဟဇရသ်အဘူဟုရိုင်ရဟ် رضي الله عنه သခင်၏ ဟဒီးစ်ဆင့်ပြန့်ချက် တစ်ရပ် လာရှိသည်။ ယင်းဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'အလ္လာဟ် အသျှင်မြတ်က မိန့်ကြားတော်မူသည်။ ကြီးကျယ်ခြင်းသည် ငါအသျှင်မြတ်၏ ခြုံထည်ဖြစ်သည်။ ထွတ်မြတ် ခြင်းသည် ငါအသျှင်မြတ်၏ လုံချည်ဖြစ်သည်။ အကြင်သူသည် ငါအသျှင်မြတ်ထံမှ ဤသည်တို့ကို လုယူ ရန် ကြံစည်သော် ငါအသျှင်မြတ်သည် ၎င်းသူအား 'ဂျဟန္နမ်'ငရဲဘုံ၌ ရောက်စေတော်မူမည်။ (ခြုံထည်နှင့် လုံချည်ဟူသည်မှာ ဝတ်စုံ၊ အဝတ်အစားကို ဆိုလိုသည်။ အလ္လာဟ်အသျှင်မြတ်တွင် အဝတ်အစားဝတ်ဆင်ရန် ဟူသော ခန္ဓာကိုယ်လည်း မရှိ၊ ခန္ဓာကိုယ်အစိတ်အပိုင်းလည်း မရှိပေ။ ထို့ကြောင့် ဤနေရာတွင် အလ္လာဟ်

အသျှင်မြတ်၏ ကြီးကျယ်မြတ်ထွတ်သော ဂုဏ်ဒြပ်ကို ဆိုလိုခြင်းဖြစ်သည်။ အကြင်သူသည် ထိုဂုဏ်ဒြပ်တွင် အလ္လာဟ်အသျှင်မြတ်နှင့် တုဖက်နိုင်းယှဉ်ခြင်းပြုပါလျှင် ထိုသူသည် 'ဂျဟန္နမ်' (ငရဲဘုံသား) ပင် ဖြစ်သည်။

အခြားဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'မာန်မာန ထောင်လွှားသူတို့သည် 'ကေယာမသ်'နေ့တွင် သေးငယ်သော ပုရွက်ဆိတ်များအရွယ်ရှိသော လူသားအသွင်ဖြင့် ရှင်ပြန်ထကြရပေမည်။ ၄င်းတို့အပေါ်တွင် ဘက်ပေါင်းစုံမှ သေးသိမ်မှုများ လွှမ်းမိုးနေပေမည်။ ၄င်းတို့အား 'ဘူလပ်စ်'အမည်ရှိ 'ဂျဟန္နမ်'၏ အကျဉ်းထောင်တစ်ခုရှိရာသို့ မောင်းသွင်းပေလိမ့်မည်။ ၄င်းတို့အပေါ်တွင် ငရဲမီးများအနက် အပြင်းထန်ဆုံး မီးတောက်လောင်နေပေမည်။ ၄င်းတို့ သောက်သုံးရန် ငရဲဘုံသားတို့၏ ခန္ဓာကိုယ်မှ ထွက်သော 'ပြည်'နှင့် 'သွေး'များ ပေးလိမ့်မည်။ *[သိရ်မေဇီကျမ်း]*

ဟဇရသ်အုမရ်ဖာရူးက် ﷺ သခင်သည် 'မင်နဗရ်'ပေါ်၌ 'ခွသ်ဗာဟ်'မိန့်ကြားနေစဉ် 'ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ထံမှ ကြားသိခဲ့ရသည်မှာ အကြင်သူသည် ကျိုးငြဲနှိမ့်ချမှုကို လက်ကိုင်ထားခဲ့ပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ၄င်းအား မြင့်မားစေတော်မူသည်။ သို့ရှိရာ ထိုသူသည် မိမိကိုယ်မိမိ သေးငယ်သည်ဟု ထင်နေသော်လည်း လူအားလုံးတို့၏ အမြင်၌ ကြီးမြတ်မှု ဖြစ်ရလေသည်။ အကြင်သူသည် မာန်မာန ထောင်လွှားမှုပြုပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အား သေးသိမ်စေတော်မူမည်။ သို့ရှိရာ ထိုသူသည် မိမိကိုယ်မိမိ ကြီးမြတ်သူဟု ထင်မြင်ယူဆနေသော်လည်း လူတို့၏ အမြင်တွင် ခွေးနှင့် ဝက်တို့ထက်ပင် ဆိုးရွားလေသည်။' *[မဖွဲ့ဟရီကျမ်း]*

ဖော်ပြပါအမိန့်တော်များကို ရှင်းလင်းတင်ပြပြီး နောက်ဆုံးအာယသ်တော်တွင် မိန့်တော်မူထားသည်။

كُلُّ ذٰلِكَ كَانَ سَيِّئُهٗ عِنْدَ رَبِّكَ مَكْرُوْهًا

ဆိုလိုသည်မှာ 'ဖော်ပြပါမကောင်းသော လုပ်ရပ်အားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် မနှစ်သက်သော လုပ်ရပ်များ ဖြစ်သည်'ဟု ဖော်ပြထားသည်။

ဖော်ပြပါအမိန့်တော်များတွင် မပြုပိုင်သော အချက်များနှင့် တားမြစ်ချက် အကြောင်းများ လာရှိသည်။ ၄င်းတို့သည် ဆိုးရွားခြင်းနှင့် မနှစ်မြို့ဖွယ်ရာဖြစ်ခြင်းတို့မှာ ထင်ရှားသည်။ သို့သော် ၄င်းအမိန့်များအနက် မိဘနှစ်ပါးနှင့် ဆွေမျိုးသားချင်းများ၏ ဝတ္တရားများ ထမ်းဆောင်ခြင်းနှင့် ကတိကဝတ်ကို ပြည့်ဝအောင် ထမ်းဆောင်ခြင်း စသော အမိန့်များလည်း ပါရှိသည်။ အလိုသဘောမှာ ထိုတာဝန်များ ထမ်းဆောင်ရာတွင် အထက်ဖော်ပြပါ မပြုပိုင်သော တားမြစ်ချက်ရှိသော အရာများနှင့် လွတ်ကင်းရန်ဖြစ်သည်။ မိဘများအား ဒုက္ခရောက်စေခြင်း၊ ဆွေမျိုးသားချင်းများအား အဆက်ဖြတ်ခြင်း၊ ပေးထားသည့် ကတိမကျေပွန်ခြင်းတို့ကို ရှောင်ကြဉ်ရန်ဖြစ်သည်။ ဤအရာအားလုံးတို့သည် 'ဟရာမ်'ဖြစ်သည်။ မနှစ်မြို့ဖွယ်ရာ ဖြစ်သည်။ ထို့ကြောင့် အားလုံးကို ခြုံငုံ၍ မနှစ်မြို့ဖွယ်ရာများဟု မိန့်ကြားတော်မူခြင်း ဖြစ်သည်။

[ဗယာနုလ်ကုရ်အာန်ကျမ်း]

မှတ်ချက် ။ ။ ဖော်ပြပါအာယသ်တော် ၁၅ ပုဒ်မှ အမိန့်တော်များသည် အဆင့်တစ်ခုအရ ကြိုးပမ်းမှု၊ လုပ်ဆောင်မှုများ၏ ရှင်းလင်းချက်ဖြစ်သည်။ ထိုကြိုးပမ်းမှုများသည် အလ္လာဟ်အရှင်မြတ် လက်ခံအတည် ပြုသော ကြိုးပမ်းမှုဖြစ်သည်။ ထိုအကြောင်းကို အာယသ်တော် (၁၈) ပုဒ်၏ အလျှင် အာယသ်တော်၌ တင်ပြခဲ့ပြီးဖြစ်သည်။

وَسَعٰى لَهَا سَعْيَهَا

ထိုအာယသ်တော်၌ ဖော်ပြသည်မှာ 'အမလ်'ကြိုးပမ်းလုပ်ဆောင်မှုတိုင်း အလ္လာဟ်အရှင်မြတ် ထံတော်၌ လက်ခံအတည်ပြုခြင်း မရှိပေ။ အလ္လာဟ်အရှင်မြတ်ထံတော်၌ အတည်ဖြစ်သည့် 'အမလ်' ကြိုးပမ်းမှုမှာ တမန်တော်မြတ် ﷺ ၏ စွန္နသ်တော်နှင့်လည်းကောင်း၊ သင်ကြားပြသမှုများနှင့်လည်းကောင်း ကိုက်ညီမှသာ ဖြစ်ပေမည်။

ထိုအမိန့်တော်များတွင် ဦးစွာ 'ဟုကူကွလ္လာဟ်' အလ္လာဟ်အရှင်မြတ်နှင့် စပ်လျဉ်း၍ လူသားများ ပြုကျင့်အပ်သော ဝတ္တရားများနှင့် 'ဟုကူကွလ်အိဗားဒ်' လူသားများနှင့် စပ်လျဉ်းသည့် ဝတ္တရားများ လက်ခံအတည်ပြုရန် အရေးကြီးသော အခန်းကဏ္ဍများကို တင်ပြထားသည်။

ဤအာယသ်တော် ၁၅ ပုဒ်သည် 'သောင်ရား' ကျမ်း၏ အနှစ်ချုပ်ဖြစ်ခြင်း

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် အဗ္ဗားစ် ﵄ သခင်က ဆင့်ပြန်ခဲ့သည်မှာ 'သောင်ရားသ်'ကျမ်းတစ်ဆူ လုံး၏ အမိန့်ပညတ်ချက် အားလုံးတို့သည် 'စူရာဟ်ဗနီအိစ္စရာအီးလ်'၏ အာယသ်တော် (၁၅) ပုဒ်၌ ပေါင်းစုထားခြင်းပင် ဖြစ်သည်။ *[မဇ္ဇ်ဟရီကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ذٰلِكَ مِمَّآ اَوْحٰٓى اِلَيْكَ رَبُّكَ مِنَ الْحِكْمَةِ ۗ وَلَا تَجْعَلْ
مَعَ اللّٰهِ اِلٰهًا اٰخَرَ فَتُلْقٰى فِيْ جَهَنَّمَ مَلُوْمًا مَّدْحُوْرًا ۝٣٩

၁၇ : ၃၉ ။ ။ ဤသည်တို့မှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ဉာဏ်ပညာများအနက်မှ အသင့်ထံသို့ ထုတ်ပြန်တော်မူသော အမိန့်ပညတ်တော်များပင် ဖြစ်ကြကုန်၏။ သို့ဖြစ်ပေရာ အသင်သည် အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲ၍ အခြားကိုးကွယ်ရာ တစ်စုံတစ်ရာကိုမျှ (တွဲဖက်ကိုးကွယ်ခြင်းကို) မပြုလေနှင့်။ သို့ ပြုခဲ့ပါလျှင် အသင်သည် 'ဂျဟန္နမ်'ငရဲဘုံ၌ ပြစ်တင်ရှုတ်ချခြင်း ခံရပြီး ကရုဏာတော်မှ ကင်းဝေးစေခြင်းကို ခံရလျက် (ငရဲဘုံထဲသို့) ပစ်ချခြင်း ခံရပေမည်။

أَفَأَصْفَاكُمْ رَبُّكُم بِالْبَنِينَ وَ
اتَّخَذَ مِنَ الْمَلَائِكَةِ إِنَاثًا ۚ إِنَّكُمْ لَتَقُولُونَ قَوْلًا عَظِيمًا ﴿٤٠﴾

၁၇ : ၄၀ ॥ ॥ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင်တို့အား ထူးခြားစွာ သားယောကျ်ားကလေးများကိုသာ ချီးမြှင့်တော်မူ၍ မိမိကိုယ်တိုင်မှာမူ 'မလာအေ့ကာဟ်' ကောင်းကင်တမန်တို့အား သမီးမိန်းကလေးများအဖြစ် ရွေးချယ် (မွေးစား) ထားတော်မူပါသလော။ စင်စစ်မလွဲ အသင်တို့သည် ကြီးကျယ်လွန်မင်းသော စကားကို ပြောဆိုကြကုန်၏။

وَلَقَدْ صَرَّفْنَا فِي هَٰذَا الْقُرْآنِ لِيَذَّكَّرُوا وَمَا يَزِيدُهُمْ إِلَّا نُفُورًا ﴿٤١﴾

၁၇ : ၄၁ ॥ ॥ စင်စစ်စင်စစ် ငါအသျှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်တွင် (လူခပ်သိမ်းတို့) တရားရရန်အလို့ငှာ (ကိုးကွယ်ရာအသျှင် တစ်ဆူတည်းဖြစ်တော်မူကြောင်းကို) နည်းအမျိုးမျိုးဖြင့် ပြောင်းလဲမိန့်ကြားတော်မူခဲ့၏။ သို့ရာတွင် ယင်း (ပြောင်းလဲမိန့်ကြားမှု) သည် ၎င်း (မုရှ်ရစ်က်) တို့၌ စက်ဆုပ်မှုကိုသာလျှင် တိုးပွားစေခဲ့လေသည်။

قُل لَّوْ كَانَ مَعَهُ آلِهَةٌ كَمَا يَقُولُونَ إِذًا لَّابْتَغَوْا إِلَىٰ ذِي الْعَرْشِ سَبِيلًا ﴿٤٢﴾

၁၇ : ၄၂ ॥ ॥ (အို, နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ အကယ်၍သာ ၎င်း (မုရှ်ရစ်က်) တို့ပြောဆိုကြသည့်အတိုင်း ထို (အလ္လာဟ်) အသျှင်မြတ်နှင့်အတူ အခြားကိုးကွယ်ရာများလည်း ရှိကြပါလျှင် စင်စစ်မလွဲ ၎င်းတို့သည် 'အရှ်' ပလ္လင်တော်ကို စိုးပိုင်တော်မူသော အသျှင်မြတ်ထံတော်သို့ (သွားရောက်တိုက်ခိုက်ရန်) နည်းလမ်းရှာဖွေခဲ့ကြပြီး ဖြစ်သည်။

سُبْحَانَهُ وَتَعَالَىٰ عَمَّا يَقُولُونَ عُلُوًّا كَبِيرًا ﴿٤٣﴾

၁၇ : ၄၃ ॥ ॥ ထိုအသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် ယင်း (မုရှ်ရစ်က်) တို့ပြောဆို (စွပ်စွဲ) ကြသည်တို့ထက် သာလွန်ထူးကဲ မြင့်မြတ်လှတော်မူပေသည်။

تُسَبِّحُ لَهُ السَّمَاوَاتُ السَّبْعُ
وَالْأَرْضُ وَمَن فِيهِنَّ ۚ وَإِن مِّن شَيْءٍ إِلَّا يُسَبِّحُ بِحَمْدِهِ وَلَٰكِن لَّا
تَفْقَهُونَ تَسْبِيحَهُمْ ۗ إِنَّهُ كَانَ حَلِيمًا غَفُورًا ﴿٤٤﴾

၁၇ : ၄၄ ॥ ॥ မိုးခုနစ်ထပ်နှင့် ပထဝီမြေကြီးအပြင် ယင်းမိုးများနှင့် ပထဝီမြေ၌ ရှိရှိသမျှတို့သည် ထိုအသျှင်မြတ်သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ရွတ်ဆို ဘာဝနာစီးဖြန်းလျက် ရှိကြကုန်၏။ အမှန်စင်စစ် (သက်ရှိ၊ သက်မဲ့) အရာဝတ္ထု

အလုံးစုံတို့သည် ထိုအသျှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းနှင့်တကွ သန့်ရှင်းစင်ကြယ်တော်မူကြောင်း ရွတ်ဆိုဘာဝနာစီးဖြန်းလျက်ပင် ရှိကြကုန်၏။ သို့ရာတွင် အသင်တို့မှာမူ ၎င်းတို့ ရွတ်ဆိုဘာဝနာစီးဖြန်းမှုကို နားမလည်ကြချေ။ ဧကန်စင်စစ် ထိုအသျှင်မြတ်သည် အလွန်တရာ သည်းခံတော်မူသော အသျှင်၊ အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အိုး မိုဟမ္မဒ်) ဤအရာ (ဖော်ပြပါအမိန့်ပညတ်တော်) များသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က အသင့်ထံသို့ 'ဝဟီ'ဖြင့် ပို့ချခဲ့သော အရာသည် နက်နဲသိမ်မွေ့သည့် ပညတ်ချက်များအနက်မှ ဖြစ်သည်။ ထို့ပြင် အသင်သည် မြင့်မြတ်မှန်ကန်သော အလ္လာဟ်အသျှင်မြတ်အား (အခြားအရာတို့နှင့်) တုဖက်နှိုင်းယှဉ် ကိုးကွယ်ခြင်း တစ်စုံတစ်ရာ မပြုလေနှင့်။ ပြစ်တင်ရှုတ်ချခြင်း ခံရသူလည်း မဖြစ်စေနှင့်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကရုဏာတော်မှ ကင်းဝေးစေခြင်းခံရလျက် 'ဂျဟန္နမ်'ငရဲဘုံသို့ မောင်းနှင်သွတ်သွင်းခြင်း ခံရပေမည်။ (ဖော်ပြပါအမိန့်တော်များသည် အစကနဦး၌လည်း 'သောင်ဟီးဒ်'၏ အကြောင်းအရာအဖြစ် တင်ပြခဲ့ပြီးဖြစ်သည်။ အဆုံး၌လည်း ဤအတိုင်းပင် တင်ပြထားသည်။ သို့ရှိရာ အထက်၌ ရှုရစ်က်လုပ်ရပ်သည် မကောင်းသော မှားယွင်းသည့်လုပ်ရပ်ဖြစ်ကြောင်း ကြားနာပြီးဖြစ်သည်။ သို့ရှိရာ သို့တိုင်အောင်လည်း 'သောင်ဟီးဒ်'နှင့် ဆန့်ကျင်သည့် စကားများ ပြောဆိုပါလျှင် ဥပမာ- အသင်၏ အသျှင်မြတ်သည် အသင်တို့အား သားယောကျ်ားလေးများ ချီးမြှင့်ပေးသနားတော်မူပြီး မိမိကိုယ်တော်တိုင်မှာမူ ဖရစ်ရှ်သာဟ်များအား (မိမိ၏) သမီးများအဖြစ် မွေးစားတော်မူထားပါသလော။ (အာရစ်နိုင်ငံရှိ ပညာမဲ့တို့သည် ဖရစ်ရှ်သာဟ်များအား အလ္လာဟ်အသျှင်မြတ်၏ သမီးတော်များအဖြစ် သမုတ်လေ့ရှိခဲ့ကြသည်။

ဤသို့ ပြောဆိုသမုတ်ခြင်းသည် အကြောင်းနှစ်မျိုးအားဖြင့် မှားယွင်းပေသည်။ တစ်မျိုးမှာ အလ္လာဟ်အသျှင်မြတ်အတွက် သားသမီးများရှိသည်ဟု ဆိုခြင်းဖြစ်ပြီး အခြားတစ်မျိုးမှာ ထိုခေတ်ရှိ လူတို့သည် မိမိတို့အတွက်ပင် သမီးမိန်းကလေး မွေးဖွားခြင်းကို မနှစ်သက်ဘဲ မကောင်းဟု ယူဆကြပြီး အလ္လာဟ်အသျှင်မြတ်ကိုမူ အားနည်းချက်ဖြစ်စေမည့် ထိုစွပ်စွဲချက်များဖြင့် သမုတ်ကြခြင်းဖြစ်သည်။) ဧကန်မုချ အသင်တို့သည် ကြီးကျယ်လွန်မင်းသော စကားကို ပြောဆိုကြခြင်းပင် ဖြစ်ပေသည်။ ထို့ပြင် (ဝမ်းနည်းဖွယ်ကောင်းသည်မှာ ဤ 'သောင်ဟီးဒ်'နှင့် မှားယွင်းသည့် ရှုရစ်က်၏ အကြောင်းအရာကို) ငါအသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်တွင် နည်းမျိုးစုံဖြင့် တင်ပြတော်မူထားသည်။ သို့မှသာ ကောင်းစွာ နားလည်နိုင်ကြပေမည်။ ထိုသို့ နည်းမျိုးစုံဖြင့် အကြိမ်ကြိမ် 'သောင်ဟီးဒ်'၏ မှန်ကန်ခြင်းနှင့် ရှုရစ်က်၏ လွဲမှားခြင်းများကို တင်ပြမိန့်ကြားထားသည့်တိုင် ၎င်းတို့သည် 'သောင်ဟီးဒ်'ကို) စက်ဆုပ်ခြင်းသာ တိုးမြင့်လာခဲ့သည်။ အသင်သည် (ရှုရစ်က်၏ မှားယွင်းကြောင်း ၎င်းတို့အား) ပြောကြားပါလေ။ အကယ်၍ (ဤမှန်ကန်သော ကိုးကွယ်ရာအသျှင်မြတ်နှင့်အတူ) အခြားကိုးကွယ်ရာ အသျှင်မြတ်လည်း (ယှဉ်တွဲလျက်) ရှိမည်ဆိုလျှင်

၎င်းတို့ ပြောဆိုကြသည့်အတိုင်း ဤအချိန်တွင် 'အရ်ရှ်'ပလ္လင်တော်ကို စိုးပိုင်တော်မူသော (ကိုးကွယ်ရာ အသျှင်၊ အစစ်အမှန် အလ္လာဟ်အသျှင်မြတ်) ထံတော်သို့တိုင် (၎င်းတို့၏ အခြားသော ကိုးကွယ်ရာများသည် အစကနဦးကပင်) လမ်းစရှာဖွေပြီးဖြစ်ပေမည်။ (ဆိုလိုသည်မှာ အသင်တို့ အလ္လာဟ်အသျှင်မြတ်နှင့် တန်းတူ ထား၍ တွဲဖက်ကိုးကွယ်နေသူများသည် အကယ်၍သာ အမှန်တကယ် တွဲဖက်ကိုးကွယ်ထိုက်သူများ ဖြစ်ကြပါလျှင် ၎င်းတို့သည် 'အရ်ရှ်'ပလ္လင်တော်ကို စိုးပိုင်တော်မူသော အသျှင်မြတ်အား တိုက်ခိုက်ရန် နည်းလမ်းရှာဖွေပြီးဖြစ်ပေမည်။ အကယ်၍ ဤသို့သာ ကိုးကွယ်ရာ တန်ခိုးတော်ရှင်များအကြား တိုက်ခိုက် နေကြပါလျှင် ကမ္ဘာလောကအတွက် အစီအမံများမှာ မည်သို့ ဖြစ်သွားပါမည်နည်း။ အစီအမံတစ်မျိုးတည်း ဖြင့် တစ်ပါးတည်းသော အသျှင်မြတ်၏ စီမံခန့်ခွဲခြင်းတို့သည် အလွန်ကောင်းမွန်စွာဖြင့် လည်ပတ်လျက် ရှိနေသည်မှာ လူတိုင်းအသိဖြစ်သည်။ ထို့ကြောင့် ကမ္ဘာလောကအပေါင်းသည် မှန်ကန်သည့်သဏ္ဌာန်ဖြင့် လည်ပတ်နေနိုင်ခြင်းသည် 'တစ်ပါးတည်းသော အသျှင်မြတ်မှအပ' အခြားယှဉ်တွဲနိုင်သူ၊ တုဖက်နှိုင်းယှဉ်သူ မရှိကြောင်း သက်သေဖြစ်ပေသည်။ ထိုအချက်ဖြင့် အတည်ဖြစ်သည်မှာ) အလ္လာဟ်အသျှင်မြတ်သည် ၎င်း (မုရှ်ရိစ်က်) တို့ ပြောဆို (စွပ်စွဲ) သမျှတို့မှ သန့်ရှင်းစင်ကြယ်၍ အလွန်ပင် မြင့်မားမြတ်ထွက်တော်မူသည်။ (ထိုအသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်မှုမှာ) မိုးခုနစ်ထပ်နှင့် မြေပထဝီခုနစ်ထပ်တို့နှင့်အတူ ၎င်းတို့အတွင်း၌ ရှိရှိသမျှ (ဖရစ်ရှ်သာဟ်၊ လူသားနှင့် ဂျင်န်) အားလုံးတို့သည် ထိုအသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်း နှင့်အတူ သန့်ရှင်းစင်ကြယ်ကြောင်း ရွတ်ဆိုလျက်ရှိကြကုန်သည်။ (ဤ 'သတ်စ်ဗီးဟ်'ရွတ်ဆိုမှုသည် လူနှင့် 'ဂျင်န်'တို့သာမဟုတ်ဘဲ မိုးနှင့် မြေပထဝီအတွင်းရှိ သက်ရှိသက်မဲ့ ဟူသရွေ့တို့သည်) ထိုအသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့် 'သတ်စ်ဗီးဟ်'သန့်ရှင်းစင်ကြယ်ကြောင်း မရွတ်ဆိုသော အရာဟူ၍ မရှိပေ။ သို့ရာတွင် အသင်တို့သည် ၎င်းတို့၏ 'သတ်စ်ဗီးဟ်'ရွတ်ဆိုမှုကို သိရှိနားလည်ကြမည်မဟုတ်ပေ။ ဧကန်မလွဲ ထို (အလ္လာဟ်) အသျှင်မြတ်သည် အလွန်တရာ သည်းခံမြိုသိပ်တော်မူသော၊ အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'သောင်ဟီးဒ်'၏ အထောက်အထားဖြစ်သည့် اِذًا لَّابْتَغَوْا တွင် မိန့်ကြားထားသည်မှာ အကယ်၍ စကြဝဠာအပေါင်း၏ ဖန်ဆင်းစိုးပိုင်တော်မူသော စီမံခန့်ခွဲ ထိန်းချုပ်တော်မူသော အသျှင်မြတ်သည် 'အလ္လာဟ်' အသျှင်မြတ် တစ်ပါးတည်းသာမဟုတ်ဘဲ အခြားသော တုဖက်နှိုင်းယှဉ်သူ အသျှင်တစ်ပါးပါး ရှိမည်ဆိုလျှင် ထိုစကြဝဠာအပေါင်းတွင် တစ်ကြိမ်မဟုတ်တစ်ကြိမ် ကွဲလွဲခြင်းဖြစ်ပေမည်။ ထိုသို့ ကွဲလွဲသည့်အခါ စီမံ ခန့်ခွဲမှုအားလုံးသည် ပျက်စီးသွားပေလိမ့်မည်။ အကြောင်းမှာ ဤစကြဝဠာအပေါင်းတွင် အမြဲတမ်း ကောင်းမွန် နေမှုနှင့် အစဉ်ထာဝရ တည်မြဲနေမှုတို့သည် ထိုသို့ ကွဲလွဲခြင်းကြောင့် ပျက်ပြားသွားမည်သာ ဖြစ်သည်။

မိုးကောင်းကင်၊ မြေပထဝီနှင့် ၎င်းတို့အတွင်း၌ ရှိရှိသမျှတို့သည် 'သတ်စ်ဗီးဟ်' ပြုလုပ်နေခြင်း

ဖရစ်ရှ်သာဟ်အားလုံးသည်လည်းကောင်း၊ မုအ်မင်န်ဖြစ်သော လူနှင့် 'ဂျင်န်'အားလုံးသည်လည်း ကောင်း အလ္လာဟ်အသျှင်မြတ်၏ 'သတ်စ်ဗီးဟ်'သန့်ရှင်းစင်ကြယ်မှုကို ပြုလုပ်နေကြသည်ဆိုခြင်းမှာ အထင် အရှားဖြစ်သည့်အတိုင်း အားလုံးလည်း အသိပင်ဖြစ်သည်။ ကာဖိရ်ဖြစ်သော လူနှင့် 'ဂျင်န်'တို့မှာ အပေါ်ယံ အားဖြင့် ကြည့်လျှင် 'သတ်စ်ဗီးဟ်'ပြုလုပ်ကြခြင်းမရှိ။ အလားတူ စကြဝဠာအတွင်းရှိ အသိဉာဏ်မရှိဟု ဆိုသော အခြားအရာများသည် 'သတ်စ်ဗီးဟ်'ပြုလုပ်ကြသည်ဆိုသည်မှာ မည်သို့ပါနည်း။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အချို့ပညာရှင်များက မိန့်သည်မှာ ထိုသက်မဲ့ အရာဝတ္ထုများ၏ 'သတ်စ်ဗီးဟ်'ပြုလုပ်ခြင်း သည် 'သတ်စဗီးဟ်ဟာလ်' ၎င်းတို့၏ အခြေအနေကပင် သက်သေဖြစ်သည်။ အကြောင်းမှာ အလ္လာဟ် အသျှင်မြတ်မှအပ အရာအားလုံးတို့သည် ဖြစ်ပေါ်တည်ရှိနေခြင်း၌လည်း အစဉ်အတွက်မဟုတ်။ အမြဲထာဝရ တည်ရှိနေခြင်းအတွက်လည်း မဟုတ်ကြောင်း။ ၎င်းတို့၏ အခြေအနေအရပ်ရပ်မှ ပြသလျက် ရှိနေသည်။ ၎င်းတို့သည်ကား တန်ခိုးတော်ရှင်တစ်ပါး၏ ထိန်းချုပ်မှုအောက်၌သာ ဖြစ်နေပျက်နေကြရသည်များ ဖြစ်သည်။ ဤသည်ပင် ၎င်းတို့၏ ဖြစ်ပေါ်မှုအခြေအနေနှင့် ၎င်းတို့၏ 'သတ်စ်ဗီးဟ်' ပြုလုပ်နေခြင်း၏ သက်သေ ဖြစ်ပေသည်။

သို့ရာတွင် အခြားဆန်းစစ်လေ့လာသူ သုတေသီများ၏ အဆိုမှာ تسبيح اختيارى (ရည်ရွယ်၍ 'သတ်စ်ဗီးဟ်' ဖတ်ခြင်းမှာမူ ဖရစ်ရှ်သာဟ်များ၊ မုအ်မင်န်ဖြစ်သော လူသားများနှင့် 'ဂျင်န်'များအတွက်သာ ဖြစ်သည်။ သို့သော် ဖန်ဆင်းမှုအရ အလ္လာဟ်အသျှင်မြတ်သည် စကြဝဠာအတွင်းရှိ မြူမှုန်မျှခန့် အရာဟူသရွေ့ ကိုပင် မိမိ၏ 'သတ်စ်ဗီးဟ်'သန့်ရှင်းစင်ကြယ်မှုကို ရွတ်ဆိုတသသူများအဖြစ် ဖန်ဆင်းထားတော်မူသည်။ ကာဖိရ်သည်လည်း အစကနဦး၌ များသောအားဖြင့် အလ္လာဟ်အသျှင်မြတ်ကို လက်ခံ၍ ထိုအသျှင်မြတ်၏ ကြီးမြတ်တော်မူခြင်းကို ထုတ်ဖော်သူဖြစ်သည်။ မူလဖန်ဆင်းရှင်အစစ်အမှန်ကို လက်မခံခြင်း (သို့) မျက်မှောက် ခေတ်တွင် ကွန်မြူနစ်တို့သည် အလ္လာဟ်အသျှင်မြတ် တည်ရှိတော်မူခြင်းကို ပေါ်လွင်ထင်ရှားစွာ လက်ခံသူများ မဟုတ်သော်လည်း ထိုအသျှင်မြတ်၏ တည်ရှိနေတော်မူခြင်းအပေါ် အသေးအဖွဲ့ အရာဟူသရွေ့တို့သည် မဖြစ်မနေပုံစံဖြင့် အလ္လာဟ်အသျှင်မြတ်၏ 'သတ်စ်ဗီးဟ်' ရွတ်ဆိုနေကြသည်။ ဥပမာ- သစ်ပင်ပန်းမန်များ၊ ကျောက်တုံးကျောက်ခဲများနှင့် မြေကြီး စသည့် အရာအားလုံးတို့သည် မြင့်မြတ်မှန်ကန်သော အလ္လာဟ်အသျှင် မြတ်၏ 'သတ်စ်ဗီးဟ်'ရွတ်ဆိုခြင်း၌ မွေ့လျော်နေကြသည်။ သို့ရာတွင် ၎င်းတို့ ၏ ဤမဖြစ်မနေ ရွတ်ဆိုရသော 'သတ်စ်ဗီးဟ်'နှင့် ဖန်ဆင်းခံဖြစ်ခြင်း သဘာဝအရ ရွတ်ဆိုရသော 'သတ်စ်ဗီးဟ်'များကို အများလူတို့ မကြားနိုင်ကြပါချေ။ ကုရ်အာန်ကျမ်းတော်မြတ်၌ မိန့်ကြားထားသည့် وَلَٰكِن لَّا تَفْقَهُونَ تَسْبِيحَهُمْ သည် ဤအသေးအဖွဲ့ မြူမှုန်ခန့်မျှရှိသော အရာဟူသရွေ့သည် ဖန်ဆင်းခံဖြစ်ခြင်းနှင့် သဘာဝအလျောက် ရွတ်ဆိုသည့် 'သတ်စ်ဗီးစ်'သည် လူသားများ မကြားနိုင်ကြောင်းနှင့် 'သတ်စ်ဗီးဟ်ဟာလီ' မိမိတို့ ဖြစ်ပေါ

တည်ရှိနေခြင်း၏ အခြေအနေကို သက်သေပြနေသော 'သတ်စ်ဗီးဟ်' မှာမူ အသိဉာဏ်ရှိသူတို့အနေဖြင့် သိရှိနိုင်ကြကြောင်းတို့ကို ညွှန်းဆိုပြသလျက် ရှိသည်။

ထိုအချက်ဖြင့် သိရှိရသည်မှာ ဤ 'သတ်စ်ဗီးဟ်' သည် 'သတ်စ်ဗီးဟ်ဟာလီ' သက်သက်သာ မဟုတ်ဘဲ 'သတ်စ်ဗီးဟ်ဟကီကီး' (သတ်စ်ဗီးဟ်အစစ်အမှန် ဖြစ်ပေသည်။) သို့သော် ကျွန်ုပ်တို့၏ အသိဉာဏ် စွမ်းနှင့် အလွန်ပင် မြင့်မားလှသည်။ *[ကုရ်သုဗီးကျမ်း]*

ဟဒီးစ်တော်တွင် ကိုယ်တော်မြတ် ﷺ ၏ 'မုအ်ဂျီဇာဟ်' အကြောင်း တင်ပြထားသည်မှာ 'ကိုယ်တော်မြတ် ﷺ ၏ မင်္ဂလာရွှေလက်တော်၏ လက်သီးဆုတ်အတွင်း၌ ကျောက်ခဲလေးများ၏ 'သတ်စ်ဗီးဟ်' ရွတ်ဆိုသည့် အသံကို ဆွဟာဗာများသည် 'နားဖြင့် ဆတ်ဆတ်ကြားခဲ့ကြရသည်' ဟု ဖြစ်သည်။ ဤသည်မှာ 'မုအ်ဂျီဇာဟ်' ပင်ဖြစ်ကြောင်း ထင်ရှားပေသည်။ သို့ရာတွင် 'ခဆွာအိဆွ်ကုဗ်ရာ' ကျမ်းတွင် ရှိုင်ခ်ဂျလာလွဒ်ဒီးန်စီးယူသို့ ﷺ သခင်က မိန့်ဆိုထားသည်မှာ 'ကျောက်ခဲလေးများမှ 'သတ်စ်ဗီးဟ်' ရွတ်ဆိုခြင်းသည် ကိုယ်တော်မြတ် ﷺ ၏ 'မုအ်ဂျီဇာဟ်' မဟုတ်။ ၎င်းတို့မှာမူ မည်သည့်နေရာ၌ပင်ဖြစ်စေ၊ နေရာတိုင်းတွင် 'သတ်စ်ဗီးဟ်' ရွတ်ဆိုကြသည်ချည်းသာ ဖြစ်သည်။ သို့ရှိရာ ကိုယ်တော်မြတ် ﷺ ၏ 'မုအ်ဂျီဇာဟ်' မှာ ကိုယ်တော်မြတ် ﷺ ၏ ရွှေလက်တော်အတွင်း၌ ရောက်ရှိပြီးနောက် ၎င်းတို့ ရွတ်ဆိုသည့် 'သတ်စ်ဗီးဟ်' ကို နားများဖြင့် ကြားနိုင်အောင် အသံဖြင့် ရွတ်ဆိုခြင်းသာ ဖြစ်သည်' ဟု ဆိုသည်။

အေမာမ်ကုရ်သုဗီ (ရဟ) သခင်သည် ဤလေ့လာဆန်းစစ်ချက်ကို ပို၍ ဦးစားပေးအဖြစ် သတ်မှတ်ခဲ့သည်။ ဤသည် အထက်၌ ကုရ်အာန်နှင့် 'စွန္နသ်' တို့၏ အကိုးအကား အထောက်အထား များစွာတို့ကို တင်ပြခဲ့သည်။ ဥပမာ- 'စူရာဟ်ဆွာဒ်' တွင် ဟဇရတ်ဒါဝူးဒ် ﷺ နှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူထားသည်မှာ-

إِنَّا سَخَّرْنَا الْجِبَالَ مَعَهُ يُسَبِّحْنَ بِالْعَشِيِّ وَالْإِشْرَاقِ

'ငါအသျှင်မြတ်သည် တောင်များကို ဟဇရတ်ဒါဝူးဒ် ﷺ နှင့်အတူ နံနက်၊ ညနေ 'သတ်စ်ဗီဒဟ်' ပြုရန် ထိန်းချုပ်တော်မူခဲ့သည်' ဟု ဖြစ်သည်။ ထို့ပြင် 'စူရာဟ်ဗကရာဟ်' တွင် တောင်များ၊ ကျောက်ခဲများနှင့် စပ်လျဉ်း၍

إِنَّ مِنْهَا لَمَا يَهْبِطُ مِنْ خَشْيَةِ اللَّهِ

(တောင်မှ အချို့ကျောက်တုံးကျောက်ခဲများသည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ခြင်းဖြင့် အောက်သို့ ကျလာခဲ့ကြသည်။)

ဤသည်ကို ကြည့်ခြင်းဖြင့် ကျောက်တုံးကျောက်ခဲများတွင် အသိတရားနှင့် အလ္လာဟ်အသျှင်မြတ်အား အကြောက်တရားရှိကြောင်း အတည်ဖြစ်ပေသည်။

စူရာဟ်မရ်ယမ်တွင် နဆွ်ရာတို့က ဟဇရတ်အီစာ ﷺ အား အလ္လာဟ်အသျှင်မြတ်၏ သားတော်အဖြစ် စွပ်စွဲသမုတ်ကြသည်များကို တုန့်ပြန်ချေပသည့်အနေဖြင့် မိန့်ကြားတော်မူထားသည်မှာ-

وَيَخِرُّ الْجِبَالُ هَدًّا اَنْ دَعَوْلِلرَّحْمٰنِ وَلَدًا

(ဤသူတို့သည်ကား အလ္လာဟ်အသျှင်မြတ်တွင် သားရှိသည်ဟု သမုတ်ကြသည်။ ၎င်းတို့၏ ဤကုဖွရ်ဖြစ်စေသော စွပ်စွဲချက်စကားကြောင့် တောင်များသည် ကြောက်ရွံ့တုန်ခါသွားခဲ့သည်။ ထို့နောက်အောက်သို့ လိမ့်ကျခဲ့ကြသည်။)

ဤကြောက်ရွံ့မှုသည် ၎င်းတို့တွင် အသိတရားရှိကြောင်း ပြဆိုနေသည်မှာ အထင်အရှားဖြစ်သည်။ ထိုသို့ အသိတရား ရရှိပြီးနောက် 'သတ်စ်ဗီးဟ်' ဖတ်ရွတ်ရန် ဆိုသည်မှာ ဝေးလံ ခက်ခဲသည့် ကိစ္စမဟုတ်ပါချေ။

ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်န် မတ်စ်အူးဒ် ﷺ သခင်က ဆင့်ပြန်သည်မှာ တောင်တစ်လုံးသည် အခြားတောင်တစ်တောင်အား 'အို၊ မည်သူမည်ဝါ၊ အသင့်အပေါ်မှ အလ္လာဟ်အသျှင်မြတ်အား 'ဇိကရ်'သတိရတသသူ ဖြတ်ကျော်သွားပါသလား'ဟု မေးလိမ့်မည်။ အကယ်၍ အမေးခံရသည့်တောင်က 'ဟုတ်ပါသည်။ ဖြတ်သွားပါသည်' ဟု ဖြေကြားလျှင် ဤမေးသည့်တောင်သည် ပျော်ရွှင်လေသည်။ ဤအချက်အပေါ် အထောက်အထားပေးရန်အတွက် ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်သည်

وَقَالُوا اتَّخَذَ الرَّحْمٰنُ وَلَدًا

ဟူသော အာယသ်တော်ကို ဖတ်ကြားလေသည်။ ထို့နောက် မိန့်ကြားသည်မှာ ဤအာယသ်တော်ဖြင့် သိရှိရသည်မှာ တောင်များသည် ကုဖွရ်ဖြစ်စေသည့် စကားများကို ကြား၍ ခံစားချက်ဖြစ်ပေါ်ပြီး ကြောက်စိတ်များ ဖြစ်ပေါ်လာသည်။ ၎င်းတို့သည် မှားယွင်းသည့် စကားကိုသာ ကြားကြသည်။ အမှန်တရား၏ စကားများနှင့် အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းကိုမူ မကြားကြဟု အသင်တို့ ယူဆနေကြပါသလော။ *[ကုရ်သုဗီးကျမ်း]*

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'ဂျင်န်၊ လူသား၊ သစ်ပင်၊ ကျောက်တုံးကျောက်ခဲနှင့် မြေစိုင်မြေခဲတို့သည် 'မုအ်ဇင်န်'အသံပြုသူ၏ အသံကို မကြားရဟူ၍ မရှိ။ 'ကေယာမသ်'နေ့တွင် ၎င်း၏ အီမာန်နှင့် ကောင်းမြတ်ခြင်းကို 'ရှဟာဒသ်' သက်သေထွက်ဆိုခြင်း မပြုဟူ၍ မရှိ'ဟု ဖြစ်ပေသည်။ *[မုအသ္တ္တာအိမာမ်မာလိက်၊ စုနန်အိဗ်နုမာဂျာဟ်။]*

အေမာမ်ဘိုခါရီ (ရဟ) သခင်သည် ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ခဲ့သည်မှာ 'ကျွန်ုပ်တို့သည် စားသောက်ဖွယ်ရာများအား စားသောက်လိုက်သည့်အခါ ထိုစားဖွယ်များမှ 'သတ်စ်ဗီးဟ်'ရွတ်ဆိုသံကို ကြားရလေ့ ရှိကြသည်။

အခြားဆင့်ပြန်ချက်တစ်ခုတွင် 'ကျွန်ုပ်တို့သည် တမန်တော်မြတ် ﷺ နှင့်အတူ စားသောက်ကြသည့်အခါ စားသောက်ဖွယ်ရာများမှ 'သတ်စ်ဗီးဟ်'ရွတ်ဆိုသံကို ကြားရလေ့ရှိကြသည်'ဟု လာရှိသည်။ ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရတ်ဂျာဗိရ်ဗင်န်စမုရဟ် ﷺ သခင်၏ ဆင့်ပြန်ချက် လာရှိသည်။ တမန်တော်

မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'ကျွန်ုပ် 'နဗူဝသ်' မရရှိမီ အလျှင်ကပင် စလာမ်ပေးလေ့ရှိသော မက္ကာဟ် မြို့ရှိ ကျောက်တုံးများကို ကျွန်ုပ် သိပါသည်။ ယခုလည်း ထိုကျောက်တုံးကို ကျွန်ုပ် သိပါသည်။'

ဤဟဒီးစ်တော်နှင့် စပ်လျဉ်း၍ အချို့ပညာရှင်များက 'ဤသည် ဟဂ်ျရေ့အဆ်ဝဒ်'ကို ဆိုလိုခြင်း ဖြစ်သည်။

အေမာမ်ကုရ်သုဗီ (ရဟ) သခင်က မိန့်ဆိုသည်မှာ ဤအကြောင်းအရာများစွာတို့၏ ဟဒီးစ်ဆင့်ပြန် ချက် အမျိုးအပြား လာရှိထားသည်။ အွစ်သွဝါနာဟ်နာနာ၏ ဖြစ်ရပ်အကြောင်းမှာမူ မွတ်စ္စလင်မ်တို့၏ ပါးစပ်ဖျားၡ်၌ ရှိကြ ပေသည်။ ၄င်း၏ ငိုကြွေးသံကို ဆွဟာဗာတို့ ကြားခဲ့ကြရသည်။ တမန်တော်မြတ် ﷺ သည် 'ခွသ်ဗာဟ်' ပေးမည့် အချိန်တွင် ၄င်းအား လွှတ်၍ 'မင်နဗရ်'ပေါ်တက်ပြီး 'ခွသ်ဗာဟ်'ပေးခြင်းကို ပြုတော်မူခဲ့သည်။

ဤဟဒီးစ်တော်များကို တင်ပြပြီးသည့်နောက် 'မိုးကောင်းကင်နှင့် ကမ္ဘာမြေပြင်တို့၌ ရှိရှိသမျှသော အရာဟူသရွေ့တို့တွင် အသိတရားရှိကြပြီး အရာဟူသရွေ့တို့သည် အလ္လာဟ်အသျှင်မြတ်၏ 'သတ်စ်ဗီးဟ်' ကို အစစ်အမှန် ပြုလုပ်နေကြသည်ဆိုခြင်းမှာ မည်သို့ မဖြစ်နိုင်ပါမည်နည်း။' အိဗ်ရာဟီမ် (ရဟ) က မိန့်ဆိုသည်မှာ ဤ 'သတ်စ်ဗီးစ်'သည် အားလုံးကို ခြုံငုံ၍ မိန့်ဆိုထားခြင်း ဖြစ်သည်။ သက်ရှိသတ္တဝါများ လည်း ပါဝင်ပေသည်။ သက်မဲ့အရာဝတ္ထုများသည်လည်း ပါဝင်သည်။ ယုတ်စွအဆုံး တံခါးပေါက်မှာ တံခါးဘောင်တို့၏ မြည်သံသည်ပင် 'သတ်စ်ဗီးဟ်'ရွတ်ဆိုခြင်းဖြစ်သည်။

အေမာမ်ကုရ်သုဗီ (ရဟ) သခင်က မိန့်ဆိုသည်မှာ အကယ်၍ 'သတ်စ်ဗီးဟ်'၏သဘောမှာ 'သတ်စ်ဗီးဟ်ဟာလီ' ဖြစ်မည်ဆိုလျှင် ဖော်ပြပါအာယသ်တော်၌ ဟဇရသ်ဒါဝူးဒ် عليه السلام အကြောင်းကို အထူး ဖော်ပြရန် အာယသ်မှာ လိုအပ်ပါမည်နည်း။ 'သတ်စ်ဗီးဟ်ဟာလီ'ကိုမူ အသိဉာဏ်ရှိသူ လူတိုင်းသည် အရာ တိုင်းအပေါ်၌ သိရှိအောင် ပြုလုပ်နိုင်ပေသည်။ ထို့ကြောင့် ဤ 'သတ်စ်ဗီးဟ်'သည် 'သတ်စ်ဗီးဟ်ကောင်လီ' နှုတ်ဖြင့် မြွက်ဟရွတ်ဆိုသည့် 'သတ်စီးဟ်'ဖြစ်သည်။ (ထို့ပြင် 'ခဆွာအိဆ္ဆွကွဗ်ရာ'ကျမ်း၌ တင်ပြထား သကဲ့သို့ 'ကျောက်စရစ်ခဲလေးများမှ 'သတ်စ်ဗီးဟ်'ရွတ်ဆိုခြင်းသည် 'မုအ်ဂျေဇာဟ်'မဟုတ်။ ထိုသို့ 'သတ်စ် ဗီးဟ်'ရွတ်ဆိုခြင်းမှာမူ နေရာတိုင်း၊ အခြေအနေတိုင်းနှင့် အချိန်တိုင်းအတွက် အကန့်အသတ်မရှိ ဖြစ်ပါသည်။ ကိုယ်တော်မြတ် ﷺ ၏ 'မုအ်ဂျေဇာဟ်'မှာကား ကိုယ်တော်မြတ် ﷺ ၏ မဂ်လာရှေပတ်တော်အတွင်းဝယ် ရောက်ရှိလာပြီးမှ ၄င်းတို့၏ 'သတ်စ်ဗီးဟ်'ရွတ်ဆိုသည့်အသံကို လူအများ၏ နားဖြင့် ဆတ်ဆတ်ကြားအောင် ရွတ်ဆိုခြင်းပင် ဖြစ်သည်။ အလားတူ တောင်များ၏ 'သတ်စ်ဗီးဟ်'ရွတ်ဆိုခြင်းတွင်လည်း ဟဇရသ် ဒါဝူးဒ် عليه السلام ၏ 'မုအ်ဂျေဇာဟ်'ဖြစ်ရသည်မှာ ၄င်းတို့၏ 'သတ်စ်ဗီးဟ်'ရွတ်ဆိုသံသည် နားများဖြင့် ကြားနိုင် သည့် အသံဖြင့် ရွတ်ဆိုသောကြောင့်ပင် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِذَا قَرَأْتَ الْقُرْآنَ
جَعَلْنَا بَيْنَكَ وَبَيْنَ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ حِجَابًا مَّسْتُورًا ﴿٤٥﴾

၁၇ : ၄၅ ။ ။ ၎င်းပြင် (အို၊ နဗီတမန်တော်) အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ရွတ်သောအခါ ငါအသျှင်မြတ်သည် အသင်နှင့် နောင်တမလွန်ဘဝကို မယုံကြည်သော သူတို့၏ အကြားဝယ် လျှို့ဝှက်လျက်ရှိသော အကာအဆီးကို ချထားတော်မူပေသည်။

وَجَعَلْنَا عَلَىٰ قُلُوبِهِمْ أَكِنَّةً أَن يَفْقَهُوهُ وَفِي آذَانِهِمْ وَقْرًا ۚ وَإِذَا
ذَكَرْتَ رَبَّكَ فِي الْقُرْآنِ وَحْدَهُ وَلَّوْا عَلَىٰ أَدْبَارِهِمْ نُفُورًا ﴿٤٦﴾

၁၇ : ၄၆ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများအပေါ်၌ အဖုံးအအုပ် ဖုံးပေးထားတော်မူသည် ဖြစ်ရာ၊ ၎င်းတို့သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို နားမလည်ကြပေ။ ထို့ပြင် ၎င်းတို့၏ နားများကို ပင်းစေတော်မူ၏။ သို့ရာတွင် (အို၊ နဗီတမန်တော်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်တစ်ဆူတည်း (၏ ဂုဏ်တော်များ) ကိုသာ ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်မေ့တသ (ချီးကျူး) လေသော အခါ၌မူ ၎င်းတို့သည် စက်ဆုပ်ရွံရှာသောအားဖြင့် မိမိတို့နောက်ကျောဘက်သို့ ပြန်လှည့်၍ ထွက်ခွာသွားကြကုန်၏။

نَّحْنُ أَعْلَمُ بِمَا يَسْتَمِعُونَ بِهِ إِذْ يَسْتَمِعُونَ إِلَيْكَ وَإِذْ هُمْ نَجْوَىٰ إِذْ
يَقُولُ الظَّالِمُونَ إِن تَتَّبِعُونَ إِلَّا رَجُلًا مَّسْحُورًا ﴿٤٧﴾

၁၇ : ၄၇ ။ ။ ထိုသူတို့သည် အသင့်ဘက်သို့ နားစွင့်ကြ၍ မည်သည့်အကြောင်းကြောင့် (ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို) နားထောင်ကြသည်ကိုလည်းကောင်း၊ ထို့ပြင် ၎င်းသူတို့သည် (အချင်းချင်း) လျှို့ဝှက်စွာ ပြောဆိုတိုင်ပင်ကြသောအခါ 'အသင်တို့သည် စုန်းပြုစားခြင်းခံရသော သူ၏နောက်သို့ လိုက်နေကြသည်' ဟု ပြောဆိုကြသည်ကိုလည်းကောင်း ငါအသျှင်မြတ်သည် ကောင်းစွာ သိရှိတော်မူ၏။

انظُرْ كَيْفَ ضَرَبُوا لَكَ الْأَمْثَالَ فَضَلُّوا فَلَا يَسْتَطِيعُونَ سَبِيلًا ﴿٤٨﴾

၁၇ : ၄၈ ။ ။ (အို၊ နဗီတမန်တော်) ၎င်းတို့သည် အသင်နှင့်ပတ်သက်၍ မည်သို့သော ပုံဆောင်ချက်များ နိုင်းနှိုင်းခဲ့ကြသည်ကို အသင်ရှုပါလေ။ ထို့ကြောင့်ပင် ၎င်းတို့သည် လမ်းလွဲခဲ့ကြချေပြီ။ သို့ဖြစ်ပေရာ ၎င်းတို့သည် မည်သည့် (ထွက်) လမ်းကိုမျှပင် တွေ့ရှိနိုင်ကြတော့မည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကုန်လွန်ခဲ့သည့် အာယသ်တော်များတွင် 'သောင်ဟီးဒ်' ၏ အကြောင်းအရာကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ခေါင်းစဉ်အမျိုးမျိုး၊ အကိုးအကားအဖုံဖုံဖြင့် အကြိမ်ကြိမ်အဖန်ဖန် တင်ပြခဲ့ပါလျက် ဤနှမူးစာ

ဆိုးရွားလှသည့် မုန်ရှစ်ကိမ်များသည် လက်မခံခဲ့ကြပေ။ ဤအာယသ်တော်များတွင် 'ငင်းတို့သည် ဤအာယသ်တော်များကို တွေးတောဆင်ခြင်မှုများ မပြုရုံသာမကဘဲ ဤအာယသ်တော်များအား စက်ဆုပ်ခြင်းနှင့် ပြောင်လှောင်သရော်ခြင်းများ ပြုကြသည့်အတွက် ငင်းတို့အား စစ်မှန်သည့် အသိပညာများမှ အကာန်းသဖွယ် ပြုလုပ်လိုက်သည်'ဟူ၍ ငင်းတို့၏ လက်မခံသော အကြောင်းအရင်းကို တင်ပြထားသည်။

ထို့နောက် အသင်သည် ('သဗ်လီးဂ်'ပြုရန်) ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ရွတ်သည့်အခါ 'ဒီးန်'နှင့် 'အာခေရသ်'အပေါ် အီမာန်သက်ဝင်ယုံကြည်မှုမပြုကြသူများအကြား ငါအသျှင်မြတ်သည် အတားအဆီးတစ်ခုကို တားဆီးပေးတော်မူသည်။ (ထိုအတားအဆီးမှာ) ငါအသျှင်မြတ်သည် ငင်းတို့၏ နှလုံးသားများအပေါ်တွင် (ကုရ်အာန်၏ အလိုသဘောကို) နားလည်သဘောပေါက်နိုင်ခြင်းကို တားဆီးပေးလိုက်ခြင်းပင် ဖြစ်သည်။ ထို့နောက် ငါအသျှင်မြတ်သည် ငင်းတို့ကို (ထိုသို့ နားပင်းခြင်းကြောင့် ငင်းတို့သည် (ဟိဒါယသ် တရားလမ်းမှန် ရယူရန် နားထောင်မည့်) နားများကို ပင်းစေတော်မူလိုက်သည်။ (ဆိုလိုသည်မှာ ငင်းတို့သည် အသင်၏ 'နဗူဝသ်'၏ အဆင့်အတန်းကို နားလည်သဘောပေါက်စေမည့် ဆန္ဒပင် မပြုနိုင်လောက်အောင်ပင် အသိတရားကင်းမဲ့သည့် အတားအဆီးကို ကာဆီးပေးလိုက်ခြင်းဖြစ်သည်။) ထို့ပြင် အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်မှ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် (၏ ပြည့်စုံကုံလုံသည့် ဂုဏ်ရည်တော်များကို) တင်ပြသည့်အခါ (ဤမုန်ရှစ်ကိတို့သည် ငင်းတို့ကိုးကွယ် ဆည်းကပ်မှုပြုသည့် ကိုးကွယ်ရာများတွင် ဤဂုဏ်ရည်တော်များ ရှိပင်မရှိကြလေသောအခါ) ငင်းတို့သည် မိမိတို့၏ အသိတရား ခေါင်းပါးခြင်းဖြင့်သာမက အသိတရား လွဲမှားချွတ်ချော်မှုများအားဖြင့် ထိုကုရ်အာန်အား) စက်ဆုပ်ရွံရှာခြင်းပြုလျက် ကျောခိုင်း၍ ထွက်ခွာသွားကြလေသည်။ (ရှေ့တွင် ငင်းတို့၏ လွဲမှားသည့် ဤလုပ်ရပ်များအပေါ် ခြိမ်းခြောက်မှုနှင့် သတိပေးနှိုးဆော်မှု လာရှိသည်မှာ) ငင်းတို့သည် အသင့်ဘက်သို့ နားစိုက်ထောင်ကြသည့်အခါ ငင်းတို့ မည်သည့်ရည်ရွယ်ချက်ဖြင့် နားထောင်ကြသည်ကို ငါအသျှင်မြတ် ကောင်းစွာ သိရှိတော်မူသည်။ ငင်းတို့သည် ဤ (ကုရ်အာန်) ကျမ်းမြတ်အား နားထောင်ကြသည်မှာ (ငင်းတို့သည် စောဒကတက်ရန်၊ ရှုတ်ချရန်နှင့် အပြစ်ရှာရန်အတွက်မျှသာ ဖြစ်သည်။) ငင်းတို့ (ကုရ်အာန်ကို နားထောင်ပြီး၍) အချင်းချင်း တီးတိုးစကား ပြောဆိုကြသည်။ (ငါအသျှင်မြတ်သည် ဤသည်ကိုလည်း ကောင်းစွာ သိမြင်တော်မူသည်။) ထိုမတရားပြုသူတို့က ပြောဆိုကြသည်မှာ အသင်တို့သည် (ငင်းတို့၏ ဆွေမျိုးသားချင်းများအနက် တမန်တော်မြတ် ﷺ ၏ နောက်လိုက်ဖြစ်သွားသူများအား) 'ဂျာဒူ'ပယောဂ စွဲကပ်နေသူ၏ နောက်သို့ လိုက်နေကြသည်။ (ဆိုလိုသည်မှာ ထူးဆန်းအံ့သြဖွယ် စကားများ ပြောဆိုခြင်းအားလုံးသည် စိတ်ခြောက်ခြားရူးသွပ်သည့် ဝေဒနာကြောင့်ပင် ဖြစ်သည်။) အို့၊ မိုဟမ္မဒ်၊ ငင်းတို့သည် အသင့်အား မည်သည့်ဂုဏ်ထူးဘွဲ့များဖြင့် ပမာပေးခိုင်းနှိုင်းနေကြသည်ကို အသင် အနည်းငယ်မျှ ကြည့်ရှုပါလေ။ ငင်းတို့ သည် (လုံးဝပင်) လမ်းမှားသွားကြပေပြီ။ (ယခုမူ ငင်းတို့သည် အမှန်တရား၏) လမ်းကို ရရှိနိုင်ကြတော့မည် မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် ငင်းတို့သည် မတရားမှုပြုကြခြင်း၊ ဆန့်ကျင်ကြခြင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်အပေါ် မတော်မတရား၊ စော်ကားမှုများ ပြုခဲ့ကြခြင်းတို့ကြောင့် လူ့အရည်အချင်း၊ အသိတရားနှင့် တရားလမ်းမှန်တို့မှ အဆက်ပြတ်သွားကြရတော့သည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

နဗီတမန်တော်မြတ် ﷺ အပေါ် 'ဂျာဒူ' ပယောဂ စွဲကပ်နိုင်ခြင်း

နဗီတမန်တော်များအပေါ်တွင် အခြားသော ရောဂါဝေဒနာများ စွဲကပ်သကဲ့သို့ 'ဂျာဒူ'ပယောဂလည်း စွဲကပ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် နဗီတမန်တော်များသည်လည်း လူသားဖြစ်ခြင်း၏ အကျိုးဆက်ဖြင့် ကင်းလွတ်သူများမဟုတ်သောကြောင့် ဖြစ်သည်။ ၎င်းတို့၌လည်း အနာရောဂါများ ဖြစ်နိုင်သည်။ ဖျားနာခြင်းနှင့် ကိုက်ခဲနာကျင်မှု ဝေဒနာများလည်း ဖြစ်နိုင်သည်။ ဤအတိုင်းပင် 'ဂျာဒူ'ပယောဂများလည်း စွဲကပ်နိုင်သည်။ အကြောင်းမှာ ထို 'ဂျာဒူ'ပယောဂသည်လည်း 'ဂျင်န်'များ၏ အကြောင်းခံ စသည်တို့၏ ရှုးရှသက်ရောက်မှုကြောင့်ပင် ဖြစ်သည်။ ဟဒီးစ်တော်ဖြင့်လည်း အတည်ဖြစ်သည့်မှာ 'အခါတစ်ပါး၌ တမန်တော်မြတ် ﷺ အပေါ်၌ 'ဂျာဒူ'ပယောဂ စွဲကပ်ခဲ့သည်။ နောက်ဆုံးအာယသ်တော်၌ ကာဖိရ်များက ကိုယ်တော်မြတ် ﷺ အား 'ဂျာဒူ'ပယောဂစွဲကပ်သူ'ဟု သမုတ်ကြသည်။ ကုရ်အာန်ကျမ်းမြတ်သည် ၎င်းတို့၏ ဤသို့ စွပ်စွဲပြောဆိုခြင်းကို တုန့်ပြန်ချေပခဲ့သည်။ ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ထို 'မတ်စဟူးရ်' 'ဂျာဒူ'ပယောဂစွဲကပ်သူ'၏ အလိုသဘောကို ဤအဓိပ္ပာယ်အတိုင်းမဟုတ်ဘဲ ရူးသွပ်သူဟု ဆိုခဲ့သည်။ ထိုအကြောင်းကို ကုရ်အာန်က တုန့်ပြန်ချေပခဲ့သည်။ ထို့ကြောင့် 'ဂျာဒူ'ပယောဂအကြောင်း တင်ပြသည့် ဟဒီးစ်သည် ကုရ်အာန်နှင့် ဆန့်ကျင်ခြားနားခြင်း မရှိတော့ပေ။

ဖော်ပြပါအာယသ်တော်များအနက် ပထမနှင့် ဒုတိယအာယသ်တော်များ၌ လာရှိသည့်အကြောင်းအရာမှာ ဤအာယသ်တော် ကျရောက်လာရခြင်း၏ အကြောင်းရင်းဖြစ်ရပ် 'ရှာနေနုဇူးလ်'ဖြစ်သည်။ ဤသည်ကို ကုရ်သုဗီ (ရဟ) က စအီးဒ်ဗင်န်ဂျူဗိုင်ရ် ؓ ထံမှ ဆင့်ပြန်ခဲ့သည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် 'စူရာဟ်လဟဗ်' ကျရောက်လာရာ ဤစူရာဟ်တွင် အဗူလဟဗ်၏ ဇနီးအား ရှုတ်ချထားခြင်းများ ပါရှိသောအခါ အဗူလဟဗ်၏ ဇနီးသည် တမန်တော်မြတ် ﷺ ၏ ထိုင်ဝိုင်းရှိရာသို့ သွားလေသည်။ ထိုအချိန်က ဟဇရသ်အဗူဗကရ် ؓ သည် ထိုထိုင်ဝိုင်း၌ ရှိနေခဲ့သည်။ အဗူလဟဗ်၏ ဇနီးကို အဝေးမှ တွေ့မြင်ရသောအခါ ကိုယ်တော်မြတ် ﷺ အား 'ကိုယ်တော်မြတ်သည် ဤနေရာမှ ရှောင်လိုက်လျှင် အကောင်းဆုံးဖြစ်မည်။ အကြောင်းမှာ ကိုယ်တော်မြတ်အား မခံမရပ်နိုင်လောက်အောင် ဒုက္ခဖြစ်စေမည့် စကားများကို ပြောဆိုပေလိမ့်မည်'ဟု လျှောက်ထားလေသည်။ ကိုယ်တော်မြတ် ﷺ က 'ကိစ္စမရှိပါ။ သူမနှင့် ကျွန်ုပ်၏ အကြားတွင် အလ္လာဟ်အသျှင်မြတ်သည် အတားအဆီး ကာရံပေးတော်မူပါလိမ့်မည်။' ဤသို့ဖြင့် ထိုအမျိုးသမီးသည် ထိုင်ဝိုင်းရှိရာသို့ ရောက်လာခဲ့သော်လည်း တမန်တော်မြတ် ﷺ အား မတွေ့မြင်ခဲ့ပေ။ ထို့ကြောင့် စွဒ်ဒီးက်အက္ကဗရ်သည် ဟဇရသ်အဗူဗကရ် ؓ အား 'အသင်၏ မိတ်ဆွေသည် ကျွန်မ၏ မကောင်းကြောင်းများကို ဖွဲ့နွဲ့တင်ပြနေပါသည်'ဟု ပြောဆို၏။ ထိုအခါ ဟဇရသ်အဗူဗကရ် ؓ သခင်က 'အလ္လာဟ်အသျှင်မြတ်၏ ကာဗမ်၊ ကျွန်ုပ်၏ မိတ်ဆွေသည် သွားပုပ်လေလွင့်အကြောင်းများ ပါရှိလေ့ရှိသော မည်သည့်ကဗျာလင်္ကာမျှ ဆိုခြင်းမရှိခဲ့ပါ'ဟု တုန့်ပြန်ပြောကြားလိုက်သည်။ ထိုအခါ သူမက 'အသင်သည်

လည်း ၎င်းအား ထောက်ခံသူများအနက်မှ ဖြစ်သည်'ဟု ပြောဆို၍ ထွက်ခွာသွားလေသည်။ ထိုအမျိုးသမီး ထွက်ခွာသွားပြီးနောက် ဟဇရသ်အဘူဗကရ် ؓ သခင်က 'သူမသည် ကိုယ်တော်မြတ်အား မမြင်တွေ့ပါ သလော'ဟု လျှောက်ထားမေးမြန်းရာ ကိုယ်တော်မြတ် ﷺ က 'သူမသည် ဤနေရာ၌ ရှိနေသရွေ့ သူမနှင့် ကျွန်ုပ်၏အကြားတွင် အတားအဆီးပြုလျက် ရှိနေလိမ့်မည်'ဟု မိန့်ကြားတော်မူလေသည်။

ရန်သူများ၏အရှေ့မှ ကွယ်ပျောက်နေရေရန် ကျင့်စဉ်တစ်ရပ်

ဟဇရသ်ကအ်ဗ် ؓ သခင်က ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ သည် မုရှ်ရစ်ကီများ၏ မျက်လုံးများမှ အကာအကွယ်ဖြစ်လိုသည့်အခါ ကုရ်အာန်အာယသ်တော် (၃) ပိုဒ်ကို ဖတ်တော်မူလေ့ရှိသည်။ ထိုအာယသ်တော်များ ဖတ်ရွတ်လိုက်ခြင်းဖြင့် ၎င်းတို့သည် ကိုယ်တော်မြတ် ﷺ အား မတွေ့မြင်နိုင်ကြတော့ပေ။ ထိုအာယသ်တော်များမှာ-

(၁) စူရာဟ်ကဟဖ်မှ

إِنَّا جَعَلْنَا عَلَىٰ قُلُوبِهِمْ أَكِنَّةً أَن يَفْقَهُوهُ وَفِي آذَانِهِمْ وَقْرًا

ဟူသော အာယသ်တော်ဖြစ်ပြီး၊

(၂) စူရာဟ်နဟလ်မှ

أُولَٰئِكَ الَّذِينَ طَبَعَ اللَّهُ عَلَىٰ قُلُوبِهِمْ وَسَمْعِهِمْ وَأَبْصَارِهِمْ

ဟူသော အာယသ်တော်ဖြစ်၍၊

(၃) စူရာဟ်ဂျာစိယဟ်မှ

أَفَرَأَيْتَ مَنِ اتَّخَذَ إِلَٰهَهُ هَوَاهُ وَأَضَلَّهُ اللَّهُ عَلَىٰ عِلْمٍ وَخَتَمَ
عَلَىٰ سَمْعِهِ وَقَلْبِهِ وَجَعَلَ عَلَىٰ بَصَرِهِ غِشَاوَةً

အာယသ်တော်များ ဖြစ်သည်။

ဟဇရသ်ကအ်ဗ် ؓ သခင်က မိန့်ဆိုသည်မှာ တမန်တော်မြတ် ﷺ ၏ ဤလုပ်ရပ်ကို ကျွန်ုပ်သည် ဆီးရီးယားနိုင်ငံမှ ပုဂ္ဂိုလ်တစ်ဦးအား တင်ပြခဲ့သည်။ ထိုသူသည် အကြောင်းကိစ္စတစ်ခုဖြင့် ရောမနိုင်ငံသို့ ရောက်သွားခဲ့သည်။ ထို၌ ကာလအတန်ကြာ နေခဲ့သည်။ ရောမနိုင်ငံသား ကာဖိရ်များက ၎င်းအား ဒုက္ခပေးလာကြသည်။ ထိုသူသည် ထိုနေရာမှ ထွက်ပြေးလာခဲ့သည်။ ရောမသားတို့သည် ၎င်းနောက်သို့ လိုက်လာခဲ့ကြသည်။ ထိုအခါမှ ထိုသူသည် ကျွန်ုပ်၏ ဆင့်ပြန်ချက်ကို သတိရလာခဲ့သည်။ ဖော်ပြပါအာယသ်တော် (၃) ပိုဒ်ကို ဖတ်ရွတ်လိုက်သည်။ တန်ခိုးတော်ရှင်သည် ၎င်းတို့၏ မျက်လုံးများ၌ အတားအဆီးပြုပေးတော်မူလိုက်သည်မှာ 'ထိုသူလျှောက်နေသည့် လမ်းပေါ်၌ပင် ရန်သူများ ဖြတ်ကျော်လျှောက်သွားကြသော်လည်း ရန်သူများသည် ၎င်းအား မတွေ့မြင်နိုင်ခဲ့ကြပေ။'

အေမာမ်ဆအ်လဗီက ပြောဆိုသည်မှာ ဟဇရသ်ကအ်ဗ် ﷺ သခင်ထံမှ ဤဆင့်ပြန်ချက်ကို ကျွန်ုပ်သည် 'ရယေး'၌နေသူ တစ်ဦးအား တင်ပြခဲ့သည်။ အကြောင်းအားလျော်စွာ 'ဒီလမ်း'မြို့မှ ကာဖိရ်များသည် 'ရယေး'၌နေသူအား ကာလအတန်ကြာသည့်တိုင် ဖမ်းဆီးချုပ်နှောင်ထားသည်။ တစ်ရက်တွင် အခါအခွင့်သင့်သည်နှင့် ထွက်ပြေးလာခဲ့ရာ ရန်သူတို့သည် ၄င်းအား နောက်မှ လိုက်လံ၍ ဖမ်းဆီးကြသည်။ သို့သော် ထိုသူသည် ဖော်ပြပါအာယသ်တော်များကို ဖတ်ရွတ်လိုက်သည့်အခါ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့၏ မျက်လုံးများအပေါ် ထိုသူ့အား မမြင်နိုင်အောင် အတားအဆီးများ ကာရံပေးတော်မူလိုက်သည်။ အမှန်စင်စစ် ၄င်းတို့၏ အင်္ကျီနှင့် ထိုသူ၏ အင်္ကျီများ ထိသွားသည်အထိ ပူးကပ်စွာ အတူလျှောက်လှမ်းနေကြခြင်း ဖြစ်သည်။

အေမာမ်ကုရ်သုဗီ (ရဟ) 'ထိုအာယသ်တော်များနှင့်အတူ စူရာဟ်ယာစီးန်၏ ထိုအာယသ်တော်များကိုပါ တွဲဖတ်ရမည်။ ယင်းအာယသ်တော်များကို ကိုယ်တော်မြတ် ﷺ သည် 'ဟဂျ်ရသ်' ပြုမည့်အချိန် မက္ကာဟ်မြို့မှ မုရှ်ရစ်က်များသည် ကိုယ်တော်မြတ် ﷺ ၏ အိမ်ကို ဝိုင်းရံထားစဉ်က ကိုယ်တော်မြတ် ﷺ သည် စူရာဟ်ယာစီးန်၏ အောက်ပါအာယသ်တော်များကို ဖတ်ရွတ်တော်မူခဲ့သည်။'

يٰسٓ ﴿١﴾ وَالْقُرْاٰنِ الْحَكِيْمِ ﴿٢﴾ اِنَّكَ لَمِنَ الْمُرْسَلِيْنَ ﴿٣﴾ عَلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٤﴾ تَنْزِيْلَ الْعَزِيْزِ الرَّحِيْمِ ﴿٥﴾

لِتُنْذِرَ قَوْمًا مَّآ اُنْذِرَ اٰبَآؤُهُمْ فَهُمْ غٰفِلُوْنَ ﴿٦﴾ لَقَدْ حَقَّ الْقَوْلُ عَلٰٓى اَكْثَرِهِمْ فَهُمْ لَا يُؤْمِنُوْنَ ﴿٧﴾

اِنَّا جَعَلْنَا فِيْٓ اَعْنَاقِهِمْ اَغْلٰلًا فَهِيَ اِلَى الْاَذْقَانِ فَهُمْ مُّقْمَحُوْنَ ﴿٨﴾

وَجَعَلْنَا مِنْۢ بَيْنِ اَيْدِيْهِمْ سَدًّا وَّمِنْ خَلْفِهِمْ سَدًّا فَاَغْشَيْنٰهُمْ فَهُمْ لَا يُبْصِرُوْنَ ﴿٩﴾

အေမာမ်ကုရ်သုဗီ (ရဟ) သခင်က ပြောဆိုသည်မှာ 'ကျွန်ုပ်သည် ကျွန်ုပ်၏နိုင်ငံ အွန်ဒလွတ်စ် (စပိန်) နိုင်ငံတွင် ကုရ်သုဗ်မြို့အနီး 'ကလ်အဟ်မန်ဆူးရ်'တွင် အဖြစ်အပျက်တစ်ခု ကြုံတွေ့ခဲ့ရသည်။ ၄င်းအဖြစ်အပျက်မှာ ကျွန်ုပ်သည် ရန်သူများ၏ အရှေ့မှ ပြေး၍ ထောင့်တစ်နေရာတွင် ထိုင်လိုက်ပြီးနောက် ရန်သူများက မြင်းစီးနှစ်ယောက်ကို ကျွန်ုပ်အား လိုက်ရန် စေလွှတ်လိုက်သည်။ ထိုအချိန်တွင် ကျွန်ုပ်သည် လွင်ပြင်ထဲ၌ မည်သည့်အကာအရံပစ္စည်းမျှ မရှိဘဲနေလျက် စူရာဟ်ယာစီးန်၏ ဤအာယသ်တော်များကို ဖတ်ရွတ်လျက် ရှိနေခဲ့သည်။ မြင်းစီးလူနှစ်ယောက်သည် ကျွန်ုပ်၏ဘေးမှ ဖြတ်ကျော်သွားပြီး လာလမ်းအတိုင်း ပြန်လှည့်သွားကြသည်။ ထိုသို့ ပြန်လှည့်သွားလျက် 'ဤသူသည် ကျွန်ုပ်တို့ မမြင်နိုင်သောကြောင့် ရှိုက်သွန်ဖြစ်ရမည်' ဟု ပြောဆိုကြလေသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အား ကျွန်ုပ်ကို မတွေ့မြင်နိုင်အောင် အကန်းဖြစ်စေတော်မူလိုက်သောကြောင့် ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

وَقَالُوٓا أَءِذَا كُنَّا عِظَامًا وَرُفَاتًا أَءِنَّا لَمَبْعُوثُونَ خَلْقًا جَدِيدًا ﴿٤٩﴾

၁၇ : ၄၉ ။ ။ ထို့ပြင် ၎င်းတို့က 'ကျွန်ုပ်တို့သည် အရိုးများသာ ကျန်၍ စိစိကြေလျက် ရှိကြသောအခါ၊ အကယ်စင်စစ် အသစ်တစ်ဖန် ဖန်ဆင်း၍ ရှင်ပြန်ထစေခြင်းကို ခံကြရမည်လော'ဟု ပြောဆိုမေးမြန်းကြကုန်၏။

قُلْ كُونُوا حِجَارَةً أَوْ حَدِيدًا ﴿٥٠﴾

၁၇ : ၅၀ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ (အို၊ အချင်းတို့) အသင်တို့သည် ကျောက်ခဲသော်လည်းကောင်း၊ သံခဲသော်လည်းကောင်း ဖြစ်ကြလေကုန်။

أَوْ خَلْقًا مِّمَّا يَكْبُرُ فِي صُدُورِكُمْ فَسَيَقُولُونَ مَن
يُعِيدُنَا قُلِ الَّذِي فَطَرَكُمْ أَوَّلَ مَرَّةٍ فَسَيُنْغِضُونَ إِلَيْكَ
رُءُوسَهُمْ وَيَقُولُونَ مَتَىٰ هُوَ قُلْ عَسَىٰ أَن يَكُونَ قَرِيبًا ﴿٥١﴾

၁၇ : ၅၁ ။ ။ သို့တည်းမဟုတ် အသင်တို့၏ စိတ်နှလုံး၌ အဖန်ဆင်းခံများအနက်မှ အလွန်ကြီးကျယ်လှသည်ဟု (အသင်တို့) ထင်မြင်ယူဆသော အရာဝတ္ထုတစ်စုံတစ်ရာ ဖြစ်ကြလေကုန်။ သို့ဖြစ်လျှင်လည်း (ထိုအသျှင်မြတ်သည် ရှင်ပြန်ထစေတော်မူနိုင်သည်။) တစ်ဖန် ၎င်းတို့အား 'မည်သူသည် ကျွန်ုပ်တို့အား ရှင်ပြန်ထစေမည်နည်း'ဟု ပြောဆိုကြပေဦးမည်။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) 'ပထမအကြိမ် ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ်သည်ပင်လျှင် (ရှင်ပြန်ထစေတော်မူမည်)'ဟု ပြောဆိုဖြေကြားပါလေ။ ထိုအခါ ၎င်းတို့သည် အသင်၏ရှေ့ဝယ် မိမိတို့၏ ဦးခေါင်းများကို (အံ့သြစွာ) ခါ၍ ယင်း (ရှင်ပြန်ထစေခြင်း) သည် 'မည်သည့်အခါ၌ ဖြစ်မည်နည်း'ဟု ပြောဆိုကြပေဦးမည်။ အသင်သည် (၎င်းတို့အား) 'ယင်း (အချိန်) သည် နီးကပ်လာပြီး ဖြစ်ဟန်တူသည်'ဟု ပြောဆိုဖြေကြားပါလေ။

يَوْمَ يَدْعُوكُمْ فَتَسْتَجِيبُونَ بِحَمْدِهِ وَتَظُنُّونَ إِن لَّبِثْتُمْ إِلَّا قَلِيلًا ﴿٥٢﴾

၁၇ : ၅၂ ။ ။ အကြင်နေ့တွင် ထိုအသျှင်မြတ်သည် အသင်တို့အား ခေါ်တော်မူမည်။ ထိုအခါ အသင်တို့သည် ထိုအသျှင်မြတ်အား ချီးမွမ်းထောမနာပြုလျက် (ယင်းဆင့်ခေါ်ချက်ကို) ပြန်ထူး (ခြင်းအားဖြင့် အမိန့်တော်နာခံကာ ထွက်လာ) ကြပေမည်။ ထို့ပြင် အသင်တို့သည် မိမိတို့မှာ (လူ့လောကတွင်) ခေတ္တခဏ အနည်းငယ်မျှသာ နေခဲ့ကြရသည်ဟု ထင်မြင်ယူဆကြပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ၎င်းတို့က ကျွန်ုပ်တို့သည် (သေဆုံးကွယ်လွန်ပြီး) အရိုးများနှင့် (အရိုးများသည်လည်း) ကြေမွသွားကြမည့်အခါ (ထိုသို့ဖြစ်ပြီးနောက် 'ကေယာမသ်'နေ့တွင်) ကျွန်ုပ်တို့သည် အသစ်တစ်ဖန်

ဖန်ဆင်း၍ ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လောဟု ပြောဆိုမေးမြန်းကြလေသည်။ (ဆိုလိုသည်မှာ ဦးစွာပထမ သေဆုံး၍ ပြန်လည်အသက်ရှင်ရန် ခက်ခဲလှပေသည်။ အဘယ်ကြောင့်ဆိုသော် ခန္ဓာကိုယ်တွင် အသက်ရှင်ခြင်း၏ အရည်အချင်းများ မကျန်ရှိတော့ပေ။ တစ်ဖန် ထိုခန္ဓာကိုယ်သည်လည်း တစ်စစီ ကြေမွလျက် ယင်းခန္ဓာကိုယ်၏ အပိုင်းအစများမှာ တစ်ခြားစီ ပျံ့နှံ့သွားပြီးဖြစ်သည်။ ထိုအခြေအနေ၌ ပြန်လည်အသက်ရှင်မည်ဆိုခြင်းကို မည်သူက လက်ခံနိုင်ပါမည်နည်း။) 'အို၊ နဗီတမန်တော်၊ (၎င်းတို့အား ဖြေကြားတုန့်ပြန်ရာတွင် အရိုးများမှ အသက်ရှင်လာမည်ဆိုခြင်းကို မဖြစ်နိုင်ဟုဆိုလျှင် ကျွန်ုပ်ပြောလိုသည်မှာ) အသင်တို့သည် ကျောက်ခဲသော်လည်းကောင်း၊ သံသော်လည်းကောင်း ဖြစ်ကြလေကုန်။' သို့တည်းမဟုတ် အသင်တို့သည် (ဘဝသက်တမ်းအတွက်) အလွန်ကြီးကျယ်လှသည်ဟု ယူဆသော အဖန်ဆင်းခံ တစ်စုံတစ်ရာ ဖြစ်ကြလေကုန်ဟု အသင်ပြောကြားပါလေ။ (တစ်ဖန် ရှင်ပြန်ထစေမည်၊ မထစေမည်ကို ကြည့်ရှုပါလေ။ ကျောက်ခဲနှင့် သံတို့ကို အသက်ရှင်သန်ခြင်း မဖြစ်နိုင်ဟု သတ်မှတ်ခြင်း ပေါ်လွင်ထင်ရှားသည့် အကြောင်းမှာ ၎င်းတို့တွင် မည်သည့်အချိန်ကမျှ သတ္တဝါတို့၏ ရှင်သန်မှုမျိုး မရှိခဲ့ပေ။ အရိုးများနှင့်ကား ဆန့်ကျင်ခြားနားပေသည်။ အကြောင်းမှာ အရိုးများတွင် ယခင်က အချိန်တစ်ချိန်အထိ အသက်ရှင်သန်မှု ရှိခဲ့သည်။ သို့ဖြစ်ရာ ကျောက်ခဲနှင့် သံတို့ကို အသက်သွင်းခြင်းသည် အလ္လာဟ်အသျှင်မြတ်အဖို့ ခက်ခဲမှု မရှိဟုဆိုလျှင် လူ့ခန္ဓာအစိတ်အပိုင်းများအား ပြန်လည်ရှင်သန်စေခြင်း၊ အသက်သွင်းခြင်းမှာ မည်သည့် ခက်ခဲမှု ရှိပါမည်နည်း။

အာယသ်တော်၌ كُونُوا ဟူသော စာလုံးသည် အမိန့်ပေးသည့်စာလုံး ဖြစ်သည်။ ထိုစာလုံး၏ အလိုသဘောမှာ ဤနေရာတွင် အမိန့်ပေးသည့် အဓိပ္ပာယ်မဟုတ်ဘဲ တစ်ခုနှင့်တစ်ခု ပတ်သက် ဆက်နွယ်သော စည်းကမ်းသတ်မှတ်ချက် ပြုခြင်း၏ အဓိပ္ပာယ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ အသင်တို့သည် ကျောက်ခဲနှင့် သံများ ဖြစ်သွားကြပါလျှင်လည်း အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ပြန်လည်ရှင်ထစေခြင်းအပေါ် စွမ်းဆောင်နိုင်တော်မူသော အသျှင် ဖြစ်တော်မူသည်။) ထို့နောက် ၎င်းတို့က 'မည်သူသည် ကျွန်ုပ်တို့အား ပြန်လည်ရှင်ထစေတော်မူပါမည်နည်း' ဟု ပြောဆိုကြပေဦးမည်။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) 'အသင်တို့အား ပထမအကြိမ် ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ်ပင် ဖြစ်တော်မူသည်' ဟု ဖြေကြားတော်မူပါလေ။ (အဓိကအချက်မှာ အရာဝတ္ထုတစ်စုံတစ်ခုကို ဖြစ်တည်လာစေရန် အရာနှစ်ခု လိုအပ်ပေသည်။ ပထမတစ်ခုမှာ မူလပင်ကိုယ်ဇစ်မြစ်နှင့် နေရာ၌ ဖြစ်တည်နိုင်သည့် အရည်အချင်းဖြစ်ပြီး ဒုတိယတစ်ခုမှာ ၎င်းအား ဖြစ်တည်လာအောင် ပြုလုပ်နိုင်သည့် စွမ်းရည်ပင် ဖြစ်သည်။

မူလပင်ကိုယ်ဇစ်မြစ်နှင့် နေရာ၌ ဖြစ်တည်နိုင်သည့် အရည်အချင်းနှင့် စပ်လျဉ်း၍ ၎င်းသေဆုံးကွယ်လွန်ပြီးနောက် အသက်ရှင်ရန် အရည်အချင်းမရှိပါချေဟူသော ပထမမေးခွန်းကို ဖြေကြားပြီး ဒုတိယမေးခွန်းဖြစ်သည့် ပြုလုပ်နိုင်စွမ်းရှိခြင်းနှင့် စပ်လျဉ်း၍ ဤကဲ့သို့ အံ့ဖွယ်ဆန်းကျယ်လုပ်ရပ်ကို မိမိ၏ ပြုစွမ်းနိုင်သော စွမ်းပကားဖြင့် မည်သူက ပြုလုပ်နိုင်ပါမည်နည်းဟူသော မေးခွန်းဖြစ်သည်။ ထိုမေးခွန်း၏ အဖြေ၌ 'အသက်ရှင်သန်ရလိမ့်မည်ဟု မည်သူကမျှ ထင်မြင်ယူဆထားခြင်းမရှိသည့် မူလဇစ်မြစ်ဖြင့် အသင်

တို့အား ဖန်ဆင်းတော်မူခဲ့သည့် အသျှင်မြတ်သည် ဒုတိယအကြိမ်အဖြစ် ပြန်လည်ဖန်ဆင်းဖြစ်ပေါ်စေနိုင်တော်မူသည်ဆိုခြင်းမှာ အဘယ်မှာလျှင် ခက်ခဲပါဦးမည်နည်း။

ထိုအချက်နှစ်ချက်စလုံး ရှင်းလင်းသွားသည့်အခါ ၎င်းတို့သည် (ထိုဒုတိယအကြိမ် ပြန်လည်ဖန်ဆင်းခြင်း ဖြစ်ပေါ်မည့်အချိန်ကို ဆန်းစစ်ရန်) အသင်၏ ရှေ့တွင် ဦးခေါင်းများ လှုပ်ရမ်းလျက် 'ဤကဲ့သို့ (ပြန်လည်ရှင်ထခြင်းသည်) မည်သည့်အခါ၌ (ဖြစ်လာမည်ကို ပြောဆိုပါ) ဟု မေးမြန်းပြောဆိုကြပေလိမ့်မည်။ '(အို၊ နဗီတမန်တော်) ဤသည်မှာ (အံ့သြဖွယ်မဟုတ်ပါ) အလွန်နီးကပ်စွာ ရောက်ရှိလာနေဟန်တူသည်' ဟု ဖြေကြားပါလေ။ (ရှေ့၌ ဤဘဝသက်တမ်းအသစ်တွင် ရင်ဆိုင်ကြုံတွေ့ရမည့် အခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြထားသည်မှာ) ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား (ရှင်ပြန်ထစေခြင်းနှင့် 'ဟရှရ်' ကွင်းပြင်၌ စုရုံးစေရန် ဖရစ်ရှ်သာဟ်၏ အကြောင်းခံဖြင့်) ခေါ်ယူတော်မူပေလိမ့်မည်။ ထို့နောက် အသင်တို့သည် (မဖြစ်မနေ) ထိုအသျှင်မြတ်အား ချီးမွမ်းထောပနာပြုလုပ်လျက် အမိန့်နာခံမှုပြုကြပေလိမ့်မည်။ (ပြန်လည်ရှင်ထခြင်းလည်း ဖြစ်လာပေမည်။ 'ဟရှရ်' ကွင်းပြင်၌ စုရုံးခြင်းလည်း ဖြစ်ကြပေမည်။) ထို့နောက် (ထိုနေ့၏ ကြောက်ဖွယ်လိလိ အဖြစ်အပျက်များကို တွေ့မြင်ရပြီး အသင်တို့၏ အခြေအနေမှာ လောက၏ သက်တမ်းတစ်ခုလုံး 'ကဗရ်' ၌ နေခဲ့ရသည့် အချိန်ကာလတို့နှင့် နှိုင်းယှဉ်လျှင်) အသင်တို့သည် လူ့လောကဒွန္နယာ၌ အလွန်နည်းပါးစွာ နေထိုင်ခဲ့ကြရသည်ဟု ယူဆနေကြပေမည်။ (အဘယ်ကြောင့်ဆိုသော် ဒွန္နယာလောကနှင့် 'ကဗရ်' သချိုင်းလောကတို့တွင် ယနေ့ ကြုံတွေ့နေရသည့် ကြောက်မက်ဖွယ်ရာများနှင့် နှိုင်းယှဉ်ကြည့်လျှင် အနည်းငယ် သာယာအေးချမ်းမှုများ ရှိနေပေမည်။ သာယာအေးချမ်းသည့် အချိန်ကာလတွင် ဒုက္ခရောက်မည်ဆိုလျှင် လူသားသည် အလွန်တိုတောင်းသည်ဟု ယူဆလေ့ရှိကြသည်)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

يَوْمَ يَدْعُوْكُمْ فَتَسْتَجِيْبُوْنَ بِحَمْدِهٖ

တွင် يَدْعُوْكُمْ သည် **دعاء** ဟူသော စာလုံးမှ ခွဲထွက်လာသည့် စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'အသံပေး၍ ခေါ်ခြင်း' ဟု ဖြစ်သည်။ ထိုအာယသ်တော်၏ အဓိပ္ပာယ်မှာ 'ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ အားလုံးကို 'ဟရှရ်' ကွင်းပြင်သို့ ခေါ်ယူတော်မူပေမည်။ ဤခေါ်ယူတော်မူခြင်းသည် အိစ်ရာဖီးလ် عليه السلام ၏ အကြောင်းခံဖြင့် ဖြစ်ပေမည်။ ထိုဖရစ်ရှ်သာဟ်ကြီးသည် 'ဆွရ်' တံပိုးကို ဒုတိယအကြိမ် မှုတ်လိုက်သည့်အခါ သေဆုံးသူအားလုံးသည် ရှင်ပြန်ထလျက် 'ဟရှရ်' ကွင်းပြင်၌ စုရုံးကြပေလိမ့်မည်။

ရှင်ပြန်ထပြီးနောက် အားလုံးတို့သည် 'ဟရှရ်' ကွင်းပြင်၌ ရောက်ရှိစုရုံးစေရန်အတွက် အသံပြုခြင်းလည်း ဖြစ်နိုင်သည်။

[ကုရ်သုဗီကျမ်း]

ဟဒီးစ်တော်တစ်ပုဒ်၌ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ ‘ကေယာမသ်နေ့တွင် အသင်တို့အား အသင်တို့၏ အမည်ဖြင့်လည်းကောင်း၊ အသင်တို့ဖခင်များ၏ အမည်ဖြင့်လည်းကောင်း ခေါ်ဝေါ်ခြင်းခံရပေမည်။ ထို့ကြောင့် မိမိတို့၏ အမည်များကို ကောင်းသော အမည်များ ထားကြလေကုန်။ အကျိုးမဲ့ မကောင်းသော အမည်များထားခြင်းမှ ရှောင်ကြဉ်ကြလေကုန်။’

‘ဟရှ်ရ်’ ကွင်းပြင်တွင် ကာဖိရ်သည်လည်း အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းထောပနာပြုလျက် ရှင်ပြန်ထခြင်း

فَتَسْتَجِيبُونَ بِحَمْدِهِ တွင် استجابت ၏ အဓိပ္ပာယ်မှာ တစ်စုံတစ်ဦး၏ ခေါ်ယူမှုအပေါ် အမိန့်နာခံခြင်းနှင့် အသင့်ရောက်ရှိနေခြင်းတို့ဖြစ်သည်။ ထိုစာလုံးများ၏ အဓိပ္ပာယ်မှာ ‘ဟရှ်ရ်’ကွင်းပြင်၌ အသင်တို့အား ခေါ်ယူတော်မူသည့်အခါ အသင်တို့အားလုံးသည် ထိုအသံ၏ နာခံမှုကို ပြုကြပြီး စုရုံးကြပေလိမ့်မည်။ بِحَمْدِهِ သည် تَسْتَجِيبُونَ ၏ နာမ်စား၊ ကတ္တား၏ ‘ဟားလ်’အခြေအနေကို တင်ပြသည့်ပုဒ်ဖြစ်သည်။ အဓိပ္ပာယ်မှာ حامدين ‘ချီးမွမ်းထောပနာပြုကြသူများ’ဟု ဖြစ်သည်။ အလိုသဘောမှာ ဤ ‘ဟရှ်ရ်’ကွင်းပြင်၌ လာရောက်နေချိန်တွင် အသင်တို့အားလုံးသည် အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းထောပနာပြုလျက် ရောက်ရှိလာကြပေလိမ့်မည်’ ဟု ဖြစ်သည်။

ဤအာယသ်တော်မှ သိရှိရသည်မှာ ထိုအချိန်တွင် မုအ်မင်န်နှင့် ကာဖိရ်အားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းထောပနာပြုလျက် ရှင်ပြန်ထကြပေမည်။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်တွင် အဓိက ဦးတည်ပြောဆိုခြင်းခံရသူမှာ ကာဖိရ်များသာ ဖြစ်သည်။ ၎င်းတို့နှင့်စပ်လျဉ်း၍ပင် အားလုံး ချီးမွမ်းထောပနာပြုလျက် ရှင်ပြန်ထကြလိမ့်မည်’ဟု တင်ပြထားသောကြောင့် ဖြစ်သည်။ သဖ်စီးရ် အေမာမ် ပညာရှင်များအနက် ဟဇရသ်စအီးဒ်ဗင်န်ဂျုဗိုင်ရ် ﵁ သခင်က မိန့်ဆိုသည်မှာ ကာဖိရ်များသည်လည်း မိမိတို့၏ ‘ကဗုရ်’များမှ ထွက်လာသည့်အချိန်တွင် سُبْحَانَكَ وَبِحَمْدِكَ ဟူသော စာပိုဒ်များဆိုလျက် ထွက်လာကြပေလိမ့်မည်။ သို့သော် ထိုအချိန်၌ ရွတ်ဆိုသည့် ချီးမွမ်းထောပနာပြုခြင်းများသည် မည်သို့မျှ အကျိုးရှိမည်မဟုတ်ပေ။ */ ကုရ်သုဗီးကျမ်း /*

အဘယ်ကြောင့်ဆိုသော် ဤသူများသည် သေဆုံးပြီးနောက် ရှင်သန်မှုသက်တမ်းကို တွေ့မြင်ကြရပြီး မရည်ရွယ်ဘဲလျက် ၎င်းတို့၏ ပါးစပ်များမှ အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းထောပနာပြုသည့် စကားလုံးများ ထွက်လာပေလိမ့်မည်။ ထိုသို့ ရွတ်ဆိုခြင်းသည် မည်သည့်အကျိုးကျေးဇူးမှ ရရှိမည်ကား မဟုတ်ပါချေ။

အချို့မုဖတ်စ်စိရ် အဖွင့်ပညာရှင်များက ဤအခြေအနေသည် မုအ်မင်န်များအတွက်သာ အထူး ပြဆိုထားခြင်းဖြစ်သည်ဟု ဆိုကြသည်။ ၎င်းတို့၏ အထောက်အထားမှာ ကာဖိရ်များနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၌ တင်ပြထားသည်။ ၎င်းတို့ ရှင်ပြန်ထကြသည့်အခါ

يَاوَيْلَنَا مَنْ بَعَثَنَا مِنْ مَّرْقَدِنَا

'အို့, ဝမ်းနည်းဖွယ်ရာ ကောင်းလေစွ။ ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ 'ကဗရ်' သင်္ချိုင်းများမှ မည်သူက ရှင်ပြန်ထစေပါသနည်း' ဟု ပြောဆိုကြပေမည်။ အခြားအာယသ်တော်တစ်ပါးတွင် ၎င်းတို့သည်

يٰحَسْرَتَنَا عَلٰى مَافَرَّطْتُ فِىْ جَنْبِ اللّٰهِ

'အို့, ဝမ်းနည်းကြေကွဲဖွယ်ရာ ကောင်းလေစွ။ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်းသည့် အရေးကိစ္စများအပေါ် မှားယွင်းမှုများ ပြုမိခဲ့သူဖြစ်သည်။

သို့ရာတွင် အမှန်စင်စစ် ဤအဆိုနှစ်ရပ်စလုံး၌ မည်သည့်ကွဲလွဲမှုမျှ မရှိပါချေ။ အဘယ်ကြောင့်ဆိုသော် လူသားအားလုံးတို့သည် အစကနဦးတွင် အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းထောပနာပြုလျက် ရှင်ပြန်ထကြလိမ့်မည်။ နောက်ပိုင်းတွင်မှ ကာဖိရ်နှင့် မွတ်စလင်မ်များ သီးခြားစီ ခွဲထုတ်ခြင်း ခံရပေမည်။ စူရာဟ်ယာစီးန်၏ အာယသ်တော်တွင်

وَامْتَازُوا الْيَوْمَ اَيُّهَا الْمُجْرِمُوْنَ

'အို့, အပြစ်ကျူးလွန်သူအပေါင်းတို့၊ ယနေ့ အသင်တို့အားလုံး (မုအ်မင်န်များနှင့် ရောထွေးယှက်တင် မနေကြဘဲ) သီးခြားခွဲ၍ နေကြလေကုန်' ဟု မိန့်ကြားတော်မူထားသည်။ ထိုအချိန်တွင် ဖော်ပြပါအာယသ်တော်၌ လာရှိသည့်အတိုင်း စကားလုံးများသည်လည်း ၎င်းတို့၏ ပါးစပ်ဖျားမှ ရေရွတ် ထွက်ပေါ်လာပေမည်။ ထို့ပြင် ကုရ်အာန်နှင့် ဟဒီးစ်တော်တို့၏ ရှင်းလင်းဖော်ပြချက်များဖြင့် အတည်ဖြစ်ကြောင်းနှင့် သိရှိရသည်မှာ 'ဟရှရ်' ကွင်းပြင်၌ ရပ်ကြသူတို့မှာ အမျိုးမျိုးဖြစ်ကြပေမည်။ လူတို့၏ အခြေအနေများလည်း အမျိုးမျိုးဖြစ်ကြပေလိမ့်မည်။ အေမာမ်ကုရ်သုဗီ (ရဟ) က မိန့်ဆိုသည်မှာ 'ဟရှရ်' ကွင်းပြင်၌ စုရုံးရန် ရှင်ပြန်ထသည့် ကနဦးအချိန်တွင် အသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်း ဖြစ်ပေမည်။ လူသားအားလုံးတို့သည် ချီးမွမ်းထောပနာပြုလျက် ရှင်ပြန်ထကြပေမည်။ အရေးကိစ္စအားလုံးတို့၏ ဆုံးခန်းတိုင်းခြင်းသည်လည်း ချီးမွမ်းထောပနာပြုခြင်းသာ ဖြစ်ပေမည်။

وَقُضِىَ بَيْنَهُمْ بِالْحَقِّ وَقِيْلَ الْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ

'ဟရှရ်' ကွင်းပြင်၌ ရှိရှိသမျှအား အမှန်တရားနှင့်အညီ စီရင်ဆုံးဖြတ်တော်မူပေမည်။ ထို့နောက် ချီးမွမ်းထောပနာပြုခြင်းအပေါင်းတို့သည် စကြဝဠာခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် အဖို့သာ ဖြစ်သည်ဟု ပြောဆိုပေလိမ့်မည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَقُلْ لِعِبَادِي يَقُولُوا الَّتِي هِيَ أَحْسَنُ ۚ إِنَّ الشَّيْطَانَ يَنْزَغُ
بَيْنَهُمْ ۚ إِنَّ الشَّيْطَانَ كَانَ لِلْإِنْسَانِ عَدُوًّا مُبِينًا ﴿٥٣﴾

၁၇ : ၅၃ ။ ။ ၎င်းပြင် (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်၏ (မုအ်မင်န်) ကျွန်များအား ကောင်းမွန်သော စကားကိုသာ ပြောဆိုကြရန် အသင် ပြောကြားပါလေ။ ဧကန်အမှန် ရှိုက်သွာန်သည် ၎င်းတို့၏ စပ်ကြားတွင် (ပဋိပက္ခဖြစ်အောင်) နှောင့်ယှက်ဖျက်ဆီးလှုံ့ဆော်လေ့ ရှိ၏။ ဧကန်စင်စစ် ရှိုက်သွာန်သည် လူသားတို့၏ အလွန်ထင်ရှားစွာသော ရန်သူပင် ဖြစ်ချေသည်။

رَبُّكُمْ أَعْلَمُ بِكُمْ ۖ
إِنْ يَشَأْ يَرْحَمْكُمْ أَوْ إِنْ يَشَأْ يُعَذِّبْكُمْ ۚ وَمَا أَرْسَلْنَاكَ عَلَيْهِمْ وَكِيلًا ﴿٥٤﴾

၁၇ : ၅၄ ။ ။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင်တို့အား အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ်ပင် (ဖြစ်၏။) အကယ်၍ အသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်တို့အား သနားတော်မူပေမည်။ သို့တည်းမဟုတ် အကယ်၍ ထိုအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်တို့အား ပြစ်ဒဏ်ခတ်တော်မူမည်။ စင်စစ် (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင့်အား ၎င်းတို့အပေါ်ဝယ် ကြီးကြပ်အုပ်ထိန်းသူ (ဝကီလ်) အဖြစ် စေလွှတ်တော်မူသည် မဟုတ်ပေ။

وَرَبُّكَ أَعْلَمُ بِمَنْ فِي السَّمَاوَاتِ وَالْأَرْضِ ۗ وَلَقَدْ فَضَّلْنَا بَعْضَ
النَّبِيِّينَ عَلَىٰ بَعْضٍ ۖ وَآتَيْنَا دَاوُودَ زَبُورًا ﴿٥٥﴾

၁၇ : ၅၅ ။ ။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသူတို့အား ကောင်းမွန်စွာ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ ထို့ပြင် ဧကန်မလွဲ ငါအသျှင်မြတ်သည် အချို့သော နဗီတမန်တော်များအား၊ အချို့ (သော နဗီတမန်တော်တို့) ထက် သာစေတော်မူခဲ့လေသည်။ ထို့ပြင် ငါအသျှင်မြတ်သည် (နဗီတမန်တော်) ဒါဝူးဒ်အား 'ဇဗူရ်' ကျမ်းတော်မြတ်ကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် အသင်သည် ငါအသျှင်မြတ်၏ (မွတ်စ္စလင်မ်) ကျွန် လူသားများအား (ဤသို့) ပြောကြားပါလေ။ (အကယ်၍ ကာဖိရ်တို့အား အဖြေပေးတုန့်ပြန်ပါလျှင်) ဤကဲ့သို့သော စကားကိုသာ ပြောဆိုပါလေ။ ထိုစကားသည် (အကျင့်စာရိတ္တအားဖြင့်) အကောင်းဆုံးဖြစ်သည်။ (ဆိုလိုသည်မှာ ထိုစကားတွင် ဆဲရေးခြင်း၊ ခက်ထန်မာကျောခြင်းများ မပါရှိရပေ။ အဘယ်ကြောင့်ဆိုသော်) ရှိုက်သွာန်သည် (ခက်ထန်မာကျောသည့် စကားများ ပြောကြားစေလျက်) လူတို့အတွင်း ပြဿနာများ ဖြစ်ပေါ်စေသောကြောင့် ဖြစ်သည်။ ဧကန်မလွဲ ရှိုက်သွာန်သည် လူသားများအတွက် ပွင့်လင်းထင်ရှားသည့် ရန်သူဖြစ်သည်။ (ဤသို့ သင်ကြား

ပေးရသည့်အကြောင်းမှာ ခက်ထန်မာကျောမှုဖြင့် မည်သည့်အကျိုးမျှ မရှိသောကြောင့် ဖြစ်သည်။ 'ဟေဒါယသ်' တရားလမ်းမှန်နှင့် လမ်းမှားခြင်းတို့သည် အစကနဦးမှ အလ္လာဟ်အသျှင်မြတ်၏ အလိုကော်အတိုင်းသာ ဖြစ်သည်။) အသင်တို့အားလုံး၏ အခြေအနေကို အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ကောင်းစွာ သိရှိတော်မူသည်။ (မည်သူသည် မည်သည့်အရာနှင့် ထိုက်တန်သည်ကို သိတော်မူသည်။) အကယ်၍ ထိုအသျှင်မြတ် အလိုတော်ရှိပါလျှင် အသင် (တို့အနက် အလိုရှိသူ) အား 'ရဟ်မသ်' ပေးသနားတော်မူသည်။ ('ဟေဒါယသ်' တရားလမ်းမှန်ကို ဆိုလိုသည်။ သို့) အကယ်၍ ထိုအသျှင်မြတ် လိုလားတော်မူပါလျှင် အသင် (တို့အနက် အလိုရှိသူ) ကို 'အဇားဗ်'အပြစ်ဒဏ် ပေးတော်မူသည်။ (ထိုသူ့အား 'ဟေဒါယသ်' တရားလမ်းမှန် ပြသခြင်း မပြုတော့ပေ။) ထို့အပြင် ငါအသျှင်မြတ်သည် အသင့်ကို ပင်လျှင် ၎င်းတို့၏ ('ဟေဒါယသ်'တရားလမ်းမှန်ရရှိရေး) အတွက် တာဝန်ခံအဖြစ် စေလွှတ်တော်မူခြင်း မဟုတ်ပေ။ (နဗီဖြစ်သည့်တိုင် အသင့်အား တာဝန်ခံအဖြစ် ခန့်အပ်ခြင်းပြုသည်မဟုတ်ဟုဆိုလျှင် အခြားသူတို့အဖို့ မည်သို့ တတ်စွမ်းနိုင်ပါဦးမည်နည်း။ ထို့ကြောင့် လူတစ်ဦးအား အပြစ်ရှာခြင်းနှင့် ခက်ထန်သော စကားများ ပြောဆိုခြင်းသည် အကျိုးမဲ့ပင် ဖြစ်ပေသည်။)

ထို့နောက် အသင်၏ အသျှင်မြတ်သည် မိုးကောင်းကင်များ၌ ရှိသူတို့အားလည်းကောင်း၊ မြေပထဝီ၌ ရှိသူတို့အားလည်းကောင်း ကောင်းစွာ သိရှိတော်မူသည်။ (မိုးကောင်းကင်တွင် ရှိသူများဆိုသည်မှာ ဖရစ်ရှ်သာဟ်များဖြစ်ပြီး မြေပထဝီ၌ ရှိသူများဆိုသည်မှာ လူသားများနှင့် 'ဂျင်န်'တို့ ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့အနက် မည်သူ့အား နဗီခန့်အပ်ရမည်။ မည်သူ့အား မခန့်အပ်ရမည်ဆိုသည်ကို ငါအသျှင်မြတ် ကောင်းစွာ သိရှိတော်မူသည်။ အကယ်၍ ငါအသျှင်မြတ်သည် အသင့်အား နဗီအဖြစ် ခန့်အပ်လိုက်သည်ဆိုလျှင် မည်သို့ အံ့ဩဖွယ်ရာ ဖြစ်ပါမည်နည်း။) ထို့နောက် (အလားတူ ငါအသျှင်မြတ်သည် အသင့်အား အခြားသူများထက် ထူးမြတ်မှု ပေးခဲ့သည်ဖြစ်ရာ ဤသည်ကိုလည်း အံ့ဩစရာ အဘယ်မှာလျှင် ရှိပါမည်နည်း။ အကြောင်းမှာ) ငါအသျှင်မြတ်သည် (ကနဦးမှပင်) အချို့နဗီများကို အချို့နဗီများအပေါ် ထူးမြတ်မှု ပေးတော်မူခဲ့ (သောကြောင့် ဖြစ်) သည်။ (ဤအတိုင်းပင် အကယ်၍ ငါအသျှင်မြတ်သည် ကုရ်အာန်အား ချပေးတော်မူခဲ့သည်ဖြစ်ရာ ဤသည်တွင်လည်း အဘယ်အရာ အံ့ဩဖွယ်ရှိမည်နည်း။ အကြောင်းမှာ ငါအသျှင်မြတ်သည် အသင့်ထက်အလျှင်) ငါအသျှင်မြတ်သည် တမန်တော်ဒါဝူးဒ် ﷺ အား 'ဇဗူရ်'ကျမ်းကို ချပေးတော်မူခဲ့ (သောကြောင့်ပင်) ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

နှုတ်လျှာကြမ်းတမ်းခြင်းနှင့် စကားခက်ထန်ခြင်းတို့သည် ကာဖိရ်များနှင့်ပင်ပြုခြင်း မပိုင်ကြောင်း

ပထမအာယသ်တော်တွင် မွတ်စ္စလင်မ်များသည် ကာဖိရ်များအပေါ်တွင် ခက်ထန်မာကျောသည့် စကားလုံးများ သုံးနှုန်းပြောဆိုခြင်းကို တားမြစ်ထားခြင်းများ လာရှိသည်။ အလိုသဘောမှာ မလိုအပ်ဘဲ မာကျောပြင်းထန်မှု မပြုရ။ လိုအပ်ပါက သတ်ပိုင်ခွင့်ပင် ပြုထားသည်'ဟု ဆိုလိုခြင်းဖြစ်သည်။

သတ်ဖြတ်မှုပြုခြင်းသည် ကာဖိရ်များအပေါ် အရှိန်အဝါနှင့် အစွလာမ့်ဆန့်ကျင်မှုများအား ငြိမ်ဝပ်စေခြင်းလည်း ဖြစ်နိုင်သောကြောင့် သတ်ဖြတ်ခြင်းကို ခွင့်ပြုထားသည်။ ဆဲရေးခြင်း၊ စကားပြင်းထန်ခြင်းများဖြင့် မည်သည့်ခံတပ်ကိုမျှ အောင်နိုင်စရာမရှိ။ မည်သူ့ကိုမျှလည်း 'ဟေဒါယသ်' တရားလမ်းမှန် ရနိုင်စရာ မရှိ။ ထို့ကြောင့် ထိုအချက်များကို တားမြစ်ခြင်းဖြစ်သည်။ အေမာမ်ကုရ်သုဗီ (ရဟ) က မိန့်ဆိုသည်မှာ ဤအာယသ်တော်သည် ဟဇရသ်အုမရ်ဗင်နိခသ်သွားဗ် رضي الله عنه ၏ ဖြစ်ရပ်တစ်ခုအတွက် ကျရောက်လာခဲ့ခြင်းဖြစ်သည်။ ကျရောက်လာပုံမှာ 'လူတစ်ဦးသည် ဟဇရသ်အုမရ် رضي الله عنه အား ဆဲရေးမှုပြုလေသည်။ ဟဇရသ်အုမရ် رضي الله عنه သည်လည်း ၎င်း၏ စကားကို ပြင်းထန်စွာ တုန့်ပြန်ခဲ့သည်။ ထို့အပြင် ၎င်းအား သတ်ဖြတ်ရန်ပင် ရည်ရွယ်ခဲ့သည်။ ထိုသို့ ပြုလိုက်ခြင်းဖြင့် မျိုးနွယ်အုပ်စုနှစ်စုအကြားတွင် စစ်ပွဲများ စတင်တော့မည်ကိုပင် စိုးရိမ်ရပေသည်။' ထိုသို့ဖြစ်ခြင်းအပေါ် ဤအာယသ်တော် ကျရောက်လာခဲ့သည်။

ကုရ်သုဗီ (ရဟ) ၏ လေ့လာဆန်းစစ်ချက်တွင် 'ဤအာယသ်တော်တွင် မွတ်စ္စလင်မ်အချင်းချင်း စကားပြောဆိုရာ၌ 'အချင်းချင်း ကွဲလွဲမှုများ ဖြစ်ပေါ်နေချိန်တွင် စကားကြမ်းတမ်းခြင်းများ မပြုကြလေနှင့်။ ထိုသို့ ပြုခြင်းကြောင့် ရှိုက်သွာန်သည် ၎င်းတို့အား အချင်းချင်းတွင် ပြဿနာအရှုပ်အထွေးများ ဖြစ်ပေါ်စေသည်ဟု သင်ကြားပေးထားခြင်း ဖြစ်သည်' ဟု ဖော်ပြထားသည်။

اٰتَيۡنَا دَاوٗدَ زَبُوۡرًا

ဤနေရာတွင် 'ဇဗူရ်' ကျမ်းကိုသာ အထူးပြု တင်ပြထားရခြင်းမှာ ယင်း 'ဇဗူရ်' ကျမ်းတွင် တမန်တော်မြတ် ﷺ နှင့် စပ်လျဉ်း၍ တမန်တော်မြတ် ﷺ သည် ရစူလ်နဗီဖြစ်ခြင်းနှင့်အတူ တိုင်းနိုင်ငံကို အုပ်ချုပ်သူဘုရင်ဖြစ်ကြောင်း ဖော်ပြချက်များ ပါရှိသောကြောင့် ဖြစ်ပေမည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်

ولقد كتبنافى الزبورمنۢ بعدِ الذّكر ان الارض يرثها عبادى الصّٰلحون

ဟု လာရှိထားသည်။ လက်ရှိ 'ဇဗူရ်' ကျမ်းတွင်လည်း အချို့ပုဂ္ဂိုလ်များက ဤအကြောင်းများကို ဖော်ပြထားကြောင်း တင်ပြကြသည်။ *[သဖ်စီးရ်ဟက်ကာနီကျမ်း]*

အေမာမ်ဗဂဝီ (ရဟ) သည် မိမိ၏ သဖ်စီးရ်ကျမ်းတွင် ရေးသားထားသည်မှာ 'ဇဗူရ်' သည် အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်ဖြစ်သည်။ ဟဇရသ်ဒါဝူးဒ် عليه السلام အပေါ် ကျရောက်ခဲ့သည်။ ထိုကျမ်းတွင် စူရာဟ် ၁၅၀ ပါရှိသည်။ စူရာဟ်အားလုံးသည် ဒိုအာနှင့် ဟမ်းဒ်စနာ၊ ချီးမွမ်းထောပနာပြုခြင်းများသာ ဖြစ်သည်။ ထိုကျမ်းတွင် 'ဟရာမ်'၊ 'ဟလာလ်'၊ 'ဖွရဒ်' တာဝန်များနှင့် 'အဒေးဗ်' အပြစ်ဒဏ်ပေးခြင်းများ မပါရှိပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قُلِ ادْعُوا الَّذِينَ زَعَمْتُمْ
مِّن دُونِهِ فَلَا يَمْلِكُونَ كَشْفَ الضُّرِّ عَنكُمْ وَلَا تَحْوِيلًا ﴿٥٦﴾

၁၇ : ၅၆ ॥ ॥ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့သည် ထိုအသျှင်မြတ်အား စွန့်၍ (ကိုးကွယ်ရာများအဖြစ်) ထင်မှတ် (ကိုးကွယ်) ခဲ့သူတို့အား ဟစ်ခေါ်တမ်းတကြလေကုန်။ သို့ (အသင်တို့ ထင်မှတ်ကိုးကွယ်ကြ) ပါလည်း၊ ၎င်းတို့သည် အသင်တို့အပေါ်မှ ဘေးဒုက္ခကို ပပျောက်စေနိုင်ကြသည်လည်း မဟုတ်ချေ။ (ယင်းဘေးဒုက္ခကို) လွှဲပြောင်းနိုင်ကြသည်လည်း မဟုတ်ပေ။

أُولَٰئِكَ الَّذِينَ يَدْعُونَ يَبْتَغُونَ إِلَىٰ رَبِّهِمُ الْوَسِيلَةَ أَيُّهُمْ أَقْرَبُ وَيَرْجُونَ
رَحْمَتَهُ وَيَخَافُونَ عَذَابَهُ ۚ إِنَّ عَذَابَ رَبِّكَ كَانَ مَحْذُورًا ﴿٥٧﴾

၁၇ : ၅၇ ॥ ॥ ဤသူတို့သည် ၎င်း (ကာဖိရ်) တို့ ဟစ်ခေါ် (ကိုးကွယ်) လျက်ရှိသော ('ဂျင်န်'၊ ကောင်းကင်တမန်များ၊ တမန်တော်အီဆာ၊ အိုဇိုင်ရ် အစရှိသည့်) သူများပင် (ဖြစ်၏။) ထိုသူတို့သည် (ပင်လျှင်) 'မိမိတို့အနက် မည်သူသည် (ထိုအသျှင်မြတ်နှင့်) အနီးကပ်ဆုံးဖြစ်အံ့နည်း' ဟူ၍ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ ချဉ်းကပ်မှုကို ရှာဖွေဆည်းပူးလျက် ရှိကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ထိုအသျှင်မြတ်၏ ကရုဏာတော်ကိုလည်း မျှော်လင့်လျက် ရှိကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ထိုအသျှင်မြတ်၏ ပြစ်ဒဏ်ကိုလည်း ကြောက်ရွံ့စိုးရိမ်လျက် ရှိကြကုန်၏။ စင်စစ်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ပြစ်ဒဏ်သည် အလွန်ကြောက်မက်ဖွယ်ရာပင် ဖြစ်ချေသည်။

وَإِن مِّن قَرْيَةٍ إِلَّا نَحْنُ مُهْلِكُوهَا قَبْلَ يَوْمِ الْقِيَامَةِ أَوْ مُعَذِّبُوهَا عَذَابًا
شَدِيدًا ۚ كَانَ ذَٰلِكَ فِي الْكِتَابِ مَسْطُورًا ﴿٥٨﴾

၁၇ : ၅၈ ॥ ॥ စင်စစ် ငါအသျှင်မြတ်သည် မည်သည့်မြို့ရွာကိုမဆို 'ကေယမသ်' မဖြစ်မီအလျှင် ဖျက်ဆီးတော်မူမည့်အသျှင်၊ သို့မဟုတ် ထိုမြို့ရွာအား ပြင်းထန်စွာ ပြစ်ဒဏ်ခတ်တော်မူမည့် အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ ဤသည် (လောင်ဟေမဟ်ဖူးဇ်) သင်ပုန်းတွင် ရေးသားပြီးဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ဤသို့ ပြောကြားပါလေ။ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပြင် (ကိုးကွယ်ရာအဖြစ်) သတ်မှတ်ထားကြသည့် ကိုးကွယ်ရာ (ဥပမာ- ဖရစ်ရှ်သာဟ်၊ 'ဂျင်န်') များအား အနည်းငယ်မျှသော (မိမိတို့၏ ဘေးဒုက္ခများ ကင်းဝေးစေရန်) ခေါ်ဝေါ်

တမ်းတကြလေကုန်။ ထိုသို့ ခေါ်ဝေါ်တမ်းတကြသည့်အခါ ၎င်းတို့သည် အသင်တို့၏ ဘေးဒုက္ခများကို ပပျောက်စေနိုင်ကြသူများလည်း မဟုတ်။ ထိုဘေးဒုက္ခများအား ပြောင်းလဲစေနိုင်ကြသူများလည်း မဟုတ်ပေ။ (ဥပမာ- ဘေးဒုက္ခများကို လုံးဝ ပပျောက်စေနိုင်ခြင်းမရှိဘဲ အနည်းငယ်မျှ ပေါ့လျော့မှုကိုသာ ပြုနိုင်ကြသည်။) မုရှ်ရစ်ကျ်များက (မိမိတို့၏ လိုအင်ဆန္ဒများ ဖြည့်ဆည်းပေးရန်နှင့် အခက်အခဲများကို ပြေလည်စေရန်) ဟစ်အော်ခေါ်ဝေါ်တသရသူများကိုယ်တိုင်ပင် ၎င်းတို့အနက် မည်သူသည် ပို၍ နီးကပ်သူဖြစ်မည်နည်းဟူ၍ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဘက်သို့ (ရောက်ရှိရန်) အကြောင်းခံကို ရှာဖွေလျက် ရှိကြကုန်၏။ (၎င်းတို့ကိုယ်တိုင်ပင် အမိန့်နာခံမှုနှင့် 'အေဗာဒသ်'ပြုခြင်းများနှင့် မွေ့လျော်လျက် ရှိကြသည်။ ထိုသို့ပြုမှသာ အလ္လာဟ်အသျှင်မြတ်၏ နီးကပ်မှုကို ရရှိကြပေလိမ့်မည်။ ထို့ပြင် အသျှင်မြတ်နှင့် နီးကပ်မှုအဆင့်အတန်း ပိုမိုမြင့်မားစေရန် လိုလားနေကြသူများ ဖြစ်သည်။) ထို့ပြင် ၎င်းတို့သည် ထို (အလ္လာဟ်) အသျှင်မြတ်၏ ကရုဏာတော်ကိုလည်း မျှော်လင့်သူများဖြစ်ကြသည်။ ထိုအသျှင်မြတ်၏ 'အဇားဗ်'အပြစ်ဒဏ်အားလည်း (အမိန့်ဖီဆန်မှုပြုသည့်အပေါ်) ကြောက်ရွံ့ကြသူများ ဖြစ်သည်။ စင်စစ်အမှန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ (ဆိုလိုသည်မှာ ၎င်းတို့ကိုယ်တိုင်ပင် ကိုးကွယ်ဆည်းကပ်နေသူများ ဖြစ်သည်။) မည်သို့ ကိုးကွယ်ရာအသျှင် ဖြစ်နိုင်ပါမည်နည်း။

ထို့ပြင် ၎င်းတို့ကိုယ်တိုင်ပင် မိမိတို့၏ လိုအပ်ချက်များအတွက်သော်လည်းကောင်း၊ ဒုက္ခဘေးဘယာများမှ ပပျောက်စေရန်အတွက်သော်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ တောင့်တကြရသူများ ဖြစ်သည်။ သို့ရှိရာ ၎င်းတို့သည် အခြားသူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ခြင်းနှင့် အခက်အခဲများအား ပြေလည်စေခြင်းတို့ကို မည်သို့ ပြုနိုင်ကြပါမည်နည်း။ ထို့ပြင် ကာဖိရ်များ၏) မြို့ရွာများအနက် ငါအသျှင်မြတ်သည် 'ကေယာမသ်'မဖြစ်မီ မဖျက်ဆီးသော မြို့ရွာဟူ၍လည်း မရှိ။ (သို့တည်းမဟုတ် 'ကေယာမသ်'နေ့တွင်) ထိုမြို့ရွာ၌ နေထိုင်သူများအား ('ဂျဟန္နမ်'၏) ပြင်းထန်သော 'အဇားဗ်'အပြစ်ဒဏ် မပေးဟူ၍လည်း ရှိမည်မဟုတ်ပေ။ ဤသည် 'ကေသားဗ်' (လောင်ဟေ့မဟ်ဖူးဇ်) တွင် ရေးသားထားပြီး ဖြစ်သည်။ သို့ရှိရာ ကာဖိရ်တစ်ဦးဦးသည် ဤဒွန္နယာလောက၌ ဤသို့ ပျက်စီးခြင်းမှ လွတ်ကင်းသွားခဲ့ပါလျှင် 'ကေယာမသ်'နေ့တွင် အလွန်ကြီးမားသည့် ဘေးဒုက္ခမှ လွတ်ကင်းမည်မဟုတ်ပေ။ သဘာဝအလျောက် သေဆုံးခြင်းများမှာမူ ကာဖိရ်အတွက် သီးသန့်မဟုတ်ပေ။ လူသားအားလုံး သေဆုံးရသည်ချည်းသာဖြစ်သည်။ ထို့ကြောင့် မြို့ရွာများ ဖျက်ဆီးခြင်းဆိုသည့် သဘောမှာ 'အဇားဗ်'နှင့် ဘေးဒုက္ခတစ်စုံတစ်ရာဖြင့် ပျက်စီးသွားခြင်းကို ဆိုလိုသည်။ သို့ရှိရာ အချုပ်ဆိုရပါလျှင် ကာဖိရ်များအပေါ်၌လည်း လူ့လောက၌ 'အဇားဗ်'များ ကျရောက်စေခဲ့သည်။ အာခေရသ်တမလွန်၏ 'အဇားဗ်'မှာ သီးခြားပင် ဖြစ်ပေလိမ့်မည်။ တစ်ခါတစ်ရံ လူ့လောကတွင် 'အဇားဗ်'မကျရောက်ခြင်းလည်း ရှိပေသည်။ သို့ရာတွင် 'အာခေရသ်'၏ 'အဇားဗ်'ကိုမူ မည်သို့မျှ လွတ်ကင်းနိုင်လိမ့်မည် မဟုတ်ပါချေ။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

يَبْتَغُوْنَ اِلٰى رَبِّهِمُ الْوَسِيْلَةَ

တွင် وسيلة 'ဝစီလဟ်'၏ အဓိပ္ပာယ်မှာ အရာဝတ္ထုတိုင်းသည် အခြားသော အရာတစ်ခုဆီသို့ ရောက်ရှိသော အကြောင်းခံပြုလုပ်ခြင်း'ဟု ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်အတွက် 'ဝစီလဟ်'ဆိုသည်မှာ အသိပညာနှင့် ကျင့်စဉ်ကျင့်ရပ်များတွင် အလ္လာဟ်အသျှင်မြတ်၏ အလိုတော်နှင့်အညီ အချိန်တိုင်းတွင် သတိရှိစွာဖြင့် ရှရီအသတ်တရားတော်၏ အမိန့်တော်များကို လေးစားလိုက်နာခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဤပုဂ္ဂိုလ်အားလုံးသည် မိမိတို့၏ ကောင်းမြတ်သော ကျင့်စဉ်များအားဖြင့် အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်မှုကို ရှာဖွေနေကြခြင်း ဖြစ်သည်။

يَرْجُوْنَ رَحْمَتَهٗ وَيَخَافُوْنَ عَذَابَهٗ

ဟဇရသ်စဟလ်ဗင်န်အဗ်ဒုလ္လာဟ် ﷺ သခင်က မိန့်ဆိုသည်မှာ رجاء မျှော်လင့်ချက်နှင့် خوف အကြောက်တရား ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်'တော်ကို မျှော်ကိုးမက်ထားခြင်းနှင့် ထိုအသျှင်မြတ်အား အကြောက်တရား ထားရှိလျက် ရှိနေခြင်းမှာ လူသားအဖို့ မတူညီသော အခြေအနေနှစ်ရပ်ဖြစ်သည်။ ဤအခြေအနေနှစ်ရပ်သည် ဟန်ချက်ညီစွာ ရှိနေလျှင် လူသားသည် လမ်းမှန်အပေါ် လျှောက်နေခြင်းဖြစ်သည်။ ထိုအခြေအနေနှစ်ရပ်အနက် တစ်ခုခုမှာ ကျဆင်းသွားခဲ့ပါလျှင် ထိုကျဆင်းသည်ခန့် လူသား၏ အခြေအနေမှာ ဆိုးရွားမှု ဖြစ်ပေါ်လာပေမည်။ */ ကုရ်သုဗီကျမ်း /*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمَا مَنَعَنَآ اَنْ نُّرْسِلَ
بِالْاٰيٰتِ اِلَّآ اَنْ كَذَّبَ بِهَا الْاَوَّلُوْنَ ۭ وَاٰتَيْنَا ثَمُوْدَ النَّاقَةَ مُبْصِرَةً
فَظَلَمُوْا بِهَا ۭ وَمَا نُرْسِلُ بِالْاٰيٰتِ اِلَّا تَخْوِيْفًا ۝

၁၇ : ၅၉ ။ ။ စင်စစ် ငါအသျှင်မြတ်အား တန်ခိုးတော်များကို ချပေးတော်မမူရန် ယင်းတန်ခိုးတော်များ (ကို) မဟုတ်မမှန်ဟူ၍ ရှေးလူဟောင်းတို့၏ ငြင်းပယ်မှုမှအပ အခြားမည်သည့် တစ်စုံတစ်ရာကမျှ တားဆီးခဲ့သည်မဟုတ်ပေ။ စင်စစ် ငါအသျှင်မြတ်သည် 'ဆမူဒ်'လူမျိုးတို့အား ကုလားအုတ်မကို (နဗီတမန်တော် ဆွာလိဟ်သည် အလ္လာဟ်အသျှင်မြတ်၏ နဗီတမန်တော် ဖြစ်တော်မူကြောင်းကို) ထင်ရှားစေသော တန်ခိုးတော်အဖြစ် ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ သို့ရာတွင်

၎င်းတို့သည် ယင်းကုလားအုတ်မနှင့် ပတ်သက်၍ မိမိတို့ကိုယ်ကို နှိပ်စက်ကလူ ပြုခဲ့ကြကုန်၏။ အမှန်စင်စစ် ငါအသျှင်မြတ်သည် (ယင်းကဲ့သို့သော) တန်ခိုးတော်များကို သတိပေးနိုးဆော်ချက်အဖြစ်သာလျှင် ချပေးတော်မူပေသည်။

وَإِذْ قُلْنَا لَكَ إِنَّ رَبَّكَ أَحَاطَ بِالنَّاسِ ۚ وَمَا جَعَلْنَا الرُّؤْيَا الَّتِي أَرَيْنَاكَ إِلَّا فِتْنَةً لِّلنَّاسِ وَالشَّجَرَةَ الْمَلْعُونَةَ فِي الْقُرْآنِ ۚ وَنُخَوِّفُهُمْ فَمَا يَزِيدُهُمْ إِلَّا طُغْيَانًا كَبِيرًا ﴿٦٠﴾

၁၇ : ၆၀ ။ ။ (အို၊ နဗီတမန်တော်၊ ပြန်လည်သတိရပါလေ။) အခါတစ်ပါး၌ ငါအသျှင်မြတ်သည် 'ကေန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် လူခပ်သိမ်းတို့ကို ဝိုင်းဝန်း၍ ထားတော်မူလေပြီ'ဟု အသင့်အား မိန့်ကြားတော်မူခဲ့လေသည်။ ထို့ပြင် ငါအသျှင်မြတ်သည် အသင့်အား ပြသတော်မူခဲ့သော မြင်ကွင်း ('မေ့အ်ရာဂျ်'ည၌) ကို လည်းကောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်၌ ရှုံ့ချခြင်းခံရသော သစ်ပင်ကိုလည်းကောင်း၊ ('ဇက္ကူမ်'အပင်ကို ဆိုသည်။ ငရဲဘုံတွင် ပေါက်လျက်ရှိပြီး ငရဲသားတို့သည် ယင်းအပင်ကို စားကြရမည်။) လူတို့အဖို့ စမ်းသပ်မှုတစ်ရပ်သာလျှင် ပြုလုပ်တော်မူခဲ့လေသည်။ စင်စစ် ငါအသျှင်မြတ်သည် လူတို့အား သတိပေးနိုးဆော်တော်မူ၏။ သို့ရာတွင် ယင်းသတိပေးနိုးဆော်ချက်သည် ၎င်းတို့အား ကြီးကျယ်စွာသော မထီမဲ့မြင် ပြုမှု၊ ဆိုးသွမ်းမှုကိုသာ တိုးတက်ပွားများစေလေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ငါအသျှင်မြတ်အဖို့ (၎င်းတို့ တောင်းဆိုသည့်) 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) များ ချပေးတော်မူခြင်းတွင် အဟန့်အတားဖြစ်စေသော အရာမှာ ရှေးအလျင်က အွမ္မသ်တို့သည် ၎င်းတို့၏ အမျိုးတူ တောင်းဆိုမှု ('မုအ်ဂျေဇာဟ်'တန်ခိုးတော်များ) အား မဟုတ်မမှန်ဟု ငြင်းဆို ဆန့်ကျင်ခဲ့ကြခြင်းကြောင့် ဖြစ်သည်။ (သဘာဝအလျောက် ကာဖိရ်အားလုံးသည် တစ်မျိုးတစ်စားတည်း ဖြစ်ကြသည်။ သို့ဖြစ်ပေရာ ယခု ဤ 'မုအ်ဂျေဇာဟ်'တန်ခိုးတော်ကိုလည်း ငြင်းပယ်ကြဦးမည်မှာ ထင်ရှားပေသည်။ ထို့နောက် ဥပမာအားဖြင့် ဖြစ်ရပ်တစ်ခုကို နားထောင်ကြည့်ပါလေ။) ငါအသျှင်မြတ်သည် စမူဒ်အမျိုးသားများအား (၎င်းတို့၏ တောင်းဆိုချက်အတိုင်း ဟဇရသ်ဆွာလိဟ် ﷺ ၏ 'မုအ်ဂျေဇာဟ်'တန်ခိုးတော်အဖြစ်) ကုလားအုတ်မကို ပေးသနားတော်မူခဲ့သည်။ (ထိုကုလားအုတ်မသည်ကား အံ့ဖွယ်ဆန်းကြယ်အဖြစ် ပေါ်ပေါက်လာခြင်း ဖြစ်သည်။) ဤကုလားအုတ်မသည်ကား ('မုအ်ဂျေဇာဟ်'တန်ခိုးတော်ဖြစ်သော အကြောင်းခံဖြင့်) သတိပေးနိုးဆော်ခြင်း အကြောင်းအရာပင် ဖြစ်ပေသည်။ သို့ရှိရာ ထိုသူတို့သည် ဤကုလားအုတ်မအားဖြင့် သတိတရားရရှိစေခြင်း မဖြစ်ကြသည့်အပြင်) ထိုကုလားအုတ်မအပေါ် မတရားကျူးကျော်မှု ပြုကြလေသည်။ (ထိုကုလားအုတ်မအား သတ်ဖြတ်ပစ်လိုက်ကြသည်။ အကယ်၍သာ လက်ရှိ လူတို့ တောင်းဆိုသည့် 'မုအ်ဂျေဇာဟ်' တန်ခိုးတော်များ ပြသလိုက်ပါလျှင် ဤသူများသည်လည်း ရှေးလူများအတိုင်း ပြုကြမည်

မှာ ထင်ရှားပေသည်။) ထို့ပြင် ငါအသျှင်မြတ်သည် ဤကဲ့သို့သော 'မုအ်ဂျေဇာဟ်' များကို သတိပေးနှိုးဆော်ရန် (အတွက်သာ) ချပေးတော်မူသည်။

(သို့ရှိရာ ဤတောင်းဆိုသည့် 'မုအ်ဂျေဇာဟ်'များ ပြသတော်မူသည့်တိုင် ၄င်းတို့သည် အီမာန်သက်ဝင်ယုံကြည်ခြင်းမရှိပါက ချက်ချင်းပင် ဖျက်ဆီးခြင်းခံကြရပေမည်။ တောင်းဆိုသည့် 'မုအ်ဂျေဇာဟ်'များ ပြသခဲ့သော်လည်း အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိသူတို့၏ ပျက်စီးခြင်းနှင့် 'အဇားဗ်'အပြစ်ဒဏ် ကျခံရခြင်းတို့၏ အကြောင်းများမှာ ဖြစ်မြဲဖြစ်လျက် ရှိနေခဲ့သည်။ အသျှင်မြတ်၏ အမြော်အမြင်အရလည်း ၄င်းတို့အား ယခု ဖျက်ဆီးခြင်းမခံရရန် လိုလားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့ တောင်းဆိုသည့် 'မုအ်ဂျေဇာဟ်'များ ပြသခြင်း မရှိသေးသောကြောင့် ဖြစ်သည်။ ထိုအကြောင်းကို ရှေးလူများ တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်က ထောက်ခံမှုပြုနေသည်။ ထိုဖြစ်ရပ်အကြောင်းမှာ) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် (မိမိ၏ အသိဉာဏ်တော်ဖြင့်) လူခပ်သိမ်းတို့၏ ပေါ်လွင်ထင်ရှားသော အခြေအနေများကိုလည်းကောင်း၊ လျှို့ဝှက်ဖုံးကွယ်နေသည့် အခြေအနေများကိုလည်းကောင်း၊ မျက်မှောက်ကာလ၏ အခြေအနေများကိုလည်းကောင်း၊ အနာဂတ်၏ အခြေအနေများကိုလည်းကောင်း လွှမ်းခြုံ၍ သိတော်မူသော အသျှင်ဖြစ်သည့်အကြောင်းကို ငါအသျှင်မြတ်သည် အသင့်အား ပြောကြားခဲ့သည့် ထိုအချိန်ကို အသင် အောက်မေ့သတိရပါလေ။ (ထို့အပြင် နောင်အနာဂတ်တွင် ထိုသူတို့သည် အီမာန်သက်ဝင်ယုံကြည်သူများ မဟုတ်ကြောင်းကိုလည်း အလ္လာဟ်အသျှင်မြတ် သိတော်မူပေသည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ အထောက်အထားတစ်ရပ်ဖြစ်သော ဖြစ်ရပ်မှာ) ငါအသျှင်မြတ်သည် ('မိအ်ရားဂျ်' ဖြစ်ရပ်တွင်) ပြသခဲ့ခြင်းသည် (နိုးကြားနေသည့်အချိန်) အသင့်အား ပြသခဲ့ခြင်းဖြစ်သည်။ ထို့နောက် ကုရ်အာန်ကျမ်းတော်မြတ်တွင် ရှုတ်ချ၍ 'လအ်နသ်'ပြုထားသည့် သစ်ပင်နှင့် စပ်လျဉ်း၍လည်း ပြသခဲ့ပြီးဖြစ်သည်။ (ကာဖိရ်များ၏ အစားအစာဖြစ်သော 'ဇက္ကူမ်'အပင်ဖြစ်သည်။) ငါအသျှင်မြတ်သည် ထိုအရာနှစ်ခုကို ထိုသူတို့အဖို့ လမ်းမှားစေသော အကြောင်းခံအဖြစ် ပြုပေးတော်မူသည်။

(ထိုသူတို့သည် ဤအရာနှစ်ခုကို ကြားနာပြီး မဟုတ်မမှန်ဟူ၍ ငြင်းဆိုခဲ့ကြသည်။ 'မိအ်ရားဂျ်' အား ငြင်းဆိုခြင်းအကြောင်းမှာ ညဉ့်တစ်ညဉ့်တည်း၏ အချိန်တို အတွင်း၌ ဆီးရီးယားသို့ သွားခြင်းနှင့် တစ်ဖန် မိုးကောင်းကင်ပေါ်သို့ သွားခြင်းတို့မှာ ၄င်းတို့ထံတွင် မဖြစ်နိုင်သောကြောင့်ပင် ဖြစ်သည်။ ထို့နောက် 'ဇက္ကူမ်'အပင်နှင့် စပ်လျဉ်း၍ ငြင်းဆိုရခြင်းအကြောင်းမှာ ယင်း 'ဇက္ကူမ်'အပင်သည် 'ဂျဟန္နမ်'ငရဲဘုံ၌ ရှိသည်ဟု ပြဆိုထားသည်။ သို့ရှိရာ မီးအတွင်းတွင် သစ်ပင်တစ်ပင် ပေါက်ရောက်နိုင်ခြင်းဆိုသည်မှာ မည်သို့ ဖြစ်နိုင်ပါမည်နည်း။ အကယ်၍ ရှိသည်ဆိုလျှင်လည်း မီးလောင်ကျွမ်းသွားပေမည်။ စင်စစ် တစ်ညဉ့်တည်း ကာလတိုအတွင်း၌ ဤမျှ ရှည်လျားသည့် ခရီးကို ဖြတ်သန်းသွားလာနိုင်ခြင်းမှာ ဦးနှောက်အတွေးအခေါ်အရ မဖြစ်နိုင်ပေ။ မိုးကောင်းကင်ခရီး သွားခြင်းသည်လည်း ဖြစ်နိုင်သော အကြောင်းမဟုတ်ပေ။ ထို့ပြင် မီးလျှံအတွင်း၌ သစ်ပင်ပေါက်ရောက် ဖြစ်တည်နိုင်ခြင်း ဆိုသည်မှာလည်း နားမလည်နိုင်စရာပင် ဖြစ်ပေသည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ဤမည်သော ကိစ္စများသည် မဖြစ်

နိုင်စရာမရှိသော ကိစ္စများဖြစ်သည်။ အကြောင်းမှာ သစ်ပင်တစ်ပင် ရေဖြင့် ရှင်သန်နိုင်သည့် သဘာဝကို အလ္လာဟ်အသျှင်မြတ်သည် ရေဖြင့် ရှင်သန်ရမည့်အစား မီးဖြင့် ရှင်သန်စေနိုင်သောကြောင့် ဖြစ်သည်။ ထို့နောက် မိန့်ကြားတော်မူသည်မှာ) ငါအသျှင်မြတ်သည် ၎င်းတို့အား သတိပေး နှိုးဆော်လျက် ရှိတော်မူသည်။ သို့ရာတွင် ဤသတိပေးနှိုးဆော်မှုသည် ၎င်းတို့အား ကြီးကျယ်စွာသော ဆိုးသွမ်းမှုကို ပိုမိုပွားများစေခြင်းသာ ဖြစ်ပေတော့သည်။ ('ဇက္ကူမ်'သစ်ပင်နှင့် စပ်လျဉ်း၍ ၎င်းတို့သည် ငြင်းဆိုခြင်းသာမကဘဲ လှောင်ပြောင်သရော်ခြင်းများလည်း ပြုကြသည်။ ထိုအကြောင်း၏ ရှင်းလင်းချက်ကို လေ့လာဆန်းစစ်ခြင်းများနှင့်အတူ 'စူရာဟ်ဆွာဖ်ဖားသ်'တွင် လာရှိပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَمَاجَعَلْنَا الرُّؤْ يَاالَّتِىْٓ اَرَيْنٰكَ اِلَّا فِتْنَةً لِّلنَّاسِ

(ဆိုလိုသည်မှာ 'မိအ်ရားဂျ်'ညဉ့်တွင် ငါအသျှင်မြတ်က အသင့်အား ပြသခဲ့သည့် မြင်ကွင်းများသည် လူတို့အတွက် 'ဖိသ်နဟ်'တစ်ရပ်ပင် ဖြစ်သည်။) **فتنة** 'ဖိသ်နာဟ်'ဟူသော စာလုံးသည် အာရဗီဘာသာတွင် အဓိပ္ပာယ်များစွာတို့၌ အသုံးပြုသည့် စာလုံးဖြစ်သည်။ အဓိပ္ပာယ်တစ်ခုမှာ ဖွင့်ဆိုချက်အနှစ်ချုပ်၌ ဖော်ပြခဲ့သည့် 'လမ်းမှားခြင်း'ဟူသော အဓိပ္ပာယ်ဖြစ်သည်။ အခြားအဓိပ္ပာယ်တစ်ခုမှာ 'စမ်းသပ်ခြင်း'ဟူ၍လည်း လာရှိသည်။ ဤနေရာတွင် အဓိပ္ပာယ်အားလုံးကို ကောက်ယူနိုင်သည်။ ဟဇရသ်အာအေရှာဟ် ؓ သခင်မ၊ ဟဇရသ်မုအာဝိယာဟ် ؓ သခင်၊ ဟဇရသ်ဟစန် ؓ သခင်၊ မုဂျာဟိဒ် ؓ သခင် စသော သဖ်စီးရ် အဖွင့်ပညာရှင်များက ဤနေရာတွင် 'ဖိသ်နာဟ်'၏ အလိုသဘောမှာ ဤနောက်ဆုံးအဓိပ္ပာယ်ဖြစ်သော 'ပြဿနာအရှုပ်အထွေး' ဖြစ်သည်ဟု ဆိုကြသည်။ ထို့နောက် ဤသည် **فتنة ارتد اه** 'ဖိသ်နာဟ်အိရ်ရိဒါးဒ်' အစ္စလာမ်သာသနာကို ကျောခိုင်းစွန့်ခွာသည့် ပြဿနာအရှုပ်အထွေးဖြစ်သည်ဟု ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည် 'မိအ်ရားဂျ်'ညဉ့်တွင် 'ဗိုင်သွလ်မုကဒ္ဒပ်စ်'သို့လည်းကောင်း၊ ထိုမှ ကောင်းကင်ဘုံခရီးသို့ ဆက်ခြင်းနှင့် နံနက်မိုးမသောက်မီ ပြန်လည်ရောက်ရှိခြင်းကိုလည်းကောင်း လူတို့ အား တင်ပြ တော်မူသည့်အခါ အီမာန်မခိုင်သေးသည့် နောင်မွတ်စ္စလင်မ်များစွာတို့သည် ဤစကားကို ကြားပြီး ငြင်းဆိုမှုများ ပြုကြလေသည်။ ထို့နောက် 'မုရ်သဒ်'(အစ္စလာမ်ကို ကျောခိုင်းစွန့်ခွာသူ) များ ဖြစ်သွားကြလေသည်။ *[ကုရ်သုဗီကျမ်း]*

ဤဖြစ်ရပ်အားဖြင့် **رؤيا** 'ရုအ်ယာ'ဟူသော စာလုံးသည် အာရဗီဘာသာတွင် အိပ်မက်၏ အဓိပ္ပာယ်၌လည်း အသုံးပြုသော စာလုံးဖြစ်သည်။ သို့ရာတွင် ဤနေရာ၌ အိပ်မက်၏ ဖြစ်ရပ်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤသို့ အိပ်မက်မြင်မက်ခြင်းမျှသာဖြစ်လျှင် လူအများအပြား 'မုရ်သဒ်' (အစ္စလာမ်သာသနာကို ကျောခိုင်းစွန့်ခွာခြင်း) ပြုရန် မည်သည့်အကြောင်းမျှ မရှိသောကြောင့်ပင် ဖြစ်သည်။ အိပ်မက်မြင်မက်

ခြင်းမှာမူ လူတိုင်း မြင်မက်နိုင်သည့်ကိစ္စ ဖြစ်သည်။ ဤနေရာတွင် رؤیا 'ရုအ်ယာ'၏ အဓိပ္ပာယ်မှာ 'အံ့ဖွယ်ဆန်းကျယ် ဖြစ်ရပ်တစ်ခုကို နိုးကြားနေသည့် အခြေအနေ၌ ပြသခြင်း' ဖြစ်သည်။ ဖော်ပြပါအာယသ်တော်၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် အချို့ပညာရှင်များက ဤဖြစ်ရပ်အား 'မိအ်ရားဂျ်'ဖြစ်ရပ်အပြင် အခြားသော ဖြစ်ရပ်များ ဖြစ်သည်ဟုလည်း အဓိပ္ပာယ်ကောက်ယူကြသည်။ သို့ရာတွင် ခြုံငုံသုံးသပ်ချက်များအရ ၎င်းတို့၏ ဤအဆိုသည် ကိုက်ညီမှုမရှိသည့်အတွက် ပညာရှင်အများစုသည် ဤအာယသ်တော်၏ အလိုသဘောကို 'မိအ်ရားဂျ်'ဖြစ်ရပ်ဟုသာ ကောက်ယူကြသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَإِذْ قُلْنَا لِلْمَلَـٰٓئِكَةِ ٱسْجُدُوا۟ لِـَٔادَمَ فَسَجَدُوٓا۟ إِلَّآ إِبْلِيسَ قَالَ
ءَأَسْجُدُ لِمَنْ خَلَقْتَ طِينًا ﴿٦١﴾

၁၇ : ၆၁ ။ ။ ထို့ပြင် (ပြန်လည်သတိရကြလေကုန်။) တစ်ရံရောအခါဝယ် ငါအသျှင်မြတ်သည် 'မလာအေ့ကာဟ်' ကောင်းကင်တမန်တို့အား 'အသင်တို့သည် အာဒမ်၏ရှေ့ဝယ် ဦးချကြလေကုန်'ဟု မိန့်ကြားတော်မူခဲ့ရာ အီဗ်လီးစ်မှအပ ထိုကောင်းကင်တမန်အပေါင်းတို့သည် ဦးချခဲ့ကြကုန်၏။ ယင်း (အီဗ်လီးစ်) က 'အသျှင်မြတ် ရွံ့စေဖြင့် ဖန်ဆင်းတော်မူခဲ့သောသူအား ကျွန်တော်မျိုးသည် ဦးချရပါမည်လော'ဟု လျှောက်ထားခဲ့လေသည်။

قَالَ أَرَءَيْتَكَ هَـٰذَا ٱلَّذِى كَرَّمْتَ
عَلَىَّ لَئِنْ أَخَّرْتَنِ إِلَىٰ يَوْمِ ٱلْقِيَـٰمَةِ لَأَحْتَنِكَنَّ ذُرِّيَّتَهُۥٓ إِلَّا قَلِيلًا ﴿٦٢﴾

၁၇ : ၆၂ ။ ။ တစ်ဖန် အီဗ်လီးစ်က (ဆက်လက်၍) 'အသျှင်မြတ်ပင် ရှုတော်မူပါ။ အသျှင်မြတ်သည် ကျွန်တော်မျိုးထက် ထူးကဲမြင့်မြတ်စေတော်မူခဲ့သော ဤသူကို အကယ်၍သာ အသျှင်မြတ်သည် ကျွန်တော်မျိုးအား 'ကေယာမသ်' ကမ္ဘာပျက်မည့်နေ့တိုင်အောင် အချိန်ပေးတော်မူခဲ့ပါလျှင် ဧကန်မလွဲ ကျွန်တော်မျိုးသည် ၎င်း၏ သားမြေးတို့အနက် အနည်းငယ်မျှသော သူတို့မှအပ အားလုံးကို ဖမ်းယူလွှမ်းမိုးပါမည်'ဟု လျှောက်ထားခဲ့ပြန်၏။

قَالَ ٱذْهَبْ فَمَن تَبِعَكَ مِنْهُمْ فَإِنَّ جَهَنَّمَ جَزَآؤُكُمْ جَزَآءً مَّوْفُورًا ﴿٦٣﴾

၁၇ : ၆၃ ။ ။ ထိုအခါ အသျှင်မြတ်က (ဤသို့) မိန့်ကြားတော်မူ၏။ (အီဗ်လီးစ်) 'အသင်သွားလော့။' (မိမိအလိုရှိရာ လုပ်လော့။) တစ်ဖန် မည်သူမဆို ယင်း (အာဒမ်၏ သားမြေး) တို့အနက်မှ အသင်၏နောက်သို့ လိုက်ခဲ့ပါလျှင် 'ဂျဟန္နမ်'ငရဲဘုံသည် အသင်တို့၏ လုံလောက်စွာသော အကျိုးပင် ဖြစ်ပေသည်။

وَاسْتَفْزِزْ مَنِ اسْتَطَعْتَ مِنْهُمْ بِصَوْتِكَ
وَأَجْلِبْ عَلَيْهِمْ بِخَيْلِكَ وَرَجِلِكَ وَشَارِكْهُمْ فِي الْأَمْوَالِ
وَالْأَوْلَادِ وَعِدْهُمْ ۚ وَمَا يَعِدُهُمُ الشَّيْطَانُ إِلَّا غُرُورًا ﴿٦٤﴾

၁၇ : ၆၄ ။ ။ ထို့ပြင် (အီဗ်လီးစ်) 'အသင်သည် ၎င်းတို့အနက် မိမိလက်လှမ်းမီသော သူတို့အား မိမိအသံဖြင့် စိတ်ထကြွစေလော။ ခြိမ်းခြောက်လှည့်ဖြားလော။ ထို့ပြင် အသင်သည် မိမိ၏ မြင်းစီးသူရဲဖြင့်လည်းကောင်း၊ ခြေလျင်သူရဲဖြင့်လည်းကောင်း ထိုသူတို့အား ဝိုင်းဝန်းလော။ ထို့ပြင် အသင်သည် ဥစ္စာပစ္စည်းများ၌လည်းကောင်း၊ သားသမီးများ၌လည်းကောင်း ထိုသူတို့နှင့်အတူ ဖက်စပ်ပါဝင်လော။ ထို့ပြင် အသင်သည် ၎င်းတို့အား (မဟုတ်မမှန်သော) ကတိကို ပြုလော့။' စင်စစ် ရှိုက်သွာန်သည် ၎င်းတို့အား ဖြားယောင်းသွေးဆောင်ခြင်းမှအပ အခြားမည်သည့်ကိုမျှ ကတိပေးသည် မဟုတ်ပေ။

إِنَّ عِبَادِي لَيْسَ لَكَ عَلَيْهِمْ سُلْطَانٌ ۚ وَكَفَىٰ بِرَبِّكَ وَكِيلًا ﴿٦٥﴾

၁၇ : ၆၅ ။ ။ ကေန်စင်စစ် ငါအသျှင်မြတ်၏ (စစ်မှန်သော) ကျွန်တို့အပေါ်၌မူ အသင်၏ ဩဇာအာဏာ လုံးဝလွှမ်းမိုးနိုင်မည် မဟုတ်ပေ။ စင်စစ် (အို၊ နဗီတမန်တော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည်ပင် (၎င်းတို့အား) ထိန်းသိမ်းစောင့်ရှောက်တော်မူသော အသျှင်မြတ်အဖြစ် လုံလောက်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် (ထိုကာလသည် ပြန်လည်အောက်မေ့ သတိရဖွယ်ရာဖြစ်သည်။) ထိုစဉ်အခါက ငါအသျှင်မြတ်သည် ဖရစ်ရှ်သာဟ်များအား 'အသင်တို့သည် အာဒမ် ﷺ အား 'စဂျ်ဒဟ်' ဦးချခြင်း ပြုကြလေကုန်' ဟု မိန့်ကြားတော်မူခဲ့ရာ ဖရစ်ရှ်သာဟ်အားလုံးတို့က 'စဂျ်ဒဟ်' ဦးချမှု ပြုခဲ့ကြသည်။ သို့ရာတွင် အီဗ်လီးစ်သည် (ဦးချခြင်း) မပြုခဲ့ပေ။ (ထို့ပြင် ၎င်းက) 'အသျှင်မြတ်မှ ရွှံ့စေး (မြေကြီး) ဖြင့် ဖန်ဆင်းထားသူအား ကျွန်တော်မျိုးသည် ဦးချရပါမည်လော' ဟု လျှောက်ထားခဲ့သည်။ (ထိုသို့ အမိန့်တော် မနာခံခြင်းအပေါ် အီဗ်လီးစ်သည် 'မရ်ဒူးဒ်' အသျှင်မြတ်ထံတော်မှ နှင်ထုတ်ခြင်းခံရသူ ဖြစ်သွားလေသည်။ ထိုအခါ) အီဗ်လီးစ်က ပြောဆိုသည်မှာ အသျှင်မြတ်သည် ထိုသူ့အား ကျွန်တော်မျိုးထက် မြတ်ထွတ်သူ ဖြစ်တော်မူခဲ့သည်။ (ထို့ကြောင့် ၎င်းကို 'စဂျ်ဒဟ်' ပြုရန် ကျွန်တော်မျိုးအား အမိန့်ပေးတော်မူခဲ့ပါသည်။ ကျွန်တော်မျိုးသည် ထိုသူ့ကြောင့် 'မရ်ဒူးဒ်' နှင်ထုတ်ခြင်းခံရသူဖြစ်ရာ ထိုသူ့တွင် မည်သည့်ထူးမြတ်မှုများ ရှိပါသနည်း) အကယ်၍ ငါအသျှင်မြတ်သည် (ကျွန်တော်မျိုး၏ ဤပန်ကြားချက်နှင့်အညီ) ကျွန်တော်မျိုးအား 'ကေယာမသ်' ကမ္ဘာပျက်မည့် နေ့ထိတိုင် (သေခြင်းတရားမှ) အချိန်ပေးဆိုင်းငံ့တော်မူပါလျှင် မုချကေန် ကျွန်တော်မျိုးသည် (လည်း) ၎င်း၏ သားမြေးများအနက် အနည်းငယ်မျှသော သူများမှအပ (အစ္စလာမ်သာသနာဝင်များကို ဆိုလိုသည်)

ကျန်ရှိလူများကို ကျွန်တော်မျိုး၏ (လက်အောက်ဝယ်) ဖမ်းယူလွှမ်းမိုးပါမည်။ (ဆိုလိုသည်မှာ လမ်းမှားသို့ ပို့ဆောင်ပါမည်ဟု ဖြစ်သည်။)

အသျှင်မြတ်မှ မိန့်တော်မူသည်မှာ အသင် (တတ်စွမ်းနိုင်သရွေ့ ပြုလုပ်လော့) ထိုအာဒမ်၏ သားမြေးတို့အနက် အသင်၏ နောက်လိုက်သူများအား မိမိ၏ ဟစ်အော်သံဖြင့် (လှည့်စားဖြားယောင်းခြင်းဖြင့်) ထိုသူ၏ ခြေလှမ်းကို (လမ်းမှန်တရားမှ) လွဲဖယ်ခြင်းပြုလော့။ ထို့နောက် အသင်သည် ၎င်းတို့အပေါ် မိမိ၏ မြင်းစီးစစ်သည်များ၊ ခြေလျင်စစ်သည်များဖြင့် ချီတက်ဝိုင်းဝန်းလော။ (အသင်၏ ရှိသမျှ တပ်များစုပေါင်း၍ ၎င်းတို့အား လမ်းမှားရောက်စေခြင်း၏ ဥစ္စာပစ္စည်းများတွင် လည်းကောင်း၊ သားသမီးများတွင် လည်းကောင်း အသင်၏ အစုစပ်ရှယ်ယာ ပါဝင်ပါလေ။ (ဆိုလိုသည်မှာ ဥစ္စာပစ္စည်းများနှင့် သားသမီးများကို လမ်းမှားခြင်း၏ အကြောင်းခံအဖြစ် ပြုလုပ်ပါလေဟူ၍ ဖြစ်သည်။) ထို့နောက် ၎င်းတို့အား (လိမ်လည်မှုသားဖြင့်) ကတိကဝတ်ပြုပါလေ။ (အဘယ်ကြောင့်ဆိုသော် 'ကေယာမသ်'နေ့တွင် ဖြစ်မှုကျူးလွန်ခြင်းများအပေါ် အရေးယူခံရမည်မဟုတ်ဟု ဖြစ်သည်။ ဤအချက်အားလုံးတို့သည် ရှိုက်သွာန်အား ခြိမ်းခြောက်၍ သတိပေး မိန့်ကြားထားပြီး ဖြစ်သည်။) ထို့နောက် ရှိုက်သွာန်သည် ထိုလူသားများအား လုံးဝ လိမ်လည်၍ ကတိပြုခဲ့သည်။ (ဤသည် ကြားဖြတ်စကားဖြစ်သည်။ ရှေ့တွင် ရှိုက်သွာန်အား ဦးတည်၍ မိန့်တော်မူသည်မှာ) ငါအသျှင်မြတ်၏ အထူးဗန္ဒာဟ် လူသားများအပေါ် အသင်၏ လွှမ်းမိုးမှု သက်ရောက်ခြင်း ရှိမည်မဟုတ်ပါ။ ထို့ပြင် (အို၊ မိုဟမ္မဒ်၊ ၎င်းရှိုက်သွာန်၏ လွှမ်းမိုးမှုသည် မုအ်မင်န်များအပေါ် မည်သို့ရောက်ရှိနိုင်အံ့နည်း။ အဘယ်ကြောင့်ဆိုသော်) အသင်၏ အသျှင်မြတ်သည်ပင် (၎င်းတို့အား) ထိန်းသိမ်းတော်မူသော အသျှင်မြတ်အဖြစ် လုံလောက်တော်မူ (သောကြောင့်ပင် ဖြစ်) သည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

لَأَحْتَنِكَنَّ

احتناك ၏ အဓိပ္ပာယ်မှာ အရာတစ်ခုခုအား အမြစ်မှ နှုတ်ပစ်လိုက်ခြင်း၊ ဖျက်ဆီးပစ်လိုက်ခြင်း၊ ၎င်းအရာအပေါ် အပြည့်အဝ လွှမ်းမိုးအောင်နိုင်ခြင်းဟု ဖြစ်သည်။

وَاسْتَفْزِزْ ၏ မူရင်းအဓိပ္ပာယ်မှာ ဖြတ်တောက်ခြင်းဟု ဖြစ်သည်။ ဤနေရာ၌ အမှန်တရားမှ ဖြတ်တောက်ခြင်းဟု ဆိုလိုသည်။ **بِصَوْتِكَ** ၏ အဓိပ္ပာယ်မှာ 'အသံ'ဟု ဖြစ်သည်။ ဤနေရာတွင် ရှိုက်သွာန်၏ 'အသံ'ဟူသည်မှာ မည်သို့ပါနည်း။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က 'လူတို့အား အမှန်တရား၏ လမ်းကြောင်းမှ ဖြတ်တောက်သွားစေနိုင်သော အတီးအမှုတ်၊ အကအခုန်နှင့် ပျော်ပွဲရှင်ပွဲများသည်ပင် ရှိုက်သွာန်၏အသံများ ဖြစ်သည်'ဟု မိန့်ဆိုခဲ့သည်။ *[ကုရ်သုဗီကျမ်း]*

ဤအချက်အားဖြင့် တီးမှုတ်ကခုန်ခြင်း၊ တေးသီချင်းများ သီဆိုခြင်းတို့သည် 'ဟရာမ်'ဖြစ်ကြောင်း သိရှိရပေသည်။ *[ကုရ်သုဗီကျမ်း]*

အိဗ်လီးစ်သည် ဟဇရသ်အာဒမ် عليه السلام အား 'စဂျ်ဒဟ်'မပြုလုပ်သည့်အချိန်တွင် အချက်နှစ်ချက်ကို ပြောဆိုလျှောက်ထားခဲ့သည်။ ပထမစကားမှာ အာဒမ် عليه السلام သည် မြေကြီးဖြင့် ဖန်ဆင်းခံရသူဖြစ်သည်။ ကျွန်တော်မျိုးမှာ မီးဖြင့် ဖန်ဆင်းခံရသူဖြစ်သည်။ အသျှင်မြတ်သည် မြေကြီးအား မီးထက် မြင့်မား မြတ်ထွတ်မှုအဆင့်ကို အဘယ်ကြောင့် ပေးပါသနည်း။

ဤမေးခွန်းသည် အသျှင်မြတ်၏ အမိန့်တော်၏ လျှို့ဝှက်ချက်ကို သိလို၍ မေးမြန်းခြင်းဖြစ်သည်။ ဤမေးခွန်းသည် အမိန့်ပေးခံရသူ အဖန်ဆင်းခံမှ အမိန့်ပေးသူ ဖန်ဆင်းရှင်အား မေးမြန်းပိုင်ခွင့် မရှိပေ။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အပေါ် အမိန့်ပေးခံရသူတစ်ဦးအနေဖြင့် အမိန့်ပေးခြင်း၏ ရည်ရွယ်ချက် (လျှို့ဝှက်ချက်) ကို မေးမြန်းပိုင်ခွင့် မည်သို့ ရှိနိုင်အံ့နည်း။ လောကဓ္ဓပင် လူသားသည် မိမိ၏ အလုပ်သမားအား ဤသို့သော အခွင့်အရေးပေးသည်ဟူ၍ မရှိပေ။ အလုပ်သမားတစ်ဦးအနေဖြင့် ခိုင်းသည့်အလုပ်ကို လုပ်မည့်အစား 'ဤအလုပ်တွင် မည်သည့်ရည်ရွယ်ချက် (လျှို့ဝှက်ချက်) များ ရှိပါသနည်း'ဟု မေးမြန်းပိုင်ခွင့် မရှိပါချေ။ ထို့ကြောင့် အိဗ်လီးစ်၏ မေးခွန်းမှာ ဖြေကြားထိုက်သော မေးခွန်းမဟုတ်ကြောင်း သတ်မှတ်၍ ဤနေရာတွင် ပြန်လည်ဖြေကြားမှု မပြုခြင်းဖြစ်သည်။ ထို့ပြင် ထင်ရှားသည့်အဖြေမှာ အရာတစ်ခုအား အခြားအရာတစ်ခုအပေါ် ပို၍ မြတ်ထွတ်ကြောင်း လုပ်ပိုင်ခွင့်သည် ထိုအရာအား ဖန်ဆင်းတော်မူသော အသျှင်မြတ်၌သာ လုပ်ပိုင်ခွင့် ရှိသည်။ ထိုအသျှင်မြတ်က အရာတစ်ခုကို အရာတစ်ခုအပေါ်၌ ပို၍ မြတ်ထွတ်မှုပြုလျှင် ထိုအရာသည် ထွတ်မြတ်သွားမည်သာ ဖြစ်သည်။

ဒုတိယအချက်မှာ 'အကယ်၍ 'ကေယာမသ်'နေ့ထိတိုင် အသက်ရှင်နေသော ဘဝသက်တမ်းကို ပေးပါရန် လျှောက်ထားသည့် ကျွန်တော်မျိုး၏ လျှောက်ထားချက်ကို အသျှင်မြတ် သဘောတူလက်ခံတော်မူပါလျှင် ကျွန်တော်မျိုးသည် အာဒမ် عليه السلام ၏ သားမြေးများအနက် အရေအတွက်နည်းပါးသော လူနည်းစုမှအပ ကျန်လူအားလုံးကို လမ်းမှားစေပါသည်'ဟူသော စကားဖြစ်သည်။

ဖော်ပြပါအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ဤလျှောက်ထားချက်အပေါ် အဖြေပေးတော်မူသည်မှာ 'ငါအသျှင်မြတ်၏ အထူးဗန္ဒဟ် လူသား၊ မုအ်မင်န်များအပေါ် အသင်၏ လွှမ်းမိုးမှု သက်ရောက်နိုင်မည်မဟုတ်။ အသင်သည် အသင်၏ တပ်မအားလုံးနှင့် အသင်၏ အင်အားအလုံးအရင်း တို့ဖြင့် ၎င်းတို့အပေါ် ချီတက်၍ သိမ်းသွင်းဖျက်ဆီးပါလျှင်လည်း ၎င်းတို့အား အသင်သည် လွှမ်းမိုးနိုင်မည်မဟုတ်ပေ။ ကျန်ရှိလူတို့သည် အသင်၏ လွှမ်းမိုးမှုအောက်သို့ ရောက်ရှိသွားပြီး အသင်၏ နောက်လိုက်များဖြစ်သွားပါက အသင်တို့အားလုံးသည် 'ဂျဟန္နမ်'၏ 'အဇားဗ်' အပြစ်ဒဏ်တွင် ဖမ်းဆီးခြင်းခံရပေမည်။

ဤနေရာတွင်

اَجۡلِبۡ عَلَيۡهِمۡ بِخَيۡلِكَ وَرَجِلِكَ

ရှိုက်သွာန်၏ စစ်တပ်များတွင် မြင်းစီးစစ်သည်များ၊ ခြေလျင်စစ်သည်များအကြောင်း တင်ပြထားသည်။ သို့ဖြစ်ရာ ဤသည်ကို ရှိုက်သွာန်၏ စစ်တပ်တွင် အမှန်တကယ်ပင် မြင်းစီးတပ်နှင့် ခြေလျင်တပ်များ ရှိသည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ဤဝေါဟာရ အသုံးအနှုန်းများသည် စစ်တပ်အလုံးအရင်းနှင့် အင်အားအပြည့်အစုံ အသုံးပြုခြင်းကို ဆိုလိုခြင်းဖြစ်သည်။ အကယ်၍ ရှိုက်သွာန်တွင် အမှန်တကယ်ပင် မြင်းစီးတပ်

နှင့် ခြေလျင်တပ်များ ရှိသည်ဟုဆိုလျှင်လည်း ငြင်းဆိုနိုင်စရာ အကြောင်းမရှိချေ။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ က မိန့်ဆိုသည်မှာ 'ကုဖွရ်နှင့် အပြစ်ဒုစရိုက်များ ကျူးလွန်ခြင်းကို ကူညီပေးရန် သွားသည့် မြင်းစီးတပ်နှင့် ခြေလျင်တပ်ဟူသမျှသည် ရှိုက်သွာန်၏ စစ်သည်တော်များသာ ဖြစ်ကြသည်။ ရှိုက်သွာန်သည် အာဒမ် ؑ ၏ သား၊ မြေးများအား ဖြားယောင်း သိမ်းသွင်း၍ ဖျက်ဆီးနိုင်စွမ်း ရရှိလိမ့်မည်ဟု မည်သို့ သိရှိပါသနည်း'ဟု ဖြစ်သည်။ သို့ဖြစ်ပေရာ ရှိုက်သွာန်၏ ဤကြွေးကြော်မှုသည် လူသားတစ်ဦးဦးအား ကြည့်လိုက်ပြီး ထိုလူသားအတွင်း အလိုရမ္မက်များ မည်မျှရှိသည်ကို သိရှိနိုင်ခြင်း ဖြစ်ပေမည်။ ထို့ကြောင့် လှည့်စားဖြားယောင်းမှု၌ အခက်အခဲမရှိခြင်း ဖြစ်သည်။ တစ်ဖန် ဤကြွေးကြော်မှုသည်လည်း လိမ်လည်ခြင်းသာ ဖြစ်ကြောင်းမှာ ဒွိဟဖြစ်စရာပင် မရှိပေ။

وَشَارِكْهُمْ فِي الْأَمْوَالِ وَالْأَوْلَادِ

လူတို့၏ ဥစ္စာပစ္စည်းများနှင့် သားသမီးများတွင် ရှိုက်သွာန်၏ အစုစပ်၊ ရှယ်ယာပါဝင်ခြင်း၏ အလိုသဘောအား ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ က မိန့်ဆိုသည်မှာ 'မပိုင်သော နည်းလမ်းဖြင့် ရှာဖွေထားသည့် ဥစ္စာပစ္စည်းများ (သို့) 'ဟရာမ်'လုပ်ရပ်များ၌ အသုံးစွဲခြင်းများသည် ထိုပစ္စည်းဥစ္စာများ၌ ရှိုက်သွာန်၏ အစုစပ် ရှယ်ယာပါဝင်ခြင်းပင် ဖြစ်သည်။ သားသမီးများ၌ ရှိုက်သွာန်၏ အစုစပ် ရှယ်ယာပါဝင်ခြင်း ဆိုသည်မှာ 'ဟရာမ်'နည်းဖြင့် မွေးဖွားလာသည့် သားသမီးကိုလည်း ဆိုလိုသည်။ မုရှ်ရစ်က်အမည်ထားသည့် သားသမီများ (သို့) သားသမီးများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မုရှ်ရစ်က်တို့၏ ဓလေ့ထုံးစံများကို ပြုကျင့်ခြင်း (သို့) ၎င်းတို့အား ကျွေးမွေးပြုစုရန် 'ဟရာမ်'နည်းဖြင့် ဝင်ငွေရှာဖွေခြင်းတို့ ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

رَبُّكُمُ الَّذِي يُزْجِي لَكُمُ الْفُلْكَ فِي الْبَحْرِ لِتَبْتَغُوا مِن فَضْلِهِ ۚ
إِنَّهُ كَانَ بِكُمْ رَحِيمًا ﴿٦٦﴾

၁၇ : ၆၆ ॥ ॥ အကြင်အသျှင်မြတ်သည်သာလျှင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသင်တို့၏ (စစ်မှန်သော) အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်၏ ကျေးဇူးတော် (ရိဇ္ဇ်က) ကို ရှာဖွေနိုင်ကြရန်အလို့ငှာ၊ သမုဒ္ဒရာပင်လယ်၌ ရွက်သင်္ဘောများကို လှုပ်ရှားသွားလာစေတော်မူ၏။ စေန်စင်စစ် ထိုအသျှင်မြတ်သည် အသင်တို့အပေါ်ဝယ် အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَإِذَا مَسَّكُمُ الضُّرُّ فِي الْبَحْرِ ضَلَّ مَن تَدْعُونَ
إِلَّا إِيَّاهُ ۖ فَلَمَّا نَجَّاكُمْ إِلَى الْبَرِّ أَعْرَضْتُمْ ۚ وَكَانَ الْإِنسَانُ كَفُورًا ﴿٦٧﴾

၁၇ : ၆၇ ॥ ॥ စင်စစ် အသင်တို့၌ ပင်လယ်သမုဒ္ဒရာတွင် ဘေးဒုက္ခ သက်ရောက်စေခဲ့သော် (အသင်တို့သည်) ထိုအသျှင်မြတ်မှတစ်ပါး အသင်တို့ ဟစ်ခေါ် (ကိုးကွယ်) တမ်းတလေ့ရှိကြသူတို့သည် ပျောက်ကွယ်သွားကြလေသည်။ တစ်ဖန် ထိုအသျှင်

မြတ်သည် အသင်တို့အား ကုန်းပေါ်သို့ (ကယ်တင်) လွတ်မြောက်စေတော်မူခဲ့သောအခါ အသင်တို့သည် မျက်နှာလွှဲသွားခဲ့ကြပြန်၏။ စင်စစ် လူသားသည် အလွန်တရာ ကျေးဇူးကန်းသူပင် ဖြစ်ချေသည်။

أَفَأَمِنتُمْ أَن يَخْسِفَ بِكُمْ جَانِبَ الْبَرِّ أَوْ يُرْسِلَ
عَلَيْكُمْ حَاصِبًا ثُمَّ لَا تَجِدُوا لَكُمْ وَكِيلًا ﴿٦٨﴾

၁၇ : ၆၈ ။ ။ ထိုအသျှင်မြတ်သည် အသင်တို့အား ကုန်းပေါ်၌ (ရောက်စေပြီးနောက်) မြေမျိုစေတော်မူမည်ကိုသော်လည်းကောင်း၊ အသင်တို့အပေါ်သို့ သဲမုန်တိုင်း စေလွှတ်တော်မူမည်ကိုသော်လည်းကောင်း၊ အသင်တို့သည် စိုးရိမ်ခြင်းမရှိဘဲ စိတ်ချ၍ နေကြလေသလော။ ထို (သို့ ပြုတော်မူခဲ့သည့်) အခါတွင်မူ အသင်တို့သည် မိမိတို့အဖို့ ကာကွယ်စောင့်ရှောက်မည့်သူ တစ်ဦးတစ်ယောက်ကိုမျှပင် (ရှာဖွေ) တွေ့ရှိကြမည်မဟုတ်ပေ။ အသင်တို့သည် (ဤပြစ်ဒဏ်များမှ) စိုးရိမ်ခြင်းကင်း၍ နေကြလေသလော။

أَمْ أَمِنتُمْ أَن
يُعِيدَكُمْ فِيهِ تَارَةً أُخْرَىٰ فَيُرْسِلَ عَلَيْكُمْ قَاصِفًا مِّنَ
الرِّيحِ فَيُغْرِقَكُم بِمَا كَفَرْتُمْ ثُمَّ لَا تَجِدُوا لَكُمْ عَلَيْنَا بِهِ تَبِيعًا ﴿٦٩﴾

၁၇ : ၆၉ ။ ။ သို့တည်းမဟုတ် ထိုအသျှင်မြတ်သည် အသင်တို့အား ယင်းပင်လယ်သမုဒ္ဒရာထဲသို့ နောက်ထပ်တစ်ကြိမ်ထပ်မံ၍ (ပြန်လည်) ရောက်စေတော်မူပြီးလျှင် အသင်တို့၏ သွေဖည်ငြင်းပယ် (ကျေးဇူးကန်း) မှုကြောင့် အသင်တို့အပေါ်၌ လေပြင်းမုန်တိုင်း စေလွှတ်တော်မူခြင်းအားဖြင့် အသင်တို့အား နစ်မြုပ်စေတော်မူမည်ကို စိုးရိမ်ခြင်းမရှိဘဲ စိတ်ချ၍ နေကြလေသလော။ ထိုအခါ အသင်တို့သည် မိမိတို့အဖို့ ငါအသျှင်မြတ်နှင့် ဆန့်ကျင်၍ ကူညီစောင်မမည့်သူ တစ်ဦးတစ်ယောက်ကိုမျှပင် (ရှာဖွေ) တွေ့ရှိကြလိမ့်မည် မဟုတ်ပေ။

وَلَقَدْ كَرَّمْنَا بَنِي آدَمَ وَحَمَلْنَاهُمْ فِي الْبَرِّ وَالْبَحْرِ وَرَزَقْنَاهُم مِّنَ
الطَّيِّبَاتِ وَفَضَّلْنَاهُمْ عَلَىٰ كَثِيرٍ مِّمَّنْ خَلَقْنَا تَفْضِيلًا ﴿٧٠﴾

၁၇ : ၇၀ ။ ။ ဧကန်မလွဲ ငါအသျှင်မြတ်သည် အာဒမ်၏ သားသမီးများကို ဂုဏ်အင် ထူးကဲမြင့်မြတ်စေတော်မူခဲ့လေသည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား ကုန်းမြေပေါ်၌ (ကုလားအုတ်၊ မြင်း၊ ကုန်းယာဉ်၊ လေယာဉ်၊ အစရှိသော အစီးအနင်းတို့ကို) လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာ၌ (သင်္ဘော၊ လှေ၊ သမ္ဗာန် အစရှိသော ယာဉ်တို့ကို) စီးနင်း (ချီးမြှင့်) စေတော်မူခဲ့သည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား (စားသုံးရန်) စင်ကြယ်ကောင်းမွန်သော အရာများကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ တစ်ဖန် ငါအသျှင်မြတ်သည် ၎င်းတို့အား ငါအသျှင်မြတ် ဖန်ဆင်းထားတော်မူသော အရာများအနက် များစွာ (သော သက်ရှိသက်မဲ့) တို့ထက် ထွတ်မြတ်စေတော်မူခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

တင်ပြပြီးခဲ့သော အာယသ်တော်များတွင် 'သောင်ဟီးဒ်'၏ အမှန်တရားဖြစ်ကြောင်းနှင့် ကုဖွရ်၏ မှားယွင်းကြောင်းများ လာရှိထားသည်။ ဖော်ပြပါအာယသ်တော်များတွင် ဤအကြောင်းကိုပင် အထူးတလည် ဖော်ပြထားပေသည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ လူသားများအပေါ် အချိန်တိုင်း၌ ချီးမြှင့်ပေးသနား တော်မူထားသည့် ကြီးမားလှသော 'နေအ်မသ်'ကျေးဇူးတော်များကို တင်ပြလျက် ထိုကျေးဇူးတော်များအား ချီးမြှင့်သူမှာ မှန်ကန်မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူမျှ မဖြစ်နိုင်ကြောင်းနှင့် ထိုကျေးဇူးတော်များအားလုံးကို ထိုအသျှင်မြတ်ကပင် ချီးမြှင့်တော်မူသည်ဖြစ်ရာ ထိုအသျှင်မြတ်အား အခြား သောသူ၊ အခြားအရာတစ်စုံတစ်ခုနှင့် တုဖက်နိုင်းယှဉ် ကိုးကွယ်ခြင်းသည် လွန်စွာ ကြီးမားသည့် လမ်းမှား မှုဖြစ်ကြောင်း ပြဆိုရန်ဖြစ်သည်။ အသျှင်မြတ်က မိန့်ကြားတော်မူသည်မှာ အသင်တို့အား ဖန်ဆင်းမွေးမြူ တော်မူသော အသျှင်မြတ်သည် အသင်တို့ (၏ အကျိုးအတွက်) သင်္ဘောများကို သမုဒ္ဒရာပင်လယ်ပြင်၌ လှုပ်ရှားသွားလာစေတော်မူသော (ကျေးဇူးတော်) အသျှင်မြတ် ဖြစ်တော်မူသည်။ သို့မှသာ အသင်တို့သည် ထိုလှေ၊ သင်္ဘောများဖြင့် ထိုအသျှင်မြတ်၏ ကျေးဇူးတော် ရိဇ္ဇီရိက္ခာများကို ရှာဖွေနိုင်ကြမည် ဖြစ်သည်။

(ဤနေရာတွင် ပင်လယ်ခရီးသည် ကုန်ကူးသန်းရောင်းဝယ်ခြင်းအတွက် များသောအားဖြင့် အကျိုး အမြတ်များပြားစွာ ရရှိနိုင်ခြင်းဖြစ်ကြောင်း ညွှန်းဆိုထားသည်။) မုချကေန် ထိုအသျှင်မြတ်သည် အသင် တို့၏ အခြေအနေအပေါ် အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ အသင်တို့ သည် သမုဒ္ဒရာပင်လယ်၌ ဒုက္ခတစ်စုံတစ်ရာ တွေ့ကြုံရသောအခါ (ဥပမာ– ပင်လယ်ရေလှိုင်းထန်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်းတို့ကြောင့် နစ်မြုပ်ရန် စိုးရိမ်ရသောအခါ) အလ္လာဟ်အသျှင်မြတ်မှအပ အသင် တို့ ကိုးကွယ်ရာဟူသရွေ့တို့သည် ပျောက်ကွယ်သွားကြကုန်၏။ (အသင်တို့ကိုယ်တိုင်ပင် ထိုအချိန်၌ ၄င်းတို့ အား သတိမရကြတော့ပေ။ ၄င်းတို့အား ခေါ်ဝေါ်တသခြင်း၊ အကူအညီတောင်းခံခြင်းလည်း မရှိကြတော့ပေ။ အကယ်၍ ခေါ်ဝေါ်တသ အကူအညီတောင်းခံခြင်း ပြုပါကလည်း ၄င်းတို့ထံမှ အကူအညီကို ရွေးစေ့ တစ်စေ့မျှပင် မည်သူမျှ ရနိုင်ရန်မရှိပေ။ ဤသည် အသင်တို့ကိုယ်တိုင်၏ ပြုမူချက်အားဖြင့်ပင် အသင်တို့ ဘက်မှ 'သောင်ဟီးဒ်'ကို လက်ခံခြင်းနှင့် ရှရစ်ကသည် မှားယွင်းကြောင်း ဝန်ခံလိုက်ခြင်းသာဖြစ်ပေသည်) တစ်ဖန် ထိုအသျှင်မြတ်သည် အသင်တို့အား ကုန်းပေါ်သို့ ရောက်ရှိ လွတ်မြောက်စေတော်မူသောအခါ အသင်တို့သည် ထိုအသျှင်မြတ်ထံမှ မျက်နှာ (အာရုံ) လွှဲဖယ်သွားကြပြန်သည်။ စင်စစ် လူသားသည် အလွန်တရာ ကျေးဇူးကန်းသူပင် ဖြစ်ပေသည်။ (ဤမျှ အလျင်အမြန် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူး တော်များနှင့် မိမိတို့၏ လူးလိုမှုခံစား အကူအညီတောင်းခံမှုများကို မေ့လျော့သွားကြသည်။ အသင်တို့သည် ကုန်းမြေပေါ်သို့ ရောက်ရှိပြီးသောအခါ အသင်တို့အား ဖေးမကူညီတော်မူသည့် အသျှင်မြတ်၏ ဘက်တော် မှ မျက်နှာ (အာရုံ) လွှဲဖယ်သွားကြသည်။)

ထိုအသျှင်မြတ်သည် အသင်တို့အား ကုန်းပေါ်၌ ကယ်တင် လွတ်မြောက်စေတော်မူခဲ့သည်။ အသင် တို့အား ကုန်းပေါ်၌ လွတ်မြောက်စေပြီးနောက် မြေမြိုစေခြင်း ပြုတော်မူမည်ကို အသင်တို့ စိုးရိမ်ပူပန်ခြင်း

မရှိဘဲ နေကြပါသလော။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် သမုဒ္ဒရာပင်လယ်နှင့် ကုန်းမြေတွင် မည်သို့မျှ ကွာခြားခြင်း မရှိပေ။ ထိုအသျှင်မြတ်သည် သမုဒ္ဒရာပင်လယ်၌ နစ်မြုပ်စေတော်မူသကဲ့သို့ ကုန်းမြေတွင်လည်း မြေမြို၍ နစ်မြုပ်စေနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။) သို့တည်းမဟုတ် အသင်တို့အပေါ်တွင် ကျောက်စရစ်ခဲ၊ ကျောက်တုံး ကျောက်ခဲများ မိုးရွာချခြင်း ပြုမည်ကို စိုးရိမ်ပူပန်ခြင်း မရှိပါသလော။ (အားဒ်အမျိုးသားများကို ဤအတိုင်းပင် လေမုန်တိုင်း တိုက်ခတ်စေခြင်းဖြင့် ဖျက်ဆီးတော်မူခဲ့ခြင်း ဖြစ်သည်။) ထိုအခါ အသင်တို့သည် မိမိတို့အဖို့ အလ္လာဟ်အသျှင်မြတ်မှအပ ကာကွယ်စောင့်ရှောက်သူ တစ်ဦးတစ်ယောက်မျှ (ရှာဖွေ) တွေ့ရှိကြမည်မဟုတ်ပေ။ သို့တည်းမဟုတ် ထိုအသျှင်မြတ်သည် အသင်တို့အား ယင်းသမုဒ္ဒရာပင်လယ်ထဲသို့ နောက်တစ်ကြိမ် ထပ်မံ၍ ရောက်ရှိစေတော်မူပြီး အသင်တို့၏ သွေဖည်ငြင်းပယ်မှုကြောင့် အသင်တို့အပေါ် လေမုန်တိုင်းတိုက်ခတ်စေပြီး အသင်တို့အား နစ်မြုပ်စေတော်မူမည်ကို စိုးရိမ်ပူပန်ခြင်း မရှိဘဲ နေကြလေသလော။ ထိုအခါ (ယင်းကိစ္စနှင့် စပ်လျဉ်း၍) ငါအသျှင်မြတ်အား တုန့်ပြန်လက်စားချေမည့်သူ တစ်ဦးတစ်ယောက်မျှပင် (ရှာဖွေ) တွေ့ရှိကြမည် မဟုတ်ပေ။ မုချကေန် ငါအသျှင်မြတ်သည် အာဒမ်၏ သားမြေးများကို (အထူးဂုဏ်ပုဒ်များ ချီးမြှင့်လျက်) ထူးကဲသော သိက္ခာကို ပေးတော်မူခဲ့သည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား ကုန်းပေါ်၌လည်းကောင်း၊ သမုဒ္ဒရာပင်လယ်၌လည်းကောင်း၊ (တိရစ္ဆာန်များနှင့် လှေသင်္ဘောတို့အပေါ်တွင်) စီးနင်းစေတော်မူခဲ့သည်။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းတို့အား သန့်ရှင်းကောင်းမွန်သည့် အစာများကို ချီးမြှင့်တော်မူခဲ့သည်။ တစ်ဖန် ငါအသျှင်မြတ်သည် ငါအသျှင်မြတ် ဖန်ဆင်းထားတော်မူသော အရာများအနက် ၎င်းတို့အား များစွာသော အဖန်ဆင်းခံတို့ထက် ထူးကဲမြင့်မြတ်မှုကို ချီးမြှင့်တော်မူခဲ့သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အာဒမ် عليه السلام ၏ သားမြေး (လူသား) တို့သည် များစွာသော အဖန်ဆင်းခံများထက် အဘယ်ကြောင့် ထူးမြတ်မှု ရရှိပါသနည်း။

နောက်ဆုံးအာယသ်တော်တွင် အာဒမ် عليه السلام ၏ သားမြေး (လူသား) များသည် အဖန်ဆင်းခံများစွာထက် ထူးကဲမြင့်မြတ်မှုများရှိကြောင်း လာရှိထားသည်။ ဤဖော်ပြပါအချက်၌ စဉ်းစားဖွယ်ရာအချက်နှစ်ချက် ရှိပေသည်။ ပထမအချက်မှာ ဤထူးကဲမြင့်မြတ်မှုသည် မည်သည့်ဂုဏ်ပုဒ်များ၊ မည်သည့်အကြောင်းတရားများအပေါ်၌ အခြေခံပါသနည်းဟု ဖြစ်ပြီး ဒုတိယအချက်မှာ များစွာသော အဖန်ဆင်းခံများအပေါ် ဤထူးကဲမြင့်မြတ်မှုကို ပေးထားသည်ဆိုသည့် သဘောမှာ မည်သို့ပါနည်းဟု ဖြစ်သည်။

ပထမအချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် အလ္လာဟ်အသျှင်မြတ်သည် လူသားများအား ပုံသဏ္ဌာန်၊ အဆင့်အမျိုးမျိုးဖြင့် အခြားသော အဖန်ဆင်းခံများ၌ မရှိသည်များကို ချီးမြှင့်ပေးသနားတော်မူထားသည်။ ဥပမာ- ရုပ်ရည်ချောမောလှပခြင်း၊ ခန္ဓာကိုယ် အလယ်အလတ်ဖြစ်ရှိခြင်း၊ မယုတ်မလွန်

အကျင့်စရိုက်ဖြစ်ရှိခြင်းသည် လူသားများ၌သာရှိပြီး အခြားသော သက်ရှိသတ္တဝါများ၌ မရှိသည့် အလယ် အလတ် အရပ်အမောင်းရှိခြင်းများအပြင် ဦးနှောက်အသိဉာဏ်တွင်လည်း လူသားအား အထူးအဆင့်အတန်း အဖြစ် ချီးမြှင့်ထားတော်မူသည်။ လူသားသည် ထိုဦးနှောက်အသိဉာဏ်ဖြင့် မိုးနှင့်မြေ စကြဝဠာအားလုံး ကို မိမိ၏ အကျိုးအတွက် အသုံးချလေသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုလူသားကို မိမိတို့၏ နေရေး၊ ထိုင်ရေး၊ သွားလာလှုပ်ရှားမှု၊ စားဖွယ်၊ ဝတ်ဖွယ်ရာများ အသျှင်မြတ်၏ အဖန်ဆင်းခံ အရာဝတ္ထု (သက်ရှိ၊ သက်မဲ့) တို့ဖြင့် ပြုလုပ်နိုင်စွမ်းကို ချီးမြှင့်ထားတော်မူသည်။

ပြောဆိုခြင်း၊ ပြောဆိုစေခြင်း၊ အသိတရား ရှိခြင်းနှင့် အသိတရား ရှိစေခြင်း၏ အရည်အချင်း များသည် အခြားသက်ရှိသတ္တဝါများ၌ မရှိသော အရည်အချင်းများ ဖြစ်သည်။ အရိပ်အကဲဖြင့် မိမိစိတ် အတွင်းမှ စကားကို အခြားသူများအား သိမြင်စေခြင်းသည်လည်းကောင်း၊ စာရေးသားခြင်းအားဖြင့် စိတ် အတွင်းမှ စကားများကို အခြားသူများထံ ပို့ဆောင် သိရှိစေခြင်းအားလုံးသည် လူသားများ၌သာ ရှိသော ထူးခြားသည့် အရည်အချင်းများဖြစ်သည်။ အချို့ပညာရှင်များက မိန့်ဆိုသည်မှာ လက်၏ လက်ချောင်း ကလေးများဖြင့် စားသောက်ခြင်းသည် လူသားများ၏ ထူးခြားသော ဂုဏ်ရည်များပင် ဖြစ်သည်။ လူသား မှအပ ကျန်သက်ရှိသတ္တဝါတို့သည် မိမိတို့၏ ပါးစပ်ဖြင့်သာ စားလေ့ရှိကြသည်။ မိမိတို့၏ စားသောက်ဖွယ် ရာများကို အရာများစွာဖြင့် ရောနှောပေါင်းစပ်၍ အရသာနှင့် အကျိုးရှိသော စားသောက်ဖွယ်ရာများအဖြစ် ပြုလုပ်ခြင်းသည်လည်း လူသားပင် ပြုလုပ်နိုင်စွမ်း ရှိပေသည်။ ကျန်သတ္တဝါအားလုံးတို့သည်ကား တစ်မျိုး တည်းအရာကိုသာ စားသုံးကြရသည်။ အချို့မှာ အသားစိမ်းကိုသာ စားကြသည်။ အချို့မှာ မြက်၊ အချို့မှာ သစ်သီး၊ သစ်ဉ စသည်များကို စားသုံးကြသည်။ မည်သို့ပင်ဆိုစေ လူသားမှအပ သက်ရှိသတ္တဝါအားလုံး တို့မှာ တစ်မျိုးတည်းသော အစာကိုသာ စားသုံးကြသည်။ လူသားများသည်သာ မိမိတို့၏ စားသောက်ဖွယ် ရာများကို အရာများစွာ ရောနှောပေါင်းစပ်၍ စားသုံးတတ်ကြသည်။ ထိုလူသားသည်သာ အဖန်ဆင်းခံ အားလုံးထက် အသိဉာဏ်အရာတွင် ထူးကဲမှု ရရှိလေသည်။ ထိုအသိတရားအားဖြင့် လူသားသည် မိမိ၏ ဖန်ဆင်းရှင်နှင့် စိုးပိုင်တော်မူသော အသျှင်မြတ်ကို သိရှိနိုင်သည်။ ထို့နောက် ထိုအသျှင်မြတ်၏ နှစ်သက်မှု၊ မနှစ်သက်မှုတို့ကို သိရှိလျက် နှစ်သက်မှုတို့အပေါ် လိုက်နာကျင့်သုံးခြင်းနှင့် မနှစ်သက်မှုများမှ ရှောင်ကြဉ် ခြင်း ပြုနိုင်သည်။

အသိဉာဏ်အားဖြင့် အဖန်ဆင်းခံများအား ခွဲခြမ်းစိတ်ဖြာကြည့်ရှုပါလျှင် တိရစ္ဆာန်များတွင် ရာဂ နှင့် ရမ္မက်များရှိပြီး ဦးနှောက်အသိဉာဏ် မရှိကြပေ။ ဖရစ်ရှ်သာဟ်များတွင် အသိတရားရှိကြပြီး ရာဂနှင့် ရမ္မက်များ မရှိကြပေ။ လူသားများတွင် ဤအချက်နှစ်ချက်စလုံး ဒွန်တွဲလျက်ရှိသည်။ ဦးနှောက်အသိဉာဏ် လည်း ရှိသည်။ ရာဂနှင့် ရမ္မက်လည်း ရှိသည်။ ထို့ကြောင့် ထိုလူသားသည် ရာဂနှင့် ရမ္မက်ကို အသိဉာဏ် အားဖြင့် အနိုင်ယူကြသည်။ အလ္လာဟ်အသျှင်မြတ် မနှစ်သက်သည့် အရာများမှ မိမိတို့ကိုယ်ကို ရှောင်ကြဉ် နိုင်ကြသည်။ သို့ဖြစ်ပေရာ ထိုလူသား၏ အဆင့်အတန်းသည် များစွာသော ဖရစ်ရှ်သာဟ်များထက်ပင် ကျော်လွန်မြင့်မားသွားလေသည်။

ဒုတိယအချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် လူသားအား အဖန်ဆင်းခံများစွာထက် ထူးကဲမြင့်မြတ်မှုကို ချီးမြှင့်ရခြင်းသဘောမှာ မည်သို့ပါနည်းဟု ဆိုရာ၌ မိုးနှင့် မြေ၌ ရှိရှိသမျှသော အဖန်ဆင်းခံအားလုံးထက် လူသားသည် ပို၍ ထူးကဲမြင့်မြတ်မှုရှိကြောင်း မည်သူမျှ ငြင်းဆို၍ မရနိုင်ပေ။ အလားတူ 'ဂျင်န်'သတ္တဝါများသည်လည်း အသိဉာဏ်အရာတွင် လူသားများကဲ့သို့ ဖြစ်သည်။ ၎င်းတို့ထက်လည်း လူသားသည် သာပို၍ ထူးကဲမြင့်မြတ်ကြောင်း အားလုံးက လက်ခံပြီးဖြစ်သည်။ ယခု ဖရစ်ရှ်သာဟ်နှင့် လူသားတွင် မည်သူက ထူးကဲမြင့်မြတ်ကြောင်း ကျန်ရှိနေသည်။ ဤအချက်တွင် လေ့လာသုံးသပ်ချက်များအရ လူသားများတွင် 'ဝလီယွလ္လာဟ်'အလ္လာဟ်အသျှင်မြတ်၏ အချစ်တော် သူတော်စင်များသည် သာမန်ဖရစ်ရှ်သာဟ်အားလုံးတို့ထက် ပို၍ ထူးကဲမြင့်မြတ်မှု ရှိသည်။ သို့ရာတွင် အထူးဖရစ်ရှ်သာဟ်များဖြစ်သော ဂျိဗ်ရာအီးလ် عليه السلام စသော ဖရစ်ရှ်သာဟ်များသည် ထိုသူတော်စင်များထက် ပို၍ မြင့်မြတ်မှုရှိကြသည်။ အထူးမုအ်မင်န်များဖြစ်သော နဗီတမန်တော်များသည် ထိုအထူးဖရစ်ရှ်သာဟ်ကြီးများထက် ပို၍ မြင့်မြတ်မှုရှိကြသည်။ ယခု ကျန်ရှိသည်မှာ ကာဖိရ်များပင် ဖြစ်သည်။ ၎င်းတို့သည်ကား ဖရစ်ရှ်သာဟ်များထက် ထူးကဲမြင့်မြတ်ရန်ပင်မဆိုထားနှင့်၊ အဓိကအောင်မြင်မှု၏ ရည်ရွယ်ချက်အရ တိရစ္ဆာန်များထက်ပင် မြတ်သူများ မဟုတ်ကြပေ။ ၎င်းတို့နှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မှ ဆုံးဖြတ်ထားသည်မှာ-

اُولٰٓئِكَ كَالْاَنْعَامِ بَلْ هُمْ اَضَلُّ

ဆိုလိုသည်မှာ 'ဤသူ (ကာဖိရ်) များမှာမူ ခြေလေးချောင်းသတ္တဝါများကဲ့သို့ ဖြစ်ရုံသာမက ထိုသတ္တဝါများထက်ပင် ပို၍ လမ်းမှားသူများ ဖြစ်ကြသည်'ဟု ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يَوْمَ نَدْعُوا كُلَّ أُنَاسٍ بِإِمَامِهِمْ ۖ فَمَنْ أُوتِيَ كِتَابَهُ بِيَمِينِهِ فَأُولَٰئِكَ
يَقْرَءُونَ كِتَابَهُمْ وَلَا يُظْلَمُونَ فَتِيلًا ﴿٧١﴾

၁၇ : ၇၁ ။ ။ အကြင်နေ့တွင် ငါအသျှင်မြတ်သည် လူသားအားလုံးတို့ကို ၎င်းတို့၏ ရှေ့ဆောင်တို့နှင့်တကွ (တစ်နည်း မှတ်တမ်းများနှင့်တကွ) ခေါ်ယူတော်မူမည်။ ထိုအခါ မိမိတို့၏ မှတ်တမ်းများကို မိမိတို့၏ လက်ျာလက်သို့ ပေးခြင်းခံကြရသော သူတို့မှာမူ မိမိတို့၏ မှတ်တမ်းများကို (ဝမ်းမြောက်ဝမ်းသာ) ဖတ်ကြကုန်မည်။ ၎င်းပြင် ထိုသူတို့သည် စိုးစဉ်းမျှပင် မတရားပြုလုပ်ခြင်းကို ခံကြရမည်မဟုတ်ပေ။

وَمَنْ كَانَ فِي هَٰذِهِ أَعْمَىٰ فَهُوَ فِي الْآخِرَةِ أَعْمَىٰ وَأَضَلُّ سَبِيلًا ﴿٧٢﴾

၁၇ : ၇၂ ။ ။ စင်စစ် မည်သူမဆို ဤပစ္စုပ္ပန် လောကီဘဝတွင် မျက်စိကန်းသူ ဖြစ်ခဲ့ပါလျှင် ထိုသူသည် နောင်တမလွန်ဘဝတွင်လည်း မျက်စိကန်းသူ ဖြစ်ရုံသာမက (မှန်ကန်သော တရား) လမ်းမှ ပို၍ ဝေးသူလည်း ဖြစ်ပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ထိုနေ့ကို သတိရကြရပေမည်။) အကြင်နေ့တွင် ငါအသျှင်မြတ်သည် လူသားအားလုံးကို ၎င်းတို့၏ ကောင်းမှု၊ မကောင်းမှု မှတ်တမ်းစာအုပ်နှင့်တကွ ('ဟရှရ်'ကွင်းပြင်တွင်) ခေါ်ယူတော်မူမည်။ (ထို့နောက် မှတ်တမ်းစာအုပ်ကို ပေးအပ်ခြင်းခံရမည်။ ထိုမှတ်တမ်းစာအုပ်အား အချို့ကို လက်ျာလက်၌လည်းကောင်း၊ အချို့ကို လက်ဝဲဘက်၌လည်းကောင်း ပေးအပ်ပေလိမ့်မည်။) မှတ်တမ်းစာအုပ်အား မိမိ၏ လက်ျာဘက်၌ ပေးအပ်ခြင်းခံရပါလျှင် (ဤသူသည် အီမာန်ရှင်ဖြစ်ပေမည်။) ဤသူများသည် မိမိတို့၏ မှတ်တမ်းစာအုပ်ကို (ပျော်ရွှင်စွာ) ဖတ်ကြပေမည်။ ၎င်းတို့သည် အနည်းငယ်မျှပင် နစ်နာဆုံးရှုံးအောင် ပြုလုပ်ခြင်း ခံရမည် မဟုတ်ပေ။ (ဆိုလိုသည်မှာ ၎င်းတို့၏ အီမာန်နှင့် 'အအ်မာလ်'ကျင့်စဉ်များအတွက် စဝါးဗ်အကျိုးကုသိုလ်သည် အပြည့်အဝ ရရှိပေမည်။ ပိုမိုများပြားစွာ ရရှိမည်ဖြစ်သည်။ အနည်းငယ်မျှပင် လျော့နည်းစေမည် မဟုတ်ပါ။ မည်မျှပင် သေးသိမ်သူဖြစ်စေ၊ (သို့) အပြစ်ဒုစရိုက်များ၏ အပြစ်ဒဏ်ကို ခံစားပြီးနောက် ထို 'အဇားဗ်'အပြစ်ဒဏ်မှ လွတ်မြောက်မှု ရရှိပေမည်။ ထို့နောက် အကြင်သူသည် ဒုနိယာလောကတွင် (အောင်မြင်လွတ်မြောက်မှုလမ်းကို မြင်တွေ့ခြင်းမှ) မျက်ကန်းဖြစ်နေခဲ့ပါလျှင် ထိုသူသည် 'အာခိရတ်'၌လည်း (လွတ်မြောက်အောင်မြင်ရာ စခန်းသို့ ရောက်ရှိရန်) မျက်ကန်းပင် ဖြစ်နေပေလိမ့်မည်။ ထို့နောက် (ဤမျှမက ထို 'အာခိရတ်'နောင်တမလွန်သည် ဒုနိယာလောကထက်ပင်) ပို၍ လမ်းပျောက်သူဖြစ်ပေလိမ့်မည်။ (အဘယ်ကြောင့် လောကတွင်မူ လမ်းပျောက်ခြင်း၊ လမ်းမှားခြင်းသည် ကုစားရန် ဖြစ်နိုင်ပေသည်။ ထိုတမလွန်၌ ဤသည်ကို ပြု၍ ရနိုင်မည်မဟုတ်ပေ။ ဤသည်မှာ မှတ်တမ်းစာအုပ်ကို လက်ဝဲဘက်လက်တွင် ပေးအပ်ခြင်း ခံရသူများပင် ဖြစ်ပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

يَوْمَ نَدْعُوْا كُلَّ اُنَاسٍ بِاِمَامِهِمْ

ဤအာယသ်တော်တွင် 'အိမာမ်' ဟူသည့် စာလုံးသည် كتاب 'ကိသာဗ်'ကျမ်းဂန်ဟူသော အဓိပ္ပာယ်ဖြစ်သည်။ 'စူရာဟ်ယာစီးန်'တွင်

وَكُلَّ شَيْءٍ اَحْصَيْنٰهُ فِيْٓ اِمَامٍ مُّبِيْنٍ

ဤနေရာတွင် 'အိမာမိမုဗီးန်'၏ အလိုသဘောမှာ 'ထင်ရှားသော ကျမ်းဂန်'ဟု ဖြစ်သည်။ 'ကိသာဗ်'အား 'အိမာမ်'ဟု ခေါ်ဝေါ်ရခြင်းမှာ လူသည် မေ့လျော့သည့်အခါ၌လည်းကောင်း၊ ကွဲလွဲမှုဖြစ်ပေါ်သည့်အခါ၌လည်းကောင်း 'ကိသာဗ်'စာအုပ်ဘက်သို့ ဦးလှည့်ရသည်ဖြစ်သည်။ ရှေ့ဆောင်ဦးရွက်ပြုသူဘက်သို့ ဦးလှည့်ရခြင်းကဲ့သို့ ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

သိန်မိဇီကျမ်းတွင် ဟဇရသ်အဘူဟုရိုင်ရာဟ်သခင်၏ ဆင့်ပြန်ချက်အရ သိရှိရသည်မှာ امام အိမာမ် ၏ အဓိပ္ပာယ်သည် ဤအာယသ်တော်တွင် كتاب 'ကိသားဗ်' ဟုဖြစ်ကြောင်း သိရှိရပေသည်။ ဟဒီးစ်၏ စာသားမှာ အောက်ပါအတိုင်းဖြစ်သည်။

يَوْمَ نَدْعُوْا كُلَّ اُنَاسٍ بِاَمَامِهِمْ قَالَ يُدْعٰى اَحَدُهُمْ
فَيُعْطٰى كِتَا بُهٗ بِيَمِيْنِهٖ

အထက်ပါအာယသ်တော်၏ يوم ندعواكل اناس بامامهم ၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် တမန်တော်မြတ်ကိုယ်တော်တိုင်က မိန့်ကြားသည်မှာ လူတစ်ဦးသည် ခေါ်ယူတော်မူခြင်း ခံရပေမည်။ ထို့နောက် ထိုသူ၏ မှတ်တမ်းစာအုပ်ကို ၎င်း၏ လက်ျာလက်၌ ပေးအပ်ခြင်း ခံရပေမည်။

ဤဟဒီးစ်တော်အားဖြင့် امام 'အိမာမ်' ၏ အဓိပ္ပာယ်မှာ كتاب 'ကိသားဗ်' ဖြစ်ပြီး 'ကိသားဗ်' ၏ အလိုသဘောမှာ 'မှတ်တမ်းစာအုပ်' ဖြစ်ကြောင်းလည်း သိရှိရပေသည်။ ထို့ကြောင့် 'ဗယာနူလ်ကုရ်အာန်' ကျမ်း၏ ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ၎င်း၏ အဓိပ္ပာယ်ကို 'မှတ်တမ်းစာအုပ်' ဟုပင် တင်ပြထားပေသည်။

ဟဇရသ်အလီ ﷽ သခင်နှင့် မုဂျာဟိဒ် စသော အဖွင့်ပညာရှင်များက ဤနေရာတွင် امام ၏ အဓိပ္ပာယ်မှာ ရှေ့ဆောင်ဦးရွက်ပြုသူ၊ ခေါင်းဆောင်ဟူ၍လည်း ဖွင့်ဆိုကြသည်။ ဆိုလိုသည်မှာ 'လူတိုင်း လူတိုင်းသည် မိမိတို့၏ ရှေ့ဆောင်ဦးရွက်ပြုသူ၊ ခေါင်းဆောင်များ၏ အမည်ဖြင့် ခေါ်ယူခြင်းခံရပေမည်' ဟု ဖြစ်သည်။ ထိုခေါင်းဆောင်သည် နဗီတမန်တော်ဖြစ်စေ၊ နဗီတမန်တော်၏ အရိုက်အရာဆက်ခံသူဖြစ်စေ၊ (သို့) လမ်းမှားခြင်းနှင့် မကောင်းမှုဘက်သို့ ဖိတ်ခေါ်သူဖြစ်စေ အတူတူပင်ဖြစ်သည်။ */ ကုရ်သုဗီကျမ်း /*

ဤအဓိပ္ပာယ်အားဖြင့် အာယသ်တော်၏ အလိုသဘောမှာ 'ဟရှရ်' ကွင်းပြင်တွင် လူတိုင်းသည် မိမိတို့၏ ခေါင်းဆောင်များ၏ အမည်ဖြင့် ခေါ်ယူခြင်း ခံရပေမည်။ ထို့နောက် အားလုံးကို တစ်နေရာတည်း၌ စုရုံးစေလိမ့်မည်။ ဥပမာ- ဟဇရသ်အိဗ်ရာဟီမ် ﷺ ၏ နောက်လိုက်များ၊ ဟဇရသ်မူစာ ﷺ ၏ နောက်လိုက်များ၊ ဟဇရသ်အီစာ ﷺ ၏ နောက်လိုက်များ၊ ဟဇရသ်မိုဟမ္မဒ် ﷺ ၏ နောက်လိုက် အုမ္မသ်များဟု ခေါ်ယူတော်မူလိမ့်မည်။ တစ်ဖန် တစ်ဆက်တည်းမှာပင် ၎င်းတို့ပြီးလျှင် ခေါင်းဆောင်များနှင့် တိုက်ရိုက်ဆက်သွယ်မှုရှိသော နောက်လိုက်များအား ထိုခေါင်းဆောင်တို့၏ အမည်များဖြင့် ခေါ်ယူတော်မူခြင်းလည်း ဖြစ်နိုင်သည်။

မှတ်တမ်းစာအုပ်

ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော အာယသ်တော်တို့ဖြင့် 'လက်ဝဲလက်တွင် မှတ်တမ်းစာအုပ်အား ကာဖိရ်များကိုသာ ပေးခံရကြောင်းကို

انه كان لا يؤمن بالله العظيم

ဟူသောအာယသ်တော်အရလည်းကောင်း၊ အခြားအာယသ်တော်တစ်ပိုဒ်ဖြစ်သည့်

اِنّه ظنّ اَن لّن يّحور

ဟူသော အာယသ်တော်အရလည်းကောင်း သိရှိရသည်။ ပထမအာယသ်တော်တွင် ပေါ်လွင်ထင်ရှားစွာသော အီမာန်မရှိကြောင်း ပြဆိုထားသည်။ ဒုတိယအာယသ်တော်တွင် 'အာခေရသ်' ကို ငြင်းဆိုကြောင်း ပြဆိုထားသည်။ ဤသည်မှာလည်း ကုဖွ်ရ်ပင်ဖြစ်သည်။ ဤအချက်ဖြင့် သိရှိရသည်မှာ အီမာန်ရှင်များအား လက်ျာလက်တွင် 'မှတ်တမ်းစာအုပ်' ပေးအပ်ခြင်း ခံရပေမည်။ ဤသို့ ပေးအပ်ရာတွင် မုအ်မင်န်သည် 'မွတ်သက္ကီ' (ပြစ်မှုရှောင်ကြဉ်သူ) ဖြစ်စေ၊ (သို့) အပြစ်ရှိသော မုအ်မင်န်ဖြစ်စေ၊ မိမိတို့၏ မှတ်တမ်းစာအုပ်ကို ပျော်ရွှင်စွာဖြင့် ဖတ်ပေလိမ့်မည်။ ထို့ပြင်မက အခြားသူများကိုလည်း ဖတ်ခိုင်းပေမည်။ ဤပျော်ရွှင်မှုသည် အီမာန်ရှိခြင်းကြောင့်လည်းကောင်း၊ ထာဝရ 'အဇာဗ်'အပြစ်ဒဏ်မှ လွတ်မြောက်ခြင်းကြောင့်လည်းကောင်း ဖြစ်ပေမည်။ အချို့သော ပြုမှုချက်များကြောင့် အပြစ်အစားပေးခံရခြင်းလည်း ဖြစ်ပေဦးမည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် မှတ်တမ်းစာအုပ်အား လက်ျာလက်၌လည်းကောင်း၊ လက်ဝဲလက်၌လည်းကောင်း ပေးအပ်သည့်ပုံစံများအကြောင်း ဖော်ပြထားခြင်း မရှိပါချေ။ သို့ရာတွင် အချို့သော ဟဒီးစ်တော်များတွင် تطاير الكتب ဟူသော စာလုံး လာရှိသည်။

အချို့ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ မှတ်တမ်းစာအုပ်အားလုံးတို့သည် 'အရ်ရှ်' ပလ္လင်တော်အောက်တွင် စုပုံလျက် ရှိနေပေမည်။ ထို့နောက် လေတိုက်ခတ်မှုတစ်ကြိမ်ဖြစ်ပေါ်ပြီး ထိုမှတ်တမ်းစာအုပ်အားလုံးသည် လူတို့၏ လက်တွင်းရောက်ရှိသွားပေလိမ့်မည်။ အချို့မှာမူ လက်ျာလက်တွင်ဖြစ်ပြီး အချို့မှာ လက်ဝဲလက်၌ ဖြစ်ပေမည်။ *[ဗယာနုလ်ကုရ်အာန်ကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِن كَادُوا لَيَفْتِنُونَكَ
عَنِ الَّذِي أَوْحَيْنَا إِلَيْكَ لِتَفْتَرِيَ عَلَيْنَا غَيْرَهُ ۖ وَإِذًا لَّاتَّخَذُوكَ خَلِيلًا ﴿٧٣﴾

၁၇ : ၇၃ ။ ။ စကေန်စင်စစ် ငါအသျှင်မြတ်၊ အသင့်ထံသို့ ပို့တော်မူခဲ့သော အမိန့်တော်မှအပ အခြားတစ်စုံတစ်ရာကို ငါအသျှင်မြတ်အပေါ်၌ အသင် လီဆယ်ပြောဆိုစေရန်အလို့ငှာ ၎င်းတို့သည် ယင်းအမိန့်တော်မှ အသင့်အား ချွတ်ချော်တိမ်းပါးစေရန် အစွမ်းကုန် ဆောင်ရွက်ခဲ့ကြကုန်၏။ ယင်းသို့ဖြစ်ခဲ့လျှင် ၎င်းတို့သည် အသင့်အား ရင်းနှီးသော အဆွေခင်ပွန်း ပြုလုပ်ခဲ့ကြမည် (မှာ) အမှန်ပင် (ဖြစ်၏။)

وَلَوْلَآ أَن ثَبَّتْنَٰكَ لَقَدْ كِدتَّ تَرْكَنُ إِلَيْهِمْ شَيْـًٔا قَلِيلًا ﴿٧٤﴾

၁၇ : ၇၄ ။ ။ ကေန်စင်စစ် အကယ်၍သာ ငါအသျှင်မြတ်သည် အသင့်အား တည်ကြည်ခိုင်မြဲစွာ ရပ်တည်စေတော် မမူခဲ့ပါလျှင် ကေန်မလွဲ အသင်သည် ၎င်းတို့ဘက်သို့ (အနည်းငယ်) ယိမ်းယိုင်အံ့ဆဲဆဲ ဖြစ်သွားခဲ့ပေမည်။

إِذًا لَّأَذَقْنَٰكَ ضِعْفَ ٱلْحَيَوٰةِ وَضِعْفَ ٱلْمَمَاتِ ثُمَّ لَا تَجِدُ لَكَ
عَلَيْنَا نَصِيرًا ﴿٧٥﴾

၁၇ : ၇၅ ။ ။ ထိုအခါ ငါအသျှင်မြတ်သည် အသင့်အား ဤအသက်ရှင်လျက်ရှိသော ပစ္စုပ္ပန်ဘဝ၏ (ပြစ်ဒဏ်) နှစ်ဆနှင့် သေဆုံးကွယ်လွန်ပြီး နောင်ဘဝတွင်လည်း (ပြစ်ဒဏ်) နှစ်ဆကို မုချမြည်းစမ်းစေတော်မူမည်။ ထို့နောက် အသင်သည် ငါအသျှင်မြတ်နှင့် ဆန့်ကျင်၍ မိမိအဖို့ ကူညီစောင်မမည့်သူ တစ်ဦးတစ်ယောက်ကိုမျှပင် တွေ့ရှိလိမ့်မည် မဟုတ်ပေ။

وَإِن كَادُوا۟ لَيَسْتَفِزُّونَكَ مِنَ ٱلْأَرْضِ لِيُخْرِجُوكَ
مِنْهَا ۖ وَإِذًا لَّا يَلْبَثُونَ خِلَٰفَكَ إِلَّا قَلِيلًا ﴿٧٦﴾

၁၇ : ၇၆ ။ ။ ကေန်စင်စစ် ၎င်းတို့သည် အသင့်အား ဤနိုင်ငံမှ နှင်ထုတ်ကြရန် ခြောက်လှန့်အံ့ဆဲဆဲ ဖြစ်ခဲ့ကြကုန်၏။ စင်စစ် ထိုအခါ ၎င်းတို့သည်လည်း အသင်၏နောက်တွင် အနည်းငယ်မျှ (အချိန်ကာလ) မှအပ (ကြာမြင့်စွာ) နေနိုင်ကြမည် မဟုတ်ပေ။

سُنَّةَ مَن قَدْ أَرْسَلْنَا قَبْلَكَ مِن رُّسُلِنَا ۖ وَلَا تَجِدُ لِسُنَّتِنَا تَحْوِيلًا ﴿٧٧﴾

၁၇ : ၇၇ ။ ။ ဤသည် ငါအသျှင်မြတ်သည် အသင်၏အလျင် စေလွှတ်တော်မူခဲ့သော ရစူလ်တမန်တော်များနှင့် ပတ်သက်သည့် (ငါအသျှင်မြတ်၏ စီရင်ဆုံးဖြတ်ထားတော်မူသော) စည်းကမ်းစနစ်ပင် ဖြစ်ချေသည်။ စင်စစ် အသင်သည် ငါအသျှင်မြတ်၏ စည်းကမ်းစနစ်တွင် မည်သည့်အပြောင်းအလဲကိုမျှ တွေ့ရှိရမည်မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ဤကာဖိရ်တို့သည် (မိမိတို့၏ အမျိုးသားရေး ကြံစည်မှုများဖြင့်) အသင့်အား ထိုအရာမှ လွှတ်ကင်းရန် (လွဲဖယ်ရန်) ကိုသာ ကြံစည်အာထုတ်နေကြသည်။ အကြင်အရာသည် ငါအသျှင်မြတ်က အသင့်အပေါ်တွင် 'ဝဟီ'အားဖြင့် ပို့ချတော်မူခဲ့သည်။ (ဆိုလိုသည်မှာ အသင်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များနှင့် ဆန့်ကျင်၍ ပြုကျင့်စေရန် ကြိုးပမ်းမှု၌ နစ်မွန်းကြကုန်၏။) သို့မှသာ အသင်သည် ထို (အသျှင်မြတ်၏ အမိန့်တော်) မှအပ ငါအသျှင်မြတ်ဘက်တော်သို့ (ပြုမူဆောင်ရွက်ချက်အားဖြင့်) လွဲမှားသော စကားများကို ပြောဆိုလိမ့်မည်။ (အဘယ်ကြောင့်ဆိုသော် နဗီ၏ လုပ်ရပ်သည် ရှရီအသ်

တရားတော်နှင့် ဆန့်ကျင်ခြင်း မဖြစ်ပေ။ ထို့ကြောင့် အကယ်၍ 'နအူးဇုဗိလ္လာဟ်' အသင့်ထံမှ ရှရီအသ်တရားတော်နှင့် ဆန့်ကျင်သည့် ပြုမူချက်တစ်စုံတစ်ရာ ဖြစ်ပေါ်သွားခဲ့ပါလျှင် ဤရှရီအသ်နှင့် ဆန့်ကျင်သည့် ပြုမူချက်ကို အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အမိန့်တော်အရ ဖြစ်သည်ဟု ပြောဆိုရန်ဖြစ်သည်။) ထို့ပြင် ၎င်းတို့သည် ဤအခြေအနေမျိုးဖြစ်ခဲ့လျှင် အသင့်အား ရင်းနှီးသော မိတ်ဆွေ ပြုကြပေလိမ့်မည်။ ထို့နောက် (၎င်းတို့၏ ဤဆိုးသွမ်းမှုသည် မည်မျှ ပြင်းထန်သည်ဟူမူ) အကယ်၍ ငါအသျှင်မြတ်သည် အသင့်အား တည်ကြည်နိုင်မြဲစွာ ရပ်တည်စေခြင်း မပြုခဲ့ပါလျှင် (ဆိုလိုသည်မှာ 'မအ်ဆွူးမ်' အပြစ်မဲ့သူ၊ အပြစ်ပြုတော် မမူခဲ့ပါလျှင်) အသင်သည် ၎င်းတို့ဘက်သို့ အနည်းငယ်မျှ ယိမ်းယိုင်ဖွယ်ရာ ရှိခဲ့သည်။ (ထို့ပြင်) အကယ်၍ ဤသို့ ဖြစ်သွားခဲ့လျှင် (အသင်သည် ၎င်းတို့၏ ပြောစကားများဘက်သို့ ယိမ်းယိုင်သွားခဲ့လျှင်) ငါအသျှင်မြတ်သည် အသင့်အား (အသျှင်မြတ်နှင့် နီးကပ်မှုဟူသော အဆင့်အတန်းသည် အလွန်တရာ မြင့်မားခြင်း ဖြစ်သည့်အတွက်) အသက်ရှင်လျက်ရှိသော ဘဝ၌လည်းကောင်း၊ သေဆုံးကွယ်လွန်ပြီးသည့် အခါ၌ လည်းကောင်း အပြစ်ဒဏ်နှစ်ပြန် မြည်းစားစေတော်မူမည်။ ထိုအခါ အသင်သည် ငါအသျှင်မြတ်နှင့် ရင်ဆိုင်ရန် အသင့်အဖို့ ကူညီစောင်မမည့်သူ တစ်ဦးတစ်ယောက်မျှပင် တွေ့ရှိလိမ့်မည်မဟုတ်ပေ။

(သို့ရာတွင် ငါအသျှင်မြတ်သည် အသင့်အား အပြစ်ကင်းစင်သူ၊ တည်ကြည်နိုင်မြဲစွာ ရပ်တည်နေနိုင်သူအဖြစ် ပြုပေးတော်မူခဲ့သည်။ ထို့ကြောင့် အသင်သည် ၎င်းတို့ဘက်သို့ အနည်းငယ်မျှ ယိမ်းယိုင်ခြင်း မဖြစ်ခဲ့ပေ။ ထို့ကြောင့် 'အဇားဗ်' အပြစ်ဒဏ်မှ လွတ်မြောက်သွားခဲ့ပေသည်။) ထို့နောက် ၎င်းတို့သည် အသင့်အား ဤနယ်မြေ (မက္ကာဟ် သို့မဟုတ် မဒီနာ) မှ အသင်၏ခြေများ ရပ်တည်မနေနိုင်အောင် ကြိုးပမ်းကြလိမ့်မည်။ သို့မှသာ အသင့်အား ဤနယ်မြေမှ နှင်ထုတ်ပေလိမ့်မည်။ အကယ်၍ ဤသို့ ဖြစ်ခဲ့ပါလျှင် အသင်၏ နောက်တွင် ၎င်းတို့သည်လည်း အလွန်နည်းပါးစွာ ဤနယ်မြေ၌ နေထိုင်ရန် ရရှိကြပေမည်။

ဤသည်မှာ ငါအသျှင်မြတ်သည် အသင်၏အလျှင် စေလွှတ်တော်မူခဲ့သည့် ရစူလ်တမန်တော်များနှင့် စပ်လျဉ်းသည့် ငါအသျှင်မြတ်၏ ဥပဒေပင်ဖြစ်သည်။ (၎င်းတို့၏ အမျိုးသားများက ၎င်းတို့အား မွေးရပ်မြေမှ နှင်ထုတ်လိုက်သည့်အခါ ထိုအမျိုးသားများသည်လည်း ဤဒေသတွင် နေထိုင်ရန် နဖူးစာ မရှိကြတော့ပေ။) ထို့နောက် အသင်သည် ငါအသျှင်မြတ်၏ ဥပဒေများတွင် ပြောင်းလဲမှု တစ်စုံတစ်ရာကို တွေ့ရှိရမည်မဟုတ်ပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဖော်ပြပါအာယသ်တော်များအနက် ပထမသုံးအာယသ်တော်မှာ အထူးဖြစ်ရပ်တစ်ခုနှင့် စပ်လျဉ်းနေသည်။ သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် ဤဖြစ်ရပ်အား အတည်ပြုသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ဆင့်ပြန်ချက်အချို့ တင်ပြထားပေသည်။ ယင်းတို့အနက် ကုရ်အာန်ကျမ်းတော်မြတ်၏ ညွှန်းဆိုချက်အရ အနီးစပ်ဆုံး

နှင့် အခိုင်မာဆုံးဖြစ်ရပ်မှာ ဟဇရသ်ဂျုဗိုင်ရ်ဗင်န် နဖိုးရ် ؓ သခင်၏ ဆင့်ပြန်ချက်ကို အိဗ်နေအဘီဟာသင်မ် သခင်က ထုတ်နုတ်တင်ပြခဲ့သည့် ဖြစ်ရပ်ပင် ဖြစ်ပေသည်။ ထိုဖြစ်ရပ်တွင် မက္ကာဟ်မြို့သား ကုရိုက်ရှ်တို့ အနက် ခေါင်းဆောင်အချို့သည် ကိုယ်တော်မြတ် ﷺ ထံတော်ပါး၌ အခစားဝင်ရောက်လျက် 'ကိုယ်တော်သည် အမှန်ပင် ကျွန်ုပ်တို့ထံသို့ စေလွှတ်ခြင်းခံရသူဖြစ်ပါလျှင် ကိုယ်တော်မြတ် ﷺ ၏ ထိုင်ဝိုင်းမှ ဤအခြေမဲ့ အနေမဲ့ သူဆင်းရဲများကို ဖယ်ရှားပစ်လိုက်ပါ။ ၎င်းတို့နှင့်အတူ ရောနှောနေထိုင်ရန်မှာ ကျွန်ုပ်တို့အဖို့ သိက္ခာကျပေသည်။ ဤသို့ ပြုလုပ်လိုက်ပါလျှင် ကျွန်ုပ်တို့သည်လည်း ကိုယ်တော်မြတ် ﷺ ၏ 'အဆ္ဟာဗ်' အဆွေတော်များ ဖြစ်သွားပါမည်ဟု ပြောဆိုလျှောက်ထားကြလေသည်။ ၎င်းတို့ လျှောက်ထားပြောကြားလာသည့် စကားများအပေါ် ကိုယ်တော်မြတ် ﷺ အဖို့ ၎င်းတို့၏ စကားအပေါ် ပြုလုပ်ဆောင်ရွက်ပေးလိုက်လျှင် ၎င်းတို့သည် မွတ်စ္လင်မ်ဖြစ်လာနိုင်ဖွယ် ရှိသည်'ဟူသော အတွေးပေါ်ပေါက်လာခဲ့သည်။ ထိုသို့ ဖြစ်ပျက်နေခြင်းအပေါ် ဤအာယသ်တော် ကျရောက်လာခဲ့သည်။

ဤအာယသ်တော်တွင် '၎င်းတို့၏ စကားသည် 'ဖိသ်နာဟ်'ဖြစ်သည်။ ၎င်းတို့၏ မိတ်ဆွေဖြစ်ခြင်းသည်လည်း 'ဖိသ်နာဟ်'ပင်ဖြစ်သည်။ အသင်သည် ၎င်းတို့၏ စကားကို ယုံကြည်ခြင်းမပြုလေနှင့်' ဟု အသိပေးခြင်း ခံခဲ့ရသည်။ ထို့နောက် ဆက်လက်၍ မိန့်ကြားသည်မှာ အကယ်၍ ငါအသျှင်မြတ်ဘက်တော်မှ အသင့်အား ပဲ့ပြင်ခြင်းနှင့် တည်ကြည်ခိုင်မြဲစွာ ရပ်တည်နေနိုင်မှုကိုသာ မပြုခဲ့ပါလျှင် ၎င်းတို့ဘက်သို့ အသင်၏ ယိမ်းယိုင်မှုသည် အနည်းငယ်မျှ နီးကပ်သွားမည်မှာ မုချပင် ဖြစ်သည်။

သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် ဤအာယသ်တော်အရ ကာဖိရ်တို့၏ အကျိုးမဲ့သည့် ဤစကားများဘက်သို့ ကိုယ်တော်မြတ် ﷺ ယိမ်းယိုင်သွားခြင်းဆိုသည်မှာ ဖြစ်နိုင်စရာ မရှိပါချေ။ သို့ရာတွင် ယိမ်းယိုင်လုဆဲဖြစ်သွားခြင်းသာ ဖြစ်မည်။ ဤသည်မှာလည်း အလွန်နည်းပါးသော အတိုင်းအတာမျှသာ ဖြစ်နိုင်သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် 'မအ်ဆွူးမ်'အပြစ်ကင်းစင်သူအဖြစ် ပြုတော်မူလျက် ထိုကာဖိရ်များ၏ စကားများအပေါ် ယိမ်းယိုင်သွားခြင်းမှလည်း ကယ်တင်တော်မူခဲ့သည့်အကြောင်း အထင်အရှား သိရှိရပေသည်။ သို့ရှိရာ ဤအာယသ်တော်သည် နဗီတမန်တော်တို့၏ မြင့်မြတ်သန့်ရှင်းလှသည့် အခြေအနေဖြင့် ဖန်ဆင်းခံရသည့် သဘာဝကို ဖော်ကျူးကြောင်း ထင်ရှားသည့် အထောက်အထား ဖြစ်သည်။

اِذًا لَّاَذَقْنٰكَ ضِعْفَ الْحَيٰوةِ وَضِعْفَ الْمَمَاتِ

ဆိုလိုသည်မှာ 'အသင်သည် ၎င်းတို့၏ လိုဆည်လုပ်ကြံမှုဘက်သို့ ယိမ်းယိုင်ရန် နီးကပ်သွားပါလျှင် အသင်၏ 'အဇားဗ်'အပြစ်ဒဏ်သည် ဒွန်နယာလောက၌လည်း နှစ်ဆဖြစ်၍ သေဆုံးပြီးနောက် 'ကဗရ်'၌ ဖြစ်စေ (သို့) 'အာခိရသ်' တမလွန်၌ဖြစ်စေ၊ 'အဇားဗ်'အပြစ်ဒဏ်နှစ်ဆ ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် အသျှင်မြတ်နှင့် နီးကပ်သူများ၏ မပြောပလောက်သော မှားယွင်းချွတ်ချော်မှုများသည်လည်း အလွန်ကြီးလေးသော အပြစ်သဖွယ် မှတ်ယူရပေသည်။ ဤအကြောင်းအရာမှာ နဗီတမန်တော်မြတ် ﷺ ၏

ကြင်ယာတော်များနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၌ လာရှိသည့် အမိန့်ကဲ့သို့ ဖြစ်သည်။ ယင်း အာယသ်တော်မှာ-

يٰنِسَآءَ النَّبِيِّ مَنْ يَّأْتِ مِنْكُنَّ بِفَاحِشَةٍ مُّبَيِّنَةٍ يُّضٰعَفْ لَهَا الْعَذَابُ ضِعْفَيْنِ

'အို, နဗီ၏ ကြင်ယာအပေါင်းတို့၊ အကယ်၍ အသင်မတို့အနက် တစ်စုံတစ်ဦးသည် ထင်ရှား ပေါ်လွင်သော ရှက်ဖွယ်လိလိ အမှုကိစ္စများ ကျူးလွန်သည်ရှိသော် သူမအား အပြစ်ဒဏ်နှစ်ဆပေးတော် မူမည်။'

وَاِنْ كَادُوْا لَيَسْتَفِزُّوْنَكَ

اِسْتِفْزَاز 'အိစ်သိဖ်ဇာဇ်'၏ တစ်လုံးချင်းအဓိပ္ပာယ်မှာ 'ဖြတ်တောက်ခြင်း'ဟု ဖြစ်သည်။ ဤနေရာ တွင် နဗီတမန်တော်မြတ် ﷺ အား မိမိနေထိုင်ရာ မက္ကာဟ်မြို့ (သို့) မဒီနာမှ နှင်ထုတ်ခြင်းကို ဆိုလိုသည်။ အာယသ်တော်၏ ဆိုလိုသည့် အဓိပ္ပာယ်မှာ 'ဤကာဖိရ်တို့သည် အသင့်အား မိမိ၏ နေထိုင်ရာမှ နှင်ထုတ်ရန် နီးကပ်ပြီး အကယ်၍ ထိုသူတို့က ဤသို့ ပြုလုပ်ပါလျှင် ထိုသို့ ပြုလုပ်ခြင်း၏ အစားပေး အပြစ်ဒဏ် အဖြစ် ၎င်းတို့သည်လည်း အသင်၏နောက်တွင် ဤမြို့၌ အချိန်ကြာမြင့်စွာ နေထိုင်ခွင့် ရလိမ့်မည်မဟုတ် ပေ' ဟု ဖြစ်သည်။

ဤသည် အခြားသော ဖြစ်ရပ်တစ်ခု၏ အကြောင်းဖြစ်သည်။ ထိုဖြစ်ရပ်၏ သတ်မှတ်မှု၌လည်း ဆင့်ပြန်ချက်နှစ်ရပ်လာရှိသည်။ ဖြစ်ရပ်တစ်ခုမှာ မဒီနာ၏ ဖြစ်ရပ်ဖြစ်သည်။ မဒီနာရှိ ယဟူဒီတို့သည် တစ်နေ့သောအခါ တမန်တော်မြတ် ﷺ ထံ လာရောက်၍ လျှောက်ထားသည်မှာ 'အို, အဗူလ်ကာစင်မ်၊ အကယ်၍ အသင်သည် မိမိ၏ နဗီဖြစ်ကြောင်း ကြွေးကြော်မှုတွင် မှန်ကန်ပါလျှင် အသင့်အနေဖြင့် ဆီးရီးယား နိုင်ငံ၌ သွားရောက်နေထိုင်ပါလေ။' အဘယ်ကြောင့်ဆိုသော် ဆီးရီးယားနိုင်ငံသည် 'ဟရှရ်'ကွင်းပြင်၏ နေရာဖြစ်သောကြောင့်ပင် ဖြစ်သည်။ ၎င်းတို့၏ ဤစကားသည် တမန်တော်မြတ် ﷺ အပေါ် အနည်းငယ်မျှ စူးရှသက်ဝင်သွားသည်။ 'သဗူးက်'စစ်ပွဲတွင် ဆီးရီးယားနိုင်ငံဘက်သို့ ခရီးထွက်သည့်အခါ ကိုယ်တော် မြတ် ﷺ သည် ဆီးရီးယားနိုင်ငံကို မိမိ၏ အခြေချရာနေရာအဖြစ် ပြုရန် ရည်ရွယ်တော်မူခဲ့သည်။ သို့သော် ဤအာယသ်တော် ကျရောက်လာခဲ့လေသည်။

وَاِنْ كَادُوْا لَيَسْتَفِزُّوْنَكَ

ဤအာယသ်တော်တွင် ကိုယ်တော်မြတ် ﷺ ၏ ထိုရည်ရွယ်ချက်ကို တားမြစ်တော်မူထားသည်။ သို့သော်လည်း အိဗ်နေကဆီးရ် (ရဟ) သည် ဤဆင့်ပြန်ချက်ကို စိတ်ချရန် မထိုက်သော ဆင့်ပြန်ချက်ဟု သတ်မှတ်ခဲ့သည်။

ထို့နောက် ဤအာယသ်တော်၏ အလိုသဘောမှာ အခြားဖြစ်ရပ်တစ်ခု ဖြစ်သည်ဟု ပြဆိုထားသည်။ ထိုဖြစ်ရပ်မှာ မက္ကာဟ်မြို့၌ ဖြစ်ခဲ့သည့် ဖြစ်ရပ်ဖြစ်သည်။ ဤစူရာဟ်သည် မက္ကီ၊ မက္ကာဟ်မြို့၌ ကျရောက်သည့် စူရာဟ်ဖြစ်ကြောင်း ထို့အတွက်ကြောင့် ခိုင်မာသော အထောက်အထားဖြစ်ခဲ့သည်။ ထိုဖြစ်ရပ်မှာ 'တစ်ခါက မက္ကာဟ်မြို့သား ကာဖိရ်တို့သည် တမန်တော်မြတ် ﷺ အား မက္ကာဟ်မြို့မှ နှင်ထုတ်ရန် ကြံရွယ်ခဲ့ကြသည်။ ထိုသို့ ကြံရွယ်ခြင်းအပေါ် အလ္လာဟ်အသျှင်မြတ်သည် ဤအာယသ်တော် ချပေးတော်မူခဲ့သည်။

وَاِنْ كَادُوْا لَيَسْتَفِزُّوْنَكَ

ဤအာယသ်တော်တွင် မက္ကာဟ်ရှိ ကာဖိရ်များအား သတိပေးနှိုးဆော်ချက်များ ပါရှိသည်မှာ အကယ်၍ ၎င်းတို့သည် တမန်တော်မြတ် ﷺ အား မက္ကာဟ်မှ နှင်ထုတ်လိုက်ကြပါလျှင် ၎င်းတို့ကိုယ်တိုင်လည်း မက္ကာဟ်၌ ကြာရှည်စွာ အေးချမ်းသာယာစွာဖြင့် နေနိုင်ကြမည်မဟုတ်ဟု ဖြစ်သည်။ အိဗ်နေကဆီးရ်က ဤဖြစ်ရပ်သည် အာယသ်တော်၏ အလိုသဘောဖြစ်ကြောင်းကို ဦးစားပေးအဖြစ် သတ်မှတ်ခဲ့သည်။ ထို့နောက် ကုရ်အာန်ကျမ်းမြတ်၏ ဤနှိုးဆော်ခြိမ်းခြောက်မှု၏ ရလဒ်ကိုလည်း မက္ကာဟ်မြို့သား ကာဖိရ်များသည် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရလေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည် မက္ကာဟ်မှ 'ဟိဂျ်ရသ်' ပြုပြောင်းရွှေ့သွားတော်မူသောအခါ မက္ကာဟ်မြို့သားတို့သည် တစ်နေ့မှပင် အေးချမ်းစွာ နေကြရသည် မရှိခဲ့ပေ။ တစ်နှစ်ခွဲကြာ နောက်ပိုင်းအတွင်းမှာပင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား 'ဗဒရ်' စစ်မြေပြင်၌ စုရုံးစေတော်မူခဲ့သည်။ ထိုစစ်ပွဲ၌ ၎င်းတို့၏ ခေါင်းဆောင် (၇၀) မှာ အသတ်ခံခဲ့ကြရလေသည်။ ၎င်းတို့၏ အင်အား ဆုတ်ယုတ်ကျဆင်းသွားခဲ့ရသည်။ တစ်ဖန် 'အုဟုဒ်' စစ်ပွဲ၏ နောက်ဆုံးရလဒ်မှာ ၎င်းတို့အပေါ်တွင် ခြောက်ခြားမှုများ ဖြစ်ပေါ်ခဲ့လေသည်။ ထို့နောက် 'အဟ်ဇာဗ်' စစ်ပွဲ၏ နောက်ဆုံးတိုက်ပွဲက ၎င်းတို့၏ 'ခါး' ကို ချိုးပစ်လိုက်လေတော့သည်။ ဟိဂျ်ရသ်ပြုပြီး (၈) နှစ်အကြာတွင် တမန်တော်မြတ် ﷺ သည် မက္ကာဟ်မြို့တစ်မြို့လုံးကို သိမ်းပိုက်တော်မူခဲ့လေသည်။

سُنَّةَ مَنْ قَدْ اَرْسَلْنَا

ဤအာယသ်တော်၌ ပြဆိုထားသည်မှာ အလ္လာဟ်အသျှင်မြတ်၏ မူလကနဦးမှ ဓလေ့တော်နှင့် ဥပဒေသည် လူမျိုးစုတစ်စုအနေဖြင့် မိမိတို့၏ နဗီတမန်တော်ကို ၎င်း၏ မွေးရပ်မြေဌာနေမှ နှင်ထုတ်လိုက်လျှင် ဖြစ်စေ၊ နှင်ထုတ်ရန် အကျပ်ကိုင်ခြင်းများ ပြုကြလျှင်ဖြစ်စေ ထိုလူမျိုးစုတို့သည်လည်း ထိုနေရာဒေသ၌ မကျန်ရှိအောင် ဖြစ်သွားပေမည်။ ထိုသူတို့အပေါ်တွင် အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်' ပြစ်ဒဏ်ကျရောက်လေ့ရှိသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

أَقِمِ الصَّلَوٰةَ لِدُلُوكِ
الشَّمْسِ إِلَىٰ غَسَقِ الَّيْلِ وَقُرْءَانَ الْفَجْرِ ۖ إِنَّ قُرْءَانَ الْفَجْرِ كَانَ مَشْهُودًا ﴿٧٨﴾

၁၇ : ၇၈ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် နေမွန်းလွဲချိန်မှစ၍ ညဉ့်အမှောင်အထိ 'ဆွလားသ်' ဝတ်ပြုမှုကို ဆောက်တည်ပါလေ။ ထို့ပြင် မိုးသောက်ချိန်၌လည်း 'ဆွလားသ်' ဝတ်ပြုမှုကို (ဆောက်တည်ပါလေ။) စေန်စင်စစ် မိုးသောက်ချိန် 'ဆွလားသ်' ဝတ်ပြုမှုသည် (ကောင်းကင်တမန်များ) လာရောက်ချိန်ပင် ဖြစ်ချေသည်။

وَمِنَ الَّيْلِ فَتَهَجَّدْ بِهِۦ نَافِلَةً لَّكَ عَسَىٰٓ أَن يَبْعَثَكَ رَبُّكَ مَقَامًا مَّحْمُودًا ﴿٧٩﴾

၁၇ : ၇၉ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် ညဉ့်၌ တစ်ဖန် 'သဟဂျ်ဂျုဒ်ဆွလားသ်' ကိုလည်း မိမိ၌ အပို (တာဝန်) အဖြစ် ဆောက်တည်ပါလေ။ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် 'မကာမေ မဟ်မူးဒ်' (မည်သော အဆင့်အတန်း) သို့ အသင့်အား (ချီးမြှင့်) ပို့တော်မူပေမည်။

وَقُل رَّبِّ أَدْخِلْنِى مُدْخَلَ صِدْقٍ وَ
أَخْرِجْنِى مُخْرَجَ صِدْقٍ وَٱجْعَل لِّى مِن لَّدُنكَ سُلْطَٰنًا نَّصِيرًا ﴿٨٠﴾

၁၇ : ၈၀ ။ ။ ထို့ပြင် အသင်သည် 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား (မဒီနာမြို့တော်သို့) နှစ်သက်ကောင်းမွန်စွာ ဝင်ရောက်စေခြင်းမျိုးနှင့် ဝင်ရောက်စေတော်မူပါ။ ထိုနည်းတူစွာ အသျှင်မြတ်သည် ကျွန်တော်မျိုးအား (မက္ကာဟ်မြို့တော်မှ) နှစ်သက်ကောင်းမွန်စွာ ထွက်စေခြင်းမျိုးနှင့် ထွက်စေတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအား မိမိထံတော်မှ ကူညီစောင်မမည့် အင်အား (စိုးမိုးမှု) ကို ချီးမြှင့်ပေးသနားတော်မူပါ' ဟု လျှောက်ထားလျက် ရှိပါလေ။

وَقُلْ جَآءَ الْحَقُّ وَزَهَقَ الْبَٰطِلُ ۚ إِنَّ الْبَٰطِلَ كَانَ زَهُوقًا ﴿٨١﴾

၁၇ : ၈၁ ။ ။ ထို့ပြင် အသင်သည် (ဤသို့) ပြောကြားပါလေ။ 'အမှန်သည် ရောက်ရှိလာခဲ့လေပြီ။ ၎င်းပြင် အမှားသည် ပျောက်ကွယ်သွားခဲ့လေပြီ။ စေန်မလွဲ အမှားသည် ကွယ်ပျောက်သွားရမည့် အရာပင် ဖြစ်ခဲ့ပေသည်' (ဟူ၍ ပြောပါလေ။)

وَنُنَزِّلُ مِنَ الْقُرْءَانِ مَا هُوَ شِفَآءٌ وَرَحْمَةٌ لِّلْمُؤْمِنِينَ ۙ وَلَا يَزِيدُ
الظَّٰلِمِينَ إِلَّا خَسَارًا ﴿٨٢﴾

၁၇ : ၈၂ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်တွင် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့၏ အနာရောဂါ ပျောက်ကင်းစေသော အရာကို ချပေးသနားတော်မူ၏။ သို့ရာတွင် ထိုအရာသည် မတရားကျူးလွန်သူတို့၌ ဆုံးရှုံးမှုမှအပ (အခြားတစ်စုံတစ်ရာကို) တိုးတက်ပွားများစေသည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) အသင်သည် နေမွန်းလွဲချိန်မှစ၍ ညဥ့်အမှောင်ဖြစ်သည့်အချိန်အထိ နမာဇ်ဆောက်တည်ခြင်းကို ပြုပါလေ။ (ဤအချိန်အတွင်း၌ ဇိုဟိုရ်၊ အဆွရ်၊ မဂ်ရိဗ်နှင့် အေရှာဟ်နမာဇ်တို့အား ဆောက်တည်ခြင်းပြုပါလေ။) ဤအကျဉ်းချုပ်ဖော်ပြချက်ကို ဟဒီးစ်တော်တွင် အကျယ်တဝင့် ရှင်းလင်းတင်ပြထားပြီးဖြစ်သည်။) ထို့နောက် နံနက်၏နမာဇ် (ဖွဂျရ်) ကိုလည်း (ဆောက်တည်ပါလေ။) မုချဧကန် 'ဖွဂျရ်ဆွလားသ်'သည် (ဖရစ်ရှ်သာဟ်များ) စုရုံးရောက်ရှိလာသည့်အချိန် ဖြစ်သည်။ (ဖဂျရ်နမာဇ်၏ အချိန်သည် အိပ်စက်ရာမှ နိုးကြားရသောအချိန် ဖြစ်သည်။ ထိုသို့ နိုးထရာ၌ ပျင်းရိမှုဖြစ်ရန် စိုးရိမ်ရပေသည်။ ထို့ကြောင့် ထိုနမာဇ်ကို သီးခြားခွဲ၍ လေးနက်စွာ တင်ပြခြင်းဖြစ်သည်။ ထိုအချိန်တွင် ဖရစ်ရှ်သာဟ်များ စုရုံးရောက်ရှိသည်ဟူ၍ ထိုနမာဇ်အချိန်၏ ထူးမြတ်ခြင်းကိုလည်း အပိုတင်ပြထားသည်။ ထိုအကြောင်း အကျယ်တဝင့်ကို ဟဒီးစ်တော်အားဖြင့် သိရှိရသည်မှာ လူသားတို့အား စောင့်ရှောက်ရန်နှင့် ထိုလူသားတို့၏ ကျင့်စဉ်များကို ရေးမှတ်သည့် ဖရစ်ရှ်သာဟ်များသည် နေ့အတွက် သီးခြားနှင့် ညဥ့်အတွက် သီးခြား ဖြစ်သည်။ နံနက်ဖွဂျရ်အချိန်တွင် ထိုဖရစ်ရှ်သာဟ်အုပ်စုတို့ စုရုံးပေါင်းမိသည့်အချိန် ဖြစ်သည်။ ညဥ့်တာဝန်ကျ ဖရစ်ရှ်သာဟ်တို့သည် မိမိတို့၏ အလုပ်တာဝန်များ ပြီးဆုံးခြင်းနှင့် နေ့ဖရစ်ရှ်သာဟ်များသည် မိမိတို့၏ အလုပ်တာဝန်ထမ်းဆောင်ရန် စုရုံးရောက်ရှိသည့်အချိန် ဖြစ်သည်။ ဤအတိုင်းပင် ညနေ အဆွရ်နမာဇ် အချိန်တွင် ဤဖရစ်ရှ်သာဟ်အုပ်စု နှစ်စု ပေါင်းဆုံကြရသည်။ ဖရစ်ရှ်သာဟ်များ၏ ပေါင်းဆုံမှုသည် 'ဗရ်ကာသ်' မင်္ဂလာတိုးပွားမှုဖြစ်သော အချိန်ဖြစ်သည်မှာ ထင်ရှားပေသည်။ ထို့နောက် အသင်သည် ညဥ့်၏ အစိတ်အပိုင်းတွင်လည်း (နမာဇ်ဝတ်ပြုပါလေ) ထိုအချိန်တွင် 'သဟဂျ်ဂျုဒ်နမာဇ်' ဝတ်ပြုပါလေ။ ဤနမာဇ်သည် အသင့်အတွက် (ငါးကြိမ်နမာဇ်များအပြင်) အပိုတစ်ခုဖြစ်သည်။ (ဤအပိုနမာဇ်ဟူသည့် အလိုသဘောကို အချို့ပညာရှင်များက အပို 'ဖွရ်ဇ်'တာဝန်ဟု ဆိုကြသည်။ ဤနမာဇ်သည် တမန်တော်မြတ် ﷺ အပေါ်၌ 'ဖွရ်ဇ်'ပြုခံရသော နမာဇ်ဖြစ်သည်။ အချို့ပညာရှင်များထံတွင် အပိုနမာဇ်ဟူသည်မှာ 'နဖွလ်'နမာဇ်ကိုသာ ဆိုလိုကြသည်။)

အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင့်အား 'မကာမေ့မဟ်မူးဒ်' တွင် နေရာပေးတော်မူမည်ဟု မျှော်လင့်ချက် (ကတိ) ရှိပေသည်။ ('မကာမေ့မဟ်မူးဒ်'ဆိုသည်မှာ 'ရှဖာအသေ့ ကွဗ်ရာ' 'ဟရှရ်'ကွင်းပြင်တွင် လူသားအားလုံးအတွက် ကိုယ်တော်မြတ် ﷺ အား ချီးမြှင့်တော်မူမည့် နေရာဖြစ်သည်။)

ထို့နောက် အသင်သည် 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ (မက္ကာဟ်မြို့မှ ထွက်ခွာပြီးသောအခါ) ကျွန်တော်မျိုးအား (မည်သည့်နေရာသို့ ခေါ်ဆောင်သွားသည်ဖြစ်စေ) ကောင်းမွန် (အေးချမ်း) စွာ ပို့ဆောင်တော်မူပါ။ ထို့နောက် (မက္ကာဟ်မှ ခေါ်ဆောင်လိုသောအခါ) ကျွန်တော်မျိုးအား ကောင်းမွန် (အေးချမ်း) စွာ ခေါ်ဆောင်တော်မူပါ။ ထို့နောက် ကျွန်တော်မျိုးအား အသျှင်မြတ်သည် မိမိထံတော်မှ (ထိုကာဖိရ်များအပေါ်) နိုင်နင်းလွှမ်းမိုးနိုင်မည့် ကူညီမှုိင်းမမှုကို ချီးမြှင့်တော်မူပါ'ဟု ဒိုအာပြု

တောင်းခံပါလေ။ (ဤလွှမ်းမိုးမှုသည်ကား ခိုင်မြဲသော၊ တိုးတက်မှု အပြည့်ရှိသော လွှမ်းမိုးခြင်းကို ဆိုလိုသည်။ အခိုက်အတန့် လွှမ်းမိုးခြင်းမှာမူ တစ်ခါတစ်ရံ ကာဖိရ်များ၌လည်း ရရှိပေသည်။ သို့ရာတွင် ၄င်းတို့၏ လွှမ်းမိုးအောင်နိုင်ခြင်းတွင် အလ္လာဟ်အသျှင်မြတ်၏ ကူညီမှုမှုမရှိပါချေ။ ထို့ကြောင့် ခိုင်မြဲသော အောင်မြင်မှု မဖြစ်ပေ။) ထို့နောက် အသင်သည် (ယခုမှု သာသနာတော်၏) အမှန်တရား (လွှမ်းမိုး၍) လာခဲ့ပြီဟုလည်းကောင်း၊ အမှန်စင်စစ် အမှားသည် ဤသို့ပင် ဖြစ်ပေါ်ပျောက်ကွယ်သွားခဲ့ပြီဟုလည်းကောင်း ပြောဆိုပါလေ။ (ဟိဂျ်ရသ်ပြီးသည့်အခါ ဤကတိတော်အားလုံးသည် ပြည့်ဝခဲ့လေသည်။) ထို့နောက် ငါအသျှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်သူတို့အဖို့ ဆေးနှင့် 'ရဟ်မသ်'တော်ဖြစ်သော ကုရ်အာန်ကို ချပေးတော်မူခဲ့ပေသည်။ (အဘယ်ကြောင့်ဆိုသော် ထိုကုရ်အာန်အား လက်ခံယုံကြည်ခြင်း၊ ၄င်းအပေါ် 'အမလ်'ပြုကျင့် လိုက်နာခြင်း ပြုကြရသည်။ ထိုသို့ ပြုခြင်းဖြင့် ၄င်းတို့အပေါ် 'ရဟ်မသ်'တော်များ ရရှိပေသည်။ ထို့ပြင် မှားယွင်းသော ယုံကြည်ချက်များနှင့် ပျက်ပြားသော အယူဝါဒများအတွက် ဆေးကောင်းတစ်လက် ဖြစ်သည်။) ထို့နောက် မတရားကျူးကျော် စော်ကားသူများအဖို့ ပို၍ ဆန့်ကျင်ပြောင်းပြန်ဖြစ်၍ နစ်နာဆုံးရှုံးခြင်းသာ တိုးပွားစေလေသည်။ (ထိုကုရ်အာန်အား ယုံကြည်သက်ဝင်ခြင်း မရှိပါလျှင် ထိုသူသည် အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်နှင့် ထိုက်သက်သူ ဖြစ်သွားလေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ရန်သူတို့၏ လှည့်စားဖြားယောင်း ကြံစည်မှုများမှ လွတ်မြောက်ရန် အကောင်းဆုံးသော နည်းလမ်းမှာ နမာဇ်ဝတ်ပြုမှုပင် ဖြစ်ခြင်း

တင်ပြပြီးခဲ့သော အာယသ်တော်များတွင် အစွလာမ့်ရန်သူများ၏ ဆန့်ကျင်ရန်လိုမှု၊ နဗီကိုယ်တော်မြတ် ﷺ အား ဒုက္ခမျိုးစုံ ကျရောက်စေရန် စီမံကြံစည်မှုများနှင့် ၄င်းတို့၏ ထိုလုပ်ရပ်များအပေါ် တုန့်ပြန်ဖြေကြားခြင်းများကို တင်ပြခဲ့သည်။ ထို့နောက် ယခုဖော်ပြပါ အာယသ်တော်များတွင် တမန်တော်မြတ် ﷺ အား နမာဇ်ဆောက်တည်ရန် အမိန့်ပေးခြင်းများ ပါရှိပေသည်။ ထိုသို့ အမိန့်ပေးခြင်းသည် ရန်သူများ၏ လှည့်ဖြားကြံစည်မှုများနှင့် ဒုက္ခရောက်စေခြင်းများမှ လွတ်မြောက်နိုင်သည့် အကောင်းဆုံးနည်းလမ်းမှာ နမာဇ်ဆောက်တည်မှုဖြစ်ကြောင်းကို ညွှန်းဆိုထားသည်။ စူရာဟ်ဟိဂ်ျရ်၏ အာယသ်တော်မှာ ဤအာယသ်တော်ထက်ပင် ပို၍ ပေါ်လွင်ပေသည်။

وَلَقَدْ نَعْلَمُ اَنَّكَ يَضِيْقُ صَدْرُكَ

بِمَا يَقُوْلُوْنَ ○ فَسَبِّحْ بِحَمْدِ رَبِّكَ وَكُنْ مِّنَ السّٰجِدِيْنَ

'ထို့နောက် စင်စစ် ၄င်းကာဖိရ်တို့၏ စိတ်အနှောင့်အယှက်ဖြစ်စေသော စကားများကြောင့် အသင်၏ စိတ်နှလုံး ကျဉ်းကျပ်နေသည်ကို ငါအသျှင်မြတ် သိရှိတော်မူသည်။ သို့ဖြစ်ရာ အသင်သည် မိမိအား

ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်မှုကို ရွတ်ဆိုတသပါလေ။ ထို့နောက် အသင်သည် 'စဂျ်ဒဟ်'ပြုသူများအနက် အပါအဝင်ဖြစ်ပါလေ'ဟု ဖြစ်သည်။

ဤအာယသ်တော်တွင် ရန်သူတို့၏ ဒုက္ခပေးခြင်းများမှ လွတ်ကင်းရန် အလ္လာဟ်အသျှင်မြတ်၏ 'ဇိကြ်ရ်'တသမှု၊ ချီးမွမ်းထောပနာပြုမှု၊ ထိုအသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်ကြောင်း ရွတ်ဆိုခြင်းနှင့် နမာဇ်ဝတ်ပြုခြင်းတို့ကို သတ်မှတ်ထားသည်။ အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းနှင့် နမာဇ်သည် အထူးအားဖြင့် အဆိုပါဘေးဘယများမှ လွတ်ကင်းနိုင်သော နည်းလမ်းဖြစ်သည်။ တစ်ဖန် ထိုရန်သူတို့၏ အန္တရာယ်ပြုမှု ဘေးဘယများမှ လွတ်မြောက်နိုင်ရန်မှာ အလ္လာဟ်အသျှင်မြတ်၏ ကူညီမှုဖိုင်းမမှုအပေါ်၌သာ မူတည်သည်ဆိုခြင်းမှာလည်း မများပေ။ အလ္လာဟ်အသျှင်မြတ်၏ ကူညီမှုဖိုင်းမမှုကို ရရှိရန်အတွက် အထူးမြတ်ဆုံးသော အကြောင်းခံမှာ နမာဇ်သာဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်

وَاسْتَعِيْنُوا بِالصَّبْرِ وَلصَّلٰوة

'နမာဇ်ဝတ်ပြုခြင်းနှင့် 'ဆွဗရ်'သည်းခံခြင်းတို့ဖြင့် အကူအညီရယူကြကုန်'ဟု လာရှိထားသည်။

နမာဇ်ငါးကြိမ်၏ ပညတ်ချက်

အဖွင့်ပညာရှင်အများစုတို့သည် ဤအာယသ်တော်အား နမာဇ်ငါးကြိမ်အတွက် ပြည့်စုံသော ပညတ်ချက်အဖြစ် သတ်မှတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် دُلُوك 'ဒုလူးက်'၏ မူရင်းအဓိပ္ပာယ်မှာ 'တိမ်းစောင်းခြင်း၊ ယိမ်းယိုင်ခြင်း'ဟု ဖြစ်သည်။ နေတိမ်းစောင်းသည့် 'ဇဝါးလ်'မွန်းလွဲချိန်မှ စသည်။ နေဝင်ခြင်းကိုလည်း ခေါ်ဆိုနိုင်သည်။ သို့ရာတွင် ဆွဟာဗာများနှင့် သာဗေအီးန်အများစုတို့က ဤနေရာတွင် دُلُوك 'ဒုလူးက်'စာလုံး၏ အဓိပ္ပာယ်ကို နေမွန်းလွဲခြင်းအဓိပ္ပာယ်ကိုသာ ကောက်ယူကြသည်။

[ကုရ်သုဗီကျမ်း၊ မဇ္ဇဟရီကျမ်း၊ အိဗ်နုကဆီးရ်ကျမ်း။]

اِلٰى غَسَقِ الَّيْلِ ၏ အဓိပ္ပာယ်မှာ ညဥ့်၏ အမှောင်ထု ဖုံးလွှမ်းသွားသည့်အချိန်ကို ခေါ်ဆိုသည်။ အေမာမ်မာလိက် (ရဟ) နှင့် အိမ်နေအဖွားစ် ﷺ သခင်မှ ဤအတိုင်းပင် ဖွင့်ဆိုချက် လာရှိသည်။

အလားတူ غَسَقِ الَّيْلِ တွင် နမာဇ်လေးကြိမ်အကြောင်း ပါရှိသည်။ 'ဇိုဟိုရ်'၊ 'အဆွရ်'၊ 'မဂ်ရိဗ်'နှင့် 'အေရှာဟ်'တို့ ဖြစ်သည်။ ထို့ပြင် နမာဇ်နှစ်ကြိမ်၏ အစပြုသောအချိန်ကိုလည်း ဖော်ပြထားသည်။ ၎င်းတို့မှာ 'ဇိုဟိုရ်'အချိန်သည် နေမွန်းလွဲချိန်မှ စတင်သည်ဟုလည်းကောင်း၊ 'အေရှာဟ်'အချိန်သည် غسق الليل ညဥ့်၏အမှောင် စတင်ဖုံးလွှမ်းသည့်အချိန်မှ စသည်ဟုလည်းကောင်း ဖြစ်သည်။ ထို့ကြောင့်ပင် အေမာမ်အဘူဟနီဖာဟ် (ရဟ) သည် 'အေရှာဟ်'နမာဇ်အစပြုသည့်အချိန်ကို ထိုအချိန်မှ စတင်သည်ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ شفق احمر (တိမ်ရောင်စုံတောက်ပြီး) နောက်တွင် شفق ابيض (မိုး

ကောင်းကင်ဖြူသွားပြီး) ၎င်းသည်လည်း ပျောက်ကွယ်သွားသည့်အခါ 'အေရှာဟ်'နမာဇ်အချိန် စတင်လေသည်။ နေဝင်ပြီးနောက် တစ်ဆက်တည်းမှာပင် အနောက်ဘက် မိုးကောင်းကင်တွင် အနီရောင်များ ဖြစ်ပေါ်လာသည်။ ထိုအနီရောင်ဖြစ်ပေါ်ပြီးနောက် အဖြူရောင်တစ်မျိုး ကောင်းကင်ယံတွင် ပျံ့နှံ့သွားသည်ကို တွေ့မြင်ရပေမည်။ တစ်ဖန် ထိုအဖြူရောင်သည်လည်း ပျောက်ကွယ်သွားပေမည်။ ဤသို့ အဖြူရောင် ပျောက်ကွယ်ပြီး အချိန်မှစ၍ ညဥ့်၏ အမှောင်ထုက ဖုံးလွှမ်းသွားသည်မှာ အထင်အရှားပင် ဖြစ်သည်။ ထို့ကြောင့် ဤ غسق ဟူသော စာလုံးတွင် အေမာမ်အဗူဟနီဖာဟ် (ရဟ) ၏ လမ်းစဉ်ကို ညွှန်းဆိုနေသည်။ အခြားအေမာမ်တို့က شفق احمر (အနီရောင်မိုးသား) ပျောက်ကွယ်ချိန်မှ 'အေရှာဟ်'အချိန် စတင်သည်ဟု သတ်မှတ်ကြသည်။ ဤအဆိုကိုပင် غسق الليل ၏ သဖ်စီးရ်ဖြစ်သည်ဟု သတ်မှတ်ကြသည်။

وَقُرْاٰنَ الْفَجْرِ ဤနေရာတွင် ကုရ်အာန်၏ စာလုံးကို သုံးနှုန်းလျက် နမာဇ်၏ အဓိပ္ပာယ် ကောက်ယူထားသည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်သည် နမာဇ်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ် ဖြစ်သောကြောင့်ပင် ဖြစ်သည်။ အများစုအဖွင့်ပညာ အေမာမ်ကြီးများဖြစ်သော အိဗ်နေကဆီးရ် (ရဟ) ကုရ်သုဗီ (ရဟ) နှင့် မဇ္ဈဟရီ (ရဟ) စသည်တို့သည် ဤအဓိပ္ပာယ်ကိုပင် ရေးသားခဲ့ကြသည်။ ထို့ကြောင့် အာယသ်တော်၏ အလိုသဘောမှာ دلوك الشمس الى غسق الليل ၏ စာလုံးများတွင် နမာဇ်လေးကြိမ် အကြောင်း တင်ပြထားသည်။ ပဌမမြောက်နမာဇ်ဖြစ်သော 'ဖဂျရ်'နမာဇ်ကို သီးခြားတင်ပြရခြင်းမှာ ထို 'ဖဂျရ်'နမာဇ်၏ အထူးလေးနက်ခြင်းနှင့် ထူးမြတ်မှုများ ရှိစေခြင်းကို ညွှန်းဆိုလိုက်ခြင်းဖြစ်သည်။

كَانَ مَشْهُوْدًا ဤစာလုံးသည် شهادت မှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ 'အသင့်ရောက်ရှိခြင်း'ဟု ဖြစ်သည်။ ထိုအချိန်တွင် ဟဒီးစ်တော်များ၌ ရှင်းလင်းတင်ပြခဲ့သကဲ့သို့ နေ့နှင့် ညဥ့်တို့၌ တာဝန်ကျသော ဖရစ်ရှ်သာဟ်များသည် နမာဇ်အချိန်၌ အသင့်ရောက်ရှိနေကြသည်။ ထို့ကြောင့် مشهود ဟု ခေါ်ဝေါ်သုံးနှုန်းထားခြင်း ဖြစ်သည်။ ဤအာယသ်တော်တွင် နမာဇ်ငါးကြိမ်၏ အမိန့်ကို အကျဉ်းချုံး၍ ဖော်ပြထားသည်။ ၎င်း၏ အကျယ်တဝင့် ရှင်းလင်းခြင်းအား တမန်တော်မြတ်သည် မိမိ၏ မိန့်ခွန်းချက်များဖြင့်လည်းကောင်း၊ လုပ်ဆောင်ချက်များဖြင့်လည်းကောင်း ပြသတော်မူခဲ့သည်။ ထိုကဲ့သို့ တမန်တော်မြတ် ပြသတော်မူခဲ့သည့်အတိုင်း ပြုလုပ်ကျင့်ဆောင်ခြင်း မရှိသရွေ့ ထိုသူသည် နမာဇ်ကို မှန်ကန်အောင် ဖတ်နိုင်သူ မဖြစ်ပါချေ။ ဟဒီးစ်တော်မပါရှိဘဲ၊ ကိုယ်တော်မြတ်၏ တင်ပြရှင်းလင်းချက်များ မပါရှိဘဲ ကုရ်အာန်ကျမ်းတော်မြတ်ကို နားလည်သည်ဟု ကြွေးကြော်နေကြသူများမှာ နမာဇ်ကို မည်သို့မည်ပုံ ဖတ်ကြမည်မသိပါ။ ဤအတိုင်းပင် ထိုအာယသ်တော်တွင် နမာဇ်၌ ကုရ်အာန်ကို 'ကိရ်အသ်'ဖတ်ရွတ်ခြင်းအကြောင်း အကျဉ်းချုံး၍ လာရှိထားသည်။ ထိုအကျဉ်းချုံးလာရှိချက်ကို တမန်တော်မြတ်က မိန့်ကြားချက်များနှင့် လုပ်ဆောင်ချက်တို့ဖြင့် ရှင်းလင်းပြသတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် 'ဖဂျရ်'နမာဇ်တွင် တတ်နိုင်သမျှ 'ကိရ်အသ်'

ကို ရှည်လျားစွာ ဖတ်ရမည်။ 'ဇိုဟိုရ်' နမာဇ်နှင့် 'ဂျုမုအာဟ်' နမာဇ်တို့တွင် ထို့ထက်နည်း၍ ဖတ်ရမည်။ 'အဿရ်'နှင့် 'အေရှာဟ်' တွင် အလယ်အလတ်၊ မတိုမရှည် ဖတ်ရမည်။ 'မဂ်ရိဗ်' နမာဇ်တွင် အလွန်တိုတောင်းစွာ ဖတ်ရမည်။ 'မဂ်ရိဗ်' တွင် ရှည်လျားသော 'ကိရ်အဿ်' ဖတ်ခြင်းနှင့် 'ဖွဂျရ်' တွင် တိုတောင်းစွာ ဖတ်ရမည်ဟူသော ဆင့်ပြန်ချက်များ လာရှိထားသည်။ ထိုဆင့်ပြန်ချက်အပေါ် မလိုက်နာဘဲ စွန့်လွှတ်ရမည်။ အီမာမ်ကုရ်သုဗီ (ရဟ) သခင်က ဆွဟီဝဟ်မွတ်စ္စလင်မ်ကျမ်းတွင် 'မဂ်ရိဗ်' နမာဇ်တွင် စူရာဟ် 'အအ်ရားဖ်' နှင့် 'မုရ်စလားသ်' စသည့် ရှည်လျားသော စူရာဟ်များဖတ်ခြင်း (သို့) 'ဖွဂျရ်' နမာဇ်တွင် **معوذ تين** စူရာဟ် 'ဖလားက်' နှင့် စူရာဟ် 'နားစ်' တို့ကိုသာ ဖတ်ခြင်းအကြောင်း ဆင့်ပြန်ချက် လာရှိထားသည်။ ထိုဆင့်ပြန်ချက်ဖြင့် မိန့်ဆိုသည်မှာ-

فمتروك بالعمل ولا نكاره على معاذ التطويل وبامرء الائمة بالتخفيف

'မဂ်ရိဗ်' တွင် ရှည်လျားသော 'ကိရ်အဿ်' နှင့် 'ဖွဂျရ်' ၌ တိုတောင်းစွာ 'ကိရ်အဿ်' ဖတ်ခြင်းမျိုး ရှတ်တရက်ဖြစ်ပေါ်ပြုလုပ်ခြင်းများသည် ကိုယ်တော်မြတ်၏ စဉ်ဆက်မပြတ် စွဲမြဲစွာ ပြုကျင့်မှုအားဖြင့်လည်းကောင်း၊ ရှေ့နှုတ်တော်မှ မြွက်ဟမိန့်ကြားခြင်းအားဖြင့်လည်းကောင်း စွန့်လွှတ်ရန် ဖြစ်သွားသည်။

[ကုရ်သုဗီကျမ်း]

'သဟ်ဂျွဒ်' နမာဇ်အချိန်နှင့် အမိန့်ပညတ်ချက်များ

وَمِنَ اللَّيْلِ فَتَهَجَّدْ بِهِ

تَهَجُّدْ 'သဟ်ဂျွဒ်' ဟူသော စာလုံးသည် **هُجُوْدْ** ဟူသော စာလုံးမှ ဆင်းသက်လာသည်။ ဤစာလုံးမှ မတူညီသော ဆန့်ကျင်သည့် အဓိပ္ပာယ်နှစ်ခုကို ပေးသည်။ တစ်ခုမှာ အိပ်စက်ခြင်းဖြစ်၍ အခြားတစ်ခုမှာ နိုးကြားခြင်းဟူသော အဓိပ္ပာယ်ဖြစ်သည်။ ဤနေရာတွင် **وَمِنَ اللَّيْلِ فَتَهَجَّدْ بِهِ** ၏ အဓိပ္ပာယ်မှာ 'ညဉ့်၏ အစိတ်အပိုင်းအနည်းငယ်တွင် ကုရ်အာန်နှင့်တကွ နိုးကြားလျက်ရှိနေပါ' ဟု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် **ﺑﻪ** တွင်ရှိသော နာမ်စားသည် ကုရ်အာန်အား ညွှန်းဆိုသော နာမ်စားဖြစ်သော ကြောင့်ပင် ဖြစ်သည်။

[မဇ္ဇဟရီကျမ်း]

ကုရ်အာန်နှင့်အတူ နိုးကြားရမည်ဆိုသည်မှာ နမာဇ်ဆောက်တည်ရန်ဟု ဆိုလိုခြင်းဖြစ်သည်။ ညဉ့်၏ နမာဇ်ကို ရှရီအဿ်တရားတော်၏ ဝေါဟာရအရ 'သဟဂျွဒ်' နမာဇ်ဟု ခေါ်ဆိုသည်။ 'သဟဂျွဒ်' နမာဇ် ဆိုသည်မှာ 'အနည်းငယ်အိပ်စက်ပြီးနောက် ထ၍ ဝတ်ပြုသော နမာဇ်' ဟု ဖြစ်သည်။ သို့ရာတွင် သမ်ဗ်စ်ရ်၏ မဇ္ဇဟရီကျမ်းတွင် ဤအာယသ်တော်၏ အလိုသဘောမှာ 'ညဉ့်၏ အစိတ်အပိုင်းအချို့တွင် နမာဇ်ဝတ်ပြုရန် အတွက် အိပ်စက်ခြင်းကို စွန့်လွှတ်ပါ' ဟု ဖြစ်ကြောင်း တင်ပြထားသည်။ ထို့နောက် ဤအလိုသဘောသည် အချိန်အနည်းငယ် အိပ်စက်ပြီး နိုးထလျက် နမာဇ်ဝတ်ပြုခြင်း၏ အဓိပ္ပာယ်လည်း သက်ရောက်ပေသည်။

အလားတူ ကနဦးမှပင် နမာဇ်ဝတ်ပြုရန်ဟူ၍ အိပ်စက်ခြင်းကို ဆိုင်းငံ့လျက် နမာဇ်ဖတ်ခြင်းဟူသော အဓိပ္ပာယ်လည်း သက်ရောက်သည်။ အကြောင်းမှာ 'သဟဂျ်ဂျုဒ်'နမာဇ်အတွက် ဦးစွာပထမ အိပ်စက်ခြင်း ရှိရမည်ဟူသော စည်းကမ်းသတ်မှတ်ချက်သည် ကုရ်အာန်၌ ညွှန်းဆိုထားခြင်း မရှိသောကြောင့် ဖြစ်သည်။

အေမာမ်အိဗ်နေကဆီးရ် (ရဟ) သည် ဟဇရသ်ဟစန်ဗဆွ်ရီ (ရဟ) ထံမှ 'သဟဂျ်ဂျုဒ်'နမာဇ်၏ အဓိပ္ပာယ် ဖွင့်ဆိုခြင်းကို ဆင့်ပြန်ခဲ့ရာ၌လည်း ထိုဖော်ပြပါအချက်များအတွက် သက်သေဖြစ်သည်။ ယင်းဖော်ပြပါ စာလုံးများမှာ-

قال الحسن البصرى هوماكان بعد العشاء

ويحمل ملى ماكان بعد النوم ﴿كشير﴾

ဟစန်ဗဆွ်ရီ (ရဟ) က မိန့်ဆိုသည်မှာ 'အေရှာဟ်'ပြီးနောက် ဖတ်သမျှ နမာဇ်သည် 'သဟဂျ်ဂျုဒ်' နမာဇ်ဖြစ်သည်။ သို့ရာတွင် အွန်မွှသ်က စဉ်ဆက်မပြတ် ပြုလုပ်လာခဲ့ကြခြင်းအပေါ် အနည်းငယ် အိပ်စက် ပြီးနောက် ဖတ်ခြင်းဟူ၍ အဓိပ္ပာယ်ကောက်ယူခြင်း ဖြစ်သည်။

အချုပ်ဆိုရသော် 'သဟဂျ်ဂျုဒ်'နမာဇ်၏ မူရင်းအလိုသဘောမှာ အိပ်စက်ပြီးမှ ဖတ်ခြင်းဖြစ်ရန် စည်းကမ်းသတ်မှတ်ချက်မရှိ။ ကုရ်အာန်၏ စာလုံးများတွင်လည်း ဤစည်းကမ်းသတ်မှတ်ချက် မပါရှိပေ။ သို့ရာတွင် များသောအားဖြင့် တမန်တော်မြတ်နှင့် ဆွဟာဗာတို့၏ စဉ်ဆက်မပြတ် ပြုကျင့်ခဲ့မှုသည် ဤအတိုင်း အိပ်စက်ပြီးမှ ထ၍ ဝတ်ပြုခဲ့ကြသည်။ ထို့ကြောင့် ဤပုံစံသည် အမြတ်ဆုံးပုံစံ ဖြစ်ပေမည်။

'သဟဂျ်ဂျုဒ်' နမာဇ်သည် 'ဖွရဇ်' ဖြစ်ပါသလော၊ (သို့) 'နဖိလ်' ဖြစ်ပါသလော၊

نَافِلَةً لَّكَ တွင် نفل 'နဖိလ်'နှင့် نافلة 'နာဖိလဟ်'စာလုံးတို့၏ အဘိဓါန်အဓိပ္ပာယ်မှာ 'အပို' ဖြစ်သည်။ ထို့ကြောင့် ထိုနမာဇ်နှင့် 'စွဒ်ကာဟ်'၊ 'ခိုင်ရားသ်' စသည်တို့ကို 'နဖိလ်'ဟု ခေါ်ဆိုခြင်း ဖြစ်သည်။ ဤ 'နဖိလ်'သည် တရားတော်အရ 'ဝါဂျိဗ်'နှင့် အရေးကြီးခြင်းမဟုတ်ပေ။ ၎င်းအား ပြုလုပ်လျှင် အကျိုးစဝါးဗ် ရရှိသည်။ မပြုလုပ်လျှင် မည်သည့်အပြစ်မျှ မထိုက်ပေ။ မည်သည့်မကောင်းခြင်းမျှလည်း မဖြစ်ပေ။ ဤအာယသ်တော်တွင် 'သဟဂျ်ဂျုဒ်'နမာဇ်နှင့်အတူ نَافِلَةً لَّكَ ဟူသော စာလုံးများဖြင့် 'သဟဂျ်ဂျုဒ်' နမာဇ်သည် အထူးအားဖြင့် ကိုယ်တော်မြတ်အပေါ်တွင် 'နဖွလ်'ဖြစ်သည်ဟု အပေါ်ယံ မှတ်ယူရမည်။ အမှန်စင်စစ် ဤနမာဇ်၏ 'နဖွလ်'ဖြစ်ခြင်းတွင် ကိုယ်တော်မြတ်နှင့် အွန်မွှသ်အားလုံးလည်း ပါဝင်သည်။ ထို့ကြောင့် မုဖတ်စိရ်အဖွင့်ပညာရှင်များက ဤနေရာတွင် نَافِلَةً အား 'ဖွရဇ်'ဖြစ်ခြင်း၏ ဂုဏ်ပုဒ်အဖြစ် သတ်မှတ်လျက် အွန်မွှသ်သားအားလုံးအပေါ်၌မူ နမာဇ်ငါးကြိမ်သာ 'ဖွရဇ်'ဖြစ်သည်။ သို့သော် လည်း ကိုယ်တော်မြတ်အပေါ်၌ 'သဟဂျ်ဂျုဒ်'သည်လည်း အပို 'ဖွရဇ်'တာဝန်တစ်ခု ဖြစ်သည်ဟု သတ်မှတ်

ကြသည်။ သို့ဖြစ်ရာ ဤနေရာတွင် نَافِلَةً ၏ အဓိပ္ပာယ်မှာ 'အပိုဖွရဇ်'ဟုဖြစ်ပြီး نفل 'နဖိလ်'၏ အများအပေါ် သုံးနှုန်းသည့် အဓိပ္ပာယ်မဟုတ်ပေ။ တိကျမှန်ကန်စွာ သုံးသပ်ချက်များအရ အစ္စလာမ့်ခေတ်ဦး၌ 'စူရာဟ်မုဇ်ဇမ်မိလ်' ကျရောက်လာစဉ်က နမာဇ်ငါးကြိမ်မှာ 'ဖွရဇ်'ပင် မဖြစ်သေးပေ။ 'သဟဂျ်ဂျုဒ်'နမာဇ်သာ အားလုံးအပေါ်၌ 'ဖွရဇ်'ဖြစ်ခဲ့သည်။ ထို 'သဟဂျ်ဂျုဒ်'နမာဇ်သည် 'ဖွရဇ်'ဖြစ်ကြောင်း 'စူရာဟ်မုဇ်ဇမ်မိလ်'၌ လာရှိသည်။ တစ်ဖန် 'မိအ်ရားဂ်ျ'ညဥ့်တွင် နမာဇ်ငါးကြိမ် 'ဖွရဇ်'တာဝန်အဖြစ် ပေးအပ်ခံရသည့်အခါ 'သဟဂျ်ဂျုဒ်'၏ 'ဖွရဇ်'ဖြစ်ခြင်းမှာ အုမ္မသ်အားလုံးအပေါ်မှ အမိန့်ရုပ်သိမ်းခြင်းခံရကြောင်း ပညာရှင်များအားလုံး တစ်ညီတည်းဖြစ်သည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကွဲလွဲမှုဖြစ်ပေါ်သည်မှာ ကိုယ်တော်မြတ် ﷺ အပေါ်မှလည်း ဤနမာဇ်၏ 'ဖွရဇ်'ဖြစ်ခြင်းသည် 'ရုပ်သိမ်းခံရသည်လော၊ (သို့) အထူးအမိန့်အသွင်ဖြင့် ကိုယ်တော်မြတ် ﷺ ၏ အပေါ်၌ 'ဖွရဇ်'တာဝန်အဖြစ် ကျန်ရှိနေသလော'ဟူ၍ ဖြစ်သည်။ ဤအာယသ်တော်တွင် نَافِلَةً لَّكَ မှာ 'သဟဂျ်ဂျုဒ်နမာဇ်'သည် ကိုယ်တော်မြတ်အပေါ်တွင် 'အပိုဖွရဇ်'တာဝန်တစ်ရပ် ဖြစ်သည်ဟူသော အဓိပ္ပာယ်ပင် ဖြစ်သည်။ သို့ရာတွင် သဖ်စီးရ်ကုရ်သုဗီကျမ်းတွင် ဤအဆိုမှာ အကြောင်းတရားများစွာတို့ကြောင့် မှန်ကန်မှုမရှိဟု ဖော်ပြထားသည်။ ယင်းတို့အနက် ပထမအချက်မှာ 'ဖွရဇ်'အား 'နဖိလ်'နှင့် နှိုင်းယှဉ်ရန် မည်သည့်အကြောင်းမျှ မရှိပေ။ အကယ်၍ ဤသို့ နှိုင်းယှဉ်ခြင်းမှာ သွယ်ဝိုက်သောနည်းဖြင့်ဟုဆိုလျှင် ဤသည်မှာ အခြေအမြစ်မရှိသော သွယ်ဝိုက်ခြင်းသာ ဖြစ်ပေမည်။

ဒုတိယအချက်မှာ ဆွဟီးဟ်ဟဒီးစ်တော်များတွင် နမာဇ်ငါးကြိမ် သတ်မှတ်ခြင်းနှင့်အတူ 'ဖွရဇ်' ဖြစ်ကြောင်းသာ ပါရှိသည်။ ထို့ပြင် ဟဒီးစ်တော်တစ်ပါး၏ နောက်ဆုံးတွင် 'မိအ်ရားဂ်ျ'ညဥ့်၌ ပထမဦးစွာ နမာဇ်အကြိမ် (၅၀) ကို 'ဖွရဇ်'အဖြစ် သတ်မှတ်ခဲ့သည်။ တစ်ဖန် လျှော့ပေါ့၍ ငါးကြိမ်သာ သတ်မှတ်ပေးတော်မူခဲ့သည်။ သို့ဖြစ်ပေရာ အရေအတွက်အားဖြင့် လျှော့ပေါ့ပေးလိုက်သော်လည်း အကျိုးစဝါးဗ် ကုသိုလ်တွင် အကြိမ် (၅၀) ၏ စဝါးဗ် ရရှိပေမည်။ ထို့နောက်

لَا يُبَدَّلُ الْقَوْلُ لَدَيَّ

'ငါအသျှင်မြတ်၏ အမိန့်တော်များတွင် ပြောင်းလဲမှုပြုခြင်းမရှိ'ဟု မိန့်ကြားတော်မူခဲ့သည်။ သို့ဖြစ်ပေရာ 'နမာဇ်အကြိမ် (၅၀) ၏ အမိန့်ပေးခဲ့သည်ဖြစ်ရာ ကျင့်စဉ်၌ လျှော့ပေါ့သည့်တိုင် အကြိမ် (၅၀) ၏ စဝါးဗ်သာ ရရှိမည်'ဟုလည်း ဖော်ပြထားသည်။

သို့ဖြစ်ပေရာ ဤဆင့်ပြန်ချက်များအရ သိရှိရသည်မှာ အုမ္မသ်သားအားလုံးနှင့် တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် အပေါ်တွင် နမာဇ် (၅) ကြိမ်မှအပ အခြားမည်သည့်နမာဇ်မျှ 'ဖွရဇ်'ဟူ၍ မရှိခဲ့ပေ။ အကြောင်းတစ်ခု ရှိသေးသည်မှာ نَافِلَةً ဟူသော စာလုံးသည် အကယ်၍ ဤနေရာတွင် 'အပိုဖွရဇ်'ဟူသော အဓိပ္ပာယ်အတွက်ဖြစ်ပါလျှင် ထိုစာလုံး၏နောက်တွင် لَّكَ ဟူသော စာလုံးအစား ဝါဂျိဗ်အမိန့်ကို ညွှန်ပြ

သည့် عَلَيْكَ ဖြစ်ရန် ထိုက်ပေသည်။ لَكَ ဟူသော စာလုံးသည် ပြုပိုင်ခြင်းနှင့် ပြုပိုင်ခွင့်များအတွက် အသုံးပြုသည့် စာလုံးဖြစ်သည်။ အလားတူ သဖ်စီးရ်မဇွဟရီကျမ်းတွင် 'သဟဂျ်ဂျုဒ်နမာဇ်'၏ 'ဖွရဇ်' ဖြစ်ခြင်းသည် အွမ္မသ်သားများအပေါ်မှ ရုပ်သိမ်းလိုက်သည့်အခါ တမန်တော်မြတ်မှလည်း ရုပ်သိမ်းလိုက်ပြီ ဖြစ်သည်။ အားလုံးအပေါ်၌ 'နဖိလ်'ဖြစ်သွားစေသည်ဟူသော အဆိုကို အမှန်အဖြစ် သတ်မှတ်ထားသည်။ သို့ရာတွင် ဤပုံစံ၌ မေးခွန်းတစ်ခု ပေါ်ပေါက်လာသည်။ ထိုမေးခွန်းမှာ 'ဤသို့ဆိုလျှင် ကိုယ်တော်မြတ်အဖို့ သီးသန့်အထူးပြု ခံရခြင်းဆိုသည်မှာ မည်သည့်အရာပါနည်း။ 'နဖိလ်'ဖြစ်ခြင်းမှာမူ အားလုံးအပေါ်၌ အတူတူပင် ဖြစ်သည်။ တစ်ဖန် نَافِلَةً لَّكَ ဟု မိန့်ကြားခြင်းမှာလည်း မည်သို့ပါနည်း'ဟူသော မေးခွန်းဖြစ်သည်။ ထိုမေးခွန်း၏ အဖြေမှာ ဟဒီးစ်တော်များ၌ ရှင်းလင်းတင်ပြထားသည့်အတိုင်း အွမ္မသ်အားလုံးတို့၏ 'နဖိလ်' နမာဇ်များနှင့် 'နဖိလ်အိဗာဒသ်'အားလုံးတို့သည် ၎င်းတို့၏ အပြစ်ဒုစရိုက်များအား ချေဖျက်ခြင်းနှင့် 'ဖွရဇ်' နမာဇ်များ၌ ချို့ယွင်းချက်ရှိသည်များအား ဖြည့်စွက်ရန်ဖြစ်သည်။ သို့ရာတွင် တမန်တော်မြတ် ﷺ သည် 'မအ်ဆူးမ်'အပြစ်မဲ့သူဖြစ်သည်။ နမာဇ်၌ ချွတ်ချော်မှားယွင်းမှုများမှလည်း ကင်းစင်သူဖြစ်တော်မူသည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ အဖို့ 'နဖိလ်အိဗာဒသ်'များသည် လုံး၀ အပိုသာဖြစ်ပေသည်။ ဤအပိုမှာ မည်သည့် ချွတ်ချော်မှားယွင်းမှုအတွက် ဖြည့်စွက်ခြင်းလည်း မဟုတ်ပေ။ ထိုမျှသာမက ပို၍ နီးကပ်မှု ရရှိရန် အကြောင်းခံသာ ဖြစ်ပေသည်။ *[ကုရ်သုဗီကျမ်း၊ မဇ္ဇဟရီကျမ်း။]*

'သဟဂျ်ဂျုဒ်' နမာဇ်သည် 'နဖိလ်' (သို့) 'စွန္နသ်မုအက္ကဒဟ်' ဖြစ်ပါသလော၊

စွန္နသ်မုအက္ကဒဟ်ဖြစ်ရန် ဖိကာဟ်ပညာရှင်များ၏ ဥပဒေတစ်ရပ်မှာ တမန်တော်မြတ် ﷺ သည် လုပ်ရပ်တစ်ခုအား စွဲမြဲစွာ ပြုကျင့်ဆောင်ရွက်တော်မူလျက် မဖြစ်နိုင်သော အကြောင်းတစ်စုံတစ်ရာ မရှိဘဲ စွန့်လွှတ်ခြင်းမပြုဘဲ ဆောင်ရွက်ခဲ့သည့် ကိစ္စသည် 'စွန္နသ်မုအက္ကဒဟ်'ဟု ဖြစ်သည်။ ရှရီအသ်တရားတော်၏ အထောက်အထားတစ်ခုခုဖြင့် ကိုယ်တော်မြတ် ﷺ အတွက်သာ အထူးသတ်မှတ်ပြီး အွမ္မသ်ထုအတွက် မပါ၀င်ပေ။ ထိုဥပဒေအရ 'သဟဂျ်ဂျုဒ်'နမာဇ်သည် အားလုံးအတွက် 'စွန္နသ်မုအက္ကဒဟ်'ဟု သတ်မှတ် ရခြင်းဖြစ်သည်။ 'နဖိလ်'သက်သက်သာမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤနမာဇ်အား တမန်တော် မြတ် ﷺ ၏ စွဲမြဲစွာ ပြုကျင့်မှုဖြင့် အတည်ဖြစ်လာခဲ့သောကြောင့်ပင် ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ အတွက် အထူးပြု သတ်မှတ်ခြင်း မည်သည့်အထောက်အထားမျှ မရှိပါချေ။ ထို့ကြောင့် အွမ္မသ်အားလုံးတို့အတွက် လည်း 'စွန္နသ်မုအက္ကဒဟ်'ဖြစ်ရန် ထိုက်သည်။ သဖ်စီးရ်မဇွဟရီးကျမ်းတွင် ဤအချက်ကို အကောင်းဆုံး နှင့် ဦးစားပေးအဖြစ် သတ်မှတ်ထားသည်။ ထိုနမာဇ်သည် 'မုအက္ကဒဟ်' ဖြစ်ခြင်းအပေါ် ဟဇရသ်အိဗ်နေ မတ်စ်အူးဒ် ؓ သခင်၏ ဟဒီးစ်ကိုလည်း [illegible]အထောက်အထားအဖြစ် တင်ပြထားသည်။ ယင်းဟဒီးစ်တော် တွင် 'တမန်တော်မြတ် ﷺ သည် ကနဦးတွင် 'သဟဂျ်ဂျုဒ်'နမာဇ် ဖတ်လေ့ရှိပြီး နောက်ပိုင်းတွင်မူ စွန့်လွှတ် လိုက်သူနှင့် စပ်လျဉ်း၍ 'ထိုသူ၏ နားတွင် ရှိုက်သွာန်သည် ကျင်ငယ်စွန့်လိုက်သည်'ဟု မိန့်ကြား

တော်မူခဲ့သည်။ ဤကဲ့သို့သော ခြိမ်းခြောက်သတိပေးခြင်းမျိုးသည် 'နဖိလ်'၌ မဖြစ်နိုင်ပေ။ ဤအချက်ကို ကြည့်ခြင်းဖြင့် 'သဟဂျ်ဂျုဒ်'နမာဇ်သည် 'စွန္နသ်မုအက္ကဒဟ်' ဖြစ်ကြောင်း သိရှိရသည်။

'သဟဂျ်ဂျုဒ်'နမာဇ်အား 'နဖိလ်'ဟုသာ သတ်မှတ်သည့် ပညာရှင်တို့သည် ထိုနမာဇ်အား တမန်တော်မြတ် ﷺ က စွဲမြဲစွာ ကျင့်ဆောင်တော်မူခြင်းကို ကိုယ်တော်မြတ် ﷺ အပေါ် အထူးသတ်မှတ်သည့် အမိန့်ဟူ၍ သတ်မှတ်ကြလေသည်။ ထို့နောက် 'သဟဂျ်ဂျုဒ်'နမာဇ် ဖတ်လေ့ရှိသူတို့၏ 'သဟဂျ်ဂျုဒ်'နမာဇ်အား စွန့်လွှတ်ခြင်းအပေါ် ရှုတ်ချပြစ်တင်သည့် စကားလုံးများဖြင့် မိန့်ကြားခဲ့ခြင်းများမှာ စင်စစ် 'သဟဂျ်ဂျုဒ်'နမာဇ် မဖတ်ခြင်းအပေါ် ရှုတ်ချခြင်းမဟုတ်ဘဲ အလေ့အထ ဖြစ်ပေါ်ပြီးသားအရာကို စွန့်လွှတ်ခြင်းအပေါ်၌သာ ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် လူသားအဖို့ အလေ့အထဖြစ်ပြီးသည့် 'နဖိလ်'ကျင့်စဉ်အား စွန့်လွှတ်ရန် မထိုက်ပေ။ အစဉ်အမြဲပြုကျင့်နေရမည်။ အကယ်၍ အလေ့အထဖြစ်ပြီးမှ စွန့်လွှတ်လိုက်မည်ဆိုလျှင် အပြစ်တင်ရှုတ်ချရန် ထိုက်သည်။ အကြောင်းမှာ အလေ့အထဖြစ်ပြီးမှ အကြောင်းမဲ့ စွန့်လွှတ်ခြင်းသည် ဥပေက္ခာပြုခြင်း၏ သင်္ကေတတစ်မျိုးဖြစ်သည်။ ကနဦးမှ အလေ့အထမရှိသူ ဖြစ်ပါလျှင် ၎င်းအပေါ် ပြစ်တင်ရှုတ်ချရန် မရှိပါ။

'သဟဂျ်ဂျုဒ်' ၏ အရေအတွက်နှင့် ရကာအသ်များ

ဆွဟီးဟ်ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်းများတွင် ဟဇရသ်စွဒ်ဒီကဟ်အာအေရှာဟ် رضي الله عنها သခင်မ၏ ဆင့်ပြန့်ချက် လာရှိသည်မှာ 'တမန်တော်မြတ် ﷺ သည် ရမ်ဇာန်လ၌ဖြစ်စေ၊ (သို့) ရမ်ဇာန်မဟုတ်သည့်လ၌ဖြစ်စေ၊ မည်သည့်အခါမျှ (၁၁) ရကာအသ်ထက် ပို၍ ဖတ်တော်မူလေ့ မရှိပေ'ဟု ဖြစ်သည်။

ထို (၁၁) ရကာအသ်တွင် ဟနဖီယာဟ်တို့ထံ၌ (၃) ရကာအသ်မှာ 'ဝိသ်ရ်'နမာဇ်ဖြစ်ပြီး ကျန် (၈) ရကာအသ်မှာ 'သဟဂျ်ဂျုဒ်'နမာဇ်ဖြစ်သည်။ 'ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၏ ဆင့်ပြန့်ချက်တစ်ခုတွင် ဟဇရသ်အာအေရှာဟ် رضي الله عنها သခင်မ ဆင့်ပြန့်ခဲ့သည့် စကားလုံးများမှာ 'တမန်တော်မြတ် ﷺ သည် ညဦးအခါ၌ (၁၃) ရကာအသ် ဖတ်တော်မူလေ့ရှိသည်။ ယင်းတို့တွင် 'ဝိသ်ရ်'နမာဇ်လည်း ပါဝင်သည်။ နှစ်ရကာအသ်မှာ 'ဖွဂျ်ရ်'၏ 'စွန္နသ်'ဖြစ်သည်။ 'ဖွဂျ်ရ်'စွန္နသ်အား ညဦး၏ နမာဇ် (သဟဂျ်ဂျုဒ်) တွင် ရမ်ဇာန်ဖြစ်၍ ရေတွက်ခြင်းဖြစ်သည်။ ထိုဆင့်ပြန့်ချက်များအရ တမန်တော်မြတ် ﷺ ၏ ဓလေ့တော်မှာ 'သဟဂျ်ဂျုဒ်နမာဇ်'အား (၈) ရကာအသ် ဖတ်တော်မူခြင်း ဖြစ်သည်။

သို့ရာတွင် ဟဇရသ်အာအေရှာဟ် رضي الله عنها သခင်မ၏ ဆင့်ပြန့်ချက်တစ်ရပ်၌ လာရှိသည်မှာ 'တစ်ခါတစ်ရံ ဤအရေအတွက်ထက် လျှော့နည်း၍ (၄) ရကာအသ် (သို့) (၆) ရကာအသ်မျှသာ ဖတ်သည့်အခါများလည်း ရှိသည်။ ဆွဟီးဟ်ဘိုခါရီကျမ်းတွင် ဟဇရသ်အာအေရှာဟ် رضي الله عنها သခင်မ၏ ဆင့်ပြန့်ချက်ပင် လာရှိသည်မှာ 'ဟဇရသ်မတ်စ်ရူးက်သည် ဟဇရသ်အာအေရှာဟ် رضي الله عنها သခင်မအား 'သဟဂျ်ဂျုဒ်နမာဇ်'နှင့် စပ်လျဉ်း၍ မေးမြန်းသည့်အခါ ဟဇရသ်အာအေရှာဟ် رضي الله عنها သခင်မက 'ဖွဂျ်ရ်'၏ စွန္နသ်မပါဘဲ (၇) ရကာအသ်၊ (၉) ရကာအသ်နှင့် (၁၁) ရကာအသ်တို့ ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

ဟာနဖီကျမ်း၏ ဥပဒေနှင့်အညီ (၃) ရကအသ်သည် 'ဝီသ်ရ်'နမာဇ်ဖြစ်သည့်အခါ (၇) ရကအသ် အနက် (၄) ရကအသ်သည်လည်းကောင်း၊ (၉) ရကအသ်အနက် (၆) ရကအသ်သည်လည်းကောင်း၊ (၁၁) ရကအသ်အနက် (၈) ရကအသ်သည်လည်းကောင်း 'သဟဂျ်ဂျုဒ်'နမာဇ် ဖြစ်ပေသည်။

'သဟဂျ်ဂျုဒ်' နမာဇ် ဖတ်ပုံဖတ်နည်း

ဟဒီးစ်ဆင့်ပြန်ချက်အများအပြားဖြင့် အတည်ဖြစ်သည်မှာ 'သဟဂျ်ဂျုဒ်'နမာဇ်တွင် ပထမနှစ်ရကအသ် ကို တိုတောင်းသော 'ကိရ်အသ်'နှင့်အတူ ပေါ့ပါးစွာဖတ်၍ ကျန်ရှိရကအသ်များ၏ 'ကိရ်အသ်'၌လည်း ရှည်လျားစွာ ဖတ်ခဲ့သည်။ ရူကူအ်၊ စဂျ်ဒဟ်များ၌လည်း ရှည်လျားစွာ ပြုခဲ့သည်။ ဤသို့ ရှည်လျားစွာ ဖတ်ခြင်းသည် များသောအားဖြင့် အလွန်ရှည်လျားစွာ ဖတ်ခဲ့သည်။ တစ်ခါတစ်ရံ အနည်းငယ်လျော့ပေါ့၍ ဖတ်ခဲ့သည်။ (ဤအကျဉ်းချုံးဖော်ပြချက်သည် သဖ်စီးရ်မဖွဟရီကျမ်း၌ ဖော်ပြခဲ့သည့် ဟဒီးစ်ဆင့်ပြန်ချက် များ ဖြစ်သည်။)

'မကာာ မေမဟ်မူးဒ်'

ဤအာယသ်တော်တွင် တမန်တော်မြတ် ﷺ အား 'မကာမေ့မဟ်မူးဒ်' ချီးမြှင့်မည်ဟူ၍ ကတိတော် ပြုတော်မူထားသည်။ ထို 'မကာမေမဟ်မူးဒ်'သည် နဗီတမန်တော်အားလုံးတို့အနက် ကိုယ်တော်မြတ် ﷺ အတွက် အထူးသီးသန့်ဖြစ်လေသည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဖွင့်ဆိုချက်တွင် ကွဲလွဲမှုများ ရှိသည်။ သို့ရာတွင် မှန်ကန်သောအဆိုမှာ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်၏ မိန့်ကြားချက်ဖြစ်သည်။ ယင်းမိန့် ကြားချက်မှာ 'ဤ 'မကာမေ့မဟ်မူးဒ်'သည် 'ရှဖာအသ္ကုဗ်ရာ'ဖြစ်သည်။ 'ဟရှရ်'ကွင်းပြင်၌ လူသား အားလုံး စုရုံးရောက်ရှိကြပေလိမ့်မည်။ ထို့နောက် ၎င်းတို့သည် နဗီတမန်တော်အားလုံးထံတွင် 'ရှဖာအသ်' အသနားခံခြင်း ပြုပေးရန် တောင်းဆိုကြပေလိမ့်မည်။ နဗီတမန်တော်အပေါင်းတို့က မိမိတို့၏ မပြုနိုင်ကြ သည့် အကြောင်းပြချက်များကို တင်ပြကြလိမ့်မည်။ ထိုအခါ တမန်တော်မြတ် ﷺ ကိုသာ လူသားအားလုံး အတွက် 'ရှဖာအသ်'ပြုပေးရသော အခွင့်ထူးကို ရရှိပေလိမ့်မည်။

ဤအကြောင်းကို အကျယ်တဝင့်ရှင်းလင်းရန် ဟဒီးစ်ဆင့်ပြန်ချက်များမှာ ရှည်လျားလှပေသည်။ ဤအကြောင်းကို အိဗ်နေကဆီးရ်နှင့် သဖ်စီးရ်မဖွဟရီကျမ်းတို့၌ ရေးသားထားသည်။

နဗီတမန်တော်များနှင့် သူတော်စင်တို့၏ 'ရှဖာအသ်' ပြုခြင်းကို လက်ခံတော်မူမည်ဖြစ်ခြင်း

အစွလာမ့်အုပ်စုများအနက် 'ခဝါရိဂျ်'နှင့် 'မုအ်သဇိလဟ်'တို့သည် နဗီတမန်တော်များမှ 'ရှဖာအသ်' ပြုပေးခြင်းဆိုသည်ကို လက်မခံသူများ ဖြစ်ကြသည်။ ၎င်းတို့က ပြောဆိုကြသည်မှာ 'ကြီးလေးသော ပြစ်မှုများသည် မည်သည့်ရှဖာအသ်'နှင့်မှ ခွင့်လွှတ်တော်မူမည်မဟုတ်'ဟု ဖြစ်သည်။ သို့သော်လည်း နဗီ

တမန်တော်များသာမက အုမ္မသ်အတွင်းမှ သူတော်စင်များ၏ 'ရှဖာအသ်'သည်လည်း ပြစ်မှုကျူးလွန်သူများအတွက် လက်ခံခြင်း ပြုခံရပေမည်။ များစွာသောလူတို့၏ အပြစ်ဒုစရိုက်များသည် 'ရှဖာအသ်'ပြုခြင်းကြောင့် ခွင့်လွှတ်ချမ်းသာပေးခြင်း ခံရပေမည်။

အိဗ်နေမာဂျာဟ်နှင့် ဗိုင်ဟကီကျမ်းတို့တွင် ဟဇရသ်အွတ်စမာန်း رضي الله عنه သခင်၏ ဆင့်ပြန့်ချက်ကို ဆင့်ပြန့်ထားသည်မှာ ကိုယ်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည်။ 'ကေယာမသ်'နေ့တွင် နဗီတမန်တော်တို့သည် ဦးစွာ အပြစ်ကျူးလွန်သူများအတွက် 'ရှဖာအသ်'ပြုပေးကြလိမ့်မည်။ ထို့နောက် အိုလမာသာသနာ့ပညာရှင်များ၊ ထို့နောက်တစ်ဖန် 'ရှဟီးဒ်'အသျှင်မြတ်၏ လမ်းတော်၌ အသက်စတေးခဲ့သူများက 'ရှဖာအသ်' ပြုပေးကြလိမ့်မည်'ဟု ဖြစ်သည်။

ထို့ပြင် ဒိုင်လမီ (ရဟ) က အိဗ်နေအုမရ် رضي الله عنه သခင်၏ ဆင့်ပြန့်ချက်ကို ဆင့်ပြန့်ခဲ့သည်။ ယင်းဆင့်ပြန့်ချက်တွင် ကိုယ်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'အာလင်မ်သာသနာ့ပညာရှင်အား အသင်၏ တပည့်များသည် ကောင်းကင်ယံရှိ ကြယ်တာရာများ၏ အရေအတွက်ခန့် ရှိသည်ဖြစ်စေ၊ ၎င်းတို့အတွက် အသင်သည် 'ရှဖာအသ်'ပြုပေးနိုင်သည်'ဟု အသျှင်မြတ် မိန့်ကြားတော်မူလိမ့်မည်'ဟု ဖြစ်သည်။

အဗူဒါဝူးဒ်နှင့် အိဗ်နေဟဗ်ဗာန် (ရဟ) တို့သည် အဘူဒရ်ဒါ၏ ဆင့်ပြန့်ချက်အား 'မရ်ဖူးအ်' ပုံစံဖြင့် ဆင့်ပြန့်ခဲ့ကြသည်မှာ 'ရှဟီးဒ်'၏ 'ရှဖာအသ်'ပြုခြင်းသည် ၎င်း၏ ဆွေမျိုး (၇၀) ဦးအတွက် လက်ခံခြင်းပြုခံရသည်'ဟု ဖြစ်သည်။

မွတ်စ်နဒ်အဟ်မဒ်၊ သွဗ်ရာနီနှင့် ဗိုင်ဟကီကျမ်းတို့တွင် ဆွဟီးစ်စနဒ်ဖြင့် ဟဇရသ်အဘူအုမာမဟ် رضي الله عنه သခင်ထံမှ ဆင့်ပြန့်ထားသည်မှာ တမန်တော်မြတ် ﷺ က 'ငါကိုယ်တော်၏ အုမ္မသ်သားတို့အနက် လူတစ်ဦး၏ 'ရှဖာအသ်'ဖြင့် 'ရဗီအဟ်'မျိုးနွယ်စုနှင့် မုဒ်ရ်မျိုးနွယ်စုတို့၏ လူအားလုံးထက်ပင် ပို၍ 'ဂျန္နသ်'သို့ ဝင်ကြရပေမည်။

မေးခွန်းတစ်ခုနှင့်အဖြေ

ဤနေရာ၌ မေးခွန်းတစ်ခု ပေါ်ပေါက်လာသည်မှာ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် 'ရှဖာအသ်' ပြုတော်မူမည်ဖြစ်သည့်အခါ ကိုယ်တော်၏ 'ရှဖာအသ်'ဖြင့် 'ဂျဟန္နမ်'အပယ်ငရဲတွင် မည်သည့်မုအ်မင်န်မျှ ကျန်ရှိတော့မည်မဟုတ်ပေ။ သို့ဖြစ်ပေရာ အိုလာနာသာသနာ့ပညာရှင်များနှင့် သူတော်စင်တို့၏ 'ရှဖာအသ်' ပြုခြင်းဆိုသည်မှာ 'မည်သူ့အတွက် ဖြစ်ပါမည်နည်း။ မည်သို့ဖြစ်ပါမည်နည်း'ဟု ဖြစ်သည်။ သဖ်စီးရ် မဇ္ဇဟရီကျမ်းတွင် 'ဖြစ်နိုင်ချေအများဆုံးဖြစ်သည့် ပုံစံကို တင်ပြထားသည်မှာ 'အိုလမာပညာရှင်များနှင့် သူတော်စင်တို့သည် မိမိတို့ 'ရှဖာအသ်'ပြုလုပ်လိုသူများအတွက် 'ရှဖာအသ်'ကို ကိုယ်တော်မြတ် ﷺ ထံ၌ တင်ပြကြလိမ့်မည်။ တစ်ဖန် ဤသည်ကို ကိုယ်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ 'ရှဖာအသ်'ပြုပေးတော်မူမည်ဖြစ်သည်။'

အာနိသင် ။ ။ ဟဒီးစ်တော်တစ်ရပ်၌ လာရှိသည်မှာ တမန်တော်မြတ် ﷺ က

شَفَاعَتِى لِأَهْلِ الْكَبَائِرِ مِنْ أُمَّتِى

'ငါကိုယ်တော်၏ 'ရှဖာအသ်'သည် ကြီးလေးသော အပြစ်ဒုစရိုက်များ ကျူးလွန်သည့် ငါ၏ အုမ္မသ်သားများအတွက် ဖြစ်သည်'ဟု မိန့်ကြားတော်မူခဲ့သည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် ကြီးလေးသော အပြစ်ဒုစရိုက်များ ကျူးလွန်သူတို့အတွက် 'ရှဖာအသ်'သည် ကိုယ်တော်မြတ် ﷺ နှင့်သာ အထူးသီးသန့် ဖြစ်မည်ဆိုသည်ကို အထင်အရှား သိရှိရပေသည်။ ဖရစ်ရှ်သာဟ်တစ်ပါးပါး (သို့) အုမ္မသ်သားများအနက် တစ်ဦးတစ်ယောက်သည် ကြီးလေးသော ပြစ်မှုဒုစရိုက်များ ကျူးလွန်သူကို ... 'ရှဖာအသ်'ပြုပေးနိုင်မည်မဟုတ်။ သူတော်စင်များ၏ 'ရှဖာအသ်'သည် သေးငယ်သော ပြစ်မှုကျူးလွန်သူများအတွက် ဖြစ်လိမ့်မည်။

'သဟဂျ်ဂျုဒ်' နမာဇ်သည် 'ရှဖာအသ်'၏ အဆင့်ရရှိရန် အထူးအရေးပါခြင်း

ဟဒရေသ်မုဂျဒ်ဒိဒ်အလ်ဖေဆာနီ (ရဟ) က မိန့်ဆိုသည်မှာ ဤအာယသ်တော်တွင် ကိုယ်တော်မြတ် ﷺ အား ဦးစွာ 'သဟဂျ်ဂျုဒ်'နမာဇ်၏ အမိန့်ပေးတော်မူခဲ့သည်။ ထို့နောက် 'မကာမေ့မဟ်မူးဒ်' (ရှဖာအသ်ကွင်းရာ အကြီးဆုံး ရှဖာအသ်) ကို ပေးတော်မူမည်ဟု ကတိပြုတော်မူခဲ့သည်။ ထို့ကြောင့် 'သဟဂျ်ဂျုဒ်' နမာဇ်သည် 'ရှဖာအသ်'၏ အဆင့်ရရှိရန် အထူးအရေးပါကြောင်း သိရှိရပေသည်။

وَقُل رَّبِّ أَدْخِلْنِى

ရှေ့၌ လွန်လေပြီးသော အာယသ်တော်များတွင် တမန်တော်မြတ် ﷺ အား ဒုက္ခရောက်ရှိစေရန် မက္ကာဟ်မြို့သား ကာဖိရ်တို့၏ ဒုက္ခပေးပုံနှင့် ကြံစည်မှုများအကြောင်း တင်ပြထားသည်။ ထို့အတူ ၎င်းတို့၏ ကြံစည်မှုများ အောင်မြင်မည်မဟုတ်ကြောင်းနှင့် ၎င်းတို့အား ရင်ဆိုင်ရန် တမန်တော်မြတ် ﷺ အား ပထမအဆင့် လုပ်ဆောင်ချက်အနေဖြင့် နမာဇ်ငါးကြိမ် ဆောက်တည်ရန်နှင့် 'သဟဂျ်ဂျုဒ်'နမာဇ် ဝတ်ပြုရန် မိန့်ကြားတော်မူထားသည်။ ထို့နောက် အာခေရသ်တွင် အသင်အား နဗီတမန်တော်အားလုံးထက် မြင့်မားသည့် အဆင့်ဖြစ်သော 'မကာမေ့မဟ်မူးဒ်' ကို ချီးမြှင့်တော်မူမည့်အကြောင်း ကတိတော်ပြုထားသည်။ ထိုကတိတော်သည် 'အာခေရသ်'တွင် ပြည့်ဝပြီးမြောက်သွားပေမည်။ ဖော်ပြပါအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ဤဒွန္နယာလောက၌ ကာဖိရ်တို့၏ လုပ်ကြံမှုများနှင့် ဒုက္ခပေးခြင်းတို့မှ လွတ်မြောက်အောင်မြင်ရန် 'ဟိဂျ်ရသ်'အသွင်ဖြင့် မဒီနာသို့ ပြောင်းရွှေ့နေစေတော်မူသည်။ ထို့နောက်တွင် မက္ကာဟ်အား အောင်နိုင်မည့် သတင်းကောင်းကို وَقُلْ جَآءَ الْحَقُّ ၌ မိန့်ကြားတော်မူထားသည်။

ဂျာမိအ်သိရ်မိဇီကျမ်း၌ ဟရည်အစ်ဗ္ဗလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ ဆင့်ပြန့်ချက်လာရှိသည်မှာ 'ကိုယ်တော်မြတ် ﷺ သည် မက္ကာဟ်မြို့၌ပင် ရှိနေတော်မူစဉ် ကိုယ်တော်မြတ် ﷺ အား မဒီနာသို့ 'ဟီဂျ်ရည်'ပြုရန် အမိန့်ပေးတော်မူခြင်း ခံရသည်။ ထိုစဉ်က အောက်ပါအာယသ်တော် ကျရောက်လာသည်။

وَقُلْ رَّبِّ اَدْخِلْنِىْ مُدْخَلَ صِدْقٍ وَّاَخْرِجْنِىْ مُخْرَجَ صِدْقٍ

ဤအာယသ်တော်တွင် مُدْخَلْ နှင့် مُخْرَجْ စာလုံးတို့သည် ဝင်ရောက်ခြင်းနှင့် ထွက်ခွာခြင်းတို့၏ နေရာပြနာမ်များ ဖြစ်သည်။ ၎င်းတို့နှင့်အတူ صِدْقٌ ၏ ဂုဏ်ပုဒ်ကို အပိုတိုး၍ သုံးနှုန်းသည့် ရည်ရွယ်ချက်မှာ 'ဤသို့ ထွက်ခွာခြင်းနှင့် ဝင်ရောက်ခြင်းအားလုံးသည် အလ္လာဟ်အရှင်မြတ်၏ အလိုတော်အတိုင်း ကောင်းမွန်စွာနှင့် ဖြစ်ရှိမည်။' အဘာယ်ကြောင့်ဆိုသော် صِدْقٌ ဟူသော စာလုံးသည် အာရဗီဘာသာတွင် 'အတွင်းပိုင်းနှင့် အပြင်ပိုင်း ကောင်းမွန်သည့် အလုပ်ဟူသမျှအတွက်လည်း အသုံးပြုသောကြောင့်' ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် قدم صدق —— لسان صدق နှင့် مقعدصدق ဟူသော စာလုံးများသည် ဤအဓိပ္ပာယ်အတွက်သာ အသုံးပြုခြင်းဖြစ်သည်။

ဝင်ရောက်သည့် နေရာဟူသော သဘောမှာ မဒီနာဖြစ်၍ ထွက်ခွာသည့်နေရာဟူသည့် သဘောမှာ မက္ကာဟ်ဖြစ်သည်။ ဆိုလိုသည်မှာ 'အို၊ အလ္လာဟ်၊ မဒီနာတွင် ကျွန်တော်မျိုး၏ ဝင်ရောက်မှုကို ကောင်းမွန်ခြင်းများနှင့်အတူ ဖြစ်စေတော်မူပါ။ မဒီနာတွင် စိတ်နှင့် မတိုက်ဆိုင်၊ မနှစ်မြို့ဖွယ်ရာများနှင့် ကြုံတွေ့စေခြင်း ပြုတော်မမူပါနှင့်။ မက္ကာဟ်မှ ကျွန်တော်မျိုး၏ ထွက်ခွာခြင်းကိုလည်း ကောင်းမွန်ခြင်းများနှင့် ဖြစ်စေတော်မူပါ။ မွေးရပ်ဌာနေနှင့် အိမ်ယာများအပေါ် ချစ်စိတ်များဖြင့် ရှုပ်ထွေးခြင်း ဖြစ်စေတော်မမူပါနှင့်' ဟု ဖြစ်သည်။

ဤအာယသ်တော်၏ သဖ်စီးရ်တွင် အခြားသော အဆိုများလည်း လာရှိသည်။ သို့သော် ဤသဖ်စီးရ်သည် ဟစန်ဗစ္စရီနှင့် ကသာဒဟ်တို့ထံမှ ဆင့်ပြန့်ခဲ့ခြင်းဖြစ်သည်။ အိဗ်နေကဆီးရ်သည် ဤသည်ကိုပင် اصح الاقوال 'အမှန်ကန်ဆုံးအဆို'ဟု ဆိုခဲ့သည်။ အိဗ်နေဂျရီးရ်ကလည်း ဤအတိုင်းပင် ဆိုခဲ့သည်။ ဤနေရာတွင် အစီအစဉ်တကျ ဖြစ်ရမည်မှာ ဦးစွာ مُخْرَجَ 'ထွက်သည့်နေရာ'၊ ထို့နောက် مُدْخَلْ 'ဝင်သည့်နေရာ' ကို တင်ပြခြင်းဖြစ်ရပေမည်။ သို့ရာတွင် ဤနေရာ၌ مُدخَل အား ရှေ့၌ ဦးစွာ ဖော်ပြပြီး مُخْرَجَ အား နောက်မှ ဖော်ပြထားသည်။ သို့ဖြစ်ရာ မက္ကာဟ်မှ ထွက်ခွာခြင်းသည် ကိုယ်တိုင်မည်သည့်ဆန္ဒမျှ မပါဝင်ပေ။ ထိုမျှမက 'ဗိုင်သုလ္လာဟ်'အား စွန့်ခွာသွားရန်မှာ အတိုင်းမရှိ ပူဆွေးမှုဖြစ်သည်။ သို့ရာတွင် အစ္စလာမ်နှင့် မွတ်စ္စလင်မ်များအတွက် ငြိမ်းချမ်းသည့်နေရာ ရှာဖွေခြင်းသည်သာ ဆန္ဒရည်ရွယ်ချက်ဖြစ်သည်။ ထိုရည်ရွယ်ချက်ဆန္ဒမှာ မဒီနာသို့ ဝင်ရောက်ခြင်းဖြင့်သာ ရရှိပေမည်။ ဆန္ဒပြုရည်ရွယ်သည့် ကိစ္စကို ဦးစားပေး ရှေ့တန်းတင်ခြင်းဖြစ်သည်။

အစီကရည်ရွယ်ချက်များအတွက် လက်ခံခြင်း ပြုခံရသည့် ဒိုအာ

မက္ကာဟ်မှ မဒီနာသို့ 'ဟိဂ်ျရသ်'ပြု ပြောင်းရွှေ့တော်မူသည့်အခါ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ အား အထက်ပါဒိုအာကို သင်ပေးတော်မူခဲ့သည်။ 'မက္ကာဟ်မှ ထွက်ခွာခြင်းနှင့် မဒီနာသို့ ရောက်ရှိခြင်း နှစ်ရပ်စလုံးတွင် ကောင်းမွန်ခြင်းများဖြင့် ဖြစ်စေတော်မူပါ'ဟု ဖြစ်သည်။

ထိုဒိုအာ၏ အကျိုးဆက်ပင် ဖြစ်သည်။ ဟိဂ်ျရသ်အချိန်တွင် နောက်မှ လိုက်လာသည့် ကာဖိရ်တို့၏ အနှောက်အယှက်မှ ခြေလှမ်းတိုင်းတွင် ကာကွယ်စောင့်ရှောက်တော်မူခဲ့သည်။ ထို့နောက် မဒီနာမြို့အား အတွင်းပိုင်း၊ အပြင်ပိုင်းတို့တွင် ကိုယ်တော်မြတ် ﷺ နှင့် မွတ်စ္စလင်မ်များအတွက် သင့်တင့်လျောက်ပတ်သော မြို့အဖြစ် ပြုပေးတော်မူခဲ့သည်။ ထို့ကြောင့် အချို့ပညာရှင်များက မိန့်ဆိုသည်မှာ ဤဒိုအာသည် မွတ်စ္စလင်မ်တိုင်းအဖို့ မိမိတို့၏ ရည်ရွယ်ချက်ဟူသမျှ၏ အစတွင် သတိရသင့်သည်။ ရည်ရွယ်ချက်တိုင်းအတွက် ဤဒိုအာသည် အကျိုးသက်ရောက်စေသည်။ ဤဒိုအာ၏ ပြည့်စုံမှုမှာ ၎င်း၏နောက်မှ ဝါကျတစ်ခုဖြစ်သည်။ ယင်းဝါကျမှာ-

وَاجْعَلْ لِّيْ مِنْ لَّدُ نْكَ سُلْطَا نًا نَّصِيْرًا

ဟူ၍ ဖြစ်သည်။ ဟဇရသ်ကသာဒဟ် ؓ သခင်က မိန့်ဆိုသည်မှာ 'တမန်တော်မြတ် ﷺ သည် ဆင့်ပြန့်ချက်၏ တာဝန်များကို ထမ်းဆောင်ရန်နှင့် ရန်သူများ ဝိုင်းဝိုင်းလည်နေသည့် ကြားတွင် အလုပ်လုပ်ရန်မှာ မိမိ၏ အင်အားဖြင့် မဖြစ်နိုင်ကြောင်း သိတော်မူပေသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ကူညီမှုမ်းမမူများ ပြုပါရန် ဒိုအာတောင်းခံတော်မူခဲ့သည်။ ယင်းဒိုအာအား အလ္လာဟ်အသျှင်မြတ်သည် လက်ခံတော်မူလိုက်သည်။ ထိုဒိုအာ၏ စူးရှသက်ရောက်မှု အငွေ့အသက်များသည် အားလုံးတို့၏ ရှေ့၌ ရောက်ရှိခဲ့ပေသည်။

وَقُلْ جَآءَ الْحَقُّ وَزَهَقَ الْبَا طِلُ

ဤအာယသ်တော်သည် ဟိဂ်ျရသ်နောက်ပိုင်း မက္ကာဟ်ကို အောင်နိုင်ခြင်းနှင့် စပ်လျဉ်း၍ ကျရောက်လာခဲ့သည့် အာယသ်တော်ဖြစ်သည်။ ဟဇရသ်အိဗ်နေမတ်စ်အူးဒ် ؓ သခင်က မိန့်ဆိုသည်မှာ မက္ကာဟ်ကို အောင်နိုင်သည့်နေ့တွင် တမန်တော်မြတ် ﷺ သည် မက္ကာဟ်၌ ဝင်ရောက်တော်မူသည့်အခါ 'ဗိုင်သွလ္လာဟ်'၏ ဘေးပတ်လည်တွင် အရေအတွက် (၃၆၀) ရှိသော ဆင်းတုရုပ်များ ရှိနေခဲ့သည်။ အချို့ပညာရှင်များက ဤသို့ အထူးသတိမှတ်ချက်ဖြင့် အရေအတွက်ရှိနေခြင်းမှာ မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်တို့သည် တစ်နှစ်တာကာလ၏ နေ့များတွင် နေ့စဉ်တစ်နေ့အတွက် ဆင်းတုရုပ်တုတစ်ခုစီကို သီးခြားစီ ထားကြသည်။ ထိုနေ့တွင် ထိုရုပ်တုအား ကိုးကွယ်ကြသည်'ဟု ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

ကိုယ်တော်မြတ် ﷺ သည် ထိုဆင်းတုရုပ်များအနီးသို့ ရောက်ရှိလေသောအခါ ကိုယ်တော်မြတ် ﷺ ၏ နှုတ်တော်တွင်

جَآءَ الْحَقُّ وَزَهَقَ الْبَا طِلُ

ဟူသော အာယသ်တော်ကိုသာ ရွတ်ဆိုလျက် မိမိ၏ လက်ကိုင်တုတ်ဖြင့် ဆင်းတုတစ်ခုချင်း၏ ရင်ဘတ်ကို ရိုက်တော်မူခဲ့သည်။ *[ဘုခါရီကျမ်း၊ မွတ်စ္စလင်မ်ကျမ်း]*

အချို့ဆင့်ပြန်ချက်များ၌ လာရှိသည်မှာ ထိုလက်ကိုင်တုတ်၏ အောက်တွင် ဇင့် (သို့) သံဖြင့် ပြုလုပ်ထားသည့် 'ကွင်း'တတ်ဆင်ထားသည်။ ကိုယ်တော်မြတ် ﷺ သည် ဆင်းတုတစ်ခုခု၏ ရင်ဘက်ကို ထိုတုတ်ဖြင့် ရိုက်လိုက်သည့်အခါ ထိုဆင်းတုသည် နောက်ပြန်လဲကျသွားလေသည်။ နောက်ဆုံးတွင် ဆင်းတု အားလုံး လဲကျသွားသည့်အထိ ဖြစ်ခဲ့သည်။ ထို့နောက်တွင် ကိုယ်တော်မြတ် ﷺ သည် ၎င်းတို့အား ချိုးဖွဲ့ ဖျက်ဆီးရန် အမိန့်ပေးတော်မူသည်။ *[ကုရ်သုဗီကျမ်း]*

ရှရစ်က်၊ ကုဖွရ်နှင့် လမ်းမှားသူတို့၏ ဓလေ့ထုံးတမ်းစဉ်လာများနှင့် အထိမ်းအမှတ် သင်္ကေတများကို ဖယ်ရှားပစ်ရန် 'ဝါဂျိဗ်' ဖြစ်ခြင်း

အေမာမ်ကုရ်သုဗီ (ရဟ) သခင်က မိန့်ဆိုသည်မှာ ဤအာယသ်တော်တွင် မုရှ်ရစ်က်တို့၏ ဆင်းတုနှင့် အခြားသော မုရှ်ရစ်က်တို့၏ အထိမ်းအမှတ်သင်္ကေတများအား ဖယ်ရှားပစ်ရန် 'ဝါဂျိဗ်'ဖြစ်သည့် အကြောင်း အထောက်အထားဖြစ်သည်။ ထို့အပြင် အပြစ်ဒုစရိုက်အတွက်သာ သုံးစွဲရာဖြစ်သော ပစ္စည်းပစ္စယများအား ဖယ်ရှားရန်မှာလည်း 'ဝါဂျိဗ်'ဖြစ်သည်။

အိဗ်နေမွန်ဇိရ်က မိန့်ဆိုသည်မှာ သစ်သား (သို့) ကြေး၊ သံ စသည်တို့၌ ရေးဆွဲပြုလုပ်ထားသည့် ရုပ်ပုံများသည်လည်း ဆင်းတုတို့၏ အမိန့်၌ပင် အကျုံးဝင်ပေသည်။ တမန်တော်မြတ် ﷺ သည် ရုံပုံလွှာများကို ဆေးရောင်ဖြင့် ရေးဆွဲထားသည့် ကန့်လန့်ကာများကို ဆုတ်ဖြဲတော်မူခဲ့သည်။ ထိုအချက်များအားဖြင့် ရုပ်ပုံများနှင့်စပ်လျဉ်းသည့် အမိန့်တော်ကို သိရှိသွားရသည်။ ဟဇရသ်အီဆာ عليه السلام သည် နောက်ဆုံးခေတ်တွင် ကြွမြန်းလာတော်မူသည့်အခါ 'ဆွဟီးဟ်'ဟဒီးစ်တော်များနှင့်အညီ 'လက်ဝါးကပ်တိုင်'များကို ရိုက်ချိုး ဖျက်ဆီးတော်မူလိမ့်မည်။ ဝက်သတ္တဝါများအား သတ်ဖြတ်တော်မူလိမ့်မည်။ ဤအမိန့်တော်အားလုံးသည် ရှရစ်က်၊ ကုဖ်ရ်နှင့် လမ်းမှားသူတို့၏ ကိရိယာအသုံးအဆောင်များကို ချိုးဖျက် ဖျက်ဆီးရန် 'ဝါဂျိဗ်'ဖြစ်ကြောင်း အထောက်အထားဖြစ်ပေသည်။

وَنُنَزِّلُ مِنَ الْقُرْاٰنِ مَا هُوَ شِفَآءٌ

ကုရ်အာန်ကျမ်းတော်မြတ်သည် နှလုံးသားများအတွက် 'ဆေး'ဖြစ်ခြင်းသည်လည်းကောင်း၊ 'ကုဖွရ်'နှင့် ရှရစ်က် စသည့် ဆိုးယုတ်သော စာရိတ္တ၊ အတွင်းပိုင်းရောဂါများမှ လူသားကို လွတ်မြောက်အောင်မြင်စေသည့် အကြောင်းခံဖြစ်ခြင်းသည်လည်းကောင်း ထင်ရှားပေါ်လွင်သောကိစ္စ ဖြစ်သည်။ အွမ္မသ်အားလုံးတို့သည် ထိုအချက်အပေါ် အကွဲအလွဲမရှိ တူညီကြပေသည်။ အချို့ပညာရှင်များထံတွင် ကုရ်အာန်ကျမ်းတော်မြတ်သည် အတွင်းပိုင်းရောဂါများအတွက် ဆေးဖြစ်သကဲ့သို့ အပြင်ပိုင်းရောဂါများအတွက်လည်း ဆေးဖြစ်သည်ဟု ဆိုကြသည်။ ကုရ်အာန်၏ အာယသ်တော်များကို ဖတ်၍ ရောဂါသည်အပေါ် မန်းမှုတ်ခြင်း၊ ထို့ပြင် 'သအ်ဝီးဇ်'ရေး၍ လည်ပင်း၌ ဆွဲခြင်းတို့သည် အပြင်ပိုင်းရောဂါများအတွက်လည်း ဆေးဖြစ်သည်။ ဟဒီးစ်ဆင့်ပြန်ချက်များစွာတို့သည် ဖော်ပြပါအချက်အပေါ် သက်သေသာကေ ဖြစ်ပေသည်။ ဟဒီးစ်ကျမ်းဂန်

အားလုံးတွင် ဟဇရတ်အာဗူစအီးဒ်ခုဒ်ရီ ﷺ ၏ ဆင့်ပြန်ခဲ့သည့် အောက်ပါဟဒီးစ်တော် ရှိပေသည်။ ထိုဟဒီးစ်တော်မှာ ဆွဟာဗာတို့၏ အုပ်စုတစ်စုသည် ခရီး၌ ရှိနေခဲ့ကြသည်။ ရွာတစ်ရွာမှ ခေါင်းဆောင်တစ်ဦးမှာ ကင်းကိုက်ခံရလေသည်။ လူတို့က ဆွဟာဗာတို့ထံ လာရောက်၍ 'ဆေးဝါးကုသပေးနိုင်ပါသလော' ဟု မေးမြန်း၍ အကူအညီတောင်းခံလေရာ ဆွဟာဗာများသည် စူရာဟ်ဖာသေဟဟ် (၇) ကြိမ်ဖတ်၍ ထိုသူ့အပေါ် မန်းမှုတ်ကြရာ ထိုရောဂါသည်မှာ ကောင်းသွားခဲ့သည်။ ဤသို့ဖြင့် တမန်တော်မြတ် ﷺ ၏ ရှေ့တော်တွင် ဤဖြစ်ရပ်အကြောင်း ရောက်ရှိလာခဲ့သည်။ တမန်တော်မြတ် ﷺ သည် ဆွဟာဗာများ၏ ထိုလုပ်ရပ်ကို ပြုပိုင်ကြောင်း သတ်မှတ်တော်မူခဲ့သည်။

အလားတူ ဟဒီးစ်ဆင့်ပြန်ချက်များစွာတို့ဖြင့် တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် 'စူရာဟ်ဖလက်' နှင့် 'စူရာဟ်နားစ်' တို့ကို ဖတ်၍ မန်းမှုတ်တော်မူခဲ့ကြောင်း အထောက်အထားရှိသည်။ ဆွဟာဗာများနှင့် သာဗေအီးန်များမှလည်း အထက်ပါစူရာဟ်နှစ်ပုဒ်နှင့် အခြားသော ကုရ်အာန်အာယသ်တော်များအားဖြင့် ရောဂါသည်များကို ကုသခြင်းနှင့် ရေးသား၍ လည်ပင်း၌ ဆွဲစေခြင်းများ ရှိခဲ့ကြောင်း အထောက်အထားများ ရှိပေသည်။

وَلَا يَزِيدُ الظَّٰلِمِينَ إِلَّا خَسَارًا

ဤအာယသ်တော်အားဖြင့် ကုရ်အာန်ကျမ်းတော်မြတ်အား ရှိသေလေးစားစွာ ဖတ်ရွတ်ခြင်းသည် ၎င်းအတွက် ဆေးဖြစ်သကဲ့သို့ ဤသည်ကို မယုံကြည်၊ ငြင်းဆိုသူများအဖို့ ပျက်စီးဆုံးရှုံးခြင်းနှင့် ဒုက္ခများ ကြုံတွေ့ရမည့် အကြောင်းခံ ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِذَآ أَنْعَمْنَا عَلَى ٱلْإِنسَٰنِ أَعْرَضَ وَنَـَٔا بِجَانِبِهِۦ ۖ وَإِذَا مَسَّهُ ٱلشَّرُّ كَانَ يَـُٔوسًا ﴿٨٣﴾

၁၇ : ၈၃ ။ ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် လူသား၏အပေါ်၌ ကျေးဇူးပြုလေတော်မူသောအခါ ၎င်းသူသည် မျက်နှာလွှဲ၍ ဝေးစွာ ရှောင်ဖယ်သွားလေ့ ရှိပေသည်။ သို့ရာတွင် ယင်းလူသား၌ ဘေးဒုက္ခသက်ရောက်လေသောအခါ၊ ၎င်းသူသည် မျှော်လင့်ချက်ကင်းသူ (အလွန်အားငယ်သူ) ဖြစ်သွားလေတော့သည်။

قُلْ كُلٌّ يَعْمَلُ عَلَىٰ شَاكِلَتِهِۦ فَرَبُّكُمْ أَعْلَمُ بِمَنْ هُوَ أَهْدَىٰ سَبِيلًا ﴿٨٤﴾

၁၇ : ၈၄ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ လူတိုင်းလူတိုင်းသည် မိမိ၏ နည်းလမ်းအတိုင်းပင် ကျင့်မူဆောင်ရွက်လေ့ ရှိပေသည်။ သို့ရာတွင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မည်သူက လမ်းအမှန်ဆုံးသောသူ ဖြစ်သည်ကို သိတော်မူဆုံးသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် (အချို့) လူ (ကာဖိရ်) များအား ငါအသျှင်မြတ်က ကျေးဇူးတော်များ ချီးမြှင့်တော်မူသည့်အခါ (ငါအသျှင်မြတ်နှင့် ငါအသျှင်မြတ်၏ အမိန့်တော်များမှ) မျက်နှာလွှဲဖယ်၍ ဘေးစောင်းလှည့်လေ့ ရှိကြသည်။ ထို့နောက် ၎င်းအပေါ်တွင် ဒုက္ခတစ်စုံတစ်ရာ ရောက်ရှိလာသည့်အခါ (လုံးဝသုံး 'ရဟ်မသ်'တော်မှ) မျှော်လင့်ချက် ကင်းမဲ့သွားကြသည်။ (ဤအခြေအနေနှစ်ရပ်စလုံးသည် အလ္လာဟ်အသျှင်မြတ်နှင့် အဆက်ဖြတ်သည့် အထောက်အထားဖြစ်သည်။ ဤသည်ပင် ကုဖွ်ရ်နှင့် လမ်းမှားခြင်းဟူသမျှ ကို၏ အခြေခံပင်ဖြစ်သည်။ အို၊ နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ (မုအ်မင်နှင့် ကာဖိရ်၊ ကောင်းမြတ်သောသူနှင့် ဆိုးသွမ်းသူများအနက်) လူတိုင်းလူတိုင်းသည် မိမိတို့ နည်းလမ်းအတိုင်းပင် ကျင့်မူ ကြလေသည်။ (မိမိတို့၏ အသိဉာဏ်၏ မှန်ကန်မှုအပေါ် ရပ်တည်၍ အသိပညာနှင့် အသိမဲ့ခြင်းများအပေါ် အခြေခံ၍ ကွဲလွဲသော လုပ်ရပ်များ ပြုလျက်ရှိကြသည်။) သို့ရာတွင် အသင့်အား မွေးမြူတော်မူသော အသျှင်မြတ်သည် မည်သူ လမ်းအမှန်ဆုံးဖြစ်သည်ကို သိတော်မူဆုံးသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ထိုနည်းတူစွာ လမ်းမှန်ပေါ်၌ မရှိသူကိုလည်း သိတော်မူသည်။ လူတိုင်းလူတိုင်းအား ၎င်းတို့၏ ကျင့်စဉ်များ နှင့်အညီ ကောင်းကျိုး (သို့) ဆိုးကျိုးပေးတော်မူမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

كُلٌّ يَّعْمَلُ عَلٰى شَا كِلَتِهٖ

شَاكِلَة ဟူသော စာလုံးအား ဖွင့်ဆိုရာ၌ ခေတ်ဦးအေမာမ်ကြီးများတွင် အဆိုကွဲလွဲမှုများ ရှိခဲ့ကြသည်။ طبيعت ပင်ကိုယ်စိတ်ထား၊ عادت အလေ့အထ၊ جِبلّت သဘာဝ၊ نيت ရည်ရွယ်ချက်နှင့် طريقه နည်းလမ်း စသည်တို့ ဖြစ်သည်။ ၎င်းတို့၏ အလိုသဘောမှာ လူတိုင်းလူတိုင်းသည် မိမိတို့၏ ပတ်ဝန်းကျင် အသိုင်းအဝိုင်း၊ အလေ့အထနှင့် ဓလေ့ထုံးစံများအားဖြင့် ဒုတိယမြောက်အလေ့အထနှင့် စိတ်ဓါတ်တစ်ခု ဖြစ်ပေါ်လာခဲ့သည်။ ထိုသူ၏ အမူအကျင့်တို့သည် ထိုအသိုင်းအဝိုင်းနှင့် ဓလေ့စရိုက်များ အတိုင်း ဖြစ်လာတော့သည်။ *[ကုရ်သုဗီကျမ်း]*

ဤနေရာတွင် လူသားအဖို့ မကောင်းသော အသိုင်းအဝိုင်း၊ မကောင်းသော အကျင့်စရိုက်များမှ ရှောင်ကြဉ်၍ ကောင်းသော လူတို့၏ ထိုင်ဝိုင်းနှင့် ကောင်းသော အလေ့အထများ၌ ဖြစ်စေရန် သတိပေးနှိုးဆော်ထားသည်။ *[ဂျဆ္ဆွားဆ်ကျမ်း]*

အဘယ်ကြောင့်ဆိုသော် မိမိ၏ အသိုင်းအဝိုင်း၊ ဓလေ့ထုံးစံများနှင့် အလေ့အထများသည် လူသားတွင် စိတ်ဓါတ်တစ်မျိုး ဖြစ်ပေါ်သွားတတ်သည်။ ထိုလူသား၏ လုပ်ရပ်တိုင်းသည် ထိုအချက်များအတိုင်း

ဖြစ်ပေါ်လာသည်။ အေမာစ်ဂျခွဲဆွားခွဲသည် ဤနေရာတွင် شَاكِلَة ဟူသော စာလုံး၏ အဓိပ္ပာယ်တစ်ခုကို 'ပုံတူ'ဟုလည်း ဆိုထားသည်။ ထိုအဓိပ္ပာယ်အားဖြင့် အာယသ်တော်၏ အလိုသဘောမှာ 'လူတိုင်းသည် မိမိ၏ သဘောသဘာဝနှင့် ကိုက်ညီသူနှင့် ယှဉ်ပါးမှု ဖြစ်လေ့ရှိသည်။ ကောင်းသောသူသည် ကောင်းသော သူနှင့်လည်းကောင်း၊ မကောင်းသောသူသည် မကောင်းသောသူနှင့်လည်းကောင်း ယှဉ်ပါးကြသည်။ ကုရ်အာန် ကျမ်းတော်မြတ်တွင် အလ္လာဟ်အသျှင်မြတ်က اَلْخَبِيْثٰتُ لِلْخَبِيْثِيْنَ 'ယုတ်မာသော မိန်းမများသည် ယုတ်မာသော ယောကျ်ားများနှင့်သာ ထိုက်တန်ကြသည်' ဟုလည်းကောင်း၊ وَالطَّيِّبٰتُ لِلطَّيِّبِيْنَ 'မွန်မြတ်သော မိန်းမများသည် မွန်မြတ်သော ယောကျ်ားများနှင့်သာ ထိုက်တန်ကြသည်'ဟုလည်းကောင်း မိန့်ဆိုထားတော်မူသည်။ ဆိုလိုသည်မှာ လူတိုင်းလူတိုင်းသည် မိမိတို့၏ သဘောသဘာဝနှင့် ကိုက်ညီသည့် အမျိုးသား၊ အမျိုးသမီးနှင့်သာ ယှဉ်ပါးကြသည်။ ထို့ကြောင့် လူသားသည် မကောင်းသော အသိုင်းအဝိုင်းနှင့် မကောင်းသော အကျင့်စရိုက်များမှ ရှောင်ကြဉ်မှုကို အလေးအနက်ထားရန် နှိုးဆော်ထားခြင်းဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَيَسْـَٔلُوْنَكَ
عَنِ الرُّوْحِ ۗ قُلِ الرُّوْحُ مِنْ اَمْرِ رَبِّيْ وَمَاۤ اُوْتِيْتُمْ مِّنَ الْعِلْمِ اِلَّا قَلِيْلًا ﴿۸۵﴾

၁၇ : ၈၅ ။ ။ စင်စစ် ၎င်းတို့သည် အသင့်အား 'ရူးဟ်'အသက်ဝိညာဉ်နှင့် စပ်လျဉ်း၍ မေးမြန်းကြကုန်၏။ အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) အသက်ဝိညာဉ်သည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်အတိုင်း ဖြစ်လာသည်။ စင်စစ် အသင်တို့သည် အနည်းငယ်မျှသော အသိပညာကိုသာ ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရကုန်သည်။

وَلَئِنْ شِئْنَا لَنَذْهَبَنَّ بِالَّذِيْۤ اَوْحَيْنَاۤ اِلَيْكَ ثُمَّ
لَا تَجِدُ لَكَ بِهٖ عَلَيْنَا وَكِيْلًا ﴿۸۶﴾

၁၇ : ၈၆ ။ ။ စင်စစ် (အို၊ နဗီတမန်တော်) အကယ်၍ ငါအသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် အသင်၏ထံသို့ ငါအသျှင်မြတ် ထုတ်ပြန်ချမှတ်တော်မူခဲ့သည့် (ကုရ်အာန်ကျမ်းတော်မြတ်) ကို အမှန်ပင် ပြန်လည်ရုပ်သိမ်းတော်မူပေမည်။ ထို့နောက် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) နှင့် စပ်လျဉ်း၍ ငါအသျှင်မြတ်နှင့် ဆန့်ကျင်ကာ အားကိုးအားထား တစ်ဦး တစ်ယောက်ကိုမျှပင် အသင်တွေ့ရှိလိမ့်မည်မဟုတ်ပေ။

إِلَّا رَحۡمَةً مِّن رَّبِّكَۚ إِنَّ فَضۡلَهُۥ كَانَ عَلَيۡكَ كَبِيرًا ﴿٨٧﴾

၁၇ : ၈၇ ॥ ॥ သို့ရာတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ကရုဏာတော်အားဖြင့်သာ (ထိုသို့ ရုပ်သိမ်းခြင်းကို ပြုတော်မမူခဲ့ချေ။) ကေန်စင်စစ် ထိုအသျှင်မြတ်၏ ကျေးဇူးတော်သည် အသင်၏အပေါ်၌ ကြီးမား လှပေသည်။

قُل لَّئِنِ ٱجۡتَمَعَتِ ٱلۡإِنسُ وَٱلۡجِنُّ عَلَىٰٓ
أَن يَأۡتُواْ بِمِثۡلِ هَٰذَا ٱلۡقُرۡءَانِ لَا يَأۡتُونَ بِمِثۡلِهِۦ وَلَوۡ كَانَ بَعۡضُهُمۡ
لِبَعۡضٖ ظَهِيرًا ﴿٨٨﴾

၁၇ : ၈၈ ॥ ॥ (အို၊ နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ (အချင်းတို့) စင်စစ် အကယ်၍ လူသားနှင့် 'ဂျင်န်' သတ္တဝါအပေါင်းအားလုံးတို့သည် ဤကုရ်အာန်ကျမ်းတော်မြတ်နှင့်တူသော ကျမ်းကို (စီကုံးရေးသား၍) ယူဆောင်လာကြရန် စုရုံးကြပြီးလျှင် တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းခဲ့သော်ငြားလည်း ၎င်းတို့သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်နှင့်တူသော ကျမ်းကို (စီကုံးရေးသား) ယူဆောင်လာနိုင်ကြမည် အလျှင်းမဟုတ်ပေ။

وَلَقَدۡ صَرَّفۡنَا لِلنَّاسِ فِي هَٰذَا ٱلۡقُرۡءَانِ مِن
كُلِّ مَثَلٖ فَأَبَىٰٓ أَكۡثَرُ ٱلنَّاسِ إِلَّا كُفُورٗا ﴿٨٩﴾

၁၇ : ၈၉ ॥ ॥ ၎င်းပြင် ကေန်မလွဲ ငါအသျှင်မြတ်သည် လူတို့ (သိနားလည်ကြရန်) အလို့ငှာ ဤကုရ်အာန်ကျမ်းတော်မြတ်တွင် ဥပမာပုံဆောင်ချက်အလုံးစုံကို နည်းအမျိုးမျိုးဖြင့် မိန့်ကြားထားတော်မူသည်။ သို့တစေလည်း (မက္ကာဟ်သားတို့အနက်) မြောက်မြားစွာသော သူတို့သည် ငြင်းပယ်မှုမှအပ အခြားမည်သည့်ကိုမျှ နှစ်သက်လက်ခံခဲ့ကြသည်မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ၎င်းတို့သည် အသင့်အား (စမ်းသပ်သည့်အနေဖြင့်) ဝိညာဉ် (၏ ဇစ်မြစ်) ကို မေးမြန်းကြလိမ့်မည်။ အသင်သည် ၎င်းတို့အား 'ဝိညာဉ်နှင့် စပ်လျဉ်း၍ကား ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်အတိုင်း (ဖြစ်လာသည့် အရာတစ်ခု) ဖြစ်သည်။ (ကျန်ရှိသော ၎င်း၏ ထူးမြတ်မှုများ၏ ဇစ်မြစ်မှာ) အသင်တို့အဖို့ အနည်းငယ်မျှသော အသိကို (အသင်တို့၏ နားလည်နိုင်မှုနှင့် လိုအပ်ချက်များအရ) ပေးခြင်း ခံရသည်' ဟု ပြောကြားပါလေ။ (ဝိညာဉ်၏ ဇစ်မြစ်ကို သိနိုင်ရန် ကြိုးစားခြင်းမှာ လိုအပ်သော အရာကား မဟုတ်ပေ။ ၎င်း၏ ဇစ်မြစ်ကို အများအားဖြင့် နားလည်နိုင်ခြင်းလည်း မရှိပေ။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်း၏ ဇစ်မြစ်ကို တင်ပြမထားခြင်းဖြစ်သည်။ ထို့နောက် အကယ်၍ ငါအသျှင်မြတ် အလိုတော်ရှိခဲ့ပါလျှင် အသင့်အပေါ်သို့ ငါအသျှင်မြတ် ထုတ်ပြန်ပို့ချတော်မူသည့် (၎င်းအားဖြင့် အသင့်အား အသိပညာများ ချီးမြှင့်တော်မူခဲ့ခြင်း) အားလုံးကို ရုပ်သိမ်းတော်မူပေမည်။

ထိုအခါ ထို (ဝဟီ) အား (ပြန်လည်ရယူရန်) ငါအသျှင်မြတ်နှင့် ရင်ဆိုင်ခြင်းတွင် အသင့်အဖို့ မည်သည့် ကူညီ စောင်မသူမျှ တွေ့ရှိမည်မဟုတ်ပေ။ သို့ရာတွင် (ဤသို့ ရုပ်သိမ်းမှုမပြုခြင်းသည်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကရုဏာတော်သာဖြစ်ပေသည်။ ဧကန်စင်စစ် ထိုအသျှင်မြတ်၏ ကျေးဇူးတော်သည်ကား အသင့်အပေါ်၌ ကြီးမားလှပေသည်။ ဆိုလိုသည်မှာ လူသား၏ 'ရူးဟ်'ဝိညာဉ် စသည့် အရာအားလုံးတို့၏ ဇစ်မြစ်ကို သိရန်ဆိုသည်မှာ ဝေးစွ။ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'ဝဟီ'ဖြင့် ပို့ချတော်မူခဲ့သည့် အနည်းငယ်မျှသော အသိပညာသည်ပင် မပိုင်ဆိုင်ကြပေ။ အလ္လာဟ်အသျှင်မြတ်က ချီးမြှင့်ပေးသနားတော်မူပြီးနောက်တွင်လည်း ပြန်လည်ရုပ်သိမ်းခြင်း ပြုတော်မူနိုင်သည်။ သို့သော်လည်း ထိုအသျှင်မြတ်သည် ဤကဲ့သို့ကား ပြုတော်မမူခဲ့ပါချေ။ အကြောင်းသော်ကား အသင့်အပေါ်တွင် ထိုအသျှင်မြတ်၏ ကျေးဇူးတော်သည် အလွန်ပင် ကြီးမားလှသောကြောင့် ဖြစ်ပေသည်။ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား ဤသို့ ပြောကြားပါလေ။ အကယ်၍ လူနှင့် 'ဂျင်န်'အားလုံးသည် ဤကုရ်အာန် ကျမ်းတော်မြတ်နှင့် အလားတူ ကျမ်းကို ဖြစ်မြောက်စေရန် စုရုံးပြီး တစ်ဦးနှင့်တစ်ဦး ကူညီကြသည့်တိုင် (၎င်းတို့အနက် တစ်ဦးချင်း သီးခြားစီ ကြိုးပမ်းမှုများ ပြု၍ အောင်မြင်မှုမရကြသည်သာမက ၎င်းတို့ အားလုံး တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းခြင်းဖြင့် ပြုပါလျှင်လည်း ကုရ်အာန်ကျမ်းမြတ်ကဲ့သို့ အလားတူ ကျမ်း ပြုနိုင်ကြမည် မဟုတ်ပေ။) ထို့နောက် ငါအသျှင်မြတ်သည် လူသားတို့ (အား သိနားလည်စေရန်) အတွက် ဤကုရ်အာန်ကျမ်းမြတ်တွင် ပမာပြဆိုချက် အလုံးစုံကို ကောင်းမွန်သည့် နည်းအမျိုးမျိုးဖြင့် မိန့်ကြားထားတော်မူသည်။ သို့တိုင်အောင်လည်း များစွာသောလူတို့သည် ငြင်းပယ်ခြင်းမှအပ အခြားမည်သည့် အရာကိုမျှ လက်ခံခဲ့ကြသည်မဟုတ်ပေ။

သိမှတ်ဖွယ်ရာများနှင့် ခမ္ပသတ်များ

ဖော်ပြပါအာယသ်တော်များအနက် ပထမအာယသ်တော်တွင် ကာဖိရ်များဘက်မှ 'ရူးဟ်'နှင့် စပ်လျဉ်း၍ မေးမြန်းခြင်းနှင့် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ၎င်းတို့၏ မေးမြန်းခြင်းကို တုန့်ပြန်ဖြေကြား တော်မူခြင်းများ လာရှိသည်။ 'ရူးဟ်'ဟူသော စာလုံးသည် အာဝိဓါန်နှင့် ဝေါဟာရအသုံးအနှုန်းများတွင် လည်းကောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်တွင်လည်းကောင်း များစွာသော အဓိပ္ပာယ်များအတွက် အသုံးပြု သည့် စာလုံးဖြစ်သည်။ ကျော်ကြားသည့် အဓိပ္ပာယ်မှာ ယင်းအသက်ဝိညာဉ်အားဖြင့် အသက်ရှင်လျက် ဘဝတွင် ရပ်တည်နေနိုင်သည့် 'အသက်ဝိညာဉ်'ပင် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤစာလုံး ကို ဂျိဗ်ရာအီလ် عليه السلام အတွက်လည်း သုံးနှုန်းထားသည်။

اَوۡحَیۡنَاۤ اِلَیۡكَ رُوۡحًا مِّنۡ اَمۡرِنَا

ဟုလည်းကောင်း၊ ဟဇရသ်အီစာ عليه السلام အတွက်လည်း အာယသ်တော်များစွာ၌လည်းကောင်း သုံးနှုန်းထားပေသည်။ ထို့ပြင် ကုရ်အာန်ကျမ်းတော်မြတ်အားလည်းကောင်း၊ 'ဝဟီ'အားလည်းကောင်း 'ရူးဟ်'ဟူသော စာလုံးဖြင့် ခိုင်းနှိုင်းတင်ပြထားသည်။

'ရူးဟ်' ဆိုသည်မှာ အဘယ်နည်း

ဤနေရာတွင် မေးမြန်းသူများသည် 'ရူးဟ်'၏ မည်သည့်အဓိပ္ပာယ်ကို ထောက်ရှု၍ မေးမြန်းကြောင်း ဦးစွာ စဉ်းစားရပေမည်။ အချို့အဖွင့်ပညာရှင်များက ကုရ်အာန်မှ မိန့်ကြားတင်ပြသည့် အချက်များကို ထောက်ရှုခြင်းဖြစ်သည်။ ဤမေးခွန်းသည် 'ဝဟီ'နှင့် ကုရ်အာန်အားလည်းကောင်း၊ 'ဝဟီ'ယူဆောင်လာသူ ဖရစ်ရှ်သာဟ် ဂျိဗ်ရာအီးလ် ﷵ အားလည်းကောင်း သတ်မှတ်၍ မေးခြင်းဖြစ်သည်ဟု ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုအာယသ်တော်၏ အလျှင်၌လည်း نُنَزِّلُ مِنَ الْقُرْاٰنِ ဟု မိန့်ကြားရာတွင် ကုရ်အာန်အကြောင်းကို တင်ပြထားသည်။ တစ်ဖန် နောက်မှ လာသည့် အာယသ်တော်များတွင်လည်း ကုရ်အာန်အကြောင်းပင် ဖြစ်သည်။ ထို့ကြောင့် ဤမေးခွန်းပါ 'ရူးဟ်'၏ အလိုသဘောမှာ 'ဝဟီ'နှင့် ကုရ်အာန် (သို့) ဂျိဗ်ရာအီးလ် ﷵ ကိုသာ ဆိုလိုကြောင်း ယူဆရသည်။ မေးခွန်း၏ အလိုသဘောမှာ 'ကိုယ်တော်မြတ် ﷺ အပေါ်၌ 'ဝဟီ'သည် မည်သို့မည်ပုံ ကျရောက်ပါသနည်း။ မည်သူက ယူဆောင်လာပါသနည်း'ဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုမေးခွန်းအား 'အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် 'ဝဟီ'ကျရောက် လာသည်'ဟုသာ ဖြေကြားတော်မူထားသည်။ မေးမြန်းထားသည့်အတိုင်း အကျယ်တဝင့်နှင့် ကျရောက်ပုံတို့ကိုမူ ဖြေကြားပြသခြင်း မပြုထားပေ။

သို့ရာတွင် မရ်ဖူးအ်ဆွဟီးဟ်ဟဒီးစ်တော်များတွင် ဤအာယသ်တော်၏ 'ရှာနေနုဇူးလ်' (ကျရောက်လာသည့် ဖြစ်စဉ်အကြောင်း) ကို တင်ပြထားရာတွင် 'ဤမေးခွန်းအား မေးမြန်းသူတို့သည် သက်ရှိသတ္တဝါတို့၏ အသက်ဇီဝိန်ကို မေးမြန်းခြင်းဖြစ်ကြောင်း တင်ပြထားခြင်းဖြစ်သည်'ဟု လာရှိသည်။ မေးမြန်းလိုသည့်သဘောမှာ 'ရူးဟ်သည် မည်သည့်အရာဖြစ်သနည်း။ လူသား၏ ခန္ဓာတွင် မည်သို့မည်ပုံ ဝင်ရောက်လာသနည်း။ ဤ 'ရူးဟ်'ဝိညာဉ်အားဖြင့် သက်ရှိသတ္တဝါများနှင့် လူတို့သည် မည်သို့ အသက်ရှင်သန်သူ ဖြစ်သွားပါသနည်း'ဟူ၍ 'ရူးဟ်'အသက်ဝိညာဉ်၏ ဇစ်မြစ်ကို သိလိုခြင်းဖြစ်သည်။ ဆွဟီးဟ်ဘိုခါရီနှင့် မွတ်စလင်မ်ကျမ်းတို့တွင် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အမ္ဗားစ် ؓ သခင်၏ ဆင့်ပြန်ချက်လာရှိသည်မှာ 'တစ်နေ့သ၌ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ နှင့်အတူ မဒီနာ၏ လွင်ပြင်အပိုင်း၌ လမ်းလျှောက်ခဲ့ကြသည်။ ကိုယ်တော်မြတ် ﷺ ၏ လက်တော်တွင် လက်ကိုင်တုတ်အဖြစ် စွန်ပလွံကိုင်းတစ်ခု ပါရှိသည်။ ကိုယ်တော်မြတ် ﷺ သည် ယဟူဒီအချို့တို့၏ အနီးမှ ဖြတ်သန်းလျှောက်နေတော်မူခြင်း ဖြစ်သည်။ ထိုယဟူဒီတို့သည် အချင်းချင်း 'မိုဟမ္မဒ် ﷺ လာနေသည်။ ၎င်းအား 'ရူးဟ်'နှင့် စပ်လျဉ်း၍ မေးမြန်းကြလေကုန်'ဟု ပြောဆိုနေကြသည်။ အခြားသူများက တားမြစ်ကြသည်။ သို့သော် မေးမြန်းမည်ဆိုသော သူများသည် မေးမြန်းလိုက်ကြလေတော့သည်။ ဤမေးခွန်းကို နားထောင်လျက် တမန်တော်မြတ် ﷺ သည် လက်ကိုင်တုတ်အပေါ် အမှီပြု၍ တောက်လျှောက် တိတ်ဆိတ်စွာ ရပ်နေတော်မူသည်။ ဤအချင်းအရာကို တွေ့မြင်၍ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ အပေါ် 'ဝဟီ'ကျရောက်တော့မည်ဖြစ်ကြောင်း ခန့်မှန်းမိရသည်။ အချိန်အနည်းငယ် ကြာပြီးနောက် 'ဝဟီ'ကျရောက်လာလေသည်။' ကိုယ်တော်မြတ် ﷺ သည်

وَيَسْئَلُوْ نَكَ عَنِ الرُّوْح

ဟူသော အာယသ်တော်ကို ဖတ်ကြားပြတော်မူသည်။ ဤနေရာတွင် ကုရ်အာန် (သို့) 'ဝဟီ'အား 'ရူးဟ်'ဟုဆိုခြင်းသည် ကုရ်အာန်၏ အထူးအသုံးအနှုန်းတစ်ရပ်ဖြစ်ကြောင်း ထင်ရှားပေသည်။ ထိုသူတို့၏ မေးခွန်းအား ထိုအပေါ်၌ အဓိပ္ပာယ်ကောက်ယူခြင်းမှာ အလွန်အလှမ်းဝေးလှသည်။ သို့သော် သက်ရှိ သတ္တဝါတို့ အသက်ဝိညာဉ်နှင့် စပ်လျဉ်း၍ကား ထိုသူ၏ မေးခွန်းသည် လူတိုင်း၏စိတ်၌ ပေါ်ပေါက်မည်သာ ဖြစ်သည်။ ထို့ကြောင့် အဖွင့်ပညာရှင်များဖြစ်ကြသော အိဗ်နေကဆီးရ်၊ အိဗ်နေဂျရီးရ်၊ ကုရ်သုဗီ၊ ဗဟာရ် မုဟီးသ်နှင့် ရူဟွလ်မအာနီ စသော ပညာရှင်အားလုံးတို့က 'ဤမေးခွန်းသည် သတ္တဝါတို့၏ အသက်ဝိညာဉ်၏ ဇစ်မြစ်ကို မေးမြန်းခြင်းဖြစ်သည်'ဟု သတ်မှတ်ကြသည်။

ယခု ကျန်ရှိသည့် အကြောင်းအရာအား တင်ပြနေသည်မှာ ကုရ်အာန်နှင့် စပ်လျဉ်းသော အကြောင်းအရာဖြစ်သည်။ ကြားအလယ်တွင် 'ရူးဟ်'အကြောင်း မေးမြန်းမှုမှာ အဆက်အစပ်မရှိ ဖြစ်နေပေသည်။ သို့ဖြစ်ပေရာ ၎င်းအာယသ်တော်၏အလျင်၌ လာရှိသော အာယသ်တော်များတွင် ကာဖိရ်နှင့် မုရှ်ရစ်က်တို့၏ ဆန့်ကျင်မှုများနှင့် ရန်လိုသော မေးခွန်းများအကြောင်း လာရှိသည်။ တမန်တော်မြတ် ﷺ ၏ 'ရိစာလသ်' ရစူလ်ဖြစ်ခြင်းအပေါ် ဆန်းစစ်သည့် မေးခွန်းများဖြစ်သည်။ ဤမေးခွန်းသည်လည်း ဤအကြောင်းနှင့် စပ်လျဉ်း၍ ခိုင်မာမှုတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် အဆက်အစပ်မရှိခြင်း မဟုတ်ပေ။ အထူးသဖြင့် 'ရှာနေနုဇူးလ်' (အာယသ်တော်ကျရောက်ရသည့် ဖြစ်စဉ်အကြောင်း) နှင့် စပ်လျဉ်း၍ အခြားဆွဟီးဟ်ဟဒီးစ် တစ်ပုဒ်ကို ဆင့်ပြန်ထားသည်။ ထိုဟဒီးစ်တော်တွင် 'မေးမြန်းသူတို့၏ သဘောဆန္ဒမှာ တမန်တော်မြတ် ﷺ ၏ 'ရိစာလသ်' ရစူလ်ဖြစ်ခြင်းအပေါ် ဆန်းစစ်ရန် မေးမြန်းခြင်းဖြစ်ကြောင်း ပို၍ ပေါ်လွင်စွာ လာရှိထားသည်။

သို့ဖြစ်ပေရာ မုစ်နဒ်အဟ်မဒ်ကျမ်းတွင် ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ ၏ ဆင့်ပြန်ချက် လာရှိသည်မှာ မက္ကာဟ်မြို့သား ကုရိုက်ရှ်တို့သည် မေးရမည့် မေးခွန်း၊ မမေးရမည့်မေးခွန်းဟု ခွဲခြားခြင်း မပြုဘဲ တမန်တော်မြတ် ﷺ အား မေးခွန်းထုတ် မေးမြန်းလေ့ရှိခဲ့ကြသည်။ တစ်ဖန် ၎င်းတို့က တွေးမိကြသည်မှာ ယဟူဒီတို့သည် ပညာရှင်များ ဖြစ်ကြသည်။ ရှေးကျမ်းများကို တတ်ကျွမ်းသူများလည်း ဖြစ်သည်။ ၎င်းတို့မှ မေးခွန်းအချို့ တောင်းခံ၍ ထိုမေးခွန်းအားဖြင့် တမန်တော်မြတ် ﷺ ၏ ရစူလ်ဖြစ်ခြင်းကို ဆန်းစစ်ကြမည်' ဟု အတွေးပေါက်ခဲ့ကြသည်။ ထို့ကြောင့် ကုရိုက်ရှ်တို့သည် ယဟူဒီများထံမှ မေးခွန်းရယူရန် မိမိတို့၏ လူကို စေလွှတ်ခဲ့ကြသည်။ ယဟူဒီများက 'အသင်တို့သည် ၎င်းအား 'ရူးဟ်'နှင့် စပ်လျဉ်း၍ မေးမြန်းကြကုန်'ဟု ပြောဆိုခဲ့ကြသည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကပင် ဤအာယသ်တော်၏ ဖွင့်ဆိုချက်၌ ဆင့်ပြန်ထားသည်မှာ ယဟူဒီတို့သည် တမန်တော်မြတ် ﷺ အား 'မိမိတို့၏ မေးခွန်းများ မေးမြန်းရာတွင် 'ရူးဟ်'အပေါ်၌ 'အဇာဗ်' အပြစ်ဒဏ်သည် မည်သို့ ဖြစ်ပါမည်နည်း'ဟူသော မေးခွန်းလည်း ပါဝင်သည်။ ထိုအချိန်အထိ တမန်တော်

မြတ် ﷺ အပေါ်တွင် ဤကိစ္စနှင့် စပ်လျဉ်းသော မည်သည့် 'ဝဟီ'မျှ ကျရောက်ခဲ့ခြင်း မရှိသေးပေ။ ထို့ကြောင့် ထိုအချိန်တွင် ကိုယ်တော်မြတ် ﷺ သည် ချက်ချင်း အဖြေမပေးဘဲ နေခဲ့သည်။ ထို့နောက်တွင်မှ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ရောက်ရှိလာပြီး

قُلِ الرُّوحُ مِنْ أَمْرِ رَبِّي

ဟူသော အာယသ်တော်ကို 'ဝဟီ'အဖြစ် ယူဆောင်ပို့ချခဲ့လေသည်။ *[အိဗ်နေကစီးရ်ကျမ်း]*

ဤမေးခွန်းထုတ်သည့် ဖြစ်ရပ်သည် မက္ကာဖ် (သို့) မဒီနာတွင် ဖြစ်ခဲ့ပါသလော၊

ပထမဦးစွာ ဤနေရာတွင် အချက်တစ်ချက်ကို စဉ်းစားရန်သင့်သည်။ ထိုအချက်မှာ 'ရှာနေနူဇူးလ်' (အာယသ်တော် ကျရောက်ရသည့်ဖြစ်စဉ်အကြောင်း) နှင့် စပ်လျဉ်း၍ ဟဇရသ်အိဗ်နေမတ်စ်အူးဒ် ﷺ သခင်နှင့် အိဗ်နေအဗ္ဗားစ် ﷺ သခင်တို့၏ ဆင့်ပြန်ချက်နှစ်ရပ်ကို အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ယင်းတို့အနက် အိဗ်နေမတ်စ်အူးဒ် ﷺ သခင်၏ ဆင့်ပြန်ချက်အရ ဤမေးခွန်းထုတ်သည့် ဖြစ်ရပ်သည် မဒီနာ၌ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် အချို့အဖွင့်ပညာရှင်များက ဤအာယသ်တော်ကို 'မဒနီ'ဟု သတ်မှတ်ကြသည်။ စင်စစ် စူရာဟ်ဗနီအိစ်ရာအီးလ်၏ အများစုအပိုင်းသည် 'မက္ကီ'ဖြစ်သည်။ ထို့နောက် အိဗ်နေအဗ္ဗားစ် ﷺ ၏ ဆင့်ပြန်ချက်နှင့် ပတ်သက်၍ မက္ကာဟ်မြို့တော်၌ ဖြစ်ခဲ့သည့် ဖြစ်ရပ်ဖြစ်သည်။ ထိုဆင့်ပြန်ချက်အရ ဤအာယသ်တော်သည်လည်း စူရာဟ်တစ်ပုဒ်လုံးကဲ့သို့ 'မက္ကီ'ပင် ဖြစ်သည်။ ထို့ကြောင့် အိဗ်နေကစီးရ် (ရဟ) သည် ဤဆင့်ပြန်ချက်ကိုပင် ဦးစားပေးအဆင့်အဖြစ် သတ်မှတ်ခဲ့သည်။

ထို့နောက် အိဗ်နေမတ်စ်အူးဒ် ﷺ သခင်၏ ဆင့်ပြန်ချက်အပေါ် 'ဤအာယသ်တော်သည်လည်း အခြားများစွာသော အာယသ်တော်များကဲ့သို့ မဒီနာတွင် ဒုတိယအကြိမ် ကျရောက်ခဲ့ခြင်း ဖြစ်နိုင်သည်'ဟု အဖြေပေးခဲ့သည်။ ပညာရှင်အားလုံးကလည်း ဤသည်ကို လက်ခံပြီးသားဖြစ်သည်။ သဖ်စီးရ်မဇ္ဇဟရီးကျမ်းတွင် အိဗ်နေမတ်စ်အူးဒ် ﷺ သခင်၏ ဆင့်ပြန်ချက်ကို ဦးစားပေးလျက် မဒီနာ၏ ဖြစ်ရပ်နှင့် အာယသ်တော်ကို 'မဒနီ' ဟု သတ်မှတ်သည်။ ထိုသတ်မှတ်ချက်အတွက် အကြောင်းနှစ်ချက် ပြထားသည်။ တစ်ချက်မှာ ဤဆင့်ပြန်ချက်သည် ဆွဟီဟိုင်းန် (ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း) တို့တွင် လာရှိသည့် ဆင့်ပြန်ချက်ဖြစ်သည်။ ထို့ပြင် ဤဆင့်ပြန်ချက်၏ စနဒ်သည် အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ စနဒ်ထက် ပို၍ခိုင်မာသည်။ ဒုတိယအချက်မှာ ဤဆင့်ပြန်ချက်တွင် ဖြစ်ရပ်၌ ပါဝင်ခဲ့သူ အိဗ်နေမတ်စ်အူးဒ် ﷺ သခင်ကိုယ်တိုင် မိမိ၏ ဖြစ်ရပ်ကို တင်ပြခြင်းဖြစ်သည်။ အိဗ်နေအဗ္ဗားစ် ﷺ ၏ ဖြစ်ရပ်နှင့်မူ ဆန့်ကျင်ပေသည်။ အဘယ်ကြောင့်ဆိုသော် အိဗ်နေအဗ္ဗားစ် ﷺ သည် ဤဖြစ်ရပ်ကို တစ်ဦးဦးထံမှ ကြားခဲ့ရခြင်းဖြစ်မည်မှာ ထင်ရှားပေသည်။

ဖော်ပြပါမေးခွန်း၏ အဖြေ

ဤမေးခွန်းအား ကုရ်အာန်ကျမ်းမြတ်က

قُلِ الرُّوْحُ مِنْ اَمْرِ رَبِّیْ

ဟု တုန့်ပြန်ဖြေကြားထားသည်။ ထိုအဖြေအား ရှင်းလင်းတင်ပြရာတွင် အဖွင့်ပညာရှင်တို့၏ သုံးသပ်ချက်စကားများနှင့် နှိုင်းယှဉ်ချက်များ၌ ကွဲလွဲမှုများ ရှိသည်။ ယင်းတို့အနက် အနီးစပ်ဆုံးနှင့် အရှင်းလင်းဆုံးမှာ သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် ကာဇ္ဇီစနာဗ္ဗလ္လာဟ်ပါနီပသ်သီး (ရဟ) ၏ တင်ပြချက်ဖြစ်သည်။ ထိုတင်ပြချက်မှာ 'ဤဖြေကြားချက်တွင် တင်ပြရန် အရေးကြီးသော အချက်ဖြစ်သည့် လူအများ နားလည်သင့်သည်ကိုသာ တင်ပြခြင်းဖြစ်သည်။ 'ရူးဟ်'၏ ဇစ်မြစ်အပြည့်အစုံနှင့် စပ်လျဉ်း၍ မေးမြန်းခြင်းကို အဖြေမပေးခြင်းမှာ ထိုအချက်သည် လူအများ သိနားလည်နိုင်ခြင်း မရှိသည့်အပြင် ၎င်းတို့၏ လိုအပ်ချက်တစ်ခုခုသည် ထိုအချက်ကို နားလည်ရန် အဓိကမကျသောကြောင့် ဖြစ်သည်။ ဤနေရာတွင် တမန်တော်မြတ် ﷺ အပေါ် 'အသင်သည် ၎င်းတို့အား 'ရူးဟ်'သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်အတိုင်းသာ ဖြစ်သည်'ဟု ပြောကြားပါလေ'ဟု အမိန့်ပေး ခြင်းခံရသည်။ ဆိုလိုသည်မှာ ဤ 'ရူးဟ်'သည် အခြားသော အဖန်ဆင်းခံများကဲ့သို့ မွေးဖွားခြင်း၊ မျိုးပွား ခြင်းတို့ဖြင့် ဖြစ်ပေါ်လာသည်မဟုတ်ဘဲ အကြောင်းဆက်စပ်မှုမရှိဘဲ အလ္လာဟ်အသျှင်မြတ်၏ 'ဖြစ်စေ'ဟူသော အမိန့်ဖြင့်သာ ပေါ်ပေါက်ဖြစ်တည်လာခြင်း ဖြစ်သည်။ ဤဖြေကြားမှုသည် 'ရူးဟ်'အား အစဉ်အဆက်ဖြင့် ဖြစ်ပေါ်လာခြင်းအပေါ် နှိုင်းယှဉ်သုံးသပ်၍ မရနိုင်ကြောင်းကို ရှင်းလင်းစွာ ဖော်ပြလိုက်သည်။ ဤသို့ ဖော်ပြခြင်းဖြင့် 'ရူးဟ်'အား အစဉ်အဆက်အားဖြင့် ဖြစ်ပေါ်တည်ရှိမှု အားလုံးအပေါ် နှိုင်းယှဉ်သုံးသပ်ခြင်းဖြင့် ပေါ်ပေါက်လာမည့် သံသယအားလုံး ကင်းရှင်းသွားပေသည်။ ထို့နောက် လူသားအတွက် 'ရူးဟ်'နှင့် စပ်လျဉ်း၍ ဤမျှသာ သိရှိရန် လုံလောက်ပေသည်။ ထို့ထက်ပို၍ သိနားလည်ခြင်းဖြင့် ၎င်း၏ လောကီ၊ လောကုတ္တရာအရေးများတွင် အသုံးပြုစရာလည်း မရှိပေ။ ထို့ကြောင့် ဤမေးခွန်းသည် အလဟဿနှင့် အကျိုးမဲ့ မေးခွန်းဟု သတ်မှတ်၍ အဖြေမပေးခြင်းဖြစ်သည်။ အထူးသဖြင့် 'ရူးဟ်'၏ ဇစ်မြစ်ကို သိနားလည်ရန်မှာ သာမန်လူများကိုမဆိုထားနှင့် အတွေးအခေါ် အသိပညာရှင်များအဖို့ပင် မလွယ်ကူပါချေ။

မေးခွန်းတိုင်းကို ဖြေကြားရန် အရေးမကြီး၊ မေးမြန်းသူ၏ သာသနာရေးလိုက်စားမှု ရှိ၊ မရှိကိုသာ ထောက်ရှုရန် အရေးကြီးခြင်း

အေမာမ်ဂျဆ္ဆွားဆ္ဆ (ရဟ) သည် ထိုဖြေကြားချက်မှ ဓမ္မသတ်ထုတ်နုတ်သည်မှာ မွဖ်သီနှင့် အာလင်မ်တို့သည် မေးမြန်းသူ၏ မေးခွန်းတိုင်းအပေါ် မုချ အဖြေပေးရန် အရေးမကြီးဘဲ သာသနာရေး အကျိုးဖြစ်မှုကိုသာ ထောက်ရှု၍ ဖြေကြားရန် အရေးကြီးသည်။ ဖြေကြားမှုသည် မေးမြန်းသူ၏ အသိတရား

ထက် မြင့်နေလျှင်ဖြစ်စေ၊ (သို့) ထိုသူ၏အသိ မှားယွင်းသွားမည်ကို စိုးရိမ်ရသည့်အခါ၌ဖြစ်စေ ထိုသို့သော မေးခွန်းမျိုးကို ဖြေကြားခြင်း မပြုရပေ အလားတူ မလိုအပ်ဘဲဖြစ်စေ၊ အကျိုးမဲ့ မေးခွန်းမျိုးကိုဖြစ်စေ မေးမြန်းလာလျှင် ဖြေကြားခြင်း မပြုရပေ။ သို့ရာတွင် ကိစ္စတစ်ခုခု ပေါ်ပေါက်လာပြီး ယင်းကိစ္စအပေါ် တစ်စုံတစ်ရာပြုကျင့်ရန် လိုအပ်လာပြီး ထိုသူကိုယ်တိုင်မှာ အာလင်မ်မဟုတ်ပါလျှင် လျော်ညီစွာသာ အဖြေပေးရပေမည်။ *[ဂျုဆွ်ဆွားဆွ်ကျမ်း]*

အေမာမ်ဘိုခါရီ (ရဟ) သည် ကိသာဗုလ်အိလ်မ်တွင် ဤခေါင်းစဉ်အား 'သရ်ဂျူမသွလ်ဗားဘ်' တစ်ခု ဖွဲ့စည်း၍ 'မေးခွန်းအပေါ် ဖြေကြားမှုကြောင့် မှားယွင်းမှုဘက်သို့ ရောက်သွားမည်ကို စိုးရိမ်ရလျှင် ထိုမေးခွန်းကို မဖြေကြားရ'ဟု တင်ပြထားသည်။

'ရူးဟ်' (ဝိညာဉ်) ဇစ်မြစ်၏ အသိပညာကို တစ်ဦးတစ်ယောက်အနေဖြင့် နားလည်နိုင်ပါသလော။

ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုမေးခွန်း၏ အဖြေကို ရှေ့ရှု ရှိသူ၏ လိုအပ်ချက်နှင့် အသိတရားနှင့် အညီသာ ပေးခဲ့ခြင်းဖြစ်သည်။ 'ရူးဟ်'ကို ရှင်းလင်းတင်ပြခြင်းမရှိပေ။ သို့ရာတွင် ဤဖြေကြားချက်ကို ကြည့်၍ 'ရူးဟ်'၏ ဇစ်မြစ်အား မည်သည့်လူသားမျှ မသိရှိနိုင်။ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်ပင် ထို 'ရူးဟ်'၏ ဇစ်မြစ်ကို မသိရှိခဲ့'ဟု ဆိုလိုခြင်းမဟုတ်ပေ။ အမှန်မှာ ဤအာယသ်တော်သည် ထိုအကြောင်းကို ငြင်းဆိုခြင်းလည်း မပြု။ ဟုတ်မှန်ကြောင်းလည်း အတည်မပြုပါချေ။ အကယ်၍ ရစူလ်၊ နဗီတစ်ပါးပါးသည် 'ဝဟီ'အားဖြင့်လည်းကောင်း (သို့) 'ဝလီ'သူတော်စင်တစ်ပါးပါးသည် 'ကရှ်ဖ်'(အတွင်းပေါက်ခြင်း) နှင့် 'အိလ်ဟာမ်' (အသျှင်မြတ်ထံမှ နှလုံးသား၌ ထည့်သွင်းပေးသည့် အသိ) များအားဖြင့် 'ရူးဟ်'၏ ဇစ်မြစ်ကို သိရှိခဲ့ပါလျှင် ထိုအာယသ်တော်နှင့် ဆန့်ကျင်ခြင်းမရှိဘဲ အတွေးအခေါ်ပညာရှင်တို့၏ ရှုထောင့်မှ ထိုအချက်အ[illegible] အငြင်းပွားခြင်းနှင့် လေ့လာဆန်းစစ်ခြင်း၊ သုတေသနပြုလုပ်ခြင်းများ ပြုပါလျှင် ထိုသို့ပြုခြင်းကို အကျိုးမဲ့ပြုခြင်း၊ အဓိပ္ပာယ်မဲ့ပြုခြင်းဟု ဆိုရပေမည်။ သို့သော် မပိုင်ဟုကား မဆိုနိုင်ပေ။ ထို့ကြောင့် များစွာသော ခေတ်ဦးပညာရှင်များနှင့် နောင်းခေတ်ပညာရှင်တို့သည် 'ရူးဟ်'နှင့်စပ်လျဉ်း၍ ကျမ်းများ ရေးသားပြုစုခဲ့ကြခြင်း ဖြစ်သည်။ နောက်ဆုံးခေတ်တွင် ကျွန်ုပ်တို့၏ ဆရာသခင် ရှိုက်ခွ်အစ္စလာ- ဟဇရသ်မောင်လာနာရှဗ်းရ်အဟ်မဒ် အွတ်စမာနီ (ရဟ) သည် စာစောင်ငယ်တစ်ခုတွင် ဤခေါင်းစဉ်အား အကောင်းဆုံးအနေအထားဖြင့် ရေးသားခဲ့သည်။ ထိုစာစောင်ငယ်တွင် 'သာမန်လူတို့ နားလည်နိုင်လောက်သည့် 'ရူးဟ်'၏ ဇစ်မြစ်ကို ရေးသားဖော်ပြထားသည်။ ထိုဖော်ပြချက်အပေါ် ပညာရှင်များ ဖတ်ရှုလေ့လာ၍ ရောင့်ရဲနိုင်ပေသည်။ သံသယများနှင့် ဝေဒကများမှ ကင်းလွတ်နိုင်ပေသည်။

အကျိုးကျေးဇူး

အေမာမ်ဗဂ်ဝီ (ရဟ) သည် ဤနေရာတွင် ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သခင်၏ ရှည်လျားသည့် ဟဒီးစ်တော်တစ်ပုဒ်ကို ဆင့်ပြန်ထားသည်မှာ ဤအာယသ်တော်သည် မက္ကာဟ်မြို့၌ ကျရောက်ခဲ့

သည်။ မက္ကာဟ်မြို့ရှိ ကုရိုက်ရှ်ခေါင်းဆောင်များသည် စုရုံး၍ ဆွေးနွေးပွဲပြုခဲ့ကြသည်။ ထိုဆွေးနွေးပွဲတွင် 'မိုဟမ္မဒ် ﷺ သည် ကျွန်ုပ်တို့အတွင်းမှပင် မွေးဖွားခဲ့ပြီး အရွယ်ရောက်ခဲ့သူ ဖြစ်သည်။ ၎င်း၏ မှန်ကန်မှုနှင့် သစ္စာရှိမှုတို့သည် မည်သည့်အခါကမျှ မည်သူ့ကိုမျှ သံသယမဖြစ်ခဲ့ပါချေ။ မည်သည့်အခါကမျှလည်း ၎င်းသည် မုသားပြောဆိုသူဟူ၍ မည်သူကမျှ စွပ်စွဲခြင်းမပြုခဲ့ပါချေ။ ထိုသို့ ဖြစ်ပါလျက် ၎င်းသည် ယခုအခါ 'နဗူဝသ်'နဗီဖြစ်ကြောင်း ကြွေးကြော်နေသည်ကို ကျွန်ုပ်တို့ နားမလည်နိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိတို့၏ အဖွဲ့တစ်ဖွဲ့ကို မဒီနာရှိ ယဟူဒီပညာရှင်များထံ စေလွှတ်၍ ၎င်းတို့ထံမှ 'ဤသူ (မိုဟမ္မဒ် ﷺ) နှင့် စပ်လျဉ်း၍ ဆန်းစစ်ခြင်းများ ပြုလုပ်ကြပါ'ဟု ပြောဆိုခဲ့ကြသည်။ ဤသို့ဖြင့် ကုရိုက်ရှ်တို့၏ အဖွဲ့တစ်ဖွဲ့သည် မဒီနာရှိ ယဟူဒီပညာရှင်များထံ ရောက်ရှိသွားသည်။ ယဟူဒီပညာရှင်တို့က ၎င်းတို့အား အကြံဉာဏ်ပေးသည်မှာ 'ကျွန်ုပ်တို့သည် အသင်တို့အား အချက် (၃) ချက်ကို ပြောပြပါမည်။ ဤအချက် (၃) ချက်ကို အသင်တို့သည် ၎င်းအား မေးမြန်းကြပါကုန်။ အကယ်၍ ၎င်းသည် အချက် (၃) ချက်စလုံးကို ဖြေကြားပါလျှင် ၎င်းသည် နဗီမဟုတ်ပါချေ။ ဤအတိုင်းပင် အချက် (၃) ချက်အနက် မည်သည့်အချက်ကိုမျှ မဖြေကြားပါလျှင်လည်း နဗီမဟုတ်ပါ။ အကယ်၍ အချက်နှစ်ချက်ကို ဖြေကြားပြီး တတိယအချက်ကို မဖြေကြားပါလျှင် ၎င်းသည် နဗီဖြစ်သည်ဟု မှတ်ယူလိုက်ပါ'ဟု ပြောဆို၍ ထိုမေးခွန်း (၃) ခုကို တင်ပြသည်မှာ 'အသင်တို့သည် ဦးစွာပထမ ၎င်းအား ရှေးခေတ်အခါက ရှရစ်ကိုလုပ်ရပ်မှ လွတ်ကင်းရန် ဂူတစ်ဂူ၌ သွားရောက် ပုန်းအောင်းနေသူတို့အကြောင်း မေးမြန်းကြကုန်။ အကြောင်းမှာ ထိုပုဂ္ဂိုလ်တို့၏ ဖြစ်ရပ်မှာ အံ့သြဖွယ်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဒုတိယအချက်မှာ ကမ္ဘာမြေအရှေ့မှ အနောက်သို့ ခရီးဆန့်သူ၏ အကြောင်းဖြစ်ရပ် မည်သို့ဖြစ်သည်ကို မေးမြန်းကြလေကုန်။ တတိယအချက်မှာ 'ရူးဟ်'နှင့် စပ်လျဉ်း၍ မေးမြန်းကြလေကုန်'ဟု ပြောပြ အကြံပေးလိုက်ကြသည်။ ထိုအဖွဲ့သည် မဒီနာမှ ပြန်ရောက်လာကြသည်။ ထို့နောက် မေးခွန်း (၃) ခုစလုံးကို တမန်တော်မြတ် ﷺ ထံတွင် တင်ပြမေးမြန်းကြလေသည်။ တမန်တော်မြတ် ﷺ က 'ကျွန်ုပ်သည် ဤမေးခွန်း၏ အဖြေကို မနက်ဖြန်ပေးမည်'ဟု မိန့်ကြားခဲ့သည်။ ထိုသို့ မိန့်ကြားရာတွင် 'အင်န်ရှာအလ္လာဟ်'ဟု မပြောဆိုဖြစ်ခဲ့ပေ။ ထို့ကြောင့် ရက်အတန်ကြာအထိ 'ဝဟီ' ကျရောက်ခြင်း ပြတ်တောက်သွားခဲ့ရသည်။ (၁၂) ရက်၊ (၁၅) ရက်မှစ၍ ရက် (၄၀) ကြာသည်အထိ 'ဝဟီ'ပြတ်တောက်သွားခဲ့ခြင်းအပေါ် အဆိုကွဲလွဲမှုများ ရှိခဲ့သည်။ ထို 'ဝဟီ'မကျသည့် ရက်များအတွင်း ဝယ် ကုရိုက်ရှ်တို့အဖို့ ရှုတ်ချရန် အခွင့်ကောင်းသည့်အခါ ဖြစ်ပေသည်။ ထို့ကြောင့် 'မနက်ဖြန် အဖြေပေးမည်ဆိုပြီး ဤမျှ ရက်များ ရောက်ရှိလာသည့်တိုင် အဖြေမရသေးပါ'ဟု ဆိုကြသည်။ ကိုယ်တော်မြတ် ﷺ အဖို့လည်း စိတ်ကျဉ်းကြပ်နေရလေသည်။ ထိုအတောအတွင်း ဂျိဗ်ရာအီးလ် عليه السلام သည် အောက်ပါအာယသ်တော်များကို ယူဆောင်၍ ပို့ချလေသည်။

وَلَاتَقُوْ لَنَّ لِشَا يۡءٍ اِنِّىۡ فَاعِلٌ ذٰلِكَ غَدًا اِلَّا اَنْ يَّشَاءَ اللّٰهُ

ဤအာယသ်တော်များတွင် ကိုယ်တော်မြတ် ﷺ အား နောက်နောင်အလုပ်တစ်ခုခုအတွက် ကတိပေးသည့်အခါ 'အင်န်ရှာအလ္လာဟ်'ဆိုရမည်ဟု သင်ကြားတော်မူထားသည်။ ထို့နောက် အထက်တွင် တင်ပြခဲ့

သည်။ ထို့နောက် 'ရူးဟ်'နှင့် စပ်လျဉ်း၍ အထက်ပါအာယသ်တော်ကို တင်ပြတော်မူသည်။ တစ်ဖန် ဂူ၌ ပုန်းအောင်းနေကြသူများနှင့် စပ်လျဉ်း၍ 'အဆ္ဟာဗေ့ကဟ်ဖ်'၏ ဖြစ်ရပ်နှင့် ကမ္ဘာမြေအရှေ့မှ အနောက်သို့ ခရီးနှင်သူ 'ဇုလ်ကရ်နိုင်န်'၏ ဖြစ်ရပ် (စူရာဟ်ကဟ်ဖ်၌ လာရှိပေမည်) များအကြောင်း အာယသ်တော်များကို ပို့ချပေးတော်မူသည်။ ၎င်းအာယသ်တော်များတွင် 'အဆ္ဟာဗေကဟ်ဖ်'နှင့် 'ဇုလ်ကရ်နိုင်န်'တို့၏ အကြောင်း ဖြစ်ရပ်များကို အကျယ်တဝင့် တင်ပြထားကြားထားသည်။ 'ရူးဟ်'၏ ဇစ်မြစ်ကို မေးမြန်းထားခြင်းအပေါ် အဖြေပေးခြင်း မရှိပေ။ ထို့ကြောင့် ယဟူဒီတို့ ပြောပြောခဲ့သည့်အတိုင်း 'နဗီဖြစ်ခြင်း မှန်ကန်ကြောင်း ပေါ်လွင်ထင်ရှားခဲ့လေသည်'ဟု ဖြစ်သည်။ ဤဖြစ်ရပ်အား သိရ်မိဇီသည်လည်း အကျဉ်းချုံး၍ တင်ပြခဲ့သည်။ *[မဇ္ဇ်ဟရီကျမ်း]*

စူရာဟ်ဟိဂျ်ရ်၏ အာယသ်တော် (၂၉) မှ

نَفَخۡتُ فِيۡهِ مِنۡ رُّوۡحِىۡ

၏ အောက်တွင် 'ရူးဟ်'နှင့် 'နတ်ဖ်' စသည်တို့၏ ဇစ်မြစ်နှင့် စပ်လျဉ်း၍ ဆန်းစစ်မှုတစ်ရပ်သည် သဖ်စီးရ်မဇ္ဇ်ဟရီကျမ်း၏ အညွှန်းဖြင့် တင်ပြခဲ့ပြီးဖြစ်သည်။ ထိုတင်ပြချက်တွင် 'ရူးဟ်'၏ အမျိုးအမည်များနှင့် တစ်ခုချင်းစီ၏ ဇစ်မြစ်များကို ကောင်းစွာ ရှင်းလင်းထားသည်။

وَلَئِنۡ شِئۡنَا لَنَذۡهَبَنَّ

ထို့နောက်မှ အာယသ်တော်တွင် 'ရူးဟ်'နှင့် စပ်လျဉ်း၍ မေးမြန်းချက်အပေါ် လိုအပ်သည်ခန့် ဖြေကြားလျက် 'ရူးဟ်'၏ ဇစ်မြစ်ကို မေးမြန်းရန် ကြိုးစားခြင်းအား 'လူသား၏ အသိပညာသည် မည်မျှပင်များပြားသည်ဖြစ်စေ အရာဝတ္ထုများအား ဆန်းစစ်လေ့လာခြင်းဖြင့် အားလုံးကို ထိန်းချုပ်ခြင်းသဘောအရ နည်းလျက်သာ ရှိနေပေသည်။ ထို့ကြောင့် အရေးမကြီးသည့် ငြင်းခုန်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၌ ရှုပ်ထွေးနေခြင်းသည် မိမိတို့၏ အချိန်ကို အကျိုးမဲ့ ဖြုန်းတီးခြင်းဖြစ်သည်ဟု ဆိုကာ တားမြစ်လိုက်သည်။

အာယသ်တော် وَلَئِنۡ شِئۡنَا တွင် လူသားအဖို့ ရရှိထားသည့် အသိပညာတို့သည်လည်း မိမိတို့၏ ပင်ကိုယ်အရ မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိပါလျှင် ထိုအသိပညာကိုလည်း ရုပ်သိမ်းခြင်း ပြုတော်မူနိုင်ပေသည်။ ထို့ကြောင့် လူသားသည် လက်ရှိ ရရှိထားသည့် အသိပညာအပေါ် အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတင်ရှိနေရမည်။ အကျိုးမရှိ အဓိပ္ပာယ်မဲ့သည့် လေ့လာဆန်းစစ်မှုများ၌ အချိန်ကို မဖြုန်းတီးလေနှင့်။ အထူးသဖြင့် ဤသည် လေ့လာဆန်းစစ်ရန် ရည်ရွယ်ခြင်းလည်း မဟုတ်ခဲ့ပါ။ ထိုမျှမက တစ်ဖက်သားကို ဆန်းစစ်ရန်နှင့် (သို့) ထိုတစ်ဖက်သားအား သေးသိမ်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ အကယ်၍ ဤသို့ ပြုခဲ့ခြင်းဖြစ်လျှင် ၎င်း၏ မကောင်းသော လုပ်ရပ်၏ ရလဒ်မှာ ၎င်းသူရရှိခဲ့သမျှသော အသိပညာများ ပြန်လည်ရုပ်သိမ်းခြင်း ခံရပေမည်။ ဤအာယသ်တော်တွင် ဦးတည်မိန့်ကြားနေသည်မှာ နဗီကိုယ်တော်မြတ် ﷺ ဖြစ်သည်။ သို့သော်လည်း အဓိက မိန့်ကြားလိုသည်မှာ အမ္မသ်သားအားလုံးကို ဖြစ်သည်။ အာယ

ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ ၏ အသိပညာသည်လည်း ၎င်း၏ လုပ်ပိုင်ခွင့် မဟုတ်ဟုဆိုလျှင် အခြားသူများအတွက်မူ မည်သို့မျှ ပြောရန် မရှိတော့ပါချေ။

قُلْ لَّئِنِ اجْتَمَعَتِ الْاِنْسُ وَالْجِنُّ

ဤအကြောင်းအရာသည် ကုရ်အာန်ကျမ်းမြတ်၏ အချို့အာယသ်တော်များ၌ လာရှိသည်။ ထိုအာယသ်တော်တွင် လောကရှိ လူသားအားလုံးကို ဦးတည်မိန့်ကြားလျက် 'အကယ်၍ အသင်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်အား အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်အဖြစ် လက်မခံဘဲ လူတစ်ဦးတစ်ယောက်၏ ပြုလုပ်ဖန်တီးမှုဟု လက်ခံပါလျှင် အသင်တို့သည်လည်း လူသားပင် ဖြစ်ပေသည်။ ထိုကျမ်းတော်မြတ်ကဲ့သို့ အသင်တို့လည်း ပြုလုပ်၍ ပြသပါလေ' ဟု ကြွေးကြော်လိုက်ခြင်းပင် ဖြစ်သည်။ ဤအာယသ်တော်တွင် ထိုကြွေးကြော်မှုနှင့်အတူ 'လူသားများသာမဟုတ်ဘဲ ဂျင်န်များကိုလည်း မိမိတို့နှင့်အတူ ပေါင်းစု၍ အသင်တို့အားလုံး စုပေါင်းပြီး ကုရ်အာန်၏ စူရာဟ်တစ်ပုဒ်၊ အာယသ်တော်တစ်ပိုဒ်မျှ ပြုလုပ်လျှင်လည်း တတ်စွမ်းနိုင်ကြမည် မဟုတ်ပါ' ဟု မိန့်ကြားထားတော်မူသည်။

ဤအကြောင်းအရာကို ဤနေရာ၌ ပြန်လည်တင်ပြခြင်း ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် 'အသင်တို့သည် ငါအသျှင်မြတ်၏ ရစူလ်တမန်တော်အား 'ရူးဟ်' စသည့် မေးခွန်းအမျိုးမျိုးမေး၍ ၎င်း၏ 'ရိစာလသ်' နှင့် 'နဗူဝသ်' တို့အား စမ်းသပ်ရန် ပြုလုပ်နေကြပါသလော။ အဘယ်ကြောင့် ဤအကျိုးမဲ့ လုပ်ရပ်များ၌ နစ်မွန်းနေကြပါသနည်း။ အသင်တို့ကိုယ်တိုင် ကုရ်အာန်ကျမ်းတော်မြတ်ကို ကြည့်ကြမည်ဆိုလျှင် ကိုယ်တော်မြတ် ﷺ ၏ နဗူဝသ်နှင့် 'ရိစာလသ်တို့တွင် မည်သည့်ဒွိဟသံသယမျှ ဖြစ်နိုင်စရာ မရှိခြင်းကို တွေ့ရပေမည်။ အကြောင်းမှာ တစ်လောကလုံးရှိ လူနှင့် ဂျင်န်တို့ စုပေါင်း၍ ပြုလုပ်သည့်တိုင် ကုရ်အာန်ကဲ့သို့ အလားတူ အာယသ်တော်တစ်ပါးမျှပင် ပြုနိုင်စွမ်းမရှိသည့်အခါ ယခု ဤကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ မုကျွပါဋ်တော်ဖြစ်ခြင်းတွင် မည်သည့်သံသယ ရှိပါဦးမည်နည်း။ သို့ဖြစ်ရာ ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ မုကျွပါဋ်တော်ဖြစ်ခြင်းသည် ဤညွှန်ပြချက်ဖြင့် အတည်ဖြစ်သည့်အခါ ကိုယ်တော်မြတ် ﷺ ၏ 'နဗူဝသ်' နှင့် 'ရိစာလသ်' တွင် မည်သည့်သံသယများ ဖြစ်နိုင်ပါဦးမည်နည်းဟူ၍ မိန့်ကြားရန်ဖြစ်သည်။

နောက်ဆုံးအာယသ်တော်ဖြစ်သော وَلَقَدْ صَرَّفْنَا တွင် ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော် ကျရောက်ပြီးနောက်တွင် မည်သည့်မေးခွန်း၊ မည်သည့်ဒွိဟသံသယမျှ ပေါ်ပေါက်ရန် မရှိတော့ခြင်းမှာ ကုရ်အာန်၏ ထင်ရှားပွင့်လင်းသည့် 'မုအ်ဂျိဇာဟ်' ပင် ဖြစ်ပေသည်။ သို့တိုင်အောင်လည်း လူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များအပေါ် ကျေးဇူးမသိတတ်ကြပေ။ ကုရ်အာန်၏ တန်ဖိုးကိုလည်း သိနားလည်ခြင်း မရှိကြသည့်အတွက် လမ်းမှားခြင်း၌သာ တဝဲလည်လည် ဖြစ်နေကြပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وقالوا لن نؤمن لك حتى تفجر لنا من الارض ينبوعا ﴿٩٠﴾

၁၇ ፡ ၉၀ ။ ။ ထို့ပြင် ၎င်းတို့က (အို၊ မိုဟမ္မဒ်) 'အသင်သည် ကျွန်ုပ်တို့အဖို့ ပထဝီမြေမှ စမ်းရေချောင်းတစ်ခုကို သွင်သွင် စီးထွက်လာအောင် မပြုလုပ်သမျှကာလပတ်လုံး ကျွန်ုပ်တို့သည် အသင်၏ စကားကို အလျှင်း ယုံကြည်လက်ခံကြမည်မဟုတ်ပါ' ဟု ပြောဆိုခဲ့ကြကုန်၏။

او تكون لك جنة من نخيل وعنب فتفجر الانهر خللها تفجيرا ﴿٩١﴾

၁၇ ፡ ၉၁ ။ ။ သို့တည်းမဟုတ် အသင့်၌ စွန်ပလွံပင်များနှင့် စပျစ်ပင်များ (ပြည့်စုံစွာ ရှိကုန်သော) ခြံတစ်ခြံ ရှိရမည်။ ပြီးနောက် အသင်သည် ထိုခြံ၏ အလယ်ဗဟို၌ စမ်းရေချောင်းများကို သွင်သွင်စီးထွက်လာအောင် ပြုလုပ်ရမည်။

او تسقط السماء كما زعمت علينا كسفا او تاتي بالله والملئكة قبيلا ﴿٩٢﴾

၁၇ ፡ ၉၂ ။ ။ သို့တည်းမဟုတ် အသင်သည် မိမိ၏ ထင်မြင်ယူဆ (ပြောလေ့ရှိ) ခဲ့သည့်အတိုင်း ကျွန်ုပ်တို့အပေါ်၌ မိုးကို အပိုင်းပိုင်းအစစ ဖြစ်၍ ပြိုကျလာအောင် ပြုလုပ်ရမည်။ သို့တည်းမဟုတ် အသင်သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ကောင်းကင်တမန်များအားလည်းကောင်း ကျွန်ုပ်တို့၏ ရှေ့မှောက်သို့ (သက်သေများအဖြစ်) ခေါ်ဆောင်၍ လာရမည်။

او يكون لك بيت من زخرف او ترقى في السماء ولن نؤمن
لرقيك حتى تنزل علينا كتبا نقرؤه قل سبحان ربي هل
كنت الا بشرا رسولا ﴿٩٣﴾

၁၇ ፡ ၉၃ ။ ။ သို့တည်းမဟုတ် အသင့်၌ ရွှေဖြင့်ပြီးသော အိမ်တစ်ဆောင် ရှိရမည်။ သို့တည်းမဟုတ် အသင်သည် မိုးကောင်းကင်သို့ တက်သွားရမည်။ သို့တစေလည်း ကျွန်ုပ်တို့မှ အသင်သည် (ထိုမိုးကောင်းကင်မှ) ကျွန်ုပ်တို့ ဖတ်ရှုတ်နိုင်သော ကျမ်းတစ်စောင်ကို ကျွန်ုပ်တို့အဖို့ ယူချလာခြင်း မပြုသမျှ ကာလပတ်လုံး (မိုးကောင်းကင်သို့) အသင် တက်သွားခြင်းကို အလ[illegible]ယုံကြည်လက်ခံကြမည်မဟုတ်ပေ။ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား (ဤသို့) ပြောဆိုဖြေကြားပါလေ။ (အချင်းတို့) 'ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ငါသည် လူသား ရစူလ်တမန်တော်တစ်ပါးမှအပ အခြားမဟုတ်ချေ။'

وما منع الناس ان يؤمنوا اذ جاءهم الهدى الا ان قالوا ابعث الله بشرا رسولا ﴿٩٤﴾

၁၇ ፡ ၉၄ ။ ။ စင်စစ် လူတို့ထံ (ဖြောင့်မတ်မှန်ကန်သော) တရားလမ်းညွှန် ရောက်ရှိလာသောအခါ ၎င်းတို့က အလ္လာဟ်အသျှင်မြတ်သည် လူသားတစ်ဦးကို ရစူလ်တမန်တော်အဖြစ် စေလွှတ်တော်မူပါသလောဟူ၍ ပြောဆိုခဲ့ကြသည်မှအပ အခြားတစ်စုံတစ်ရာကမှ ၎င်းတို့အား အီမာန်သက်ဝင်ယုံကြည်ခြင်းမှ ပိတ်ပင်တားဆီးခဲ့သည်မဟုတ်ပေ။

قُلْ لَّوْ كَانَ فِي الْأَرْضِ مَلٰٓئِكَةٌ يَّمْشُوْنَ
مُطْمَئِنِّيْنَ لَنَزَّلْنَا عَلَيْهِمْ مِّنَ السَّمَآءِ مَلَكًا رَّسُوْلًا ﴿٩٥﴾

၁၇ : ၉၅ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောဆိုဖြေကြားပါလေ။ '(အချင်းတို့) အကယ်၍ ပထဝီမြေ၌ ကောင်းကင်တမန်များသည် အတည်တကျ နေထိုင်သွားလာနေကြပါလျှင် ကေန်မလွဲ ငါအသျှင်မြတ်သည် ၎င်းတို့အပေါ် မိုးကောင်းကင်မှ ကောင်းကင်တမန်တစ်ပါးကိုပင် ရစူလ်တမန်တော်အဖြစ် ချပေး (စေလွှတ်) တော်မူခဲ့မည်သာ ဖြစ်၏။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အရှေ့၌ တင်ပြခဲ့ပြီးသော အာယသ်တော်များတွင် ကာဖိရ်တို့၏ မေးခွန်းအချို့နှင့် ထိုမေးခွန်းများ၏ ဖြေကြားချက်များ လာရှိသည်။ ယခု ဤအာယသ်တော်များတွင် ၎င်းတို့၏ ရန်လိုမှု မေးခွန်းများ၊ အကျိုးမဲ့ အဓိပ္ပာယ်မရှိသည့် ပြောကြားချက်များနှင့် ၎င်းတို့၏ ထိုပြောကြားချက်များအား တုန့်ပြန်ဖြေကြားထားခြင်းများ ဖြစ်သည်။ ထို့နောက် ၎င်းတို့သည် (ကုရ်အာန်ကျမ်းတော်မြတ်၏ 'မုအ်ဂျိဇာဟ်'၏ အကြောင်းခံဖြင့် ကိုယ်တော်မြတ် ﷺ ၏ 'နဗူဝသ်'နှင့် 'ရိစာလသ်'၏ ပြည့်စုံ၍ ရှင်းလင်းသော အထောက်အထားများ ရရှိကြပြီးဖြစ်သည့်တိုင် ရန်လိုသည့် သဘောဖြင့် အီမာန်လက်ခံခြင်း မပြုကြပေ။ ထို့နောက် အကြောင်းပြ) ပြောဆိုကြသည်မှာ ကျွန်ုပ်တို့သည် အသင့်အပေါ်၌ လုံးဝ အီမာန်ယူကြမည်မဟုတ်ပေ။ (အသင်သည် ကျွန်ုပ်တို့အတွက် မက္ကာဟ်၏) မြေမှ မြစ်ချောင်းတစ်စင်း စီးစေခြင်းမပြုသမျှ (သို့) အထူးအားဖြင့် အသင့်အတွက် စွန်ပလွံ၊ စပျစ်ဥယျာဉ်နှင့် ထိုဥယျာဉ်ခြံများတွင် နေရာများစွာတို့၌ စီးတွေနေသော ချောင်းအများအပြား မရှိသမျှ ကျွန်ုပ်တို့သည် အသင့်အပေါ် အီမာန်ယူကြမည် မဟုတ်ပေ။ သို့တည်းမဟုတ် အသင်ပြောဆိုလေ့ရှိသည့်အတိုင်း မိုးကောင်းကင်မှ အပိုင်းအစများ ကျွန်ုပ်တို့အပေါ် ပြိုကျလာအောင် မပြုလုပ်သမျှ (ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ပါးဖြစ်သော

إِنْ نَّشَأْ نَخْسِفْ بِهِمُ الْأَرْضَ أَوْ نُسْقِطْ عَلَيْهِمْ كِسَفًا مِّنَ السَّمَآءِ

(ဆိုလိုသည်မှာ 'ငါအသျှင်မြတ် အလိုတော်ရှိပါလျှင် ၎င်းတို့အား မြေမြိုစေခြင်းဖြင့်လည်းကောင်း၊ (သို့မဟုတ်) ၎င်းတို့အပေါ် မိုးကောင်းကင်မှ အပိုင်းအစများကို ပြိုကျစေခြင်ကိုလည်းကောင်း ပြုတော်မူမည်' ဖြစ်သည်။)

သို့တည်းမဟုတ် အသင်သည် အလ္လာဟ်အသျှင်မြတ်နှင့် ဖရစ်ရှ်သာဟ်များအား (ကျွန်ုပ်တို့၏) ရှေ့မှောက်တွင် (ပွင့်ပွင့်လင်းလင်း ကျွန်ုပ်တို့ ကြည့်မြင်နိုင်ရန်) ခေါ်ဆောင်၍ ရပ်စေခြင်းမပြုသမျှ ကျွန်ုပ်တို့သည် အသင့်အပေါ်၌ အီမာန်လက်ခံကြမည်မဟုတ်ပေ။ သို့တည်းမဟုတ် အသင့်ထံတွင် ရွှေဖြင့်

ဆောက်လုပ်ထားသည့် အိမ်တစ်ဆောင် ရှိရမည်။ သို့တည်းမဟုတ် အသင်သည် မိုးကောင်းကင်ပေါ်သို့ (ကျွန်ုပ်တို့၏) ရှေ့မှောက်တွင် တက်သွားရမည်။ သို့တိုင်အောင်လည်း အသင်သည် (ထိုမိုးကောင်းကင်မှ) ကျွန်ုပ်တို့ ဖတ်ရှုရန် ကျမ်းတစ်စောင် ယူဆောင်လာခြင်း မပြုသမျှ ကျွန်ုပ်တို့သည် အသင်၏ မိုးကောင်းကင် အပေါ် တက်ခြင်းကိုလည်း အလျှင်း ယုံကြည်လက်ခံကြမည်မဟုတ်။ (အသင်သည် မိုးကောင်းကင်အပေါ် တက်ရောက်ခဲ့ကြောင်း ပြေစာဖြတ်ပိုင်းကဲ့သို့ ထောက်ခံရေးသားချက် ဤကျမ်း၌ ပါရှိရမည်) ဟု ပြောဆို ကြကုန်၏။ (ထိုအခါ) အသင်သည် (ထိုအကျိုးမဲ့စကား အားလုံးအား တုန့်ပြန်ဖြေကြားရာတွင်) အို၊ အချင်းတို့၊ 'စွဗ်ဟာနလ္လာဟ်' ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် စင်ကြယ်သန့်ရှင်း တော်မူပါသည်။ ကျွန်ုပ်သည် လူသားတစ်ဦးသာ ဖြစ်သည်။ သို့ရာတွင် ရစူလ်တမန်တော်ဖြစ်သည်မှအပ အခြားမည်သို့သောသူ ဖြစ်ပါသနည်း။ (ဆိုလိုသည်မှာ ၎င်းတို့ ပြောဆိုသည်များကို ဖြည့်ဆည်းပေးရန် ကျွန်ုပ်တွင် မည်သို့ စွမ်းအားရှိပါမည်နည်း။ ဤသို့ ပြုနိုင်စွမ်းသည် အလ္လာဟ်အသျှင်မြတ်၏ ပြုစွမ်းနိုင်သော ဂုဏ်တော်သာဖြစ်သည်။ လူသားဆိုသည်မှာ မိမိ၏ ပင်ကိုယ်ဇာတိ၌ပင် အားအင်ချည့်နဲ့ခြင်းနှင့် လုပ်ပိုင်ခွင့်မရှိခြင်းတို့ကိုသာ ပိုင်ဆိုင်သူဖြစ်သည်။ တစ်ဖန် 'ရိစာလသ်' (ရစူလ်ဖြစ်ခြင်း) ၌လည်း အလ္လာဟ် အသျှင်မြတ်၏ ရစူလ်အဖို့ အရာရာကို ပြုလုပ်နိုင်စွမ်း မရှိသည့်အပြင် 'နဗူဝသ်'နှင့် 'ရိစာလသ်'အတွက် ပြည့်ဝစုံလင်သော အထောက်အထားများရှိပြီး ထိုအထောက်အထားများအပေါ် အသိပညာရှင်များအဖို့ စောဒကမတက်နိုင်ခြင်းပင်လျှင် လုံလောက်ပေသည်။

ထိုအထောက်အထားများမှာ ကုရ်အာန်၏ 'မုအ်ဂျိဇာဟ်'နှင့် အခြားသော 'မုအ်ဂျိဇာဟ်'များတွင် အကြိမ်ကြိမ် တင်ပြခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် 'နဗူဝသ်'နှင့် 'ရိစာလသ်'တို့အတွက် ထိုပြောကြား တောင်းဆို ချက်များမှာ အကျိုးမဲ့သာ ဖြစ်ပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည်ကား အရာရာကို စွမ်းဆောင် နိုင်တော်မူသည်။ အရာရာကို ပြုနိုင်စွမ်းသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်၏ လုပ်ရပ်အပေါ် မည်သူကမျှ ကန့်ကွက်တောင်းဆိုရန် အခွင့်အရေးမရှိပေ။ အရာတစ်ခုအား အမြော်အမြင်ဖြင့် ကြည့်တော် မူပြီး အကောင်အထည်ဖော် ဆောင်ရွက်တော်မူလေ့ ရှိသည်။ သို့ရာတွင် အသင်တို့၏ ပြောကြားချက်အားလုံး ကို ဖြည့်ဆည်းပေးရန်မှာ အရေးမကြီးပေ။) ထိုသူတို့ထံ (ဖြောင့်မတ်မှန်ကန်သည့်) တရားဓမ္မ (ကုရ်အာန်၏ 'မုအ်ဂျိဇာဟ်'ကဲ့သို့သော 'ရိစာလသ်'၏ မှန်ကန်သည့် အထောက်အထား) ရောက်ရှိလာပြီးသည့်အခါ ၎င်းတို့အနေနှင့် အီမာန်ယူလာရန် မည်သည့်အတားအဆီးမှ မရှိတော့ပေ။ ထိုအခါ ၎င်းတို့က (လူသား သည် ရစူလ်တမန်တော်မဖြစ်နိုင်ဟူသော သဘောဖြင့်) 'အလ္လာဟ်အသျှင်မြတ်သည် လူသားအား ရစူလ် အဖြစ် စေလွှတ်တော်မူပါသလား'ဟု ပြောဆိုခဲ့ကြသည်။ (ဆိုလိုသည်မှာ ဤသို့ လုံးဝမဖြစ်ပေ။) အသင် သည် (၎င်းတို့အား ငါအသျှင်မြတ်ဘက်တော်မှ တုန့်ပြန်ဖြေကြားရာတွင်) အကယ်၍ ကမ္ဘာမြေပြင်ပေါ်၌ ဖရစ်ရှ်တာဟ်များ နေတိုင်သွားလာလျက် ရှိနေမည်ဆိုပါလျှင် ဧကန်မုချ ငါအသျှင်မြတ်သည် ထိုဖရစ်ရှ်တာဟ် များအပေါ် မိုးကောင်းကင်မှ ဖရစ်ရှ်တာဟ်တစ်ပါးကို ရစူလ်အဖြစ် စေလွှတ်တော်မူမည် ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အဓိပ္ပာယ်မဲ့ ရန်လိုသည့် မေးခွန်းအပေါ် နဗီတမန်တော်မြတ် ﷺ ၏ တုန့်ပြန်ဖြေကြားခြင်း

ဖော်ပြပါအာယသ်တော်တွင် ကာဖိရ်တို့သည် တမန်တော်မြတ် ﷺ အား မိမိတို့ အီမာန်ယူရေးအတွက် စည်းကမ်းချက်များ သတ်မှတ်၍ မေးခွန်းများထုတ်ကာ တောဒကများ တက်ခဲ့ကြသည်။ လူတိုင်းသည် ထိုစကားများကို ကြား၍ ဤသည် ရှောင်ပြောင်ပျက်ရယ်ပြုခြင်းတစ်မျိုးနှင့် အီမာန် လက်မခံလိုသည့်အတွက် အကျိုးမဲ့ အကြောင်းပြချက်သာ ဖြစ်သည်ဟု ထင်မှတ်ကြလိမ့်မည်။ ထိုကဲ့သို့သော မေးခွန်းများကို ဖြေကြားရာတွင် လူသားအဖို့ သဘာဝအလျောက် ဒေါသအမျက်ထွက်စေမည်သာ ဖြစ်သည်။ ထို့ကြောင့် ဖြေကြားမှုတွင်လည်း ထိုမေးထားသည့် အတိုင်းပင် ဖြေကြားရပေမည်။ သို့ရာတွင် ဤအာယသ်တော်များ၌ ၎င်းတို့၏ ဤအကျိုးမဲ့မေးခွန်းများအား ဖြေကြားရန် အလ္လာဟ်အသျှင်မြတ်သည် ရစူလ်တမန်တော်မြတ် ﷺ အား သင်ကြားပေးတော်မူသည့် ပုံစံမှာ မွတ်စ္စလင်မ်များအတွက် အမြဲတမ်း မှတ်သားထားရန်နှင့် အမိက 'အမလ်' ကျင့်စဉ်အဖြစ် ပြုလုပ်ရန် ထိုက်ပေသည်။ ထိုသူတို့၏ မေးခွန်းများအား ဖြေကြားရာတွင် ၎င်းတို့၏ အသိဉာဏ်မဲ့မှုများကို ဖော်ကျူးခြင်းလည်း မပြု။ ၎င်းတို့၏ ရန်လိုမှုနှင့် ဆိုးသွမ်းမှုများကို ဖော်ပြခြင်းလည်းမရှိ။ ၎င်းတို့အပေါ် စကားတစ်လုံး တုန့်ပြန်ခြင်းလည်း မပြုခဲ့ပေ။ အလွန်ရိုးစင်းသည့် စကားလုံးများဖြင့် အကြောင်း အရင်းဇစ်မြစ်ကိုသာ ဖော်ပြခဲ့သည်မှာ 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်အဖြစ် ရောက်ရှိလာသူအား အလ္လာဟ်အသျှင်မြတ်ကဲ့သို့ အရာရာကို စိုးပိုင်တော်မူခြင်းနှင့် အရာရာကို ပြုစွမ်းနိုင်ခြင်းများ ရှိရမည်ဟု ထင်မြင်ယူဆနေကြပါသလား။' ဤသို့ ထင်မြင်ယူဆချက်မှာ မှားယွင်းပေသည်။ ရစူလ်တမန်တော်၏ အလုပ်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ပို့ဆောင်ပေးရခြင်းသာဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ 'ရီစာလသ်' ကို အတည်ပြုစေရန်အတွက် များစွာသော 'မုအ်ဂျေဇာဟ်' များကိုလည်း ပို့ချပေးတော်မူသည်။ သို့ရာတွင် ထိုအရာအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်နှင့် ပြုပိုင်ခွင့်များဖြင့်သာ ဖြစ်ပေသည်။ ရစူလ်အနေဖြင့် အလ္လာဟ်အသျှင်မြတ်၏ လုပ်ပိုင်ခွင့်မျိုး မရရှိပေ။ ရစူလ်သည်လည်း လူသားပင်ဖြစ်သည့်အလျောက် လူသား၏ ပြုနိုင်သော စွမ်းအားထက် မပိုနိုင်ပါချေ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည်သာ ထိုရစူလ်၊ နဗီတို့အား ကူညီမှိုင်းမရန်အတွက် မိမိ၏ စွမ်းပကားနှင့် တန်ခိုးတော်များကို ထုတ်ဖော်ပြသတော်မူခြင်း ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဟူသည် လူသားသာဖြစ်နိုင်၍ ဖရစ်ရှ်သာဟ်သည် လူသားများအတွက် ရစူလ်တမန်တော် မဖြစ်နိုင်ခြင်း

ကာဖိရ်နှင့် မုရှ်ရစ်က်တို့သည် 'လူသားအနေဖြင့် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော် မဖြစ်နိုင်' ဟု တွေးထင်နေကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် ကျွန်ုပ်တို့ကဲ့သို့ လူသားများ၏ လိုလား

တောင့်တမှုအားလုံး ရှိကြသည်။ သို့ဖြစ်ပေရာ ၎င်းတို့အား အလ္လာဟ်အသျှင်မြတ်၏ ရစူလ်အဖြစ် မှတ်ယူ၍ မိမိတို့၏ ခေါင်းဆောင်အဖြစ် သတ်မှတ်ကာ ကျွန်ုပ်တို့ထက် သာလွန်သည့်အဆင့် အဘယ်ကြောင့် ရရှိရမည်နည်းဟု တွေးထင်နေကြသည်။ ၎င်းတို့ တွေးထင်ယူဆမှုအပေါ် ကုရ်အာန်ကျမ်းတော်မြတ်တွင် နေရာများစွာတို့၌ ခေါင်းစဉ်အမျိုးမျိုးဖြင့် တုန့်ပြန်ဖြေကြားထားသည်။

ဤနေရာတွင် အာယသ်တော် مَا مَنَعَ النَّاسَ ၌ တုန့်ပြန် ဖြေကြားထားခြင်း၏ အလိုသဘောမှာ 'လူသားများထံသို့ စေလွှတ်သည့် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်သည် ၎င်းစေလွှတ်ခြင်းခံရသည့် လူသားမျိုးနွယ်မှပင်ဖြစ်ရန် အရေးကြီးသည်။ အကယ်၍ ထိုသူတို့သည် လူသားများဖြစ်လျှင် ရစူလ်သည်လည်း လူသားပင်ဖြစ်ရမည်။ အကြောင်းမှာ မျိုးမတူသူနှင့် အပြန်အလှန် ဆက်စပ်မှုများ မဖြစ်နိုင်သောကြောင့် ပင် ဖြစ်သည်။ အပြန်အလှန်ဆက်စပ်မှုများ မဖြစ်နိုင်သောအခါ 'ဟေဒါယသ်' လမ်းမှန်တရား ပြသခြင်းတွင် အကျိုးသက်ရောက်နိုင်ပေ။ အကယ်၍ လူတို့ထံသို့ ဖရစ်ရှ်သာဟ်တစ်ပါးပါးကို ရစူလ်အဖြစ် စေလွှတ်ပါလျှင် ထိုဖရစ်ရှ်သာဟ်သည် ဆာလောင်ခြင်းကိုလည်း မသိ။ ရေငတ်မွတ်ခြင်းကိုလည်း မသိ။ အမျိုးတူချင်း၏ ဆန္ဒရမက်များကိုလည်း မသိ။ အေးခြင်း၊ ပူခြင်း စသော ခံစားချက်များလည်း မရှိ။ တစ်ခါတစ်ရံ ပင်ပန်းဆင်းရဲစွာ အလုပ်ပြုလုပ်ခြင်းကြောင့် မောပန်းခြင်းလည်း မရှိ။ ထိုအခါ လူသားများလည်း ဤသို့ပင် ဖြစ်ရမည်ဟု မျှော်လင့်ချက်၊ လူသားများ၏ အားနည်းချက်နှင့် အခက်အခဲကို ခံစားတတ်ခြင်း မရှိသည့်အတွက် လူသားများကလည်း 'ဤသူမှာမူ ဖရစ်ရှ်သာဟ် ဖြစ်သည်။ ကျွန်ုပ်တို့သည် ၎င်း၏ အလုပ်များကို တု၍ လုပ်နိုင်စွမ်းရှိသူများ မဟုတ်ကြပေ။ သို့ဖြစ်ရာ ၎င်း၏နောက်လိုက် အနွံအတာပြုခြင်းမှာ ပျက်စီးခြင်းသာ ဖြစ်ပေမည်' ဟု ပြောဆိုကြပေလိမ့်မည်။ ထို့ကြောင့် ပြုပြင်မှုနှင့် လမ်းမှန်တရား ပြသမှုတို့အတွက် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်လျှင် လူသားတို့၏ လုပ်ဆောင်ချက်များ၊ လိုလားတောင့်တချက်၊ စိတ်ဆန္ဒများအားလုံးရှိသော လူသားမျိုးနွယ်သာ ဖြစ်ရပေသည်။ သို့ရာတွင် တစ်ဆက်တည်းမှာပင် ထိုရစူလ်တမန်တော်သည် ဖရစ်ရှ်သာဟ်၏ အရည်အချင်းတစ်ခုကို ရရှိပြီး လူအများနှင့် ဖရစ်ရှ်သာဟ်များအကြား ဆက်သွယ်မှုကို ပြုပေးနိုင်သည်။ 'ဝဟီ' ပို့ဆောင်သူ ဖရစ်ရှ်သာဟ်ထံမှ 'ဝဟီ' ရယူ၍ မိမိ၏ အမျိုးတူ လူသားများထံ ပို့ချပေးရမည်။

အကျဉ်းချုပ်ပြချက်အားဖြင့် 'လူသားသည် ဖရစ်ရှ်သာဟ်ထံမှ အကျိုးအမြတ်ရယူခြင်း မပြုနိုင်ဟု ဆိုပါလျှင် ရစူလ်သည် လူသားဖြစ်ပါလျက် ထိုဖရစ်ရှ်သာဟ်ထံမှ 'ဝဟီ' ၏ အကျိုးအမြတ်ကို မည်သို့ ရယူပါသနည်း' ဟူသော သံသယလည်း ကင်းဝေးသွားပြီး ဖြစ်သည်။

တစ်ဖန် ရစူလ်နှင့် အုမ္မသ်တွင် မျိုးတူဖြစ်ရန် စည်းကမ်းသတ်မှတ်ချက်ရှိသည်ဟု ဆိုသည့်အခါ တမန်တော်မြတ် ﷺ သည် 'ဂျင်န်' တို့၏ ရစူလ်တမန်တော် မည်သို့ ပြုခံရပါသနည်း။ 'ဂျင်န်' သည် လူသားနှင့် အမျိုးတူမဟုတ်ပါဟူသော စောဒကဖြစ်ပေါ်လာရာ ၎င်း၏အဖြေမှာ 'ရစူလ်သည် လူသားဖြစ်ရုံသက်သက်မဟုတ်ဘဲ ၎င်းတွင် ဖရစ်ရှ်သာဟ်၏ အရည်အချင်း၊ အဆင့်အတန်းတစ်ခုလည်း ရှိသည်ဖြစ်ရာ 'ဂျင်န်' များနှင့်လည်း ၎င်းမှာ ဆက်စပ်မှုဖြစ်နိုင်သောကြောင့် ဖြစ်သည်။

နောက်ဆုံးအာယသ်တော်၌ မိန့်ကြားထားသည်မှာ 'အသင်တို့သည် လူသားများဖြစ်ကြပါလျက် ကျွန်ုပ်တို့၏ ရစူလ်သည် ဖရစ်ရှ်သာဟ်ဖြစ်ရမည်'ဟု အရေးဆိုကြသည်။ ဤသို့ အရေးဆိုခြင်းမှာ အသိမဲ့ ခြင်းပင် ဖြစ်သည်။ သို့ရာတွင် အကယ်၍ ဤကမ္ဘာမြေပြင်ဝယ် ဖရစ်ရှ်သာဟ်များ နေထိုင်ကြပြီး ၎င်းတို့ ထံသို့ ရစူလ်စေလွှတ်ရန် လိုအပ်ပါလျှင် ဖရစ်ရှ်သာဟ်ကိုပင် ရစူလ်အဖြစ် စေလွှတ်တော်မူမည်သာ ဖြစ်သည်။ ဤမိန့်ကြားချက်တွင် ကမ္ဘာမြေပြင်၌ နေထိုင်ကြသည့် ဖရစ်ရှ်သာဟ်များ၏ ဂုဏ်ပုဒ်ကို

يَمْشُونَ مُطْمَئِنِّينَ

ဆိုလိုသည်မှာ 'ထိုဖရစ်ရှ်သာဟ်များသည် ကမ္ဘာမြေပေါ်ဝယ် စိတ်အေးချမ်းသာစွာဖြင့် သွားလာ လှည့်ပတ်နေကြသည်။' ထိုအချက်ဖြင့် သိရှိရသည်မှာ 'ဖရစ်ရှ်သာဟ်များထံသို့ ဖရစ်ရှ်သာဟ်များကိုပင် ရစူလ်အဖြစ် စေလွှတ်ရန် လိုအပ်မည်မှာ ထိုကမ္ဘာမြေပေါ်ရှိ ဖရစ်ရှ်သာဟ်များသည် မိမိတို့ကိုယ်တိုင် မိုး ကောင်းကင်ပေါ်သို့ မသွားနိုင်တော့ဘဲ ကမ္ဘာမြေပေါ်၌သာ လှည့်လည်သွားလာနေသော အချိန်မှသာ ဖြစ်နိုင် ပေသည်။ ထိုသို့မဟုတ်ဘဲ အကယ်၍ ၎င်းတို့ကိုယ်တိုင် မိုးကောင်းကင်ပေါ်သို့ သွားနိုင်စွမ်းရှိသည်ဆိုပါ လျှင် ကမ္ဘာမြေပေါ်သို့ ရစူလ်စေလွှတ်ရန်ပင် မလိုအပ်တော့'ဟု ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قُلْ كَفَىٰ بِٱللَّهِ شَهِيدًۢا بَيْنِى وَبَيْنَكُمْ ۚ إِنَّهُۥ كَانَ بِعِبَادِهِۦ خَبِيرًۢا بَصِيرًا ﴿٩٦﴾

၁၇ : ၉၆ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) အလ္လာဟ် အသျှင်မြတ်သည်ပင် ငါနှင့် အသင်တို့စပ်ကြားဝယ် သက်သေအဖြစ် လုံလောက်တော်မူ၏။ အကြောင်းမှာမူ ထိုအသျှင်မြတ်သည် သာလျှင် မိမိကျွန်အပေါင်းတို့နှင့် ပတ်သက်၍ အကြွင်းမဲ့ သိတော်မူသော အသျှင်၊ အကြွင်းမဲ့ မြင်တော်မူသော အသျှင်မြတ် ပင် ဖြစ်တော်မူပေသည်။

وَمَن يَهْدِ ٱللَّهُ فَهُوَ ٱلْمُهْتَدِ ۖ وَمَن
يُضْلِلْ فَلَن تَجِدَ لَهُمْ أَوْلِيَآءَ مِن دُونِهِۦ ۖ وَنَحْشُرُهُمْ يَوْمَ ٱلْقِيَٰمَةِ
عَلَىٰ وُجُوهِهِمْ عُمْيًا وَبُكْمًا وَصُمًّا ۖ مَّأْوَىٰهُمْ جَهَنَّمُ ۖ كُلَّمَا خَبَتْ
زِدْنَٰهُمْ سَعِيرًا ﴿٩٧﴾

၁၇ : ၉၇ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်က တရားလမ်းမှန်သို့ ညွှန်ပြတော်မူသော သူသည်သာလျှင် တရားလမ်းမှန် ကို ရရှိသူဖြစ်၍ ထိုအသျှင်မြတ်က လမ်းမှား၌ ထားရှိတော်မူသော သူ (တို့) အား အသင်သည် ထိုအသျှင်မြတ်မှတစ်ပါး

၎င်းတို့အား ကူညီရိုင်းပင်းမည့်သူများကို အလျှဉ်းတွေ့ရှိလိမ့်မည်မဟုတ်ပေ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား 'ကေယာမသ်' ရှင်ပြန်ထမည့်နေ့တွင် မျက်စိကန်းသူများ၊ ဆွံ့အသူများနှင့် နားပင်းသူများအဖြစ် မျက်နှာများမှောက်လျက် (တရွတ်တိုက်ဆွဲ၍) စုရုံးစေတော်မူမည်။ ၎င်းတို့၏ နေရာထိုင်ခင်းသည် 'ဂျဟန္နမ်'ငရဲဘုံသည်ပင်လျှင် ဖြစ်၏။ ယင်း ('ဂျဟန္နမ်'ငရဲဘုံ၏ မီး) သည် ငြိမ်းအေးတိုင်း ငြိမ်းအေးတိုင်း ငါအသျှင်မြတ်သည် ၎င်းတို့၌ မီးတောက်မီးလျှံကို ပိုမို၍ (တောက်လောင်) များပြားစေတော်မူမည် ဖြစ်ပေသည်။

ذٰلِكَ جَزَآؤُهُمْ بِاَنَّهُمْ كَفَرُوْا بِاٰيٰتِنَا وَقَالُوْٓا
ءَاِذَا كُنَّا عِظَامًا وَّرُفَاتًا ءَاِنَّا لَمَبْعُوْثُوْنَ خَلْقًا جَدِيْدًا ﴿٩٨﴾

၁၇ ႏ ၉၈ ။ ။ ဤသည် ၎င်းတို့၏ အကျိုးပင် (ဖြစ်၏။) အကြောင်းမှာ ၎င်းသူတို့သည် ငါအသျှင်မြတ်၏ သက်သေလက္ခဏာ (အာယသ်) တော်များကို မယုံမကြည် ငြင်းဆိုခဲ့ခြင်းကြောင့်လည်းကောင်း၊ ကျွန်ုပ်တို့သည် အရိုးများသာ ကျန်ရှိပြီး (၎င်းအရိုးများသည်) အပိုင်းပိုင်းအစစ ဖြစ်ကြသောအခါ အသစ် (ပြန်လည်) ဖန်ဆင်းခြင်းအားဖြင့် ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လောဟု ပြောဆိုခဲ့ခြင်းကြောင့်လည်းကောင်း ဖြစ်ပေသည်။

اَوَلَمْ يَرَوْا اَنَّ اللّٰهَ الَّذِيْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ قَادِرٌ عَلٰٓى
اَنْ يَّخْلُقَ مِثْلَهُمْ وَجَعَلَ لَهُمْ اَجَلًا لَّا رَيْبَ فِيْهِ ۗ فَاَبَى الظّٰلِمُوْنَ اِلَّا كُفُوْرًا ﴿٩٩﴾

၁၇ ႏ ၉၉ ။ ။ ဧကန်စင်စစ် မိုးကောင်းကင်များနှင့် ပထဝီမြေကြီးကို ဖန်ဆင်းတော်မူခဲ့သော အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ကဲ့သို့သော သူတို့အား (တစ်ဖန်ပြန်လည်) ဖန်ဆင်းတော်မူရန် စွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်ကို ၎င်းတို့သည် မသိမမြင်ကြလေသလော။ စင်စစ် ထိုအသျှင်မြတ်သည် ၎င်းတို့အဖို့ (သေဆုံးရန်နှင့် ရှင်ပြန်ထရန်) ယုံမှားသံသယ လုံးဝကင်းရှင်းသော ကာလအပိုင်းအခြားတစ်ခုကို သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့လေသည်။ သို့တစေလည်း မတရားကျူးလွန်သော သူတို့သည် မယုံမကြည် ငြင်းဆိုခြင်းမှအပ အခြားမည်သည့်ကိုမျှ မနှစ်သက်ခဲ့ကြပေ။

قُلْ لَّوْ اَنْتُمْ تَمْلِكُوْنَ خَزَآئِنَ رَحْمَةِ رَبِّيْٓ اِذًا
لَّاَمْسَكْتُمْ خَشْيَةَ الْاِنْفَاقِ ۗ وَكَانَ الْاِنْسَانُ قَتُوْرًا ﴿١٠٠﴾

၁၇ ႏ ၁၀၀ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ အကယ်၍သာ အသင်တို့သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ကရုဏာတော်၏ ဘဏ္ဍာတော်များကို ပိုင်ဆိုင်ကြသည်ရှိသော် အမှန်ပင် (ယင်းဘဏ္ဍာတော်များ) သုံးစွဲ၍ ကုန်ဆုံးသွားမည်ကို စိုးရိမ်၍ အသင်တို့ စေးနှဲကြပေမည်။ စင်စစ် လူသားတို့သည် အလွန်စေးနှဲတွန့်တိုသူများပင် ဖြစ်ကြကုန်သည်။

အာကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုသူတို့သည် 'ရီစာလသ်'နှင့် 'နဗူဝသ်'၏ ပွင့်လင်းထင်ရှားသော အထောက်အထားများ ရောက်ရှိလာခြင်းနှင့် ဒွိဟသံသယအားလုံး ဝေးလွင့်ပြီးသည့်နောက်တွင်လည်း လက်ခံခြင်း မပြုကြပါမူ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား နောက်ဆုံးစကားအဖြစ်) ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်သည်ပင် ကျွန်ုပ်နှင့် အသင်တို့၏ စပ်ကြားမှ (ကွဲလွဲမှုများတွင်) လုံလောက်သော သက်သေဖြစ်တော်မူပေသည်။ (ဆိုလိုသည်မှာ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်းကို အလ္လာဟ်အသျှင်မြတ် သိရှိတော်မူသည်။ အဘယ်ကြောင့်ဆိုသော်) ထိုအသျှင်မြတ်သည် မိမိ၏ ကျွန်လူသားတို့ (၏ အခြေအနေများ) ကို ကောင်းစွာ သိရှိတော်မူသော၊ ကောင်းစွာ မြင်တော်မူသော အသျှင်မြတ်ဖြစ်တော်မူသောကြောင့်ပင် ဖြစ်သည်။ (အသင်တို့၏ အမိန့်ဖီဆန်ခြင်းကိုလည်း သိမြင်တော်မူသည်။) အလ္လာဟ်အသျှင်မြတ်က တရားလမ်းမှန်သို့ ညွှန်တော်မူသော သူသာလျှင် တရားလမ်းမှန် ရရှိသူဖြစ်သည်။ ထိုအသျှင်မြတ်က လမ်းမှား၌ ထားရှိတော်မူခြင်း ခံရသူသည် ၎င်းအား ကူညီမိုင်းမရန် ထိုအသျှင်မြတ်မှတစ်ပါး အခြားမည်သူ့ကိုမျှ အလျှင်း တွေ့ရှိလိမ့်မည်မဟုတ်။ (ကုဖ္ဖရ်ပြုခြင်းကြောင့် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကူညီမိုင်းမခြင်းမှ နဖူးစာမဲ့ကြရလေသည်။ ဆိုလိုသည့်သဘောမှာ 'အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ကူညီမိုင်းမခြင်း မပြုသရွေ့ 'ဟေဒါယသ်'တရားလမ်းမှန်လည်း မရရှိနိုင်ပေ။ 'အဇာဗ်'အပြစ်ဒဏ်မှ လွတ်မြောက်ခြင်းလည်း မဖြစ်နိုင်'ဟု ဖြစ်သည်။)

ထို့နောက် ငါအသျှင်မြတ်သည် 'ကေယာမသ်'နေ့တွင် ၎င်းတို့အား မျက်စိကန်းသူများ၊ ဆွံ့အသူများနှင့် နားပင်းသူများအဖြစ် မျက်နှာမှောက်လျက် စုရုံးစေတော်မူသည်။ ၎င်းတို့၏ နေရာထိုင်ခင်း လားရာစခန်းသည် 'ဂျဟန္နမ်'ငရဲဘုံသာ ဖြစ်ပေမည်။ ထို 'ဂျဟန္နမ်' (ငရဲဘုံ၏ မီး) သည် မှေးမှိန်သွားသည့်အခါ ငါအသျှင်မြတ်သည် ထိုသူတို့အတွက် မီးတောက်မီးလျှံကို ပိုမိုများပြားစွာ တောက်လောင်စေတော်မူမည် ဖြစ်သည်။ ဤသည် ၎င်းတို့၏ အပြစ်ဒဏ်၏အစားဖြစ်သည်။ အကြောင်းမှာ ထိုသူတို့သည် ငါအသျှင်မြတ်၏ လက္ခဏာတော်များကို မယုံမကြည် ငြင်းဆိုခဲ့ကြခြင်းကြောင့်လည်းကောင်း၊ တစ်ဖန် ကျွန်ုပ်တို့သည် အရိုးများသာ ကျန်ရှိပြီး အပိုင်းပိုင်းအစစ ဖြစ်ကြသောအခါ အသစ်တစ်ဖန် ပြန်လည်ဖန်ဆင်းလျက် ('ကဗရ်'သင်္ချိုင်းများမှ) ရှင်ပြန်ထစေခြင်းခံရဦးမည်လောဟု ပြောဆိုခဲ့ကြသောကြောင့်လည်းကောင်း ဖြစ်ပေသည်။ စင်စစ် မိုးကောင်းကင်များကိုလည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း ဖန်ဆင်းတော်မူသော အသျှင်မြတ်သည်ပင် ၎င်းတို့ကဲ့သို့သော သူတို့အား (တစ်ဖန်ပြန်လည်) ဖန်ဆင်းရာတွင် (ပို၍ပင် စွမ်းနိုင်သည်ကို) ၎င်းတို့ မသိမမြင်ကြလေသလော။ (ငြင်းပယ်သူများသည် 'သိန်းသန်းပေါင်းများစွာ သေဆုံးခဲ့ကြပြီး ဖြစ်သော်လည်း ယခုတိုင် ပြန်လည်ရှင်ပြန်ထရမည်ဟူသော ကတိတော် မပြည့်ဝ (မဖြစ်လော) သေးဟူ၍ သို့လော၊ သို့လော ဖြစ်နေကြသည်ဖြစ်ပေမည်။ ထိုသို့ ဖြစ်ရခြင်းမှာ) ၎င်းတို့၏ (ပြန်လည်ဖန်ဆင်းရန်အတွက်) ကာလအပိုင်းအခြားတစ်ခုကို သတ်မှတ်ထားပြီး ဖြစ်သည်။ ထိုသတ်မှတ်ကာလ (ရောက်ရှိလာရန်) မှာ စိုးစဉ်းမျှ သံသယမရှိပေ။ သို့တစေလည်း မတရားမှု ကျူးလွန်သူတို့သည် ငြင်းဆိုခြင်းကို မပြုခဲ့သူဟူ၍ မရှိပေ။

(အို၊ နဗီတမန်တော်) အသင် ဤသို့ ပြောကြားပါလေ။ အကယ်၍ အသင်တို့သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ‘ရဟ်မသ်’ (နဗူဝသ်) ၏ ဘဏ္ဍာတော်များ (ပြည့်စုံကုံလုံမှုများ) ကို ပိုင်ဆိုင်ကြသည် (ပေးလိုသူအား ပေး၍ မပေးလိုသူအား မပေးဘဲ ထားနိုင်သည်) ဖြစ်ပါလျှင် ထို အခြေအနေတွင် အသင်တို့သည် (ထိုပိုင်ဆိုင်မှုများ) သုံးစွဲလိုက်ရမည်ကို စိုးရိမ်၍ လက်များကို မုချ ရုပ်သိမ်း လိုက်ကြပေမည်။ (မည်သည့်အခါမျှ မည်သူ့ကိုမျှ ပေးကြမည်မဟုတ်ပေ။ စင်စစ် ဤအရာများသည် တစ်စုံတစ်ဦးအား ပေးလိုက်ခြင်းဖြင့် တစ်စုံတစ်ရာ လျော့နည်းမှုလည်း ဖြစ်မည်မဟုတ်။ လူသားသည် အလွန်တရာ စိတ်ဓါတ်ကျဉ်းမြောင်း (စေးနဲတွန့်တို) သောသူ ဖြစ်ပေသည်။ (ယုတ်လျော့သွားမည့်အရာ မဟုတ်သည်ကိုပင် ပေးကမ်းရန် စေးနဲတွန့်တိုနေသည်။ ထိုသို့ ဖြစ်ရခြင်းအကြောင်းမှာ ရစူလ်တမန်တော် များအား ရန်လိုမှုနှင့် စေးနဲမှုများပြုခြင်းတို့ကြောင့် ဖြစ်သည်။ ထို့ပြင် ဖြစ်နိုင်သည့်အချက်မှာ အကယ်၍ တစ်စုံတစ်ဦးကို နဗီ၊ ရစူလ် ခန့်အပ်လိုက်ပြီဖြစ်လျှင် ထိုနဗီ၊ ရစူလ်၏ အမိန့်ပညတ်ချက်များကို လိုက်နာ ရပေတော့မည်။ ဥပမာ- လူမျိုးတစ်မျိုးသည် အချင်းချင်းညှိနှိုင်းတိုင်ပင်၍ တစ်စုံတစ်ဦးအား မိမိတို့၏ ဘုရင်အဖြစ် ခန့်အပ်လိုက်သည်။ ခန့်အပ်လိုက်သည့်မှာလည်း ၄င်းတို့ပင် ဖြစ်သည်။ သို့ရာတွင် ထိုသူသည် ဘုရင်ဖြစ်သွားသွားအခါ ထိုသူ့အား ဘုရင်အဖြစ် ခန့်အပ်သူတို့သည် ဘုရင်ဖြစ်သွားသူ၏ အမိန့်ကို နာခံ ရပေတော့မည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

နောက်ဆုံးအာယသ်တော်၌ မိန့်ကြားတော်မူထားသည်မှာ ‘အကယ်၍ အသင်တို့သည် အလ္လာဟ် အသျှင်မြတ်၏ ‘ရဟ်မသ်’တော်၏ ဘဏ္ဍာတော်များကို ပိုင်ဆိုင်သွားပါလျှင် အသင်တို့သည် စေးနဲတွန့်တို မှုများ ပြုကြပေမည်။ မည်သူ့ကိုမျှ ပေးကြလိမ့်မည်မဟုတ်ပေ။ အကယ်၍ လူတို့အား ပေးကမ်းနေရပါလျှင် ဤဘဏ္ဍာတော်များ ကုန်ဆုံးသွားလိမ့်မည်ဟု စိုးရိမ်သောကြောင့် ဖြစ်သည်။ အမှန်စင်စစ် အသျှင်မြတ်၏ ‘ရဟ်မသ်’တော်၏ ဘဏ္ဍာတော်သည် ကုန်ဆုံးခြင်းမရှိပေ။ သို့သော်လည်း လူသားသည် မိမိ၏ သဘာဝ အလျောက် စိတ်ဓါတ်ကျဉ်းမြောင်း၍ သတ္တိနည်းသူဖြစ်ပေရာ လူတို့အား ကျယ်ကျယ်ဝန်းဝန်း ပေးကမ်း ရန် သတ္တိမရှိပါချေ။

ဤအာယသ်တော်တွင် (အသျှင်မြတ်၏ ‘ရဟ်မသ်’တော်၏ ဘဏ္ဍာတော်) ဟူသော စာလုံးအား အဖွင့်ပညာရှင်အများစုတို့က ‘ဥစ္စာပစ္စည်းများ၏ ဘဏ္ဍာတော်တိုက်’ဟု အဓိပ္ပာယ်ကောက်ယူကြလေသည်။ ဤအာယသ်တော်နှင့် ရှေ့မှ အာယသ်တော်တို့၏ ဆက်စပ်မှုမှာ မက္ကာဟ်မြို့သား ကာဖိရ်များက ‘အကယ်၍ အသင်သည် အမှန်ပင် နဗီအစစ်ဖြစ်ပါလျှင် ဤမက္ကာဟ်နယ်မြေ၏ ခြောက်သွေ့သော သဲကန္တာရတွင် မြစ်ချောင်းများ စီးဆင်းစေလျက် ထိုသဲကန္တာရအား စိမ်းလန်းသော ဥယျာဉ်များအဖြစ် ဆီးရီးယားနယ်မြေ ဒေသကဲ့သို့ ပြောင်းလဲစေပါ’ဟု ပြောဆိုခဲ့ကြသည်။ ၄င်း၏အဖြေမှာ တင်ပြခဲ့ပြီးဖြစ်သည်။ ထိုအဖြေမှာ ‘အသင်တို့သည် ကျွန်ုပ်အား အလ္လာဟ်အသျှင်မြတ်ဟု မှတ်ယူနေကြသည်။ အသျှင်မြတ်၏ လုပ်ပိုင်ခွင့် များကို ကျွန်ုပ်ထံ၌ တောင်းဆိုနေကြသည်။ ကျွန်ုပ်မှာမူ ပြုလိုရာပြုနိုင်စွမ်းသည့် အသျှင်မြတ် မဟုတ်ပါ။

ရရှုလ်တစ်ပါးသာ ဖြစ်သည်'ဟု ဖြေကြားခဲ့ပြီးဖြစ်သည်။ ဤအာယသ်တော်ကိုလည်း အကယ်၍ အဆိုပါ အကြောင်းအရာနှင့် ဆက်စပ်သည်ဟု သတ်မှတ်လိုက်ပါလျှင် အလိုသဘောမှာ မက္ကာဟ်၏မြေကို မြစ်ချောင်းများ စီးတွေသော မြေအဖြစ်လည်းကောင်း၊ စိမ်းလန်းစိုပြေသော ဉယျာဉ်မြေများအဖြစ်လည်းကောင်း ပြုပေးရန် အရေးဆိုခြင်းသည် ကျွန်ုပ်၏ 'နဗူဝသ်' နှင့် 'ရိစာလသ်' အား ဆန်းစစ်ရန်ဖြစ်လျှင် ထိုသို့ ဆန်းစစ်ခြင်းသည် ကုရ်အာန်၏ 'မုအ်ဂျေဇာဟ်'နှင့်ပင် လုံလောက်ပေသည်။ အခြားသော အရေးဆိုမှုများ ပြုရန်ပင် မလိုအပ်ပါချေ။ အကယ်၍ မိမိတို့၏ လူမျိုးရေး၊ နိုင်ငံရေး လိုအပ်ချက်များအတွက် ဖြစ်ပါလျှင် အကယ်၍ အသင်တို့ အရေးဆိုသည့်အတိုင်း အသင်တို့အား မက္ကာဟ်မြေတွင် အရာရာပြည့်စုံမှု ပေးလိုက်လျှင်လည်းကောင်း၊ ဘဏ္ဍာတော်များအား ပိုင်ဆိုင်သူများအဖြစ် ပြုပေးလိုက်လျှင်လည်းကောင်း ဖြစ်ခဲ့ပါလျှင် ထိုသို့ ပြုပေးလိုက်သည့် ရလဒ်မှာ လူမျိုးရေးနှင့် နိုင်ငံ၏ ကောင်းစားမှုဖြစ်မည်ကား မဟုတ်ပေ။ ထိုမျှသာမက လူ့သဘာဝအလျောက် ဤဘဏ္ဍာတော်များ ရရှိသူသည် ထိုဘဏ္ဍာတော်အပေါ်၌ မြွေကဲ့သို့ ရစ်ပတ်ကာ ထားပေမည်။ အများလူထုအပေါ် သုံးစွဲရန် ဆင်းရဲမွဲတေခြင်း၏ ကြောက်စိတ်သည် ၎င်းတို့အား တားမြစ်ထားပေမည်။ ဤသို့သော အခြေအနေတွင် မက္ကာဟ်မြို့ရှိ ခေါင်းဆောင်အချို့နှင့် သူဌေးသူကြွယ်များသာလျှင် ပို၍ ကောင်းစားသွားကြပေမည်။ အများလူထုအတွက် အဘယ်မှာ အကျိုးဖြစ်ထွန်းမည်နည်း။ ဤသည်ကို မှတ်သားထားရပေမည်။ အဖွင့်ပညာရှင်အများစုက အထက်ပါ အလိုသဘောကိုပင် ဤအာယသ်တော်၏ အလိုသဘောဖြစ်သည်ဟု သတ်မှတ်ထားကြပေသည်။

ဟာဇရသ်ဟာကီမွလ်အွမ္မသ် ထာနဝီ (ရဟ) သခင်က 'ဗယာနူလ်ကုရ်အာန်'ကျမ်း၌ ဤနေရာတွင် رحمت رب အား 'နဗူဝသ်'နှင့် 'ရိစာလသ်'ဟုလည်းကောင်း၊ خزائن رحمت အား 'နဗူဝသ်၏ ပြည့်စုံကုံလုံမှု'ဟုလည်းကောင်း အလိုသဘော ကောက်ယူထားသည်။ ဤဖွင့်ဆိုချက်နှင့်အညီ အရှေ့မှ အာယသ်တော်များနှင့် ဆက်စပ်မှုမှာ 'အသင်တို့သည် 'နဗူဝသ်'နှင့် 'ရိစာလသ်'အတွက် အကျိုးမဲ့သော အရေးဆိုမှုများ ပြုနေကြပါသလော။ ကျွန်ုပ်၏ 'နဗူဝသ်'အား အသင်တို့ လက်မခံလိုသည့်အတွက် အသင်တို့စိတ်ကြိုက် 'နဗူဝသ်'ပေးလိုသူကို ပေးနိုင်ရန် 'နဗူဝသ်'ချီးမြှင့်ခြင်း အစီအစဉ်ကို အသင်တို့လက်ဝယ် အပ်နှင်းလိုက်ပါလျှင် အသင်တို့သည် 'နဗူဝသ်'နှင့် 'ရိစာလသ်'အား မည်သူ့ကိုမျှ ပေးကြတော့မည် မဟုတ်ဘဲ စေးနဲတွန့်တိုစွာဖြင့် နေလိုက်ကြပေမည်။

ဟာဇရသ် (ရဟ) သည် ဤသဖ်စီးရ်အား ကောက်နှုတ်၍ တင်ပြသည်မှ 'ဤသဖ်စီးရ်သည် အလ္လာဟ် အသျှင်မြတ်၏ ချီးမြှင့်ခြင်းများမှ ဖြစ်သည်။ ထိုသဖ်စီးရ်တွင် 'နဗူဝသ်'ကို 'ရဟ်မသ်'နှင့် နှိုင်းယှဉ်ခြင်းမှာ

أَهُمْ يَقْسِمُونَ رَحْمَةَ رَبِّكَ

ဟူသော အာယသ်တော်အတိုင်းဖြစ်သည်။ ဤအာယသ်တော်တွင် 'ရဟ်မသ်'၏ အလိုသဘောမှာ ပညာရှင်အားလုံး တစ်ညီတစ်ညွတ်တည်း 'နဗူဝသ်'ဟု ကောက်ယူထားသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَقَدْ آتَيْنَا مُوسَىٰ تِسْعَ آيَاتٍ بَيِّنَاتٍ فَاسْأَلْ بَنِي إِسْرَائِيلَ إِذْ جَاءَهُمْ
فَقَالَ لَهُ فِرْعَوْنُ إِنِّي لَأَظُنُّكَ يَا مُوسَىٰ مَسْحُورًا ﴿١٠١﴾

၁၇ း ၁၀၁ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် (နဗီတမန်တော်) မူစာအား (အသျှင်မြတ်၏ အချုပ်အခြာအာဏာကို ထောက်ခံသော) ခိုင်မာထင်ရှားလှသည့် တန်ခိုးတော်ကိုးပါးကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် (ဤအကြောင်းကို) အိစ်ရာအီလီမျိုးနွယ်တို့အား မေးမြန်းစုံစမ်း၍ ကြည့်ပါလေ။ (နဗီတမန်တော်) မူစာသည် ၎င်းတို့ထံ ရောက်လာသောအခါ ဖိရ်အောင်န်က 'အို၊ မူစာ၊ အသင်သည် ကေန်မလွဲ စုန်းပြုစားခြင်းခံရသူဖြစ်သည်ကို ကျွန်ုပ် ထင်မှတ် (ယူဆ) သည်' ဟူ၍ ပြောဆိုခဲ့လေသည်။

قَالَ لَقَدْ عَلِمْتَ مَا أَنزَلَ هَٰؤُلَاءِ إِلَّا رَبُّ السَّمَاوَاتِ
وَالْأَرْضِ بَصَائِرَ وَإِنِّي لَأَظُنُّكَ يَا فِرْعَوْنُ مَثْبُورًا ﴿١٠٢﴾

၁၇ း ၁၀၂ ။ ။ ထို (နဗီတမန်တော်) မူစာက (ဤသို့) ပြောဆိုဖြေကြားခဲ့လေသည်။ 'ဤသည်တို့ကို မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူသော အသျှင်မြတ်သည်သာလျှင် ပိုင်းခြားသိမြင်နိုင်စေသော သက်သေသာဓကများအဖြစ် ချပေးတော်မူခဲ့ကြောင်း၊ အမှန်စင်စစ် အသင်သည် သိရှိခဲ့ပြီးဖြစ်ပေသည်။ ၎င်းပြင် အို၊ ဖိရ်အောင်န်၊ ကေန်စင်စစ် ကျွန်ုပ်သည် အသင့်အား ဆုံးရှုံးပျက်စီးခြင်း ခံရမည့်သူ ဖြစ်သည်' ဟု ထင်မှတ်ပေသည်။

فَأَرَادَ أَن يَسْتَفِزَّهُم مِّنَ الْأَرْضِ فَأَغْرَقْنَاهُ وَمَن مَّعَهُ جَمِيعًا ﴿١٠٣﴾

၁၇ း ၁၀၃ ။ ။ ထိုအခါ ယင်း (ဖိရ်အောင်န်) သည် (မူစာနှင့်) ထိုအိစ်ရာအီလီမျိုးနွယ်တို့အား၊ ယင်း (အီဂျစ်) နိုင်ငံမှ ခြောက်လှန့်မောင်းထုတ်ရန် ကြံရွယ်ခဲ့လေသည်။ သို့ရာတွင် ငါအသျှင်မြတ်သည် ယင်း (ဖိရ်အောင်န်) အားလည်းကောင်း၊ ယင်း (ဖိရ်အောင်န်) နှင့်အတူ ရှိကြသူအားလုံးတို့ကိုလည်းကောင်း၊ (ပင်လယ်နီတွင်) နစ်မြုပ်တော်မူခဲ့လေသည်။

وَقُلْنَا مِن بَعْدِهِ لِبَنِي إِسْرَائِيلَ اسْكُنُوا
الْأَرْضَ فَإِذَا جَاءَ وَعْدُ الْآخِرَةِ جِئْنَا بِكُمْ لَفِيفًا ﴿١٠٤﴾

၁၇ း ၁၀၄ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ယင်း (ကဲ့သို့ နစ်မြုပ်တော်မူပြီး) နောက်တွင် အိစ်ရာအီလီမျိုးနွယ်တို့အား၊ အသင်တို့သည် ဤကမ္ဘာမြေဝယ် (မိမိတို့ ကြိုက်နှစ်သက်ရာ နေရာ၌) မှီတင်းနေထိုင်ကြလေကုန်။ တစ်ဖန် နောက်ဆုံးနေ့နှင့် စပ်လျဉ်း၍ ချိန်းချက်ထားသော အချိန်ကာလ ရောက်ရှိလာသောအခါ ငါအသျှင်မြတ်သည် အသင်တို့ (အားလုံး) ကို စုပေါင်းကာ ခေါ်ယူတော်မူမည်ဟု မိန့်ကြားတော်မူခဲ့လေသည်။

وَبِالْحَقِّ أَنزَلْنَاهُ وَبِالْحَقِّ نَزَلَ ۗ وَمَا أَرْسَلْنَاكَ إِلَّا مُبَشِّرًا وَنَذِيرًا ﴿١٠٥﴾

၁၇ : ၁၀၅ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို မှန်ကန်မှုနှင့်တကွ ချပေးတော်မူခဲ့ရာ ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) သည် မှန်ကန်မှုနှင့်တကွပင် ကျရောက်လာခဲ့သည်။ ၎င်းပြင် (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင့်အား သတင်းကောင်း ပြောကြားသူနှင့် သတိပေးနှိုးဆော်သူအဖြစ်သာ စေလွှတ်တော်မူခဲ့လေသည်။

وَقُرْآنًا فَرَقْنَاهُ لِتَقْرَأَهُ عَلَى النَّاسِ عَلَىٰ مُكْثٍ وَنَزَّلْنَاهُ تَنزِيلًا ﴿١٠٦﴾

၁၇ : ၁၀၆ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အသင့်အား လူတို့ရှေ့ဝယ် ဆိုင်းကာ (တစ်နည်း) ဆိုင်းငံ့ထားသော ကြားကာလ၌ ဖတ်ကြားနိုင်ရန်အလို့ငှာ ယင်းကျမ်းတော်မြတ်ကို (ပိုင်းဖြတ်၊ ခွဲခြမ်းကာ) ခြားနား၍ ချပေးတော်မူခြင်း ဖြစ်ပေသည်။ ၎င်းပြင် ငါအသျှင်မြတ်သည် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်ကို တစ်ဖြည်းဖြည်း (အလီလီ၊ အဆင့်ဆင့်) အားဖြင့် ချပေးသနားတော်မူခဲ့လေသည်။

قُلْ آمِنُوا بِهِ أَوْ لَا تُؤْمِنُوا ۚ إِنَّ الَّذِينَ أُوتُوا الْعِلْمَ مِن قَبْلِهِ إِذَا يُتْلَىٰ عَلَيْهِمْ يَخِرُّونَ لِلْأَذْقَانِ سُجَّدًا ﴿١٠٧﴾

၁၇ : ၁၀၇ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် ဤ (ကုရ်အာန်) ကျမ်းတော်မြတ်ကို ယုံကြည်ကြသည်ဖြစ်စေ၊ မယုံကြည်ကြသည်ဖြစ်စေ (အကြောင်းမထူးပေ။) စေန်စင်စစ် ယင်း (ကုရ်အာန်) ကျမ်းမြတ် မကျရောက်မီအလျင်က အသိပညာကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံကြရသော သူတို့မှာမူ ၎င်းတို့ရှေ့ဝယ် ယင်း (ကုရ်အာန်ကျမ်းမြတ်) ကို ဖတ်ကြားလေသောအခါ ၎င်းတို့သည် မျက်နှာကို အောက်ချလျက် ပျပ်ဝပ် ဦးချကြကုန်သည်။

وَيَقُولُونَ سُبْحَانَ رَبِّنَا إِن كَانَ وَعْدُ رَبِّنَا لَمَفْعُولًا ﴿١٠٨﴾

၁၇ : ၁၀၈ ။ ။ ထို့ပြင် ၎င်းသူတို့က ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ အမှန်စင်စစ် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကတိတော်သည် (ထားရှိတော်မူသည့်အတိုင်း) အမှန်မလွဲ ဖြစ်ရမည့် ကိစ္စပင် ဖြစ်သည်ဟု (ဝန်ခံ) လျှောက်ထားကြကုန်၏။

وَيَخِرُّونَ لِلْأَذْقَانِ يَبْكُونَ وَيَزِيدُهُمْ خُشُوعًا ۩ ﴿١٠٩﴾

၁၇ : ၁၀၉ ။ ။ ထို့ပြင် ၎င်းသူတို့သည် ငိုကြွေးလျက် မျက်နှာကို အောက်သို့ စိုက် (၍ ဝပ်တွား) ကြကုန်၏။ ၎င်းပြင် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်သည် ထိုသူတို့၌ ချစ်ကြောက်ရိုသေ (ကျိုးနွံ) မှုကို ပိုမို၍ပင် တိုးပွားစေလေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ငါအသျှင်မြတ်သည် မူစာ ﷺ အား ပွင့်လင်းထင်ရှားသော 'မုအ်ဂျိဇာဟ်'တန်ခိုးတော် (၉) မျိုးကို ချီးမြှင့်တော်မူခဲ့သည်။ (ဤအကြောင်းများသည် အစောင် (၉)၊ ရုကူအ် (၆)၊ အာယသ်တော် (၁) ၌ လာရှိပြီးဖြစ်သည်။ ထိုနဗီတမန်တော်မူစာ ﷺ သည် ဗနီအိစ်ရာအီးလ်တို့ထံ ရောက်ရှိခဲ့သည်။ သို့ရှိရာ အသင်သည် ဗနီအိစ်ရာအီးလ်တို့အား (လည်း မေးမြန်းလိုက) မေးကြည့်နိုင်သည်။ (အကြောင်းမှာ အသင်သည် ဖိရ်အောင်န်ထံသို့လည်း စေလွှတ်ခြင်းခံရသောကြောင့် ဖြစ်သည်။ ဖိရ်အောင်န်နှင့် ဖိရ်အောင်န်၏ နောက်လိုက်အုပ်စုများ အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိသောကြောင့် ထိုအံ့ဖွယ်ဆန်းကျယ် 'မုအ်ဂျိဇာဟ်' များ ပေါ်လွင်ခဲ့ရသည်။ အကြောင်းမှာ မူစာ ﷺ သည် ဖိရ်အောင်န်အား အီမာန်သက်ဝင်ယုံကြည်ပါရန် သတိပေးနှိုးဆော်ခဲ့သည်။ ထို့နောက် ထိုပွင့်လင်းထင်ရှားသည့် 'မုအ်ဂျိဇာဟ်'တန်ခိုးတော်များဖြင့် ခြိမ်းခြောက်ခဲ့သည်။ ထိုအခါ ဖိရ်အောင်န်က 'အို, မူစာ၊ ကျွန်ုပ်၏ အယူအဆအရဆိုလျှင် မုချ အသင့်အား တစ်စုံ တစ်ဦးက 'ဂျာဒူ'ပယောဂစုန်းပြုစားခြင်း ပြုလိုက်ပြီးဖြစ်သည်။' (ဤသို့ အခြေအမြစ်မရှိသော စကားမျိုး ပြောရလောက်အောင်ပင် အသင်၏ အသိဉာဏ် လွင့်ပါးပျက်ပြယ်သွားပြီးဖြစ်သည်။) မူစာ ﷺ က ပြောဆိုသည်မှာ 'အသင်သည် (စိတ်တွင်း၌) ကောင်းစွာ သိရှိပါသည်။ (အရှက်သိက္ခာအတွက် နှုတ်မှ မြွက်ဟဝန်ခံမှု မပြုခြင်းသာ ဖြစ်ပါသည်။) ဤအံ့ဖွယ်ဆန်းကြယ်သော ကိစ္စရပ်တို့သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေပထဝီအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က တရားလမ်းမှန် ရရှိရန် ပို့ချပေးသော (ပြီးပြည့်စုံလောက်သည့်) အကြောင်းခံများပင် ဖြစ်သည်။ ကျွန်ုပ်၏ အယူအဆအရ ဧကန်မုချ အသင်၏ နဖူးစာဆိုးသည့် နေ့သည် ရောက်ရှိလာခဲ့ပေပြီ။' (ဖိရ်အောင်န်၏ အခြေအနေမှာ မူစာ ﷺ ၏ တောင်းဆိုချက်အပေါ်၌လည်း ဗနီအိစ်ရာအီးလ်တို့ကို 'မိဇ္ဇ်ရီ' (အီဂျစ်) မှ ထွက်ခွာခွင့် မပေးခဲ့ပေ။) စင်စစ် ဖိရ်အောင်န်သည် (ဗနီအိစ်ရာအီးလ်တို့သည် မူစာ ﷺ ၏ အကြောင်းခံဖြင့် အင်အားကြီးမားသွားမည်ကို စိုးရိမ်ခဲ့သည်။ မိမိကိုယ်တိုင်ပင်) လည်း ဗနီအိစ်ရာအီးလ်တို့အား ဤ (အီဂျစ်) နယ်မြေမှ နယ်နှင်ဒဏ်ပေးရန် လိုလားခဲ့သည်။ သို့ရှိရာ ငါအသျှင်မြတ်သည် (၎င်း၏ ရည်ရွယ်ချက် အထမမြောက်မီမှာပင်) ၎င်းအားလည်းကောင်း၊ ၎င်း၏ နောက်လိုက်များအားလည်းကောင်း အားလုံးကို နစ်မြုပ်စေတော်မူခဲ့သည်။ ထို့နောက် (ထိုသို့ နစ်မြုပ်စေ) ပြီးနောက် ငါအသျှင်မြတ်သည် ဗနီအိစ်ရာအီးလ်တို့အား မိန့်ကြားခဲ့သည်မှာ (ယခု) အသင်တို့သည် (အသင်တို့အား နှင်ထုတ်ရန် လိုလားခဲ့သည့် နယ်မြေသည် အသင်တို့ပိုင်နယ်မြေဖြစ်သည်။ ထိုနယ်မြေ) တွင် အသင်တို့ နေထိုင်ကြကုန်။ (ပင်ကိုယ်အင်အားအရဖြစ်စေ၊ လက်တွေ့ ပြုစွမ်းနိုင်ကြောင်းအရဖြစ်စေ နေထိုင်ကြလေကုန်။ သို့ရာတွင် ဤပိုင်စိုးမှုသည်လည်း လောကီဘဝသက်တမ်းအတွက်၌သာ ဖြစ်သည်။)

တစ်ဖန် 'ကေယာမသ်'နှင့် စပ်လျဉ်း၍ ကတိပြုထားသည့်နေ့ ဆိုက်ရောက်လာသည့်အခါ ငါအသျှင်မြတ်သည် အသင်တို့အားလုံးကို စုရုံး၍ ('ကေယာမသ်'နေ့၏ ကွင်းပြင်တွင် အမိန့်နာခံသူများ၊ အုပ်ချုပ်ခံ

ရသူများအဖြစ်) ခေါ်ယူတော်မူပေမည်။ (ဤသည် ပထမကနဦးတွင် ဖြစ်သည်။ တစ်ဖန် မုအ်မင်န်နှင့် ကာဖိရ်၊ ကောင်းသူနှင့် မကောင်းသူတို့ကို သီးခြားစီ ခွဲခြားတော်မူမည်။) ငါအသျှင်မြတ်သည် မူစာ ﷺ အား 'မုအ်ဂျေဇာဟ်' များ ချီးမြှင့်တော်မူသကဲ့သို့ အသင့်အားလည်း များစွာသော 'မုအ်ဂျေဇာဟ်' များ ချီးမြှင့်တော်မူခဲ့သည်။ ယင်းတို့အနက် အကြီးဆုံးသော 'မုအ်ဂျေဇာဟ်' မှာ ကုရ်အာန်ကျမ်းတော်မြတ် ဖြစ်သည်။ အကြောင်းမှာ) ငါအသျှင်မြတ်သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို မှန်ကန်မှုနှင့်တကွ ချပေးတော်မူလေရာ ယင်းကျမ်းတော်မြတ်သည် မှန်ကန်မှုနှင့်တကွ (အသင့်အပေါ်) ကျရောက်လာခဲ့သည်။ (ရေးသား (ပို့ဆောင်) သူထံမှ ပေးပို့လိုက်သည့်အတိုင်းပင် ပို့ဆောင်ခံရသူထံသို့ ရောက်ရှိခဲ့ပေသည်။ ကြားအလယ်တွင် မည်သည့်ပြုပြင်မှု၊ ပြောင်းလဲမှု၊ တစ်စုံတစ်ရာမျှ ဖြစ်ပေါ်ခဲ့ခြင်း မရှိပေ။ အစအဆုံး အမှန်တရားမှ အမှန်တရားပင် ဖြစ်သည်။ ထို့နောက် (နဗီတမန်တော်မူစာ ﷺ အား နဗီတမန်တော်အဖြစ် ခန့်အပ်ပြီး 'ဟေဒါယသ်' တရားလမ်းမှန် ရရှိစေခြင်းကို ၎င်း၏ လုပ်ပိုင်ခွင့်အဖြစ် ပေးတော်မမူသကဲ့သို့) ငါအသျှင်မြတ်သည် အသင့်အား (လည်း အီမာန်သက်ဝင်ယုံကြည်ခြင်းအပေါ် 'စဝါးဗ်' ရရှိမည်ဖြစ်ကြောင်း) သတင်းကောင်းပေးသူအဖြစ်နှင့်လည်းကောင်း (ကုဖွရ်လုပ်ရပ် ကျူးလွန်ခြင်းအပေါ် 'အဇားဗ်' အပြစ်ဒဏ် ကျရောက်မည်ဖြစ်ကြောင်း) ခြိမ်းခြောက်သတိပေး နှိုးဆော်သူအဖြစ်နှင့်လည်းကောင်း စေလွှတ်တော်မူခဲ့ခြင်း ဖြစ်ပေသည်။ (အကယ်၍ မည်သူတစ်ဦးတစ်ယောက်မျှ အီမာန်သက်ဝင်ခြင်း မရှိပါလျှင်လည်း မည်သည့် စိတ်မကောင်းခြင်းမျှ မဖြစ်လေနှင့်။)

ထို့ပြင် ကုရ်အာန်ကျမ်းတော်မြတ် (တွင် မှန်ကန်သော ဂုဏ်ထူးဝိသေသများနှင့်အတူ 'ဟေဒါယသ်' လွယ်ကူစေနိုင်သည့် 'ရဟ်မသ်' တော်၏ တောင်းဆိုချက် ဝိသေသများကိုလည်း ထောက်ရှုထားသည်။ သို့ရှိရာ ယင်းတို့အနက် တစ်ခုမှာ ထိုကုရ်အာန်ကျမ်းတော်မြတ်) တွင် ငါအသျှင်မြတ်သည် (အာယသ်တော် စသည်တို့ကို) နေရာတိုင်းတွင် ပိုင်းခြား၍ ထားတော်မူသည်။ သို့မှသာ အသင်သည် ယင်းတို့အား လူတို့၏ ရှေ့မှောက်၌ ဆိုင်းကာ ဖတ်နိုင်ပေမည်။ (ထိုသို့ ဆိုင်းကာ ဖတ်ကြားပြသခြင်းဖြင့် လူတို့သည် ကောင်းစွာ နားလည်သဘောပေါက်နိုင်ပေမည်။ အဘယ်ကြောင့်ဆိုသော် ရှည်လျားသော တင်ပြချက်များ ဆက်တိုက် ဖြစ်လာသည့်အခါ တစ်ခါတစ်ရံ မှတ်သားနိုင်ခြင်း မရှိတော့ပေ။) ထို့ပြင် (ဒုတိယအချက်မှာ) ငါအသျှင်မြတ် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ပို့ချပေးရာ၌လည်း (ဖြစ်ရပ်များနှင့် အညီ) တစ်ဆင့်ချင်း ချပေးတော်မူခဲ့သည်။ (သို့မှသာ အဓိပ္ပာယ်များကို ကောင်းစွာ သဘောပေါက်နိုင်ပေမည်။ ဤသို့ ပြုပေးခြင်းတို့သည် စိုသူတို့ အီမာန်သက်ဝင်ယုံကြည်ရန် ရည်ရွယ်၍ ပြုပေးခြင်းဖြစ်သည်။ သို့ရာတွင် ဤသို့ ပြုပေးသည့်အပေါ်၌လည်း အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိပါလျှင် အသင်သည် မည်သို့မျှ စိတ်မကောင်းခြင်း မဖြစ်လေနှင့်။ ၎င်းတို့အား ရှင်းလင်းစွာ) ပြောကြားလိုက်ပါလေ။

အသင်တို့သည် ဤကုရ်အာန်ကျမ်းတော်မြတ်အပေါ် အီမာန်ယူသည်ဖြစ်စေ၊ (သို့) အီမာန်မယူသည်ဖြစ်စေ (ကျွန်ုပ်အဖို့ မည်သို့မျှ ဂရုမူဖွယ်ရာ မရှိ။ ဤသည်မှာ အကြောင်းနှစ်ချက်ကြောင့် ဖြစ်သည်။ ယင်းတို့အနက် ပထမအချက်မှာ ဤသို့ ပြုကြခြင်းဖြင့် ကျွန်ုပ်အဖို့ မည်သည့်ဆုံးရှုံးနစ်နာမှုမှ မရှိ။

ဒုတိယအချက်မှာ အသင်တို့ အီမာန်မယူလျှင်လည်း မည်သို့မှ ဖြစ်မည်မဟုတ်။ အခြားလူများ အီမာန်ယူလာကြမည်သာ ဖြစ်သည်။ သို့ဖြစ်ပေရာ) ယင်းကုရ်အာန် (မကျရောက်မီ) အလျှင်ကပင် အသိပညာ ချီးမြှင့်ခြင်းခံရသူ (သမာသမတ်ကျသည့် ပညာရှင်များနှင့် 'အဟ်လိကိသာဗ်') တို့သည် ၄င်းတို့၏ ရှေ့တွင် ဤကုရ်အာန်ဖတ်ကြား ပြသသည့်အခါ ၄င်းတို့သည် မျက်နှာများကို အောက်ချလျက် 'စဂျ်ဒဟ်'ဦးချမှု ပြုကြလေသည်။ ထို့နောက် ၄င်းတို့က 'ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် (ကတိပျက်ခြင်းမှ) စင်ကြယ် သန့်ရှင်းတော်မူသည်။ စင်စစ် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကတိတော်သည် မုချ ပြည့်ဝရပေမည်'ဟု လျှောက်ထားကြလေသည်။ (မည်သည့်ကျမ်းသည် မည်သည့်နဗီတမန်တော်အပေါ် ချပေးမည်ဟု ရှေးကျမ်းများ၌ ကတိပြုခဲ့ခြင်းကို ပြည့်ဝ ဖြစ်မြောက်စေတော်မူလိုက်ပြီ။) ၄င်းပြင် ထိုသူတို့သည် 'စဂျ်ဒဟ်'ဦးချလျက် ငိုကြွေးကြကုန်၏။ ထို့နောက် ဤကုရ်အာန်ကျမ်းတော်မြတ် (အား နားထောင်ခြင်း) သည် ၄င်းတို့၏ (စိတ်တွင်းမှ) ကြောက်စိတ်ကို ပိုမိုတိုးပွားစေလေသည်။ (အဘယ်ကြောင့်ဆိုသော် အတွင်းပိုင်းနှင့် အပြင်ပိုင်းတို့၏ အခြေအနေများကို လျော်ညီမျှတသည့် အားအင်ဖြစ်စေသောကြောင့်ပင် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَلَقَدْ اٰتَيْنَا مُوْسٰى تِسْعَ اٰيٰتٍ

ဤအာယသ်တော်တွင် ဟဇရသ်မူစာ عليه السلام အား 'မုအ်ဂျေဇာဟ်' (၉) မျိုး ချီးမြှင့်တော်မူခဲ့ကြောင်း တင်ပြပါရှိသည်။ **ءاية** အာယသ်ဟူသော စာလုံးသည် 'မုအ်ဂျေဇာဟ်'၏ အဓိပ္ပာယ်၌လည်း သုံးနှုန်းထားသည်။ ကုရ်အာန်၏ အာယသ်တော်များ (ဆိုလိုသည်မှာ) အသျှင်မြတ်၏ အမိန့်တော်များဟူသော အဓိပ္ပာယ်အတွက်လည်း သုံးနှုန်းသည်။ ဤနေရာတွင် အဓိပ္ပာယ်နှစ်မျိုးစလုံးကို ကောက်ယူနိုင်သည်။ ထို့ကြောင့် အဖွင့်ပညာရှင်အုပ်စုတစ်စုသည် ဤနေရာတွင် **ءاية** အာယသ်ဟူသော စာလုံးအား 'မုအ်ဂျေဇာဟ်'ဟူသော အဓိပ္ပာယ်ကောက်ယူကြသည်။ ဤ 'မုအ်ဂျေဇာဟ်' (၉) မျိုးဟု ဆိုရာ၌ ဤအရေအတွက်သည် (၉) မျိုးထက် မပိုရဟု ဆိုလိုခြင်းမဟုတ်။ သို့ရာတွင် ဤနေရာ၌ (၉) မျိုးဟူသာ တင်ပြခြင်းမှာ အထူးလေးနက်ခြင်းတစ်ခုအတွက်သာ ဖြစ်သည်။ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နအဗ္ဗာစ် رضي الله عنه သခင်သည် ဤ 'မုအ်ဂျေဇာဟ်' တော် (၉) မျိုးကို ရေတွက်တင်ပြသည်မှာ-

(၁) **عصاىءموسى** မြွေနဂါးကြီးဖြစ်စေသော မူစာ عليه السلام ၏ လက်ကိုင်တောင်ဝှေး၊

(၂) **يدبيضا** ကျိုင်းကြား၌ လက်ထည့်ပြီး ပြန်ထုတ်လိုက်သည့်အခါ လင်းဝင်းမှု ဖြစ်ပေါ်ခြင်း၊

(၃) နှုတ်လျှာ၌ စကားပြောသည့်အခါ ထစ်ငေါ့နေခြင်းကို ပပျောက်စေခြင်း၊

(၄) ဗနီအိ်စ်ရာအီလ်လူမျိုးတို့၏ မြစ်ကို ဖြတ်ကျော်ရန် မြစ်အား ခွဲ၍ လမ်းများ ဖြစ်ပေါ်စေခဲ့ခြင်း၊
(၅) နံကောင်များအား စိတ်နလုံးသားကို 'အစားဗ်' အပြစ်ဒဏ်ခတ်သည့်အနေဖြင့် အသေးအဖွဲ့မဟုတ်သည့် ပုံသဏ္ဌာန်ဖြင့် ကျရောက်စေခြင်း၊
(၆) မုန်တိုင်းတိုက်ခတ်စေခြင်း၊
(၇) ခန္ဓာကိုယ်၏ အဝတ်အစားများတွင် လွတ်စရာလမ်း လုံးဝမရှိအောင်ပင် သန်းကောင်များ ပေါက်ဖွားလာခြင်း။
(၈) စားသောက်ဖွယ်ရာ ဟူသရွေ့တွင် ဖားများ ရောက်ရှိလာသည့် 'အစားဗ်' အပြစ်ဒဏ် ကျရောက်စေခြင်းနှင့်
(၉) အိုး၊ ခွက်၊ ပန်းကန်များနှင့် စားဖွယ်၊ သောက်ဖွယ်ဟူသရွေ့တို့၌ သွေးများ ရောက်ရှိ၊ လူးထိနေခြင်းတို့ ဖြစ်သည်။

ဆွဟီးဟ်ဘိုခါရီတစ်ပုဒ်၏ အကြောင်းအရာတစ်ခုမှ သိရှိရသည်မှာ ဤနေရာ တွင် ﺁﻳﺎﺕ ဟူသော စာလုံး၏ သဘောမှာ 'အသျှင်မြတ်၏ အမိန့်တော်များ' ဟု ဖြစ်သည်။ ဤဟဒီးစ် တော်အား အဘူဒါဝူးဒ်၊ နစာအီ၊ သိရ်မေဇီနှင့် အိဗ်နေမာဂျာဟ်တို့တွင် ဟဇရသ်ဆွဖ်ဝါးန်ဗင်န် အဿဆားလ် ﷺ သခင်က မိန့်ဆိုသည်မှာ ယဟူဒီတစ်ဦးသည် မိမိ၏ မိတ်ဆွေအား 'ကျွန်ုပ်အား ထိုနဗီထံသို့ ခေါ်ဆောင်သွားပါ' ဟု ပြောဆိုလေရာ ထိုမိတ်ဆွေက 'နဗီ' ဟု မပြောဆိုလေနှင့်။ အကယ်၍ ကျွန်ုပ်တို့သည်လည်း ၎င်းအား 'နဗီ' ဟု ခေါ်ဝေါ်ကြောင်း ၎င်းတို့ သိရှိသွားပါလျှင် ၎င်းတို့၏ 'မျက်လုံးလေးလုံး' (ဆိုလိုသည်မှာ ၎င်းတို့သည် ဂုဏ်ယူဝံ့ကြွား၊ ပျော်ရွှင်ခွင့် ရရှိသွားကြလိမ့်မည်) ဟု ပြောဆိုလေသည်။ ထို့နောက် ၎င်းတို့နှစ်ဦးစလုံးသည် တမန်တော်မြတ် ﷺ ထံတော်သို့ အခစား ရောက်ရှိကြသည်။ ထို့နောက် "မူစာ ﷺ အား ချီးမြှင့်ခဲ့သည့် ﺗﺴﻊ ﺁﻳﺎﺕ (၉) ခုမှာ မည်သည့်အရာများပါနည်း' ဟု လျှောက်ထား မေးမြန်းကြရာ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ–

(၁) အလ္လာဟ်အသျှင်မြတ်နှင့် တစ်စုံတစ်ဦးအား 'ရှရစ်က်' တုဖက်နိုင်းယှဉ် ကိုးကွယ်ခြင်း မပြုလေနှင့်။
(၂) ခိုးဝှက်ခြင်းမပြုရ။
(၃) 'ဇိနာ' ကာမေသုမိစ္ဆာကံ မကျူးလွန်ရ၊
(၄) အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်' သတ်မှတ်ထားသည့် အသက်တစ်ချောင်းကို အပြစ်မဲ့ သတ်ဖြတ်ခြင်း မပြုရ၊
(၅) အပြစ်မဲ့သူတစ်ဦးအား မတရားစွပ်စွဲလျက် သတ်ဖြတ်ခြင်းနှင့် အပြစ်အစားပေးစေခြင်းများ မပြုရ၊

⑥ 'ဂျာဒူ'ပယောဂများ မပြုလေနှင့်၊
⑦ အတိုးမစားလေနှင့်၊
⑧ သန့်ရှင်းသော အမျိုးသမီးအပေါ် မကောင်းသော အလုပ်ပြုလုပ်သူဟူ၍ သမုတ်ခြင်း၊ စွပ်စွဲခြင်းမပြုရ၊
⑨ 'ဂျီဟားဒ်'စစ်ပွဲမှ အသက်လု၍ ထွက်ပြေးခြင်း မပြုလေနှင့် စသည်တို့ဖြစ်သည်။

ထို့ပြင် 'အို, ယဟူဒီတို့၊ အထူးအားဖြင့် အသင်တို့အတွက် မိန့်ကြားထားသည်မှာ 'စနေနေ့တွင် အသင်တို့အတွက် အထူးပညတ်ချက်များအဖြစ် ချမှတ်ပေးထားသည့် အမိန့်တော်နှင့် ဆန့်ကျင်မှု မပြုရ' ဟု မိန့်ကြားတော်မူလေသည်။

တမန်တော်မြတ် ﷺ ထံမှ ထိုစကားများကို ကြားနာပြီး ၄င်းတို့နှစ်ဦးသည် တမန်တော်မြတ် ﷺ ၏ လက်တော်၊ ခြေတော်များကို နမ်းရှုတ်ကြသည်။ ထို့နောက် ကိုယ်တော်သည် အလ္လာဟ်အသျှင်မြတ်၏ နဗီတမန်တော်ဖြစ်ကြောင်း ကျွန်ုပ်တို့ သက်သေထွက်ဆိုကြပါသည်'ဟု ပြောဆိုကြလေသည်။ တမန်တော်မြတ် ﷺ က 'ဤသို့ဆိုလျှင် အသင်တို့သည် ကျွန်ုပ်၏ နောက်လိုက်မှုပြုရန် မည်သည့်အရာက အဟန့်အတား ပြုနေပါသနည်း'ဟု မေးမြန်းလေသည်။ ၄င်းတို့က 'ဟဇရတ်ဒါဝူးဒ် (عليه السلام) သည် မိမိအသျှင်မြတ်ထံတွင် မိမိ၏ သားမြေးများမှပင် နဗီများ ပွင့်ပေါ်စေရန် ဒိုအာဆုပန်ခဲ့ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် အသင်၏ နောက်လိုက်အနွံအတာခံပြုပါလျှင် ယဟူဒီတို့သည် ကျွန်ုပ်တို့အား သတ်ဖြတ်လိုက်ကြမည်ကို ကျွန်ုပ်တို့ စိုးရိမ်ရပါသည်'ဟု လျှောက်ထားဖြေကြားကြသည်။

ဤသဖ်စီးရ်သည် ဆွဟီးဟ်ဟဒီးစ်တော်၏ အထောက်အထားဖြစ်သည့်အတွက် အမြင့်ပညာရှင်များက ဤသည်ကိုပင် ဦးစားပေးခဲ့ကြသည်။

يَبْكُونَ ويزيد هم خشوعا

သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် ကုရ်အာန် 'သိလာဝတ်'ပြုသည့်အချိန်တွင် ငိုယိုခြင်းမှာ 'မွတ်စ်သဟဗ်' ဖြစ်သည်ဟု လာရှိထားသည်။ ဟဇရတ်အဗူဟုရိုင်ရာဟ် (رضي الله عنه) ထံမှ ဆင့်ပြန်ချက် လာရှိသည်။ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'ညှစ်ပြီးသော နို့သည် နို့အုံအတွင်းသို့ ပြန်ဝင်မသွားသရွေ့ အလ္လာဟ်အသျှင်မြတ်၏ ကြောက်ရွံ့စိတ်ဖြင့် ငိုကြွေးသူသည် 'ဂျဟန္နမ်'ငရဲသို့ ကျရောက်မည်မဟုတ်ပေ။ (ဆိုလိုသည်မှာ နို့အုံမှ ထွက်ကျလာပြီး ဖြစ်သည့် နို့အား နို့အုံအတွင်းသို့ ပြန်လည်ထည့်သွင်းရန် မဖြစ်နိုင်သကဲ့သို့ အလ္လာဟ်အသျှင်မြတ်၏ ကြောက်စိတ်ဖြင့် ငိုယိုသူမှာ 'ဂျဟန္နမ်'ငရဲဘုံသို့ လားရမည်ဆိုခြင်းမှာလည်း မဖြစ်နိုင်ပါ။ အခြားဆင့်ပြန်ချက်တစ်ရပ်၌ လာရှိသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မျက်စိနှစ်မျိုးအပေါ် 'ဂျဟန္နမ်'မီးကို 'ဟရာမ်'ပြုတော်မူလိုက်သည်။ ပထမတစ်မျိုးမှာ 'အစ္စလာမ့်နယ်စပ် လုံခြုံရေးအတွက် ညအခါ မအိပ်စက်ဘဲနေသူ ဖြစ်သည်'ဟု ဖြစ်သည်။ ဒုတိယတစ်မျိုးမှာ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့၍ ငိုယိုသောသူ ဖြစ်သည်။

[ဗိုင်ဟကီ၊ ဟာကင်မ်]

အလျှဉ်းမရှိ။ ထိုအသျှင်မြတ်၌ စိုးမိုးအုပ်ချုပ်မှုတွင် ဖက်စပ်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပေ။ ထို့ပြင် မစွမ်းဆောင်နိုင်မှုကြောင့် ထိုအသျှင်မြတ်အား ရိုင်းပင်းကူညီ၊ ကာကွယ်စောင့်ရှောက်သော အဆွေခင်ပွန်းဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိချေ။ ၎င်းပြင် အသင်သည် ထိုအသျှင်မြတ်၏ ကြီးကဲမြင့်မြတ်တော်မူသော ဂုဏ်တော်ကိုလည်း ချီးကျူးကြေညာပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်၊ ၎င်းတို့အား) အသင် ပြောကြားပါလေ။ 'အလ္လာဟ်'ဟူ၍ ဖြစ်စေ၊ 'ရဟ်မန်'ဟူ၍ ဖြစ်စေ၊ မည်သည့်နာမတော်ဖြင့်ပင် ဖြစ်စေ ခေါ်ဝေါ်တသကြမည်ဆိုလျှင် (အကောင်းဆုံးဖြစ်သည်။ အကြောင်းမှာ) ထိုအသျှင်မြတ်၌ ကောင်းမြတ်သော နာမတော်များစွာ ရှိသောကြောင့် ဖြစ်သည်။ (ဤသို့ နာမတော်များ များပြားစွာ ရှိခြင်းသည် မည်သည့်ရှုရစ်ကမ်မျှ မဖြစ်ပေ။ အကြောင်းမှာ ပင်ကိုယ်ဇာတိတစ်ခုအတွက် အမည်နာမ မြောက်မြားစွာ ရှိခြင်းသည် ၎င်း၏ တစ်ဦးတည်း (တစ်ပါးတည်း) ဖြစ်ခြင်းအပေါ် မည်သည့်ထိခိုက်မှုမျှ မရှိပါချေ။) ထို့နောက် အသင်သည် မိမိ၏ 'ဂျဟ်ရီ' (အသံဖြင့် ဖတ်ရသည့်နမာဇ်) တွင် အလွန်ကျယ်လောင်စွာ ဟစ်အော်၍လည်း မဖတ်လေနှင့်။ (မုရှိရစ်ကမ်များ ကြား၍ အလဟာသအကျိုးမဲ့စကားများ ပြောဆိုကြပေမည်။ နမာဇ်၌လည်း အနှောင့်အယှက် ဖြစ်ပေမည်။) ထို့နောက် လုံးဝပင် တီးတိုးဖြည်းညင်းစွာလည်း မဖတ်လေနှင့်။ ('မုက္တဒီ'နောက်လိုက် ဝတ်ပြုသူများ မကြားရဘဲ ဖြစ်သွားလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ တီးတိုးဖြည်းညင်းစွာ ဖတ်ခြင်းကြောင့် ၎င်းတို့အတွက် သင်ပေးသင်ယူမှုနှင့် ပြုပြင်မှုတို့အတွက် အားနည်းမှု ဖြစ်သွားပေသည်။) ထို့နောက် (ဖော်ပြပါ) ပုံစံနှစ်မျိုးအကြား (အလယ်အလတ်) နည်းလမ်းတစ်ခုကို ရွေးချယ်လိုက်ပါ။ (ဤသို့ပြုမည်ဆိုလျှင် ကောင်းမြတ်သော ရည်ရွယ်ချက် ပျောက်ကွယ်သွားမည် မဟုတ်။ နစ်နာဆုံးရှုံးမှုလည်း ဖြစ်ပေါ်တော့မည်မဟုတ်ပေ။) ထို့နောက် ကာဖိရ်တို့အား ချေပရာတွင် (ပေါ်ပေါ်ထင်ထင်) အသင် ပြောကြားပါလေ။ အသင်သည် ချီးမွမ်းထောပနာပြုခြင်းအပေါင်းတို့အား သားသမီးမွေးဖွားခြင်းမရှိသော အသျှင်မြတ်အတွက်သာလျှင်လည်းကောင်း၊ စိုးပိုင်တော်မူခြင်း၌ တုပနိုင်းယှဉ်စရာ မရှိသည့် အလ္လာဟ်အသျှင်မြတ်ကိုလည်းကောင်း၊ ထို့ပြင် မစွမ်းဆောင်နိုင်ခြင်းကြောင့်ဟူ၍ ယိုင်းပင်းကူညီသူတစ်ဦးမျှ မလိုအပ်သည့် အသျှင်မြတ်အတွက်သာလျှင်လည်းကောင်း ကြီးကျယ်မြင့်မြတ်ခြင်း ဂုဏ်တော်ကို ချီးကျူးပါလေ။

သိမှတ်ဖွယ်ရာများနှင့် မေ့သတ်များ

ဤသည်မှာ စူရာဟ်ဗနီအိစ်ရာအီးလ်၏ နောက်ဆုံးအာယသ်တော် ဖြစ်သည်။ ဤအာယသ်တော်၏ အစတွင်လည်း အလ္လာဟ်အသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်မှုနှင့် 'သောင်ဟီးဒ်'တစ်ပါးတည်းအသျှင်ဖြစ်တော်မူကြောင်း လာရှိထားသည်။ ဤနောက်ဆုံးအာယသ်တော်များ၌လည်း ဤအတိုင်း အဆုံးသတ်ထားသည်။ ထိုအာယသ်တော်များ ကျရောက်ရခြင်းသည် ဖြစ်ရပ်အချို့နှင့် ဆက်စပ်မှုရှိသည်။

အလျဉ်းမရှိ။ ထိုအသျှင်မြတ်၌ စိုးမိုးအုပ်ချုပ်မှုတွင် ဖက်စပ်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပေ။ ထို့ပြင် မစွမ်းဆောင်နိုင်မှုကြောင့် ထိုအသျှင်မြတ်အား ရိုင်းပင်းကူညီ၊ ကာကွယ်စောင့်ရှောက်သော အဆွေခင်ပွန်းဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိချေ။ ၄င်းပြင် အသင်သည် ထိုအသျှင်မြတ်၏ ကြီးကဲမြင့်မြတ်တော်မူသော ဂုဏ်တော်ကိုလည်း ချီးကျူးကြေညာပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်၊ ၄င်းတို့အား) အသင် ပြောကြားပါလေ။ 'အလ္လာဟ်'ဟူ၍ ဖြစ်စေ၊ 'ရဟ်မန်'ဟူ၍ ဖြစ်စေ၊ မည်သည့်နာမတော်ဖြင့်ပင် ဖြစ်စေ ခေါ်ဝေါ်တသကြမည်ဆိုလျှင် (အကောင်းဆုံး ဖြစ်သည်။ အကြောင်းမှာ) ထိုအသျှင်မြတ်၌ ကောင်းမြတ်သော နာမတော်များစွာ ရှိသောကြောင့် ဖြစ်သည်။ (ဤသို့ နာမတော်များ များပြားစွာ ရှိခြင်းသည် မည်သည့်ရှုရစ်ကိမျှ မဖြစ်ပေ။ အကြောင်းမှာ ပင်ကိုယ်ဇာတိ တစ်ခုအတွက် အမည်နာမ မြောက်မြားစွာ ရှိခြင်းသည် ၄င်း၏ တစ်ဦးတည်း (တစ်ပါးတည်း) ဖြစ်ခြင်း အပေါ် မည်သည့်ထိခိုက်မှုမျှ မရှိပါချေ။) ထို့နောက် အသင်သည် မိမိ၏ 'ဂျဟ်ရီ' (အသံဖြင့် ဖတ်ရသည့် နမာဇ်) တွင် အလွန်ကျယ်လောင်စွာ ဟစ်အော်၍လည်း မဖတ်လေနှင့်။ (မုရှိရစ်ကိများ ကြား၍ အလဟာသ အကျိုးမဲ့စကားများ ပြောဆိုကြပေမည်။ နမာဇ်၌လည်း အနှောင့်အယှက် ဖြစ်ပေမည်။) ထို့နောက် လုံးဝပင် တီးတိုးဖြည်းညင်းစွာလည်း မဖတ်လေနှင့်။ ('မုက္တသဒီ'နောက်လိုက် ဝတ်ပြုသူများ မကြားရဘဲ ဖြစ်သွားလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ တီးတိုးဖြည်းညင်းစွာ ဖတ်ခြင်းကြောင့် ၄င်းတို့အတွက် သင်ပေး သင်ယူမှုနှင့် ပြုပြင်မှုတို့အတွက် အားနည်းမှု ဖြစ်သွားပေသည်။) ထို့နောက် (ဖော်ပြပါ) ပုံစံနှစ်မျိုးအကြား (အလယ်အလတ်) နည်းလမ်းတစ်ခုကို ရွေးချယ်လိုက်ပါ။ (ဤသို့ပြုမည်ဆိုလျှင် ကောင်းမြတ်သော ရည်ရွယ်ချက် ပျောက်ကွယ်သွားမည် မဟုတ်။ နစ်နာဆုံးရှုံးမှုလည်း ဖြစ်ပေါ်တော့မည်မဟုတ်ပေ။) ထို့နောက် ကာဖိရ်တို့အား ချေပရာတွင် (ပေါ်ပေါ်ထင်ထင်) အသင် ပြောကြားပါလေ။ အသင်သည် ချီးမွမ်းထောပနာ ပြုခြင်းအပေါင်းတို့အား သားသမီးမွေးဖွားခြင်းမရှိသော အသျှင်မြတ်အတွက်သာလျှင်လည်းကောင်း၊ စိုးပိုင်တော်မူခြင်း၌ တုပနှိုင်းယှဉ်စရာ မရှိသည့် အလ္လာဟ်အသျှင်မြတ်ကိုလည်းကောင်း၊ ထို့ပြင် မစွမ်းဆောင်နိုင်ခြင်းကြောင့်ဟူ၍ ယိုင်းပင်းကူညီသူတစ်ဦးမျှ မလိုအပ်သည့် အသျှင်မြတ်အတွက်သာလျှင်လည်းကောင်း ကြီးကျယ်မြင့်မြတ်ခြင်း ဂုဏ်တော်ကို ချီးကျူးပါလေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤသည်မှာ စူရာဟ်ဗနီအိစ်ရာအီးလ်၏ နောက်ဆုံးအာယသ်တော် ဖြစ်သည်။ ဤအာယသ်တော်၏ အစတွင်လည်း အလ္လာဟ်အသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်မှုနှင့် 'သောင်ဟီးဒ်'ဘစ်ပါးတည်းအသျှင် ဖြစ်တော်မူကြောင်း လာရှိထားသည်။ ဤနောက်ဆုံးအာယသ်တော်များ၌လည်း ဤအတိုင်း အဆုံးသတ်ထားသည်။ ထိုအာယသ်တော်များ ကျရောက်ရခြင်းသည် ဖြစ်ရပ်အချို့နှင့် ဆက်စပ်မှုရှိသည်။

ပထမဖြစ်ရပ်မှာ ကိုယ်တော်မြတ် ﷺ သည် တစ်နေ့သောအခါ ဒိုအာဆုပန်ရာတွင် 'ယာအလ္လာဟ်' နှင့် 'ယာရဟ်မာန်' ဟူ၍ ခေါ်ဝေါ်တသခြင်းပြုခဲ့ရာ မုရှ်ရစ်ကဲ်များက 'ဤသည် အရှင်နှစ်ပါးအား ခေါ်ဝေါ်တသခြင်း ဖြစ်သည်' ဟု မှတ်ယူကြသည်။ ထို့ကြောင့် ၎င်းတို့က 'ကျွန်ုပ်တို့အား အသျှင်မြတ်တစ်ပါးမှအပ အခြားသူတို့အား ခေါ်ဝေါ်တသခြင်းကို တားမြစ်ပြီး ကိုယ်တိုင်မှာမူ အရှင်မြတ်နှစ်ပါးကို ခေါ်ဝေါ်တသနေသည်' ဟု ပြောဆိုကြလေသည်။ ၎င်းတို့၏ ဤပြောကြားချက်ကို ဤအာယသ်တော်၏ ပထမအပိုင်း၌ ဖြေကြားထားတော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်တွင် ကောင်းမြတ်သော နာမတော်များသည် နှစ်မျိုးတည်းသာမဟုတ်ဘဲ မြောက်မြားစွာ ရှိပေသည်။ မည်သည့်နာမတော်ဖြင့်ပင် ခေါ်ဝေါ်တသသည်ဖြစ်စေ၊ ဇာတိတော်မှာ တစ်ခုတည်းသာ ဖြစ်သည်။ အသင်တို့၏ သံသယအတွေးအခေါ်များ လွဲမှားနေခြင်းသာ ဖြစ်သည်။

ဒုတိယဖြစ်ရပ်မှာ မက္ကာဟ်မြို့တွင် တမန်တော်မြတ် ﷺ သည် နမာဇ်တွင် ကျယ်လောင်သောအသံဖြင့် ကုရ်အာန်ကျမ်းမြတ် ရွတ်ဖတ်သည့်အခါ မုရှ်ရစ်ကဲ်တို့သည် လှောင်ပြောင်သရော်ခြင်းများ ပြုကြသည်။ ကုရ်အာန်အားလည်းကောင်း၊ ဂျိဗ်ရာအီးလ် عليه السلام အားလည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း မလေးခန့်သော ရိုင်းပျသည့် စကားများ ပြောဆိုခဲ့ကြသည်။ ထို့ကြောင့် ဤအာယသ်တော်၏ နောက်ဆုံးအပိုဒ် ကျရောက်လာခဲ့ပြီး ယင်းအပိုဒ်တွင် ကိုယ်တော်မြတ် ﷺ အား အသံကျယ်ခြင်းနှင့် အသံတိုးခြင်းမဟုတ်ဘဲ အလယ်အလတ်အသံကိုသာ ရွေးချယ်ရန် သင်ကြားပေးတော်မူထားသည်။ အဘယ်ကြောင့်ဆိုသော် လိုအပ်ချက်သည် ဤအလယ်အလတ်အသံဖြင့်ပင် လိုအပ်ချက်များ ပြည့်စုံသွားပြီး အသံကျယ်လောင်စွာ ဖတ်ရွတ်ခြင်းဖြင့် ဒုက္ခပေးရန် အခွင့်အရေး ရရှိသွားမည့် မုရှ်ရစ်ကဲ်တို့၏ ရန်မှလည်း လွတ်မြောက်သွားပေမည်။

တတိယဖြစ်ရပ်မှာ ယဟူဒီနှင့် နဆွာရာတို့သည် အလ္လာဟ်အသျှင်မြတ်တွင် သားသမီးများရှိသည်ဟု သတ်မှတ်ကြသည်။ အာရဗ်တို့သည် ရုပ်ပွားဆင်းတုများကို အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ရာများ ဖြစ်သည်ဟု ဆိုကြသည်။ ဆွာဗီအီနှင့် မဂျူစီတို့က 'အကယ်၍ အလ္လာဟ်အသျှင်မြတ်နှင့် အထူးနီးကပ်သော အရာများ မရှိပါလျှင် ထိုအသျှင်မြတ်၏ တန်ဖိုးနှင့် ဂုဏ်သိက္ခာတော်တွင် လျော့နည်းမှုများ ဖြစ်ပေလိမ့်မည်' ဟု ဆိုကြသည်။

ထို့ကြောင့် တင်ပြပါအုပ်စု (၃) စုစလုံး၏ ပြောကြားချက်များ မမှန်ကန်ကြောင်း နောက်ဆုံးအာယသ်တော်၌ အစီအစဉ်တကျ ဖြေကြားထားတော်မူသည်။ ဒုန္နယာတွင် အဖန်ဆင်းခံတို့အား အင်အားများ ပေးစွမ်းနေသူထက် အင်အားပေးခံရသူတို့သည် အမြဲတစေ နိမ့်ကျအားနည်းနေသည်သာ ဖြစ်သည်။ ထိုနည်းအတိုင်းပင် သားသမီးများသည် မိမိနှင့် တန်းတူ ဖြစ်ခြင်းသည်လည်းကောင်း၊ တုဖက်ယှဉ်တွဲသူသည် မိမိထက်ကြီးခြင်းသည်လည်းကောင်း ကူညီခြင်းခံရသူသည် ကူညီမှုင်းမသူထက်လည်းကောင်း ကြီးမြင့်ခြင်းမရှိနိုင်ကြောင်းကို အလ္လာဟ်အသျှင်မြတ်သည် ဤအာယသ်တော်ဖြင့် အစဉ်တကျ ဖြေကြားထားတော်မူခြင်း ဖြစ်သည်။

ဓမ္မသတ် ။ ။ ဖော်ပြပါအာယသ်တော်တွင် နမာဇ်အတွင်း 'သေလာဝသ်' ကုရ်အာန်ကျမ်းမြတ် ရွတ်ဖတ်ခြင်းအတွက် သင်ကြားပေးတော်မူသည်မှာ 'အလွန်ကျယ်လောင်စွာလည်း မဖတ်ရ။ မုက္တသဒီများ မကြားနိုင်လောက်အောင် တိုးတိုးစွာလည်း မဖတ်ရ'ဟု ဖြစ်သည်။ ဤအမိန့်သည် 'ဂျဟ်ရီ' အသံကျယ်လောင်စွာ ဖတ်ရသည့် နမာဇ်များအတွက်သာ ဖြစ်သည်။ 'ဇိုဟာရ်' နှင့် 'အဆွရ်' နမာဇ်များတွင်မူ လုံးဝ တိုးတိုးစွာ ဖတ်ခြင်းမှာ 'စွန္နသေမုသဝါသိရဟ်' ဖြင့် အတည်ဖြစ်ပေသည်။

'ဂျဟ်ရီနမာဇ်' တွင် 'မဂ်ရိဗ်'၊ 'အိရှာဟ်' နှင့် 'ဖွဂျရ်' ၏ 'ဖွရဇ်' များ ပါဝင်သည်။ 'သဟဂျ်ဂျုဒ်နမာဇ်' လည်း ပါဝင်ပေသည်။ ဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ အခါတစ်ပါးတွင် တမန်တော်မြတ် ﷺ သည် 'သဟဂျ်ဂျုဒ်နမာဇ်' အချိန်တွင် စွိဒ်ဒီးက်အဗူဗက်ရ် رضي الله عنه နှင့် ဖာရူးက်အအ်ဇမ် رضي الله عنه တို့နှစ်ဦး၏ အနီးမှ ဖြတ်သွားတော်မူသည်။ စွိဒ်ဒီးက်အဗူဗက်ရ် رضي الله عنه သည် ထိုအချိန်တွင် ကုရ်အာန်သေလာဝသ်ကို တိုးတိုးစွာ ဖတ်ရွတ်နေလေသည်။ ဖာရူးက်အအ်ဇမ် رضي الله عنه မှာ ကျယ်လောင်စွာ ဖတ်နေတော်မူသည်။ တမန်တော်မြတ် ﷺ သည် ဟဇရသ်စွိဒ်ဒီးက် رضي الله عنه အား 'အသင် အဘယ်ကြောင့် တိုးတိုးစွာ ဖတ်ရွတ်ပါသနည်း' ဟု မေးမြန်းရာ စွိဒ်ဒီးက်အဗူဗက်ရ် رضي الله عنه က 'ကျွန်တော်မျိုး ကြားသိထားသည်ကို တင်ပြရမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် တိုးနိုင်သမျှ တိုးသည့်အသံကိုလည်း ကြားတော်မူသောအသျှင် ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်' ဟု လျှောက်ထားဖြေကြားရာ တမန်တော်မြတ် ﷺ က 'တတ်နိုင်သမျှ အသံကျယ်လောင်စွာ ဖတ်ပါ' ဟု မိန့်ကြားတော်မူသည်။ ထို့နောက် အုမရ်ဗင်နဲခတ္တာဗ် رضي الله عنه အား 'အသင်သည် အဘယ်ကြောင့် ဤမျှ အသံကျယ်လောင်စွာ ဖတ်ပါသနည်း' ဟု မေးတော်မူရာ ဟဇရသ်အုမရ် رضي الله عنه က 'ကျွန်တော်မျိုးသည် ငိုက်မြည်းခြင်းနှင့် ရှိုက်သွာန်အား ဝေးလွင့်စေရန် အသံကျယ်စွာ ဖတ်ခြင်းဖြစ်ပါသည်' ဟု လျှောက်ထားဖြေကြားလေသည်။ ထိုအခါ တမန်တော်မြတ် ﷺ က ၎င်းအားလည်း 'အနည်းငယ်မျှ အသံတိုး၍ ဖတ်ပါ' ဟု မိန့်ကြားတော်မူသည်။ *[သိရ်မေဇီကျမ်း၊ မရှ်ဟရီကျမ်း]*

နမာဇ်အပြင်းနှင့် နမာဇ်အပြင်တွင် ကုရ်အာန်ကို အသံကျယ်စွာ ဖတ်ရွတ်ခြင်းနှင့် တိုးတိုးစွာ ဖတ်ရွတ်ခြင်းဆိုင်ရာ ဓမ္မသတ်များသည် စူရာဟ်အအ်ရားဖ်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ နောက်ဆုံးအာယသ်တော်ဖြစ်သော قُلِ الْحَمْدُ لِلّٰهِ နှင့်စပ်လျဉ်း၍ ဟဒီးစ်တော်၌ လာရှိသည်မှာ 'ဂုဏ်တော်များ၏ အာယသ်တော်သည်လည်း ဤအာယသ်တော်ပင် ဖြစ်သည်။ *[အဟ်မဒ်၊ သွဗ်ရာနီ]*

ဤအာယသ်တော်တွင် 'လူသားတစ်ဦးသည် မည်မျှပင် အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်'၊ 'သပ်စဗီးဟ်'၊ 'သဟ်မီးဒ်' ပြုသူပင်ဖြစ်စေ၊ မိမိ၏ ကျင့်ဆောင်ချက်များသည် ထိုအသျှင်မြတ်နှင့် စပ်လျဉ်းသော မိမိ၏ ဝတ္တရားများ၌ နည်းပါးနေသေးသည်ဟု ယူဆရန်နှင့် အပြစ်ဒုစရိုက်များကို သိရှိရန်မှာ ၎င်းအဖို့ တာဝန်ဖြစ်သည်' ဟု ညွှန်ကြားပြသထားသည်။

ဟဇရသ်အနတ်စ် رضي الله عنه သခင်က ဆင့်ပြန်ခဲ့သည်မှာ ဗနီအဗ်ဒွလ်မွသ္တွလိဗ် (အဗ်ဒွလ်မွသ္တွလိဗ်၏ မျိုးနွယ်) တွင် ကလေးတစ်ဦး စကားပြောတတ်စဖြစ်လာသည်နှင့် ဤအာယသ်တော်ကို ကိုယ်တော်မြတ် ﷺ သည် သင်ပေးတော်မူလေ့ရှိခဲ့သည်။ *[မရှ်ဟရီကျမ်း]*

قل الحمد الله الّذ ى لم يتّخذ ولدًا وّلم يكن لّهٗ شريك

فى الملِك ولم يكن لّهٗ وَلِىٌّ مِن الذّلّ وكبّره تكبيرًا

ဟဇရတ်အဘူဟုရိုင်ရာဟ် ؓ သခင်က ဆင့်ပြန်ခဲ့သည်မှာ တစ်နေ့သောအခါ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ နှင့်အတူ အပြင်သို့ ထွက်လာခဲ့သည်။ ကျွန်ုပ်၏လက်ကို တမန်တော်မြတ် ﷺ က ဆွဲထားတော်မူသည်။ ကိုယ်တော်မြတ် ﷺ သည် အလွန် အခြေအနေဆိုး၍ သောကရောက်နေသူတစ်ဦး၏ အနီးမှ ဖြတ်လျှောက်တော်မူလာပြီး ကိုယ်တော်မြတ် ﷺ က ထိုသူ့အား 'အသင်၏ ဤအခြေအနေသည် မည်သို့ ဖြစ်သွားပါသနည်း'ဟု မေးတော်မူရာ ၎င်းက 'ရောဂါဘယ ထွေပြားမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့က ဤအခြေအနေကို ဖြစ်စေခဲ့ပါသည်'ဟု လျှောက်ထားဖြေကြားလေသည်။ တမန်တော်မြတ် ﷺ က 'ဤသို့ဆိုလျှင် ကျွန်ုပ်သည် အသင့်အား စာပိုဒ်အချို့ကို သင်ပေးပါမည်။ ဤစာပိုဒ်များကို ဖတ်မည်ဆိုလျှင် အသင်၏ ရောဂါနှင့် ဆင်းရဲခြင်းများ ဝေးကွာသွားပါလိမ့်မည်။ ဤစာပိုဒ်များမှာ-

تَوَكَّلْتُ عَلَى الْحَىِّ الَّذِىْ لَايَمُوْتُ اَلْحَمْدُ لِلّٰهِ الَّذِىْ لَمْ يَتَّخِذْ وَلَدًا

အာယသ်ဖြစ်သည်'ဟု မိန့်ကြားတော်မူသည်။ ဤသို့ဖြင့် ကာလအတန်ကြာပြီးနောက် တမန်တော်မြတ် ﷺ သည် ထိုနေရာဘက်သို့ ကြွမြန်းတော်မူလေရာ ထိုသူ့အား ကောင်းမွန်သည့် အခြေအနေ၌ ရှိနေသည်ကို တွေ့ရလေသည်။ တမန်တော်မြတ် ﷺ က ပျော်ရွှင်ဝမ်းမြောက်သည့်အသွင် ထုတ်ဖော်ပြသတော်မူသည့်အခါ ထိုသူက 'ကိုယ်တော် သင်ကြားပေးတော်မူသည့် အချိန်မှစ၍ ကျွန်တော်မျိုးသည် ထိုစာပိုဒ်များကို လေးလေးစားစား စွဲမြဲစွာ ဖတ်ခဲ့ပါသည်' ဟု လျှောက်ထားပြောကြားလေသည်။

[အဘူလ်ယအ်လာ၊ အိဗ်နေစွန္နီ]

စုဆောင်းတင်ပြသူမှ အခြေအနေကို တင်ပြခြင်း

ဟီဂျ်ရီ ၁၃၉၀၊ ရှအ်ဗာန်လ ၂၉ ရက်၊ စနေနေ့တွင် အလ္လာဟ်အသျှင်မြတ်၏ မဟာကျေးဇူးတော်ဖြင့် မအာရိဖွလ်ကုရ်အာန်၏ ရေးသားပြီးစီးမှုအပေါ် ဒုတိယအကြိမ် ပြန်လည်စစ်ဆေးခြင်းလည်း အပြည့်အဝ ပြီးစီးခဲ့ပေပြီ။ ယခုမှု ကုရ်အာန်ကျမ်းတော်မြတ်၏ တစ်ဝက်အား သဖ်စီးရ် ဖွင့်ဆိုခြင်းကို အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ မဟာကျေးဇူးတော်ဖြင့် ပြီးမြောက်စေတော်မူခဲ့လေပြီ။ ထိုသို့ ပြီးမြောက်ရန်ပေါ်လွင်သော မည်သည့်အကြောင်းတရားမျှ မမျှော်လင့်ခဲ့ပါပေ။ အဘယ်ကြောင့်ဆိုသော် ဟီဂျ်ရီ ၁၃၈၈ ခုနှစ်၊ ရမ်ဇာန်လ၏ နောက်ဆုံးရက်များတွင် စာရေးသူသည် ရောဂါမျိုးစုံ ဖိစီးလျက် တစ်နှစ်ခန့်မျှ အိပ်ရာထက်၌ပင် သေရေးရှင်ရေးကို ခံစားနေခဲ့ရသောကြောင့် ဖြစ်သည်။ ထိုစဉ်က အခက်အခဲ အကျပ်အတည်းများ၏ သံသရာတွင် ပြီးစီးလုနီးပါး ဖြစ်နေသော ပြုစုနေဆဲကျမ်းများအတွက် 'ထိုကျမ်းများ ပြီးစီးသွားလျှင် ကောင်းလေစွ'ဟု အကြိမ်ကြိမ် ပူဆွေးသောက ဖြစ်ခဲ့ရသည်။ မအာရိဖွလ်ကုရ်အာန်၏ အမည်ဖြင့် 'ကုရ်အာန်သင်ခန်းစာ' ကာလအတန်ကြာမှပင် 'ရေဒီယိုပါကစ္စတန်'မှ ထုတ်လွှင့်လျက်ရှိခဲ့သည်။ မိတ်ဆွေများစွာတို့၏ တောင်းဆိုချက်ဖြင့် ထိုသင်ခန်းစာအပေါ်၌လည်း ပြန်လည်စိစစ်ခြင်းများနှင့် ကျန်ရှိသည့် အာယသ်

တော်များ၏ သဖ်စီးရ်ကို ပြီးမြောက်အောင် ကြိုးစားနေသည်များအား မည်သည့်နည်းနှင့်မဆို ပြီးမြောက်အောင် ပြုရပေဦးမည်။ အလားတူ ဆရာသခင်ဖြစ်သော ဟဇရသ်ဟကီမွလ်အွမ္မသ်ထာနဝီက ကုရ်အာန်ကျမ်းတော်မြတ်၏ ပဉ္စမနှင့် ဆဋ္ဌမ မန်ဇီလ်နှစ်ခုတို့၏ 'အဟ်ကမွလ်ကုရ်အာန်' ဟူ၍ အာရဗီဘာသာဖြင့် ရေးသားရန် အမိန့်ပေးထားသည်မှာလည်း နောက်ဆုံးအပိုင်း ရေးသားရန် ကျန်ရှိနေသေးသည်။ သေမည်၊ ရှင်မည် မသိရလောက်အောင် ဖြစ်နေပြီး ထိုင်ရန်၊ ထရန်ပင် မတတ်စွမ်းတော့သည့် အခြေအနေ၌ 'ဤအလုပ်များ ဖြစ်မြောက်ပြီးစီးတော့မည်မဟုတ်'ဟူသော ပူဆွေးသောက၏ အသံသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးသို့ ရောက်ရှိသွားခြင်း ဖြစ်ပေမည်။ ယခုမူ 'ပြီးစီးနိုင်သမျှကို ပြုလုပ်လိုက်မည်'ဟူသော အတွေးက အားသာခဲ့ရသည်။ 'ကျန်ရှိနေသည်များအား မည်သို့ ပြုရမည်နည်း'ဟူသော အတွေးကို စွန့်လွှတ်လိုက်သည်။ ဤအတွေးသည် သန္နိဋ္ဌာန်အသွင်သို့ ကူးပြောင်းသွားခဲ့သည်။ အိပ်ရာထက်၌ လဲလျောင်းနေလျက်မှပင် သဖ်စီးရ်အား ပြန်လှန်စီစစ်ခြင်းနှင့် 'အဟ်ကာမွလ်ကုရ်အာန်'အား ပြီးမြောက်ရန် အလုပ်ကို စတင်ခဲ့သည်။ ဤရောဂါဖြစ်နေစဉ်အတွင်း၌ ပြီးစီးသမျှတို့သည် ကျန်းမာစဉ်ကထက်ပင် မြန်ဆန်စွာ ပြီးစီးသည်မှာ ဘန်ခိုးတော်ရှင်၏ အံ့ဖွယ်အစီအမံပင် ဖြစ်ပေသည်။

တစ်ဖန် ထိုအလုပ်၏ 'ဗရ်ကသ်'ဖြင့် အလ္လာဟ်အသျှင်မြတ်သည် ဤဒုက္ခအကျပ်အတည်း ရောဂါများအား ပျောက်ကင်းစေတော်မူလိုက်သည်။ ထို့နောက် အတိုင်းအတာတစ်ခုအထိ ကျန်းမာသည့် အခြေအနေကို ရရှိခဲ့သည်။ သို့ဖြစ်ပေရာ ယခုမူ အချိန်၏ တန်ဖိုးကို နားလည်ခဲ့ပြီးဖြစ်သည်။ ထိုအလုပ်များအပေါ် အတတ်နိုင်ဆုံး အသုံးချရတော့သည်။ အဟ်ကာမွလ်ကုရ်အာန်၏ မန်ဇီလ်နှစ်ခုစလုံးမှာလည်း ပြီးမြောက်သွားခဲ့သည်။ ဤသည်မှာ အလ္လာဟ်အသျှင်မြတ်၏ မဟာကျေးဇူးတော်ပင် ဖြစ်သည်။ ထို့နောက် ဤကာလအတွင်းမှာပင် ဤကျမ်းစာနှစ်စောင်အား ရိုက်နှိပ်ထုတ်ဝေခဲ့ခြင်းလည်း ပြီးမြောက်ခဲ့သည်။ ထို့ပြင် မအာရီဖွလ်ကုရ်အာန်၊ အတွဲနှစ်တွဲကိုလည်း 'စူရာဟ်နေစာအ်'အထိ ရိုက်နှိပ်ထုတ်ဝေပြီးစီးခဲ့သည်။ တတိယအတွဲကို စူရာဟ်အအ်ရားဖ်အထိ ရိုက်နှိပ်ရန် ရှိသည်။ ယခုမူ ကုရ်အာန်၏ ထက်ဝက်၏ ရေးသားပြီးစီးသည့် သဖ်စီးရ်ဖွင့်ဆိုချက်များအပေါ် ပြန်လှန်စစ်ဆေးခြင်းများလည်း ပြီးစီးခဲ့ပြီ။

ဤစာရေးသားနေချိန်တွင် စာရေးသူသည် (၇၅) နှစ်ပြည့်မြောက်၍ ဟီဂျ်ရီ (၁၂၉၀) ခုနှစ်၊ ရှအ်ဗာန် လ (၂၁) ရက်သည် အသက် (၇၆) နှစ်၏ အစဖြစ်သည်။ ရောဂါမျိုးစုံတို့ ခံစားနေရချိန်၊ အားအင်ချည့်နဲ့ သွားသည့်အချိန်တွင် ထိုရောဂါများအပေါ်၌သာ သောကထားရခြင်းက များနေသည့်အတွက် ယခုမူ ရှေ့ဆက်၍ မည်သည့်ကျမ်းမျှ ရေးသားပြုစုခြင်း၊ စုဆောင်းတင်ပြခြင်းအတွက် မျှော်လင့်ရန်မှာ မေးမိုန် သော မျှော်လင့်ချက်မှအပ အခြားမရှိတော့ပေ။ သို့သော် ကုရ်အာန်၏ အကျိုးပြုအမည်အပေါ်၌ ရေးသားခြင်းသည် မည်မျှပင် လျော့နည်းသည်ထက် လျော့နည်းသည်ဖြစ်စေ၊ ရေးသားသူအတွက် နဖူးစာကောင်းခြင်းသာ ဖြစ်ပေသည်။ ဤအတွေးဖြင့် စူရာဟ်ကဟ်ဖ်၏ သဖ်စီးရ်ကို အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုရန် အသင့်ဖြစ်ခဲ့ပေသည်။ ကျန်ရှိသက်တမ်းတွင် ပြီးစီးသမျှကို အကောင်းဆုံးဟု ယူဆရပေမည်။ အကြောင်းမှာ ရည်ရွယ်ချက်သည် ကုရ်အာန်ပြီးမြောက်ရန်မဟုတ်ဘဲ ကုရ်အာန်ကျမ်းမြတ်အတွင်း၌ မိမိ၏ သက်တမ်းနှင့် အင်အားတို့ကို စတေးရန်သာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရဟ်ကဟဖ်

ဥမင်လှိုဏ်ခေါင်းကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တတရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

اَلْحَمْدُ لِلّٰهِ الَّذِيْٓ اَنْزَلَ عَلٰى عَبْدِهِ الْكِتٰبَ وَلَمْ يَجْعَلْ لَّهٗ عِوَجًا ①

၁၈ : ၁ ။ ။ ချီးမွမ်းထောမနာအပေါင်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့်သာ သက်ဆိုင်၏။ ထိုအသျှင်မြတ်သည် မိမိကျွန် (မိုဟမ္မဒ်) ၏အပေါ်ဝယ် ဤကျမ်းတော်မြတ် (ကုရ်အာန်) ကို ချပေးသနားတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်၌ မည်သည့် (ဝေ့ဝိုက်) ကွေ့ကောက်မှုကိုမျှ ထားရှိတော်မမူခဲ့ချေ။

قَيِّمًا لِّيُنْذِرَ بَاْسًا شَدِيْدًا مِّنْ لَّدُنْهُ وَيُبَشِّرَ
الْمُؤْمِنِيْنَ الَّذِيْنَ يَعْمَلُوْنَ الصّٰلِحٰتِ اَنَّ لَهُمْ اَجْرًا حَسَنًا ②

၁၈ : ၂ ။ ။ အသျှင်မြတ်ထံတော်မှ (ကျရောက်မည်ဖြစ်သော) ပြင်းထန်လှသည့် ပြစ်ဒဏ်မှ သတိပေးရန်အလို့ငှာလည်းကောင်း၊ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ကြကုန်သော မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အား ယင်းသူတို့အဖို့ အလွန်မွန်မြတ်လှစွာသော အကျိုးဆုလာဘ်ရှိသည်ဟု သတင်းကောင်းပေးရန်အလို့ငှာလည်းကောင်း ဖြောင့်မတ်သော ကျမ်းဂန်ပင် (ဖြစ်သည်။)

مّٰكِثِيْنَ فِيْهِ اَبَدًا ③

၁၈ : ၃ ။ ။ (၎င်းတို့သည်) 'ဂျန္နသ်' (သုခဘုံတည်းဟူသော) အကျိုးဆုလာဘ်သည် အမြဲထာဝစဉ် နေထိုင်ကြရပေမည်။

وَّيُنْذِرَ الَّذِيْنَ قَالُوا اتَّخَذَ اللّٰهُ وَلَدًا ④

၁၈ : ၄ ။ ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် သားတော်တစ်ပါး မွေးစားတော်မူခဲ့သည်ဟု ပြောဆိုကြကုန်သော သူတို့အား သတိပေးနှိုးဆော်ရန်အလို့ငှာ ဖြစ်၏။

مَا لَهُم بِهِۦ مِنْ عِلْمٍ وَلَا لِءَابَآئِهِمْ ۚ كَبُرَتْ كَلِمَةً
تَخْرُجُ مِنْ أَفْوَٰهِهِمْ ۚ إِن يَقُولُونَ إِلَّا كَذِبًا ⑤

၁၈ : ၅ ။ ။ (စင်စစ်) ထိုသူတို့၌လည်း ဤ (စွပ်စွဲချက်) နှင့် စပ်လျဉ်း၍ မည်သည့်သက်သေသာဓက တစ်စုံတစ်ရာမျှပင် မရှိပေ။ ထို့နည်းတူစွာ ၎င်းတို့၏ အဘ၊ ဘိုး၊ ဘေးတို့၌လည်း (မည်သည့်အသိပညာ သက်သေသာဓက တစ်စုံတစ်ရာမျှပင်) မရှိချေ။ ၎င်းတို့၏ နှုတ်မှ ထွက်သော စကားသည် အလွန်ကြီးလေးလှပေသည်။ ၎င်းတို့သည် မဟုတ်မမှန်သော မုသားကိုသာ ပြောဆိုကြကုန်သည်။

فَلَعَلَّكَ بَٰخِعٌ نَّفْسَكَ عَلَىٰٓ ءَاثَٰرِهِمْ إِن لَّمْ يُؤْمِنُوا۟ بِهَٰذَا ٱلْحَدِيثِ أَسَفًا ⑥

၁၈ : ၆ ။ ။ သို့ဖြစ်ရာ (အို၊ နဗီတမန်တော်) အကယ်၍ ၎င်းတို့သည် ဤကျမ်းတော်မြတ်ကို မယုံကြည်ခဲ့ကြပါလျှင် အသင်သည် ၎င်းတို့ (သွေဖည်ငြင်းပယ်ခဲ့ကြပြီး) နောက်တွင် မိမိကိုယ်မိမိပင် ဝမ်းနည်းပူဆွေးသောကအားဖြင့် ပျက်စီးစေမည့်ဟန် တူပေသည်။

إِنَّا جَعَلْنَا مَا عَلَى ٱلْأَرْضِ زِينَةً لَّهَا لِنَبْلُوَهُمْ أَيُّهُمْ أَحْسَنُ عَمَلًا ⑦

၁၈ : ၇ ။ ။ စကန်မလွဲ ငါအသျှင်မြတ်သည် လူတို့အား၊ ၎င်းတို့အနက် မည်သူသည် အကျင့်သီလအားဖြင့် အကောင်းဆုံးဖြစ်သည်ကို စမ်းသပ်တော်မူရန်အလို့ငှာ ပထဝီမြေပေါ်၌ ရှိကြကုန်သော အရာဝတ္ထုများကို ငါအသျှင်မြတ်သည် ယင်းပထဝီမြေ၏ အလှဆင်ယင်မှုများအဖြစ် ပြုလုပ်တော်မူခဲ့လေ၏။

وَإِنَّا لَجَٰعِلُونَ مَا عَلَيْهَا صَعِيدًا جُرُزًا ⑧

၁၈ : ၈ ။ ။ တစ်ဖန် စကန်မလွဲ ငါအသျှင်မြတ်သည် ယင်းပထဝီမြေပေါ်၌ ရှိရှိသမျှတို့ကို အမှုန်ပင် ခြောက်သွေ့စေ့ မြေပြင်အထိ ပြုလုပ်တော်မူမည့် အသျှင်မြတ်လည်း ဖြစ်တော်မူပေသည်။

‘စူရာဟ်ကဟဖ်’ ၏ ထူးခြားချက်များနှင့် ထူးမြတ်ခြင်းများအကြောင်း

မွတ်စ္စလင်မ်၊ အဗူဒါဝူးဒ်၊ သိရ်မေဇီနှင့် နစာအီကျမ်းများတွင် ဟဇရသ်အဗူဒရ်ဒါ ﷺ သခင်ထံမှ ဆင့်ပြန်ချက်တစ်ရပ် လာရှိသည်မှာ ‘အကြင်သူသည် စူရာဟ်ကဟဖ်၏ ပထမအာယသ်တော် (၁၀) ပါးကို အာဂုံဆောင်ကျက်မှတ်ခဲ့ပါလျှင် ထိုသူသည် ‘ဒဂ်ျဂျားလ်’၏ ‘ဖိသ်နာဟ်’မှ ကင်းငြိမ်းပေလိမ့်မည်’ဟူ၍ ဖြစ်သည်။ ဖော်ပြပါကျမ်းကြီးများ၌ပင် ဟဇရသ်အဗူဒရ်ဒါ ﷺ သခင်၏ ဆင့်ပြန်သည့် အခြားဆင့်ပြန်ချက်တစ်ရပ်တွင် ဤသည့်အကြောင်းအရာဖြစ်သော စူရာဟ်ကဟဖ်၏ နောက်ဆုံးအာယသ်တော် (၁၀) ပါးကို ကျက်မှတ်ထားခြင်းနှင့် စပ်လျဉ်း၍ လာရှိထားပေသည်။

မွတ်စ်နဒ်အဟ်မဒ်ကျမ်းတွင် ဟဇရတ်စဟ်လ်ဗင်န်မုအားဇ် ؓ သခင်၏ ဆင့်ပြန်ချက်ကို ဖော်ပြထားသည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ အကြင်သူသည် စူရာဟ်ကဟ်ဖ်၏ ပထမအစနှင့် နောက်ဆုံးအာယသ်တော်များအား ဖတ်ရွတ်သည်ရှိသော် ထိုသူ့အတွက် ထိုသူ၏ ခြေမှ ခေါင်းအထိ နူးရ်ရောင်ခြည်တော်တစ်ခု ဖြစ်ရှိသွားသည်။ စူရာဟ်တစ်ပုဒ်လုံးကို ဖတ်ရွတ်လိုက်သူအဖို့ ကမ္ဘာမြေပထဝီမှ အထက်မိုးကောင်းကင်အထိ နူးရ်ရောင်ခြည်တော် ဖြစ်ရှိသွားပေသည်။

အချို့ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ 'ဂျုမုအာဟ်'နေ့၌ စူရာဟ်ကဟ်ဖ်အား ဖတ်ရွတ်ပါမူ ၎င်း၏ ခြေမှသည် မိုးကောင်းကင်အမြင့်သို့တိုင် နူရ်ရောင်ခြည်တော် ဖြစ်သွားပေမည်။ ထိုနူရ်ရောင်ခြည်တော်သည် 'ကေယာမသ်'နေ့တွင် အလင်းရောင်ပေးပေလိမ့်မည်။ ထို့ပြင် ပြီးခဲ့သည့် 'ဂျုမုအာဟ်' (သောကြာ) နေ့မှ ဤ 'ဂျုမုအာဟ်'(သောကြာ) နေ့အထိ ၎င်းသူ ကျူးလွန်ခဲ့သည့် အပြစ် 'ဂိုနာဟ်'များ ပလပ်ခြင်း ခံရပေမည်'ဟု ဖြစ်သည်။ (အေမာမ်အိဗ်နေကစီးရ်သည် ဤဆင့်ပြန်ချက်ကို 'မောင်ကူးဖ်'ဟု သတ်မှတ်ထားသည်။)

ဟာဖိဇ်ဒွိယားအ်မုကဒ်ဒစီသည် မိမိ၏ ကျမ်းဖြစ်သော 'မွခ်သာရဟ်'ကျမ်းတွင် ဟဇရသ်အလီ ؓ ၏ ဆင့်ပြန်ချက်အား ဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ အကြင်သူသည် 'ဂျုမုအာဟ်'နေ့တွင် စူရာဟ်ကဟဖ်ကို ဖတ်ရွတ်ခဲ့သည်ရှိသော် ထိုသူသည် (၈) ရက်တိုင်တိုင် 'ဖိသ်နာဟ်'အပေါင်းမှ ကင်းလွတ်ငြိမ်းပေမည်။ အကယ်၍ 'ဒဂ်ျဂျာလ်'ထွက်ပေါ်လာမည်ဆိုလျှင်လည်း ထိုသူသည် 'ဒဂ်ျဂျာလ်'၏ 'ဖိသ်နာဟ်'မှလည်း ကင်းလွတ်ငြိမ်းအေးပေလိမ့်မည်။ (ဤဆင့်ပြန်ချက်အားလုံးသည် သဖ်စီးရ်အိဗ်နေကစီးရ်မှ ကောက်နုတ်တင်ပြခြင်း ဖြစ်သည်။)

ရှူးဟွလ်မအာနီကျမ်းတွင် ဒိုင်လမီမှ ဟဇရသ်အနတ်စ် ؓ ၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ထားသည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'စူရာဟ်ကဟဖ်အပြည့်အစုံသည် တစ်ချိန်တည်းတွင် ကျရောက်ခဲ့ခြင်းဖြစ်သည်။ (၇၀၀၀၀) ခုနှစ်သောင်းမျှသော ဖရစ်ရှ်သာဟ်များသည် ထိုစူရာဟ်နှင့်အတူ လိုက်ပါခဲ့ကြသည်'ဟု ဖြစ်သည်။ ဤသည်ကို ကြည့်ခြင်းဖြင့် ထိုစူရာဟ်၏ ကြီးကျယ်ထွတ်မြတ်မှု ပေါ်လွင်ပေသည်။

'ရှာနေနုဇူးလ်' အာယသ်တော် ကျရောက်လာရခြင်း၏ အကြောင်းအရင်း ဖြစ်စဉ်

အေမာမ်အိဗ်နေဂျရီးရ်သွဗ်ရီသည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ ၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ခဲ့သည်မှာ မက္ကာဟ်မြို့တွင် တမန်တော်မြတ် ﷺ ၏ နဗူဝသ်' နဗီအဖြစ် ကြွေးကြော်ခြင်းမှာ ဟိုးလေးတကျော် ဖြစ်လာခဲ့စဉ် မက္ကာဟ်မြို့သား ကာဖိရ်ကုရိုက်ရှ်တို့သည် အလွန်ပူဆွေးကြရလေသည်။ ထို့ကြောင့် ၎င်းတို့သည် မိမိတို့၏ လူနှစ်ဦးဖြစ်သော နဒွ်ရ် ဗင်န် ဟာရစ်နှင့် အွက္ကဗဟ် ဗင်န် အဘီမုအီးသွ်တို့အား မဒီနာရှိ ယဟူဒီများထံ စေလွှတ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် ယဟူဒီတို့သည် ရှေးကျမ်းများဖြစ်သော 'သောင်ရားသ်'နှင့် 'အင်န်ဂျီးလ်'ကျမ်းများကို တတ်ကျွမ်းသူများ ဖြစ်ကြသောကြောင့်ပင် ဖြစ်သည်။

ထိုယဟူဒီပညာရှင်တို့သည် ကိုယ်တော်မြတ် ﷺ နှင့် စပ်လျဉ်း၍ မည်သို့ ပြောဆိုခဲ့ကြပါသနည်း။

ယဟူဒီပညာရှင်တို့က မက္ကာဟ်မြို့သားတို့အား 'ပြောဆိုလိုက်သည်မှာ 'အသင်တို့သည် ၎င်း (မိုဟမ္မဒ် ﷺ) အား မေးခွန်း (၃) ခုကို မေးမြန်းပါလေ။' အကယ်၍ ၎င်းသည် ထိုမေးခွန်းများကို မှန်ကန်စွာ ဖြေကြားနိုင်ပါလျှင် ၎င်းသည် နဗီနှင့် ရစူလ်ဖြစ်ပေမည်။ အကယ်၍ ၎င်းသည် ဖြေကြားနိုင်ခြင်း မရှိပါက ထိုသူသည် လုပ်ကြံလီဆယ်သူသာ ဖြစ်ပေမည်။ ရစူလ်မဟုတ်ပေ။ ထိုမေးခွန်းများအနက် ပထမ မေးခွန်းမှာ-

(၁) ရှေးခေတ်အခါက မိမိတို့၏ မြို့ရွာမှ ထွက်ခွာသွားကြသူ လုလင်ပျိုများ၏ အခြေအနေနှင့် စပ်လျဉ်း၍ ၎င်းတို့၏ ဖြစ်စဉ်သည် မည်သို့ပါနည်း။

(၂) ကမ္ဘာမြေ၏ အရှေ့နှင့်အနောက် ကမ္ဘာ့အဆုံးခရီးနှင်သူ၏ ဖြစ်စဉ်မှာ မည်သို့ပါနည်း။

(၃) 'ရူးဟ်'ဝိညာဉ်သည် မည်သို့သောအရာ ဖြစ်သနည်း။ စသည်တို့ကို ၎င်းအား မေးမြန်းပါဟု ဖြစ်သည်။

ဤသို့ဖြင့် မက္ကာဟ်မြို့သား ကုရိုက်ရှ်နှစ်ဦးသည် မက္ကာဟ်သို့ ပြန်လာခဲ့ကြသည်။ ထို့နောက် မိမိတို့၏ မိတ်ဆွေများအား 'ဆုံးဖြတ်ပြီးဖြစ်သည့် အခြေအနေများကို ယူဆောင်လာခဲ့ပါသည်'ဟု ပြောဆိုကြလေသည်။ ထို့နောက် ယဟူဒီပညာရှင်တို့နှင့် ပြောဆိုခဲ့ကြသည့် အကြောင်းကို စုံလင်စွာ ပြောဆိုကြလေသည်။ ထို့နောက် ၎င်းတို့သည် တမန်တော်မြတ် ﷺ ထံတော်ပါးသို့ ထိုမေးခွန်းများ ယူဆောင်လျက် ရောက်ရှိလာကြသည်။ ကိုယ်တော်မြတ် ﷺ သည် ၎င်းတို့၏ မေးမြန်းချက်များကို ကြားနာလျက် 'ကျွန်ုပ်သည် ဤမေးခွန်းများ၏ အဖြေကို မနက်ဖြန် ပြောကြားပါမည်'ဟု မိန့်ကြားတော်မူလိုက်သည်။ သို့ရာတွင် ကိုယ်တော်မြတ် ﷺ သည် ထိုစဉ်က 'အင်ရှာအလ္လာဟ်'ဟု မိန့်ဆိုရန် မေ့လျော့သွားခဲ့သည်။ ထိုသူများသည် လှည့်ပြန်သွားကြသည်။ ထို့နောက်တွင် တမန်တော်မြတ် ﷺ သည် ထိုမေးခွန်းများကို ဖြေကြားပေးနိုင်ရန် အသျှင်မြတ်ဘက်တော်မှ ချပေးလာမည့် 'ဝဟီ' ကို စောင့်ဆိုင်းနေတော်မူခဲ့သည်။ သို့ရာတွင် ကတိပေးထားသည့် နောက်နေ့အထိ မည်သည့်ဝဟီမျှ ကျရောက်လာခဲ့ခြင်း မရှိပေ။ (၁၅) ရက်ကြာသည်အထိ ဤအတိုင်း 'ဝဟီ'ကျရောက်လာခြင်း မရှိခဲ့ပေ။ ဂျိဗ်ရီးလ် عليه السلام လည်း ရောက်မလာခဲ့ပေ။ ကုရိုက်ရှ်တို့သည် ထိုအဖြစ်အပျက်အပေါ် ပြောင်လှောင်သရော်ကြတော့သည်။ တမန်တော်မြတ် ﷺ သည် ဤသို့ ဖြစ်ရခြင်းအပေါ် လွန်စွာ ပူဆွေးသောကဖြစ်ရရှာလေသည်။ (၁၅) ရက်နောက်ပိုင်းတွင် ဂျိဗ်ရီးလ် عليه السلام သည် စူရာဟ်ကဟ်ဖ်ကို ယူဆောင်၍ ဆင်းသက်လာခဲ့သည်။ ဤစူရာဟ်တွင် 'နောက်နောင် မည်သည့်အလုပ်အတွက်မဆို ကတိပေးမည်ဆိုပါက 'အင်ရှာအလ္လာဟ်'ဟု ပြောဆိုရမည့်အကြောင်းကို တင်ပြလျက် 'ဝဟီ'ကျရောက်ခြင်း ရပ်ဆိုင်းရသည့်အကြောင်းကို တင်ပြထားပေသည်။ ဤဖြစ်ရပ်တွင် 'အင်ရှာအလ္လာဟ်'မပြောဆိုခဲ့သည့်အပေါ် သတိပေးသည့်အနေဖြင့် 'ဝဟီ'ကျရောက်ခြင်းကို ကြန့်ကြာစေခဲ့ခြင်း ဖြစ်သည်။ ဤစူရာဟ်တွင် ထိုအကြောင်းနှင့် စပ်လျဉ်း၍

وَلَا تَقُوْلَنَّ لِشَيْءٍ اِنِّيْ فَاعِلٌ ذٰلِكَ غَدًا اِلَّا اَنْ يَّشَاءَ اللّٰهُ

ဟူသော အာယသ်တော်သည် ရှေ့၌ လာပေလိမ့်မည်။ ထို့ပြင် ဤစူရာဟ်တွင် 'အခ္စ်ဟာဗေ့ ကဟာဖ်'ဟု ခေါ်ဆိုသည့် လုလင်ပျိုများအကြောင်းလည်း ပါရှိပေသည်။ ကမ္ဘာအရှေ့နှင့် အနောက်ကမ္ဘာ အဆုံးအထိ ခရီးနှင်ခဲ့သူ 'ဇုလ်ကရ်နိုင်းန်'၏ ဖြစ်စဉ်လည်း အကျယ်တဝင့် လာရှိထားသည်။ ရူးဟ်နှင့် စပ်လျဉ်းသည့် ဖြေကြားချက်လည်း ပါရှိပေသည်။ *[ကုရ်သုဗီ၊ မဇ္ဇဟရီကျမ်း]*

သို့ရာတွင် 'ရူးဟ်'နှင့်စပ်လျဉ်းသည့် မေးခွန်း၏ ဖြေကြားချက်ကို အကျဉ်းချုံး၍ ဖြေကြားခြင်းမှာ အမြော်အမြင်ရှိ၍ ဖြစ်သည်။ ၎င်းအား စူရာဟ်ဗနီအိစ်ရာအီးလ်၏ နောက်ဆုံးတွင် သီးခြားကဏ္ဍအဖြစ် တင်ပြခဲ့သည်။ ထို့ကြောင့် စူရာဟ်ကဟာဖ်အား စူရာဟ်ဗနီအိစ်ရာအီးလ်၏ နောက်တွင် ထားခြင်း ဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ချီးမွမ်းထောမနာပြုခြင်းအပေါင်းတို့သည် အလ္လာဟ်အသျှင်မြတ်အဖို့သာ ဖြစ်သည်။ ထိုအသျှင်မြတ်သည် မိမိ၏ (အထူး) ကျွန် (ဖြစ်သော မိုဟမ္မဒ်) အပေါ်တွင် ကျမ်းတော်မြတ် (ကုရ်အာန်) ကို ချပေးတော်မူခဲ့သည်။ ယင်းကျမ်းတော်မြတ် (ကုရ်အာန်) တွင် မည်သည့်ကွေ့ကောက်မှုကိုမျှ ပြုထားတော်မမူပေ။ (ယင်းကျမ်းတော်၌ ပါရှိသည့် အမိန့်တစ်စုံတစ်ရာသည် အမြော်အမြင်နှင့် ဗီလာဆန့်ကျင်စေသော စာလုံးအားဖြင့်သော်လည်းကောင်း၊ အဓိပ္ပာယ်အားဖြင့်သော်လည်းကောင်း 'ဖဆွာဟာသ်'၊ 'ဗလာဂသ်'နှင့် ဆန့်ကျင်မှုတစ်ခုမျှ မပါရှိရုံမက ထိုကျမ်းတော်အား) ခိုင်လုံကျစ်လစ်စွာဖြင့် ပြုစုတော်မူထားပါသည်။ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ တမလွန်တွင် (ကျရောက်လာမည့်) ပြင်းထန်လှစွာသော 'အဇားဗ်'အပြစ်ဒဏ်များ (ကာဖိရ်များအား) ပေးရန်အတွက်လည်းကောင်း ကောင်းမြတ်သော အလုပ်များ ပြုကျင့်ကြသည့် မုအ်မင်န်တို့အား ၎င်းတို့၏ ကျင့်ဆောင်ချက်များအပေါ် (တမလွန်တွင်) ကောင်းမြတ်သော အကျိုးအစားများ ရရှိမည်ဖြစ်ကြောင်း သတင်းကောင်းပေးရန်အတွက်လည်းကောင်း၊ ပို့ချပေးတော်မူထား၏။ သို့မှသာ အလ္လာဟ်အသျှင်မြတ်၌ သားသမီးရှိသည်ဟု ပြောဆိုကြကုန်သော သူ (ကာဖိရ်) တို့အား သတိပေးနှိုးဆော်ရန် ဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ်တွင် သားသမီးရှိသည်ဟု အယူဝါဒရှိသူ ကာဖိရ်တို့အား ကာဖိရ်အားလုံးတို့မှ သီးခြားခွဲ၍ တင်ပြရခြင်းအကြောင်းမှာ (ဤလွဲမှားသည့် အယူဝါဒသည် အာရပ်နိုင်ငံရှိ မုရှ်ရစ်က်၊ ယဟူးဒ်နှင့် နဆ္စရာအားလုံး ပါဝင်ကြသောကြောင့် ဖြစ်သည်။) စင်စစ် ထိုသူတို့၌ ထိုစွပ်စွဲချက်နှင့် စပ်လျဉ်း၍ မည်သည့်အထောက်အထားမျှ မရှိ။

၎င်းတို့၏ အဘ၊ ဘိုး၊ ဘေးတို့၌လည်း မည်သည့်အထောက်အထားမျှ မရှိပါချေ။ ၎င်းတို့၏ နှုတ်ထွက်စကားများသည်ကား အလွန်ကြီးလေးလှပါသည်။ (ထို့ပြင်) ၎င်းတို့သည်ကား လုံးဝဥဿုံပင် မုသားပြောဆိုသူများ ဖြစ်ကြသည်။ (ဦးနှောက်ဖြင့် စဉ်းစားလျှင်လည်း မဖြစ်နိုင်သောအရာ ဖြစ်သည်။ ဦးနှောက်အသိတရားနည်းသူများပင် လက်ခံကြမည်မဟုတ်ပေ။ အသင်သည် ၎င်းတို့၏ ဤငြင်းဆိုဆန့်ကျင်

မှုများအပေါ် ဤမျှ ပူဆွေးသောက ဖြစ်နေသည်မှာ) အကယ်၍ ထိုကာဖိရ်တို့သည် ဤကျမ်းတော်အား မယုံကြည်ခဲ့ကြပါလျှင် အသင်သည် ၎င်းတို့၏ (သွေဖည်ငြင်းပယ် မှုကြောင့်) ဝမ်းနည်းပူဆွေးခြင်းဖြင့် မိမိကိုယ်မိမိ အသက်အဆုံးစီရင်မည့်ဟန်တူပေသည်။ (အသင်သည် မိမိကိုယ်မိမိ ပျက်စီးခြင်းသို့ ရောက်လုနီးပါးဖြစ်သည်အထိ ပူဆွေးသောကဖြစ်ရန် မလိုပေ။ အကြောင်းမှာ ဤဒွန်နယာလောကသည် စမ်းသပ်စစ်ဆေးခြင်းပြုသည့် ဌာနဖြစ်ပြီး ဤဌာနတွင် အီမာန်နှင့် ကုဖ္ဖရ်၊ အကောင်းနှင့်အဆိုး ဒွန်တွဲလျက်ရှိနေမည် ဖြစ်သော နေရာဖြစ်သောကြောင့်ပင် ဖြစ်သည်။ အားလုံးသည် မုအ်မင်န်ချည်းသာ ဖြစ်ရမည်ကား မဟုတ်ပါချေ။ ဤစမ်းသပ်စစ်ဆေးခြင်းအတွက်) စကန်မုချ ငါအသျှင်မြတ်သည် ကမ္ဘာမြေပေါ်၌ ရှိသည့် အရာများကို ထို (ကမ္ဘာမြေ) အတွက် အလှဆင်ဖွယ်ရာများအတွက် ပြုပေးတော်မူထားသည်။ သို့မှသာ ငါအသျှင်မြတ်သည် (ထိုအလှဆင်ဖွယ်ရာများအားဖြင့်) လူတို့အနက် မည်သူသည် အကောင်းဆုံးကျင့်ဆောင်မှုများ ပို၍ ပြုလုပ်သည်ကို စမ်းသပ်နိုင်မည် ဖြစ်သည်။

(မည်သူသည် လောက၏ လှပမှုများအပေါ် စွဲမက်လျက် အလ္လာဟ်နှင့် 'အာခိရသ်'တမလွန် မေ့လျော့သွားသည်။ မည်သူက မေ့လျော့ခြင်း မရှိသည်တို့ကို စမ်းသပ်ရန်ဖြစ်သည်။ အချုပ်ဆိုရသော် ဤကမ္ဘာလောကသည် စမ်းသပ်စစ်ဆေးသည့် နေရာဌာနဖြစ်သည်။ ဖန်ဆင်းခြင်းအရ ဤကမ္ဘာလောကတွင် အချို့မှာ မုအ်မင်န်ဖြစ်ကြမည်။ အချို့မှာ ကာဖိရ်ဖြစ်ကြမည်။ သို့ရှိရာ ပူဆွေးသောကရောက်နေခြင်းမှာ အကျိုးမဲ့ဖြစ်သည်။ အသင်သည် မိမိအလုပ်ကိုသာ ပြုလုပ်လျက် ရှိနေပါလေ။ ထို့ပြင် ထိုသူတို့၏ ကုဖ္ဖရ် လုပ်ရပ်၏ ရလဒ်ဆိုးကျိုးအား လောက၌ပင် ပေါ်လွင်မည်ကိုလည်း စောင့်ဆိုင်းခြင်း မပြုလေနှင့်။ အဘယ်ကြောင့်ဆိုသော် ဤသည် ငါအသျှင်မြတ်၏ အလုပ်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ သတ်မှတ်ကာလတစ်ခုတွင် ဖြစ်ပေလိမ့်မည်။ သို့ဖြစ်ပေရာ နေ့တစ်နေ့ ရောက်ရှိလာပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော်) ငါအသျှင်မြတ်သည် ကမ္ဘာမြေပထဝီမှ အရာခပ်သိမ်းတို့ကို ပြောင်တလင်းခါသော ကွင်းပြင်တစ်ခုအဖြစ် ပြုလုပ်တော်မူပေမည်။ (ထိုကမ္ဘာမြေပေါ်တွင် နေထိုင်သူ တစ်ဦးတစ်ယောက်မျှ ရှိတော့မည်မဟုတ်ပေ။ သစ်ပင်များသည်လည်းကောင်း၊ တောင်များသည်လည်းကောင်း၊ တိုက်တာအဆောက်အဦးများသည် လည်းကောင်း ရှိကြတော့မည်မဟုတ်ပေ။ အချုပ်မှာ အသင်သည် မိမိ၏ 'သဗ်လီးဂ်'အလုပ်ကိုသာ ပြုလုပ်လျက် ရှိနေပါလေ။ ကာဖိရ်ငြင်းပယ်သူတို့၏ မကောင်းမှုဒုစရိုက်များအပေါ် ဤမျှ ပူဆွေးမှု မဖြစ်လေနှင့်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

وَلَمْ يَجْعَلْ لَهٗ عِوَجًا ○ قَيِّمًا

عِوَج 'အိဝဂျ်'ဟူသော စာလုံး၏ အဓိပ္ပာယ်မှာ ကွေ့ကောက်ခြင်းတစ်မျိုးနှင့် တစ်ဖက်သို့ တိမ်းစောင်း ယိမ်းယိုင်ခြင်းဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် မိမိ၏ စာလုံးနှင့် အဓိပ္ပာယ်တို့၌ ပြည့်စုံမှု

ရှိသည်မှာ 'ဖဆွာဟာသ်' နှင့် 'ဗလာဂသ်' တို့တွင် တစ်နေရာရာ၌ မြူမှုန်ခန့်မျှ အတိမ်းအစောင်းဖြစ်ခြင်းမှလည်းကောင်း၊ အသိပညာနှင့် အမြော်အမြင်တို့၌ အတိမ်းအစောင်းဖြစ်ခြင်းမှလည်းကောင်း လုံး၀ ကင်းရှင်းပေသည်။ وَلَمْ يَجْعَلْ لَّهٗ عِوَجًا တွင် အလိုသဘောမှာ နဖီ 'ငြင်းဆိုသည့်အသွင်' ကို ပြသနေသည်။ ထို့နောက် လေးနက်မှုရှိစေရန် ဤ 'ငြင်းဆိုမှု' အကြောင်းအရာကို 'အလုပ်ဖြစ်ရှိသည့် အသွင်အဖြစ် ရောက်ရှိစေရန် قَيِّمًا ဟူသော စာလုံးဖြင့် ပေါ်လွင်စေခြင်းဖြစ်သည်။ အကြောင်းမှာ قَيِّمًا ၏ အဓိပ္ပာယ်သည် مُسْتَقِيْمًا ဟု ဖြစ်သောကြောင့်ပင် ဖြစ်သည်။ مستقيم ဆိုသည်မှာ 'အသေးအဖွဲ့မျှ တိမ်းစောင်းခြင်းနှင့် မည်သည့်ဘက်မျှ ယိမ်းယိုင်မှုမရှိခြင်း' ဖြစ်သည်။

ဤနေရာတွင် قَيِّم ၏ အခြားအဓိပ္ပာယ်တစ်ခုမှာ 'ထိန်းသိမ်းစောင့်ရှောက်သူ' ဟုလည်း ဖြစ်နိုင်သည်။ ထိုအဓိပ္ပာယ်အရဆိုလျှင် ဤစာလုံး၏ အလိုသဘောမှာ 'ကုရ်အာန်ကျမ်းတော်မြတ်သည် မိမိ၏ ဓာတိတော်အရ ပြည့်စုံ၍ ကွေ့ကောက်တိမ်းစောင်းမှုနှင့် အပို၊ အလိုရှိခြင်း ဟူသရွေ့တို့မှ ကင်းရှင်းသကဲ့သို့ အခြားသူတို့အားလည်း တည်တံ့ ခိုင်မြဲမှုအပေါ်၌ ဖြစ်စေပြီး ဗန္ဓာဟ်ကျေးကျွန် လူသားတို့၏ ကောင်းမြတ်သော အမြော်အမြင်ဟူသရွေ့တို့ ထိန်းသိမ်းစောင့်ရှောက်သူဖြစ်သည်။ ထိုစာလုံးနှစ်လုံးတို့၏ အကျဉ်းချုံး အလိုသဘောမှာ 'ကုရ်အာန်ကျမ်းတော်မြတ်သည် ကိုယ်တော်တိုင်လည်း ပြည့်စုံကုံလုံမှုရှိပြီး အသျှင်မြတ်၏ အဖန်ဆင်းခံများကိုလည်း ပြည့်စုံကုံလုံစေသော ကျမ်းတော်ဖြစ်သည်' ဟု ဖြစ်သည်။

[မဇ္ဇဟရီကျမ်း]

اِنَّا جَعَلْنَا مَا عَلَى الْاَرْضِ زِيْنَةً لَّهَا

ကမ္ဘာမြေပြင်၌ ရှိရှိသမျှသော အဖန်ဆင်းခံများဖြစ်သည့် သက်ရှိသတ္တဝါများ၊ သစ်ပင်များ၊ ကျောက်ဆောင်ကျောက်တုံးများနှင့် မြေကြီးအတွင်း၌ ရှိသည့် အမျိုးစုံလင်သော တွင်းထွက်ပစ္စည်း စသည့် အရာဟူသရွေ့တို့သည် ကမ္ဘာမြေပထဝီအတွက် အလှဆင်စရာ အရာများပင် ဖြစ်သည်။ ဤသို့ဆိုလျှင် ကမ္ဘာမြေပထဝီပေါ်ရှိ အဖန်ဆင်းခံသတ္တဝါများတွင် မြွေ၊ ကင်း၊ သားရဲတိရစ္ဆာန်များနှင့် များစွာသော အဆိပ်အတောက်နှင့် အန္တရာယ်ဖြစ်စေနိုင်သည့် အရာအားလုံးကိုလည်း ကမ္ဘာမြေပထဝီ၏ အလှများဟု မည်သို့ ခေါ်ဆိုနိုင်ပါမည်နည်းဟူသော သံသယများ မဖြစ်ရပေ။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာလောကအတွင်း၌ အဆိပ်အတောက်ဖြစ်စေသော ထိခိုက်အန္တရာယ် ဖြစ်စေသော နစ်နာဆုံးရှုံးမှုဖြစ်စေသော အရာဟူသရွေ့သည် ရှုထောင့်တစ်ခုအရ အမှန်ပင် မကောင်းသော အရာများ ဖြစ်ကြသည်။ သို့သော်လည်း ကမ္ဘာလောကကြီးအား ဖန်ဆင်းသည့် ရှုထောင့်မှကြည့်လျှင် မည်သည့်အရာမျှ မကောင်းသောအရာဟူ၍ မရှိပေ။ အဘယ်ကြောင့်ဆိုသော် အဆိုးတကာ့အဆိုး၊ မကောင်း တကာ့မကောင်းသော အရာများသည်ပင် အခြေအနေတစ်မျိုးအား

ဖြင့် အလ္လာဟ်အသျှင်မြတ်က များစွာသော အကျိုးအာနိသင်များ ထည့်သွင်းပေးထားတော်မူခြင်းကြောင့် ဖြစ်သည်။ 'အဆိပ်အတောက်ရှိသော သတ္တဝါများနှင့် သားရဲတိရစ္ဆာန်တို့မှ လူတို့အတွက် လိုအပ်ချက်ဖြစ်သော ဆေးဝါး စသည်များ ဖြစ်မြောက်စေခြင်း ရှိသည်မဟုတ်ပါလော။' ထို့ကြောင့် အခြေအနေ ပုံသဏ္ဍာန် တစ်မျိုးအရ မကောင်းသောအရာဖြစ်သော်ငြားလည်း ကမ္ဘာမြေပထဝီ၏ ဖန်ဆင်းခြင်းရှုထောင့်အရ မကောင်းသော အရာသည်လည်း မကောင်းမဖြစ်တော့ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَمْ حَسِبْتَ أَنَّ أَصْحٰبَ الْكَهْفِ وَالرَّقِيْمِ كَانُوْا مِنْ اٰيٰتِنَا عَجَبًا ⑨

၁၈ : ၉ ။ ။ ကေန်စင်စစ် ဥမင်လှိုဏ်ခေါင်းတွင် ခို (အောင်းခဲ့) သူတို့သည်လည်းကောင်း၊ ရေးသားထားသော ကျောက်စာ၊ ကမ္ပည်းရှင်တို့သည်လည်းကောင်း၊ ငါအသျှင်မြတ်၏ သက်သေလက္ခဏာများအနက် ထူးဆန်းအံ့သြဖွယ်ဖြစ်သည်ဟု အသင် ထင်မှတ်လေသလော။

إِذْ أَوَى الْفِتْيَةُ إِلَى الْكَهْفِ فَقَالُوْا رَبَّنَآ
اٰتِنَا مِنْ لَّدُنْكَ رَحْمَةً وَّهَيِّئْ لَنَا مِنْ أَمْرِنَا رَشَدًا ⑩

၁၈ : ၁၀ ။ ။ (ပြန်လည်အောက်မေ့ သတိရပါလေ။) တစ်ရံရောအခါဝယ် လုလင်ပျိုတို့သည် ဥမင်လှိုဏ်ခေါင်းသို့ (သွားရောက်) ခိုအောင်းခဲ့လေသည်။ ထို့နောက် ၎င်းတို့သည် 'အို့, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား မိမိ၏ ထံတော်မှ ကရုဏာတော်ကို ချီးမြှင့်ပေးသနားတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အဖို့ ကျွန်တော်မျိုးတို့၏ အရေးကိစ္စ၌ ဖြောင့်မတ်မှုကို ပြုပြင်စီမံ ပေးသနားတော်မူပါ' ဟု လျှောက်ထား (အသနားခံ) ခဲ့ကြကုန်၏။

فَضَرَبْنَا عَلٰٓى اٰذَانِهِمْ فِى الْكَهْفِ سِنِيْنَ عَدَدًا ⑪

၁၈ : ၁၁ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်းတို့၏ နားပေါ်၌ ဥမင်လှိုဏ်ခေါင်းတွင် ရေတွက်ထားသော နှစ်ပေါင်းများစွာအထိ (တံဆိပ်) ရိုက်နှိပ်ထားတော်မူခဲ့လေသည်။ (အိပ်ပျော်စေတော်မူခဲ့လေသည်။)

ثُمَّ بَعَثْنٰهُمْ لِنَعْلَمَ أَيُّ الْحِزْبَيْنِ أَحْصٰى لِمَا لَبِثُوْٓا أَمَدًا ⑫

၁၈ : ၁၂ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းတို့အား ထိုအုပ်စုနှစ်စုအနက် မည်သည့်အုပ်စုသည် ၎င်းတို့နေထိုင်ခဲ့ကြသော (အချိန်ကာလ၏) အဆုံးအစွန်ကို ရေတွက်မှတ်သားခဲ့သည်ကို သိတော်မူရန်အလို့ငှာ ပြန်နိုးစေတော်မူခဲ့လေသည်။

အဘိဓါန်ဖွင့်ဆိုချက်

كهف တောင်၏ ကျယ်ဝန်းမှုရှိသော အပေါက်လှိုဏ်ဂူကို 'ကဟဖ်' كهف ဟု ခေါ်ဆိုသည်။ ကျယ်ဝန်းမှုမရှိသော အပေါက်ကိုမူ 'ဂါရ်' غار ဟု ခေါ်သည်။

رَقِيم 'ရကီးမ်'သည် စာလုံးအရ အဓိပ္ပာယ်မှာ مَرْقُوْم 'မရ်ကူးမ်' (ရေးသားထားသော အရာ) ဟု ဖြစ်သည်။ ဤနေရာ၌ ထိုစာလုံး၏ အလိုသဘောမှာ မည်သို့ပါနည်း။

ဤနေရာတွင် အဖွင့်ပညာရှင်များအကြား အဆိုကွဲလွဲမှုများ ရှိသည်။ ဒွဟ်ဟားက်၊ စဒီနှင့် အိဗ်နေ ဂျုဗိုင်းရ် (ရဟ) တို့က အိဗ်နေအဗ္ဗားစ်သခင်၏ ဆင့်ပြန်ချက်အားဖြင့် ၎င်း၏ အဓိပ္ပာယ်ကို 'ရေးသား ထားသော သင်ပုန်းတစ်ခု' ဟု သတ်မှတ်ကြသည်။ ထိုခေတ်အခါ၌ ရှိခဲ့သော ဘုရင်သည် 'အဆွဲဟားဗေ့ ကဟဖ်'၏ အမည်နာမများကို ရေးသား၍ ဂူ၏ တံခါးဝ၌ ချိတ်ဆွဲထားခဲ့သည်။ ထို့ကြောင့် اصحاب كهف ကို اصحاب رقيم 'အဆွဲဟားဗေ့ရကီးမ်'ဟုလည်း ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။ ကသာဒဟ်၊ အဿိယဟ် အောင်ဖီနှင့် မုဂျာဟီဒ်သခင်ကြီးများ၏ အဆိုမှာ رقيم 'ရကီးမ်'သည် တောင်၏ အောက်ခြေ၌ရှိသော လျှိုမြောင်၏ အမည်ဖြစ်သည်။ ထိုလျှိုမြောင်တွင် 'အဆွဲဟာဗေ့ကဟဖ်'တို့၏ လိုဏ်ဂူရှိသည်ဟု ဆိုကြသည်။ အချို့ပညာရှင်များကမူ 'ဤတောင်၏ အမည်သည်ပင် رقيم 'ရကီးမ်'ဖြစ်သည်'ဟု ဆိုကြသည်။ ဟဇရတ် အက္ကရမဟ်သည် ဟဇရတ်အိဗ်နေအဗ္ဗားစ်က 'ရကီးမ်သည် ရေးသားထားသော သင်ပုန်းတစ်ခု၏ အမည် ဖြစ်ပါသလော။ (သို့) ရွာတစ်ရွာ၏ အမည်ဖြစ်ပါသလော ဆိုသည်ကို ကျွန်ုပ်မသိပါ'ဟု ပြောဆိုခဲ့သည်ကို ကြားခဲ့ရကြောင်း ပြောဆိုခဲ့သည်။ ကအ်ဗ်၊ အဟ်ဗားန်နှင့် ဝဟာဗ်ဗင်န်မုနဗ်ဗဟ်တို့က ဟဇရတ် အိဗ်နေ အဗ္ဗားစ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ رَقِيْم اَيْلَمْ သည် عقبه 'အွက္ကဗဟ်'အနီးရှိ မြို့တစ်မြို့၏ အမည်ဖြစ်သည်။ ထိုမြို့သည် ရောမပြည်၏ မြို့များ၌ ပါဝင်သောမြို့ ဖြစ်သည်။

فِتْيَةٌ စာလုံးသည် فَتَى စာလုံး၏ အများကိန်းဖြစ်ပြီး 'လုလင်ပျိုများ'ဟု အဓိပ္ပာယ်ရသည်။

فَضَرَ بْنَاعَلَى اٰذَانِهِمْ ၏ လုံးချင်းကောက် အဓိပ္ပာယ်အရ 'နားများကို ပိတ်ခြင်း'ဟု ဖြစ်သည်။ မေ့မေ့မောမော နှစ်ခြိုက်စွာ အိပ်စက်ခြင်းကို ထိုစာလုံးများဖြင့် သုံးနှုန်းထားခြင်း ဖြစ်သည်။ အကြောင်းမှာ အိပ်စက်သည့်အခါ ပထမဦးဆုံး မျက်လုံးပိတ်သွားသောကြောင့် ဖြစ်သည်။ သို့ရာတွင် နားသည် မိမိ အလုပ်ကို လုပ်နေဆဲဖြစ်သည်။ အသံများ ကြားနေရသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားသည့်အခါ နားသည်လည်း မိမိ၏ အလုပ်ကို စွန့်လွှတ်လိုက်သည်။ အိပ်ရာမှ နိုးကြားသည်နှင့် နားသည် မိမိအလုပ်ကို စတင်ပြုလုပ်သူဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသံများ ကြားရခြင်းအားဖြင့် အိပ်စက်သူသည် အိပ်စက် ရာမှ သတိဝင်လာပြီးနောက် နိုးကြားလာခဲ့ခြင်းဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဥမင်လိုဏ်ခေါင်းသားတို့သည်လည်းကောင်း၊ တောင်ပေါ်နေသူတို့သည်လည်းကောင်း (ဤအဲ့အမည်နှစ်မျိုးသည် အုပ်စုတစ်စု၏ အမည်) ငါအသျှင်မြတ်၏ ထူးဆန်းအံ့ဖွယ် (တန်ခိုးတော်) များအနက် ထူးဆန်းအံ့ဖွယ်ဟု အသင် ထင်မှတ်နေပါသလော။ (ယဟူဒီတို့၏ ပြောကြားချက်အရ ဤဖြစ်ရပ်သည် ထူးဆန်းအံ့ဖွယ်ဖြစ်သည်ဟု ဆိုကြသကဲ့သို့ 'မက္ကာဟ်သား ကုရိုက်ရှ်များကိုယ်တိုင်ကလည်း ဤဖြစ်ရပ်အား အံ့ဖွယ်ဆန်းကြယ်ဟု ထင်မြင်လျက် မေးမြန်းခဲ့ကြသည်။ ဤဖြစ်ရပ်တွင် တမန်တော်မြတ် ﷺ အား ပြောကြားသည့် ပုံစံဖြင့် 'အံ့ဖွယ်ဖြစ်ရပ်တစ်ခု ဖြစ်သည်မှာ မှန်ပါသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ အခြားသော အံ့ဖွယ်တန်ခိုးတော်များနှင့် နှိုင်းယှဉ်ပါလျှင် ၎င်းတို့ ထင်မြင်ယူဆသကဲ့သို့ အံ့ဖွယ်မဖြစ်တော့ပါချေ။ အကြောင်းမှာ မိုးနှင့် မြေ၊ နေနှင့် လ စကြဝဠာအပေါင်းကို မရှိသော အခြေအနေမှ ဖြစ်တည်စေခြင်းမှာ အဓိက အံ့ဖွယ်များသာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ လုလင်ပျိုအချို့တို့၏ ကာလအတန်ကြာ အိပ်စက်နေခြင်းနှင့် ပြန်လည်နိုးကြားလာခြင်းတို့သည် ဖော်ပြပါတန်ခိုးတော်များနှင့် နှိုင်းယှဉ်ပါက မည်သို့မျှ အံ့သြဖွယ်ဟု မဆိုနိုင်ပါ။

ထို့နောက် 'အဆ်ဟာဗေကဟ်ဖ်'၏ ဖြစ်ရပ်ကို တင်ပြမိန့်ကြားသည်မှာ ထိုအချိန်ကာလသည် ပြန်လည်အောက်မေ့ သတိရဖွယ်ရာဖြစ်သည်။ ထိုလုလင်ပျိုတို့သည် (သာသနာမရှိသေးသော ဘုရင်တစ်ပါး၏ လက်အောက်မှ ထွက်ပြေးလျက်) ထိုလိုဏ်ဂူတွင် သွားရောက်ခိုအောင်းခဲ့ကြသည်။ ထို့နောက် (အလ္လာဟ် အသျှင်မြတ်ထံတော်၌ ဒိုအာတောင်းခံကြသည်မှာ) အို၊ ကျွန်ုပ်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ မိမိထံတော်မှ ကရုဏာတော်ကို ချီးမြှင့်တော်မူပါ။ ထို့နောက် ကျွန်တော်မျိုးတို့၏ (ထို) ကိစ္စတွင် ဖြောင့်မတ်မှုကို ပေးသနားတော်မူပါ။ (များသောအားဖြင့် 'ရဟ်မသ်'၏ အလိုသဘောမှာ ရည်ရွယ်ချက် ရရှိခြင်းဖြစ်သည်။ ဖြောင့်မတ်စေမည့် အရေးဆိုသည်မှာ 'ရည်ရွယ်ချက်ရရှိစေခြင်းအတွက် များသောအားဖြင့် အရေးကြီးသော အကြောင်းခံများကို ဆိုလိုသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ဒိုအာကို လက်ခံတော်မူလိုက်သည်။ ထို့နောက် ၎င်းတို့၏ လုံခြုံရေးနှင့် သောကအပေါင်းမှ ကင်းလွတ်ငြိမ်းရေးအတွက် စီမံတော်မူသည်မှာ) ငါအသျှင်မြတ်သည် ထိုလိုဏ်အတွင်းတွင် ၎င်းတို့၏ နားများအား နှစ်ပေါင်းများစွာ ကြာမြင့်သည်အထိ အိပ်စက်ခြင်းတည်းဟူသော ကန့်လန့်ကာဖြင့် ပိတ်ပေးတော်မူခဲ့သည်။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းတို့အား (အိပ်စက်ခြင်းမှ) နှိုးတော်မူခဲ့သည်။ သို့မှသာ ငါအသျှင်မြတ်သည် (ပေါ်လွင်သည့်ပုံစံဖြင့်) သိရှိစေတော်မူမည်မှာ (ထိုလိုဏ်ဂူအတွင်း၌ နေခဲ့သည့်ကာလနှင့် စပ်လျဉ်း၍ ငြင်းခုန်၊ ကွဲလွဲမှုများ ပြုကြသူတို့အနက်) မည်သည့်အုပ်စုသည် ၎င်းတို့ (ဂူအတွင်း၌) နေထိုင်ခဲ့ရသည့် ကာလကို ပို၍ သိကြောင်း သိရှိစေရန်ဖြစ်သည်။ (အိပ်စက်ရာမှ နိုးကြားလာပြီးနောက် ၎င်းတို့အနက် အုပ်စုတစ်စုက 'ကျွန်ုပ်တို့သည် တစ်နေ့လုံး (သို့) နေ့၏ အပိုင်းတစ်ပိုင်းမျှ အိပ်စက်ခဲ့ကြသည်ဟု ဆိုသည်။ အခြားအုပ်စုတစ်စုကမူ 'ကျွန်ုပ်တို့ကာလ မည်မျှ အိပ်စက်ခဲ့သည်ကို အလ္လာဟ်အသျှင်မြတ်သာ အသိတော်

မှဆုံး ဖြစ်တော်မူသည်'ဟု ဆိုကြသည်။ အာယသ်တော်တွင် 'ဒုတိယအုပ်စုသည် သာပို၍ ဖစ်မြစ်သိရှိသော အုပ်စုဖြစ်သည်။ ၎င်းတို့သည် ကာလသတ်မှတ်ချက်ကို အလ္လာဟ်အသျှင်မြတ် အပေါ်၌သာ အပ်နှင်းခဲ့ကြသည်။ အကြောင်းမှာ ၎င်းတို့၏ ဤအိပ်စက်ခြင်းတွင် မည်သည့်အထောက်အထားမျှ မရှိသောကြောင့် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'အဆွ်ဟာဗေ့ကဟဖ်' နှင့် 'ရကီးမ်' ၏ ဖြစ်စဉ်အကြောင်း

ဤဖြစ်ရပ်တွင် 'အဆွ်ဟာဗေ့ကဟဖ်'နှင့် 'ရကီးမ်'သည် အုပ်စုတစ်စုတည်းဖြစ်ပြီး အမည်နှစ်မျိုး ဖြစ်နေခြင်းလော။ (သို့) သီးခြားစီ အုပ်စုနှစ်စု ဖြစ်ပါသလောဟူ၍ အငြင်းပွားဖွယ်ရာများ ရှိသည်။ စင်စစ် မည်သည့်ဆွဟီးဟ်ဟဒီးစ်တွင်မျှ ထိုအကြောင်း ဖော်ပြခြင်းမရှိပေ။ သို့သော် အေမာမ်ဘိုခါရီ (ရဟ) သည် မိမိ၏ ဆွဟီးဟ်ဘိုခါရီကျမ်းတွင် 'အဆွ်ဟာဗေကဟဖ်'နှင့် 'အဆွ်ဟားဗေ့ရကီးမ်'ကို ခေါင်းစဉ်နှစ်ခုဖြင့် သီးခြားစီ ဖော်ပြထားသည်။ တစ်ဖန် 'အဆွ်ဟာဗေ့ရကီးမ်'ဖြစ်စဉ်တွင် ကျော်ကြားသော ဖြစ်ရပ်တစ်ခုဖြစ်ပြီး အခြားဟဒီးစ်ကျမ်းကြီးများ၌လည်း အကျယ်တဝင့် ဖော်ပြထားသည့် ကျော်ကြားသော ဖြစ်ရပ်တစ်ခု ဖြစ်သည်။ လူသုံးဦး လိုဏ်ဂူအတွင်း၌ ပိတ်မိနေခြင်းနှင့် ၎င်းတို့၏ ဒိုအာဆုပန်ခြင်းများဖြင့် လမ်းပွင့်သွားခြင်းအကြောင်းတို့ကို တင်ပြထားသည်။ အေမာမ်ဘိုခါရီ (ရဟ) ၏ အဆိုပါတင်ပြချက်ဖြင့် ၎င်းထံတွင် 'အဆွ်ဟာဗေ့ကဟဖ်'သည် အုပ်စုတစ်စု ဖြစ်သည်ဟု သိရှိရသည်။ 'အဆွ်ဟားဗေ့ရကီးမ်' သည် ခေတ်သမယတစ်ခုတွင် ဂူအတွင်း၌ ပုန်းအောင်းနေခဲ့သည့် လူသုံးဦးကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့ ဂူအတွင်း၌ ရှိနေကြစဉ် တောင်ပေါ်မှ ရောမကျောက်တုံးကြီးတစ်တုံး ကျလာပြီး ဂူအပေါက်ဝ၌ လုံးဝ ပိတ်ဆို့သွားခဲ့သည်။ ၎င်းတို့ထွက်ရန်အတွက် ထွက်ပေါက်မရှိတော့ပေ။ ၎င်းတို့သုံးဦးသည် မိမိတို့ပြုကျင့်ခဲ့သော ထူးခြားသည့် 'အမလ်'ကျင့်ဆောင်ချက်များကို အမှီသဟဲပြုလျက် 'အကယ်၍ ကျွန်ုပ်တော်မျိုးသည် ဤကျင့်စဉ်အား အသျှင်မြတ်၏ နှစ်မြို့မှုရယူရန်သက်သက်သာ ပြုကျင့်ခဲ့ခြင်းဖြစ်ပါလျှင် အသျှင်မြတ်သည် မိမိ၏ မဟာကျေးဇူးတော်ဖြင့် ကျွန်တော်မျိုး၏ ထွက်ရာပေါက်လမ်းကို ဖွင့်ပေးတော်မူပါ'ဟု ဒိုအာဆုပန်ကြသည်။ ပထမပုဂ္ဂိုလ်၏ ဒိုအာဖြင့် ကျောက်တုံးသည် အနည်းငယ် ရွေ့လျားခဲ့ပြီး အလင်းရောင် ရရှိခဲ့သည်။ ဒုတိယပုဂ္ဂိုလ်၏ ဒိုအာဖြင့် ကျောက်တုံးသည် ပို၍ ရွေ့လျားသွားပြီး၊ ထို့နောက် တတိယ ပုဂ္ဂိုလ်၏ ဒိုအာဖြင့် လုံးဝ လမ်းပွင့်သွားလေသည်။

သို့ရာတွင် ဟာဖိဇ်အိဗ်နေဟဂျရ် (ရဟ) သည် ဘိုခါရီကျမ်း၏ အဖွင့်ကဏ္ဍတွင် ဟဒီးစ်ဆင့်ပြန်ခြင်း ရှုထောင့်အရ 'အဆွ်ဟားဗေ့ရကီးမ်သည် ဖော်ပြပါ ပုဂ္ဂိုလ်သုံးဦး၏ အမည်ဖြစ်ကြောင်း မည်သည့် ထင်ရှားသော အထောက်အထားမျှမရှိ'ဟု ဖော်ပြထားသည်။

လိုဏ်ဂူဖြစ်ရပ်၏ ဆင့်ပြန်သူတစ်ဦးဖြစ်သူ ဟဇရသ်နူအ်မာန်ဗရှီးရ် ﷺ သခင်၏ ဆင့်ပြန်ချက်တွင် အချို့ဆင့်ပြန်သူများက 'ဟဇရသ်နူအ်မာန်ဗင်န်ဗရှီးရ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်ဟူသော ဝါကျကို ထပ်တိုး၍ တင်ပြထားပေသည်။ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ အား 'ရကီးမ်'အကြောင်း မိန့်ကြားနေသည်ကို ကြားသိခဲ့ရသည်။ ကိုယ်တော်မြတ် ﷺ သည် ဂူအတွင်း၌ ပိတ်မိနေသူ သုံးဦးအကြောင်းကို တင်ပြမိန့်ကြားနေတော်မူသည်' ဟူသော အပိုဒ်ကို ထည့်၍ ဆင့်ပြန်ခဲ့ကြသည်။ ဤအပိုဒ်သည် 'ဖသ်ဟွလ်ဗာရီ' ကျမ်းတွင် ဗဇားရ်နှင့် သွဗ်ရာနီတို့၏ ဆင့်ပြန်ချက်များဖြင့် ဆင့်ပြန်ထားသည်။ သို့ရာတွင် ဦးစွာပထမ 'ဆွိဟာဟ်စိသ်သဟ်' ကျော်ကြားသော ဆွဟီးဟ်ဟဒီးစ်ကျမ်းကြီး (၆) စောင်နှင့် အခြားသော ဟဒီးစ်ကျမ်းများတွင် ထိုဟဒီးစ်၏ ဆင့်ပြန်သူအများစု၏ ဆင့်ပြန်ချက်များတွင် မည်သူကမျှ ဟဇရသ်နူးအ်မာန်းဗင်န်ဗရှီးရ် ﷺ သခင်၏ ဤစာပိုဒ်ကို ဖော်ပြခဲ့ခြင်း မရှိပေ။ ဘိုခါရီ၏ ဆင့်ပြန်ချက်တွင်လည်း ဤစာပိုဒ်မပါရှိပေ။ တစ်ဖန် ထိုစာပိုဒ်တွင်လည်း တမန်တော်မြတ် ﷺ က ဂူအတွင်း၌ ပိတ်မိနေသူ သုံးဦးကို 'အဆွ်ဟာဗေ့ရကီးမ်'ဟု မိန့်ကြားတော်မူကြောင်းလည်း မပါရှိပါချေ။ ထိုမျှမက 'ကိုယ်တော်မြတ် ﷺ သည် 'ရကီးမ်'အကြောင်း တင်ပြမိန့်ကြားနေသည်' ဟူ၍သာ ဖြစ်သည်။

'ရကီမ်း'ဟူသော စာလုံးနှင့် စပ်လျဉ်း၍ ဆွဟာဗာများ သာဗေအီးန်များနှင့် အဖွင့်ပညာရှင်အများစုတို့ထံတွင် ကွဲလွဲသော အဆိုများသည် စင်စစ် တမန်တော်မြတ် ﷺ သုံးတော်မှ 'ရကီးမ်'အား အဓိပ္ပာယ်တစ်ခုခု သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသော မည်သည့်ဆင့်ပြန်ချက်၊ ဟဒီးစ်မျှ ရှိကြောင်း အထောက်အထားဖြစ်သည်။ ထိုသို့သာမဖြစ်ခဲ့လျှင် တမန်တော်မြတ် ﷺ က စာလုံးတစ်လုံး၏ အဓိပ္ပာယ်တစ်ခု သတ်မှတ်ပေးတော်မူခဲ့သည်ကို ဆွဟာဗာ၊ သာဗေအီးန်နှင့် အခြားသော အဖွင့်ပညာရှင်တို့သည် ထိုသတ်မှတ်ချက်နှင့် ဆန့်ကျင်သည့် အဆိုများကို သုံးနှုန်းသည်ဆိုခြင်းမှာ မည်သို့ ဖြစ်နိုင်ပါမည်နည်း။ ထို့အတွက်ကြောင့် ဘိုခါရီကျမ်း၏ အဖွင့်ပညာရှင် ဟာဖိဇ်အိဗ်နေဟဂျရ် (ရဟ) သည် 'အဆွ်ဟာဗေ့ကဟဖ်' နှင့် 'အဆွ်ဟားဗေ့ရကီးမ်' ကို သီးခြားစီ အုပ်စုနှစ်စုဖြစ်သည် ဆိုခြင်းကို ငြင်းဆိုခဲ့ခြင်းဖြစ်သည်။ ထို့နောက် ဤနှစ်မျိုးစလုံးသည် အုပ်စုတစ်စုတည်း၏ အမည်ဖြစ်ကြောင်း အမှန်ဖြစ်သည်ဟု သတ်မှတ်ခဲ့သည်။ လိုဏ်ဂူ၌ ပိတ်မိခဲ့သော ပုဂ္ဂိုလ်သုံးဦးအကြောင်းသည် 'ရကီးမ်'အကြောင်းနှင့်အတူ တင်ပြခဲ့သည်ဖြစ်ရာ ဤသို့ တင်ပြခြင်းကြောင့် ဤပုဂ္ဂိုလ်သုံးဦးသာလျှင် 'အဆွ်ဟာဗေ့ရကီးမ်'ဖြစ်သည်ဟု သတ်မှတ်ခြင်း မပြုနိုင်ပေ။

ဟာဖိဇ်အိဗ်နေဟဂျရ် (ရဟ) သည် ဤနေရာ၌ 'ကုရ်အာန်ကျမ်းတော်မြတ်သည် 'အဆွ်ဟာဗေ့ကဟဖ်'၏ ဖြစ်စဉ်ကို တင်ပြရာတွင် 'အဆွ်ဟားဗေးကဟဖ်'နှင့် 'အဆွ်ဟားဗေ့ရကီးမ်'သည် အုပ်စုတစ်စုတည်းပင်ဖြစ်ကြောင်း ညွှန်းဆိုပြသထားသည်'ဟု ရှင်းလင်းစွာ တင်ပြထားသည်။ ထို့ကြောင့် အများစုအဖွင့်ပညာရှင်များနှင့် ဟဒီးစ်ပါရဂူတို့သည် ထိုနှစ်ခုကို တစ်ခုတည်းသာဖြစ်ကြောင်း တစ်ညီတစ်ညွတ်တည်း ဆိုကြခြင်းဖြစ်သည်။

ဒုတိယမ္မေသတ် ။ ။ ဤနေရာတွင် ထိုဖြစ်ရပ်ကို အကျယ်တဝင့် ရှင်းလင်းခြင်းဖြစ်သည်။ ထိုသို့ ရှင်းလင်းခြင်း၌ အပိုင်းနှစ်ပိုင်းခွဲထားသည်။ ပထမအပိုင်းမှာ ဤဖြစ်ရပ်၏ ဝိညာဉ် (အဓိကရည်ရွယ်ချက်) ဖြစ်သည်။ ယဟူဒီတို့၏ မေးခွန်းအား ဖြေကြားခြင်းလည်း ဖြစ်သည်။ မွတ်စ္စလင်မ်များအတွက် တရားလမ်းမှန်နှင့် သတိတရား ရရှိစေခြင်းများလည်း ဖြစ်သည်။ ဒုတိယပိုင်းတွင် ထိုဖြစ်ရပ်၏ သမိုင်းနှင့် ဖြစ်ပျက်ခဲ့သည့် တည်နေရာတို့ကို တင်ပြရန်သာ ဖြစ်သည်။

တင်ပြသည့် ရည်ရွယ်ချက်တွင် မည်သည့်ခေတ်သမယတွင် ဖြစ်ပျက်ခဲ့သနည်း။ မည်သည့်မြို့ မည်သည့်ရွာတွင် ဖြစ်ခဲ့သနည်း။ ကာဖိရ်ဘုရင်၏ လက်အောက်မှ ထွက်ပြေးလျက် လိုဏ်ဂူ၌ ပုန်းအောင်းနေသူတို့မှာ မည်သူများဖြစ်သနည်း။ ၄င်းတို့၏ ယုံကြည်ချက်မှာ မည်သို့နည်း။ ထိုလုလင်ပျိုတို့ ထွက်ပြေးတိမ်းရှောင်၍ လိုဏ်ဂူတွင် ပုန်းအောင်းသည်အထိဖြစ်စေရန် ထိုဘုရင်က ၄င်းတို့အပေါ် မည်သို့ ဆက်ဆံခဲ့ပါသနည်း။ ၄င်းတို့၏ အရေအတွက် မည်မျှ ရှိပါသနည်း။ ကာလရှည်ကြာစွာ အိပ်စက်နေရာတွင် စုစုပေါင်း ကာလ မည်မျှ ကြာရှည်ပါသနည်း။ တစ်ဖန် ထိုသူတို့သည် ယခုတိုင် အသက်ရှင်ဆဲ ရှိနေပါသလော။ (သို့) သေဆုံးသွားကြပြီလောဟူသော အချက်များသည် အဓိကကျသော အချက်များ မဟုတ်သည့်အပြင် သမိုင်းကြောင်းတစ်ရပ်အနေနှင့် တည်ရှိရာ မြေပထဝီအနေအထားအရ တင်ပြရခြင်းသာ ဖြစ်ပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် မိမိ၏ အမြော်အမြင်နှင့် ပြည့်စုံသည့် ဥပဒေများနှင့် အထူးကောင်းမွန်သည့် နည်းစနစ်များ၏ အောက်တွင် ကုရ်အာန်ကျမ်းတော်မြတ်တစ်ခုလုံးတွင် ဟဇရသ်ယူစွဖ် (အ) ၏ ဖြစ်ရပ်မှအပ မည်သည့်ဖြစ်ရပ်ကိုမျှ အကျယ်တဝင့် ပြည့်ပြည့်စုံစုံနှင့် အစဉ်လိုက် တင်ပြထားခြင်း မရှိဘဲ ဖြစ်ရပ်တိုင်းတွင် လူသားတို့အတွက် ညွှန်ကြားခြင်းများ၊ သင်ကြားပေးခြင်းများအား အချိန်အခါနှင့် နေရာလိုက်၍သာ တင်ပြခြင်းဖြစ်သည်။ တမန်တော်ယူစွဖ် (အ) ၏ ဖြစ်စဉ်ကို စူရာဟ်ယူစွဖ်၏ အကျယ်ဖွင့်ဆိုချက်တွင် ပြည့်စုံစွာ တင်ပြခဲ့ပြီးဖြစ်သည်။ 'အဆ်ဟာဗေ့ကဟဖ်'ဖြစ်ရပ်တွင်လည်း ကုရ်အာန်ကျမ်းတော်မြတ်တွင် အဓိကရည်ရွယ်ချက်နှင့် သက်ဆိုင်သည့် အပိုင်းများကိုသာ ဖော်ပြထားသည်။ ကျန်အစိတ်အပိုင်းများဖြစ်သော သမိုင်းဖြစ်စဉ်နှင့် ဖြစ်ပျက်ရာ နေရာဒေသတို့ အကြောင်းကိုကား ဖော်ပြထားခြင်း မရှိပေ။ 'အဆ်ဟာဗေ့ကဟဖ်'၏ အရေအတွက်နှင့် အိပ်စက်သည့်ကာလအား မေးမြန်းခြင်းကို ဖော်ပြထားသည်။ တုန့်ပြန်ဖြေကြားခြင်းကိုလည်း အရိပ်အမြွက် ပြထားတော်မူသည်။ သို့သော် ဤကဲ့သို့သော မမ္ဘသတ်များတွင် အလွန်အကျွံ စဉ်းစားခြင်း၊ ငြင်းခုန်ခြင်းများကား မပြုသင့်ပေ။ ထိုကိစ္စများအား အလ္လာဟ်အသျှင်မြတ်အပေါ်၌သာ အပ်နှင်းရန် သင်ကြားပေးတော်မူထားသည်။

ထို့ကြောင့် တမန်တော်မြတ် (ဆ) သည် အရေးကြီးသည့် သတ်မှတ်ချက်အဆင့်ဖြင့် ကုရ်အာန်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုတင်ပြရန် ဖြစ်သည့်အခါ ကိုယ်တော်မြတ် (ဆ) သည်လည်း မည်သည့်ဟဒီးစ်တော်တွင်မှ ထိုဖြစ်စဉ်၏ အစိတ်အပိုင်းများကို တင်ပြခဲ့ခြင်း မရှိပေ။ ဆွဟာဗာအကြီးအကဲများနှင့် သာဗေအီးန်တို့သည် ဤကုရ်အာန်၏ လမ်းစဉ်အတိုင်း ဤသို့သော ကိစ္စမျိုးတွင် ဥပဒေများ ပြဋ္ဌာန်းထားသည်။

اَبْهِمُوْا مَا اَبْهَمَهُ اللّٰهُ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အရေးမကြီးသည့် အရာများကို သိရှိခြင်းမှ ဝေးကွာစွာ ထားတော်မူခဲ့သည်။ အသင်တို့အားလည်း ထိုအရာများနှင့် ဝေးကွာစေလိုပါသည်။ (ထိုအရာများ၌ ငြင်းခုန်ခြင်းနှင့် လေ့လာခြင်းတို့သည် မည်သည့်အကျိုးမျှ ရှိမည်မဟုတ်ပါ။)

ဆွဟာဗာများနှင့် သာဗေအီးန်တို့၏ အမူအကျင့်မှာ ဤဖြစ်ရပ်၏ အစိတ်အပိုင်းများတွင် ကုရ်အာန်နှင့် ဟဒီးစ်တော်က အာရုံမပြု၊ အလေးမထားသည့်အတိုင်း ၎င်းတို့ကလည်း ဤအတိုင်း ပြုကျင့်ကြသည်။ သို့ရာတွင် ဤခေတ်သမယသည် သမိုင်းဖြစ်စဉ်နှင့် ဖြစ်ပေါ်ရာ မြေနေရာ၊ ဒေသ ပေါ်လွင်စေခြင်းသည်သာလျှင် အားလုံးထက် ပြည့်ဝကောင်းမွန်သည်ဟု ယူဆနေကြသည့် ခေတ်သမယဖြစ်သည်။ နှောင်းခေတ်အဖွင့်ပညာရှင်များသည် အနည်းနှင့်အများ ထိုအစိတ်အပိုင်းများကိုလည်း တင်ပြကြလေသည်။ ထို့ကြောင့် သဖ်စီးရ်ဖွင့်ဆိုချက်ကို အလေးအနက်ထားရာတွင် ကုရ်အာန်၌ တင်ပြပါရှိသော ဖြစ်စဉ်အစိတ်အပိုင်းများမှာမူ ကုရ်အာန်အာယသ်တော်များ၏ ဖွင့်ဆိုခြင်း၏ အောက်တွင် ဖော်ပြလိမ့်မည်ဖြစ်သည်။ ကျန်ရှိ သမိုင်းဖြစ်စဉ်နှင့် တည်နေရာများဟူသော ဖြစ်စဉ်အစိတ်အပိုင်းများကိုမူ ဤနေရာတွင် လိုအပ်သည့်ခန့် တင်ပြထားသည်။ ထိုသို့ တင်ပြပြီးသည့်နောက်တွင်လည်း နောက်ဆုံးရလဒ်မှာ 'ထိုကိစ္စများတွင် မည်သည့်ယတိပြတ်ဆုံးဖြတ်ခြင်းမျှ မဖြစ်နိုင်' ဟု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အစ္စလာမ်နှင့် မစီးဟ်တို့၏ သမိုင်းဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ရေးသားရာတွင် ရေးသားပြုစုသူတစ်ဦးသည် မိမိ၏ ဆန်းစစ်လေ့လာချက်များကို ရှေ့တန်းတင်၍ အနီးစပ်ဆုံးအချက်အလက်များ၏ အကူအညီဖြင့် အရာတစ်ခုခုကို သတ်မှတ်ရေးသားလေ့ရှိသည်။ အခြားတစ်ဦးသည်လည်း ဤအတိုင်းပင် အခြားသော ပုံစံတစ်ခုခုကို ဦးစားပေးလေ့ရှိသည့်အတွက် မတူညီ ကွဲလွဲမှုများ ရှိကြသောကြောင့်ပင် ဖြစ်သည်။

သာသနာကို စောင့်ရှောက်ကာကွယ်ရန် ဂူများ၌ ခိုလှုံသူတို့၏ ဖြစ်ရပ်များသည် မြို့ရွာဒေသ အမျိုးမျိုးတွင် မြောက်မြားစွာရှိခြင်း

သမိုင်းပညာရှင်တို့၏ ကွဲလွဲမှုများဖြစ်ပေါ်ရသည့် ကြီးမားသည့် အကြောင်းတစ်ရပ်မှာ 'မစီးဟ် ﷺ ၏ သာသနာတွင် 'ရုဟ်ဗာနိယသ်' (လောကီရေးစွန့်လွှတ်ခြင်း) အား တရားတော်၏ အကြီးမားဆုံး လုပ်ရပ်ဟု ယူဆခဲ့ကြသည်။ ထို့ကြောင့် ဒေသတိုင်း၊ တိုင်းပြည်တိုင်း၊ မြို့ရွာတိုင်းတွင် 'လူအချို့သည် အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်' အတွက် ဂူများတွင် နီအောင်း၍ ထိုဂူများအတွင်း သက်တမ်းကို ကုန်ဆုံးစေခဲ့ကြသည့် ဖြစ်ရပ်များစွာ ဖြစ်ပေါ်ခဲ့ပေသည်။ တစ်နေရာရာတွင် ဤသို့သော ဖြစ်ရပ်များကို လေ့လာတွေ့ရှိရခြင်းအပေါ် သမိုင်းပညာရှင်အနေဖြင့် 'အဆ္ဟာဗေကဟဖ်' ဟု ထင်မြင်ယူဆခြင်းမှာ ဝေးလွန်းသည်ဟု မဆိုသာပေ။

'အဆွဲဟားဖေကဟာဖ်' တို့ တည်ရှိရာ နေရာနှင့် ၎င်းဖြစ်စဉ် ဖြစ်ပေါ်ခဲ့သည့် ခေတ်ကာလ

အေမာမ်သဖ်စီးရ် ကုရ်သုဗီ (အွန်ဒလုစီ) က မိမိ၏ သဖ်စီးရ်တွင် ဤနေရာ၌ ဖြစ်ရပ်အချို့အား ကြားနာခြင်းအချို့ဖြင့်လည်းကောင်း၊ မျက်စိဖြင့် တွေ့မြင်ခြင်းအချို့ဖြင့်လည်းကောင်း ဖော်ပြထားသည်။ ထိုဖော်ပြချက်တွင် မြို့ရွာအမျိုးမျိုး၌ ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်များ ပါရှိသည်။ ကုရ်သုဗီသည် ဦးစွာပထမ ဒွဟ်ဟားက်၏ ဆင့်ပြန်ချက်ကို ဖော်ပြသည်မှာ 'ရကီးမ်သည် ရောမမြို့တစ်မြို့၏ အမည်ဖြစ်သည်။ ထိုမြို့ရှိ ဂူတစ်ဂူတွင် လူ (၂၁) ဦး လဲလျောင်းလျက် ရှိနေသည်မှာ အိပ်ပျော်နေကြသည်ဟုပင် ထင်ရပေသည်' ဟု ဖြစ်သည်။ တစ်ဖန် အေမာမ်သဖ်စီးရ်၊ အိဗ်နေအသွီယဟ်ထံမှ ဆင့်ပြန်ချက်ကို တင်ပြသည်မှာ 'ကျွန်ုပ်သည် လူများစွာတို့ထံမှ ကြားသိခဲ့ရသည်မှာ ဆီးရီးယားနိုင်ငံတွင် လိုဏ်ဂူတစ်ခု ရှိသည်။ ထိုဂူတွင် လူသေအချို့ရှိသည်။ ထိုနေရာရှိ တရားအားထုတ်သူတို့က ပြောသည်မှာ 'ဤသူတို့သည်ပင် 'အဆွဲဟားဖေကဟာဖ်'ဖြစ်သည်။ ထိုဂူအနီးတွင် ဗလီတစ်လုံးနှင့် အဆောက်အဦးတစ်ခုရှိသည်။ ထိုအဆောက်အဦးကို 'ရကီးမ်'ဟုခေါ်သည်။ ထိုလူသေရုပ်အလောင်းများနှင့်အတူ ခွေးတစ်ကောင်၏ 'အရိုးစုရုပ်ကြွင်း' လည်းရှိသည်'ဟု ဆိုသည်။

ဒုတိယဖြစ်ရပ်မှာ အွန်ဒလွတ်စ်ရှိ 'ဂရ်နာသွဟ်'မှ ဖြစ်ရပ်အကြောင်း ဆင့်ပြန်ခြင်းဖြစ်သည်။ အိဗ်နေအသွီယဟ်က ပြောဆိုသည်မှာ 'ဂရ်နာသွဟ်'တွင် 'လောင်ရုဟ်'အမည်ရှိ ရွာ၏ အနီးတွင် ဂူတစ်ဂူရှိသည်။ ထိုဂူအတွင်းဝယ် လူသေရုပ်အလောင်းအချို့ ရှိသည်။ ၎င်းတို့နှင့်အတူ ခွေးသေတစ်ကောင်၏ 'အရိုးစုရုပ်ကြွင်း'လည်း ရှိသည်။ ၎င်းတို့တွင် အများစု အလောင်းများပေါ်၌ အသားများ မကျန်ရှိတော့ဘဲ အရိုးစုရုပ်ကြွင်းသာ ရှိတော့သည်။ အချို့အပေါ်၌မူ ယခုတိုင် အသားများ ရှိနေကြသေးသည်။ နှစ်ပေါင်းရာချီ ကြာခဲ့သော်လည်း ၎င်းတို့၏ အဖြစ်အပျက်၊ အခြေအနေကို မှန်ကန်သည့် အထောက်အထားများဖြင့် မသိရှိရပေ။ အချို့လူတို့က ဤသူတို့သည်ပင် 'အဆွဲဟားဖေကဟာဖ်'ဖြစ်သည်'ဟု ဆိုကြသည်။

အိဗ်နေအသွီယဟ်က ပြောဆိုသည်မှာ ဤသတင်းကို ကြားရပြီး ကျွန်ုပ်ကိုယ်တိုင်ပင် ဟီဂျ်ရီ ၅၀၄ ခုနှစ်တွင် ထိုနေရာသို့ ရောက်ရှိခဲ့သည်။ အမှန်ပင် ထိုလူသေရုပ်အလောင်းများကို ကြားသိရသည့်အတိုင်း တွေ့ရှိရသည်။ ၎င်းတို့အနီး၌ ဗလီတစ်လုံးလည်း ရှိသည်။ ရောမခေတ်မှ အဆောက်အဦးတစ်ခုကိုလည်း တွေ့ရှိရသည်။ ထိုအဆောက်အဦးအား 'ရကီးမ်'ဟု ခေါ်ဆိုသည်။ ဤအဆောက်အဦးသည် ရှေးခေတ်အခါက ခမ်းနားထည်ဝါသည့် အဆောက်အဦးဖြစ်မည်ဟု ထင်ရသည်။ ဤအချိန်ထိတိုင် အချို့ အုတ်ရိုး၊ တံတိုင်းများ ရှိနေသေးသည်။ ဤနေရာသည် လူသူမနီး တောကြီးအတွင်း၌ ဖြစ်သည်။ ထို့နောက် ဆက်လက်၍ ပြောကြားသည်မှာ 'ဂရ်နာသွဟ်'၏ အထက်ပိုင်းဒေသတွင် ရောမတို့၏ ပုံစံမျိုးဖြင့် ရှေးဟောင်းမြို့တစ်မြို့၏ လက္ခဏာသင်္ကေတများကို တွေ့ရှိရသည်။ ထိုမြို့၏ အမည်မှာ 'ရတ်က်ယူးစ်'ဟု ဆိုကြသည်။ ကျွန်ုပ်သည် ထိုမြို့၏ ပျက်စီးယိုယွင်းမှု အပိုင်းအစများတွင် များစွာသော အံ့ဖွယ်ရာများနှင့် 'ကဗရ်' သင်္ချိုင်းများ တွေ့ရှိခဲ့ရသည်။

ကုရ်သုဗီးသည် အွန်ဒလွတ်စ်တွင် နေထိုင်သူဖြစ်သည်။ ထိုဖြစ်ရပ်အားလုံးကို တင်ပြပြီးနောက်တွင်လည်း တစ်ဦးတစ်ယောက်အား သတ်မှတ်ပြီးသည့် ပုံစံဖြင့် 'အခ်ွဟားဗေ့ကဟဖ်'ဖြစ်သည်ဟု ပြောဆိုခြင်းမှ ဆင်ခြင်ခဲ့သည်။ အိဗ်နေအသွီယဟ်ကိုယ်တိုင်လည်း မိမိမျက်မြင်ကိုယ်တွေ့ ဖြစ်သည့်တိုင် 'ဤသူတို့သည်ပင် 'အခ်ွဟားဗေ့ကဟဖ်'ဖြစ်သည်'ဟု အခိုင်အမာ ပြောဆိုခြင်း မပြုခဲ့ပေ။ အများဆုံး ကျော်ကြားခြင်းဖြစ်သည်ဆိုကြောင်းသာ တင်ပြခဲ့သည်။ သို့ရာတွင် အခြားသော အွန်ဒလုစီ မုဖတ်စိရ် အဘူဟိုင်ယာန်သည် ဟီဂျ်ရီ ၆၅၄ (၇) ရာစု၌ 'ဂရ်နာသွဟ်'တွင် ဖွားမြင်ခဲ့သည်။ ထို၌ပင် နေထိုင်ကြီးပြင်းခဲ့သူဖြစ်သည်။ ၄င်းသည်လည်း မိမိ၏ သဖ်စီးရ် ဗဟရ်မုဟီးသ်ကျမ်းတွင် 'ဂရ်နာသွဟ်'ရှိ ထိုလိုဏ်ဂူအကြောင်းကို ကုရ်သုဗီမှ တင်ပြခဲ့သည့်အတိုင်းပင် တင်ပြခဲ့သည်။ ထို့နောက် အိဗ်နေအသွီယဟ်သည် မိမိမြင်တွေ့ခဲ့ရသည့်အကြောင်း ရေးသားပြီးနောက် ရေးသားထားသည်မှာ 'ကျွန်ုပ်သည် 'အွန်ဒလွတ်စ်'၌ပင် ရှိနေစဉ် ('ကာဟိရဟ်' (ကိုင်ရို) သို့ မပြောင်းမီ) လူများစွာတို့သည် ထိုလိုဏ်ဂူ၌ 'ဇေယာရသ်'ပြုရန် သွားလာလျက် ရှိနေခဲ့သည်။ ထို့နောက် ပြောဆိုသည်မှာ အမှန်စင်စစ် ထိုရုပ်အလောင်းများသည် ယခုတိုင် ထိုနေရာ၌ ရှိနေဆဲဖြစ်သည်။ ထို့နောက် ဆက်လက် ပြောကြားသည်မှာ 'အိဗ်နေအသွီယဟ်'တင်ပြခဲ့သည့် 'ရတ်က်ယူးစ်' မြို့သည် 'ဂရ်နာသွဟ်'၏ 'ကိဗ်လာဟ်'ဘက်၌ ရှိသည်။ ကျွန်ုပ်သည် ထိုမြို့မှ အကြိမ်ပေါင်းများစွာ ဖြတ်သန်းခဲ့သူဖြစ်သည်။ ထိုနေရာတွင် အလွန်ကြီးမားသည့် ကျောက်တုံးကြီးများကိုလည်း တွေ့ရှိခဲ့ရသည်။ ထို့နောက် ပြောဆိုသည်မှာ-

ويترجح كون اهل الكهف بالاند لس لكثرة دين النصارى
بها حتى هى بلاد مملكتهم العظمى

ဆိုလိုသည်မှာ 'အခ်ွဟားဗေ့ကဟဖ်'သည် 'အွန်ဒလွတ်စ်'၌ရှိကြောင်း ဦးစားပေးဖြစ်ရန်အတွက် 'ထိုနေရာတွင် နဆွ်ရာနီ လွှမ်းမိုးနေခဲ့သည့် နေရာဖြစ်သည်။ ဤဒေသသည်ပင် ၄င်းတို့၏ အကြီးမားဆုံးသော ဘာသာရေးမြို့ဖြစ်ခြင်းမှာ အနီးစပ်ဆုံးအချက် ဖြစ်ပေသည်။ ထိုအချက်ဖြင့် အဘူဟိုင်ယာန်ထံတွင် 'အခ်ွဟားဗေ့ကဟဖ်'သည် 'အွန်ဒလွတ်စ်'၌ရှိကြောင်း ဦးစားပေးမိန့်ဆိုထားသည်ကို ပေါ်လွင်စေသည်။

[သဖ်စီးရ်ကုရ်သုဗီကျမ်း၊ စာ-၃၅၆-၃၅၇၊ တွဲ-၉]

အေမာမ်သဖ်စီးရ်အိဗ်နေဂျရီးရ်နှင့် အိဗ်နေအဘီဟာသင်မ်တို့က 'အောင်ဖီ'၏ ဆင့်ပြန်ချက်ဖြင့် ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်ထံမှ ဆင့်ပြန်ခဲ့ကြသည်။ ထိုဆင့်ပြန်ချက်တွင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ က 'ရကီးမ်သည် မည်သည့်အရာဖြစ်ကြောင်း ကျွန်ုပ်မသိပါ။ သို့ရာတွင် ကျွန်ုပ်သည် ကအဗ်အဟ်ဗားရ်အား မေးမြန်းလေရာ ၄င်းက 'ရကီးမ်သည် အခ်ွဟားဗေ့ကဟဖ်'တို့ လိုဏ်ဂူ၌ မသွားရောက်မီ နေထိုင်ခဲ့သည့် မြို့ဖြစ်သည်'ဟု ပြောဆိုခဲ့သည်။' *[ရှုဟွလ်မအာနီကျမ်း]*

အိဗ်နေအဘီရှိုင်ဗာဟ်၊ အိဗ်နေနူလ်မွန်ဇိရ်နှင့် အိဗ်နေအဘီဟာသင်မ်တို့သည် ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အဗ္ဗားစ် ؓ သခင်ထံမှ ဆင့်ပြန်ခဲ့ကြသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်က ဆင့်ပြန်သည်မှာ

'ရောမသားတို့နှင့် ရင်ဆိုင်ရန် 'ဂဇ်ဝသွလ်မုဒ်ဦးက်'အမည်ရှိ 'ဂျီဟားဒ်'စစ်ပွဲတစ်ခု၌ လိုက်ပါခဲ့ကြသည်။ ထိုအခွင့်အရေးအပေါ်၌ ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်၌ 'အခ်ွဟာဗ် ကဟာဖ်'တို့ နေခဲ့သည်'ဟု ဖြစ်သည်။ လိုဏ်ဂူမှ ဖြတ်သန်းသွားခဲ့ရသည်။ ဟဇရသ်မုအာဝိယာဟ် ﷺ သခင် သည် လှိုဏ်ဂူအတွင်းသို့ ဝင်ပြီး 'အခ်ွဟားဗေ့ကဟဖ်'၏ အလောင်းများကို ကြည့်ရှုရန် ဆန္ဒရှိခဲ့သည်။ သို့သော် အိဗ်နေအဗ္ဗားစ် ﷺ က 'ဤသို့ပြုရန် မသင့်ပေ။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ဤသူ တို့၏ ရုပ်ကလပ်ကို ကြည့်ခြင်းမှ အသင့်ထက်ပင် ပို၍ ကောင်းမွန် မြတ်ထွတ်သူ (နဗီကိုယ်တော်မြတ် ﷺ) ကိုပင် တားမြစ်တော်မူခဲ့သောကြောင့် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် အသျှင်မြတ်က

لَوِ اطَّلَعْتَ عَلَيْهِمْ لَوَلَّيْتَ مِنْهُمْ فِرَارًا وَّلَمُلِئْتَ مِنْهُمْ رُعْبًا

ဆိုလိုသည်မှာ 'အကယ်၍ အသင်သည် ၎င်းတို့အား တွေ့မြင်ရပါလျှင် အသင်သည် ၎င်းတို့ထံမှ ထွက်ပြေးပေလိမ့်မည်။ ကြောက်ရွံ့စိတ်များ ဖုံးလွှမ်းသွားပေလိမ့်မည်'ဟူ၍ ပြောပြလေသည်။ သို့ရာတွင် ဟဇရသ်မုအာဝိယာဟ် ﷺ သခင်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ၏ ထိုစကားကို လက်မခံခဲ့သော အကြောင်းမှာ 'ကုရ်အာန်ကျမ်းတော်မြတ်က ၎င်းတို့၏ အခြေအနေကို တင်ပြထားသည်မှာ ၎င်းတို့ အသက် ရှင် ထင်ရှားရှိနေစဉ်က အခြေအနေကို တင်ပြခြင်းသာ ဖြစ်သည်။ ယခုလည်း ဤအခြေအနေတိုင်းသာ ဖြစ်ရမည်ဟု မှတ်ယူရန် အဘယ်မှာလျှင် အရေးကြီးပါမည်နည်း'ဟု ယူဆခြင်းကြောင့်သာ ဖြစ်ပေမည်။ ထို့ကြောင့် လူအချို့ကို ကြည့်ရှုရန် စေလွှတ်လိုက်သည်။ ထိုသူတို့သည် ဂူအဝသို့ ရောက်ရှိခဲ့ကြသည်။ ဂူအတွင်း ဝင်ရောက်ရန် ကြံရွယ်ကြသည့်အခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ်သို့ ပြင်းထန်သည့် လေပြင်းမုန်တိုင်း ကျရောက်လာပြီး ၎င်းတို့အားလုံးကို ဂူအတွင်းမှ ဝေးလွင့်သွားစေခဲ့သည်။

[ရူးဟွလ်မအာနီကျမ်း၊ အတွဲ-၁၅၊ စာ-၂၇။]

ဖော်ပြပါဆင့်ပြန်ချက်များနှင့် ဖြစ်စဉ်များမှ အဖွင့်ပညာရှင်များအနက် 'အခ်ွဟားဗေ့ကဟဖ်'၏ နေရာကို ဖော်ပြသည့် အဖွင့်ပညာရှင်တို့၏ အဆိုများတွင် နေရာ (၃) ခုကို ပြသကြသည်။ ယင်းတို့အနက်

ပါရှင်းပင်လယ်ကမ်းခြေရှိ 'အွတ်က်ဗဟ်' (အိုင်လဟ်) အနီးတွင်ဖြစ်သည်။ အထက်၌ တင်ပြခဲ့သည့် ဆင့်ပြန်ချက်များစွာတွင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ၏ ဆင့်ပြန်ချက်များစွာတို့သည် ထိုအကြောင်းကို ထောက်ခံနေပေသည်။ အိဗ်နေအသွီယဟ်၏ မျက်မြင်ကိုယ်တွေ့နှင့် အဘူဟိုင်ယားန်၏ ထောက်ခံချက်များ အရ ဤလှိုဏ်ဂူသည် 'ဂရ်နာသွဟ်အွန်ဒလွတ်စ်'တွင် ရှိကြောင်း ဦးစားပေးအဆိုအဖြစ် သိရှိရပေသည်။ ထိုနေရာနှစ်ခုအနက် 'အွက္ကဗာဟ်'တွင် မြို့တစ်မြို့ (သို့) အထူးဆောက်လုပ်ထားသည့် အဆောက်အဦးတစ်ခု ၏အမည်ကို 'ရကီးမ်'ဖြစ်သည်ဟုလည်း ပြဆိုထားသည်။

အလားတူ 'ဂရ်နာသွဟ်'တွင် ဂူနှင့် ဆက်စပ်လျက် ခမ်းနားထည်ဝါသည့် အဆောက်အဦးပျက်ကြီး၏ အမည်မှာလည်း 'ရကီးမ်'ဖြစ်သည်ဟု ပြဆိုထားသည်။

နှစ်မျိုးစလုံး၏ ဆင့်ပြန်ချက်များတွင် မည်သူကမျှ 'ဤလိုဏ်ဂူသည် 'အဆွဲဟားဗေ့ကဟ်ဖ်'၏ လိုဏ်ဂူဖြစ်သည်' ဟူ၍ ယတိပြတ်ပြောဆိုခဲ့ခြင်း မရှိပေ။ ထို့ပြင်မက နေရာနှစ်မျိုးစလုံးကို ပြဆိုသည့် ဆင့်ပြန်ချက်များသည် 'နေရာကျော်ကြားမှု' နှင့် 'ကြားသိရသော ဆင့်ပြန်ချက်' များအပေါ်၌ မူတည် ပေသည်။

အနီးကပ်ဆုံးခန့်မှန်းချက်အရ ကုရ်သုဗီး၊ အဘူဟိုင်ယားန်နှင့် အီဗ်နေဂျရီးရ် စသည်တို့၏ ဖွင့်ဆို ချက်များတွင် 'အဆွဲဟားဗေ့ကဟဖ်'တို့ နေခဲ့သည့် မြို့၏ ရှေးဟောင်းအမည်မှာ 'အဖ်ဆူးစ်'ဖြစ်ပြီး အစ္စလာမ် အမည်မှာ 'သွရ်ဆူးစ်'ဟု ဖြစ်ကြောင်း ပြဆိုထားသည်။ ထိုမြို့သည် အာရှတောင်တန်းများ၏ အနောက်ဘက် ကမ်းခြေ၌ဖြစ်ကြောင်း သမိုင်းပညာရှင်များ လက်ခံခဲ့ကြသည်။ ထိုအချက်အားဖြင့် ဤလိုဏ်ဂူသည်လည်း အာရှတောင်တန်းများ၌ဖြစ်ကြောင်း သိရှိရသည်။ ထို့ကြောင့် ထိုအချက်များအနက် တစ်ချက်ချက်ကို အမှန်ဟု ယတိပြတ်ပြောဆို၍ ကျန်အချက်များကို မှားသည်ဟု ဆိုရန်မှာ မည်သည့်အထောက်အထားမျှ မရှိပါချေ။

နေရာ (၃) ခုစလုံးအား အမှန်ဟုလည်း ယူဆနိုင်ပေသည်။ ထို့ပြင်မက ဂူများ၏ ဖြစ်ရပ်များသည် အမှန်ပင်ဖြစ်သည့်တိုင် ဤသည် ကုရ်အာန်ကျမ်းတော်မြတ်၌ ဖော်ပြပါရှိသည့် 'အဆွဲဟားဗေ့ကဟဖ်'၏ လိုဏ်ဂူမဟုတ်။ ဤသည် အခြားနေရာတစ်ခုဖြစ်သည်ဟူ၍ ဖြစ်နိုင်ချေရှိသော အရာကို ငြင်းဆိုခြင်းကား မပြုနိုင်ပေ။ 'ရကီးမ်'သည် ထိုနေရာတွင် မြို့တစ်မြို့ (သို့) အဆောက်အဦးတစ်ခု၏ အမည်သာ ဖြစ်သည် ဆိုရန်လည်း အရေးမကြီးပေ။ ထို့ပြင်မက 'ရကီးမ်'သည် 'အဆွဲဟားဗေ့ကဟဖ်'၏ အမည်များ ရေးသား၍ ဘုရင်တစ်ပါးပါးက ဂူဝတွင် ချိတ်ဆွဲခဲ့သည်'ဟူသော ယူဆချက်ကိုလည်း ငြင်းဆိုခြင်း မပြုနိုင်ပေ။

ခေတ်သစ်သမိုင်းပညာရှင်တို့၏ လေ့လာဆန်းစစ်ချက်

မျက်မှောက်ခေတ်၏ သမိုင်းပညာရှင်အချို့နှင့် အာလင်မ်ဓမ္မပညာရှင်တို့သည် မစီဟီသမိုင်းနှင့် ဥရောပသားတို့၏ သမိုင်းအထော်ကအထားများ၏ အကူအညီဖြင့် 'အဆွဲဟားဗေ့ကဟဖ်'တို့ ရှိခဲ့သည့် ဂူနေရာနှင့် ခေတ်ကာလတို့ကို သတ်မှတ်နိုင်ရန်အတွက် အငြင်းအခုန်ပြုခြင်းနှင့် လေ့လာဆန်းစစ်ခြင်း များစွာ ပြုခဲ့ကြသည်။

အဘူလ်ကလာမ်ဆွာဟိဗ်အာဖားဒ်သည် 'အိုင်လဟ် (အွမက္ကဗာဟ်) အနီးရှိ အာရဗ်သမိုင်းပညာ ရှင်တို့သည် လက်ရှိ တပ္ပရမြို့ကို 'ဗသ္ဂရာ'ဟု ရေးသားခဲ့သည်။ ၎င်းမြို့ကို ရှေးဟောင်းမြို့ 'ရကီးမ်' ဖြစ်သည်ဟု သတ်မှတ်ခဲ့သည်။ လက်ရှိသမိုင်းအထောက်အထားများအရ ထိုမြို့အနီးရှိ တောင်တွင် လိုဏ်ဂူ တစ်ခု ရှိခဲ့ကြောင်း သင်္ကေတများလည်း ပြဆိုထားသည်။ ထို့အတူ ဗလီတစ်လုံးရှိခဲ့ကြောင်း သင်္ကေတ များကိုလည်း ပြဆိုထားသည်။

'ဗိုင်ဗလ်'၏ ယရှုကျမ်း၊ အခန်း (၁၈) ၊ အာယသ်တော် (၂၇) တွင် ထိုနေရာကို 'ရကီးမ်' (သို့) 'ရာကင်မ်'ဟူ၍ ပြဆိုထားသည်။ ယခု ထိုနေရာသည် 'တပ်ပရာ'ဟု ခေါ်ဆိုသည်။ သို့ရာတွင် ယရှုအ်ကျမ်း၌ 'ရကီးမ်' (သို့) 'ရာကင်မ်'ဟု ဖော်ပြထားခြင်းမှာ ဗနီဗင်န်ယမီးန်၏ အမွေကိစ္စ အခန်းကဏ္ဍတွင် လာရှိ

ခြင်းဖြစ်သည်။ ထို့ပြင် ထိုဒေသသည် ဂျော်ဒန်မြစ်နှင့် 'လူးသ်'ပင်လယ်တို့၏ အနောက်ဘက်တွင် တည်ရှိသည်။ ထိုဒေသတွင် 'တပ်ပရား'မြို့ရှိသည်ဆိုခြင်းမှာ မည်သို့မျှ မဖြစ်နိုင်ပေ။ ထို့ကြောင့် ထိုခေတ်ထိုအခါရှိ ရှေးဟောင်းသုတေသီတို့သည် 'တပ်ပရာ'နှင့် 'ရာကင်မ်'သည် တစ်ခုတည်းသာ ဖြစ်ပါသလော'ဟူ၍ ထိုစကားကို လက်ခံရန် အကြီးအကျယ် စဉ်းစားကြရသည်။

အဖွင့်ပညာရှင်အများစုတို့သည် 'အဆ္ဟာဗေ့ကဟ်ဖ်'၏ နေရာကို 'အဖ်စူးစ်'မြို့ ဖြစ်သည်ဟု သတ်မှတ်ကြသည်။ အာရှတောင်တန်းများ၏ အနောက်ဘက်ကမ်းခြေတွင် ရောမနိုင်ငံ၏ အကြီးဆုံးမြို့ ဖြစ်ခဲ့သည်။ ၎င်းမြေသည် ယခုတွင်လည်း လက်ရှိတူရကီ၏ 'အဇ်မီးရ်' မှ (၂၀)၊ (၂၅) မိုင်အကွာအဝေး တောင်ဘက်တွင် တွေ့ရှိရသည်။

ဟာဇရသ်မောင်လာနာစိုင်ယိဒ် စုလိုင်မာန်ဆွာဟိဗ်နဒဝီကလည်း 'အရ်ဒွလ်ကုရ်အာန်'ကျမ်းတွင် 'တပ်ပရာ'မြို့အကြောင်း တင်ပြရင်းမှ ကွင်းစကွင်းပိတ်ဖြင့် (ရကီးမ်) ဟူ၍ ရေးသားခဲ့သည်။ သို့ရာတွင် 'တပ်ပရာ'မြို့သည် ရှေးဟောင်း 'ရကီးမ်'မြို့၏ အမည်ဖြစ်ကြောင်း မည်သည့်အထောက်အထား ပြဆိုချက်မျှ မပြုခဲ့ပေ။ မော်လာနာဟိဖ်ဇုရ်ရဟ်မာန် စဟ်ဝါရ်ဒီသည် မိမိ၏ 'ကဆွဆွလ်ကုရ်အာန်'ကျမ်းတွင် ဤသည်ကိုပင် ရွေးချယ်တင်ပြခဲ့သည်။ အထောက်အထားအဖြစ် 'သောင်ရားသ်ဆဖရ်အဒဒ်'နှင့် 'ဆွဟီဖဟ် စအ်ယာ' အညွှန်းဖြင့် 'တပ်ပရာ'မြို့၏ အမည်ကို 'ရာကိမဟ်'ဟု တင်ပြခဲ့သည်။

[ဒါအိရသွလ်မအာရိဖ်အာရဗ်ကျမ်း]

ဂျော်ဒန်နိုင်ငံ 'အမ္မာန်'မြို့အနီး လွင်တီးခေါင်ပြင် တောထဲတွင် လိုဏ်ဂူတစ်ခုရှိကြောင်း သတင်းရရှိသောအခါ အစိုးရဘက်မှ ရှေးဟောင်းသုတေသနဌာနသည် ခရစ်သက္ကရာဇ် (၁၉၃၆) ခုနှစ်တွင် ထိုနေရာကို တူးဖော်ကြသောအခါ မြေကြီးများနှင့် ကျောက်တုံးများကို ဖယ်ရှားပြီးနောက် အရိုးစုများနှင့် ကျောက်ခဲများ ပြည့်နှက်နေသည့် သေတ္တာ (၆) လုံးနှင့် 'ကဗရ်'သင်္ချိုင်းနှစ်ခုကို တွေ့ရှိခဲ့ရသည်။ လိုဏ်ဂူ၏ တောင်ဘက်တွင် ကျောက်အပေါ်၌ ရေးသားထားသည့် ဇယားပုံစံများလည်း လေ့လာတွေ့ရှိခဲ့ရသည်။ 'ဗဇ်နသ္တီနီ'ဘာသာဖြင့် ရေးသားထားခြင်းဖြစ်သည်။ ထိုဒေသရှိ လူတို့က 'ဤသည် 'ရကီးမ်'မြို့၏ နေရာ ဖြစ်သည်။ ထိုနေရာ၏အနီးတွင် 'အဆ္ဟာဗေ့ကဟ်ဖ်'၏ လိုဏ်ဂူရှိသည်'ဟု ယူဆကြသည်။

ဟာဇရသ်စိုင်ယိဒ်ဟကီမွလ်အွမ္မသ်လာနဝီ (ရဟ) က ဗယာနုလ်ကုရ်အာန်ကျမ်း၏ သဖ်စီးရ်ဟတ်ကာနီကျမ်း၏ အညွှန်းဖြင့် 'အဆ္ဟာဗေ့ကဟ်ဖ်'၏ နေရာနှင့် ခေတ်ကာလတို့၏ သမိုင်းဖြစ်စဉ်၏ လေ့လာဆန်းစစ်ချက်ကို တင်ပြသည်မှာ မတရားပြုသူ ဘုရင်၏ လက်အောက်မှ ကြောက်ရွံ့စွာဖြင့် ထွက်ပြေးလာသည့် 'အဆ္ဟာဗေ့ဟ်ဖ်'တို့သည် လိုဏ်ဂူတွင် ပုန်းအောင်းခဲ့ကြသည်။ ထိုခေတ်ကာလသည် ခရစ်သက္ကရာဇ် (၂၅၀) ခုနှစ်တွင် ဖြစ်သည်။ ထို့နောက် နှစ်ပေါင်း (၃၀၀) ကြာသည်အထိ ဤသူများသည် အိပ်စက်လျက်ပင် ရှိခဲ့ကြသည်။ သို့ရှိရာ စုစုပေါင်း ခရစ်သက္ကရာဇ် (၅၅၀) ဖြစ်သွားခဲ့သည်။ ထို့နောက် ခရစ်သက္ကရာဇ် (၅၇၀) တွင် တမန်တော်မြတ် ﷺ သည် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ ဖွားမြင်တော်မမူမီ နှစ်ပေါင်း (၂၀) အလိုတွင် ၎င်းတို့ နိုးကြားလာသည့်ဖြစ်ရပ် ဖြစ်ပေါ်ခဲ့သည်။

သဖ်စီးရ်ဟာတ်ကာနီကျမ်းတွင်လည်း ၎င်းတို့၏ နေရာသည် 'အဖ်စူးစ်' (သို့) 'သွရ်စူးစ်'မြို့ ဖြစ်သည်ဟု သတ်မှတ်ထားသည်။ ထိုနေရာသည် အာရှတောင်တန်းများတွင် ဖြစ်သည်။ ယခုအခါ ထိုနေရာသည် လှင်တီးခေါင်ပြင်အဖြစ် ရှိနေသည်။

ဤသမိုင်းဖြစ်စဉ်များနှင့် ဖြစ်ပေါ်ရာနေရာ အကြောင်းကို ခေတ်ဦးအဖွင့်ပညာရှင်များ၏ ဆင့်ပြန်ချက်များဖြင့်လည်းကောင်း၊ နောင်းခေတ်သမိုင်းပညာရှင်တို့၏ ရှင်းလင်းချက်များဖြင့်လည်းကောင်း၊ အကျယ်တဝင့် ရှင်းလင်းတင်ပြခြင်း ဖြစ်သည်။ စာရေးသူသည် ကနဦးမှပင် အစီရင်ခံခဲ့သည်မှာ ကုရ်အာန်၏ အာယသ်တော်တစ်ပိုဒ်ကို နားလည်ခြင်းသည် ၎င်းဖြစ်ရပ်ပေါ်၌ မူတည်ခြင်းလည်း မရှိ။ ကုရ်အာန်ကျမ်းတော်က ဤဖြစ်ရပ်ကို တင်ပြသည့် ရည်ရွယ်ချက်၏ အရေးကြီးသော အပိုင်းတစ်ခုခုသည်လည်း ၎င်းတို့နှင့် သက်ဆိုင်ခြင်းမရှိ။ ဆင့်ပြန်ချက်များ၊ ဖြစ်ရပ်များနှင့် ၎င်းတို့၏ သင်္ကေတလက္ခဏာများသည် လေ့လာဆန်းစစ်မှုများနောက်တွင်လည်း ယတိပြတ်ဆုံးဖြတ်ရန် မဖြစ်နိုင်လောက်အောင်ပင် ကွဲလွဲမှုများ ရှိခဲ့သည်။ အလေးသာပေးခြင်းနှင့် ဦးစားပေး ရွေးချယ်ခြင်းများသာ ဖြစ်နိုင်ပေသည်။ သို့ရာတွင် မျက်မှောက်ခေတ် အသိပညာရှင်အုပ်စုတွင် သမိုင်းသုတေသနပြုခြင်း၏ ဝါသနာတိုးတက်လာခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် စိတ်အေးချမ်းမှု ဖြစ်စေရန် အောက်ပါရှင်းလင်းချက်များကို တင်ပြလိုက်သည်။ ထိုရှင်းလင်းချက်များဖြင့် အနီးစပ်ဆုံးနှင့် ခန့်မှန်းချက်များဖြင့် 'ဤဖြစ်ရပ်သည် ဟဇရသ်မစီးဟ် ﷺ ၏ နောက်ပိုင်း တမန်တော်မြတ် ﷺ ၏ ခေတ်သမယနှင့် နီးကပ်သော အချိန်၌ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိနိုင်သည်။ များစွာသော ဆင့်ပြန်ချက်တို့ဖြင့် ထိုနေရာသည် 'အဖ်စူးစ်' (သို့) 'သွရ်စူးစ်' မြို့အနီး၌ ဖြစ်ကြောင်း တစ်ညီတစ်ညွတ်တည်း ဖြစ်ကြောင်းလည်း သိရှိရသည်။

ထိုလေ့လာဆန်းစစ်ချက်များ ပြုပြီးနောက်တွင်လည်း 'ကျွန်ုပ်တို့သည် နေရာသတ်မှတ်ရန်လည်း မည်သို့မျှ အရေးမကြီး။ ထိုသို့ သတ်မှတ်ရန်လည်း မည်သည့်နိုင်မာသည့် အကြောင်းခံမှ မပြုနိုင်ပေ' ဟူသော ရပ်တည်ချက်အပေါ်၌သာ ရပ်မြဲရပ်နေပေသည်။

အဖွင့်ပညာရှင်နှင့် ဟဒီးစ်ပါရဂူဖြစ်သော အိဗ်နေကစီးရ်သည် ထိုအကြောင်းနှင့်စပ်လျဉ်း၍ မိန့်ဆိုထားသည်မှာ-

قَدْ اَخْبَرَ نَااللهُ تَعَالٰى بِذٰلِكَ وَاَرَادَ مِنَّا فَهْمَهٗ وَتَدَبُّرَهٗ

وَلَمْ يُخْبِرْنَا بِمَكَانِ هٰذَ الْكَهْفِ فِىْ اَيِّ الْبِلَادِ مِنَ الْاَرْضِ

اِذْ لَا فَائِدَ ةَ لَنَا فِيْهِ وَلَاقَصْدٌ شَرْعِىٌّ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အား ကုရ်အာန်၌ 'အဆ္ဟာဗေ့ကဟဖ်'၏ အခြေအနေများကို တင်ပြပေးတော်မူထားသည်။ သို့မှသာ ကျွန်ုပ်တို့သည် ၎င်းတို့၏ အဖြစ်အပျက် အခြေအနေများကို သိရှိပြီး စဉ်းစားဆင်ခြင်နိုင်မည် ဖြစ်သည်။ ဤလိုဏ်ဂူသည် မည်သည့်မြေ၊ မည်သည့်မြို့

တွင် ရှိသည်ကိုကား အသိပေးတော်မမူထားပေ။ အကြောင်းမှာ ထိုအကြောင်း သိရှိခြင်းဖြင့် ကျွန်ုပ်တို့အတွက် မည်သည့်အကျိုးမျှလည်း မရှိ။ ထိုသို့ သိရှိရန် ရည်ရွယ်ချက်သည် တရားတော်နှင့်လည်း မည်သို့မျှ သက်ဆိုင်ခြင်းမရှိသောကြောင့်ပင် ဖြစ်သည်။ *[အိဗ်နေကစီးရ်ကျမ်း၊ တွဲ-၃၊ စာ-၇၅။]*

'အဆွ်ဟာ းဗေကဟဖ်' ဖြစ်ရပ်သည် မည်သည့်ခေတ်သမယ၌ ဖြစ်ပေါ်ခဲ့သနည်း၊ လှိုဏ်ဂူ၌ ပုန်းအောင်းခြင်း၏ အကြောင်းခံမှာ မည်သို့နည်း၊

ဖြစ်ရပ်၏ ဤအပိုင်းအစသည်လည်း ကုရ်အာန်အာယသ်တော်တစ်ပါးပါးကို သိနားလည်ခြင်းအပေါ် မူတည်ခြင်းမရှိ။ ဤဖြစ်ရပ်အပေါ်၌လည်း မည်သည့်ထူးခြားသည့် အကျိုးကျေးဇူးလည်း မရှိ။ ကုရ်အာန်နှင့် ဟဒီးစ်၌လည်း ထိုဖြစ်ရပ်အား အကျယ်တဝင့် ရှင်းလင်းတင်ပြထားခြင်း မရှိ။ ဖြစ်စဉ်သမိုင်း သက်သက်သာ ဖြစ်သည်။ ထို့ကြောင့် အဘူဟိုင်ယားန် (ရဟ) သည် သဖ်စီးရ် ဗဟ်ရွလ်မုဟီးသ်ကျမ်းတွင် မိန့်ဆိုသည်မှာ-

وَالرُّوَاةُ مُخْتَلِفُوْنَ فِىْ قَصَصِهِمْ وَكَيْفَ كَانَ اِجْتِمَاعُهُمْ وَخُرُوْجُهُمْ

وَلَمْ يَاْتِ فِى الْحَدِيْثِ الصَّحِيْحِ كَيْفِيَّةُ ذٰلِكَ وَلَا فِى الْقُرْاٰنِ

ထိုပုဂ္ဂိုလ်များ၏ ဖြစ်ရပ်နှင့် စပ်လျဉ်း၍ ဆင့်ပြန်သူများအတွင်း အပြင်းအထန် ကွဲလွဲမှုများရှိသည်။ ထို့နောက် ထိုကွဲလွဲမှုတွင် ၎င်းတို့သည် မိမိတို့၏ ဤအစီအစဉ်ကို မည်ကဲ့သို့ ညီညွတ်အောင် ညှိနှိုင်းရမည်နည်း။ မည်ကဲ့သို့ ထွက်ရမည်နည်း။ ဆွဟီးဟ်ဟဒီးစ်နှင့် ကုရ်အာန်တို့တွင် ထိုအကြောင်း တင်ပြထားခြင်းလည်း မရှိပေ။

သို့တိုင်အောင်လည်း မျက်မှောက်ခေတ်လူတို့၏ စိတ်နေသဘောထားများအတွက် 'အဆွ်ဟားဗေကဟဖ်'၏ နေရာနှင့် စပ်လျဉ်းသော သိမှတ်ဖွယ်အချို့ကို ရေးသားတင်ပြခဲ့သည်။ ဤဖြစ်ရပ် ဖြစ်ပေါ်ခဲ့သည့်ကာလနှင့် ဖြစ်ပေါ်ခဲ့သည့် အကြောင်းခံများနှင့် စပ်လျဉ်း၍လည်း အကျဉ်းချုံး၍ သိမှတ်ဖွယ် ဖွင့်ဆိုချက်များနှင့် သမိုင်းဖြစ်စဉ်ဆင့်ပြန်ချက်များ တင်ပြခဲ့သည်။ ဤဖြစ်ရပ်အား ကာဇီစနာအွလ္လာဟ်ပါနီပသ်သီး (ရဟ) က ဆင့်ပြန်ချက်များစွာတို့ဖြင့် သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် ရှင်းလင်းချက်အပြည့်အစုံဖြင့် အကျယ်တဝင့် ဖော်ပြထားသည်။ သို့သော် ဤနေရာတွင်မူ အိဗ်နေကစီးရ် (ရဟ) ၏ ခေတ်ဦးနှင့် နှောင်းခေတ်အဖွင့်ပညာရှင်တို့၏ အညွှန်းဖြင့် ဖြစ်စဉ်ကို အကျဉ်းချုံးတင်ပြထားသည်မှာ 'အဆွ်ဟားဗေကဟဖ်'သည် ဘုရင်တို့၏ သားများဖြစ်ပြီး မိမိတို့အမျိုးသားများအတွင်း ခေါင်းဆောင်များဖြစ်ကြသည်။ ၎င်းတို့၏ အမျိုးသားများသည် ရုပ်တုကိုးကွယ်သူများ ဖြစ်ကြသည်။ တစ်နေ့တွင် ၎င်းတို့၏ အမျိုးသားများသည် မိမိတို့၏ ဘာသာရေးပွဲတော်အတွက် မြို့အပြင်သို့ ထွက်ကြလေသည်။ ထိုနေရာသည် ၎င်းတို့၏ နှစ်ပတ်လည်

စပေးရာဖြစ်သည်။ ၎င်းတို့သည် ထိုနေရာသို့ သွားရောက်၍ မိမိတို့၏ 'ဗုဒ်'အရုပ်များကို ပူဇော်ပသကြသည်။ ထို့နောက် ၎င်းတို့၏ ကိုးကွယ်ရာများအတွက် သားကောင်များအား 'ကုရ်ဘာနီ'ပြုကြသည်။ ၎င်းတို့၏ ဘုရင်မှာ ရက်စက်ကြမ်းကြုတ်သော 'ဒက္ကယာနူးစ်'အမည်ရှိ ဘုရင်ဖြစ်သည်။ ထိုဘုရင်သည် အမျိုးသားများအား 'ဗုဒ်'အရုပ်များကို ကိုးကွယ်ရန် အတင်းအဓမ္မပြုသူ ဖြစ်သည်။ ဤနှစ်တွင် မြို့ပေါ်ရှိ တစ်မျိုးသားလုံးသည် ဤဘာသာရေးပွဲတော်၌ စုရုံးရောက်ရှိလာကြသည်။ 'အဆွ်ဟာဗေ့ကဟဖ်'၏ လုလင်ပျိုများသည်လည်း ရောက်ရှိခဲ့ကြသည်။ ၎င်းတို့သည် ထိုနေရာ၌ မိမိတို့၏ အမျိုးသားများ၏ လုပ်ရပ်များကို တွေ့မြင်ကြရပြီး 'မိမိတို့လက်ဖြင့် ပြုလုပ်ထားသည့် ကျောက်တုံးများကိုပင် ကိုးကွယ်ရာအသျှင်အဖြစ် မှတ်ယူကြသည်။ ၎င်းတို့အား ကိုးကွယ်နေကြသည်။ ၎င်းတို့အတွက် 'ကုရ်ဘာနီ'ပြုနေကြသည်'ဟု စိတ်၌ အတွေးဝင်နေကြသည်။

ထိုအချိန်တွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား တည်ငြိမ်မှန်ကန်စွာ တွေးခေါ်တတ်သည့် ဦးနှောက်အသိတရားကို ချီးမြှင့်တော်မူလိုက်သည်။ ၎င်းတို့သည် မိမိတို့အမျိုးသားများ၏ ဤလုပ်ရပ်များအပေါ် ရှုံ့ရှာမုန်းတီးကြသည်။ ၎င်းတို့သည် ဦးနှောက်ဖြင့် အလုပ်လုပ်ကြလေရာ ၎င်းတို့၏ အသိအာရုံတွင် 'ဤကဲ့သို့ 'အေဗာဒသ်'ပြုလုပ်ခြင်းမှာမူ မိုး၊ မြေ နှင့် အဖန်ဆင်းခံအပေါင်းတို့ကို ဖန်ဆင်း မွေးမြူတော်မူသော အသျှင်မြတ်ကိုသာ ပြုထိုက်ပေသည်'ဟူ၍ အသိဝင်လာသည်။ ထို့ပြင် တစ်ချိန်တည်းဆိုသလိုပင် ထိုလူငယ်အချို့တို့၏ စိတ်တွင် ဤအတွေးဝင်လာခြင်းဖြစ်သည်။ ထို့နောက် ၎င်းတို့အနက် တစ်ဦးချင်း တစ်ဦးချင်းသည် အမျိုးသားများ၏ အသိဉာဏ်မဲ့သည့် ဤ 'အေဗာဒသ်'လုပ်ရပ်များမှ ရှောင်ရှား နိုင်ရန် ထိုနေရာမှ ထွက်ခွာကြလေသည်။ ၎င်းတို့အနက် လုလင်ပျိုတစ်ဦးသည် ဦးစွာပထမ ထိုလူအုပ်အတွင်းမှ ထွက်ခွာ၍ သစ်ပင်တစ်ပင် အောက်၌ သွားရောက်ထိုင်နေလိုက်သည်။ ထို့နောက် ဒုတိယလုလင်ပျိုတစ်ဦး ထွက်လာပြီး ထိုသစ်ပင်အောက်၌ပင် ထိုင်လိုက်ကြသည်။ ဤသို့ဖြင့် သုံးဦး၊ လေးဦး ဆက်တိုက် ရောက်လာကြသည်။ သို့ရာတွင် ၎င်းတို့သည် တစ်ဦးကိုတစ်ဦး သိကျွမ်းကြသူများ မဟုတ်။ ဤနေရာသို့ အဘယ်ကြောင့် လာသည်ကိုလည်း သိရှိကြသည်မဟုတ်။ သို့သော်လည်း စင်စစ် ၎င်းတို့၏ နှလုံးသားများတွင် အီမာန်ကို ဖြစ်ပေါ်စေပြီး တန်ခိုးတော်အသျှင်မြတ်သည် ၎င်းတို့အား ဤနေရာတွင် စုရုံးစေတော်မူခြင်း ဖြစ်သည်။

မျိုးနွယ်အုပ်စုနှင့် အစုအဖွဲ့တို့၏ မူလဇစ်မြစ်

အိဗ်နေကစီးရ် (ရဟ) သည် ထိုအကြောင်းကို တင်ပြပြီးနောက် မိန့်ဆိုသည်မှာ လူတို့သည် အချင်းချင်း စုဖွဲ့နေကြခြင်း၏ အကြောင်းခံဖြင့် မျိုးနွယ်အုပ်စု၊ အမျိုးတူအုပ်စုဟူ၍ သိနားလည်လာခဲ့ကြသည်။ သို့ရာတွင် ဇစ်မြစ်အမှန်ကို ဆွဟီးဟ်ဘိုခါရီကျမ်း၌ ဖော်ပြထားသည်မှာ အမှန်စင်စစ် စည်းလုံးခြင်းနှင့် အုပ်စုကွဲဖြစ်ခြင်းတို့သည် ဦးစွာပထမ ဝိညာဉ်လောက၌ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထိုလောကမှ သက်ရောက်စူးရှမှုသည် ဤလောကရှိ လူများ၌ ဖြစ်ပေါ်ခဲ့ရသည်။ 'အဇလ်'လောကတွင် စုစည်းညီညာမှု

ရှိခဲ့သော သူတို့သည် ဤကမ္ဘာလောကတွင်လည်း အချင်းချင်း စည်းလုံးမှု၊ ညီညွတ်မှုနှင့် အုပ်စုတစ်စုတည်း ပုံစံ ဖြစ်ခဲ့ပေသည်။ 'အဇလ်' လောကတွင် အချင်းချင်း ညီညွတ်စည်းလုံးမှုမရှိဘဲ ကွဲလွဲမှု ရှိခဲ့သူတို့သည် ဤလောကတွင်လည်း ကွဲပြားခြားနားမှုများသာ ဖြစ်နေပေလိမ့်မည်။ ယခု ဖြစ်ပျက်နေသည့် ဖြစ်ရပ်ကို ကြည့်မည်ဆိုလျှင် သီးခြားစီဖြစ်သော လူတိုင်း၏ နှလုံးသားတွင် အတွေးအာရုံတစ်ခုတည်းသာ ဖြစ်နေပြီး ထိုအတွေးအာရုံသည် ၎င်းတို့အားလုံးကို နားမလည်နိုင်သော ပုံသဏ္ဌာန်ဖြင့် တစ်နေရာတည်းတွင် စုစည်း လိုက်သည်' ကို တွေ့မြင်ရပေမည်။

အချုပ်ဆိုရပါလျှင် 'ဤသူများသည် နေရာတစ်ခုတည်း၌ စုစည်းမိခဲ့ကြသည်။ သို့ရာတွင် ၎င်းတို့ သည် မိမိတို့၏ ယုံကြည်ချက်ကို တစ်ဦးနှင့်တစ်ဦး ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ လျှို့ဝှက်ထားကြခြင်းမှာ ဘုရင့်ထံသို့ သွားရောက်သတင်းပေးလျှင် ဖမ်းဆီးချုပ်နှောင်ခြင်းခံရမည်စိုး၍ ဖြစ်သည်။ အတန်ကြာသည် အထိ ဤအတိုင်းပင် ဆိတ်ငြိမ်စွာ ရှိနေကြပြီးနောက်မှ ၎င်းတို့အနက် တစ်ဦးက 'ကျွန်ုပ်တို့အားလုံးသည် အမျိုးသားများနှင့် သီးခြားခွဲထွက်လျက် ဤနေရာသို့ ရောက်ရှိလာရသည့် အကြောင်းတစ်ခုခုကို မုချ သိရှိနေကြသည်။ ကျွန်ုပ်တို့အချင်းချင်း မိမိတို့၌ ရှိကြသည့် အတွေးများကို တစ်ဦးကိုတစ်ဦး တင်ပြကြလျှင် သင့်တော်ပေမည်' ဟု ပြောဆိုရာ ထိုစကားအပေါ် တစ်ဦးက 'အမှန်စင်စစ် ကျွန်ုပ်သည် မိမိအမျိုးသားများ အား ၎င်းတို့ လက်ခံယုံကြည်သည့် ဘာသာသာသနာနှင့် ၎င်းတို့ ပြုလုပ်နေကြသည့် 'အေဗာဒသ်' များကို လုံးဝ မှားယွင်းသည်ဟု ယုံကြည်သည်။ 'အေဗာဒသ်' ပြုခြင်းဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်ကိုသာ ပြုရမည် ဖြစ်သည်။ ထိုအသျှင်မြတ်အဖို့ ကမ္ဘာလောကအပေါင်းတွင် နိူင်းတုစရာ အသျှင်ဟူ၍ အလျှဉ်းမရှိပါ' ဟု ပြောဆိုသည့်အခါ ယခုမှ အခြားသူများအဖို့လည်း အခွင့်အရေးရရှိသွားသည်။ ထို့ကြောင့် ၎င်းတို့ အားလုံးက 'ကျွန်ုပ်အား အမျိုးသားများနှင့် သီးခြားခွဲထွက်၍ ဤနေရာသို့ ရောက်ရှိစေသောအချက်မှာ ဤအတွေးအာရုံနှင့် ယုံကြည်ချက်ပင်ဖြစ်သည်' ဟု ပြောဆိုကြလေသည်။

ယခုမှ ၎င်းတို့သည် စိတ်တူ၊ ကိုယ်တူ၊ ရည်ရွယ်ချက်တူသည့် အုပ်စုဖြစ်၍ တစ်ဦးနှင့်တစ်ဦး မိတ်ဆွေရင်းချာများ ဖြစ်သွားကြသည်။ ထို့နောက် ၎င်းတို့သည် မိမိတို့အတွက် သီးခြား 'အေဗာဒသ်' ပြုရာ နေရာတစ်ခု ပြုလုပ်လိုက်ကြသည်။ ထိုနေရာ၌ ၎င်းတို့သည် စုရုံးလျက် တစ်ပါးတည်း တည်ရှိတော်မူပြီး တုဖက်နိူင်းယှဉ်ကိုးကွယ်ရန် အခြားမရှိသော အလ္လာဟ်အသျှင်မြတ်၏ ခဝပ်ကိုးကွယ်မှုကို ပြုကြလေသည်။

သို့ရာတွင် တစ်စတစ်စဖြင့် ၎င်းတို့၏ ဤသတင်းသည် မြို့အတွင်း၌ ပြန့်နှံ့သွားသည်။ ကုန်းချော၊ ကုန်းတိုက်ပြုသူတို့သည် ထိုသတင်းအား ဘုရင့်ထံသို့တိုင် ပို့လိုက်ကြသည်။ ဘုရင်သည် ၎င်းတို့ကို ရှေ့တော် မှောက်သို့ အခစားဝင်ရန် အမိန့်ပေးလိုက်သည်။ ၎င်းတို့သည် ဘုရင့်ရှေ့တော်မှောက်သို့ ရောက်ရှိလာသည့် အခါ ဘုရင်သည် ၎င်းတို့၏ ယုံကြည်ချက်နှင့် လမ်းစဉ်ကို မေးမြန်းလေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား သတ္တိကို ချီးမြှင့်တော်မူလိုက်သည်။ ၎င်းတို့သည် မည်သည့်ကြောက်ရွံ့စိုးရိမ်မှုမျှမရှိဘဲ မိမိ တို့၏ 'သောင်ဟီးဒ်' ၏ ယုံကြည်ချက်ကို တင်ပြကြလေသည်။ ဘုရင်ကိုပင် ၎င်းတို့၏ 'အကီဒဟ်' ယုံကြည်

မှုဘက်သို့ ဖိတ်ခေါ်ကြသည်။ ထိုအကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များ၌ လာရှိသည်မှာ-

وَرَبَطْنَا عَلٰى قُلُوْبِهِمْ اِذْ قَامُوْا فَقَالُوْا رَبُّنَا رَبُّ السَّمٰوٰتِ وَ الْاَرْضِ لَنْ نَّدْعُوَا
مِنْ دُوْنِهٖ اِلٰهًا لَقَدْ قُلْنَا اِذًا شَطَطًا

ငင်းတို့သည် ဘုရင်အား လုပ်ကြံလိုဆယ်မှုမပါဘဲ အီမာန်ဘက်သို့ ဖိတ်ခေါ်ကြလေရာ ဘုရင်သည် ငင်းတို့၏ 'ဒအ်ဝသ်'ပေး ဖိတ်ခေါ်မှုကို ငြင်းဆိုပြီး ငင်းတို့အား ခြိမ်းခြောက်လေသည်။ ထို့နောက် ငင်းတို့၏ ခန္ဓာကိုယ်၌ ဘုရင့်သား (အိမ်ရှေ့မင်းသား) တို့၏ အဖိုးတန်ဝတ်စုံများကို ချွတ်စေခဲ့သည်။ ဤသို့ ပြုခြင်းဖြင့် ငင်းတို့သည် မိမိတို့၏ အခြေအနေများကို စဉ်းစားသုံးသပ်နိုင်ကြပေမည်။ ထို့နောက် ထိုသို့ စဉ်းစားချင့်ချိန်နိုင်ရန် ငင်းတို့အား ရက်အနည်းငယ် အချိန်ပေးလိုက်သည်။ ထို့နောက် ပြောကြားသည်မှာ 'အသင်တို့သည် လူငယ်များ ဖြစ်ကြသည်။ ကျွန်ုပ်သည် အသင်တို့အား အလျင်အမြန် မသတ်ဖြတ်ခြင်းမှာ အသင်တို့အဖို့ စဉ်းစားချင့်ချိန်နိုင်သည့် အချိန်ရရှိစေရန် ဖြစ်သည်။ ယခုလည်း အသင်တို့သည် မိမိတို့အမျိုးသားများ၏ သာသနာအပေါ် ပြန်လည်ရောက်ရှိလာကြပါလျှင် အသင်တို့သည် ဤအတိုင်း နေကြရပေမည်။ ထိုသို့မဟုတ်ပါက သတ်ဖြတ်ခြင်း ခံရလိမ့်မည်'ဟု ပြောကြားလေသည်။

ဤသည် အလ္လာဟ်အသျှင်မြတ်ဘက်မှ မိမိ၏ ကျွန် မုအ်မင်န်များအပေါ် ထားရှိသော ကျေးဇူးတော်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤသို့ စဉ်းစားခွင့် အချိန်ပေးလိုက်ခြင်းသည် ငင်းတို့အတွက် ထွက်ပြေးနိုင်ရန် လမ်းဖွင့်ပေးလိုက်ခြင်းပင် ဖြစ်သည်။ ငင်းတို့သည် ထိုနေရာမှ ထွက်ပြေး၍ ဂူတစ်လုံး၌ သွားရောက် ပုန်းအောင်းကြလေတော့သည်။

အဖွင့်ပညာရှင်တို့၏ ဆင့်ပြန်ချက်အများစုသည် 'ဤအဆွ်ဟာဗေ့ကဟဖ်တို့သည် မစီးဟ် (عليه السلام) ၏ သာသနာအပေါ်၌ ရပ်တည်သူများ ဖြစ်ကြသည်'ဟူသော အချက်အပေါ် တစ်ညီတည်း ဖြစ်ကြပေသည်။ အိဗ်နေကစီးရ်နှင့် အခြားသော အဖွင့်ပညာရှင်များက အိဗ်နေကစီးရ်သည် ထိုအချက်ကို လက်မခံသည်မှာ 'အကယ်၍ ဤသူများသည် မစီဟီသာသနာအပေါ်၌ ရှိသူများဖြစ်လျှင် မဒီနာမှ ယဟူဒီတို့သည် ငင်းတို့အပေါ် ရန်ငြိုးဖြင့် ငင်းတို့၏ ဖြစ်ရပ်အကြောင်း မေးမြန်းစေမည်မဟုတ်ပေ။ ငင်းတို့အား အရေးတယူ အလေးထားမည်မဟုတ်သောကြောင့် ဖြစ်သည်။ သို့ရာတွင် ဤအချက်ကြောင့် ဆင့်ပြန်ချက်အားလုံးကို စွန့်ပစ်လိုက်ရမည့် အခြေခံအကြောင်းတရားကား မဟုတ်ပါလေ။ မဒီနာရှိ ယဟူဒီတို့သည် ဤဖြစ်ရပ်ကို အံ့ဖွယ်ဆန်းကြယ်ဖြစ်ရပ်တစ်ခုအဖြစ်သာ မေးမြန်းစေခြင်း ဖြစ်သည်။ 'ဇုလ်ကရ်နိုင်းန်'၏ ဖြစ်ရပ်သည်လည်း ဤအတိုင်းပင် ဖြစ်သည်။ ဤကဲ့သို့သော မေးခွန်းများ မေးမြန်းရာတွင် ယဟူဒီဖြစ်ခြင်းနှင့် နဆွ်ရာနီဖြစ်ခြင်းဟူသော အစွဲများ မရှိခြင်းမှာ ပေါ်လွင်ထင်ရှားပေသည်။ သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် အိဗ်နေအစ္စဟာက်၏ ဆင့်ပြန်ချက် လာရှိရာတွင် ဤသူတို့သည် မစီဟီသာသနာ တိမ်မြုပ်ကွယ်ပျောက်ပြီးနောက် ထိုသာသနာ၏ အမှန်တရားအပေါ် ရပ်တည်သူဟူ၍ တစ်ဦးစ၊ နှစ်ဦးစ အလွန်နည်းပါးစွာ ကျန်ရှိခဲ့သော မုအ်မင်န်များ

စာရင်း၌ ထည့်သွင်းဖော်ပြထားသည်။ ၎င်းတို့သည် မစီဟ်းသာသနာနှင့် 'သောင်ဟီး'ဒ်'အပေါ်၌ ရပ်တည်သူများ ဖြစ်ကြသည်။

အိပ်နေအိစ်ဟားက်၏ ဆင့်ပြန်ချက်၌လည်း မတရားမှုပြုသော ဘုရင်ဆိုး၏အမည်ကို 'ဒက္ကယာနူးစ်' ဟုပင် ဖော်ပြထားသည်။ ထို့နောက် လုလင်ပျိုများ လှိုဏ်ဂူ၌ ခိုအောင်းခြင်းမပြုမီက နေထိုင်ခဲ့ကြသည့်မြို့အမည်ကိုလည်း 'အဖ်စူးစ်'ဟု ဖော်ပြထားသည်။

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ ၏ ဆင့်ပြန်ချက်၌လည်း ဖြစ်စဉ်ကို ဤအတိုင်းပင် ဖော်ပြထားသည်။ ဘုရင်၏အမည်ကိုလည်း 'ဒက္ကယာနူးစ်'ဟုပင် ဖော်ပြထားသည်။ အိပ်နေအိစ်ဟားက်၏ ဆင့်ပြန်ချက်တွင် 'အဆ္ဖ်ဟားဗုကဟဖ်'တို့ ပြန်လည်နိုးထလာသည့်အချိန်တွင် ထိုတိုင်းပြည်တွင် မစီးဟ် ﷺ ၏ သာသနာအပေါ် ရပ်တည်သူတို့၏ အုပ်ချုပ်သူဘုရင်၏ အမည်မှာ 'ဗိုင်ဒူစီးစ်'ဟု ဖော်ပြထားသည်။

ဆင့်ပြန်ချက်အားလုံးကို ခြုံငုံသုံးသပ်ချက်အရ 'အဆ္ဖ်ဟားဗုကဟဖ်'သည် မစီးဟ် ﷺ ၏ သာသနာအပေါ်၌ ရပ်တည်သူများဖြစ်ကြောင်း အလေးသာသော ယူဆချက်ဖြင့် အတည်ဖြစ်ပေသည်။ ၎င်းတို့၏ ခေတ်ကာလသည် မစီးဟ် ﷺ ၏ နောက်ပိုင်းခေတ် ဖြစ်သည်။ ဘုရင်ဆိုး၏ လက်အောက်မှ ထွက်ပြေးခဲ့ကြရသည်ဖြစ်ရာ ထိုဘုရင်ဆိုး၏ အမည်မှာ 'ဒက္ကယာနူးစ်'ဖြစ်သည်။ နှစ်ပေါင်း (၃၀၀) ကြာမြင့်ပြီး ၎င်းတို့ အိပ်စက်ရာမှ နိုးကြလာချိန်တွင် ကောင်းမြတ်သော မုအ်မင်န်ဘုရင် ဖြစ်လာခဲ့သည်။ ၎င်း၏ အမည်ကို အိပ်နေအိစ်ဟားက်၏ ဆင့်ပြန်ချက်တွင် 'ဗိုင်ဒူစီးစ်'ဟု ဖော်ပြထားသည်။

ထိုဆင့်ပြန်ချက်များနှင့် မျက်မှောက်ခေတ်၏ သမိုင်းဖြစ်စဉ်များကို ရောနှောပေါင်းစပ်၍ ကြည့်ပါက ခန့်မှန်းခြေနှင့် အနီးစပ်ဆုံးပုံစံဖြင့် ၎င်းတို့၏ ခေတ်ကာလကို သတ်မှတ်နိုင်ပေသည်။ ထို့ထက်ပို၍ သတ်မှတ်ရန်လည်း မလိုအပ်ပေ။ ထို့ထက်ပိုသော အသိပညာ အကြောင်းခံများလည်း မရှိတော့ပါချေ။

'အဆ္ဖ်ဟားဗုကဟဖ်' တို့သည် ယခုတိုင် အသက်ရှင်နေဆဲ ဖြစ်ပါသလော။

ဤကိစ္စတွင် အမှန်ကန်ဆုံးနှင့် အထင်အရှားဆုံးမှာ ၎င်းတို့သည် ကွယ်လွန်သွားကြပြီ ဖြစ်သည်။ သဖ်စီးရ်မဇ္ဖ်ဟရီကျမ်းတွင် အိပ်နေအိစ်ဟားက်၏ အကျယ်တဝင့် ဆင့်ပြန်ချက်တွင် 'အဆ္ဖ်ဟာဗုကဟဖ်' တို့၏ နိုးထလာခြင်း၊ ထိုမြို့တွင် ၎င်းတို့၏ အံ့ဖွယ်ဖြစ်ရပ် ကျော်ကြားသွားခြင်း၊ ထိုခေတ်ကာလမှ ဘုရင် 'ဗိုင်ဒူစီးစ်'ထံ ရောက်ရှိတွေ့ဆုံပြီးနောက် 'အဆ္ဖ်ဟားဗုကဟဖ်'သည် ဘုရင်ဗိုင်ဒူစီးစ်ထံမှ ပြန်လိုကြသည်။ ထို့နောက် နှုတ်ဆက်စလာမ်ပေးလျက် ဘုရင့်အတွက် ဒိုအာပြုပေးခြင်းနှင့် ဘုရင်သည် ထိုနေရာ၌ပင် အမြဲရှိနေစဉ် ၎င်းတို့သည် မိမိတို့ လဲလျောင်းနေကျ နေရာအသီးသီးသို့ သွားရောက်လဲလျောင်းလိုက်သည့် အခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား သေခြင်းတရားကို ပေးတော်မူလိုက်ခြင်းများ အပြည့်အစုံ ပါရှိလေသည်။

ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ؓ သခင်၏ ဤဆင့်ပြန်ချက်အား အိဗ်နေဂျရီးရ်နှင့် အိဗ်နေကစီးရ်စသော အဖွင့်ပညာရှင်အားလုံးတို့က ဆင့်ပြန်ခဲ့ကြသည်။

قَالَ قَتَادَةُ غَزَا ابْنُ عَبَّاسٍ مَعَ حَبِيبِ بْنِ مَسْلَمَةَ فَمَرُّوا بِكَهْفٍ
فِي بِلَادِ الرُّوْمِ فَرَأَوْا فِيهِ عِظَامًا فَقَالَ قَائِلٌ هٰذِهِ عِظَامُ اَهْلِ الْكَهْفِ
فَقَالَ ابْنُ عَبَّاسٍ لَقَدْ بَلِيَتْ عِظَامُهُمْ مِنْ اَكْثَرَ مِنْ ثَلٰثِمَائَةِ سَنَةٍ

ကသာဒဟ် ؓ သခင်က ဆင့်ပြန်ခဲ့သည်မှာ အိဗ်နေအဗ္ဗားစ် ؓ သခင်သည် ဟဘီးဗ်ဗင်န်မတ်စ်လမဟ်နှင့်အတူ 'ဂျီဟားဒ်'တစ်ခုပြုခဲ့သည်။ ရောမ၏ မြို့များမှ ၎င်းတို့၏ ဖြတ်သန်းမှုသည် လူ့သေအလောင်းများရှိသည့် လိုဏ်ဂူတစ်ခုအနီးမှ ဖြစ်လေရာ လူတစ်ဦးက ဤသည် 'အခ်ွဟားဗေ့ကဟဖ်'တို့၏ အရိုးများ ဖြစ်သည်ဟု ပြောဆိုကြသည်။ အိဗ်နေအဗ္ဗားစ် ؓ သခင်က '၎င်းတို့၏ အရိုးများသည် ယခုမှ ရေတွက်လျှင် နှစ်ပေါင်း (၃၀၀) အလျှင်ကပင် မြေကြီး ဖြစ်သွားခဲ့ပြီဖြစ်သည်'ဟု ပြောလေသည်။

[အိဗ်နေကစီးရ်ကျမ်း]

ဤအရာအားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များ၌ တင်ပြခြင်းမရှိသော သမိုင်းဖြစ်စဉ်၏ အစိတ်အပိုင်းများဖြစ်သည်။ ထိုဖြစ်ရပ်မှ ထူးခြားသော မည်သည့်ရည်ရွယ်ချက်သည်လည်းကောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ပါးပါးအား နားလည်ခြင်းသည်လည်းကောင်း ထိုဖြစ်ရပ်အပေါ်၌ မူတည်ခြင်းမရှိပေ။ သမိုင်းဖြစ်စဉ် ဆင့်ပြန်ချက်များဖြင့် ထိုအရာများအပေါ် ယတိပြတ်ဆုံးဖြတ်နိုင်ခြင်းလည်း မရှိပေ။

ကုရ်အာန်ကျမ်းတော်မြတ်က ဖော်ပြထားသည့် ထိုဖြစ်စဉ်အကြောင်းများ၏ အကျယ်ရှင်းလင်းချက်သည် ထိုအာယသ်တော်များ၏ အောက်၌ပင် လာရှိသည်။

ဤနေရာ၌ ကုရ်အာန်ကျမ်းတော်မြတ်သည် အကျဉ်းချုံး၍သာ ထိုဖြစ်ရပ်ကို တင်ပြထားသည်။ ရှေ့၌ အကျယ်တဝင့် လာရှိထားပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

نَحْنُ نَقُصُّ عَلَيْكَ نَبَاَهُمْ بِالْحَقِّ اِنَّهُمْ فِتْيَةٌ اٰمَنُوْا بِرَبِّهِمْ
وَزِدْنٰهُمْ هُدًى ﴿١٣﴾

၁၈ း ၁၃ ။ ။ (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင့်အား ၎င်းတို့၏ အတ္ထုပ္ပတ္တိအကြောင်းကို မှန်ကန်စွာ ပြောပြတော်မူလေသည်။ ဧကန်အမှန် ၎င်းတို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား သက်ဝင်ယုံကြည်

ခဲ့ကြကုန်သော လုလင်အချို့ပင် ဖြစ်ခဲ့ကြကုန်၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့၌ တရားလမ်းမှန် ရရှိမှုကို တိုးပွားများပြား စေတော်မူခဲ့ပေသည်။

وَّرَبَطْنَا عَلٰى قُلُوْبِهِمْ اِذْ قَامُوْا فَقَالُوْا رَبُّنَا رَبُّ السَّمٰوٰتِ وَالْاَرْضِ لَنْ نَّدْعُوَا مِنْ دُوْنِهٖٓ اِلٰهًا لَّقَدْ قُلْنَآ اِذًا شَطَطًا ﴿١٤﴾

၁၈ : ၁၄ ။ ။ ထို့ပြင် ၎င်းတို့သည် (မိမိတို့ဘုရင်၏ရှေ့ဝယ် သို့မဟုတ် လူများ၏ရှေ့ဝယ်) မားမားမတ်မတ် ရပ်တည် ခဲ့ကြသောအခါ ငါအသျှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးကို ကြံ့ခိုင်စေတော်မူခဲ့လေသည်။ ထိုအခါ ၎င်းတို့သည် (ဤသို့) ပြောကြားခဲ့ကြလေသည်။ 'ကျွန်ုပ်တို့၏ အသျှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကြီးကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (သို့ဖြစ်ပေရာ) ကျွန်ုပ်တို့သည် ထိုအသျှင်မြတ်မှတစ်ပါး မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ကိုးကွယ်ရာအဖြစ် အလျှဉ်းဟစ်ခေါ် (တသ ကိုးကွယ်ဆည်းကပ်) ကြမည် မဟုတ်ကြောင်း၊ ထိုသို့ (ပြုခဲ့ကြသည်) ဖြစ်လျှင် ဧကန်မလွဲ ကျွန်ုပ်တို့သည် အလွန့်အလွန် ဝေးကွာကမ်းလှမ်းသော စကားကို ပြောဆို (ကျူးလွန်) သူများပင် ဖြစ်သွားကြမည် ဖြစ်ကြောင်း' (ပြောကြားလေ၏။)

هٰٓؤُلَآءِ قَوْمُنَا اتَّخَذُوْا مِنْ دُوْنِهٖٓ اٰلِهَةً ۗ لَوْلَا يَاْتُوْنَ عَلَيْهِمْ بِسُلْطٰنٍۢ بَيِّنٍ ۗ فَمَنْ اَظْلَمُ مِمَّنِ افْتَرٰى عَلَى اللّٰهِ كَذِبًا ﴿١٥﴾

၁၈ : ၁၅ ။ ။ ကျွန်ုပ်တို့၏ ဤအမျိုးသားတို့သည် ထိုအသျှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာများ ပြုလုပ်ခဲ့ကြကုန်၏။ ၎င်းတို့သည် ယင်း (ကိုးကွယ်ရာ) တို့မှာ (အမှန်ပင် ကိုးကွယ်ရာများဖြစ်ကြောင်း) ထင်ရှားသော သက်သေသာဓက တစ်စုံ တစ်ရာကို အဘယ်ကြောင့် ယူဆောင် (တင်ပြ) ခြင်း မပြုကြသနည်း။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်အပေါ်၌ 'မဟုတ်မမှန် လီဆယ်စွပ်စွဲ၍ မုသားအဖြစ် ပြောဆိုသောသူထက် သာလွန်မတရားသော သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိပေ။

وَاِذِ اعْتَزَلْتُمُوْهُمْ وَمَا يَعْبُدُوْنَ اِلَّا اللّٰهَ فَاْوٗٓا اِلَى الْكَهْفِ يَنْشُرْ لَكُمْ رَبُّكُمْ مِّنْ رَّحْمَتِهٖ وَيُهَيِّئْ لَكُمْ مِّنْ اَمْرِكُمْ مِّرْفَقًا ﴿١٦﴾

၁၈ : ၁၆ ။ ။ ထို့နောက် (ယင်းလုလင်တို့အနက် အချို့က၊ အချို့အား) 'အသင်တို့သည် ယင်း (အမျိုးသား) တို့ထံမှလည်း ကောင်း၊ အလ္လာဟ်အသျှင်မြတ်မှတစ်ပါး ထိုသူတို့ ကိုးကွယ်ဆည်းကပ်ကြကုန်သော ကိုးကွယ်ရာများထံမှလည်းကောင်း၊ ခွဲခွာ

နောက်ဆုတ်ခဲ့ကြပြီး ဖြစ်ပေရာ အသင်တို့သည် (ထို) ဥမင်လှိုဏ်ခေါင်းသို့ (သွားရောက်) ခိုလှုံကြလေကုန်။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မိမိကရုဏာတော်ကို အသင်တို့အပေါ်ဝယ် ဖြန့်၍ ပေးသနားတော်မူပေမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ အရေးကိစ္စကို အထူးအကျိုးကျေးဇူးရှိစေရန် စီမံပေးမည် ဖြစ်သည်' (ဟု ပြောဆိုကြ၏။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် အသင့်အား ၎င်းတို့၏ ဖြစ်ရပ်အကြောင်းကို တိကျမှန်ကန်စွာ မိန့်ကြားခဲ့ပေပြီ။ (ဤမိန့်ကြားချက်နှင့် ဆန့်ကျင်၍ လောက၌ ကျော်ကြားနေသမျှသည် မမှန်ကန်ပေ။) ထို (အဆွဟ်ဟာဗုကဟဖ်) တို့သည် လုလင်ပျိုအချို့ ဖြစ်သည်။ ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အပေါ် (ထိုခေတ်သမယ၏ 'အီစာအီသာသနာတော်'နှင့်အညီ) အီမာန်သက်ဝင်ယုံကြည်ခဲ့ကြသည်။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းတို့၏ 'ဟေဒါယသ်'လမ်းမှန်တရားကို ပို၍ တိုးတက်မြင့်မားမှု ပြုပေးတော်မူခဲ့သည်။ (အီမာန်၏ ဂုဏ်ရည်လက္ခဏာများ၊ မိမိတို့ခြေများအပေါ် ရပ်တည်နိုင်မှုနှင့် ဒုက္ခများအပေါ် 'ဆွဗရ်'သည်းခံနိုင်ခြင်း၊ လောကီရေး ဥပေက္ခာပြုနိုင်ခြင်းနှင့် တမလွန်အရေးကိုသာ သောကထားခြင်း စသော အရာများကိုလည်း ချီးမြှင့်တော်မူခဲ့သည်။ ထိုအီမာန် ဂုဏ်ရည်လက္ခဏာများအနက် အချက်တစ်ချက်မှာ) ငါအသျှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးသားများကို ခိုင်မာစေရန် ပြုတော်မူလိုက်သည်။ သို့ရှိရာ ၎င်းတို့၏ စိတ်နှလုံးသားများ ခိုင်မာလာလျက် (အချင်းချင်း၌လည်းကောင်း၊ ရန်သူဘုရင်နှင့် ရင်ဆိုင်ရာ၌လည်းကောင်း) ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေပထဝီကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ကျွန်ုပ်တို့သည် ထိုအသျှင်မြတ်အား စွန့်လွှတ်၍ အခြားမည်သည့်ကိုးကွယ်ရာကိုမျှ 'အေဗာဒသ်'ပြုကြမည်မဟုတ်) ဟု ပြောဆိုကြလေသည်။ (အဘယ်ကြောင့်ဆိုသော် အကယ်၍ (အလ္လာဟ်အသျှင်မြတ် မပြုလုပ်တော်မူပါစေနှင့်) ထိုသူများအတိုင်းသာ ပြောဆိုမည်ဆိုလျှင်) ထိုအခြေအနေတွင် ဧကန်မလွဲ ကျွန်ုပ်တို့သည် အမှန်တရားနှင့် အလှမ်းကွာသည့် စကားများကို ပြောဆို (ကျူးလွန်) သူများ ဖြစ်သွားကြပေမည်။

ထို့အပြင် ကျွန်ုပ်တို့၏ အမျိုးသားများသည် အလ္လာဟ်အသျှင်မြတ်အား စွန့်လွှတ်၍ အခြားသော အရာများကို ကိုးကွယ်ရာအဖြစ် ပြုလုပ်ထားကြသည်။ (အကြောင်းမှာ ၎င်းတို့၏ အမျိုးသားများနှင့် ထိုခေတ်က ဘုရင်အားလုံးတို့သည် ရုပ်တု ကိုးကွယ်သူများ ဖြစ်ကြသောကြောင့်ပင် ဖြစ်သည်။) သို့ရှိရာ ထိုသူတို့သည် မိမိတို့ကိုးကွယ်ရာများ (၏ ကိုးကွယ်မှုခံထိုက်ခြင်း) အပေါ် ထင်ရှားသော သက်သေအထောက်အထား တစ်စုံတစ်ရာကို အဘယ်ကြောင့် ယူဆောင် (တင်ပြ) လာခြင်း မပြုနိုင်သနည်း။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်အပေါ် မဟုတ်မမှန် ဖွပ်စွဲပြောဆိုကြသူတို့ထက် ပို၍ အပြစ်ထိုက်သူ မည်သူ ရှိပါမည်နည်း။ (အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ကိုးကွယ်ရာများသည် ရှရစ်ကပ်ပြုခြင်းများသာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။) ထို့နောက် ထိုလုလင်ပျိုတို့သည် (အချင်းချင်း ပြောဆိုကြသည်မှာ) အသင်တို့သည်

ထိုသူတို့၏ 'အကီဒဟ်' ယုံကြည်ချက်နှင့်လည်း သီးခြား ဖြစ်ခဲ့ကြပေပြီ။ ၎င်းတို့၏ ကိုးကွယ်ရာများ (အား 'အေဗာဒသ်'ပြု ကိုးကွယ်ခြင်း) မှလည်း (သီးခြားဖြစ်ခဲ့ကြပြီး) သို့ရာတွင် အလ္လာဟ်အသျှင်မြတ်နှင့် (သီးခြားမဖြစ်ပါချေ။ ထိုမျှမက ထိုအသျှင်မြတ်၏ အကြောင်းခံဖြင့်ပင် အရာအားလုံးကို စွန့်လွှတ်ခဲ့ကြခြင်း ဖြစ်သည်။) ယခု အသင်တို့သည် (ထို) လိုဏ်ဂူတွင် (တိုင်ပင်နှီးနှော၍ ဆုံးဖြတ်ချက်ချသည့်အတိုင်း) သွားရောက်၍ ခိုလှုံကြပါလေ။ (သို့မှသာ အေးချမ်းသာယာ ဘေးကင်းစွာဖြင့် အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်'ပြုလုပ်နိုင်ကြပေမည်။)

အသင်တို့အပေါ်၌ အသင်တို့၏ အသျှင်မြတ်သည် မိမိ၏ 'ရဟ်မသ်'ကရုဏာတော် ဖြန့်၍ ပို့ချပေးတော်မူမည်။ အသင်တို့အတွက် အသင်တို့၏ အရေးကိစ္စတွင် အောင်မြင်မှု၏ တန်ဆာပလာများဖြင့် စီမံပေးတော်မူပေမည်။ (အလ္လာဟ်အသျှင်မြတ်အပေါ် ဤမျှော်လင့် ယုံကြည်ချက်များဖြင့် လိုဏ်ဂူသို့ သွားရောက်စဉ် ပြုခဲ့သော ၎င်းတို့၏ ပထမဦးဆုံး ဒိုအာဆုမွန်မှာ-

رَبَّنَا اٰتِنَا مِنْ لَّدُنْكَ رَحْمَةً وَّهَيِّئْ لَنَا مِنْ اَمْرِنَا رَشَدًا

ဟူသော ဒိုအာဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

اِنَّهُمْ فِتْيَةٌ သည် فَتٰى ၏ 'ဂျမအ်'အများကိန်းဖြစ်သည်။ 'ပျို့ရွယ်တူ၊ လုလင်ပျို'ဟု အဓိပ္ပာယ်ရသည်။ အဖွင့်ပညာရှင်များက မိန့်ဆိုကြသည်မှာ ဤစာလုံးသည် ကျင့်ဆောင်ချက်လုပ်ရပ်များနှင့် အကျင့်စာရိတ္တများကို ပြုပြင်ခြင်း၊ 'ဟေဒါယသ်'တရားလမ်းမှန် ရရှိနိုင်သည့် အချိန်သည် ပျို့ရွယ်သည့်အချိန် ဖြစ်သည်။ အသက်အရွယ် ကြီးရင့်သောအချိန်တွင် ကောင်းမြတ်မှန်ကန်သည့် အရာများသည် မည်မျှပင် ပေါ်လွင်ထင်ရှားလာသည်ဖြစ်စေကာမူ၊ ယခင်က ပြုကျင့်မိခဲ့သည့် ကျင့်ဆောင်ချက် လုပ်ရပ်များနှင့် အကျင့်စရိုက်တို့သည် အခိုင်အမာ စွဲသွားခဲ့ပြီးဖြစ်သည့်အတွက် ပြန်လည်ရုန်းထွက်ရန် ခက်ခဲသွား၏။ ဆွဟာဗာများတွင် တမန်တော်မြတ် ﷺ ၏ 'ဒအ်ဝသ်'ပေး ဖိတ်ခေါ်မှုအပေါ် အီမာန်သက်ဝင်ယုံကြည်သူ အများစုမှာ ပျို့ရွယ်သည့် လူငယ်များပင် ဖြစ်သည်။ *[အိဗ်နေကစီးရ်ကျမ်း၊ အဘူဟိုင်ယာန်းကျမ်း]*

وَرَبَطْنَا عَلٰى قُلُوْبِهِمْ

အိဗ်နေကစီးရ် (ရဟ) ၏ ကျမ်းညွှန်ဖြင့် ဤဖြစ်ရပ်အကြောင်းကို အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ ထိုဖော်ပြချက်အရ သိရှိရသည်မှာ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ၎င်းတို့၏ စိတ်နှလုံးသားများကို တည်ကြည်ခိုင်မာအောင် ပြုပေးတော်မူသည်မှာ ရုပ်တုကိုးကွယ်သူ ဘုရင်သည် ထိုလုလင်ပျို့များကို မိမိ၏ထံပါး၌ ဆင့်ခေါ်လျက် မေးမြန်းမှုများ ပြုလုပ်လေသည်။ အသတ်ခံရမည်ကို ကြောက်ရွံ့စိုးရိမ်ရသော အချိန်ဖြစ်သည့်တိုင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးသားများတွင် မိမိ၏ ချစ်စိတ်၊

ကြောက်စိတ်နှင့် ရှိသေလေးစားသော စိတ်တို့ကို ထည့်ပေးတော်မူလိုက်သည်။ ထို့ကြောင့် ဤလုလင်ပျို တို့သည် ထိုကာဖိရ်များနှင့် ရင်ဆိုင်ရာတွင် အသတ်ခံရခြင်း၊ သေခြင်းတရားနှင့် ဒုက္ခပဟူသမျှတို့ကို ခါးစည်း ခံရန် အသင့်ဖြစ်ခဲ့ကြသည်။ ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သည့်ကိုးကွယ်ရာကိုမျှ 'အေဗာဒသ်'မပြုကြပေ။ နောင်တွင်လည်း မည်သည့်အခါမျှ ပြုကြမည်မဟုတ်ကြောင်း ရဲရဲဝံ့ဝံ့ ရှင်းရှင်း လင်းလင်းပင် မိမိတို့၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ အကြင်သူတို့သည် အလ္လာဟ်အသျှင် မြတ် အတွက်ဟူ၍ အလုပ်တစ်ခုကို အခိုင်အမာ ရည်ရွယ်လိုက်ပါလျှင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ဤကဲ့သို့သော ကူညီစောင်မမှုများ ရောက်ရှိလာခဲ့သည်သာ ဖြစ်သည်။

فَأْوٗا اِلَى الْكَهْفِ

အိပ်နေကစီးရ် (ရဟ) က မိန့်ဆိုသည်မှာ 'အဆ်ဟာဗေ့ကဟ်ဖ်' တို့သည် မိမိတို့နေထိုင်ရာမြို့တွင် အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်'ပြုရန် မဖြစ်နိုင်တော့သည့်အခါ ထိုမြို့ကို စွန့်၍ လိုဏ်ဂူ၌ သွားရောက် ပုန်းအောင်းနေခဲ့ကြသည်။ ဤသို့သော နေရာမှ ဟိဂ်ျရသ်ပြု၍ 'အေဗာဒသ်'ပြုနိုင်သည့် နေရာကို ရွေးချယ် ခြင်းမှာ နဗီတမန်တော်အပေါင်းတို့၏ စွန္နသ်ပင် ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَتَرَى الشَّمْسَ اِذَا طَلَعَتْ تَّزْوَرُ عَنْ
كَهْفِهِمْ ذَاتَ الْيَمِيْنِ وَاِذَا غَرَبَتْ تَّقْرِضُهُمْ ذَاتَ الشِّمَالِ
وَهُمْ فِيْ فَجْوَةٍ مِّنْهُ ۭ ذٰلِكَ مِنْ اٰيٰتِ اللّٰهِ ۭ مَنْ يَّهْدِ اللّٰهُ فَهُوَ
الْمُهْتَدِ ۚ وَمَنْ يُّضْلِلْ فَلَنْ تَجِدَ لَهٗ وَلِيًّا مُّرْشِدًا ﴿١٧﴾

၁၈ ႏ ၁၇ ။ ။ ၄င်းပြင် (အို, နဗီတမန်တော်) အသင်သည် နေထွက်သောအခါ ထိုနေသည် ၄င်း (လုလင်) တို့၏ လိုဏ်ဂူမှ လက်ျာဘက်သို့ ညွတ်၍ တက်သွားသည်ကိုလည်းကောင်း၊ တစ်ဖန် ထိုနေသည် (ပြန်) ဝင်သောအခါ လက်ဝဲဘက်သို့ (ကျော်ထွက်ကာ) ထိုသူတို့အား ရှောင်ကွင်း၍ သွားသည်ကိုလည်းကောင်း တွေ့မြင်ရမည်ဖြစ်သည်။ စင်စစ် ၄င်းတို့သည် ယင်းလိုဏ်ဂူတွင် ကျယ်ဝန်းသောနေရာ၌ပင် ရှိခဲ့ကြကုန်သည်။ ဤသည်မှာ အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာတော် များအနက်မှ သက်သေလက္ခဏာတော်တစ်ရပ်ပင် ဖြစ်၏။ အလ္လာဟ်အသျှင်မြတ် တရားလမ်းမှန်ကို ညွှန်ပြသော သူသည် သာလျှင် တရားလမ်းမှန်ကို ရရှိသူဖြစ်၏။ သို့ရာတွင် ထိုအသျှင်မြတ်က လမ်းမှားစေတော်မူသော သူမှာမူ၊ ထိုသူအား ကူညီရိုင်းပင်းမည် ဖြစ်သော၊ တရားလမ်းမှန်ကို ညွှန်ပြသော အဆွေခင်ပွန်းဟူ၍ တစ်ဦးတစ်ယောက်မျှပင် အသင်သည် အလျဉ်း တွေ့ရှိလိမ့်မည်မဟုတ်ပေ။

وَتَحْسَبُهُمْ أَيْقَاظًا وَّهُمْ رُقُوْدٌ ۖ وَّنُقَلِّبُهُمْ ذَاتَ الْيَمِيْنِ وَ
ذَاتَ الشِّمَالِ ۖ وَكَلْبُهُمْ بَاسِطٌ ذِرَاعَيْهِ بِالْوَصِيْدِ ۚ لَوِ اطَّلَعْتَ
عَلَيْهِمْ لَوَلَّيْتَ مِنْهُمْ فِرَارًا وَّلَمُلِئْتَ مِنْهُمْ رُعْبًا ﴿١٨﴾

၁၈ : ၁၈ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား (တွေ့မြင်ရပါလျှင်) နိုးနေကြသူများဟူ၍ပင် ထင်မှတ်ပေမည်။ စင်စစ် ၎င်းတို့သည် အိပ်ပျော်၍ နေကြသူများပင် ဖြစ်ကြကုန်၏။ ၎င်းပြင် ငါအသျှင်မြတ်သည် ထိုသူတို့အား လက်ယာဖက်သို့လည်းကောင်း၊ လက်ဝဲဖက်သို့လည်းကောင်း ပြောင်း၍ ပေးတော်မူ၏။ ထို့ပြင် ၎င်းတို့၏ ခွေးသည် တံခါးဝ၌ မိမိ၏ လက်နှစ်ဖက်ကို ဖြန့် (ခင်း) လျက်ရှိခဲ့၏။ (အို၊ နဗီတမန်တော်) အကယ်၍သာ အသင်သည် ထိုသူတို့အား ချောင်းကြည့်ခဲ့ပါမူ အမှန်ပင် အသင်သည် ၎င်းတို့ဘက်မှ ကျောခိုင်း၍ ထွက်ပြေးခဲ့ပေမည်။ ထိုသို့ ချောင်းကြည့်ခြင်းကြောင့် ထိုသူများအား ကြောက်ရွံ့ထိတ်လန့်မှုသည်လည်း အမှန်ပင် အသင့်၌ ပို၍ ပြည့်လျှံသွားခဲ့မည်သာ ဖြစ်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် (အို၊ နဗီတမန်တော်) အသင်သည် (ထိုလိုဏ်ဂူ၏ တည်ရှိပုံမှာ) နေထွက်သောအခါ ထိုနေသည် လိုဏ်ဂူ၏ လကျ်ာဘက်သို့ တိမ်းစောင်း (ကွင်းရှောင်) သွားသည်။ (ဆိုလိုသည်မှာ ဂူ၏ တံခါးပေါက်မှ လကျ်ာဘက်သို့ သီးခြားရှောင်ခွာသွားခြင်း ဖြစ်သည်။) နေဝင်သည့်အခါမူ (လိုဏ်ဂူ၏) လက်ဝဲဘက်သို့ တိမ်းစောင်း (ကွင်းရှောင်) သွားသည်။ (ထိုအချိန်၌လည်း ဂူအတွင်းသို့ အပူရှိန်မရောက်ရှိပေ။ သို့မှသာ ၎င်းတို့အဖို့ နေ၏ အပူရှိန်ကြောင့် ဒုက္ခမရောက်မည် ဖြစ်သည်။)

၎င်းတို့သည် ထိုလိုဏ်ဂူ၏ ကျယ်ဝန်းသော နေရာတစ်ခု၌ ရှိခဲ့ကြသည်။ (ဤကဲ့သို့သော လိုဏ်ဂူများသည် များသောအားဖြင့် အချို့နေရာ၌ ကျယ်ဝန်းပြီး အချို့နေရာတွင် ကျဉ်းမြောင်းခြင်းများလည်း ရှိတတ်သည်။ ယခု ၎င်းတို့သည် ကျယ်ဝန်းသောနေရာ၌ ရှိကြသည်ဖြစ်ရာ လေဝင်လေထွက်လည်း ရှိပေမည်။ နေရာကျဉ်းမြောင်းခြင်းကြောင်း ဖြစ်တတ်သည့် စိတ်ခြောက်ခြားမှုလည်း ရှိမည်မဟုတ်ပေ။) ဤသည်မှာ အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာတော်များမှ ဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော် ပေါ်လွင်ထင်ရှားသည့် ပစ္စည်းများ၏ အကြောင်းခံမပါရှိဘဲ ၎င်းတို့အတွက် သက်တောင့်သက်သာ ဖြစ်စေမည့် အကြောင်းတရားများ ပြုလုပ်ပေးထားတော်မူခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့်) အလ္လာဟ်အသျှင်မြတ်ဘက်မှ တရားလမ်းမှန်ပြခြင်း ခံရသူသည် တရားလမ်းမှန်ရရှိသောသူ ဖြစ်သည်။ ထိုအသျှင်မြတ်က လမ်းမှားစေသူအဖို့ အသင်သည် ထိုသူ့အတွက် ကူညီစောင်မသူ၊ လမ်းမှန်ပြပေးမည့်သူ တစ်ဦးတစ်ယောက်မျှ တွေ့ရှိမည်မဟုတ်ပေ။ (လိုဏ်ဂူ၏ အနေအထားကို တင်ပြခြင်းဖြစ်သည်။ ထိုလိုဏ်ဂူအတွင်းသို့ နံနက်နေထွက်ချိန်၌လည်းကောင်း၊ ညနေ နေဝင်ချိန်၌လည်းကောင်း နေအပူရှိန် ဝင်ရောက်ခြင်း မရှိပေ။ ဤပုံသဏ္ဌာန်သည် လိုဏ်ဂူ၏ အဝင်ပေါက်သည် မြောက်ဘက်သို့ဖြစ်စေ၊ တောင်ဘက်သို့ဖြစ်စေ လှည့်နေသည့် ပုံသဏ္ဌာန်

ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် လကျာဘက်မှ လက်ဝဲဘက်ရှိ လိုဏ်ဂူအပေါက်သို့ ဝင်ရောက်သူ ဟု ဆိုလျှင် လိုဏ်ဂူသည် မြောက်ဘက်သို့ လှည့်နေခြင်းဖြစ်ပေမည်။ ထို့နောက် လကျာဘက်မှ လက်ဝဲဘက်သို့ လိုဏ်ဂူအတွင်းမှ ထွက်သူဟုဆိုပါလျှင် လိုဏ်ဂူသည် တောင်ဘက်သို့ လှည့်နေခြင်း ဖြစ်ပေမည်။

ထို့နောက် (အို၊ နဗီတမန်တော် အကယ်၍ အသင်သည် ထိုလိုဏ်ဂူ၌ သွားရောက်ခဲ့သည်ဖြစ်ပါလျှင် ငါအသျှင်မြတ်သည် ၄င်းတို့အပေါ်၌ အိပ်စက်ခြင်းအား ဖြစ်စေခဲ့သည်ကို အသင် တွေ့မြင်ရမည်မှာ) ၄င်းတို့အား နိုးကြားနေကြသည်ဟု ထင်မြင်ယူဆပေမည်။ အမှန်စင်စစ် ၄င်းတို့သည် အိပ်စက်နေကြခြင်းသာဖြစ်သည်။ (အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်သည် ၄င်းတို့အား အိပ်စက်ခြင်းတည်းဟူသော လက္ခဏာတော်များဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားတော်မူသောကြောင့် ဖြစ်သည်။ ဥပမာ- အသက်ရှူမှု ပြောင်းလဲခြင်းနှင့် ခန္ဓာကိုယ်ပိန်ချုံးသွားခြင်းတို့သာ ဖြစ်သည်။ မျက်စိများ ပိတ်ထားသည်ဖြစ်သော်လည်း အိပ်စက်နေသည့် သင်္ကေတကို လုံးဝ မတွေ့ရပေ။) ထို့နောက် (ထိုသို့ အိပ်စက်နေသည့် ကာလရှည်တွင်) ငါအသျှင်မြတ်သည် ၄င်းတို့အား (တစ်ခါတစ်ရံ) လကျာဘက်နှင့် (တစ်ခါတစ်ရံ) လက်ဝဲဘက်သို့ စောင်းလှည့်မှု ဖြစ်စေတော်မူခဲ့သည်။ (ထိုအခြေအနေတွင်) ၄င်းတို့၏ ခွေးသည် (အကြောင်းတစ်စုံတစ်ရာဖြင့် ၄င်းတို့နှင့်အတူ ပါလာသည့် ခွေးသည် လိုဏ်ဂူ၏) အပေါက်ဝတွင် မိမိ၏ လက်နှစ်ဖက်ကို ဖြန့် (ဆန့်) လျက် (ထိုင်လျက်) ရှိနေခဲ့သည်။ (ထို့အပြင် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်တော်မူထားသည့် ၄င်းတို့၏ အရှိန်အဝါမှာ) အကယ်၍ (အို၊ မိုဟမ္မဒ် ﷺ) အသင်သည် ၄င်းတို့အား ချောင်းမြောင်းကြည့်သည်ရှိသော် အသင်သည် ၄င်းတို့အား ကျောခိုင်း၍ ထွက်ပြေးခဲ့ပေမည်။ ထို့ပြင် အသင်သည် ၄င်းတို့အား အလွန်ပင် ထိတ်လန့်သွားမည်သာ ဖြစ်ပေသည်။

(ဤအာယသ်တော်တွင် အများလူသားအားလုံးကို ဦးတည်မိန့်ကြားလိုက်ခြင်း ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ သည် အရှိန်အဝါစိုးမိုးခြင်း ခံရသည်ဟု မမှတ်ယူရပေ။ ဤအကြောင်းခံအားလုံးသည် အလ္လာဟ်အသျှင်မြတ်က ထိုသူတို့အား ထိန်းသိမ်းစောင့်ရှောက်ရန် စီမံတော်မူခဲ့ခြင်းဖြစ်သည်။ အကြောင်းမှာ နိုးကြားနေသူအပေါ်၌ ရန်မူရန် မလွယ်ကူသောကြောင့် ဖြစ်သည်။ ကာလရှည်ကြာစွာ အိပ်စက်နေစဉ် ဘေးစောင်း၍ လှည့်အိပ်ခြင်းများသည် အကယ်၍ တစ်ဘက်တည်းစောင်း၍ အိပ်နေခြင်းဖြစ်လျှင် မြေကြီးစားသွားမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့အပြင် ဂူအပေါက်ဝ၌ ခွေးထိုင်နေခြင်းမှာလည်း စောင့်ရှောက်ခြင်း၏ အကြောင်းခံတစ်ရပ် ဖြစ်ကြောင်း ထင်ရှားပေသည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

ဤအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်သည် 'အဆ္ဟာဗေ့ကဟဖ်'တို့၏ အခြေအနေ (၃) ရပ်ကို တင်ပြထားတော်မူသည်။ ထို (၃) ရပ်သည် အံ့ဖွယ်ဆန်းကြယ်ဖြစ်ပြီး ထိုသူများ၏ 'ကရာမသ်' ဖြစ်ပြီး သဘာဝကို ဆန့်ကျင်သော အချက်များပင် ဖြစ်သည်။ ပထမအချက်မှာ ကာလရှည်ကြာစွာ ဆက်တိုက် အိပ်စက်မှု၌ နစ်မွန်း၍ အိပ်ပျော်နေကြခြင်းဖြစ်သည်။ ဤအချက်များတွင် မည်သည့်အစာအဟာရ

မှု မှီဝဲစားသောက်ခြင်းမရှိဘဲ အသက်ရှင်သန်နေခြင်းမှာ အကြီးဆုံး 'ကရာမသ်'နှင့် သဘာဝကို ဆန့်ကျင်မှု ဖြစ်သည်။ ထိုအကြောင်း၏ ရှင်းလင်းချက်သည် အရှေ့အာယသ်တော်၌ လာပေလိမ့်မည်။ ဤနေရာ၌ ၎င်းတို့၏ နှစ်ကာလရှည်ကြာစွာ အိပ်စက်ခြင်းတွင် ၎င်းတို့၏ အခြေအနေများကို တင်ပြနေခြင်း ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား လိုဏ်ဂူအတွင်း၌ နံနက်၊ ညနေ၊ နေရောင်ခြည်ကို ၎င်းတို့အနီးမှ ဖြတ်သန်းသွားစေတော်မူသော်လည်း ထိုနေရောင်ခြည်သည် ၎င်းတို့၏ ခန္ဓာကိုယ်ပေါ်သို့ မကျရောက်စေရန် ထိန်းသိမ်းကာကွယ်ထားတော်မူသည်။ အနီးမှ ဖြတ်သန်းသွားခြင်း၏ အကျိုးကျေးဇူးများမှာ အသက်ရှင်နေခြင်း လက္ခဏာများ ရပ်တည်နေမှု၊ လေ၊ အပူနှင့် အအေး စသော အရာများဖြစ်သည်။ ၎င်းတို့၏ ခန္ဓာကိုယ်ပေါ်၌ အပူရှိန်မကျရောက်ခြင်းဖြင့် ခန္ဓာကိုယ်အားလည်းကောင်း၊ အဝတ်များအားလည်းကောင်း စောင့်ရှောက်ထားခြင်းလည်း ဖြစ်သည်။

နေရောင်ခြည်သည် ၎င်းတို့အပေါ် မကျရောက်သည့်ပုံသဏ္ဌာန်မှာ ဂူ၏ အထူးနေရာ၌ ရှိနေခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဂူတံခါးဝသည် တောင်ဘက် (သို့) မြောက်ဘက်၌ ရှိပြီး နေရောင်ခြည်သည် သဘာဝအလျောက် လိုဏ်ဂူအတွင်းသို့ မဝင်ရောက်နိုင်ခြင်း ဖြစ်သည်။

အိဗ်နေကုသိုင်ဗာဟ် (ရဟ) သည် ထိုဂူ၏ နေရာအနေအထားကို အထူးသတ်မှတ်ရန်အတွက် ကြိုးပမ်းခဲ့သည်မှာ 'တွက်ချက်မှုပညာ၏ ဥပဒေသတ်မှတ်ချက်အရ ထိုနေရာ၏ အလျား၊ အနံနှင့် မျက်နှာမူရာတို့ကို သတ်မှတ်ခဲ့သည်။ *[မဇ္ဇဟရီကျမ်း]*

ထိုအဆိုနှင့် ဆန့်ကျင်၍ ဇုဂျားဂျ်က ပြောဆိုသည်မှာ နေရောင်ခြည်သည် ၎င်းတို့နှင့် သီးခြားဖြစ်၍ ကင်းကွာနေခြင်းမှာ နေရာအနေအထားအပေါ် မူတည်၍ မဟုတ်ဘဲ ၎င်းတို့၏ 'ကရာမသ်'ဖြင့် သဘာဝကို ဆန့်ကျင်စွာ ဖြစ်ပေါ်ခြင်းများကြောင့်သာ ဖြစ်သည်။ နောက်ဆုံးအာယသ်တော်တွင်

ذٰلِكَ مِنْ اٰيٰتِ اللّٰهِ

သည်လည်း 'နေရောင်ခြည်မှ ထိန်းသိမ်းကာကွယ်ထားခြင်းသည် လိုဏ်ဂူ၏ နေရာ အနေအထား အပေါ် မူတည်ခြင်းမဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသည့် တန်ခိုးတော်များ၏ လက္ခဏာတော်တစ်ရပ်ကြောင့်သာ ဖြစ်သည်။ *[ကုရ်သုဗီးကျမ်း]*

အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အတွက် နေရောင်ခြည်၏ အပူရှိန်မကျရောက်စေရန် စီမံထားတော်မူခြင်းသည် လိုဏ်ဂူ၏ တည်ရှိပုံနေရာ အနေအထားကြောင့်ဖြစ်စေ၊ တိမ်တိုက် စသည်တို့သည် နေပူရှိန် ဖြစ်ပေါ်သည့် အချိန်အခါတွင် အကာအကွယ်ပေးထားခြင်းကြောင့်ဖြစ်စေ၊ နေမင်း၏ အပူရှိန်များအား သဘာဝနှင့် ဆန့်ကျင်၍ ၎င်းတို့အား ထိတွေ့ခြင်းမှ ကွင်းရှောင်ဖယ်ရှားပေးခြင်းကြောင့်ဖြစ်စေ ၎င်းတို့၏ ခန္ဓာကိုယ်များအပေါ် နေအပူရှိန် မကျရောက်စေရန် စီမံတော်မူထားသည်မှာ ထင်ရှားသော အချက်ဖြစ်သည်။ အာယသ်တော်၌ ဤအချက်အားလုံးသည် ယူဆနိုင်သော အချက်များဖြစ်သည်။ တစ်ခုခုကို ပုံသေသတ်မှတ်ရန်၊ ဖိအားပေးရန် မလိုပေ။

‘အဆ္ဟာဗေုကဟဖ်’ ကာလရှည်ကြာစွာ အိပ်စက်နေချိန်တွင် မြင်ရသူမျိုးအဖို့ နိုးကြားနေသည်ဟု ထင်မြင်ယူဆရခြင်း

ဒုတိယအခြေအနေကို တင်ပြထားသည်မှာ ‘အဆ္ဟာဗေ့ကဟဖ်’တို့အပေါ် ဤမျှ ကာလရှည်ကြာစွာ အိပ်စက်စေခြင်းကို ပြုထားသည့်တိုင် ၎င်းတို့၏ ခန္ဓာကိုယ်ပေါ်တွင် အိပ်စက်နေခြင်း၏ အရိပ်အယောင်များ မတွေ့ရှိရခြင်းသာမက တွေ့မြင်သူတို့အဖို့ ၎င်းတို့သည် နိုးကြားနေကြသည်ဟု ထင်မြင်ခံစားရလေသည်။ မုဖတ်စိရ်အဖွင့်ပညာရှင်အများစုက မိန့်ဆိုကြသည်မှာ ‘၎င်းတို့၏ မျက်လုံးများမှာ ပွင့်လျက် ရှိကြသည်။ အိပ်စက်ခြင်းကြောင့် ပိန်လှီမှုဖြစ်ရခြင်းသည်လည်း ခန္ဓာကိုယ်တွင် မတွေ့ရှိရပေ။ အိပ်စက်သူများ၌ ဖြစ်လေ့ရှိသော အသက်ရှုပြောင်းလဲမှုများလည်း မတွေ့ရှိရပေ။’ ဤအခြေအနေသည်လည်း အသေးအဖွဲ့မဟုတ်သော ‘ကရာမသ်’တစ်မျိုး ဖြစ်ပေသည်။ ဤ ‘ကရာမသ်’တွင် ၎င်းတို့အား ထိန်းသိမ်းစောင့်ရှောက်ရန်ဟူသော အမြော်အမြင်ရှိသောကြောင့် ဖြစ်သည်။ ယင်းအမြော်အမြင်မှာ ‘တစ်ဦးတစ်ယောက်သည် ၎င်းတို့အား အိပ်စက်နေသည်ဟု ထင်မှတ်ပြီး ရန်မမူရန်ဖြစ်သည်။ (သို့) ၎င်းတို့နှင့်အတူ ရှိသော ပစ္စည်းများအား ခိုးဝှက်မယူနိုင်စေရန် ဖြစ်သည်။’ ထို့ပြင် ပုံစံအမျိုးမျိုး လှည့်၍ ဘေးစောင်းအိပ်ခြင်းတို့သည်လည်း မြင်ရသူများအဖို့ နိုးကြားနေသည်ဟု ထင်ရနိုင်သည်။ ထိုသို့ အမျိုးမျိုး လှည့်ပြောင်း၍ ဘေးစောင်းအိပ်ခြင်းသည် ဘေးတစ်ဘက်တည်းကို မြေကြီးမစားစေရန်လည်း ဖြစ်သည်။

‘အဆ္ဟာဗေုကဟဖ်’ ၏ ခွေး

ဤနေရာတွင် စာဒကမေးခွန်းတစ်ခု ဖြစ်ပေါ်လာသည်မှာ ဆွဟီးဟ်ဟဒီးစ်တော်တစ်ရပ်တွင် ‘ခွေးနှင့်ရုပ်ပုံရှိသော အိမ်တွင် ဖရစ်ရှသာဟ်မဝင်ရောက်’ဟု လာရှိထားသည်။ ထို့ပြင် ဘိုခါရီကျမ်း၏ ဟဒီးစ်တော်တစ်ရပ်တွင် အိဗ်နေအုမရ် ؓ သခင်၏ ဆင့်ပြန်ချက်၌ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူခဲ့သည်မှာ ‘အကြင်သူသည် အမဲလိုက်ခွေး (သို့မဟုတ်) တိရစ္ဆာန်များအား စောင့်ရှောက်ရန် ခွေးတို့မှအပ အခြားခွေးမွေးထားသော် ထိုသူ၏ အကျိုးကုသိုလ်များမှ နေ့စဉ် ‘ကီရားသ္’(သေးငယ်သော အလေးချိန်) နှစ်ခု လျော့နည်းသွားသည်’ဟု လာရှိသည်။

ဟဇရသ်အာဗူဟုရိုင်ရာဟ် ؓ သခင်၏ ဆင့်ပြန်ချက်တွင် ‘လယ်ယာစောင့်ရှောက်ရန် မွေးထားသည့်ခွေး’ကိုလည်း တတိယစာရင်း၌ ပါဝင်သည်ဟု ဖော်ပြထားသည်။

ထိုဟဒီးစ်ဆင့်ပြန်ချက်များအရ မေးခွန်းပေါ်ပေါက်လာသည်မှာ ‘အလ္လာဟ်အသျှင်မြတ်၏ အချစ်တော် ဤသူတော်စင်တို့သည် အဘယ်ကြောင့် ခွေးမွေးရပါသနည်း’ဟု ဖြစ်သည်။ ထိုမေးခွန်း၏ အဖြေမှာ ‘ဤခွေးမွေးခြင်း တားမြစ်သည့် အမိန့်သည် ရှရီအသေမိုဟမ္မဒီယဟ်၏ အမိန့်ဖြစ်ပြီး ဖြစ်နိုင်သည်မှာ မစီးဟ် ؑ ၏ သာသနာတွင် တားမြစ်ချက်မရှိခဲ့’ ဟု ဖြစ်နိုင်ပေသည်။ အခြားဖြစ်နိုင်ခြေရှိသည့် အချက်မှာ ‘၎င်းတို့သည် ဥစ္စာပစ္စည်းများကို ပိုင်ဆိုင်သူ (သို့) တိရစ္ဆာန်များ ပိုင်ဆိုင်သူဖြစ်ပြီး ထိုအရာများကို

စောင့်ရှောက်ရန် မွေးထားသည့် ခွေး' ဖြစ်ပေမည်။ ခွေးသည် သစ္စာရှိသော သတ္တဝါဖြစ်သည်ဟု ကျော်ကြားသည့်အလျောက် ၎င်းတို့သည် မြို့မှ ထွက်ခွာလာကြသည့်အခါ ထိုခွေးသည်လည်း ၎င်းတို့နှင့်အတူ လိုက်ပါလာခြင်း ဖြစ်နိုင်သည်။

ကောင်းမြတ်သော သူတော်စင် အသိုင်းအဝိုင်း၏ 'ဗရ်ကသ်' မင်္ဂလာတော်များဖြင့် ထိုအသျှင်မြတ်သည် ခွေး၏ သိက္ခာအဆင့်အတန်းကိုပင် တိုးမြှင့်ပေးတော်မူခြင်း

အိဗ်နေအဿီယဟ် (ရဟ) က မိန့်ဆိုခဲ့သည်။ ကျွန်ုပ်၏ဖခင်က ပြောဆိုသည်မှာ 'ကျွန်ုပ်သည် အဗူလ်ဖဒ္ဒလ်၏ ဂျောင်ဟရီ၏ 'ဝအဇ္ဇ်'ကို ဟီဂျရီ ၄၆၉ ခုနှစ် အီဂျစ်၏ ဂျာမေဇလီအတွင်း၌ ကြားခဲ့ရသည်။ ၎င်းသည် 'မင်နံဗရ်'ပေါ်တွင် ထိုင်လျက် 'အကြင်သူသည် ကောင်းမြတ်သူတို့အား ချစ်ခင်မှုထားပါလျှင် ထိုကောင်းမြတ်သူတို့၏ ကောင်းမှုကုသိုလ်မှ ဝေစုတစ်ပုံသည် ထိုချစ်ခင်သူအဖို့လည်း ရှိသည်။ 'အဆ္ဟာဗ အဲကဟဖ်' တို့၏ ခွေးသည် ၎င်းတို့အား ချစ်ခင်၍ ၎င်းတို့နှင့်အတူ လိုက်ပါလာခဲ့ရာ အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်တွင် ထိုခွေး၏ အကြောင်းကိုလည်း တင်ပြထားခြင်းကို ကြည့်လျှင် သိရှိနိုင်ပေသည်။

ကုရ်သုဗီ (ရဟ) သည် မိမိ၏ သဖ်စီးရ်ကျမ်းတွင် အိဗ်နေအဿီယဟ်၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ပြီးနောက် 'ခွေးတစ်ကောင်သည်ပင် သူတော်စင်၊ သူတော်ကောင်းတို့၏ အသိုင်းအဝိုင်း၌ နေထိုင်ခြင်းဖြင့် ဤအဆင့်အတန်း ရရှိသည်ဆိုလျှင် မုအ်မင်န်နှင့် တစ်ပါးတည်းအသျှင်မြတ်အား လက်ခံယုံကြည်သူမွတ်စ္စလင်မ်များအဖို့ ဝလီသူတော်စင်တို့အပေါ် ချစ်ခင်မှုထားကြသည်ဆိုလျှင် ၎င်းတို့အဖို့ မည်မျှ အဆင့်အတန်းမြင့်မားမည်ကို အသင်တို့ နှိုင်းယှဉ်ကြည့်လျှင် သိရှိနိုင်ပါသည်။ ထို့ပြင်မက ဤဖြစ်ရပ်တွင် 'မိမိတို့၏ လုပ်ဆောင်ချက် ကျင့်စဉ်များ၌ ချွတ်ချော်အားနည်းခြင်း၊ လျော့နည်းခြင်းများ ရှိသော်လည်း တမန်တော်မြတ် ﷺ အား အပြည့်အဝ ချစ်ခင်မှုထားသည့် မွတ်စ္စလင်မ်များအတွက် နှစ်သိမ့်ခြင်းနှင့် သတင်းကောင်း ပေးခြင်း ဖြစ်သည်'ဟု မိန့်ဆိုထားသည်။

ဘိုခါရီကျမ်းတွင် ဟဇရသ်အနတ်စ် ؓ ၏ ဆင့်ပြန်ချက်ကို ဖော်ပြထားသည်မှာ 'ကျွန်ုပ်သည် တမန်တော်မြတ် ﷺ နှင့်အတူ တစ်နေ့တွင် ဗလီမှ ထွက်ခဲ့သည်။ ဗလီတံခါးဝတွင် လူတစ်ဦးနှင့် တွေ့ဆုံခဲ့သည်။ ထိုလူက 'အို၊ တမန်တော်မြတ်၊ 'ကေယာမသ်'နေ့သည် မည်သည့်အချိန်တွင် ဖြစ်ပါမည်နည်း' ဟု မေးမြန်းလျှောက်ထားရာ ကိုယ်တော်မြတ် ﷺ က 'အသင်သည် 'ကေယာမသ်'နေ့အတွက် မည်သည့်အရာများ ပြင်ဆင်ပြီးဖြစ်ပါသနည်း' ('ကေယာမသ်'ရောက်ရှိရန် အလျင်စလို ပြုနေသည်ဟု ဆိုလိုသည်) ဟု မိန့်ကြားလေရာ ထိုလူသည် စိတ်၌ အရှက်ရသွားပြီး 'ကျွန်ုပ်သည် 'ကေယာမသ်'အတွက် နမာဇ်၊ 'ရိဇာဟ်'နှင့် 'စွဒ်ကာဟ်'စသည်များအား များပြောင်စွာ စုဆောင်းခြင်း မပြုရသေးပါ။ သို့ရာတွင် ကျွန်ုပ်

သည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ တမန်တော်မြတ် ﷺ အပေါ် ချစ်ခင်မှုထားပါသည်'ဟု လျှောက်ထားလေသည်။ တမန်တော်မြတ် ﷺ က မိန့်ကြားသည်မှာ 'အကယ်၍ ဤသို့ဆိုလျှင် (နားထောင်ပါလေ။) အသင်သည် ('ကေယာမသ်'တွင်) အသင် ချစ်ခင်သူနှင့်အတူ ရှင်ပြန်ထရပေမည်။' ဟဇရသ်အနတ်စ် رضي الله عنه သခင်က 'ကျွန်ုပ်သည် တမန်တော်မြတ်ထံမှ ဤစကားကို ကြားရပြီးနောက် ပျော်ရွှင်သွားသည်မှာ အစ္စလာမ်သာသနာ လက်ခံပြီးနောက် ဤမျှ ပျော်ရွှင်မှုတစ်ခါမျှ မဖြစ်ခဲ့ဘူးပါချေ'ဟု ဖြစ်သည်။ ထို့နောက် ဟဇရသ်အနတ်စ် رضي الله عنه သခင်က ဆက်လက်၍ မိန့်သည်မှာ 'အလ်ဟမ်းဒုလိလ္လာဟ်'၊ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ် ﷺ အားလည်းကောင်း၊ အဘူဗကရ်နှင့် အုမရ် رضي الله عنه သခင်တို့အားလည်းကောင်း ချစ်ခင်မှုထားလေသည်။ အကြောင်းမှာ ('ကေယာမသ်'နေ့တွင်) ၎င်းတို့နှင့်အတူ ရှင်ပြန်ထရန် မျှော်လင့်သောကြောင့် ဖြစ်သည်'ဟု ပြောပြလေသည်။

'အဆ်ဟာဗေ့ကဟဖ်' တို့အား တွေ့မြင်ရသူများသည် ၎င်းတို့၏ အရှိန်အဝါကြောင့် ကြောက်လန့်၍ ထွက်ပြေးရလောက်အောင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား အရှိန်အဝါ ချီးမြှင့်ထားတော်မူခြင်း

لَوِاطَّلَعْتَ عَلَيْهِمْ

ဤအာယသ်တော်၏ ဦးတည်မိန့်ကြားမှုသည် လူအများအားလုံးတို့အပေါ် ရည်ရွယ်ခြင်းဖြစ်သည်။ ထို့ကြောင့် 'အဆ်ဟာဗေ့ကဟဖ်'၏ အရှိန်အဝါသည် တမန်တော်မြတ် ﷺ အပေါ် လွှမ်းမိုးနိုင်သည်ဟု မယူဆရပေ။ ဤသည် လူအများစုတို့အား ဦးတည်မိန့်ကြားခြင်းသာ ဖြစ်သည်။ အကယ်၍ အသင်တို့သည် ၎င်းတို့အား ချောင်းမြောင်းကြည့်ရှုပါလျှင် ထိတ်လန့်ကြောက်ရွံ့လျက် ထွက်ပြေးကြပေမည်။ ထို့ပြင် ၎င်းတို့၏ အရှိန်အဝါနှင့် ခြောက်ခြားခြင်းတို့သည် အသင်တို့အပေါ် လွှမ်းမိုးသွားပေမည်။

ဤသို့ ကြောက်ရွံ့ခြောက်ခြားမှုသည် 'မည်သို့ ဖြစ်ပေါ်လာသနည်း။ မည်သည့်အကြောင်းခံများဖြင့် ဖြစ်ပေါ်ရသနည်း'ဟု မေးမြန်းခြင်းသည်ပင် အလဟဿ အကျိုးမဲ့ပင် ဖြစ်သည်။ ထို့ကြောင့် ကုရ်အာန်နှင့် ဟဒီးစ်တို့တွင် ထိုအကြောင်းကို မဖော်ပြခြင်းဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် '၎င်းတို့၏ ခန္ဓာကိုယ်ပေါ်သို့ နေပူရှိန် မကျရောက်စေခြင်းသည်လည်းကောင်း၊ တွေ့မြင်သူတို့က ၎င်းတို့သည် အိပ်စက်နေကြသည်ဟု ထင်မြင်ယူဆစေခြင်းသည်လည်းကောင်း၊ ကြည့်ရှုတွေ့မြင်သူတို့သည် ၎င်းတို့အား အပြည့်အဝ မကြည့်ရှုနိုင်ဘဲ ၎င်းတို့၏ အရှိန်အဝါ ခြောက်ခြားဖွယ်ရာတို့သည် ကြည့်ရှုသူတို့အပေါ် လွှမ်းမိုးသွားစေခြင်းများကိုလည်းကောင်း ဖြစ်ပေါ်စေခြင်း ဖြစ်သည်။ ဤသို့ ဖြစ်ပေါ်ခြင်းများသည် သဘာဝအလျောက် ဖြစ်ပေါ်လေ့ရှိသော လမ်းကြောင်းမှလည်း ဖြစ်နိုင်သည်။ သဘာဝနှင့် ဆန့်ကျင်သော ၎င်းတို့၏ 'ကရာမသ်'လမ်းကြောင်းမှလည်း ဖြစ်နိုင်

သည်။ ကုရ်အာန်နှင့် ဟဒီးစ်တော်တို့သည် ထိုအကြောင်းနှင့် စပ်လျဉ်း၍ အထူးအကြောင်း တစ်စုံတစ်ရာ သတ်မှတ်ထားခြင်း မပြုသောအခါ သုံးသပ်ခြင်းများနှင့်ဖြစ်စေ၊ ခန့်မှန်းခြင်းများအရဖြစ်စေ၊ အငြင်းအခုန် ပြုခြင်းမှာ အကျိုးမဲ့လုပ်ရပ် ဖြစ်သည်။ သဖ်စီးရ်မဇွဟရီကျမ်းတွင် ဤသည်ကိုပင် ဦးစားပေးထားသည်။ ထိုအချက်အား ထောက်ခံသူများနှင့် အိဗ်နေအဘီရှိုင်ဗာဟ်၊ အိဗ်နေမွန်ဇိရ်နှင့် အိဗ်နေအဘီဟာသင်မ်၏ စနဒ်ဖြင့် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ၏ ဖြစ်ရပ်ကို ဖော်ပြထားသည်မှာ ယင်းဖော်ပြချက်တွင် အိဗ်နေ အဗ္ဗားစ် ﷺ သခင်က မိန့်ဆိုထားပေသည်။ ၎င်းမှာ ကျွန်ုပ်တို့သည် ရောမတို့နှင့် ရင်ဆိုင်ရန် ဟဇရသ် မုအာဝိယာဟ် ﷺ သခင်နှင့်အတူ ဂဇ်ဝသွလ်မုဒ္ဒိးက်အမည်ဖြင့် ကျော်ကြားသည့် 'ဂျိဟားဒ်' စစ်ပွဲ ဆင်နွှဲ ခဲ့သည်။ ထိုစစ်ပွဲသို့ သွားရာ လမ်းခရီးတွင် ကျွန်ုပ်တို့၏ ဖြတ်သန်းမှုသည် 'အဆ်ဟားဗေ့ကဟဖ်' ရှိရာ လိုဏ်ဂူအနီးမှ ဖြစ်သည်။

ဟဇရသ်မုအာဝိယာဟ် ﷺ သည် 'အဆ်ဟားဗေ့ကဟဖ်'အား လေ့လာကြည့်ရှုရန် ဂူအတွင်းသို့ ဝင်မည်ဟု ဆန္ဒရှိနေသည်။ အိဗ်နေအဗ္ဗားစ် ﷺ သခင်က တားမြစ်လျက် 'အလ္လာဟ်အသျှင်မြတ်သည် အသင့် ထက် ကြီးမြတ်သူ၊ သာပိုမြတ်ထွတ်သည့် အဆင့်ရှိသူ (တမန်တော်မြတ် ﷺ) ကိုပင် ၎င်းတို့အား ကြည့်ရှု ခြင်းမှ တားမြစ်တော်မူခဲ့သည်ဟုပြော၍ لَوِاطَّلَعْتَ عَلَيْهِمْ ဟူသော အာယသ်တော်ကို ဖတ်ရွတ်ပြ လေသည်။ ထိုအချက်ကို ကြည့်ခြင်းဖြင့် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ထံတွင် لواطلعت عليهم ၏ ဦးတည်မှုသည် နဗီတမန်တော်မြတ် ﷺ ဖြစ်ကြောင်း သိရှိရသည်။ သို့ရာတွင် ဟဇရသ်မုအာဝိယာဟ် ﷺ သည် အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ ဤတင်ပြချက်ကို လက်မခံခဲ့ပေ။ (ဖြစ်နိုင်သည်မှာ မုအာဝိယာဟ် ﷺ သည် အာယသ်တော်၏ ဦးတည်မိန့်ကြားချက်သည် လူအများစုတို့အပေါ်၌ ဖြစ်သည်။ တမန်တော် မြတ် ﷺ ၏ နေရာတွင် လူအများကို ဦးတည်မိန့်ကြားသည်ဟု သတ်မှတ်ခြင်းဖြစ်ပေမည်။ (သို့) ဤအခြေ အနေအား ကုရ်အာန်ကျမ်းတော်မြတ်က တင်ပြခြင်းမှာ 'အဆ်ဟားဗေ့ကဟဖ်'တို့ အသက်ရှင်လျက် အိပ်စက်နေစဉ်က ဖြစ်သည်။ ယခုမူ ၎င်းတို့သေဆုံးခဲ့ပြီး ဖြစ်သည်။ ယခုတွင်လည်း ၎င်းတို့၏ အရှိန်အဝါ နှင့် ခြောက်ခြားဖွယ် အခြေအနေများ ရှိနေသေးသည်ဟု ထင်မှတ်ရန် အရေးမကြီးပေ' ဟု ယူဆခြင်း ကြောင့် ဖြစ်သည်။ မည်သို့ပင်ဆိုစေ) ဟဇရသ်မုအာဝိယာဟ် ﷺ သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင် ၏ ပြောကြားချက်ကို လက်မခံခဲ့ပေ။ ထို့နောက် လူအချို့တို့အား 'အဆ်ဟားဗေ့ကဟဖ်' ကို သွားရောက် ကြည့်ရှုလေ့လာရန် စေလွှတ်လိုက်သည်။ ထိုသူတို့သည် ဂူအတွင်းသို့ ဝင်လိုက်သည်နှင့် အလ္လာဟ်အသျှင်မြတ် သည် ၎င်းတို့အပေါ်သို့ အလွန်ပြင်းထန်သည့် လေပူမုန်တိုင်းတစ်ခုကို ဖြစ်ပေါ်ရောက်ရှိစေတော်မူလိုက် သည်။ ထို့ကြောင့် ၎င်းတို့သည် မည်သည့်အရာကိုမျှ မတွေ့မြင်နိုင်ကြတော့ပေ။ *[မဇ္ဟရီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَكَذَٰلِكَ بَعَثْنَٰهُمْ لِيَتَسَآءَلُوا۟ بَيْنَهُمْ ۚ قَالَ قَآئِلٌ مِّنْهُمْ
كَمْ لَبِثْتُمْ ۖ قَالُوا۟ لَبِثْنَا يَوْمًا أَوْ بَعْضَ يَوْمٍ ۚ قَالُوا۟ رَبُّكُمْ
أَعْلَمُ بِمَا لَبِثْتُمْ فَٱبْعَثُوٓا۟ أَحَدَكُم بِوَرِقِكُمْ هَٰذِهِۦٓ
إِلَى ٱلْمَدِينَةِ فَلْيَنظُرْ أَيُّهَآ أَزْكَىٰ طَعَامًا فَلْيَأْتِكُم بِرِزْقٍ
مِّنْهُ وَلْيَتَلَطَّفْ وَلَا يُشْعِرَنَّ بِكُمْ أَحَدًا ⑲

၁၈ : ၁၉ ။ ။ ၎င်းပြင် ဤနည်းနှင့် ငါအသျှင်မြတ်သည် ထိုသူတို့အား ၎င်းတို့အချင်းချင်း တစ်ဦးကိုတစ်ဦး မေးမြန်းကြရန်အလို့ငှာ (ပြန်လည်၍) နိုးထစေတော်မူခဲ့၏။ (ထိုအခါ) ၎င်းတို့အနက် တစ်ဦးက 'အသင်တို့သည် (ဤအခြေအနေတွင်) အဘယ်မျှလောက် (အချိန်ကာလတိုင်အောင်) အိပ်ပျော်နေခဲ့ကြသနည်း' ဟု ပြောဆိုမေးမြန်းခဲ့ရာ ထိုသူတို့ (အနက် အချို့) က 'ကျွန်ုပ်တို့သည် တစ်နေ့ သို့မဟုတ် နေ့၏ တစ်စိတ်တစ်ဒေသမျှပင် အိပ်နေခဲ့ကြပေသည်' ဟု ဖြေကြားခဲ့လေသည်။ (ထိုအခါ) ၎င်းတို့အနက် အချို့ (သူ) တို့ကမူ (ဤသို့) ပြောဆိုခဲ့ကြလေသည်။ (စင်စစ်) အသင်တို့ အိပ်ပျော်နေခဲ့ကြသော အချိန်ကာလကို အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည်သာလျှင် အသိဆုံးပင် ဖြစ်တော်မူပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် (ယခု) မိမိတို့အနက် တစ်ဦးဦးကို မိမိတို့၏ ဤငွေဒင်္ဂါးကို ပေး၍ မြို့ထဲသို့ စေလွှတ်ကြလေကုန်။ သို့ စေလွှတ်ခဲ့လျှင် မည်သည့်အစားအစာသည် အစင်ကြယ်ဆုံးဖြစ်သည်ကို ကြည့်ရှုပြီးနောက် ထိုသူသည် စားဖွယ်အချို့ကို အသင်တို့ထံ ယူဆောင်လာခဲ့ရမည်။ သို့ရာတွင် ထိုသူတို့သည် (မြို့ထဲသို့ သွားရာ၌ မြို့သူ၊ မြို့သားတို့ လုံးဝ သံသယမဖြစ်ကြစေရန်) ပရိယာယ်ကျင့်သုံးရမည်။ ၎င်းပြင် ထိုသူသည် အသင်တို့နှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မသိရှိစေရ။

إِنَّهُمْ إِن يَظْهَرُوا۟ عَلَيْكُمْ يَرْجُمُوكُمْ أَوْ يُعِيدُوكُمْ
فِى مِلَّتِهِمْ وَلَن تُفْلِحُوٓا۟ إِذًا أَبَدًا ⑳

၁၈ : ၂၀ ။ ။ (အဘယ်ကြောင့်ဆိုသော်) အကယ်၍ ၎င်းတို့သည် အသင်တို့နှင့် ပတ်သက်၍ သိသွားခဲ့ကြပါလျှင် ထိုသူတို့သည် အသင်တို့အား ခဲဖြင့် ပစ်ပေါက်၍ သတ်ခြင်းကိုသော်လည်းကောင်း၊ မိမိတို့၏ ဘာသာ သာသနာထဲသို့ ပြန်လည် သိမ်းသွင်းခြင်းကိုသော်လည်းကောင်း ပြုလုပ်ကြမည် ဖြစ်သောကြောင့်ပင် (ဖြစ်၏။ အကယ်၍ ထိုကဲ့သို့ ဖြစ်ခဲ့ပါလျှင်) အသင်တို့သည် မည်သည့်အခါမျှပင် အောင်မြင်ကြမည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် (ငါအသျှင်မြတ်သည် မိမိ၏ ပြည့်စုံကုံလုံသော တန်ခိုးတော်များဖြင့် ၎င်းတို့အား ကာလရှည်ကြာစွာ အိပ်စက်စေတော်မူသကဲ့သို့) အလားတူ (ထိုကာလရှည်ကြာစွာ အိပ်စက်ပြီးနောက်) ငါအသျှင်မြတ်သည် ၎င်းတို့အား နိုးကြားစေတော်မူခဲ့သည်။ သို့မှသာ ၎င်းတို့အချင်းချင်း မေးမြန်းမှုများ ပြုလုပ်ကြ

ပေမည်။ (ထိုသို့ ၎င်းတို့အချင်းချင်း မေးမြန်းခြင်း၊ ဖြေကြားခြင်းများ ပြုကြပြီးနောက် ၎င်းတို့အဖို့ အလ္လာဟ် အသျှင်မြတ်၏ တန်ခိုးတော်နှင့် အမြော်အမြင်တို့ကို သိရှိနိုင်ကြပေမည်ဖြစ်သည်။ သို့ရှိရာ) ၎င်းတို့အနက် ပြောဆိုသူတစ်ဦးက ပြောဆိုသည်မှာ (ဤအိပ်စက်နေသည့် အခြေအနေတွင်) အသင်တို့သည် မည်မျှ နေခဲ့ကြရပါသနည်း။ (ဖြေကြားရာတွင်) အချို့က ပြောဆိုကြသည်မှာ (အများဆုံး) တစ်ရက် (သို့) တစ်ရက်ထက် လျော့နည်းစွာ နေခဲ့ကြသည်ဖြစ်ပေမည်။ ၎င်းတို့အနက် အချို့သူတို့က ပြောဆိုသည်မှာ (ထိုအကြောင်းကို ရှာဖွေနေရန် အဘယ်မှာ လိုအပ်ပါသနည်း။) ဤအကြောင်းကိုမူ (တိကျမှန်ကန်စွာ) အသင်တို့အား ဖန်ဆင်း မွေးမြူတော်မူသော အသျှင်မြတ်သည်သာ အသင်တို့ မည်မျှ (အိပ်စက်) နေခဲ့ကြသည်ကို သိတော်မူပါသည်။ ယခု (ဤအကျိုးမဲ့သည့် ငြင်းခုန်မှုကို စွန့်လွှတ်၍ အရေးကြီးသော အလုပ်ကို ပြုလုပ်ကြရပါမည်။ ထိုအလုပ်မှာ) မိမိတို့ထံမှ လူတစ်ဦးကို ဤပိုက်ဆံများ (ပြောဆိုသူ၏ထံတွင် ရှိနေပေမည်။ အကြောင်းမှာ ၎င်းတို့သည် တစ်စုံတစ်ရာ သုံးစွဲရန် ပိုက်ဆံများ ယူလာခဲ့ခြင်းကြောင့် ဖြစ်သည်။ အချုပ်မှာ လူတစ်ဦးအား ဤပိုက်ဆံများ) ပေး၍ မြို့ပေါ်သို့ စေလွှတ်လိုက်ပါ။ ထို့နောက် (ထိုသူသည် မြို့သို့ ရောက်ပြီး) မည်သည့်အစားအစာသည် 'ဟလာလ်'ဖြစ်သည်ကို လေ့လာဆန်းစစ်လျက် (ဤနေရာတွင် 'အဇ်ကာ'ဟူသော စာလုံး၏ ဖွင့်ဆိုချက်ကို အိဗ်နေဂျရီးရ်၏ ဆင့်ပြန်ချက်ဖြင့် ဟဇရသ်စအီးဒ် ဗင်န် ဂျုဗိုင်ရ်ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'အဇ်ကာ'၏ အလိုသဘောမှာ 'ဟလာလ်'အစားအစာကို ဆိုလိုခြင်းဖြစ်သည်။ ထိုသို့ ဆိုရခြင်းမှာ ရုပ်ပွားဆင်းတုများ ကိုးကွယ်သည့် ၎င်းတို့၏ အမျိုးသားများသည် များသောအားဖြင့် မိမိတို့၏ 'ဗုဒ်'ရုပ်များ၏ အမည်ဖြင့် 'ဇဗာဟ်'ပြုလုပ်လေ့ရှိကြသည်။ ထို့နောက် ဈေးတွင် အများအားဖြင့် ဤ 'ဟရာမ်'အသားကိုပင် ရောင်းချလေ့ရှိကြသောကြောင့် ဖြစ်သည်။) ထိုသူသည် ထို 'ဟလာလ်'အစားအစာများအနက် အသင်တို့ထံသို့ စားသောက်ဖွယ်အချို့ကို ယူဆောင်လာရမည်။ ထို့အပြင် ထိုသူသည် အလုပ်ကို ပရိယာယ်သုံး၍ ပြုလုပ်ရမည်။ (အဘယ်ကြောင့်ဆိုသော် ၎င်းအား မည်သူကမျှ မသိရှိကြစေ ရန်ဖြစ်သည်။ စားဖွယ်ရာများကို လေ့လာဆန်းစစ်ရာ၌လည်း 'ဗုဒ်'ရုပ်၏အမည်ဖြင့် 'ဇဗာဟ်'ပြုလုပ်ခြင်းကို 'ဟရာမ်'သတ်မှတ်ကြောင်း မပေါ်လွင်စေရန် ဖြစ်သည်။) ထို့အပြင် မည်သူကမျှ အသင်တို့အား မသိစေရ။ (အဘယ်ကြောင့်ဆိုသော်) အကယ်၍ ထိုသူများသည် (မြို့ပေါ်၌ နေသူတို့အား မိမိတို့ ခေတ်အခါ က မုန်ရှိရစ်က်များပင် ဖြစ်သည်ဟု ယူဆကြသောကြောင့် ဖြစ်သည်။) အသင်တို့အကြောင်း သိရှိသွားပါလျှင် အသင်တို့အား ခဲပေါက်သတ်ခြင်းကို ပြုကြလိမ့်မည်။ (သို့မဟုတ် အတင်းအဓမ္မ) အသင်တို့အား မိမိတို့၏ သာသနာ့လမ်းစဉ်တွင် ပြန်လည် သွပ်သွင်းကြလိမ့်မည်။ ဤသို့သာဖြစ်လျှင် အသင်တို့သည် အဘယ်အခါမျှ အောင်မြင်ကြတော့မည်မဟုတ်ပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

كَذَٰلِكَ ဤစာလုံးသည် ပမာခိုင်းနှိုင်းခြင်းနှင့် နှိုင်းယှဉ်ခြင်းတို့အတွက် သုံးနှုန်းသော စာလုံးဖြစ်သည်။ ဤနေရာတွင် ဖြစ်ရပ်နှစ်ခုကို ပမာခိုင်းနှိုင်းလျက် တင်ပြသည့် သဘောဖြစ်သည်။ ဖြစ်ရပ်တစ်ခုမှာ 'အဆွ်ဟာဗေ့ကဟဖ်'တို့၏ ကာလရှည်ကြာစွာ အိပ်စက်ခြင်းဖြစ်သည်။ ထိုအကြောင်းသည် ဖြစ်ရပ်၏ အစတွင်

فَضَرَبْنَا عَلَىٰٓ اٰذَانِهِمْ فِى الْكَهْفِ سِنِيْنَ عَدَدًا

ဟု လာရှိထားသည်။ ဒုတိယဖြစ်ရပ်မှာ ထိုကာလရှည်ကြာစွာ အိပ်စက်ပြီးနောက် အစာအဟာရ မရရှိဘဲ အကောင်းပကတိနှင့် ကျန်းမာသန်စွမ်းစွာ ထလာခြင်းနှင့် နိုးကြားလာခြင်းဖြစ်သည်။ ဤဖြစ်ရပ်နှစ်ခုသည် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်များ၏ သက်သေလက္ခဏာတော်များဖြစ်ခြင်းတွင် ပမာခိုင်းနှိုင်းတင်ပြခြင်းဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်တွင် ၎င်းတို့၏ နိုးကြားလာခြင်းကို တင်ပြမိန့်ကြားသည့်အခါ كَذٰلِكَ ဟူသော စာလုံးဖြင့် '၎င်းတို့၏ အိပ်စက်ခြင်းသည် လူသားတို့၏ အိပ်စက်ခြင်းမျိုး မဟုတ် သကဲ့သို့ ၎င်းတို့၏ နိုးကြားခြင်းသည်လည်း လူတို့၏ သဘာဝအလေ့အထနှင့်လည်း ခြားနားမှုရှိသည်။ ထို့နောက် لِيَتَسَاءَلُوْا ဟု မိန့်ကြားရာ၌ ၎င်း၏ အဓိပ္ပာယ်မှာ 'သို့မှသာ ဤသူတို့သည် အိပ်စက်ခြင်း၌ မည်မျှ ကြာခဲ့သနည်း' ဟု တစ်ဦးနှင့်တစ်ဦး အချင်းချင်း မေးမြန်းကြမည်' ဟု ဖြစ်သည်။ ဤသည်မှာ ၎င်းတို့၏ နိုးကြားခြင်း၏ အကြောင်းခံမဟုတ်ပေ။ ထိုမျှမက အလေ့အထအရ ဖြစ်ပေါ်လာသည့် ဖြစ်ရပ်တစ်ခု ဖြစ်သည်။ ထို့ကြောင့် ၎င်း၏ لام 'လာမ်' အက္ခရာကို အဖွင့်ပညာရှင်များက لام عاقبت 'လာမေ့အာကိဗသ်' (သို့) لامعا صيرورت 'လာမေ့ဆွိုင်ရူရသ်' ဟု အမည်ပေးထားသည်။ *[အဘူဟိုင်ယာန်၊ ကုရ်သုဗီ]*

အချုပ်ဆိုရသော် ၎င်းတို့၏ ကာလရှည်ကြာစွာ အိပ်စက်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်၏ လက္ခဏာတော်များ ဖြစ်သကဲ့သို့ နှစ်ရာပေါင်းများစွာ ကြာမြင့်ပြီးနောက် အစာအဟာရတစ်စုံတစ်ရာမရှိဘဲလျက် ကျန်းမာသန်စွမ်းစွာ နိုးကြားလျက် ထ၍ ထိုင်လိုက်ခြင်းသည်လည်း ပြည့်စုံကုံလုံသည့် တန်ခိုးတော်များ၏ လက္ခဏာပင် ဖြစ်ပေသည်။ ထို့အပြင် 'ကုဒ်ရသ်' တန်ခိုးတော်၏ လိုလားချက်မှာ ထိုသူတို့ကိုယ်တိုင်သည်လည်း ဤမျှ နှစ်ပေါင်းရာချီ၍ ကြာမြင့်စွာ အိပ်စက်ခဲ့သည်ဖြစ်ရာ နိုးကြားမှု၏ အစတွင် အချင်းချင်း မေးမြန်းမှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် အဆိုပါဖြစ်ရပ်၏ နောက်ဆုံးဖြစ်စဉ်သည် وَكَذٰلِكَ اَعْثَرْنَا အာယသ်တော်၌ လာရှိသည့် ဖြစ်ရပ်အရ မြို့ပေါ်ရှိ လူများရှေ့တွင် ၎င်းတို့၏ လျှို့ဝှက်ချက်များ ပေါ်လွင်သွားသည်။ ထို့နောက် အိပ်စက်မှု ကာလကြာရှည်ခြင်း၌ ကွဲလွဲမှုရှိသည့်တိုင် ကာလရှည်ကြာစွာ လိုဏ်ဂူတွင် အိပ်စက်ခဲ့ကြကြောင်း အားလုံးကို ယုံကြည်သွားကြစေခြင်းအလို့ငှာ ဇစ်မြစ်ကို သိရှိသွားစေရန် ဖြစ်သည်။

قَالَ قَآئِلٌ مِّنْهُمْ

ဖြစ်ရပ်၏ အစတွင် ဂူအတွင်း၌ နေထိုင်ခဲ့သည့် ကာလနှင့် စပ်လျဉ်း၍ အချင်းချင်း ကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည့် အကြောင်းကို အကျဉ်းချုံး၍ ဖော်ပြထားသည်။ ၎င်းတို့အနက် အုပ်စုတစ်စု၏ အဆိုမှာ မှန်ကန်သည့်အဆိုဖြစ်သည်။ 'အဆွ်ဟာဗေ့ကဟဖ်' တို့အနက် တစ်ဦးက 'အသင်တို့သည် မည်မျှရှည်ကြာစွာ အိပ်စက်ခဲ့ကြသနည်း' ဟု မေးမြန်းလေရာ အချို့က တစ်နေ့ (သို့) တစ်နေ့၏ အစိတ်အပိုင်းအချို့' ဟု

ဖြေကြားခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် နံနက်အချိန်၌ ဂူအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ နိုးကြားလာသည့်အချိန်တွင် ညနေခင်းဖြစ်သည်။ ထို့ကြောင့် ထိုနိုးကြားသည့်နေ့တွင် ဂူအတွင်းသို့ ဝင်ရောက်သည့်နေ့ဟုပင် ထင်မြင်ယူဆကြခြင်း ဖြစ်သည်။ အိပ်စက်သည့် ကာလသည် ခန့်မှန်းခြေတစ်နေ့သာ ဖြစ်သည်ဟု ယူဆကြခြင်း ဖြစ်သည်။ သို့သော်လည်း ၎င်းတို့အတွင်းမှ လူအချို့တို့ကပင် 'ဤနိုးကြားသည့်နေ့သည် ဂူအတွင်းသို့ ဝင်သည့်နေ့ မဟုတ်ကြောင်း အနည်းငယ် ခံစားမိကြပြီး တစ်ဖန် ရက်မည်မျှကြာမြင့်သွားသည်ကိုကား မသိကြပေ။ ထို့ကြောင့် ၎င်းတို့၏ အသိအား အလ္လာဟ်အသျှင်မြတ်အပေါ်၌ ပုံအပ်လိုက်ကြခြင်း ဖြစ်သည်။

قَالُوا رَبُّكُمْ اَعْلَمُ بِمَا لَبِثْتُمْ

ထိုသို့ ငြင်းခုံခြင်းအား အရေးမကြီးသော လုပ်ရပ်ဟု မှတ်ယူလျက် မြို့မှ စားသောက်ဖွယ်ရာအချို့ ယူဆောင်လာရန် လူတစ်ဦးကို စေလွှတ်ပြီး အဓိကအလုပ်ဘက်သို့ အာရုံထည့်ပေးလိုက်ခြင်း ဖြစ်သည်။

اِلَى الْمَدِيْنَةِ

ထိုစာလုံးအရ ၎င်းတို့နေထိုင်သည့် လိုဏ်ဂူအနီးတွင် မြို့ကြီးတစ်မြို့ရှိကြောင်း အတည်ဖြစ်ပေသည်။ ထိုမြို့၏ အမည်နှင့် စပ်လျဉ်း၍ အဘူဟိုင်ယားန်က သဖ်စီးရ်ဗဟရ်မုဟီးသ်တွင် မိန့်ဆိုထားသည်မှာ 'ထိုမြို့မှ 'အဆွဟားဗေ့ကဟဖ်'တို့ ထွက်ခွာသည့်အချိန်တွင် ထိုမြို့၏ အမည်မှာ اَفْسُوْس 'အဖ်စူးစ်'ဖြစ်သည်။ ယခုမူ ထိုမြို့၏အမည်မှာ طَرَسُوْس 'သွရ်စူးစ်'ဖြစ်သည်။

ကုရ်သုဗီသည် မိမိ၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် မိန့်ဆိုသည်မှာ ရုပ်တုကိုးကွယ်သူများ ဤမြို့၌ လွှမ်းမိုးအုပ်ချုပ်စဉ်နှင့် အမှောင်ခေတ်တွင် ထိုမြို့၏အမည်မှာ افسوس 'အဖ်စူးစ်'ဖြစ်သည်။ ထို့နောက် ယခု ဤခေတ်တွင် မွတ်စ္စလင်မ် (အီစာအီ) များသည် ထိုမြို့အား လွှမ်းမိုးအုပ်ချုပ်လာသည့်အခါ ထိုမြို့၏ အမည်ကို طَرَسُوْس 'သွရ်စူးစ်'ဟု ထားခဲ့ကြသည်။

بِوَرِقِكُمْ ဖြင့် သိရှိရသည်မှာ ဤသူများသည် လိုဏ်ဂူ၌ ဝင်ရောက်ခဲ့စဉ်က ၎င်းတို့နှင့်အတူ ငွေကြေးအချို့ ယူဆောင်ခဲ့ကြသည်။ ထိုအချက်ကို ကြည့်ခြင်းဖြင့် အရေးကြီးသည့် သုံးစွဲမှုများအတွက် အလေးအနက်ထား၍ စီမံခြင်းသည် လောကီရေးစွန့်လွှတ်၍ အသျှင်မြတ်အပေါ် ယုံပုံအားကိုးခြင်းနှင့် ဗီလာဆန့်ကျင်ခြင်း မဖြစ်ကြောင်း သိရှိရပေသည်။ *[ဗဟရ်မုဟီးသ်ကျမ်း]*

اَيُّهَا اَزْكٰى طَعَامًا

اَزْكٰى ဟူသော စာလုံး၏ တစ်လုံးချင်းအဓိပ္ပာယ်မှာ 'သန့်ရှင်းစင်ကြယ်ခြင်း'ဟု ဖြစ်သည်။ ၎င်း၏ အလိုသဘောမှာ အိဗ်နေဂျုဗိုင်းရ် (ရဟ) ၏ သဖ်စီးရ်အရဆိုလျှင် 'ဟလာလ်'အစားအစာကို ဆိုလိုသည်။ 'ဟလာလ်'အစားအစာ ယူဆောင်လာရန် တောင်းဆိုရခြင်းမှာ ၎င်းတို့သည် မိမိတို့မြို့၌

ထွက်ခဲ့စဉ်က ထိုမြို့တွင် 'ဗုဒ်'ရုပ်များ၏ အမည်ဖြင့် 'ဇဗာဒ်'ပြုလုပ်လေ့ ရှိကြသည်။ ထိုအသားများ၊ အစားအစာများသည်ပင် ဈေး၌ ရောင်းချလေ့ရှိခဲ့ကြသည်။ ထို့ကြောင့် မြို့သို့ သွားသည့်သူအား 'ဟလာလ်' အစားအစာ ဟုတ်၊ မဟုတ်ကို သေချာစွာ ဆန်းစစ်ပြီးမှ ယူဆောင်လာရန် အလေးအနက်ထားလျက် မှာကြားခြင်းဖြစ်သည်။

ဓမ္မသတ် ။ ။ မြို့တစ်မြို့၊ ဈေးတစ်ဈေးနှင့် စားသောက်ဆိုင်အများစုတွင် 'ဟရာမ်'အစားအစာများသာ ရှိသည်ဆိုပါက ထိုနေရာဒေသတွင် လေ့လာဆန်းစစ်ခြင်းမပြုဘဲ စားသောက်ခြင်းမပိုင်ကြောင်း သိရှိရပေသည်။

أَوْيَرْجُمُوْكُمْ

رَجْم 'ရဂျ်မ်'၏ အဓိပ္ပာယ်မှာ ခဲပေါက်ခြင်းဖြစ်သည်။ ၄င်းတို့ လိုဏ်ဂူ၌ သွားရောက် ခိုအောင်းခြင်းမပြုမီ ၄င်းတို့အား ဘုရင်က 'အသင်တို့သည် မိမိတို့၏ သာသနာကို စွန့်လွှတ်ခြင်းမပြုပါက သတ်ဖြတ်ခြင်း ခံရလိမ့်မည်'ဟု ခြိမ်းခြောက်ခဲ့သည်။ ထိုအာယသ်တော်အားဖြင့် သိရှိရသည်မှာ 'ထိုဘုရင်ထံတွင် ၄င်းတို့၏ သာသနာမှ ထွက်ခွာသွားသူအား ခဲပေါက်၍ သတ်ခြင်း၏ ပုံသဏ္ဍာန်ဖြင့် သေဒဏ်ပေးလေ့ ရှိကြသည်။ သို့မှသာ လူအားလုံးတို့သည် ထိုလူအား ခဲပေါက်၍ သေဒဏ်ပေးခြင်း၌ ပါဝင်နိုင်ကြပေမည်။ ဤသို့ဖြင့် တစ်မျိုးသားလုံးသည် မိမိတို့၏ အမျက်ဒေါသတို့ကို ထုတ်ဖော်လျက် သတ်ဖြတ်ကြသည်။ အစ္စလာမ့်တရားတော်တွင်လည်း ရာဇဝင်ပြုပြီးသူ အမျိုးသား အမျိုးသမီးတို့၏ ဇိနာကျူးလွန်ခြင်း၏ အပြစ်ဒဏ်ကိုလည်း ကျောက်ခဲဖြင့် ပစ်ပေါက်၍ သတ်ဖြတ်ခြင်းကို ရွေးချယ်ခဲ့သည့် ရည်ရွယ်ချက်မှာလည်း 'အရှက်သိက္ခာတရား၏ အကာအကွယ်အားလုံးကို ချိုးဖျက်လျက် ဤဆိုးယုတ်သည့် လုပ်ရပ်ကို ကျူးလွန်သူအား သတ်ဖြတ်ပါလျှင် အများလူထု၏ မြင်ကွင်း၌ လူအားလုံး ပါဝင်ခြင်းနှင့်အတူ သတ်ဖြတ်ရမည်။ သို့မှသာ ထိုသူအဖို့ သေးသိမ်မှုလည်း အပြည့်အဝ ဖြစ်မည်။ ထို့ပြင် မွတ်စ္လင်မ်အားလုံးသည် လက်တွေ့ကျကျ မိမိတို့၏ ဒေါသအမျက်တို့ကို ပေါ်လွင်စေနိုင်မည်။ သို့မှသာ နောင်အခါ၌ လူထုသည် ထိုလုပ်ရပ်ဘက်သို့ မလှည့်တော့ရန် ရည်ရွယ်လျက် သတ်မှတ်ခြင်းဖြစ်ပေမည်။

فَابْعَثُوْٓا اَحَدَكُمْ

ဤဖြစ်ရပ်တွင် 'အဆွဟားဗေ့ကဟဖ်'အုပ်စုသည် မိမိတို့အနက်မှ လူတစ်ဦးအား မြို့သို့ စေလွှတ်ရန် ရွေးချယ်ခဲ့ကြသည်။ စားသောက်ဖွယ်ရာများ ဝယ်ယူလာရန် ပိုက်ဆံများကို ထိုသူ့အား အပ်နှင်းကြသည်။ ကုရ်သုဗီသည် အိဗ်နေခုဝိုင်းဇ်မွန်ဒါးဒ်၏ အညွှန်းဖြင့် အာယသ်တော်၏ ထိုစာပိုဒ်မှ ဖိကာဟ်ဆိုင်ရာ ဓမ္မသတ်အချို့ကို ကောက်နုတ်တင်ပြခဲ့သည်။

အချို့ဓမ္မသတ်များ

(၁) ဥစ္စာပစ္စည်းတွင် အစုစပ်ပြုခြင်း ဗိုင်သည်။ အကြောင်းမှာ ဤငွေသည် အားလုံးစု၍ ပါဝင်ထားသည့် ငွေဖြစ်သောကြောင့်ပင် ဖြစ်သည်။

(၂) ပစ္စည်းဥစ္စာ၌ ကိုယ်စားလှယ်ခန့်အပ်ခြင်း ဗိုင်သည်။ စုပေါင်းပါဝင်ထားသည့် ပစ္စည်းတွင် လူတစ်ဦးသည် ကိုယ်စားလှယ်အဖြစ်နှင့် ၎င်းတို့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲမှုများ ပြုဗိုင်သည်။

(၃) မိတ်ဆွေအချို့သည် အကယ်၍ စားသောက်ဖွယ်ရာများ၌ အစုစပ်ပြုလုပ်လျှင် ဗိုင်သည်။ အမှန်စင်စစ် စားသောက်သည့် အတိုင်းအတာမှာ သဘာဝအလျောက် ကွဲပြားခြားနားမှုကား ရှိပေမည်။ အချို့မှာ များစွာ စားတတ်သူဖြစ်ပြီး အချို့မှာ အနည်းငယ်မျှသာ စားတတ်သူများလည်း ရှိပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَكَذَٰلِكَ أَعْثَرْنَا
عَلَيْهِمْ لِيَعْلَمُوٓا۟ أَنَّ وَعْدَ ٱللَّهِ حَقٌّ وَأَنَّ ٱلسَّاعَةَ لَا
رَيْبَ فِيهَآ إِذْ يَتَنَٰزَعُونَ بَيْنَهُمْ أَمْرَهُمْ فَقَالُوا۟ ٱبْنُوا۟
عَلَيْهِم بُنْيَٰنًا ۖ رَّبُّهُمْ أَعْلَمُ بِهِمْ ۚ قَالَ ٱلَّذِينَ غَلَبُوا۟
عَلَىٰٓ أَمْرِهِمْ لَنَتَّخِذَنَّ عَلَيْهِم مَّسْجِدًا ﴿٢١﴾

၁၈ : ၂၁ ။ ။ စင်စစ် ဤနည်းနှင့်ပင် ငါအသျှင်မြတ်သည် (မြို့တွင်းရှိ လူတို့အား 'အဆ်ဟာဗေကဟဖ်' အကြောင်း ဖြစ်သည့်) ၎င်းတို့နှင့် ပတ်သက်၍ သိစေတော်မူခဲ့လေသည်။ သို့မှသာလျှင် လူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်မှန်ကန်ကြောင်းကိုလည်းကောင်း၊ 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့နှင့် စပ်လျဉ်း၍ သံသယအလျဉ်း မရှိနိုင်ကြောင်းကိုလည်းကောင်း၊ သိရှိကြပေမည်။ ထိုအခါ ၎င်း (ခေတ်ကာလရှိ မြို့နေလူထု) တို့သည် ယင်း (လုလင်) တို့၏ အရေးကိစ္စနှင့် စပ်လျဉ်း၍ ငြင်းခုံနေကြကုန်၏။ ထိုအခါ (အချို့သူတို့က) ၎င်း (လုလင်) တို့၏ လိုဏ်ဂူအနီးတွင် အဆောက်အဦးတစ်ခုကို တည်ဆောက်ကြလေကုန်။ အသျှင်မြတ်သည်သာလျှင် ၎င်းတို့အကြောင်းကို ကောင်းစွာ သိရှိတော်မူသည်ဟု ပြောဆိုခဲ့ကြကုန်၏။ သို့ရာတွင် မိမိတို့၏ အရေးကိစ္စ၌ အောင်မြင်ခဲ့ကြကုန်သော သူတို့က ကျွန်ုပ်တို့မှု ယင်း (လုလင်) တို့၏ လိုဏ်ဂူအနီးတွင် ဝတ်ကျောင်းတစ်ခုကို မုချ တည်ဆောက်ကြမည်ဟု ပြောဆိုခဲ့ကြကုန်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် (ငါအသျှင်မြတ်သည် မိမိ၏ တန်ခိုးတော်ဖြင့် ၄င်းတို့အား အိပ်စက်စေတော်မူသကဲ့သို့ နိုးကြားစေခြင်းကိုလည်း ပြုတော်မူခဲ့သည်။) အလားတူ ငါအသျှင်မြတ်သည် (မိမိ၏ တန်ခိုးတော်နှင့် အမြော်အမြင်တို့ဖြင့် ထိုခေတ်အခါရှိ) လူတို့အား (၄င်းတို့၏ အခြေအနေကို) သိစေတော်မူခဲ့သည်။ သို့မှသာလျှင် (ဖော်ပြပါဖြစ်ရပ်အလုံးစုံနှင့် အကျိုးကျေးဇူးများမှ အကျိုးကျေးဇူးတစ်ရပ်မှာ) ထိုသူတို့သည် (ထိုဖြစ်ရပ်အား ကိုးကားလျက်) 'ကေယာမသ်' ဖြစ်ပေါ်မည်မှာ ဒွိဟသံသယမရှိဟူသော အလ္လာဟ်အသျှင်မြတ်၏ ကတိတော် မှန်ကန်ကြောင်းကို (ပို၍) ယုံကြည်သွားကြပေလိမ့်မည်။ (အကယ်၍ ယခင်ကပင် 'ကေယာမသ်'၌ ပြန်လည်ရှင်ထရခြင်းအပေါ် အီမာန်သက်ဝင်သူများဖြစ်လျှင် ထိုဖြစ်ရပ်အားဖြင့် ပို၍ ယုံကြည်သွားကြမည်။ အကယ်၍ 'ကေယာမသ်'အား ငြင်းပယ်ခဲ့သူဖြစ်လျှင် ယခု 'အဆ္ဟာဗေ့ကဟဖ်'တို့၏ ဤအဖြစ်ပျက်ကို အသက်ရှင်နေစဉ်က ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည့်အတွက် ယုံကြည်သွားကြမည်ဖြစ်သည်။ တစ်ဖန် ထိုပုဂ္ဂိုလ်တို့သည် ထိုလိုဏ်ဂူအတွင်း၌ပင် ပြန်လည် ကွယ်လွန်သွားခဲ့ကြပေသည်။ သို့ဖြစ်ပေရာ ၄င်းတို့နှင့်စပ်လျဉ်း၍ မျက်မှောက်ခေတ်တွင် ကွဲလွဲမှုများ ဖြစ်ပေါ်နေခြင်းကို ရှေ့၌ မိန့်ကြားထားသည်မှာ) ထိုအချိန်သည်လည်း သတိရအောက်မေ့ဖွယ်ရာ ဖြစ်သည်။ ထိုခေတ်အခါရှိ လူတို့သည် ၄င်းတို့၏ အကြောင်းနှင့်စပ်လျဉ်း၍ အချင်းချင်း ငြင်းခုံခဲ့ကြသည်။ (ထိုငြင်းခုံသည့် ကိစ္စမှာ ၄င်းတို့၏ ရုပ်အလောင်းများ လုံခြုံမှုရှိစေရန် လိုဏ်ဂူအဝကို ပိတ်ရန် ဖြစ်သည်။ (သို့မဟုတ်) ၄င်းတို့၏ အထိမ်းအမှတ်တစ်ခုခု ပြုလုပ်ထားရန် ရည်ရွယ်ကြခြင်းဖြစ်သည်။) သို့ရှိရာ ၄င်းတို့က ထိုသူတို့ (လိုဏ်ဂူ) ၏အနီးတွင် အဆောက်အဦးတစ်ခုကို တည်ဆောက်ကြလေကုန်ဟု ပြောဆိုလေသည်။ (တစ်ဖန် ထိုအဆောက်အဦးသည် မည်သို့သော အဆောက်အဦးဖြစ်ရမည် ဆိုခြင်းအပေါ် ကွဲလွဲမှုများ ဖြစ်ကြလေသည်။ ထိုသို့ ကွဲလွဲမှုများ ဖြစ်ပေါ်နေချိန်တွင်) ၄င်းတို့၏ အသျှင်မြတ်သည် ၄င်းတို့ကို ကောင်းစွာ သိရှိတော်မူသည်။ (နောက်ဆုံးတွင်) မိမိတို့၏ အရေးကိစ္စများ၌ အောင်မြင်ကြသော (ထိုအချိန်က မှန်ကန်သည့် သာသနာအပေါ်၌ ရပ်တည်ခဲ့သော အုပ်ချုပ်) သူတို့က ကျွန်ုပ်တို့သည် ၄င်းတို့၏ အနီးတွင် ဗလီတစ်လုံးကို တည်ဆောက် ကြမည်ဟု ပြောဆိုကြသည်။ (ထိုသို့ ပြုခြင်းဖြင့် ဤသူတို့သည် 'အေဗာဒသ်'ခဝပ်မှုပြုသူများ ဖြစ်ကြ၍ ခဝပ်မှုကို ခံထိုက်သူများမဟုတ်ကြောင်း သက်သေလက္ခဏာ ဖြစ်သည်။ အခြားအဆောက်အဦး ဆောက်လုပ်မည်ဆိုလျှင် နောင်အနာဂတ်တွင် ယင်းအဆောက်အဦးကိုပင် ကိုးကွယ်ခံထိုက်သည်ဟူ၍ မှတ်ယူမည်ကို စိုးရိမ်ရပါသည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဗသတ်များ

وَكَذٰلِكَ اَعْثَرْ نَا عَلَيْهِمْ

ဤအာယသ်တော်တွင် 'အဆ္ဟာဗေ့ကဟဖ်'တို့အကြောင်းကို မြို့ပေါ်မှ လူများ သိရှိသွားခြင်းနှင့် 'ကေယာမသ်'နေ့တွင် သူသေအားလုံး ရှင်ပြန်ထကြရမည်ဟူသော တမလွန်၏ ယုံကြည်ချက်များ ရရှိခြင်းအကြောင်းတို့ကို တင်ပြမိန့်ကြားထားသည်။ သဖ်စီးရ်ကုရ်သုဗီကျမ်းတွင် ထိုအကြောင်း ဖြစ်စဉ်ကို အကျဉ်းချုံး၍ ဖော်ပြထားသည်မှာ-

'အဆွဲဟားဗေကဟဖ်' အကြောင်း မြို့နေလူများ သိရှိသွားခြင်းအကြောင်း

'အဆွဲဟားဗေကဟဖ်' တို့ မြို့မှ ထွက်ခွာသွားကြစဉ်က စိုးမိုးအုပ်ချုပ်လျက်ရှိသော မုရှိရစ်က် ဘုရင်ဆိုး ကွယ်လွန်သွားပြီးနောက် နှစ်ရာပေါင်းများစွာ ကုန်လွန်ပြီးသည့်အခါ ထိုမြို့တွင် 'သောင်ဟီးဒ်' အပေါ် ယုံကြည်လက်ခံသည့် ဘုရင်တစ်ပါး စိုးမိုးအုပ်ချုပ်ခဲ့သည်။ ထိုဘုရင်သည် ကောင်းမြတ်သူတစ်ဦး ဖြစ်သည်။ (ထိုဘုရင်၏ အမည်မှာ သဖ်စီးရ်မဇ္ဇဟရီတွင် သမိုင်းအထောက်အထား ဆင့်ပြန်ချက်များအရ 'ဗိုင်ဒူစီးစ်'ဟု ဖြစ်သည်။) ထိုဘုရင်၏လက်ထက်တွင် 'ကေယာမသ်'ဖြစ်ပေါ်မည်ဆိုခြင်းနှင့် ထို 'ကေယာမသ်' နေ့တွင် သူသေအားလုံး ပြန်လည်ရှင်ထကြမည်'ဟူသော ဓမ္မသတ်တွင် ကွဲလွဲမှုများ ဖြစ်ပေါ် ပြန့်နှံ့နေခဲ့သည်။ အုပ်စုတစ်စုက 'ဤခန္ဓာကိုယ်သည် ပုပ်ပွလျက် တစ်စစီဖြစ်လျက် တစ်လောကလုံးသို့ ပြန့်နှံ့သွားပြီးနောက် တစ်ဖန်ပြန်လည် အသက်ရှင်ပါဦးမည်လော'ဟုဆို၍ ငြင်းပယ်ကြသည်။ ဘုရင်ဖြစ်သူ 'ဗိုင်ဒူစီးစ်'သည် ၎င်းတို့၏ ဤသံသယအယူအဆများကို မည်သို့ ပပျောက်အောင် ပြုရမည်ကို သောက ဖြစ်လျက် ရှိနေခဲ့သည်။ မည်သို့မျှ အကြံအစည်မရရှိသောအခါ ဂုံလျှော်နှင့် ပြုလုပ်ထားသည့် အင်္ကျီကို ဝတ်ဆင်၍ ပြာပုံပေါ်၌ ထိုင်ပြီး အလ္လာဟ်အသျှင်မြတ်ထံတော်၌ နှိမ့်ချရှိကျိုးစွာ ဒိုအာခုပန်သည်မှာ အို့၊ အလ္လာဟ်၊ ထိုသူများ၏ 'အကီဒဟ်'ယုံကြည်ချက် မှန်ကန်ပြီး လမ်းမှန်ပေါ် ပြန်လည်ရောက်ရှိစေရန် အသျှင်မြတ်သာ စီမံတော်မူပါ'ဟု ဖြစ်သည်။ ဤတစ်ဘက်တွင် ဘုရင်သည် ဤသို့ နှိမ့်ချရှိကျိုးစွာ ဒိုအာ တောင်းခံခြင်း၌ လုံးပမ်းလျက် ရှိနေသည်။ အခြားတစ်ဖက်တွင် အလ္လာဟ်အသျှင်မြတ်သည် 'အဆွဲဟာဗေ ကဟဖ်'တို့အား နိုးကြားစေတော်မူခြင်းဖြင့် ၎င်း၏ ဒိုအာကို လက်ခံသည့်အကြောင်းခံများကို ပြုတော် မူလေသည်။

'အဆွဲဟားဗေကဟဖ်'တို့သည် မိမိတို့အတွင်းမှ 'သမ်လီခါ'အမည်ရှိသူ အား မြို့ပေါ်၌ ဈေးဝယ် ရန် စေလွှတ်လိုက်ကြသည်။ ထိုသူသည် စားဖွယ်ရာများ ဝယ်ယူရန် ဈေးဆိုင်သို့ ရောက်ရှိခဲ့သည်။ နှစ်ပေါင်း (၃၀၀) အလျှင် ဘုရင်ဒက္ကယာနူးစ်လက်ထက်မှ ဒင်္ဂါးပြားအား စားစရာများ၏ တန်ဖိုးအဖြစ် ဆိုင်ရှင်အား ပေးသည့်အခါ ဆိုင်ရှင်သည် 'ဤဒင်္ဂါးသည် အဘယ်မှ လာပါသနည်း။ မည်သည့်ခေတ်အခါက ဒင်္ဂါးဖြစ် ပါသနည်း'ဟု စိတ်ထဲတွင် အံ့သြသွားခဲ့ရသည်။ ထို့နောက် ဈေး၌ ရှိသော အခြားသော ဆိုင်ရှင်များအား ပြသလေသည်။ အားလုံးတို့က 'ဤသူသည် ရှေးဟောင်းရတနာသိုက်တစ်ခုကို ရရှိပြီး ထိုမှ ဤဒင်္ဂါးကို ယူလာခြင်းဖြစ်သည်'ဟု ပြောဆိုကြသည်။ ထိုသူက မဟုတ်ကြောင်း ငြင်းဆိုပြီး 'ကျွန်ုပ်အနေနှင့် မည်သည့် ရတနာသိုက်မျှ ရရှိခြင်း မရှိခဲ့ပါ။ ဤဒင်္ဂါးသည် ကျွန်ုပ်ကိုယ်တိုင် ပိုင်ဆိုင်သည့် ဒင်္ဂါးဖြစ်ပါသည်'ဟု ပြောဆိုလေသည်။

ဈေးမှ လူတို့သည် ၎င်းအား ဖမ်းဆီး၍ ဘုရင့်ရှေ့တော်သို့ သွင်းလိုက်ကြသည်။ ဤဘုရင်သည် အထက်၌ တင်ပြခဲ့သကဲ့သို့ ကောင်းမြတ်သော ဘုရင်တစ်ပါးဖြစ်သည်။ ထိုဘုရင်သည် ဘုရင်တို့၏ ရှေး ဟောင်းရတနာသိုက်၏ ရှေးဟောင်းလက်ရာများတွင် 'အဆွဲဟားဗေကဟဖ်'တို့၏ အမည်အားလည်းကောင်း၊

၎င်းတို့ ထွက်ပြေးသွားခဲ့သည့် ဖြစ်ရပ်ကိုလည်းကောင်း ရေးသားထားသည်ကို တွေ့ဘူးခဲ့သူ ဖြစ်သည်။ အချို့ပညာရှင်များထံတွင် အဆိုပါ 'အခ်ွဟာဗေ့ကဟဖ်'တို့သည် မတရားမှုပြုသည့် ဘုရင်ဆိုး ဒက္ကယာနူးစ်ကိုယ်တိုင် ကြေညာထားသည့် တရားခံများ ဖြစ်ကြသည်။ ၎င်းတို့၏ အမည်နှင့် နေရပ်လိပ်စာများအား ထိန်းသိမ်းထားပြီး ၎င်းတို့အား တွေ့ရှိသည့်နေရာမှ ဖမ်းဆီးခေါ်ဆောင်လာရန် ဖြစ်သည်။

အချို့ဆင့်ပြန်ချက်များတွင် 'ဘုရင်၏ နန်းတော်အတွင်းတွင် စိတ်အတွင်းမှ ရုပ်ထုကိုးကွယ်ခြင်းကို ရွံရှာလျက် 'အခ်ွဟာဗေ့ကဟဖ်'အား အမှန်တရားပေါ်၌ ရှိသူများဟု ယူဆခဲ့သည့် မုအ်မင်န်များလည်း ရှိခဲ့သည်။ သို့သော် ထုတ်ဖော်ရန်ကား သတ္တိမရှိခဲ့ကြပေ။ ၎င်းတို့ကပင် ဤကမ္ဗည်းစာကို အထိမ်းအမှတ်တစ်ခုအနေဖြင့် ရေးသားခဲ့ကြသည်။ ဤကမ္ဗည်းစာ၏ အမည်မှာ 'ရကီးမ်'ဟု ခေါ်ဆိုသည်။ 'ထိုကမ္ဗည်းစာကြောင့်ပင် 'အခ်ွဟာဗေ့ကဟဖ်'တို့အား 'ရကီးမ်'ဟု ခေါ်ဆိုခြင်းဖြစ်သည်'ဟု ဖော်ပြခဲ့ကြသည်။

အချုပ်မှာ ထိုဘုရင်သည် အဆိုပါဖြစ်ရပ်နှင့် စပ်လျဉ်းသော အကြောင်းဖြစ်စဉ်များကို သိရှိထားသူဖြစ်သည်။ ထိုအချိန်က 'အခ်ွဟာဗေ့ကဟဖ်'တို့သည် ဂူအတွင်း၌ပင် ရှိနေသေးသည်။ အလ္လာဟ်အသျှင်မြတ်အဖို့ သေသူအား ရှင်ပြန်ထစေခြင်းမှာ မည်သို့မျှ ခက်ခဲခြင်းမရှိကြောင်းကို လူတို့အား မည်သို့ သိရှိယုံကြည်စေရမည်ကို ဘုရင့်အနေနှင့် သောကဖြစ်ခဲ့ရသည်။

ထို့ကြောင့် 'သမ်လီခါ'ထံမှ ၎င်း၏ အဖြစ်အပျက် အကြောင်းအရာများကို လေ့လာစုံစမ်းပြီးသောအခါ ဤသူသည် ထိုအုပ်စုဝင်တို့အနက်မှ ဖြစ်သည်'ဟု သိရှိရပြီး စိတ်သက်သာမှု ရရှိလေသည်။ ထို့နောက် ဆက်လက်၍ ဘုရင်က အလ္လာဟ်အသျှင်မြတ်ထံတော်တွင် 'ကျွန်ုပ်သည် ဒက္ကယာနူးစ်၏ ခေတ်အခါက မိမိတို့၏ အီမာန်ကို ထိန်းသိမ်းကာကွယ်လျက် ထွက်ပြေးသွားခဲ့သူများနှင့် တွေ့ဆုံပေးတော်မူပါ'ဟု ဒိုအာပြုခဲ့ပါသည်။ ယခုမူ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်၏ ဤဒိုအာကို လက်ခံတော်မူလိုက်ခြင်းဖြစ်သည်' ဟု ပြောဆိုလေသည်။ ထို့နောက် ဆက်လက်၍ ဘုရင်ကပင် 'ဤသို့ ဒိုအာလက်ခံတော်မူလိုက်ခြင်းသည် လူတို့အဖို့ 'ကေယာမသ်'၏ 'ဟရှရ်'တွင် ပြန်လည်ရှင်ထရမည်ဆိုခြင်းအပေါ် အထောက်အထားတစ်ခု ဖြစ်နိုင်ပေသည်'ဟု ပြောဆို၍ ထိုသူ့အား 'အသင်လာခဲ့သည့်ဂူသို့ ကျွန်ုပ်အား ခေါ်ဆောင်သွားပါ'ဟု ပြောဆိုလေသည်။

ဤသို့ဖြင့် ဘုရင်သည် မြို့သူ၊ မြို့သားများစွာဖြင့် ဂူအနီးသို့ ရောက်ရှိခဲ့သည်။ ဂူ၏အနီးသို့ ရောက်ရှိလေသော် 'သမ်လီခါ'က 'အရှင်မင်းကြီး၊ ဤနေရာတွင် ခေတ္တစောင့်ဆိုင်းပေးပါ။ ကျွန်ုပ်သည် မိမိ၏ မိတ်ဆွေများအား 'ဤဘုရင်သည် တစ်ပါးတည်းသော အလ္လာဟ်အသျှင်မြတ်ကို ယုံကြည်သည့် မုအ်မင်န်ဖြစ်သည်။ မြို့သူမြို့သားများသည်လည်း မွတ်စ္စလင်မ်များပင် ဖြစ်ကြသည်။ ယခု ၎င်းတို့သည် အသင်တို့နှင့် တွေ့ဆုံရန် ရောက်ရှိလာကြပါသည်ဟု အကြောင်းစုံ သတင်းပေးလိုက်ပါဦးမည်။ ဤသို့ သတင်းမပေးမီ ဘုရင်ရောက်ရှိသွားပါက ၎င်းတို့သည် 'ကျွန်ုပ်တို့၏ ရန်သူဘုရင် ချီတက်နေပြီ'ဟု ထင်မှတ်သွားကြလိမ့်မည်'ဟု ပြောဆို၍ သမ်လီခါသည် မိမိမိတ်ဆွေတို့ထံ ဦးစွာသွား၍ တွေ့ကြုံခဲ့ရသည့် ဖြစ်ကြောင်းကုန်စင်အား ပြောဆိုလေသည်။ ထိုအခါ ထိုသူအားလုံးတို့သည် အလွန်ပင် ဝမ်းမြောက်ပျော်ရွှင်ကြလေသည်။

ဘုရင်အား အလွန်လေးစားဂုဏ်ပေးလျက် ကြိုဆိုကြသည်။ ထို့နောက် မိမိတို့၏ ဂူရှိရာသို ပြန်လှည့်လာကြလေသည်။

ထို့အပြင် ဆင့်ပြန်ချက်များစွာတို့တွင် သမ်လီခါသည် မိမိ၏ မိတ်ဆွေများအား အဖြစ်အပျက်အလုံးစုံ တင်ပြနေချိန်တွင်ပင် ၎င်းတို့အားလုံး ကွယ်လွန်သွားကြသည်။ ဘုရင်နှင့် တွေ့ဆုံခြင်း မပြုနိုင်ခဲ့ကြရ'ဟု လာရှိထားသည်။

ဗဟာရ်မုဟီးသ်ကျမ်းတွင် အဘူဟိုင်ယားန် (ရဟ) က ဤနေရာတွင် ဆင့်ပြန်ထားသည်မှာ 'တွေ့ဆုံကြပြီးနောက် 'အဆ်ဟာဗေ့ကဟဖ်'တို့သည် ဘုရင်နှင့် မြို့သားများအား 'ကျွန်ုပ်တို့အား ယခု ပြန်ခွင့်ပြုပါ' ဟု ပြောဆိုပြီး ဂူအတွင်းသို့ ဝင်ရောက်သွားကြလေသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုအချိန်မှာပင် ထိုသူအားလုံးတို့ကို သေခြင်းတရား ဖြစ်စေတော်မူလိုက်သည်' ဟု ဖြစ်သည်။

မည်သို့ပင်ဆိုစေ မြို့နေလူထု၏ ရှေ့မှောက်တွင်ပင် အလ္လာဟ်အသျှင်မြတ်၏ အံ့သြဖွယ်တန်ခိုးတော်များ၏ ဖြစ်ရပ်အလုံးစုံကို မျက်ဝါးထင်ထင် တွေ့မြင်ကြရသောအခါ 'နှစ်ပေါင်း (၃၀၀) အထိ အသက်ရှင်လျက်ရှိသော လူများကို မည်သည့်အစာအဟာရသော်လည်းကောင်း၊ အသက်ရှင်နေနိုင်ရန် ဘဝ သက်တမ်းအတွက် အသုံးအဆောင်များသော်လည်းကောင်း မရှိဘဲလျက် အသက်ရှင်စွာ ထားခဲ့ခြင်း၊ တစ်ဖန် ဤမျှနှစ်ကာလရှည်ကြာစွာ ၎င်းတို့အား အိပ်စက်စေပြီးနောက် အကောင်းပကတိနှင့် ကျန်းမာသန်စွမ်းစွာ ထစေခြင်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်များအနက်မှဖြစ်ကြောင်း ယုံကြည်သွားကြလေသည်။ သို့ဖြစ်ပေရာ ထိုအသျှင်မြတ်အဖို့ သေပြီးနောက် ပြန်လည်ရှင်ပြန်ထစေရန်မှာလည်း မည်သို့ ခက်ခဲပါမည်နည်းဟု ယုံကြည်သွားခဲ့ကြသည်။ ထိုဖြစ်ရပ်ကြောင့် 'ကေယာမသ်၏ 'ဟာရှရ်'တွင် ရှင်ပြန်ထကြရမည် ဆိုသည်မှာ မဖြစ်နိုင်။ အလ္လာဟ်အသျှင်မြတ် မစွမ်းဆောင်နိုင်'ဟု ထင်မြင်ယူဆသည့် ငြင်းဆိုချက်များ ဝေးလွင့်သွားခဲ့လေသည်။ ယခုမူ ဘုရင်တကာတို့၏ ဘုရင်၏ တန်ခိုးတော်အား လူသားတို့၏ စွမ်းဆောင်နိုင်မှုနှင့် နှိုင်းယှဉ်ခြင်းသည် အသိတရားခေါင်းပါးခြင်းသာဖြစ်ကြောင်း သိရှိကြလေသည်။ ထိုအကြောင်းကိုပင် အာယသ်တော်မှ ညွှန်းဆိုသည်မှာ-

لِيَعْلَمُوٓا اَنَّ وَعْدَ اللّٰهِ حَقٌّ وَّاَنَّ السَّاعَةَ لَارَيْبَ فِيْهَا

'ငါအသျှင်မြတ်သည် 'အဆ်ဟာဗေ့ကဟဖ်'တို့အား ကာလရှည်ကြာစွာ အိပ်စက်စေပြီးနောက် နိုးထစေလျက် ထထိုင်စေတော်မူခဲ့သည်။ သို့မှသာလျှင် လူတို့သည် 'ကေယာမသ်'နေ့တွင် သူသေတို့အား ပြန်လည်ရှင်ထစေမည်ဟူသော အလ္လာဟ်အသျှင်မြတ်၏ ကတိတော်နှင့် 'ကေယာမသ်'ဖြစ်ပေါ်မည်ဆိုခြင်းမှာ ဒွိဟသံသယမရှိ မှန်ကန်ကြောင်းကို သိရှိနိုင်ကြပေမည်။'

'အဆ်ဟာဗေ့ကဟဖ်' တို့ ကွယ်လွန် သေဆုံးပြီးနောက် လူတို့အတွင်း ကွဲလွဲမှုများ ဖြစ်ပေါ်ခြင်း

'အဆ်ဟာဗေ့ကဟဖ်'တို့ သူတော်စင်၊ သူတော်ကောင်းများဖြစ်ခြင်းကို အားလုံးတို့သည် လက်ခံခဲ့ကြပြီးဖြစ်သည်။ ထိုသူများ ကွယ်လွန်ပြီးနောက် ၎င်းတို့၏ ဂူအနီးတွင် အထိမ်းအမှတ်အဖြစ် အဆောက်အဦး

တစ်ခု ဆောက်လုပ်ရန် ဆန္ဒရှိကြလေသည်။ အဆောက်အဦး ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ကြသည်။ အချို့ဆင့်ပြန်ချက်များအရ သိရှိရသည်မှာ 'မြို့နေလူထုတွင် ယခုတိုင်အောင်လည်း ရုပ်တုကိုးကွယ်သူအချို့ ရှိနေကြသေးသည်။ ၎င်းတို့သည်လည်း 'အဆွဟာဗေ့ကဟဖ်'တို့အား 'ဓိယာရသ်' ပြုရန် လာလေ့ရှိကြသည်။ ၎င်းတို့ကပင် အဆောက်အဦးဆောက်လုပ်ရာတွင် လူအများ ကောင်းကျိုး ဖြစ်စေမည့် အဆောက်အဦးတည်ဆောက်ရန် အကြံပြုခဲ့ကြသည်။ သို့ရာတွင် အုပ်ချုပ်သူဘုရင်မှာ မွတ်စ္စလင်မ် ဖြစ်သည်။ ဘုရင်၏ အမိန့်သည်သာ အတည်ဖြစ် လွှမ်းမိုးမှုရှိသည်။ ဘုရင်သည် အောက်မေ့ဖွယ် အထိမ်း အမှတ်လည်းဖြစ်၍ နောင်အခါတွင် ရုပ်တုကိုးကွယ်ခြင်းမှလည်း ကာကွယ်သည့် အကြောင်းခံဖြစ်စေမည့် ဗလီဆောက်လုပ်ရန် ရည်ရွယ်ခဲ့သည်။ ဤနေရာတွင် ရည်ရွယ်ချက်ကွဲလွဲမှုများကို တင်ပြလျက် ကြား အလယ်အတွင် ကုရ်အာန်၏ စာပိုဒ်ဖြစ်သော

رَبُّهُمْ اَعْلَمُ بِهِمْ

'၎င်းတို့၏ အသျှင်သခင်သည် ၎င်းတို့၏ အခြေအနေများကို အပြည့်အဝ သိရှိတော်မူသည်'ဟူ၍ တင်ပြထားသည်။

သဖ်စီးရ်ဗဟာရ်မုဟီးသွ်ကျမ်းတွင် ထိုစာပိုဒ်၏ အဓိပ္ပာယ်နှစ်မျိုး ကောက်ယူခြင်းကို ဖော်ပြထား သည်မှာ-

(၁) ဤစကားလုံးသည် မြို့နေလူတို့၏ ပြောစကားဖြစ်သည်။ အကြောင်းမှာ 'အဆွဟာဗေ့ ကဟဖ်'တို့ ကွယ်လွန်ပြီးနောက် ၎င်းတို့၏ အောက်မေ့ဖွယ်ရာ အမှတ်တရပြုလုပ်ရန် ရည်ရွယ်ကြသောအခါ ဓလေ့ထုံးစံအရ အထိမ်းအမှတ်တစ်ခု ပြုလုပ်ရာတွင် ထိုကွယ်လွန်သူတို့၏ အမည်နှင့် ထူးခြားသော ဖြစ်ရပ် များကို ကမ္ပည်းစာတမ်းအဖြစ် ရေးသားကမ္ပည်းထိုးလျက် အဆောက်အဦးကို တည်ဆောက်လေ့ ရှိကြသည်။ ထိုသို့ ပြုကြသည်ဆိုလျှင် ၎င်းတို့၏ မျိုးနွယ်အဆက်နှင့် ဖြစ်ရပ်အခြေအနေများနှင့် စပ်လျဉ်း၍ ကွဲလွဲသော အဆိုများ ဖြစ်ပေါ်လေ့ရှိသည်မှာ ပုံမှန်ပင် ဖြစ်သည်။ ထိုသို့ ဧစ်မြစ်အမှန်ကို မရောက်ရှိသည့်အခါ ၎င်းတို့ ကိုယ်တိုင်ပင် မတတ်သာသည့်အဆုံး رَبُّهُمْ اَعْلَمُ بِهِمْ ဟု ပြောဆို၍ အဓိကအလုပ်ဖြစ်သော အထိမ်း အမှတ်ပြုလုပ်ခြင်းဘက်သို့သာ အာရုံပြုကြလေသည်။ လွှမ်းမိုးအောင်နိုင်မှုရှိသူ (ဘုရင်) ၏ အုပ်စုမှာမူ ဗလီဆောက်လုပ်ရန် ရည်ရွယ်ခဲ့ကြသည်။

(၂) ဤစကားသည် အလ္လာဟ်အသျှင်မြတ် မိန့်ကြားခဲ့ခြင်းဖြစ်၍ ထိုစကားတွင် 'အချင်းချင်း ငြင်းခုံခြင်းနှင့် ကွဲလွဲမှုများ ပြုလုပ်နေသူတို့အား သတိပေးထားသည်မှာ 'အသင်တို့သည် ဇစ်မြစ်အမှန်ကို သိရှိသူများ မဟုတ်ကြပေ။ ထိုအကြောင်း သိရှိနိုင်သည့် အကြောင်းတရားများလည်း အသင်တို့၌ မရှိကြ သည့်အခါ အဘယ်ကြောင့် ဤသို့ ငြင်းခုံခြင်း၌ အချိန်များကို ဖြုန်းတီးနေကြပါသနည်း'ဟု ဖြစ်သည်။

တမန်တော်မြတ် ﷺ ၏ ခေတ်တွင် ယဟူဒ် စသည်တို့သည် ဤသို့သော အခြေအမြစ်မရှိသည့် စကားများနှင့် ငြင်းခုံလေ့ရှိကြသည်။ ထို့ကြောင့် ၎င်းတို့အား သတိပေးရန် ရည်ရွယ်ကြောင်း ဖြစ်နိုင်သည်။

ဓမ္မသတ် ။ ။ ထိုဖြစ်ရပ်မှ ဝလီသူတော်စင်တို့၏ 'ကဗရ်'အနီးတွင် နမာဇ်ဝတ်ပြုရန် ဗလီဆောက်လုပ်ခြင်းမှာ မည်သို့မျှ အပြစ်မထိုက်ကြောင်း သိရှိရသည်။ နဗီတမန်တော်တို့၏ 'ကဗရ်'များအား 'စဂျ်ဒဟ်' ပြုလုပ်ရာ နေရာအဖြစ် ပြုလုပ်လျှင် 'ဟရာမ်'ဖြစ်၍ ထိုသို့ ပြုလုပ်သူတို့အား 'လအ်နသ်'ပေးထားလေသည်ဟူ၍ ဟဒီးစ်တော်၌ တင်ပြထားပေသည်။ ထိုဟဒီးစ်တော်များ၏ အလိုသဘောမှာ 'ကဗရ်' များကိုသာ 'စဂျ်ဒဟ်'ပြုရာ နေရာအဖြစ် ပြလုပ်သူများကို ဆိုလိုခြင်းဖြစ်သည်။ ဤသို့ ပြုခြင်းမှာ အကွဲအလွဲမရှိ ရှရစ်ကိန်နှင့် 'ဟရာမ်'ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

سَيَقُولُونَ
ثَلَاثَةٌ رَّابِعُهُمْ كَلْبُهُمْ وَيَقُولُونَ خَمْسَةٌ سَادِسُهُمْ كَلْبُهُمْ
رَجْمًا بِالْغَيْبِ وَيَقُولُونَ سَبْعَةٌ وَثَامِنُهُمْ كَلْبُهُمْ قُل
رَّبِّي أَعْلَمُ بِعِدَّتِهِم مَّا يَعْلَمُهُمْ إِلَّا قَلِيلٌ فَلَا تُمَارِ فِيهِمْ
إِلَّا مِرَاءً ظَاهِرًا وَلَا تَسْتَفْتِ فِيهِم مِّنْهُمْ أَحَدًا ﴿٢٢﴾

၁၈ း ၂၂ ။ ။ မကြာမီ အချို့သောသူတို့က (ယင်းလုလင်တို့မှာ) သုံးဦးဖြစ်၍၊ ၎င်းတို့အနက် စတုတ္ထမှာ ၎င်းတို့၏ ခွေးဖြစ်သည်ဟု ပြောဆိုကြပေမည်။ ထို့ပြင် (အချို့သူတို့ကမူ) ငါးဦးဖြစ်၍၊ ၎င်းတို့အနက် ဆဋ္ဌမမှာ ၎င်းတို့၏ ခွေးဖြစ်သည်ဟု ရမ်းဆလျက် ပြောဆိုကြပေမည်။ သို့ရာတွင် အချို့သူတို့မှာမူ ခုနစ်ဦးဖြစ်၍ ၎င်းတို့အနက် အဋ္ဌမမှာ ၎င်းတို့၏ ခွေးဖြစ်ခဲ့သည်ဟု ပြောဆိုကြပေမည်။ (အို၊ နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ '(အချင်းတို့) စင်စစ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည်သာလျှင် ၎င်းတို့၏ အရေအတွက်ကို အသိဆုံးဖြစ်တော်မူ၏။ အနည်းငယ်မျှသော သူတို့မှအပ ၎င်းတို့ (၏ အရေအတွက်) ကို မည်သူမျှ မသိပေ။' သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) 'အသင်သည် ၎င်းတို့နှင့် ပတ်သက်၍ အပေါ်ယံအားဖြင့် ငြင်းခုံခြင်းမှအပ (အကြီးအကျယ်) ငြင်းခုံ (ဆွေးနွေး) ခြင်းကို မပြုပါလေနှင့်။ ထို့ပြင် အသင်သည် ၎င်းတို့နှင့် ပတ်သက်၍ ထို (ကျမ်းဂန်ရရှိ) သူတို့အနက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မေးမြန်းခြင်းကိုလည်း မပြုပါလေနှင့်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

('အဆ်ဟာဗေ့ကဟဖ်'တို့၏ ဖြစ်ရပ်ကို တင်ပြရမည်ဆိုလျှင်) အချို့သူတို့က ယင်းလုလင်တို့မှာ (၃) ဦးဖြစ်၍ ၎င်းတို့၏ ခွေးသည် စတုတ္ထဖြစ်သည်ဟု ပြောဆိုကြပေမည်။ အချို့သူတို့ကမူ ၎င်းလုလင်တို့

မှာ (၅) ဦး ဖြစ်၍ ဆဋ္ဌမမှာ ၎င်းတို့၏ ခွေးဖြစ်သည်ဟု ပြောဆိုကြပေမည်။ (ထို့ပြင်) ၎င်းတို့သည် စူးစလမ်းလေ့လာခြင်းမရှိသည်တို့ကို ပြောဆိုကြပေလိမ့်မည်။ ထို့နောက် အချို့လူတို့က ၎င်းတို့သည် (၇) ဦးဖြစ်၍ အဋ္ဌမမှာ ၎င်းတို့၏ ခွေးဖြစ်သည်ဟု ပြောဆိုကြပေမည်။ အို့, နဗီတမန်တော်၊ အသင်သည် (ထိုကွဲလွဲမှုပြုသူတို့အား) ပြောဆိုပါလေ။ ငါ့အား မွေးမြူတော်မူသော အသျှင်မြတ်သည် ၎င်းတို့၏ အရေအတွက်ကို (တိကျမှန်ကန်စွာ) သိတော်မူပေသည်။ (ထိုကွဲလွဲသော စကားများတွင် တစ်စုံတစ်ရာ စကားသည် မှန်ကန်သည်ကိုလည်းကောင်း၊ (သို့) အားလုံးပင် မှားယွင်းသည်ကိုလည်းကောင်း သိရှိတော်မူခြင်းကို ဆိုလိုသည်။) ၎င်းတို့ (၏ အရေအတွက်) ကို (တိကျမှန်ကန်စွာ) အလွန်နည်းပါးသည့် လူနည်းစုသည်သာ သိကြပေသည်။ (အကြောင်းမှာ အရေအတွက်ကို သတ်မှတ်ခြင်းသည် မည်သည့်ထူးခြားသည့် အကျိုးကျေးဇူးမျှ မရှိပေ။ ထို့ကြောင့် အာယသ်တော်တွင် မည်သည့်ယတိပြတ် ဖော်ပြချက်မျှ မပြုခြင်းဖြစ်သည်။ သို့သော် ဆင့်ပြန့်ချက်များတွင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ နှင့် အိဗ်နေမတ်စအူဒ် ﷺ တို့က ဆင့်ပြန့်ထားသည်မှာ-

انامن القليل كا نواسبعة

'ကျွန်ုပ်သည်လည်း ကုရ်အာန်ကျမ်းတော်မြတ်၌ အမိန့်ရှိသည့် လူနည်းစုကသာ သိနားလည်သည် ဟူသည့် လူနည်းစုတွင် ပါဝင်သူဖြစ်သည်။ ၎င်းတို့သည် ခုနစ်ဦးဖြစ်သည်။ အာယသ်တော်တွင်လည်း ထိုခုနစ်ဦးအဆိုကို မှန်ကန်ကြောင်း အရိပ်အမြွက် ညွှန်းဆိုထားသည်။ အဘယ်ကြောင့်ဆိုသော် ထိုအဆို အား တင်ပြလျက် ပထမအဆိုကို ပယ်ဖျက်ခြင်းမပြုသောကြောင့် ဖြစ်သည်။ ပထမအဆိုနှစ်ခုနှင့်ကား ဆန့်ကျင်သည်။ အကြောင်းမှာ ပထမအဆိုနှစ်ရပ်အား ပယ်ဖျက်ရာတွင် رجما بالغيب ဟု မိန့်ဆိုထားသော ကြောင့် ဖြစ်သည်။) သို့ဖြစ်ပေရာ (ဤသည် အပေါ်၌လည်း အကယ်၍ ၎င်းတို့သည် ကွဲလွဲမှုပြုခြင်းကို ရပ်တန့်ခြင်းမရှိပါလျှင်) အသင်သည် ၎င်းတို့နှင့် စပ်လျဉ်း၍ အပေါ်ယံငြင်းခုံခြင်းမှအပ အကြီးအကျယ် ငြင်းခုံခြင်းကိုကား မပြုလုပ်လေနှင့်။ (ဆိုလိုသည်မှာ အကျဉ်းချုံးအနေနှင့် ၎င်းတို့၏ တွေးခေါ်ယူဆခြင်း များအပေါ် ချေပခြင်းကို ကုရ်အာန်ကျမ်းမြတ်၏ အာယသ်တော်များ၌ လာရှိပြီးဖြစ်သည်။ رجما بالغيب နှင့် قل ربى اعلم ဟူသော စာလုံးများဖြင့် ပြဆိုခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ပေရာ အပေါ်ယံ ငြင်းခုံခြင်း ဖြင့်သာ တင်းတိမ်လိုက်ပါ။ ၎င်းတို့၏ စောဒကများကို ဖြေကြားရာ၌ ထို့ထက်ပို၍ လုံးပမ်းခြင်းနှင့် မိမိ ၏ ကြွေးကြော်မှု မှန်ကန်ရန် အများအပြား ကြိုးစားခြင်းများ ပြုခြင်းသည် မပြုသင့်သော အလုပ်များပင် ဖြစ်သည်။ ဤငြင်းခုံခြင်းသည်ပင် ထူးခြားသော မည်သည့်အကျိုးမျှ မရှိသောကြောင့် ဖြစ်သည်။ ထို့နောက် အို့, နဗီတမန်တော်၊ အသင်သည် ထို (အဆ္ဟာဗေ့ကဟဖ်) တို့နှင့် စပ်လျဉ်း၍ ထိုသူများအနက် မည်သူ့ကိုမျှ တစ်စုံတစ်ရာ မေးမြန်းခြင်း မပြုလေနှင့်။ (၎င်းတို့၏ စောဒကများအပေါ် ဖြေကြားရာတွင် များစွာ စဉ်းစား ရှာဖွေခြင်း၊ ကြိုးပမ်းမှုများမှ တားမြစ်တော်မူသကဲ့သို့ ဤအရေးကိစ္စနှင့်စပ်လျဉ်း၍ မည်သူ့ကိုမျှ မေးမြန်း ခြင်း၊ (သို့) စုံစမ်းလေ့လာခြင်းများ မပြုရန်ကိုလည်း တားမြစ်တော်မူထားသည်။ အဘယ်ကြောင့်ဆိုသော်

အရေးကြီးသည့် အချက်ဟူသရွေ့သည် 'ဝဟီ'ဖြင့် လာရှိသောကြောင့် ဖြစ်သည်။ အရေးမကြီးသော အချက်များနှင့် စပ်လျဉ်း၍ မေးမြန်းခြင်းနှင့် လေ့လာဆန်းစစ်ခြင်းများသည် နဗီတမန်တော်၏ ဂုဏ်ရည် သိက္ခာတော်နှင့် ဆန့်ကျင်သောကြောင့် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ကွဲလွဲချက်များအပေါ် ငြင်းခုံရာတွင် ပြောဆိုရမည့် စည်းကမ်းချက်များ

سَيَقُولُونَ 'ထိုသူများသည် ပြောဆိုကြပေလိမ့်မည်' ဟု ဆိုရာ၌ ထိုပြောဆိုကြမည့်သူများမှာ မည်သူများပါနည်း။ သို့ဖြစ်ပေရာ ဤနေရာတွင် အဓိပ္ပာယ်နှစ်မျိုး ကောက်ယူနိုင်သည်။

ပထမကောက်ယူသည့် အဓိပ္ပာယ်မှာ 'အဆ္ဟာဗေ့ကဟဖ်'တို့၏ ခေတ်သမယ၌ ၎င်းတို့၏အမည် များနှင့် မျိုးနွယ်အဆက်တို့အကြောင်း စသည်တို့နှင့် စပ်လျဉ်း၍ ကွဲလွဲမှုဖြစ်ခဲ့ကြသူများ ဖြစ်သည်။ ထို အကြောင်းမှာ ဤအာယသ်တော်၏အလျှင် ရှေ့အာယသ်တော်၌ တင်ပြပြီးဖြစ်သည်။ ထိုလူများအတွင်း၌ပင် 'အဆ္ဟာဗေ့ကဟဖ်'၏ အရေအတွက်နှင့်စပ်လျဉ်း၍ အချို့က ပထမအဆို (၃) ဦးဟုလည်းကောင်း၊ အချို့ က ဒုတိယအဆို (၅) ဦးဟုလည်းကောင်း၊ အချို့က တတိယအဆို (၇) ဦးဟုလည်းကောင်း ဆိုခဲ့ကြသည်။

ဒုတိယကောက်ယူသည့် အဓိပ္ပာယ်မှာ سيقولون ရှိ 'ဇွမီးရ်'နာမ်စားသည် 'နဂ်ရာန်'ရှိ ယဟူဒီ များဘက်သို့ လှည့်ခြင်းဖြစ်သည်။ ၎င်းတို့သည် 'အဆ္ဟာဗေ့ကဟဖ်'တို့၏ အရေအတွက်နှင့် စပ်လျဉ်း၍ တမန်တော်မြတ် ﷺ အား အငြင်းအခုံပြုခဲ့ကြသူများ ဖြစ်သည်။ ထိုအငြင်းအခုံပြုသူ ယဟူဒီများတွင် အုပ်စု (၃) စုရှိသည်။

(၁) ပထမအုပ်စုမှာ ملكانيه 'မလိကာနိယဟ်'ဖြစ်ပြီး ပထမအဆိုဖြစ်သော (၃) ဦးဟူသည့် အရေအတွက်ဟု ဆိုခဲ့သည်။

(၂) ဒုတိယအုပ်စုမှာ يعقوبيه 'ယအ်ကူဗိယဟ်'ဖြစ်ပြီး ဒုတိယအဆိုဖြစ်သော (၅) ဦးဟူသည့် အရေအတွက်ဟု ဆိုခဲ့သည်။

(၃) တတိယအုပ်စုမှာ نسطوريه 'နစ်သွူရိယဟ်'ဖြစ်ပြီး တတိယအဆိုဖြစ်သော (၇) ဦးဟူသည့် အရေအတွက်ဟု ဆိုခဲ့ကြသည်။

အချို့ပညာရှင်များ၏ အဆိုအရ ဤတတိယအဆိုသည် မွတ်စ္စလင်မ်တို့၏ အဆိုဖြစ်သည်။ နောက်ဆုံး တွင် တမန်တော်မြတ် ﷺ ၏ သတင်းပေးမိန့်ကြားခြင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အရိပ်အမြွက် ညွှန်းဆိုချက်များအရ တတိယအဆိုမှာ မှန်ကန်သောအဆိုဖြစ်ကြောင်း သိရှိရသည်။ *[ဗဟရ်မုဟီးသွ်]*

وَثَامِنُهُمْ ဤနေရာတွင် လေးနက်စွာ စဉ်းစားရမည်မှာ 'အဆွဲဟာဗေကဟဖ်' တို့၏ အရေအတွက်နှင့် စပ်လျဉ်း၍ အဆို (၃) ရပ်ကို တင်ပြထားသည်။ ၃ ဦး၊ ၅ ဦး၊ ၇ ဦးဟု ဖြစ်သည်။ ထိုအရေအတွက်တိုင်း၏ နောက်တွင် ၄င်းတို့၏ ခွေးကို ရေတွက်ထားသည်။ သို့ရာတွင် ပထမအဆိုနှစ်ရပ်တွင် ၄င်းတို့၏ အရေအတွက်နှင့် ခွေးကို ရေတွက်ရာတွင် واوعاطفه 'ဝေါင်အာသွိဖဟ်' မပါရှိပေ။

خَمْسَةٌ سَادِسُهُمْ كَلْبُهُمْ နှင့် ثَلَٰثَةٌ رَّابِعُهُمْ كَلْبُهُمْ တို့တွင် 'ဝေါင်အာသွိဖဟ်' မပါရှိပေ။ တတိယအဆိုတွင် سَبْعَةٌ ပြီးနောက် 'ဝေါင်အာသွိဖဟ်'နှင့်အတူ وَثَامِنُهُمْ كَلْبُهُمْ ဟု မိန့်ကြားထားသည်။

ထိုသို့ ဖြစ်ရခြင်းအကြောင်းကို အဖွင့်ပညာရှင်များက ရေးသားထားသည်မှာ အာရပ်တို့တွင် အရေအတွက်၏ ပထမအပိုင်းမှာ (၇) ဂဏန်းပင်ဖြစ်သည်။ ထို (၇) ဂဏန်း၏နောက်မှ လာသမျှဂဏန်းတို့အား သီးခြားရေတွက်ခြင်းပြုသည်။ ပမာဆိုရသော် ယခုခေတ်တွင် (၉) ဂဏန်း၏ အရေအတွက်ဖြစ်သည်။ ထို (၉) ဂဏန်းအထိ آحاد 'အေကာအီ' (ခု ဂဏန်း) များဟု ခေါ်ဆိုသည်။ (၁၀) ဂဏန်းမှစ၍ عشرات 'ဒဟာအီ' (ဆယ်ဂဏန်း) ဟု ခေါ်ဆိုသည်။ သီးခြားစီအရေအတွက်ဖြစ်သည်။ ထို့ကြောင့် (၃) ဂဏန်းမှ (၇) ဂဏန်းအထိ အရေအတွက်ကို ရေတွက်မည်ဆိုလျှင် واوعاطفه 'ဝေါင်အာသွိဖဟ်'စာလုံးကို မသုံးနှုန်းကြပေ။ (၇) ဂဏန်း၏နောက်မှ အရေအတွက် ဂဏန်းတစ်လုံးလုံးကို ပြသရန်ဖြစ်လျှင်မူ 'ဝေါင်အာသွိဖဟ်' စာလုံးဖြင့် သီးခြားပြသ သုံးနှုန်းရသည်။ ထို့ကြောင့် ထို واو 'ဝေါင်'စာလုံးအား واوثمان 'ဝေါင်ဆမာန်' ဟု အမည်ပေးခြင်းဖြစ်သည်။ *[မွန်ဟရီကျမ်း]*

'အဆွဲဟာဗေကဟဖ်' တို့၏ အမည်များ

အဓိကအချက်မှာ မည်သည့်ဟဒီးစ်တော်နှင့်မျှ 'အဆွဲဟာဗေကဟဖ်'တို့၏ အမည်များကို တိကျမှန်ကန်စွာ ဖော်ပြခြင်းမရှိပေ။ အဖွင့်ကျမ်းများနှင့် သမိုင်းဆင့်ပြန်ချက် ကျမ်းများတွင် ကွဲလွဲသော အမည်အမျိုးမျိုး တင်ပြကြသည်။ ၄င်းတို့အနက် အနီးစပ်ဆုံး ဆင့်ပြန်ချက်မှာ သွဗ်ရာနီက မုအ်ဂျမ်အောင်စသ်ကျမ်းတွင် ဆင့်ပြန်ချက်ဖြင့် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ﵄ ၏ ဆင့်ပြန်ချက်မှ ကောက်နှုတ်ထားသော အမည်များပင် ဖြစ်သည်။

(၁) مُكْسَلْمِينَا မွတ်ကဲစလ်မီးနာ၊ (၂) تَمْلِيخَا သမ်းလီးခါ၊
(၃) مَرْطُونُس မရ်သွူနတ်စ်၊ (၄) سَنُونُس စနူနတ်စ်၊
(၅) سَارِينُوتُس စာရိနူသိစ်၊ (၆) ذُونُوَاس ဇူနဝါးစ်
(၇) كَعَسْطَطْيُونُس ကအဆ်သွသီယူနိစ် တို့ ဖြစ်ကြသည်။

فَلَا تُمَارِ فِيهِمْ اِلَّا مِرَاءً ظَاهِرًا ۖ وَلَا تَسْتَفْتِ فِيهِمْ مِنْهُمْ اَحَدًا

ဆိုလိုသည်မှာ 'အသင်သည် 'အဆွ်ဟာဗေ့ကဟဖ်'တို့၏ အရေအတွက် စသည်တို့နှင့် စပ်လျဉ်း၍ ၎င်းတို့အား အငြင်းအခုံပြုရာ၌ အလွန်အကျူး ရှာဖွေကြိုးပမ်းခြင်း မပြုလေနှင့်။ ထိုမှုမက အပေါ်ယံမျှသာ ငြင်းခုံခြင်း ပြုပါလေ။ ထို့နောက် ထိုအကြောင်းနှင့် စပ်လျဉ်း၍ အသင်ကိုယ်တိုင်လည်း မည်သူတစ်ဦး တစ်ယောက်ကိုမျှ မေးမြန်းခြင်းမပြုလေနှင့်။

ကွဲလွဲမှုရှိသည့် အရေးကိစ္စများတွင် ရှည်လျားစွာ ငြင်းခုံခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်ခြင်း

ထိုစာပိုဒ်နှစ်ပိုဒ်တွင် တမန်တော်မြတ် ﷺ အား သင်ကြားပေးခြင်းများသည် စင်စစ် အွမ္မသ်၏ သာသနာ့ပညာရှင်များအတွက် အရေးပါသော ဉပဒေလမ်းညွှန်များပင် ဖြစ်ပေသည်။ ထိုလမ်းညွှန်မှာ ဓမ္မသတ်တစ်ခု၌ ကွဲလွဲမှု ဖြစ်ပေါ်လာပါလျှင် အရေးကြီး လိုအပ်ချက်ဖြစ်သော စကားကိုသာ ရှင်းလင်းစွာ တင်ပြရမည်။ ထိုသို့ ရှင်းလင်းစွာ တင်ပြပြီးသည့်နောက်တွင်လည်း လူတို့သည် အရေးမကြီးသည့် အချက် အပေါ် ငြင်းခုံမှုများ ပြုလုပ်လာပါလျှင် အပေါ်ယံရှင်းလင်းတင်ပြခြင်းဖြင့်သာ ငြင်းခုံမှုကို အဆုံးသတ်လိုက် ရမည်။ မိမိတင်ပြသည့်အချက် အတည်ဖြစ်ရန် ရှာဖွေကြိုးပမ်းခြင်းနှင့် ၎င်းတို့၏ စကားကို ချေပရန် အလွန်အကျွံ စောင်းပေးခြင်းမှ ရှောင်ကြဉ်ရမည်။ ဤသို့ ပြုခြင်းဖြင့် ထူးခြားသော အကျိုးအမြတ် ရှိမည်လည်း မဟုတ်ပေ။ အလွန်အကျွံ ငြင်းခုံခြင်းသည် အချိန်ကို ဖြုန်းတီးရာရောက်သည်။ အချင်းချင်း ခါးသီးမှုများ ဖြစ်လာမည်ကိုလည်း စိုးရိမ်ရသည်။

ဒုတိယစာပိုဒ်တွင် ဒုတိယလမ်းညွှန်ချက် ပေးထားသည်မှာ 'အသျှင်မြတ်ဘက်တော်မှ 'ဝဟီ'၏ အကြောင်းခံဖြင့် ပို့ချခဲ့သည်။ 'အဆွ်ဟာဗေ့ကဟဖ်'တို့နှင့် စပ်လျဉ်းသည့် ဗဟုသုတများသည် လုံးဝ ပြည့်စုံသည်ဟု မှတ်ယူပြီး ထိုအပေါ်၌ပင် ရောင့်ရဲမှုပြုရမည်။ ထပ်ဆင့်လေ့လာဆန်းစစ်ခြင်း၊ လူတို့ထံ၌ စုံစမ်းမေးမြန်းခြင်းသည် ၎င်းတို့၏ မသိနားမလည်မှုကို ဖော်ထုတ်ခြင်းနှင့် ၎င်းတို့အား သေးသိမ်စေခြင်း အတွက် မေးမြန်းခြင်းလည်း ဖြစ်နိုင်သည်။ ဤသို့ ပြုခြင်းမှာလည်း နဗီတမန်တော်တို့၏ အကျင့်စာရိတ္တ နှင့်လည်း ဆန့်ကျင်သည် ထို့ကြောင့် ထပ်ဆင့်၍ လေ့လာဆန်းစစ်ရန်အတွက်ဖြစ်စေ၊ (သို့) ရှေ့မှ လူအား ၎င်း၏ မသိနားမလည်မှုကို ဖော်ထုတ်၍ သေးသိမ်ရန်ဖြစ်စေ၊ ဤပုံစံနှစ်မျိုးလုံးဖြင့် အခြားသူများထံ မေးမြန်းခြင်းကို တားမြစ်ခြင်းဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَا تَقُولَنَّ لِشَايْءٍ إِنِّي فَاعِلٌ ذَٰلِكَ غَدًا ﴿٢٣﴾

၁၈ : ၂၃ ။ ။ ၄င်းပြင် (အို, နဗီတမန်တော်) အသင်သည် မည်သည့်တစ်စုံတစ်ရာ အရေးကိစ္စနှင့် စပ်လျဉ်း၍ 'ကောန်အမှန် ငါသည် ယင်းကိစ္စကို နက်ဖြန်ပြုလုပ်အံ့' ဟူ၍ အလျဉ်း မပြောဆိုပါလေနှင့်။

إِلَّا أَن يَشَاءَ
اللَّهُ ۚ وَاذْكُر رَّبَّكَ إِذَا نَسِيتَ وَقُلْ عَسَىٰ أَن يَهْدِيَنِ
رَبِّي لِأَقْرَبَ مِنْ هَٰذَا رَشَدًا ﴿٢٤﴾

၁၈ : ၂၄ ။ ။ သို့ရာတွင် အကယ်၍ 'အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူပါလျှင်' (ပြုလုပ်အံ့ဟု ပြောဆိုပါလေ။) ထို့ပြင် အသင်သည် မေ့လျော့၍ သွားခဲ့သော် (ပြန်လည်၍ သတိရလာသောအခါ ချက်ချင်း) မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို အောက်မေ့တသ သတိရပါလေ။ ၄င်းပြင် အသင်သည် (၄င်းတို့အား၊ အချင်းတို့) 'ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် တရားလမ်းညွှန်ရာ၌ ဤသည်ထက်ပင် မှန်ကန်မှုနှင့် ပိုမို၍ နီးစပ်သော အရာကို ညွှန်ပြတော်မူတန်ရာသည်ဟု ပြောကြားပါလေ။'

وَلَبِثُوا فِي كَهْفِهِمْ ثَلَاثَ مِائَةٍ سِنِينَ وَازْدَادُوا تِسْعًا ﴿٢٥﴾

၁၈ : ၂၅ ။ ။ ထို့ပြင် ယင်း (လုလင်) တို့သည် မိမိတို့၏ ဥမင်လှိုဏ်ခေါင်းတွင် နှစ်ပေါင်းသုံးရာနှင့် ကိုးနှစ်တိုင်တိုင် နေခဲ့ကြကုန်၏။

قُلِ اللَّهُ أَعْلَمُ بِمَا
لَبِثُوا ۖ لَهُ غَيْبُ السَّمَاوَاتِ وَالْأَرْضِ ۖ أَبْصِرْ بِهِ وَأَسْمِعْ ۚ مَا
لَهُم مِّن دُونِهِ مِن وَلِيٍّ وَلَا يُشْرِكُ فِي حُكْمِهِ أَحَدًا ﴿٢٦﴾

၁၈ : ၂၆ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၄င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) ယင်း (လုလင်) တို့ နေခဲ့ကြသော အချိန်ကာလကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိဆုံး ဖြစ်တော်မူ၏။ (စင်စစ်) မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ဖုံးကွယ်လျက် ရှိကုန်သော အရာများကို သိစွမ်းနိုင်မှုသည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိ၏။ ထိုအသျှင်မြတ်သည် အဘယ်မျှ မြင်တော်မူသော အသျှင်၊ အဘယ်မျှ ကြားတော်မူသော အသျှင် ဖြစ်တော်မူကြောင်း၊ ထိုသူတို့အဖို့ ထိုအသျှင်မြတ်မှတစ်ပါး ကိစ္စအဝဝကို ပြီးစီးအောင် ပြုလုပ်၍ပေးမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိကြောင်း၊ စင်စစ် ထိုအသျှင်မြတ်သည် မိမိ၏ အမိန့်ပြဋ္ဌာန်းမှု (အချုပ်အခြာအာဏာ အသုံးပြုမှု) တွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖက်စပ်ပါဝင်စေတော်မူသည်မဟုတ်ကြောင်း ပြောကြားပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ထို့နောက် အကယ်၍ ထိုသူများသည် အသင့်အား အဖြေပေးနိုင်ဖွယ်ရှိသည့် တစ်စုံတစ်ရာ စကားကို မေးမြန်းခြင်းပြုပါလျှင် အသင်သည် အဖြေပေးမည်ဟု ကတိပြုသည့်အခါ ထိုကတိနှင့်အတူ 'အင်န်ရှာ အလ္လာဟ်သအာလာ' (သို့) အလားတူ အဓိပ္ပာယ်ရှိသော စကားလုံးကို မုချတွဲလျက် ပြောဆိုရမည်။ ထို့မှမက ကတိသည်လည်း အထူးသတ်မှတ်ချက် မရှိပေ။ အလုပ်တိုင်း အလုပ်တိုင်းတွင် ထောက်ရှုရမည်မှာ) အသင် သည် အရေးကိစ္စတစ်ခုနှင့် စပ်လျဉ်း၍ ကျွန်ုပ်သည် ဤအလုပ်ကို (ဥပမာ) မနက်ဖြန် ပြုလုပ်မည်ဟု မပြောဆိုလေနှင့်။ သို့ရာတွင် အသျှင်မြတ်သဘောတူခြင်း (ဟူသော စကားလုံးကို ထိုစကားနှင့်အတူ) တွဲ (၍ ပြောကြား) ပါ လေ။ (ဆိုလိုသည်မှာ 'အင်န်ရှာအလ္လာဟ်' စသော စကားလုံးများကိုလည်း တွဲ၍ ပြောကြားပါလေ။ နောင်အခါတွင် ထိုဖြစ်ရပ်မျိုး မဖြစ်စေနှင့်။ အာယ်ကြောင့်ဆိုသော် အသင့်အား လူတို့က 'ရူးဟ်'၊ 'အဆ္ဟာဗုလ်ကဟ်ဖ်'နှင့် 'ဇွလ်ကရ်နိုင်းန်'တို့အကြောင်း မေးမြန်းခဲ့ရာ အသင်သည် 'အင်န်ရှာ အလ္လာဟ်' မပြောဆိုဘဲ ၄င်းတို့အား မနက်ဖြန် အဖြေပေးမည်ဟု ကတိပြုခဲ့လိုက်သည်။ ထို့အတွက် (၁၅) ရက်ကြာသည့်တိုင် 'ဝဟီ' ကျရောက်ခြင်းမရှိတော့ပေ။ ထိုအခါ အသင့်အဖို့ လွန်စွာ ပူဆွေးခဲ့ရ သည်။ ထိုအကြောင်းကို လမ်းညွှန်မှုများနှင့်အတူ ထိုသူတို့၏ မေးခွန်းများအတွက် ဖြေကြားမှုများလည်း ကျရောက်လာခဲ့သည်။) ထို့နောက် အသင်သည် (ရုတ်တရက် 'အင်န်ရှာအလ္လာဟ်'ပြောဆိုခြင်းကို) မေ့လျော့ သွားပြီး (ပြန်လည်သတိရခြင်း) ဖြစ်ပါမူ (ထိုအချိန်မှာပင် 'အင်န်ရှာအလ္လာဟ်' ပြောဆိုလျက်) မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ သတိရတသခြင်းကို ပြုပါလေ။

ထို့ပြင် (ထိုသူတို့အား) ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ကျွန်ုပ်အား ('နဗူဝသ်'၏ အထောက်အထားဖြစ်ခြင်းအားဖြင့်) ထို (ဖြစ်ရပ်) ထက်ပင် ပိုမိုနီးစပ်သော အချက်များကို ညွှန်ပြတော်မူမည်ဟု မျှော်လင့်ကြောင်း ပြောကြားပါလေ။ (ဆိုလိုသည့်သဘောမှာ အသင်တို့သည် ကျွန်ုပ် ၏ 'နဗူဝသ်' (နဗီဖြစ်ခြင်း) အပေါ် စမ်းသပ်စစ်ဆေးရန် 'အဆ္ဟာဗုလ်ကဟ်ဖ်' စသော ဖြစ်ရပ်များကို မေးမြန်းခဲ့ကြသည်။ အလ္လာဟ်အသျှင်မြတ်သည် 'ဝဟီ'အားဖြင့် ကျွန်ုပ်အား ပြသတော်မူပြီး အသင်တို့အား စိတ်အေးစေတော်မူခဲ့သည်။ သို့ရာတွင် ဤဖြစ်ရပ်များအကြောင်း အမေး၊ အဖြေ ပြုလုပ်ခြင်းတို့သည် 'နဗူဝသ်' မှန်ကန်ကြောင်းကို အလွန်ကြီးမားသည့် အထောက်အထားတစ်ရပ် မဖြစ်နိုင်ပါချေ။ ဤအလုပ် ကိုမူ ကမ္ဘာ့သမိုင်းဖြစ်စဉ်များကို များစွာ တတ်ကျွမ်းသည့် နဗီမဟုတ်သူများလည်း ပြုနိုင်ပါသည်။ သို့သော် ကျွန်ုပ်ကိုမူ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်၏ 'နဗူဝသ်'မှန်ကန်ကြောင်း အတည်ဖြစ်စေရန် ထို့ထက်ပို၍ တိကျခိုင်မာသည့် အထောက်အထားများနှင့် 'မုအ်ဂျေဇာဟ်' တန်ခိုးတော်များကို ချီးမြှင့်တော်မူခဲ့သည်။ ထိုချီးမြှင့်မှုများအနက် အကြီးမားဆုံး အထောက်အထားမှာ ကုရ်အာန်ဖြစ်သည်။ ထိုကုရ်အာန်၏ အာယသ် တော်တစ်ပါးကိုပင် လောကတစ်ခုလုံး စုပေါင်း၍ ပုံတူပြုလုပ်နိုင်စွမ်း မရှိပါချေ။ ထို့ပြင် ဟဇရသ်အာဒမ် ﷺ မှစ၍ 'ကေယာမသ်'နေ့ထိတိုင် ဖြစ်ပေါ်ပြီးနှင့် ပေါ်ပေါက်လာမည့် ဖြစ်ရပ်များအကြောင်းကို 'ဝဟီ'

အားဖြင့် ကျွန်ုပ်အား ပြသတော်မူခဲ့သည်။ ခေတ်ကာလအရ ကြည့်မည်ဆိုလျှင် 'အဆ္ဟာဗေ့ကဟဖ်'နှင့် 'ဇွလ်ကရ်နိုင်းန်'တို့၏ ဖြစ်ရပ်များထက် ပို၍ ဝေးကွာလှပေသည်။ ထိုဖြစ်ရပ်အကြောင်းအရာများကို သိရှိရန်မှာ မည်သူပင်ဖြစ်စေ 'ဝဟီ'မရရှိဘဲ မသိရှိနိုင်ပေ။ အချုပ်ဆိုရသော် အသင်တို့သည် 'အဆ္ဟာဗေ့ကဟဖ်' နှင့် 'ဇွလ်ကရ်နိုင်းန်'တို့၏ ဖြစ်ရပ်များကို အံ့သြဖွယ်အကောင်းဆုံး ဖြစ်ရပ်များဟု မှတ်ယူလျက် ထိုဖြစ်ရပ်များဖြင့် 'နုဗူဝသ်'ကို စမ်းသပ်စစ်ဆေးရန်အတွက် ကျွန်ုပ်အား မေးခွန်းများ ထုတ်၍ မေးခဲ့ကြသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ဤသည်တို့ထက် ပိုသော အံ့ဖွယ်၊ ဆန်းကြယ် အရာများစွာတို့၏ အသိပညာများကို ချီးမြှင့်တော်မူခဲ့သည်။)

ထို့အပြင် (အဆ္ဟာဗေ့ကဟဖ်) တို့၏ အရေအတွက်၌ ကွဲလွဲမှုများ ဖြစ်ပေါ်သကဲ့သို့ ၎င်းတို့ အိပ်စက်နေခဲ့သည့်ကာလနှင့် စပ်လျဉ်း၍ လည်း များစွာ ကွဲလွဲခဲ့သည်။ ကျွန်ုပ်သည် ထိုအကြောင်းများနှင့် စပ်လျဉ်း၍ အမှန်ကို တင်ပြခဲ့သည်မှာ) ထိုသူတို့သည် မိမိတို့၏ ဂူအတွင်း၌ (အိပ်စက်နေလျက်ပင်) နှစ်ပေါင်း (၃၀၀) ထက်ပို၍ (၉) နှစ်၊ (၃၀၉) တိုင် နေခဲ့ကြသည်။ (ဤမှန်ကန်သည့် စကားကို ကြားပြီးသည့်တိုင် ၎င်းတို့သည် ကွဲလွဲမှုများ ပြုလျက်ရှိနေကြသည်ဆိုလျှင်) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ (အိပ်စက်) နေခဲ့သည့် ကာလကို (အသင်တို့ထက်) ပို၍ သိတော်မူသည်။ (ထို့ကြောင့် ထိုအသျှင်မြတ် ပြသတော်မူသည့် အရာများသည်သာ အမှန်ကန်ဆုံးဖြစ်ပေသည်။ ထိုအသျှင်မြတ်၏ ဂုဏ်ရည်တော်မှာ) မိုးကောင်းကင်များနှင့် ပထဝီမြေရှိ ဖုံးကွယ်သော အရာများကို သိစွမ်းနိုင်မှုသည် ထိုအသျှင်မြတ်၌သာ ရှိတော်မူသည်။ ထိုအသျှင်မြတ်သည် မည်သို့ပင်ဖြစ်စေ၊ အံ့ဖွယ်မြင်တော်မူသော အသျှင်၊ ကြားတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ ၎င်းတို့အဖို့ အသျှင်မြတ်မှအပ ကူညီမှိုင်းမည့်သူ မည်သူမျှ မရှိပါချေ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အမိန့်ပြဋ္ဌာန်းမှု (စီမံအုပ်ချုပ်) တို့တွင် မည်သူ့ကိုမျှ ဖက်စပ်ပါဝင်စေတော်မူမည် မဟုတ်ကြောင်း ပြောကြားပါလေ။ (အချုပ်မှာ ထိုအသျှင်မြတ်အား တားမြစ်ပိတ်ပင်နိုင်သူ ဟူ၍လည်း မရှိ။ ထိုအသျှင်မြတ်နှင့် ယှဉ်တွဲလျက် ဖက်စပ်ပါဝင်နိုင်သူဟူ၍လည်း မရှိခြင်းကို ဆိုလိုသည်။ ဤကဲ့သို့သော ကြီးမားမြင့်မြတ်သည့် တန်ခိုးတော် အသျှင်မြတ်အား ဆန့်ကျင်ခြားနားမှု ပြုခြင်းသည် အလွန်တရာ ကြောက်မက်ဖွယ်ကောင်းပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

ဖော်ပြပါအာယသ်တော် (၄) ပါးတွင် 'အဆ္ဟာဗေ့ကဟဖ်'တို့၏ ဖြစ်ရပ်အဆုံးသတ်ပြီးဖြစ်သည်။ ယင်းတို့အနက် ပထမအာယသ်တော်နှစ်ပါးတွင် တမန်တော်မြတ် ﷺ နှင့် ကိုယ်တော်မြတ် ﷺ ၏ အုမ္မသ်အား 'နောင်အခါတွင် အလုပ်တစ်ခုပြုလုပ်ရန် ကတိပေးခြင်း (သို့) ဝန်ခံခြင်းပြုပါလျှင် ထိုကတိပေးခြင်း၊ ဝန်ခံခြင်းတို့နှင့်အတူ 'အင်နှရှာအလ္လာဟ်'ဟူသော စကားလုံးကိုလည်း တွဲ၍ ပြောကြားပါလေ။ အဘယ်ကြောင့်ဆိုသော် နောင်အခါ ဖြစ်ပေါ်လာမည့် အခြေအနေသည် ရှင်မည်၊ မရှင်မည်ကို မည်သူ သိနိုင်ပါမည်နည်း။

အကယ်၍ ရှင်လျက်ရှိနေပါလျှင်လည်း ဤအလုပ်ကို ပြုနိုင်မည်၊ မပြုနိုင်မည်ကိုလည်း မသိနိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် မုအ်မင်နိအတွက် အလ္လာဟ်အသျှင်မြတ်အပေါ်၌ ယုံပုံအားကိုးခြင်းကို စိတ်မှ ပြုရမည်။ နှုတ်မှလည်း 'နောက်နေ့တွင် အလုပ်တစ်ခုခုကို ပြုလုပ်မည်ဟု ပြောဆိုခဲ့သော် 'အကယ်၍ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိပါက ဤအလုပ်ကို မနက်ဖန်ပြုလုပ်မည်'ဟု ပြောဆိုဝန်ခံရမည်'ဟု သင်ကြားပေးတော်မူထားသည်။ (ဤသည် 'အင်န်ရှာအလ္လာဟ်'ဟူသော အဓိပ္ပာယ်ဖြစ်သည်။) ထို့နောက် တတိယအာယသ်တော်တွင် 'အဆ်ဟားဗေ့ကဟဖ်'တို့ အိပ်စက်ခဲ့သည့် ကာလနှင့် စပ်လျဉ်း၍ လူတို့အတွင်း ကွဲလွဲမှုများ ရှိခဲ့သည်။ မျက်မှောက်ခေတ်တွင် ယဟူးဒ်နှင့် နဆ္ဆရာများ၏ အဆိုများလည်း ကွဲလွဲလျက်ရှိသည်။ ဆိုလိုသည်မှာ ဂူအတွင်း ခေတ်ကာလ မည်မျှရှည်ကြာစွာ အိပ်စက်ခဲ့ကြသနည်းဆိုသော အချက်အပေါ် အကွဲအလွဲရှိခဲ့သည်။ ဤအာယသ်တော်တွင် ၎င်းတို့ သည် နှစ်ပေါင်း (၃၀၉) နှစ်တိုင် ကြာခဲ့သည်ဟု ဖော်ပြထားသည်။ ဤသည်ဖြစ်စဉ် အစ၌ တင်ပြခဲ့သည့်အတိုင်း အတိုချုံး တင်ပြထားခြင်းပင် ဖြစ်သည်။ ၎င်းအာယသ်တော်မှာ-

فَضَرَبْنَا عَلَىٰٓ اٰذَا نِهِمْ فِى الْكَهْفِ سِنِيْنَ عَدَدًا

ဟူသော အာယသ်တော်၏ အကျဉ်းချုပ် ရှင်းလင်းချက် ဖြစ်ပေမည်။

ထို့နောက် စတုတ္ထအာယသ်တော်တွင် ထိုအရေးကိစ္စများ၌ ကွဲလွဲမှုများ ပြုကြသူတို့အား 'ဖြစ်ရပ်၏ ဓစ်မြစ်ကို အသင်တို့ မသိကြပေ။ ထို့အကြောင်းအရာများကို မိုးကောင်းကင်များနှင့် ကမ္ဘာမြေပထဝီအတွင်းရှိ ဖုံးကွယ်လျှို့ဝှက်ချက်များကို သိမြင်တော်မူသော အလ္လာဟ်အသျှင်မြတ်သာလျှင် သိမြင်တော်မူသည်။ ထိုအသျှင်မြတ်က 'အဆ်ဟားဗေ့ကဟဖ်'တို့ နေခဲ့သည့်ကာလကို (၃၀၉) နှစ်ဟု ပြသထားသည် ဖြစ်ရာ ထိုအပေါ်၌ ကျေနပ်သင့်သည်ဟု သတိပေး မိန့်ကြားတော်မူထားသည်။

နောင်အခါ တစ်စုံတစ်ရာ ပြုလုပ်ရန်ရှိလျှင် 'အင်န်ရှာအလ္လာဟ်' ဆိုရခြင်း

လုဗားဗ်ကျမ်းတွင် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သခင်ထံမှ ပထမအာယသ်တော်နှစ်ပါး၏ 'ရှာနေနုဇူးလ်' (အာယသ်တော်ကျရောက်လာသည့် အကြောင်းခံဖြစ်ရပ်) နှင့် စပ်လျဉ်း၍ ဆင့်ပြန်ထားသည်မှာ မက္ကာဟ်သားတို့သည် ယဟူဒီတို့ သင်ကြားပေးလိုက်သည့်အတိုင်း တမန်တော်မြတ် ﷺ အား 'အဆ်ဟားဗေ့ကဟဖ်' တို့နှင့် စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းခဲ့ကြသည်။ ကိုယ်တော်မြတ် ﷺ သည် ၎င်းတို့၏ မေးခွန်းများကို အဖြေပေးမည်ဟု ကတိပြုရာတွင် 'အင်န်ရှာအလ္လာဟ်'ဆိုရန် မေ့လျော့သွားခဲ့သည်။ အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်သူတို့၏ မပြောပလောက်သော အသေးအဖွဲ့ ချွတ်ချော်မှုအပေါ်၌ပင် သတိပေးခြင်း ခံရသည်ဖြစ်ရာ (၁၅) ရက်ကြာသည်အထိ 'ဝဟီ'ကျရောက်မလာခဲ့ပေ။ ထိုအခါ ကိုယ်တော်မြတ် ﷺ အဖို့ လွန်စွာပင် သောကဖြစ်ရလေသည်။ မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များအဖို့ ရယ်မော ပျော်ရွှင်ခြင်း၊ လှောင်ပြောင်သရော်ခြင်းများပြုရန် အခွင့်အရေးဖြစ်သွားခဲ့သည်။ (၁၅) ရက်ကြာ 'ဝဟီ'

ရပ်ဆိုင်းပြီးနောက် ဤစူရာဟ်တွင် မေးခွန်းများ၏ အဖြေများ ကျရောက်လာခဲ့သည်။ တစ်ဆက်တည်း မှာပင် 'နောင်အခါ အလုပ်တစ်ခုခု လုပ်ရန် ပြောဆိုပါက 'အင်နှ်ရှာအလ္လာဟ်' ဆို၍ 'အလုပ်တိုင်းသည် အလ္လာဟ်အသျှင်မြတ်၏ အလိုတော်နှင့် ဆန္ဒအပေါ်၌သာ မူတည်သည်'ဟု ဝန်ခံမြွက်ဟခြင်းပြုရန်' ဟူ၍ အာယသ်တော်နှစ်ပါးလည်း ကျရောက်လာသည်။ ထိုအာယသ်တော်နှစ်ပါးတွင် 'အဆ္ဟာဗေ့ကဟဖ်' ၏ ဖြစ်ရပ်အကြောင်း အဆုံးသတ်ထားသည်။

ခမ္မသတ် ။ ။ ဤအာယသ်တော်မှ ထိုအခြေအနေမျိုးတွင် 'အင်နှ်ရှာအလ္လာဟ်' ဆိုခြင်းသည် 'မွတ်စ်သဟဗ်' ဖြစ်သည့်အကြောင်း သိရှိရပေသည်။ ဒုတိယအချက်မှာ အကယ်၍ 'မေ့လျော့ပြီး ဤစာပိုဒ်အား ဆိုရန် ကျန်ရှိသွားပါက သတိရလျှင်ရချင်း ဆိုလိုက်ရပေမည်'ဟု ဖြစ်သည်။

ဤအမိန့်သည် အာယသ်တော်များ ကျရောက်လာရသော အထူးအရေးကိစ္စအတွက်သာ ဖြစ်သည်။ ဆိုလိုသည်မှာ 'ဗရ်ကသ်'ရယူရန်အတွက်သော်လည်းကောင်း၊ (သို့) ကျွန်ဖြစ်ကြောင်း မြွက်ဟဝန်ခံရန် အတွက်သော်လည်းကောင်း ဤစာပိုဒ်ကို ရွတ်ဆိုရန် ရည်ရွယ်ခြင်းဖြစ်သည်။ မည်သည့်စည်းကမ်းချက် သတ်မှတ်ရန် ရည်ရွယ်ခြင်းမျှ မဟုတ်ပေ။ ထို့ကြောင့် နှစ်ဦးနှစ်ဖက်အပေါ် မူတည်၍ ကတိဝန်ခံချက်များ နှင့် စည်းကမ်းချက်များ သတ်မှတ်ရသော အရောင်းအဝယ်ကိစ္စများတွင်လည်း အကယ်၍ ကတိဝန်ခံချက် များ ပြုလုပ်နေချိန်တွင် စည်းကမ်းချက် တစ်စုံတစ်ရာအား သတ်မှတ်ရန် မေ့လျော့သွားခဲ့လျှင် သတိရသည့် အခါ သတ်မှတ်လိုသည့် စည်းကမ်းချက်ကို သတ်မှတ်ရမည်ဟုကား ဆိုထားခြင်းမဟုတ်ပေ။ ဤခမ္မသတ် နှင့် စပ်လျဉ်း၍ ဖိကာဟ်ပညာရှင်များအကြား ကွဲလွဲမှုများ ရှိသည်။ ထိုအကြောင်း အကျယ်တဝင့်ကို ဖိကာဟ်ဆိုင်ရာ ကျမ်းကြီးများတွင် လေ့လာနိုင်ပါသည်။

တတိယအာယသ်တော်တွင် လိုဏ်ဂူအတွင်း၌ အိပ်စက်နေခဲ့သည့် ကာလကို (၃၀၉) နှစ်ဟု ပြဆို မိန့်ကြားထားသည်။ ကုရ်အာန်၏ ပေါ်လွင်သော ဥပဒေအရ ဤကာလကို တင်ပြခြင်းသည် အလ္လာဟ်အသျှင် မြတ်ဘက်တော်မှ ဖြစ်သည်။ အိဗ်နေကစီးရ်သည် ဤသည်ကိုပင် ရှေးခေတ်နှင့် နောင်းခေတ်အများစု ပညာရှင်တို့၏ အဆိုဖြစ်သည်ဟု သတ်မှတ်ခဲ့သည်။ အဘူဟိုင်ယားန်နှင့် ကုရ်သုဗီ စသည်တို့ကလည်း ဤသည်ကိုပင် ရွေးချယ်ခဲ့ကြသည်။ သို့ရာတွင် ကသာဒဟ် စသော ပညာရှင်များထံမှ ဤအကြောင်းကိစ္စ တွင် အခြားအဆိုတစ်ရပ်လည်း ဆင့်ပြန်ခဲ့သည်မှာ 'ဤ (၃၀၉) နှစ်ဟူသော အဆိုသည်လည်း ထိုကွဲလွဲ သူတို့အနက် အချို့လူတို့၏ အဆိုပင် ဖြစ်သည်။' (အလ္လာဟ်အသျှင်မြတ် အမိန့်တော်မှာ ဖော်ပြပါအရေအတွက် နောက်တွင် မိန့်ကြားထားသော اَللّٰهُ اَعۡلَمُ بِمَا لَبِثُوۡا ဟူသော မိန့်ကြားချက်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် (၃၀၉) နှစ်ဟူ၍ ကာလသတ်မှတ်ချက်ဖြင့် မိန့်ကြားသော ပထမအမိန့် (အဆို) သည် အလ္လာဟ် အသျှင်မြတ်၏ အမိန့်တော် ဖြစ်မည်ဆိုလျှင် ၎င်း၏ အရေအတွက်နောက်တွင် اَللّٰهُ اَعۡلَمُ بِمَا لَبِثُوۡا ဟု မိန့်ကြားရန် အခွင့်အရေးမရှိသောကြောင့် ဖြစ်သည်။) သို့ရာတွင် အဖွင့်ပညာရှင် အများစုတို့က ဤစာပိုဒ်နှစ်ခု

စလုံးသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် (အဆို) များ ဖြစ်သည်။ ပထမအမိန့်တွင် ဖြစ်ရပ်၏ အရင်းအမြစ်ကို ဖော်ပြထားသည်။ ဒုတိယအမိန့်တွင် ကွဲလွဲမှုများ ပြုသူတို့အား အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ကာလတင်ပြခြင်း လာရှိသည်ဆိုလျှင် ထိုကာလနှင့် စပ်လျဉ်း၍ တင်ပြခြင်းကို လက်ခံရန် အရေးကြီးသည်။ ထိုအသျှင်မြတ်သည်သာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ခန့်မှန်းချက်များနှင့် တွေးထင်ယူဆချက်များဖြင့် ဆန့်ကျင်မှုပြုခြင်းသည် အသိဉာဏ်မဲ့ခြင်းသာ ဖြစ်သည်ဟု သတိပေးနှိုးဆော်ထားခြင်း ဖြစ်သည်။

ဤနေရာတွင် စာဒကမေးခွန်းတစ်ခု ပေါ်ပေါက်လာသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် ကာလကို သတ်မှတ်ရာတွင် ပထမသတ်မှတ်ချက်၌ နှစ်ပေါင်း (၃၀၀) ဟု ဖော်ပြခဲ့သည်။ တစ်ဖန် နှစ်ပေါင်း (၃၀၀) ထက် (၉) နှစ်ကျော်လွန်သွားသည်ဟု မိန့်ကြားတော်မူပြန်သည်။ ကနဦးမှပင် (၃၀၉) နှစ်ဟု မိန့်ကြားခြင်း မပြုခဲ့ပေ။

ထိုအကြောင်းကို အဖွင့်ပညာရှင်တို့က ရေးသားထားသည်မှာ ယဟူဒီနှင့် နဆွာရာတို့ထံတွင် **شمسى** 'ရှမ်စီ' ခုနှစ် သုံးစွဲကြသည်။ ၎င်းတို့၏ ရေတွက်မှုအရဆိုလျှင် နှစ်ပေါင်း (၃၀၀) ပင် ဖြစ်သည်။ အစ္စလာမ်သာသနာတွင် **قمرى** 'ကမ်မရီ' ခုနှစ်ကို သုံးစွဲသည်။ ထို **قمرى** 'ကမ်မရီ' ခုနှစ်အရဆိုလျှင် နှစ်ပေါင်း (၁၀၀) ဖြစ်တိုင်း (၃) နှစ် ပိုသွားသည်။ ထို့ကြောင့် နှစ်ပေါင်း (၃၀၀) ဖြစ်သော 'ရှမ်စီ' ခုနှစ်အပေါ် 'ကမ်မရီ' ခုနှစ်သည် (၉) နှစ် ပိုသွားခဲ့ခြင်း ဖြစ်သည်။

ထို့နောက် စာဒကမေးခွန်းတစ်ခု ပေါ်ပေါက်လာပြန်သည်မှာ 'အဆ္ဟာဗေကဟဖ်' တို့နှင့် စပ်လျဉ်း၍ ၎င်းတို့ကိုယ်တိုင်၏ ခေတ်သမယတွင်လည်းကောင်း၊ နဗီကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယ၌ ယဟူဒီနှင့် နဆွာရာတို့အကြား 'အဆ္ဟာဗေကဟဖ်' တို့၏ အရေအတွက်နှင့် ၎င်းတို့ ဂူအတွင်း၌ အိပ်စက်ခဲ့သည့် ကာလတို့အပေါ် ကွဲလွဲမှုများ ရှိခဲ့ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုနှစ်ချက်အား တင်ပြခြင်းပြုခဲ့သည်။ သို့ရာတွင် အရေအတွက်တွင် ပေါ်လွင်ထင်ရှားသော စကားလုံးများဖြင့် ဖော်ပြခြင်းမပြုဘဲ အမှန်ကန်ဆုံးအဆိုကို အရိပ်အမြွက်အားဖြင့်သာ ညွှန်းဆိုပြသလျက် ထိုအဆိုကို ပယ်ချခြင်း မပြုခဲ့ပေ။ ကာလသတ်မှတ်ချက်ကိုမူ ရှင်းလင်းထင်ရှားသော စာလုံးများဖြင့်

وَلَبِثُوا فِي كَهْفِهِمْ ثَلَاثَ مِائَةٍ سِنِينَ وَازْدَادُوا تِسْعًا

ဟု ဖော်ပြထားသည်။ အကြောင်းမှာ ကုရ်အာန်ကျမ်းတော်မြတ်သည် မိမိ၏ ဥပဒေနည်းစနစ်များဖြင့် 'အရေအတွက်အပေါ်၌ ငြင်းခုံခြင်းသည် လုံးဝ အချည်းအနှီးသာ ဖြစ်သည်။ ထိုအရေအတွက်ကို သိရှိခြင်းဖြင့် လောကီရေး၊ လောကုတ္တရာရေးဆိုင်ရာ မည်သည့်ဓမ္မသတ်နှင့်မဆို ပတ်သက်ခြင်း မရှိ။ သို့ရာတွင် ကာလရှည်ကြာစွာ လူ့သဘာဝနှင့် ဆန့်ကျင်၍ အိပ်စက်နေခြင်း၊ အစာအဟာရမရှိဘဲလျက် ကျန်းမာသန်စွမ်းစွာ ရှိနေခြင်းနှင့် ဤမျှ ကာလရှည်စွာ ကြာပြီးနောက် ကျန်းမာသန်စွမ်းစွာ ထ၍ ထိုင်ခြင်း စသည်တို့သည် 'ဟာရှရ်'၊ 'နရှရ်' တစ်ခုပမာ ဖြစ်သည်။ ထိုဖြစ်ရပ်သည် 'ကေယာမသ်' နှင့် 'အာခေရသ်' ၏

ဓမ္မသတ်အပေါ် အထောက်အထားတစ်ခု ဖြစ်နိုင်သည်။ ထို့ကြောင့် ကာလသတ်မှတ်ချက်ကို ပေါ်လွင်ထင်ရှားစွာသော စာလုံးများနှင့် ဖော်ပြခြင်းဖြစ်သည်။

'မုအ်ဂျေဇာဟ်' နှင့် သဘာဝကို ဆန့်ကျင်သည့် သဘာဝလွန်ဖြစ်ရပ်များအား မယုံကြည် ငြင်းပယ်သူများ (သို့) အရှေ့တိုင်း ဥပရောပနှင့် ယဟူဒီ၊ နဆွာရာတို့၏ ဓာဒကစကားများ လွှမ်းမိုးခံရပြီး ထိုအချက်များအပေါ် ဝေဖန်သုံးသပ်ချက်များ ပြုတတ်သည့် အလေ့အထရှိသူတို့သည် ဤအာယသ်တော်အပေါ်၌လည်း ဟဇရသ်ကသာဒဟ်၏ သဖ်စီးရ်အပေါ် မှီခို၍ (၃၀၉) နှစ်ဟူသော ကာလဆိုသည်မှာ ထိုသူများ၏ အဆိုဖြစ်သည်ဟု သတ်မှတ်လျက် ပယ်ချလိုကြသည်။ သို့ရာတွင် ကုရ်အာန်၏ ပထမစာပိုဒ်တွင် လာရှိသော سِنِيْنَ ဟူသော စာပိုဒ်ကို သေချာစွာ စေ့ငုံခြင်း မပြုခဲ့ကြပေ။ ဤစာပိုဒ်ကိုမူ အလ္လာဟ်အသျှင်မြတ်မှအပ အခြားသူတစ်ဦးတစ်ယောက်၏ စကားဟု မဆိုနိုင်ပေ။ သဘာဝနှင့် ဆန့်ကျင်သည့် သဘာဝလွန်ဖြစ်ရပ်နှင့် 'ကရာမသ်'တို့သည် အမှန်ဖြစ်ကြောင်း အတည်ဖြစ်ရန်အတွက် 'နှစ်ပရိစ္ဆေဒ ရှည်ကြာစွာ အိပ်စက်နေပြီးနောက်မှ ကျန်းမာသန်စွမ်းစွာ အသက်ရှင်လျက် ထထိုင်ခြင်း' တစ်ခုဖြင့်ပင် လုံလောက်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاتْلُ مَا أُوحِيَ إِلَيْكَ مِن كِتَابِ رَبِّكَ ۖ لَا مُبَدِّلَ لِكَلِمَاتِهِ
وَلَن تَجِدَ مِن دُونِهِ مُلْتَحَدًا ﴿٢٧﴾

၁၈ : ၂၇ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကျမ်းဂန်မှ မိမိထံသို့ ထုတ်ပြန်တော်မူခြင်း ခံရသော အမိန့်တော်များကို (၎င်းတို့ရှေ့ဝယ်) ဖတ်ကြားပါလေ။ ထိုအသျှင်မြတ်၏ အာယသ်တော်များကို ပြောင်းလဲနိုင်မည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိချေ။ စင်စစ် အသင်သည် ထိုအသျှင်မြတ် (ထံတော်) မှအပ ခိုးကိုးရာဟူ၍ အလျဉ်းတွေ့ရှိလိမ့်မည် မဟုတ်ပေ။

وَاصْبِرْ نَفْسَكَ مَعَ الَّذِينَ
يَدْعُونَ رَبَّهُم بِالْغَدَاةِ وَالْعَشِيِّ يُرِيدُونَ وَجْهَهُ
وَلَا تَعْدُ عَيْنَاكَ عَنْهُمْ تُرِيدُ زِينَةَ الْحَيَاةِ الدُّنْيَا ۖ وَ
لَا تُطِعْ مَنْ أَغْفَلْنَا قَلْبَهُ عَن ذِكْرِنَا وَاتَّبَعَ هَوَاهُ وَكَانَ
أَمْرُهُ فُرُطًا ﴿٢٨﴾

၁၈ : ၂၈ ။ ။ ၎င်းပြင် (အို၊ နဗီတမန်တော်) အသင်သည် 'အသျှင်မြတ်၏ အလိုတော်ကိုသာ ရည်စူး၍ နံနက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း မိမိတို့၏ အသျှင်မြတ်အား ဟစ်ခေါ် (တသ သတိရ) ကြသူတို့နှင့်အတူ ချုပ်တည်းသည်းခံ၍ (ကျေနပ်နှစ်သိမ့်စွာ) နေပါလေ။ ထို့ပြင် အသင်သည် ဤလောကီဘဝ၏ စည်းစိမ်သာယာမှုကို ရည်စူး (တပ်မက်)

လျက်၊ မိမိ၏ မျက်စိနှစ်လုံးကို ၎င်း (ဆင်းရဲနွမ်းပါးသူ မုအ်မင်န်) တို့ဘက်မှ (ပြန်) မလှည့်ပါလေနှင့်။ (လျစ်လျူရှု မပြုပါလေနှင့်။) ထို့ပြင် အသင်သည် အကြင်သူ (ကာဖိရ်၊ မုရှ်ရစ်က်အနက်မှ လူကုံထံ အကြီးအကဲတို့) ၏ စကားကို မလိုက်နာပါလေနှင့်။ ငါအသျှင်မြတ်သည် ထိုသူ (တို့) ၏ စိတ်နှလုံးကို ငါအသျှင်မြတ်အား အောက်မေ့တသ သတိရခြင်းမှ မေ့လျော့စေတော်မူခဲ့၏။ ၎င်းပြင် ထိုသူ (တို့) သည် မိမိအလိုဆန္ဒကိုသာ လိုက်နာလျက် ရှိနေလေသည်။ စင်စစ် ၎င်း၏ အရေးကိစ္စမှာ အလွန်အကျွံပင် ဖြစ်နေချေသည်။

وَقُلِ الْحَقُّ مِن رَّبِّكُمْ ۖ فَمَن شَاءَ فَلْيُؤْمِن
وَمَن شَاءَ فَلْيَكْفُرْ ۚ إِنَّا أَعْتَدْنَا لِلظَّالِمِينَ نَارًا
أَحَاطَ بِهِمْ سُرَادِقُهَا ۚ وَإِن يَسْتَغِيثُوا يُغَاثُوا بِمَاءٍ
كَالْمُهْلِ يَشْوِي الْوُجُوهَ ۚ بِئْسَ الشَّرَابُ وَسَاءَتْ مُرْتَفَقًا ﴿٢٩﴾

၁၈ : ၂၉ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ (အချင်းတို့) အမှန်တရားသည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ရောက်ရှိလာခဲ့ချေပြီ။ သို့ဖြစ်ပေရာ မည်သူမဆို ယုံကြည်လိုလျှင် ယုံကြည်နိုင်၏။ ထိုနည်းတူစွာ မည်သူမဆို ငြင်းပယ်လိုလျှင် ငြင်းပယ်နိုင်၏။ ကေန်မလွဲ ငါအသျှင်မြတ်သည် မတရားကျူးလွန်သူတို့အဖို့ (ငရဲ) မီးကို အသင့်ပြုလုပ်ထားတော်မူလေသည်။ ထိုမီး၏ တံတိုင်းများသည် ၎င်းတို့အား ဝန်းဝိုင်းလျက်ရှိချေမည်။ အကယ်၍ ၎င်းတို့သည် ရေတောင်းကြလျှင် (ကျိုက်ကျိုက်ဆူ၍) အရည်ကျိုထားသော ခဲရည်ကဲ့သို့သော ရေပေးခြင်းကို ခံကြရပေမည်။ ထိုရေသည် (သောက်သုံးသူတို့၏) မျက်နှာများကို လောင်ကျွမ်းစေမည် ဖြစ်ပေသည်။ ထိုရေသည် လွန်စွာ ဆိုးရွားလှသော ရေဖြစ်၏။ ထိုငရဲဘုံမှာလည်း ဆိုးရွားလှသော နားရာနေရာပင် ဖြစ်ချေသည်။

إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ إِنَّا لَا نُضِيعُ أَجْرَ مَنْ أَحْسَنَ عَمَلًا ﴿٣٠﴾

၁၈ : ၃၀ ။ ။ ကေန်စင်စစ် အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့ကြကုန်၏။ ကေန်စင်စစ် ငါအသျှင်မြတ်သည် အကျင့်သီလ ကောင်းမြတ်သောသူ၏ ကုသိုလ်အကျိုးကို ဆုံးရှုံးစေတော်မူသည်မဟုတ်ပေ။

أُولَٰئِكَ لَهُمْ جَنَّاتُ عَدْنٍ تَجْرِي مِن تَحْتِهِمُ الْأَنْهَارُ يُحَلَّوْنَ
فِيهَا مِنْ أَسَاوِرَ مِن ذَهَبٍ وَيَلْبَسُونَ ثِيَابًا خُضْرًا مِّن سُندُسٍ
وَإِسْتَبْرَقٍ مُّتَّكِئِينَ فِيهَا عَلَى الْأَرَائِكِ ۚ نِعْمَ الثَّوَابُ وَحَسُنَتْ مُرْتَفَقًا ﴿٣١﴾

၁၈ : ၃၁ ။ ။ ဤသူများပင်။ ၎င်းတို့အဖို့ ထာဝစဉ်တည်သော (ဂျန္နသ်) ဥယျာဉ်များသည် ရှိကြပေမည်။ ၎င်း (ဥယျာဉ်) အောက်မှ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ ၎င်းတို့သည် ထိုဥယျာဉ်များ၌ ရွှေလက်ကောက်များ

ဖြင့် တန်ဆာ ဆင်ယင်ပေးခြင်းကို ခံကြရပေမည်။ ၄င်းပြင် ထိုသူတို့သည် ပါးလွှာသော ပိုးထည်များနှင့် ထူသော ပိုးထည်များမှ အစိမ်းရောင်အဝတ်များကို ဝတ်ဆင်ကြပေမည်။ (ထိုသူတို့သည်) ယင်းဥယျာဉ်များတွင် သလွန်များပေါ်၌ မှီလျက် ရှိကြပေမည်။ ထို (ကုသိုလ်) အကျိုးသည် အလွန်ကောင်းမြတ်သော ကုသိုလ်အကျိုးဖြစ်၍ ထို (ဥယျာဉ်) သည်လည်း အလွန်တရာ ကောင်းမြတ်လှသော နားရာနေရာပင် ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် (အို၊ နဗီတမန်တော်၊ အသင်၏ အလုပ်မှာ) အသင့်အပေါ်သို့ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ဘက်တော်မှ 'ဝဟီ'အားဖြင့် ထုတ်ပြန်ပို့ချပေးခံရသည့် အမိန့်တော်များကို (လူတို့ရှေ့တွင်) ဖတ်ကြားပြသပါလေ။ (ထိုအလုပ်တာဝန်ထက် ပို၍ လောကရှိ ရာထူးရာခံရှိသူ အကြီးအကဲခေါင်းဆောင်များသည် အကယ်၍ အစ္စလာမ်သာသနာအား ဆန့်ကျင် ရန်မူသည့်အခါ သာသနာတော်သည် မည်သို့ တိုးတက်အောင်မြင်ပါမည်နည်း'ဟူ၍ သောကမဖြစ်လေနှင့်။ အကြောင်းမှာ ထိုကိစ္စသည် အလ္လာဟ်အသျှင်မြတ် ကိုယ်တော်တိုင် ကတိတော်ပြုထားသောကြောင့်ပင် ဖြစ်သည်။ ထို့အပြင်) ထိုအသျှင်မြတ်၏ စကားများ (ကတိတော်များ) ကို မည်သူမျှ ပြောင်းလဲနိုင်ခြင်း မရှိပေ။ (ဆိုလိုသည်မှာ လောကတစ်ခုလုံးမှ ဆန့်ကျင်သူ ရန်သူများ စုပေါင်း၍ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်တည်စေခြင်းအား တားဆီးခြင်း မပြုနိုင်ပေ။ ထို့အပြင် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ပြောင်းလဲမှုကို ပြုနိုင်တော်မူသော်လည်း ထိုအသျှင်မြတ်သည် ပြောင်းလဲမှုပြုတော်မူမည် မဟုတ်ပေ။)

ထို့အပြင် (အကယ်၍ အသင်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို လက်လွှတ်သွားစေမည့် ထိုအကြီးအကဲခေါင်းဆောင်များ၏ နှစ်သက်မှုကို ပြုလုပ်ပါလျှင်) အသင်သည် ထိုအသျှင်မြတ်၏ ထံတော်မှအပ မည်သည့် ခိုလှုံရာမျှ ရှိမည်မဟုတ်ပေ။ (စင်စစ် အသျှင်မြတ်၏ အမိန့်တော်များအား လက်လွှတ်သွားခြင်းသည် တမန်တော်မြတ် ﷺ အဖို့ ရှုရီအသ်တရားတော်၏ အထောက်အထားများအရ မဖြစ်နိုင်ပါချေ။ ဤနေရာတွင် လေးနက်မှုရှိစေရန် သုံးနှုန်းထားခြင်း ဖြစ်သည်။) ထို့အပြင် (ကာဖိရ်ခေါင်းဆောင်များအား အလေးမမူရန် အသင့်အား အမိန့်ပေးထားသကဲ့သို့ ဆင်းရဲသားမွတ်စ္စလင်မ်များ၏ အခြေအနေအပေါ် ပို၍ အာရုံစိုက်ရန်လည်း အမိန့်ပေးတော်မူထားပြီး ဖြစ်သည်။ သို့ရှိရာ) အသင်သည် မိမိကိုယ်မိမိ ထိုသူတို့နှင့်အတူ (နေထိုင်ခြင်းတွင်) သတ်မှတ်ထားပါလေ။ ထိုသူတို့သည် နံနက်နှင့် ညနေ (အမြဲတစေ) မိမိတို့၏ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ 'အေဗာဒသ်'ကို ထိုအသျှင်မြတ်၏ နှစ်လိုမှုအတွက်သာ ပြုလုပ်ကြလေသည်။ (မည်သည့်လောကီရေး ရည်ရွယ်ချက်မျှ မပါရှိပေ။) ထို့အပြင် လောကီရေး တောက်ပြောင် သာယာမှု၏ ရည်ရွယ်ချက်နှင့် အသင်၏ မျက်လုံးအစုံ (အာရုံစူးစိုက်မှု) သည် ၄င်းတို့ထံမှ လွှဲဖယ်ခြင်းမပြုလေနှင့်။ (လောကီရေး တောက်ပြောင်သာယာမှု ဆိုသည်မှာ ကာဖိရ်ခေါင်းဆောင်များ မွတ်စ္စလင်မ်ဖြစ်လာကြလျှင် အစ္စလာမ်သာသနာ တောက်ပြောင် သာယာလာမည်ကို ဆိုလိုခြင်းဖြစ်သည်။ ဤအာယသ်တော်တွင် အစ္စလာမ်သာသနာ တိုးတက် တောက်ပြောင်လာခြင်းသည် ဥစ္စာပစ္စည်းများအပေါ် မူတည်ခြင်းမဟုတ်ဘဲ 'အိခ်လားစ်' စိတ်ထားဖြူစင်၍ ရည်ရွယ်ချက်မှန်ကန်ခြင်းနှင့် အမိန့်နာခံခြင်းတို့

အပေါ်၌ မူတည်ကြောင်းနှင့် ထိုအချက်များသည် ဆင်းရဲနွမ်းပါးသူတို့၌ ရှိလျှင်လည်း အစ္စလာမ်သာသနာ၏ တိုးတက်တောက်ပြောင်မှု ဖြစ်ပေလိမ့်မည်ဟု ဖော်ညွှန်းပြသခြင်း ဖြစ်သည်။)

ထို့နောက် (အသင်သည်) ဤကဲ့သို့သောသူ၏ ပြောဆိုခြင်းကို (ဆင်းရဲသားများအား ထိုင်ဝိုင်းမှ ဖယ်ရှားစေခြင်းအား) လက်မခံလေနှင့်။ အကြင်သူ၏ နှလုံးသားကို ငါအသျှင်မြတ်သည် (၎င်း၏ အဓိမ္မဖီဆန်မှုအတွက် အပြစ်ဒဏ်အနေဖြင့်) မိမိအား သတိရခြင်းမှ မေ့လျော့စေခဲ့သည်။ ထို့အပြင် ထိုသူသည် မိမိ၏ စိတ်ရိုင်းနောက်သို့သာ လိုက်ပါသူဖြစ်သည်။ ထို့ပြင် ထိုသူ၏ (စိတ်အလို ရမ္မက်နောက်သို့ လိုက်သည့်) အခြေအနေမှာ အတိုင်းအတာကို ကျော်လွန်ခဲ့သူဖြစ်သည်။ ထို့နောက် အသင်သည် (ထိုကာဖိရ်ခေါင်းဆောင်တို့အား ရှင်းလင်းပြတ်သားစွာ) ပြောကြားပါလေ။ ဤ (သာသနာ) အမှန်တရားသည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဘက်တော်မှ (ရောက်ရှိလာခြင်း) ဖြစ်သည်။ သို့ဖြစ်ပေရာ မည်သူမဆို အီမာန်သက်ဝင်ယုံကြည်လိုလျှင် ယုံကြည်နိုင်သည်။ ငြင်းပယ်လိုလျှင် ငြင်းပယ်နိုင်သည်။ (ကျွန်ုပ်တို့အဖို့ မည်သည့်ကောင်းကျိုး၊ ဆိုးကျိုးမျှ မရှိပေ။ ထိုမျှမက ကောင်းကျိုး၊ ဆိုးကျိုးကို ဖွင့်ဆိုတင်ပြသော အရာမှာ) ဧကန်မုချ ငါအသျှင်မြတ်သည် ဤကဲ့သို့ မတရားမှုပြုကြသူများအတွက် ('ဂျဟန္နမ်' ငရဲဘုံ၏) မီးကို အသင့်ပြင်ထားတော်မူသည်။ ထိုမီး၏ တံတိုင်းများသည် ထိုသူတို့အား ဝန်းရံထားပေမည်။ (တံတိုင်းများဆိုသည်မှာလည်း မီးပင်ဖြစ်၍ မီးတံတိုင်းများကို ဆိုလိုသည်။ ဟဒီးစ်တော်၌ လာရှိသည့်အတိုင်း ၎င်းတို့သည် ဤဝန်းရံထားသည့် မီးတံတိုင်းများမှ ထွက်ပြေးလွတ်မြောက်နိုင်မည် မဟုတ်ပေ။)

ထို့နောက် အကယ်၍ (ရေဆာလောင်တော်မွတ်မှုကြောင့် ရေ) တောင်းခံပါလျှင် ၎င်းတို့၏ တောင်းဆိုချက်ကို ဖြည့်ဆည်းပေးမည်မှာ (မနှစ်သက်ဖွယ်ပုံသဏ္ဌာန် ဖြစ်ရခြင်းတွင်) ကျွတ်ကျွတ်ဆူနေသော ခဲရည်ကဲ့သို့သော ရေပေးခြင်း ခံရပေမည်။ (အပူရှိန် ပြင်းထန်လွန်းသည်မှာ အနားသို့ ယူလာသည်နှင့်) မျက်နှာများ လောင်ကျွမ်းသွားပေမည်။ (မျက်နှာမှ အရေပြားများ ပြတ်၍ ပြုတ်ကျလာလိမ့်မည်မှာ ဟဒီးစ်တော်၌ တင်ပြထားသည့်အတိုင်း ဖြစ်သည်။) အဘယ်မျှ ဆိုးရွားလှသည့် ရေဖြစ်မည်နည်း။ ထို့ပြင် ငရဲဘုံသည်လည်း အဘယ်မျှ ဆိုးရွားသည့်နေရာ ဖြစ်ပါမည်နည်း။ (ဤသည်မှာ အီမာန်သက်ဝင်ခြင်း မရှိသူတို့၏ နာကျင်ဖွယ်ရာများ ဖြစ်ပေသည်။ ယခုတစ်ဖန် အီမာန်သက်ဝင်ခြင်း၏ အကျိုးကျေးဇူးများမှာ) ဧကန်မုချ အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမှု ကိုယ်ကျင့်တရားများ ပြုလုပ်ခဲ့ကြသူတို့၏ အကျိုးရလဒ်များကို ငါအသျှင်မြတ်သည် ဆုံးရှုံးနစ်နာစေတော်မူမည် မဟုတ်ပေ။

ထိုသူတို့အဖို့ အမြဲတမ်းနေထိုင်ရာ ဥယျာဉ်များ ရှိသည်။ ၎င်းတို့၏ (နေထိုင်ရာ၏ အောက်တွင်) ချောင်းများ စီးဆင်းနေပေမည်။ ထိုသူတို့သည် ထိုဥယျာဉ်များတွင် ရွှေလက်ကောက်များဖြင့် ဆင်ယင်ပေးခြင်း ခံကြရပေမည်။ ထို့ပြင် ၎င်းတို့သည် ပါးလွှာသည့် အစိမ်းရောင်ပိုးထည်များနှင့် ထူထဲသော အစိမ်းရောင်ပိုးထည်များ ဝတ်ဆင်ကြပေမည်။ (ထို့အပြင်) ၎င်းတို့သည် ထိုဥယျာဉ်အတွင်းဝယ် သလွန်များထက်၌ မှီထိုင်လျက် ရှိနေကြပေမည်။ အဘယ်မျှ ကောင်းမွန်သော အကျိုးကုသိုလ်များ ဖြစ်ပါသနည်း။ ထို့အပြင် ('ဂျန္နသ်'ဥယျာဉ်သည်) အဘယ်မျှ ကောင်းမွန်သည့်နေရာ ဖြစ်ပါသနည်း။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

'ဒအ်ဝသ်' နှင့် 'သဗ်လီးဂ်' လုပ်ငန်းအတွက် သီးခြားအထူး နည်းကမ်းချက်များ

وَاصْبِرْ نَفْسَكَ ဤအာယသ်တော်၏ 'ရှာနေနုဇူလ်' (အာယသ်တော် ကျရောက်ရခြင်း၏ အကြောင်းရင်း) တွင် ဖြစ်ရပ်အချို့ကို တင်ပြထားသည်။ ထိုဖြစ်ရပ်အားလုံးသည်ပင် ဤအယသ် (အမိန့်) တော်၏ အကြောင်းခံ ဖြစ်နိုင်ပေသည်။ အေမာမ်ဗဂဝီ (ရဟ) က ဆင့်ပြန်သည်မှာ မက္ကာဟ်မြို့၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ အိုယိုင်နာအိဗ်နေဟဆွန်ဖဇာရီသည် ကိုယ်တော်မြတ် ﷺ ထံပါးသို ရောက်ရှိသွားသောအခါ ကိုယ်တော်မြတ် ﷺ ထံတော်၌ ဟဇရသ်စလ်မာနိဖာရ်စီ ထိုင်လျက် ရှိနေသည်။ ၎င်းသည် ဆင်းရဲသားဆွဟာဗာများတွင် ပါဝင်သူဖြစ်သည်။ ၎င်း၏ အဝတ်အစားများမှာ စုတ်ပြဲ လျက် ဆင်းရဲသားတို့၏ ပုံပန်းသဏ္ဍာန်ဖြစ်နေသည်။ ထို့အပြင် ဤကဲ့သို့သော အခြားသူဆင်းရဲ ဆွဟာဗာ များသည်လည်း အုပ်စုလိုက် ထိုင်နေကြသည်။ အုယိုင်နဟ်က 'ကျွန်ုပ်အဖို့ ကိုယ်တော်မြတ် ﷺ ထံ လာရောက် ခြင်းနှင့် ကိုယ်တော်မြတ် ﷺ ၏ စကားများကို နားထောင်ရန်မှာ ဤသူကို့က အတားအဆီးဖြစ်နေပါသည်။ ဤကဲ့သို့ အခြေအနေမဲ့ လူများအနီးတွင် ကျွန်ုပ်မထိုင်နိုင်ပါ။ ကိုယ်တော်မြတ် ﷺ အနေနှင့် ၎င်းတို့အား မိမိတို့၏ ထိုင်ဝိုင်းမှ ဖယ်ရှားပေးပါ။ (သို့) အနည်းဆုံး ကျွန်ုပ်တို့အတွက် သီးသန့် ထိုင်ဝိုင်းနှင့် ၎င်းတို့ အတွက် သီးခြားထိုင်ဝိုင်း ပြုပေးပါ' ဟု တောင်းဆို လျှောက်ထားလေသည်။

အိဗ်နေမရ်ဒူဝိယဟ်က အိဗ်နေအဗ္ဗားစ် ؓ သခင်၏ ဆင့်ပြန်ချက်ဖြင့် တင်ပြသည်မှာ အုမိုင်ယဟ် ဗင်နိခလ်ဖ်သည် တမန်တော်မြတ် ﷺ အား တင်ပြသည်မှာ 'အခြေအနေမဲ့ ဆင်းရဲသားမွတ်စ္စလင်မ်များအား အသင်၏ အနီး၌ မထားပါနှင့်။ ထိုမျှမက မက္ကာဟ်ခေါင်းဆောင်များ၊ ကုရိုက်ရှ်ခေါင်းဆောင်များနှင့် လက်တွဲပူးပေါင်းပါ။ ဤသူများသည် အသင်၏ သာသနာကို လက်ခံပါက သာသနာတိုးတက်မှု ရရှိပေမည်' ဟု ဖြစ်သည်။

ဤကဲ့သို့ အလားတူဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ခြင်းအပေါ် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ ကျရောက် လာခဲ့သည်။ ထိုအမိန့်တော်များတွင် ၎င်းတို့၏ အကြံပြုတင်ပြချက်များအား လက်မခံရန် အပြင်းအထန် တားမြစ်တော်မူထားသည်။ ထို့အပြင် ဆင်းရဲသားမွတ်စ္စလင်မ်များအား မိမိ၏ ထိုင်ဝိုင်းမှ ဖယ်ရှားရန်သာမက وَاصْبِرْ نَفْسَكَ 'အသင်သည် မိမိ၏စိတ်ကို ၎င်းတို့နှင့်အတူ ချည်နှောင်ထားပါ' ဟုလည်း မိန့်ကြား ထားပေသည်။ ဤသည်မှာလည်း 'မည်သည့်အခါမျှ မခွဲခွာရ' ဟု ဆိုလိုခြင်းမဟုတ်ဘဲ အဆက်အသွယ် ရှိနေမှုနှင့် အလေးထား အာရုံစိုက်ခြင်းကို ထိုသူဆင်းရဲများနှင့် ရှိနေရမည်။ အရေးကိစ္စများ ပေါ်ပေါက် လာလျှင် ၎င်းတို့နှင့် ဆွေးနွေးရမည်။ ၎င်းတို့၏ အကူအညီများဖြင့်ပင် အလုပ်လုပ်ကိုင်နေရမည်' ဟု ဆိုလို သည်။ ထိုသို့ အမိန့်ပေးရခြင်းအကြောင်းနှင့် အကြောင်းအမြင်ကို 'ဤသူတို့သည် နံနက်နှင့် ညနေ (အချိန်တိုင်း) တွင် အလ္လာဟ်အသျှင်မြတ်အား ဆုတောင်းပတ္ထနာပြုနေကြသည်။ ထိုအသျှင်မြတ်ကိုသာ သတိရ တသနေ ကြသည်။ ၎င်းတို့၏ လုပ်ရပ်တိုင်းသည် အလ္လာဟ်အသျှင်မြတ်၏ နှစ်လိုမှုအတွက်သက်သက်ပင် ဖြစ်ကြ

သည်’ ဟူသော စာလုံးများဖြင့် ဖော်ပြထားသည်။ တင်ပြပါ အခြေအနေအားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မမှုကို ဆွဲဆောင်သည့် အခြေအနေများဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ကူညီမှိုင်းမမှုသည် ထိုကဲ့သို့သော သူများအတွက်သာ ရောက်လာလေ့ရှိသည်။ ရက်အနည်းငယ်မျှ မေးမြန်းမည့်သူပင် မရှိခြင်းအပေါ်၌ စိုးရိမ်ကြောင့်ကြမှု မရှိလေနှင့်။ အောင်မြင်မှုနှင့် ကူညီစောင်မမှုတို့သည် ၎င်းတို့သာလျှင် ရရှိကြပေမည်။

ကာဖိရ်ခေါင်းဆောင်တို့၏ အကြံပြုချက်ကို လက်မခံရန် တားမြစ်သည့် အကြောင်းခံကိုလည်း နောက်ဆုံးအာယသ်တော်များ၌ ပြသထားသည်မှာ ၎င်းတို့၏ စိတ်နှလုံးသည် အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းမှ မေ့မောနေကြသည်။ ၎င်းတို့၏ လုပ်ရပ်အားလုံးသည် မိမိတို့၏ အလိုရမ္မက်များနောက်သို့သာ လိုက်၍ လုပ်ကြခြင်းဖြစ်သည်။ ဤအခြေအနေအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ‘ရဟ်မသ်’ နှင့် ကူညီစောင်မခြင်းများမှ ၎င်းတို့ကို ဝေးကွာအောင် ပြုလုပ်လိုက်သူများပင် ဖြစ်သည်။

ဤနေရာ၌ မေးခွန်းတစ်ခု ပေါ်ပေါက်လာသည်။ ယင်းမေးခွန်းမှာ ကာဖိရ်ခေါင်းဆောင်တို့က ‘၎င်းတို့အတွက် သီးသန့်ထိုင်ခိုင်း ပြုလုပ်ပေးပါ။ သို့မှသာ ၎င်းတို့ထံသို့ အစ္စလာမ်သာသနာ၏ ဖိတ်ခေါ်မှု ရောက်ရှိသွားခြင်းနှင့် ၎င်းတို့ လက်ခံရန် လွယ်ကူပေမည်’ဟု အကြံပြုတင်ပြချက်မှာ လက်ခံဖွယ်ရာကိစ္စ ဖြစ်သည်။

အဖြေမှာ လက်ခံဖွယ်ရာကိစ္စဖြစ်သည်မှာ မှန်ပေသည်။ သို့ရာတွင် ဤကဲ့သို့ အဆင့်ခွဲခြားရာတွင် ဆိုးသွမ်းသော ဥစ္စာရှင်များအဖို့ သီးခြား အထူးအဆင့်တစ်ခုကို ရရှိခြင်း ဖြစ်သွားပေမည်။ ထိုသို့ဖြစ်ခြင်းကြောင့် ဆင်းရဲသားမွတ်စ္စလင်မ်များအဖို့ စိတ်ထိခိုက်ရခြင်း၊ ဖွဲ့သတ္တိ ကျဆင်းရခြင်းများ ဖြစ်ပေါ်နိုင်သည်။ အလ္လာဟ်အသျှင်မြတ်သည် ဤသို့ဖြစ်မည်ကို နှစ်သက်တော်မမူပေ။ ‘ဒအ်ဝသ်’နှင့် ‘သဗ်လီးဂ်’၏ ဥပဒေသည်လည်း ‘မည်သူ့ကိုမျှ မည်သည့်အဆင့်အတန်းမျှ ခွဲခြားခြင်း မပြုရ’ဟု သတ်မှတ်ထားသည်။

‘ဂျန္နသ်’ သုခဘုံတို့အတွက် လက်ဝတ်ရတနာ များ

يُحَلَّوْنَ فِيهَا

ဤအာယသ်တော်၌ ‘ဂျန္နသ်’သုခဘုံသားများတွင် အမျိုးသားများအတွက်လည်း ရွှေလက်ကောက်များ ဆင်ယင်ပေးမည်ဟု တင်ပြထားသည်။

ထိုတင်ပြချက်အပေါ် မေးစရာဖြစ်လာသည်မှာ ‘လက်ဝတ်ရတနာများ ဝတ်ဆင်ခြင်းသည် အမျိုးသားများအတွက် လှပမှုလည်း မဖြစ်။ တင့်တယ်မှုလည်း မရှိဟုဆိုရာ ‘ဂျန္နသ်’တွင် ၎င်းတို့သည် လက်ကောက်များ ဆင်ယင်ခြင်းခံရသည့်အခါ ၎င်းတို့မှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေပေမည်။

အဖြေမှာ လှပမှုနှင့် တင့်တယ်မှုတို့သည် ခေတ်စားခြင်းနှင့် ရေပန်းစားခြင်းတို့၏ နောက်လိုက်ဖြစ်သည်။ နိုင်ငံတစ်ခု၊ ဒေသတစ်ခုတွင် လှပ၊ တင့်တယ်မှုဟု ယူဆသည့် အရာတစ်ခုသည် အခြားနိုင်ငံ

များနှင့် ဒေသများတွင် များသောအားဖြင့် ရှုံရှာဖွယ်ရာများအဖြစ် သတ်မှတ်ကြသည်များလည်း ရှိသည်။ ဤအတိုင်းပင် ထိုအချက်နှင့် ဆန့်ကျင်မှုများလည်း ရှိသည်။ အလားတူ ခေတ်တစ်ခေတ်၌ လှပတင့်တယ်မှုဟု သတ်မှတ်ထားသော အရာတစ်ခုသည် အခြားခေတ်တစ်ခေတ်တွင် အပြစ်ဖြစ်သွားသည်များလည်း ရှိသည်။

'ဂျန္နသ်'သုခဘုံတွင် အမျိုးသားများအတွက်လည်း လက်ဝတ်လက်စား၊ ရတနာများနှင့် ပိုးထည်များသည် လှပမှု၊ တင့်တယ်မှုဟု သတ်မှတ်ထားသည်ဆိုပါလျှင် ထို 'ဂျန္နသ်'တွင် မည်သူကမျှ အသစ်အဆန်းအဖြစ် ခံစားရမည် မဟုတ်ပေ။

'အမျိုးသားများအတွက် လက်စွပ်၊ ဆွဲကြိုးနှင့် နာရီ လက်ပတ်ကြိုး စသည်များတွင် ရွှေကို အသုံးပြုခြင်းသည်လည်း မပိုင်'ဟု ဆိုခြင်းမှာ လောက၏ ဥပဒေအမိန့်ပင် ဖြစ်သည်။ အလားတူ ပိုးထည်ဝတ်ဆင်ခြင်းသည်လည်း အမျိုးသားများအတွက် မပိုင်ပေ။

'ဂျန္နသ်'တွင် ဤဥပဒေများ ရှိတော့မည်မဟုတ်ပါချေ။ ထို 'ဂျန္နသ်'သည် လောကအပေါင်းတို့နှင့် သီးခြားဖြစ်သော လောကတစ်ခုဖြစ်သည်။ ထို 'ဂျန္နသ်'အား ဤအမိန့်ဥပဒေမျိုးနှင့် စပ်လျဉ်း၍ မည်သည့်အရာတွင်မှလည်း နှိုင်းယှဉ်သုံးသပ်ခြင်း မပြုနိုင်ပါလေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاضْرِبْ لَهُمْ مَّثَلًا رَّجُلَيْنِ جَعَلْنَا لِاَحَدِهِمَا جَنَّتَيْنِ مِنْ اَعْنَابٍ
وَّحَفَفْنٰهُمَا بِنَخْلٍ وَّجَعَلْنَا بَيْنَهُمَا زَرْعًا ۝٣٢

၁၈ : ၃၂ ။ ။ ထို့ပြင် (အို, နဗီတမန်တော်) အသင်သည် ၎င်းတို့အား လူနှစ်ယောက်၏ ဥပမာကို ခိုင်းနှိုင်း၍ ပြပါလေ။ ငါအသျှင်မြတ်သည် ၎င်းတို့နှစ်ဦးအနက် တစ်ဦးအား စပျစ်ခြံနှစ်ခြံကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်းခြံနှစ်ခြံကို စွန်ပလွံပင်များဖြင့် ခြံရံ၍ ပေးတော်မူခဲ့လေသည်။ ထို့ပြင် ငါအသျှင်မြတ်သည် ထိုခြံနှစ်ခြံ၏အကြားတွင် လယ်တစ်ခုကိုလည်း ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။

كِلْتَا الْجَنَّتَيْنِ
اٰتَتْ اُكُلَهَا وَلَمْ تَظْلِمْ مِّنْهُ شَيْــًٔا وَّفَجَّرْنَا خِلٰلَهُمَا نَهَرًا ۝٣٣

၁၈ : ၃၃ ။ ။ ထိုခြံနှစ်ခြံမှာ အသီးအနှံများကို အနည်းငယ်မျှပင် လျော့နည်းစေခြင်းမရှိဘဲ (ရာသီမလပ်) သီးပွင့်၍ ပေးလျက်ပင် ရှိခဲ့ကြ၏။ ထို့ပြင် ငါအသျှင်မြတ်သည် ထိုခြံနှစ်ခြံ၏ အကြားဝယ် ချောင်းတစ်ခုကိုလည်း စီးထွက်စေတော်မူခဲ့ပေသည်။

وَّكَانَ لَهٗ ثَمَرٌ ۚ فَقَالَ لِصَاحِبِهٖ وَهُوَ يُحَاوِرُهٗۤ اَنَا
اَكۡثَرُ مِنۡكَ مَالًا وَّاَعَزُّ نَفَرًا ﴿٣٤﴾

၁၈ : ၃၄ ။ ။ ၎င်းပြင် ထိုသူ၌ (ယင်းလယ်ယာဥယျာဉ်များအပြင် အခြားသော) ဥစ္စာပစ္စည်းလည်း ရှိခဲ့ပေသည်။ ၎င်းက မိမိအဖော်အား (ဤသို့သော) စကား ပြောဆို၏။ 'ကျွန်ုပ်သည် အသင့်ထက် ပစ္စည်းဥစ္စာအားဖြင့်လည်း (ချမ်းသာကြွယ်ဝ) ပိုမိုများပြားသူ ဖြစ်သည့်အပြင် အခြွေအရံ သင်းပင်းအားဖြင့်လည်း (အသင့်ထက်) ပိုမိုများပြားသူပင် ဖြစ်ပေသည်။'

وَدَخَلَ جَنَّتَهٗ وَهُوَ
ظَالِمٌ لِّنَفۡسِهٖ ۚ قَالَ مَاۤ اَظُنُّ اَنۡ تَبِيۡدَ هٰذِهٖۤ اَبَدًا ۙ﴿٣٥﴾

၁၈ : ၃၅ ။ ။ ၎င်းနောက် ထိုသူသည် မိမိကိုယ်ကို မိမိ နှိပ်စက်သူအဖြစ် မိမိ၏ ဥယျာဉ်ထဲသို့ ဝင်ရောက်၍ 'ဤဥယျာဉ်သည် မည်သည့်အခါ၌မျှ ပျက်စီးလိမ့်မည်ဟူ၍ ကျွန်ုပ်မထင်'ဟု ပြောဆိုခဲ့လေသည်။

وَّمَاۤ اَظُنُّ السَّاعَةَ قَآئِمَةً ۙ وَّلَئِنۡ رُّدِدۡتُّ اِلٰى رَبِّىۡ لَاَجِدَنَّ
خَيۡرًا مِّنۡهَا مُنۡقَلَبًا ﴿٣٦﴾

၁၈ : ၃၆ ။ ။ ထို့နည်းတူစွာ ကျွန်ုပ်သည် 'ကေယာမသ်'ဖြစ်လိမ့်မည်ဟူ၍လည်း မထင်။ သို့ရာတွင် အကယ်၍ ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်သို့ ပြန်ပို့ခြင်းကို ခံခဲ့ရသည့်တိုင်အောင်လည်း 'ဧကန်မလွဲ ကျွန်ုပ်သည် ယင်းဥယျာဉ်ထက် ပိုမို၍ ကောင်းမြတ်သော နေရာကိုပင် ရရှိပေမည်' (ဟူ၍ ပြောဆိုပြန်၏။)

قَالَ لَهٗ صَاحِبُهٗ وَهُوَ يُحَاوِرُهٗۤ
اَكَفَرۡتَ بِالَّذِىۡ خَلَقَكَ مِنۡ تُرَابٍ ثُمَّ مِنۡ نُّطۡفَةٍ ثُمَّ
سَوّٰٮكَ رَجُلًا ﴿٣٧﴾

၁၈ : ၃၇ ။ ။ (ထိုအခါ) ၎င်း၏အဖော်သည် ၎င်းအား ဖြေကြားသောအားဖြင့် (ဤသို့) ပြောဆိုခဲ့လေသည်။ (အို၊ ချစ်ဆွေ) အသင်သည် အကြင်အသျှင်မြတ်အား သွေဖည်ငြင်းပယ်ခဲ့လေသလော။ ထိုအသျှင်မြတ်သည် အသင့်အား (ဦးစွာပထမ) မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့လေသည်။ ထို့နောက် သုက်ရည်တစ်စက်ဖြင့် (သန္ဓေဘည်စေ) ပြီးနောက် အသင့်အား ယောကျ်ားအဖြစ် ပြီးပြောက်စုံလင်အောင် စီမံဆောင်ရွက်တော်မူခဲ့သည်။

لَّٰكِنَّا۠ هُوَ ٱللَّهُ رَبِّي وَلَآ أُشْرِكُ بِرَبِّيٓ أَحَدًا ٣٨

၁၈ း ၃၈ ။ ။ သို့ရာတွင် ထိုအသျှင်မြတ်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ ၎င်းပြင် ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် တွဲဖက်နိုင်းယှဉ် ကိုးကွယ်သည်လည်း မဟုတ်ပေ။

وَلَوْلَآ إِذْ دَخَلْتَ جَنَّتَكَ قُلْتَ مَا شَآءَ ٱللَّهُ لَا قُوَّةَ إِلَّا بِٱللَّهِ
إِن تَرَنِ أَنَا۠ أَقَلَّ مِنكَ مَالًا وَوَلَدًا ٣٩

၁၈ း ၃၉ ။ ။ ၎င်းပြင် အသင်သည် မိမိ၏ ဥယျာဉ်သို့ ဝင်ရောက်ခဲ့စဉ်အခါက (မာရှာအလ္လာဟ်ဟု လာကူးဝသ၊ အစ်လ္လာဗစ်လ္လာဟ်ဟီ) 'အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူသော အရာကိစ္စသာလျှင် ဖြစ်မြောက်၏။ အလ္လာဟ်အသျှင်မြတ်၏ အကူအညီမရှိလျှင် မည်သို့မျှ စွမ်းဆောင်နိုင်ခြင်း မရှိပါ'ဟူ၍ အဘယ်ကြောင့် မဆိုခဲ့ပါသနည်း။ အကယ်၍ အသင်သည် ကျွန်ုပ်အား အသင့်ထက် ပစ္စည်းဥစ္စာအားဖြင့်လည်းကောင်း၊ သားသမီးအားဖြင့်လည်းကောင်း နည်းပါးသူဖြစ်သည်ဟု မြင်နေပါလျှင်။

فَعَسَىٰ رَبِّيٓ أَن
يُؤْتِيَنِ خَيْرًا مِّن جَنَّتِكَ وَيُرْسِلَ عَلَيْهَا حُسْبَانًا مِّنَ ٱلسَّمَآءِ
فَتُصْبِحَ صَعِيدًا زَلَقًا ٤٠

၁၈ း ၄၀ ။ ။ သို့ မြင်နေသော်လည်း ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင်၏ ဥယျာဉ်ထက် ပိုမိုကောင်းမြတ်သော (ဥယျာဉ်ကို) ကျွန်ုပ်အား ချီးမြှင့်ပေးသနားတော်မူ၍ (အသင်၏) ထိုဥယျာဉ်ပေါ်၌ မိုးကောင်းကင်မှ မိုးကြိုးလောင်မီး ဘေးအန္တရာယ်တစ်စုံတစ်ရာကို ပစ်ချကောင်း ပစ်ချတော်မူတန်ရာ၏။ သို့ဖြစ်လျှင် (အသင်၏) ထိုဥယျာဉ်မှာ ချောမွတ်သော မြေပြင်တစ်ခုသာ ဖြစ်သွားပေလိမ့်မည်။

أَوْ يُصْبِحَ مَآؤُهَا غَوْرًا فَلَن تَسْتَطِيعَ لَهُۥ طَلَبًا ٤١

၁၈ း ၄၁ ။ ။ သို့တည်းမဟုတ် (အသင်၏ ဥယျာဉ်အနီး၌ရှိသော) ချောင်းရေသည် (မြေကြီးအောက်သို့) နက်ဝင်သွားတန်ရာ၏။ သို့ဖြစ်လျှင် အသင်သည် ထိုရေကို အလျှဉ်းရှာဖွေ (ထုတ်ယူ) နိုင်မည် မဟုတ်ပေ။

وَأُحِيطَ بِثَمَرِهِۦ فَأَصْبَحَ يُقَلِّبُ كَفَّيْهِ عَلَىٰ مَآ أَنفَقَ فِيهَا وَهِيَ
خَاوِيَةٌ عَلَىٰ عُرُوشِهَا وَيَقُولُ يَٰلَيْتَنِى لَمْ أُشْرِكْ بِرَبِّيٓ أَحَدًا ٤٢

၁၈ း ၄၂ ။ ။ ၎င်းနောက် ထိုသူ၏ (ခြံ၊ ဥယျာဉ် အစရှိသော) ဥစ္စာပစ္စည်းများသည် (ဘေးအန္တရာယ်များ၏ ဝန်းဝိုင်းခြင်းကို ခံခဲ့ရလေသည်။ ၎င်းပြင် ထိုဥယျာဉ်မှာမူ မိမိစင်များပေါ်၌ ပြိုကျသွား (သည်ကို မြင်တွေ့ရ) သဖြင့် ထိုသူသည်

ယင်းဥယျာဉ်၌ (မိမိ) သုံးစွဲခဲ့ (သော စရိတ်ကြေးငွေအလုံးစုံ ပျက်ပြုန်းခဲ့) ရသည့်အတွက် (ဝမ်းနည်းသောအားဖြင့်) မိမိလက်ဝါးနှစ်ဖက်ကို ပွတ်တိုက်လျက် ရှိနေလေတော့သည်။ ထိုအခါ ၎င်းမှာ 'သြော်- ငါသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ တွဲဖက်နှီးယှဉ် ကိုးကွယ်ခြင်းမပြုခဲ့ပါသော် ကောင်းလေစွ' ဟု (ဝမ်းနည်းပက်လက်) ပြောဆိုမြည်တမ်း ညည်းညူလျက်ပင် ရှိချေတော့၏။

وَلَمْ تَكُن لَّهُۥ فِئَةٌ يَنصُرُونَهُۥ مِن دُونِ ٱللَّهِ وَمَا كَانَ مُنتَصِرًا ﴿٤٣﴾

၁၈ : ၄၃ ။ ။ ၎င်းပြင် ထိုသူ၌ အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်ပြိုင်၍ ၎င်းအား ရိုင်းပင်းကူညီနိုင်သော အုပ်စုဟူ၍လည်း အလျဉ်းမရှိခဲ့ပေ။ ထို့ပြင် ၎င်း (ကိုယ်တိုင်) လည်း (ယင်းပြစ်ဒဏ်မှ လွတ်ကင်းအောင်) တတ်စွမ်းနိုင်ခြင်း မရှိခဲ့ပေ။

هُنَالِكَ ٱلْوَلَٰيَةُ لِلَّهِ ٱلْحَقِّ ۚ هُوَ خَيْرٌ ثَوَابًا وَخَيْرٌ عُقْبًا ﴿٤٤﴾

၁၈ : ၄၄ ။ ။ ထိုကဲ့သို့သော အချိန်အခါမျိုးတွင် ကြည့်ရှုစောင်မပေးနိုင်စွမ်းမှာ အစစ်အမှန် တည်ရှိတော်မူသော အလ္လာဟ်အသျှင်မြတ်၌သာ ရှိပေသည်။ ထိုအသျှင်မြတ်သည်ပင် ကုသိုလ်အကျိုး ဆုလာဘ် ချီးမြှင့်တော်မူရာ၌ အမွန်မြတ်ဆုံးဖြစ်တော်မူ၏။ နောက်ဆုံးအကျိုးဆက်ကို ချီးမြှင့်တော်မူရာ၌လည်း အမွန်မြတ်ဆုံးသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် အို၊ နဗီတမန်တော်၊ အသင်သည် (လောက၏ မတည်မြဲခြင်းနှင့် 'အာခိရတ်' တမလွန်၏ တည်မြဲမှုကို ထုတ်ဖော်ရန်အတွက်) ပုဂ္ဂိုလ်နှစ်ဦး၏ အခြေအနေ အဖြစ်အပျက်ကို (ထိုနှစ်ဦးသည် မိတ်ဆွေ (သို့) ဆွေမျိုးတော်စပ်သူများ ဖြစ်သည်) ဟု ပြောကြားပါလေ။ (သို့မှသာ ကာဖိရ်တို့၏ အတွေးအခေါ် အာရုံများ ပယ်ဖျက်လျက် မွတ်စ္လင်မ်များအဖို့ နှစ်သိမ့်ရာ ရောက်ပေမည်။) ထိုနှစ်ဦးအနက် တစ်ဦး (သာသနာမလိုက်စားသူ) အား ငါအသျှင်မြတ်သည် စပျစ်ခြံနှစ်ခြံကို ချီးမြှင့်တော်မူထားသည်။ ထို (ဥယျာဉ်ခြံ) နှစ်ခုကို စွန်ပလွံပင်များဖြင့် ဝန်းရံထားသည်။ ထို့အပြင် ထို (ဥယျာဉ်) နှစ်ခု၏ ကြားအလယ်တွင် လယ်မြေတစ်ကွက်ကိုလည်း ချီးမြှင့်ထားတော်မူသည်။ (ထို့နောက်) ဥယျာဉ်ခြံနှစ်ခုတို့သည် မိမိတို့၏ သစ်သီးဝလံများကို အပြည့်အဝ သီးပွင့်ပေးခဲ့ကြသည်။ မည်သည့်အသီးတွင်မျှ အနည်းငယ်မျှ လျော့နည်းခြင်းလည်း မရှိခဲ့ပေ။ (အခြားဥယျာဉ်များနှင့်မတူ ခြားနားပေသည်။ အခြားဥယျာဉ်များတွင် အချို့အပင်သည်လည်းကောင်း၊ အချို့နှစ်တွင် ဥယျာဉ်တစ်ခုလုံး၌လည်းကောင်း အသီးနည်းသည်များ ရှိတတ်ကြသည်။) ထို (ဥယျာဉ်ခြံ) နှစ်ခု၏ အလယ်တွင် ချောင်းတစ်ခုကို စီးဆင်းစေခဲ့သည်။

ထို့ပြင် ထိုသူ့ထံတွင် အခြားသော ဥစ္စာပစ္စည်းများလည်း ရှိပေသည်။ သို့ဖြစ်ပေရာ (တစ်နေ့တွင်) ထိုသူသည် မိမိ၏ မိတ်ဆွေအား ထွေရာလေးပါး စကားများ ပြောဆိုရင်းမှ ကျွန်ုပ်သည် အသင့်ထက် ဥစ္စာပစ္စည်းများတွင်လည်း သာပို များပြားပေသည်။ အခြွေအရံ အသင်းအပင်းအားဖြင့်လည်း အသင့်ထက်

ပို၍ မှားပြားသူဖြစ်သည်။ (ဆိုလိုသည့်သဘောမှာ အသင်သည် ကျွန်ုပ်၏ လုပ်ဆောင်ချက်များကို မှားယွင်းသည်ဟုလည်းကောင်း၊ အလ္လာဟ်အသျှင်မြတ် မနှစ်သက်သည်များ ဖြစ်သည်ဟုလည်းကောင်း ပြောဆိုခဲ့ပါသည်။ သို့ရှိရာ ယခု မည်သူသည် ကောင်းသည်ကို အသင် ကြည့်လိုက်ပါလေ။ အကယ်၍သာ အသင်၏ ကြွေးကြော်မှုသည် မှန်ကန်ခဲ့သည်ဆိုလျှင် အခြေအနေဖြစ်ရပ်သည် ပြောင်းပြန်ဖြစ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ရန်သူအား မည်သူကမျှ မချီးမြှင့်ခြင်းနှင့် မိတ်ဆွေကို မည်သူကမျှ ဒုက္ခမရောက်စေသောကြောင့် ဖြစ်သည်) ဟု ပြောလေသည်။ ထို့နောက် ထိုသူသည် (မိမိ၏ ထိုမိတ်ဆွေကို ခေါ်ဆောင်လျက် မိမိကိုယ်မိမိ အပြစ် (ကုဖွ်ရ်ဖြစ်ကြောင်း) အတည်ပြုလျက် မိမိ၏ ဥယျာဉ်အတွင်းသို့ ဝင်ရောက်သွားသည်။ (ထို့နောက်) ဤဥယျာဉ်သည် (ကျွန်ုပ်အသက်ရှင်နေသည့် သက်တမ်းတွင်) မည်သည့်အခါမျှ ပျက်စီးသွားလိမ့်မည်ဟု ကျွန်ုပ်မထင်ပါ'ဟု ပြောဆိုလေသည်။

(ထိုစကားပြောဆိုခြင်းအပေါ် ထိုသူသည် အလ္လာဟ်အသျှင်မြတ် တည်ရှိတော်မူခြင်းနှင့် ထိုအသျှင်မြတ်၏ တန်ခိုးတော်သည် အရာဟူသရွေ့အပေါ်၌ တည်ရှိကြောင်းတို့ကို ယုံကြည်သူမဟုတ်ကြောင်း သိရှိရပေသည်။ ထိုသူသည် အပေါ်ယံအားဖြင့် ကာကွယ် စောင့်ရှောက်မှုပြုသည့် အရာဝတ္ထုများအပေါ် ကြည့်၍ ပြောဆိုသည်မှာ) ထို့နောက် (အလားတူ) ကျွန်ုပ်သည် 'ကေယာမသ်'နေ့ ဖြစ်ပေါ်လာမည်ကိုလည်း ကျွန်ုပ်မထင်ပါ။ ထို့နောက် အကယ်၍ ('ကေယာမသ်'နေ့ ဖြစ်ပေါ်လာပြီးနောက်) ကျွန်ုပ်သည် မိမိ၏ အသျှင်မြတ်ထံတော်သို့ ရောက်ရှိသွားခဲ့ပါလျှင် (အသင်၏ ယုံကြည်ချက်အတိုင်းဖြစ်သည်။) မုချဧကန် ဤဥယျာဉ်ခြံမြေထက်ပင် များစွာ သာပိုကောင်းမြတ်သည့် နေရာကို ကျွန်ုပ် ရရှိပေလိမ့်မည်ဟု ပြောဆိုလေသည်။ (အဘယ်ကြောင့်ဆိုသော် 'ဂျန္နသ်'၏ နေရာတို့သည် လောကထက် သာပို ကောင်းမြတ်သည့် အကြောင်းကို အသင်ကိုယ်တိုင်လည်း မြွက်ဟပြောဆိုခဲ့ပါသည်။ ထို့အပြင် 'ဂျန္နသ်'သည် အလ္လာဟ်အသျှင်မြတ် လက်ခံတော်မူသည့် လူသားများသည်သာ ရရှိမည်ဖြစ်ကြောင်း အသင်လည်း လက်ခံသူဖြစ်သည်။ ကျွန်ုပ်သည် လက်ခံခြင်းခံရသူဖြစ်သည့် လက္ခဏာ၊ သင်္ကေတများမှာ လောက၌ပင် တွေ့မြင်နေရပါသည်။ အကယ်၍ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် လက်ခံတော်မူခြင်း မခံရဟုဆိုပါလျှင် ဤဥယျာဉ်များ မည်သို့ ရရှိပါမည်နည်း။ ထို့ကြောင့် အသင်၏ မြွက်ဟပြောဆိုခြင်းများဖြင့်လည်းကောင်း၊ အသင်လက်ခံသည့် အချက်များအားဖြင့်လည်းကောင်း ကိုက်ညီမှုရှိ၍ ကျွန်ုပ်သည် 'ဂျန္နသ်'တွင် ဤလောကမှာထက် ကောင်းမွန်သည့် ဥယျာဉ်များ ရရှိပေလိမ့်မည်ဟု ပြောဆိုလေသည်။)

ထိုအခါ ၎င်း၏ မိတ်ဆွေက ဖြေကြားသည့်အနေဖြင့် ပြောဆိုသည်မှာ အသင်သည် ('သောင်ဟီးဒ်' တစ်ပါးတည်းသော အသျှင်မြတ်နှင့် 'ကေယာမသ်'တို့ကို ငြင်းဆိုလျက်) တန်ခိုးတော်အသျှင်မြတ်အား ငြင်းပယ်ခဲ့လေသလော။ ထိုအသျှင်မြတ်သည် အသင့်အား (ဦးစွာပထမ) မြေကြီးဖြင့် (အသင်၏ ဖြစ်ပေါ်မှုအစသည် ဝေးကွာနေခဲ့သည်။ အာဒမ် عليه السلام ၏ အကြောင်းခံဖြင့်) ဖန်ဆင်းတော်မူခဲ့သည်။ တစ်ဖန် (အသင့်အား) သုက်ရည်တစ်စက်ဖြင့် (အသင်၏ နီးကပ်သော ဖြစ်ပေါ်မှုအစသည် မိခင်၏ ဝမ်းကြာဗိုက်၌ ဖြစ်စေခဲ့သည်။) ထို့နောက် အသင့်အား လူသား (ယောကျ်ား) တစ်ဦးအဖြစ် ပြီးပြည့်စုံလင်အောင် ဖန်ဆင်းပေး

တော်မူခဲ့သည်။ (ထိုသို့ ကျေးဇူးတော်များဖြင့် ပြုပေးခဲ့ပါလျက် အသင်သည် 'သောင်ဟီးဒ်'နှင့် ကေယာမသ်တို့ကို ငြင်းပယ်ဆန့်ကျင်ခဲ့သည်။) သို့ရာတွင် ကျွန်ုပ်မှာမူ ထိုအလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် (အစစ်အမှန်) ဖြစ်ကြောင်း ယုံကြည်သူဖြစ်သည်။ ထို့ပြင် ကျွန်ုပ်သည် ဖန်ဆင်းမွေးမြူတော် အသျှင်မြတ်နှင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ တွဲဖက်၍ ကိုးကွယ်သည်လည်း မဟုတ်ပေ။ (အလ္လာဟ်အသျှင်မြတ်၏ တစ်ပါးတည်း တည်ရှိတော်မူခြင်းနှင့် အရာရာအပေါ်၌ စွမ်းဆောင်နိုင်တော်မူကြောင်း အတည်ဖြစ်ခြင်းနှင့် ထိုသို့ဖြစ်ခြင်း၏ ရလဒ်တို့သည် ထိုဥယျာဉ်ခြံမြေ၏ တိုးတက်အောင်မြင်မှုနှင့် ကာကွယ်စောင့်ရှောက်ခြင်းပြုသော အသင်၏ အသုံးအဆောင် တန်ဆာပလာတို့သည် တစ်ချိန်ချိန်တွင် အကျိုးမရှိ၊ အသုံးမဝင် ပျောက်ကွယ်သွားကြပေမည်။ ထို့နောက် ဥယျာဉ်သည် ပျက်စီးသွားပေမည်။ ထို့ကြောင့် အသင်သည် အကြောင်းခံဖြစ်စေသော အကြောင်းခံတို့၏ အသျှင်မြတ်အပေါ် အာရုံထားရှိရန် ထိုက်ပေသည်။)

သို့ဖြစ်ပေရာ အသင်သည် ဥယျာဉ်အတွင်းသို့ ဝင်ရောက်ခဲ့စဉ်က

مَاشَآءَ اللّٰهُ لَاقُوَّةَ اِلَّا بِاللّٰهِ

'အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိသော အရာသာ ဖြစ်မြောက်တော်မူသည်။ အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မမှုမရှိလျှင် မည်သို့မျှ စွမ်းဆောင်နိုင်ခြင်း ရှိမည်မဟုတ်။'

(အလ္လာဟ်အသျှင်မြတ် အလိုတော် ရှိပါလျှင် ဥယျာဉ်သည် တည်ရှိနေပေမည်။ အလ္လာဟ်အသျှင်မြတ် အလိုတော်မရှိပါလျှင် ဥယျာဉ်သည် လွင်တီးခေါင်ပြင် ဖြစ်သွားပေမည်) ဟု အဘယ်ကြောင့် မဆိုခဲ့ပါသနည်း။ အကယ်စင်စစ် အသင်သည် ကျွန်ုပ်အား ဥစ္စာပစ္စည်းအရာတွင်လည်းကောင်း၊ သားသမီးများအရာတွင်လည်းကောင်း၊ နည်းပါးသည်ဟု မြင်နေပါသော်လည်း (ထိုသို့ ထင်မြင်သည့်အပေါ် အသင်သည် မိမိအား အလ္လာဟ်အသျှင်မြတ်က လက်ခံခြင်းပြုသည်ဟု သံသယဖြစ်ပေါ်ခဲ့သည်။) ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ကျွန်ုပ်အား အသင်၏ ဥယျာဉ်ထက် ကောင်းမြတ်သော ဥယျာဉ်ကို ချီးမြှင့်ပေးသနားတော်မူမည့် အချိန်သည် နီးကပ်လာပြီးဟု ယူဆရပါသည်။ (လောက၌ပင်ဖြစ်စေ၊ တမလွန်၌ဖြစ်စေ။) ထို့နောက် ထို (အသင်၏ ဥယျာဉ်) အပေါ် မမြင်နိုင်၊ ဖုံးကွယ်လျှို့ဝှက်သော ဘေးအန္တရာယ်တစ်ခုခုသည် မိုးကောင်းကင်မှ (သဘာဝအကြောင်းခံ တစ်စုံတစ်ရာမပါဘဲ) ပို့ချရောက်ရှိစေပြီး ထိုဘေးအန္တရာယ်အားဖြင့် ရုတ်ချည်းဆိုသလို ပြောင်လက်ချောမွေ့သော ကွင်းပြင်ကြီးတစ်ခုဖြစ်၍ ကျန်ရှိခဲ့လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် ထိုဘေးအန္တရာယ်ကြောင့် ထိုဥယျာဉ်အတွင်းမှ (ချောင်း၌ စီးဆင်းနေသော) ရေတို့သည် လုံးဝပင် (မြေကြီးအတွင်း၌) နက်ဝင်ကျဆင်း (ခြောက်သွေ့) သွားလျှင်ဖြစ်စေ၊ ထိုရေတို့ကို (ပြန်လည်ထုတ်ယူ) ရှာဖွေရန် ကြိုးပမ်းမှုလည်း ပြုနိုင်မည်မဟုတ်ပေဟု ပြောဆိုလေသည်။ ဤနေရာတွင် သာသနာအပေါ်၌ ရှိသူ မိတ်ဆွေသည် ထိုသာသနာမဲ့သူ မိတ်ဆွေ၏ ဥယျာဉ်နှင့် စပ်လျဉ်း၍ အဖြေပေးပြောကြားခဲ့သည်။ သို့ရာတွင် သားသမီးများနှင့် စပ်လျဉ်း၍ကား တစ်စုံတစ်ရာ ဖြေကြားခြင်းမပြုခဲ့ပေ။

ထိုသို့ အဖြေမပေးခြင်း၏ ဖြစ်နိုင်သော အကြောင်းမှာ သားသမီးများပြားခြင်းသည် ထိုသားသမီးများအား ကျွေးမွေးပြုစုရန် ဥစ္စာပစ္စည်းများလည်း ရှိရပေမည်။ ထိုသို့ ဥစ္စာပစ္စည်း မရှိပါက ထိုသို့ ပျော်ရွှင်ဖွယ်ရာ ဖြစ်ရမည့်အစား အသက်အန္တရာယ်ပင် ဖြစ်သွားနိုင်ပေသည်။

အချုပ်ဆိုရသော် အသင်၏ ယုံကြည်ချက် မှားယွင်းသွားရသည့် အကြောင်းမှာ 'အသင့်အား အလ္လာဟ်အသျှင်မြတ်သည် လောကီရေး စည်းစိမ်ဥစ္စာများကို ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ ဤသည်ကို အသင်သည် မိမိအား လက်ခံခြင်း၏ လက္ခဏာသင်္ကေတဖြစ်သည်ဟု မှတ်ယူခဲ့သည်။ ထို့နောက် ကျွန်ုပ် တွင် ဥစ္စာပစ္စည်း မရှိခြင်းအပေါ် ကျွန်ုပ်အား လက်ခံခြင်းမခံရသူဟု မှတ်ယူခြင်းပင် ဖြစ်သည်။ သို့ရှိရာ လောကီစည်းစိမ် ဥစ္စာပစ္စည်း ကြွယ်ဝမှုသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံခြင်း ပြုခံရသည့် အဓိကအကြောင်းဖြစ်သည်ဟု မှတ်ယူခြင်းသည်ပင် ကြီးမားစွာ လှည့်ဖြားခံရခြင်းနှင့် လမ်းမှားခြင်းပင် ဖြစ်ပေသည်။ လောကီရေးစည်းစိမ် ဥစ္စာပစ္စည်းများကိုမူ အလ္လာဟ်အသျှင်မြတ်သည် မြွေများ၊ ကင်းများ၊ ဝံပုလွေများနှင့် မကောင်းသောသူများအားလုံးကို ပေးကမ်းသည်သာ ဖြစ်သည်။ အမြဲတမ်းအတွက် ကျန်ရှိ နေမည်ဖြစ်သော တမလွန်၏ စည်းစိမ်ချမ်းသာများ ရရှိခြင်းနှင့် လက်ခံမှုပြုခံရခြင်းအပေါ် မူတည်ပေသည်။ လောကီ၏ စည်းစိမ်ဥစ္စာများမှာမူ မတည်မြဲသည့် သင်္ခါရပစ္စည်းများပင် ဖြစ်သည်။) ထို့နောက် (ထိုစကား များ ပြောဆိုကြပြီးနောက် ဖြစ်ပေါ်လာသည်မှာ) ထိုသူ၏ ဥစ္စာပစ္စည်း (ဥယျာဉ်ခြံမြေ လယ်ယာ စသည်) တို့သည် ဘေးအန္တရာယ်ကျရောက်ခြင်းကို ခံရလေသည်။ သို့ဖြစ်ပေရာ ထိုသူသည် ထိုဥယျာဉ်အတွက် သုံးစွဲခဲ့သည်တို့အတွက် လက်ချင်းပွတ်၍ ကျန်ခဲ့ရလေတော့သည်။ ထို့နောက် ဥယျာဉ်သည် မိမိ၏ စင်များ အပေါ်၌ ပြိုကျသွားလေတော့သည်။ ထိုအခါ ထိုသူက 'ကျွန်ုပ်သည် မိမိ၏ အသျှင်မြတ်နှင့် အခြားတစ်စုံ တစ်ရာကို တုဖက်နှိုင်းယှဉ်ခြင်းမပြုခဲ့လျှင် အဘယ်မျှ ကောင်းပါမည်နည်း' ဟု ပြောဆိုပေမည်။ (ထိုအချက် ဖြင့် သိရှိရသည်မှာ ဥယျာဉ်ခြံမြေများအပေါ်၌ ဘေးအန္တရာယ်ကျရောက်ခြင်းသည် 'ကုဖွ်ရ်' နှင့် ရှရစ်က် ပြုလုပ်ခြင်းကြောင့် ထိုသူ သိရှိသွားခဲ့ခြင်း ဖြစ်သည်။ အကယ်၍ ကုဖွ်ရ်မပြုလုပ်ခဲ့ပါလျှင် ဦးစွာအနေဖြင့် ထိုဘေးအန္တရာယ်များ ကျရောက်ခြင်းဖြစ်မည်မဟုတ်ဟု ယူဆနိုင်သည်။ အကယ်၍ ဤဘေးအန္တရာယ်များ ကျရောက်လာခဲ့ပါလျှင်လည်း တမလွန်တွင် ထိုဆုံးရှုံးနစ်နာမှု၏ အစားအား ရရှိမည်သာ ဖြစ်သည်။ ယခုမူ လောကီ၊ လောကုတ္တရာ နှစ်ဌာနစလုံးတွင် ဆုံးရှုံးမှုချည်းသာ ဖြစ်သည်။ သို့ပါသော်လည်း ဤမျှ ဝမ်းနည်း ပူဆွေးမှုဖြင့် ၎င်း၌ အီမာန်ရှိကြောင်း အတည်မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဤပူဆွေးဝမ်းနည်းမှု တို့သည် လောကီရေးဆုံးရှုံးရခြင်းအပေါ် ဖြစ်ပေါ်လာသောကြောင့် ဖြစ်သည်။ ရှေ့တွင် အလ္လာဟ်အသျှင် မြတ် တစ်ပါးတည်း တည်ရှိတော်မူကြောင်းနှင့် 'ကေယာမသ်' ဖြစ်ပေါ်လာမည့်အကြောင်း မြွက်ဟဝန်ခံ ခြင်း မပြုသရွေ့ ထိုသူတို့အား မုအ်မင်န်ဟု မခေါ်ဆိုနိုင်။)

ထို့နောက် ထိုသူ့တွင် အလ္လာဟ်အသျှင်မြတ်မှအပ မိမိအား ကူညီစောင်မမည့် အုပ်စုဟူ၍လည်း မရှိပါချေ။ (ထိုသူသည် မိမိ၏ အုပ်စုနှင့် သားသမီးများစွာ ရှိခြင်းအပေါ် ဝံ့ကြွားခဲ့ရာ ထိုအရာများသည်လည်း ပြီးဆုံးသွားပြီဖြစ်သည်။) ထို့ပြင် ထိုသူကိုယ်တိုင်လည်း (ငါအသျှင်မြတ်အား) လက်စားချေရန် မစွမ်းနိုင်

ပါချေ။ ထိုသို့သော အချိန်အခါမျိုး၀ယ် ကြည့်ရှုစောင့်ရှောက်နိုင်စွမ်းသည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိပေသည်။ (အာခိရေတ်တမလွန်တွင်လည်း) ထိုအသျှင်မြတ် ချီးမြှင့်တော်မူမည့် အကျိုးကုသိုလ်သည် အကောင်းမြတ်ဆုံး ဖြစ်ပေသည်။ (လောက၌လည်း ထိုအသျှင်မြတ် ချီးမြှင့်သည့် နောက်ဆုံးအကျိုးဆက်သည်လည်း အကောင်းမြတ်ဆုံးပင် ဖြစ်သည်။ (ဆိုလိုသည်မှာ အသျှင်မြတ်က လက်ခံခြင်းပြုထားသူတို့၌ တစ်စုံတစ်ရာ ဆုံးရှုံးနစ်နာမှု ဖြစ်ပေါ်ခဲ့လျှင် နှစ်ဘ၀နှစ်ဌာနစလုံး၌ ထိုဆုံးရှုံးရခြင်းအတွက် အစားရရှိပေသည်။ ကာဖိရ်များနှင့်မူ ခြားနားမှုရှိသည်။ ၎င်းတို့မှာမူ လုံး၀ ဆုံးရှုံးချည်းသာ ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَكَانَ لَهُ ثَمَرٌ တွင် ثمر ဟူသော စာလုံးသည် သစ်ပင်မှ အသီးကိုလည်း ခေါ်ဆိုသည်။ ဥစ္စာ၊ ရွှေ၊ ငွေ၊ ပစ္စည်းများ ကိုလည်း ခေါ်ဆိုသည်။ ဤနေရာတွင် ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ မုဂျာဟိဒ်နှင့် ကသာဒဟ်တို့မှ ဤဒုတိယ အဓိပ္ပာယ်ဖြင့်ပင် ဆင့်ပြန်ခဲ့ကြသည်။ *[အိဗ်နေကစီးရ်ကျမ်း]*

ကာမူးစ်ကျမ်းတွင် 'ဆမရ်'ဟူသော စာလုံးသည် သစ်ပင်၏ အသီးနှင့် ဥစ္စာပစ္စည်း အမျိုးအစားအားလုံးတို့ကို ခေါ်ဆိုကြောင်း လာရှိသည်။ ထို့ကြောင့် 'ထိုသူ့ထံတွင် ဥယျာဉ်များနှင့် လယ်မြေသာ ရှိသည်မဟုတ်ဘဲ ရွှေ၊ ငွေနှင့် စီမံခံပစ္စည်းအားလုံးတို့ ရှိကြောင်းလည်း သိရှိရပေသည်။ ထိုစာလုံးများတွင်ပင် ကုရ်အာန်ကျမ်းတော်မြတ်က ဖော်ပြထားရာတွင်

اَنَا اَكْثَرُ مِنْكَ

သည်လည်း ဤအဓိပ္ပာယ်ကိုပင် ဖော်ကျူးပြသနေသည်။ *[အိဗ်နေကစီးရ်ကျမ်း]*

ရှုအဗုလ်အီမာန်ကျမ်းတွင် ဟဇရတ်အနတ်စ် ﷺ သခင်၏ ဆင့်ပြန်ချက်ကို ဖော်ပြထားသည်မှာ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည်မှာ အကြင်သူသည် အရာတစ်ခုခုကို တွေ့ရှိပြီး ထိုပစ္စည်းအား နှစ်သက်သွားပါလျှင် အကယ်၍ ထိုသူသည်

مَاشَآءَ اللّٰهُ لَا قُوَّةَ اِلَّا بِاللّٰهِ

ဟူသော စာပိုဒ်ကို ဖတ်ရွတ်လိုက်ပါက ထိုအရာအဖို့ မည်သည့်ပျက်စီးဆုံးရှုံးခြင်းမှ ရောက်ရှိမည် မဟုတ်ပေ။ (ဆိုလိုသည်မှာ ထိုနှစ်သက်သည့်ပစ္စည်းသည် လုံခြုံစွာ ရှိနေပေမည်။)

အချို့ဆင့်ပြန်ချက်များတွင် 'အကြင်သူသည် နှစ်သက်ဖွယ်ရာပစ္စည်း တစ်စုံတစ်ရာကို တွေ့ရှိပြီး ဤဖော်ပြပါ စာပိုဒ်များ ဖတ်ရွတ်ခဲ့ပါက ထိုပစ္စည်းသည် မကောင်းသော မျက်စိထိလိမ်မည်မဟုတ်'ဟု လာရှိထားသည်။

حَسْبَانًا ဤစာလုံး၏ သဖ်စီးရ်ကို ဟဇရတ်ကသာဒဟ် (ရဟ) က 'အဒေးဗ်'ဟု သတ်မှတ်ချက် မရှိဘဲ ဆိုထားသည်။ အိဗ်နေအဗ္ဗားစ် ﷺ က 'မီး'ဟု ဆိုသည်။ အချို့ပညာရှင်များက ၎င်းအား 'ကျောက်ခဲ

မိုးရွာခြင်း' ဟု ဆိုကြသည်။ ထို့နောက် ထိုစာလုံးများ၏ နောက်တွင် اُحِيْطَ بِثَمَرِهٖ ဟူသော စာလုံးဖြင့် ပေါ်လွင်ထင်ရှားစေသည်မှာ 'ထိုသူ၏ ဥယျာဉ်ခြံမြေ၊ ရွှေ၊ ငွေ၊ ပစ္စည်းဥစ္စာအားလုံးနှင့် စိမ်ခံပစ္စည်းများ အပေါ် ကြီးမားသော ဘေးအန္တရာယ်တစ်ခု ရောက်ရှိလာပြီး ထိုအရာအားလုံးကို ဖျက်ဆီးပစ်လိုက်လေသည်'ဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် မည်သည့်ဘေးအန္တရာယ်ဖြစ်သည်ကို ပေါ်လွင်သော စာလုံးဖြင့် ဖော်ပြထားခြင်းမရှိပေ။ ပေါ်လွင်သည်မှာ မိုးကောင်းကင်မှ မီးတစ်မျိုး ကျရောက်လာပြီး ထိုမီးသည် အရာအားလုံးကို လောင်ကျွမ်းစေခြင်းပင်ဖြစ်သည်။ حُسْبَانًا ဟူသော စာလုံး၏ ဖွင့်ဆိုချက်အား ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှလည်း 'မီး'ဟု ဆင့်ပြန်ချက်လာရှိသည့်အတိုင်း ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاضْرِبْ لَهُمْ
مَّثَلَ الْحَيٰوةِ الدُّنْيَا كَمَآءٍ اَنْزَلْنٰهُ مِنَ السَّمَآءِ
فَاخْتَلَطَ بِهٖ نَبَاتُ الْاَرْضِ فَاَصْبَحَ هَشِيْمًا تَذْرُوْهُ
الرِّيٰحُ ۗ وَكَانَ اللّٰهُ عَلٰى كُلِّ شَيْءٍ مُّقْتَدِرًا ﴿٤٥﴾

၁၈ : ၄၅ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား လောကီဘဝ၌ အသက်ရှင်မှု၏ အဖြစ်မှန်ကို ဤသို့ ဥပမာခိုင်းနှိုင်း၍ ပြပါလေ။ (လောကီသက်တမ်းမှာ) မိုးရေနှင့်တူ၏။ (တစ်နည်း) လောကီဘဝ၏ ဥပမာကို အကြင် (မိုး) ရေနှင့်တူကြောင်း ခိုင်းနှိုင်း၍ ပြပါလေ။ ငါအသျှင်မြတ်သည် ထိုရေကို မိုးကောင်းကင်မှ ရွာသွန်းစေတော်မူခဲ့ရာ တစ်ဖန် ထိုရေကြောင့် မြေမှ ပေါက်ရောက်သော သစ်ပင်ငယ်များသည် (ကောင်းစွာ) ရောယှက် (ပေါက်ရောက် ဖွံ့ဖြိုး) ထူထပ်လျက် ရှိခဲ့ကြကုန်၏။ ထို့နောက် ယင်းသစ်ငယ်များသည် ခြောက်သွေ့ကြေမွသွားခဲ့ရာ လေများသည် ယင်း (သစ်ပင်ငယ်) ... လွင့်ပါးစေလျက် ရှိကြ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

اَلْمَالُ وَالْبَنُوْنَ زِيْنَةُ الْحَيٰوةِ الدُّنْيَا ۚ وَالْبٰقِيٰتُ الصّٰلِحٰتُ خَيْرٌ
عِنْدَ رَبِّكَ ثَوَابًا وَّخَيْرٌ اَمَلًا ﴿٤٦﴾

၁၈ : ၄၆ ။ ။ ဥစ္စာပစ္စည်းများနှင့် သားသမီးတို့သည် လောကီဘဝ၏ တင့်တယ်မှုမျှပင် ဖြစ်ပေသည်။ သို့ရာတွင် ဆက်လက်၍ အမြဲတစေ တည်ရှိနေမည့် ကောင်းမြတ်သော အကျင့်သီလတို့မှာမူ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော

အသျှင်မြတ်ထံတော်တွင် ကုသိုလ်အကျိုးအားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ကြပေသည်။ မျှော်လင့်ချက်အားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ပေသည်။

وَيَوْمَ نُسَيِّرُ الْجِبَالَ وَ
تَرَى الْأَرْضَ بَارِزَةً وَّحَشَرْنٰهُمْ فَلَمْ نُغَادِرْ مِنْهُمْ أَحَدًا ﴿٤٧﴾

၁၈ : ၄၇ ။ ။ စင်စစ် အကြင်နေ့ကို (လည်း သတိရသင့်၏။) ငါအသျှင်မြတ်သည် (ထိုနေ့တွင်) တောင်များကို ရွေ့လျားစေတော်မူမည်။ ထိုအခါ အသင်သည် ကမ္ဘာမြေ (တစ်ခုလုံး) ကို လွင်ပြင်ထီးထီးအဖြစ် တွေ့မြင်ရပေမည်။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်း (လူသားအားလုံး) တို့ကို ၎င်းတို့အနက် တစ်ဦးတစ်ယောက်ကိုမျှ ချန်ထားခြင်းမရှိဘဲ စုရုံးစေတော်မူပေမည်။

وَعُرِضُوْا عَلٰى رَبِّكَ صَفًّا لَقَدْ جِئْتُمُوْنَا كَمَا خَلَقْنٰكُمْ
أَوَّلَ مَرَّةٍۭ بَلْ زَعَمْتُمْ أَلَّنْ نَّجْعَلَ لَكُمْ مَّوْعِدًا ﴿٤٨﴾

၁၈ : ၄၈ ။ ။ ထို့ပြင် ၎င်းတို့သည် မိမိတို့ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် စီတန်း (ရပ်စေ) လျက် (ရှေ့တော်သို့) သွင်းစေခြင်းကို ခံကြရမည်။ (ထိုအခါ ငါအသျှင်မြတ်သည် ဤသို့ မိန့်ကြားတော်မူပေမည်) ငါအသျှင်မြတ် အသင်တို့အား ရှေးဦးမဆွ ပထမအကြိမ်က ဖန်ဆင်းတော်မူဘိသကဲ့သို့ပင် ငါအသျှင်မြတ်ထံတော်သို့ အသင်တို့ လာခဲ့ကြချေပြီ။ သို့ရာတွင် အမှန်စင်စစ် အသင်တို့သည် မိမိတို့အတွက် ငါအသျှင်မြတ်က (ရှင်ပြန်ထကြရန်) မည်သည့် အချိန်၊ မည်သည့်နေရာကိုမျှ သတ်မှတ်တော်မူလိမ့်မည် မဟုတ်ဟူ၍ ထင်မှတ်နေခဲ့ကြကုန်၏။

وَوُضِعَ الْكِتٰبُ فَتَرَى الْمُجْرِمِيْنَ مُشْفِقِيْنَ مِمَّا فِيْهِ وَ
يَقُوْلُوْنَ يٰوَيْلَتَنَا مَالِ هٰذَا الْكِتٰبِ لَا يُغَادِرُ صَغِيْرَةً
وَّلَا كَبِيْرَةً إِلَّا أَحْصٰهَا ۚ وَوَجَدُوْا مَا عَمِلُوْا حَاضِرًا ۗ وَ
لَا يَظْلِمُ رَبُّكَ أَحَدًا ﴿٤٩﴾

၁၈ : ၄၉ ။ ။ ၎င်းပြင် (မှတ်တမ်း) စာအုပ်များသည် (ထိုသူတို့ရှေ့တွင်) ချထားလျက် ရှိပေမည်။ ထိုအခါ အသင်သည် အပြစ်ရှိသူတို့အား ယင်း (မှတ်တမ်း) စာအုပ်များ၌ ရေးသား၍ထားသော အကြောင်းအရာများကြောင့် ထိတ်လန့်လျက်ရှိနေကြသည်ကို တွေ့မြင်ပေမည်။ ထို့ပြင် ၎င်းတို့က 'အော်- ကျွန်ုပ်တို့ အကျိုးနည်းရလေခြင်း၊ ဤ (မှတ်တမ်း) စာအုပ်သည် မည်သို့သော စာအုပ်ဖြစ်ပါသနည်း။ ဤစာအုပ်သည် မည်သည့်သေးငယ်သော (ပြစ်မှု) တစ်စုံတစ်ရာကိုမျှလည်းကောင်း၊ မည်သည့်ကြီးလေးသော (ပြစ်မှု) တစ်စုံတစ်ရာကိုမျှလည်းကောင်း ခြွင်းချန်ထားခြင်းမပြုဘဲ ရေတွက် (မှတ်သား) ထားခဲ့

လေသည်'ဟု ပြောဆိုမြည်တမ်း ညည်းညူကြပေမည်။ ထို့ပြင် ၎င်းတို့သည် မိမိတို့ ကျင့်မူခဲ့သမျှတို့ကိုလည်း (မိမိတို့) ရှေ့ဝယ် အသင့်ရောက်ရှိနေသည်ကို တွေ့ရှိကြရပေမည်။ သို့ရာတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်မှာမူ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတရား ပြုလုပ်တော်မူမည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဤအာယသ်တော်များ၏အလျင် လောကီသက်တမ်းနှင့် ထိုလောကီသက်တမ်း၏ အသုံးအဆောင်များသည် မတည်မြဲသော သင်္ခါရသာဖြစ်ကြောင်း လူတစ်ဦးနှင့် ပမာပေးပုံဆောင်ချက် တစ်စိတ်တစ်ဒေသဖြင့် တင်ပြခဲ့ပြီးဖြစ်သည်။ ယခု ထိုအကြောင်းအရာကိုပင် အများနှင့် သက်ဆိုင်သော ပမာပေး ပုံဆောင်ချက်အပြည့်အစုံဖြင့် ရှင်းလင်းတင်ပြပါမည်။) ထို့နောက် (အို၊ နဗီတမန်တော်) အသင်သည် ထိုသူတို့အား လောကီဘဝ၌ အသက်ရှင်မှု၏ အခြေအနေ အဖြစ်မှန်ကို တင်ပြပါလေ။ အဘယ်ကြောင့်ဆိုသော် လောကီသက်တမ်းသည် ငါအသျှင်မြတ်က မိုးကောင်းကင်မှ ရွာသွန်းပေးတော်မူသော မိုးရေနှင့် တူသည်။ ထိုမိုးရေအားဖြင့် ကမ္ဘာမြေပထဝီပေါ်ရှိ သစ်ပင်တို့သည် ထိုရေကို ကောင်းစွာ စုပ်ယူ၍ စိမ်းလန်းစိုပြေ ဖြစ်ခဲ့ကြသည်။ တစ်ဖန် ထိုသစ်ပင်တို့သည် (စိမ်းလန်းစိုပြေဖြစ်ပြီးနောက် ခြောက်သွေ့လျက်) တစ်စစီ ဖြစ်ပြီး လေတိုက်လိုက်တိုင်း လွင့်စင်လျက်ရှိကြကုန်၏။ (လောကီရေးဘဝသက်တမ်းသည်လည်း ဤအတိုင်းသာဖြစ်သည်။ ယနေ့ စိုပြေစိမ်းလန်းသာယာစွာ မြင်ရသော်လည်း မနက်ဖြန် ၎င်း၏ အစအနပင် ရှိမည် မဟုတ်ပေ။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူသည့်အခါ ဖြစ်တည်တိုးတက်စေတော်မူပြီး အလိုရှိတော်မူသည့်အခါ ဖျက်ဆီးပစ်တော်မူသည်။ ထို့ပြင် ဤလောကီသက်တမ်း၏ အခြေအနေမှာ) ဥစ္စာပစ္စည်းများသည်လည်းကောင်း၊ သားသမီးခြွေရံသင်းပင်းများသည်လည်းကောင်း လောကီဘဝသက်တမ်း၏ တင့်တယ်မှုတစ်ခု (နှင့် ထိုလောကီဘဝ၏ လိုအပ်ချက်များအနက်မှ) ဖြစ်သည်။ (ဥစ္စာပစ္စည်းနှင့် သားသမီးခြွေရံသင်းပင်းတို့သည် အလျင်အမြန် ပျက်စီးမှုဖြစ်သော အရာများပင် ဖြစ်သည်။)

ကောင်းမြတ်သော အကျင့်သီလများသည်ကား (အမြဲထာဝရ) တည်ရှိနေပေမည်။ ထိုကောင်းမြတ်သော အကျင့်သီလတို့သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်ပါးတွင် (တမလွန်၌ ဤလောကီထက်) ကုသိုလ်အကျိုးအားဖြင့်လည်း (အဆင့်ထောင်ချီ၍) အကောင်းမြတ်ဆုံး ဖြစ်သည်။ ထို့ပြင် မျှော်လင့်ချက်အားဖြင့်လည်း (အဆင့်ထောင်ချီ၍) အကောင်းမြတ်ဆုံး ဖြစ်သည်။ (ကောင်းမြတ်သော အကျင့်သီလများနှင့် မျှော်လင့်ချက်တို့သည် ဆက်နွယ်မှု ရှိကြပေသည်။ ၎င်းတို့သည် တမလွန်၌ မုချ ပြည့်ဝမည့် အရာများပင် ဖြစ်သည်။ မျှော်လင့်ချက်အားဖြင့်လည်း သာ၍ အကျိုးကုသိုလ်ရရှိပေမည်။ လောကီရေး ဥစ္စာပစ္စည်းများနှင့်ကား ဆန့်ကျင်မှု ရှိပေသည်။ လောကီရေးဥစ္စာပစ္စည်းများအားဖြင့် လောက၌လည်း လူ့ဘဝ၏ မျှော်လင့်ချက်များကို ပြည့်ဝမှု မဖြစ်နိုင်ပေ။ တမလွန်အတွက်မူ

ကား မည်သည့်မျှော်လင့်ချက်မျှပင် မရှိပါချေ။) ထို့နောက် ထိုနေ့ကိုလည်း သတိရရန် ထိုက်သည်။ ငါအသျှင်မြတ်သည် ထိုနေ့တွင် တောင်များကို (၎င်းတို့ တည်ရှိရာနေရာမှ) ဖယ်ရှားတော်မူမည်ဖြစ်သည်။ (ဤသည် အစကနဦးတွင် ဖြစ်သည်။ ထိုမှ တစ်စစီဖြစ်သွားပေမည်။)

ထို့ပြင် အသင်သည် ကမ္ဘာမြေကြီးအား ကွင်းပြင်ကြီးတစ်ခုအဖြစ် တွေ့မြင်ရပေမည်။ (အကြောင်းမှာ တောင်များ၊ သစ်ပင်များ၊ အဆောက်အဦး စသည်တို့သည် တစ်ခုမျှ ကျန်ရှိမည်မဟုတ်သောကြောင့် ဖြစ်သည်။) ထို့နောက် ငါအသျှင်မြတ်သည် ထို (လူသား) အားလုံးကို ('ကဗရ်'သင်္ချိုင်းများမှ ရှင်ပြန်ထစေ၍ စာရင်းအင်းစစ်ဆေးရာ ကွင်းပြင်၌) စုရုံးစေတော်မူမည်။ ထို့နောက် ၎င်းတို့အနက် တစ်ဦးတစ်ယောက်ကိုမျှပင် ချန်လှပ်ထားခဲ့မည်မဟုတ်ပေ။ (ထိုကွင်းပြင်၌ စုရုံးမခံရသူဟူ၍ မရှိပေ။) ထို့နောက် ၎င်း (လူသား) တို့အားလုံးသည် မိမိတို့၏ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် (စာရင်းစစ်ဆေးမည့် နေရာတွင်) စီတန်း (ရပ်စေ) လျက် ရှေ့တော်သွင်းခြင်း ခံရပေမည်။ မည်သူမျှ အခြားတစ်ဦးနှင့် အကာအကွယ်ဖြစ်၍ ကျန်ခဲ့ခြင်း ရှိမည်မဟုတ်ပေ။ ထို့နောက် ၎င်းတို့အနက် 'ကေယာမသ်'နှင့် စပ်လျဉ်း၍ ငြင်းဆိုခဲ့ကြသူများအား မိန့်ကြားတော်မူမည်မှာ) နောက်ဆုံးတွင် အသင်တို့သည် ငါအသျှင်မြတ်ထံတော်သို့ (ပြန်လည် အဖန်ဆင်းခံရပြီး) ရောက်ရှိလာရသည်ပင် ဖြစ်သည်။ ငါအသျှင်မြတ်က အသင်တို့အား ပထမအကြိမ် (လောက၌ ဖန်ဆင်းခဲ့သည့်အတိုင်းပင် ဖြစ်သည်။ (သို့ရာတွင် အသင်တို့သည် ပထမအကြိမ် ဖန်ဆင်းခံရခြင်းကို တွေ့မြင် သိရှိပါလျက် ဤဒုတိယအကြိမ် ဖန်ဆင်းမည်ကို လက်မခံခဲ့ကြပေ။) ထိုမျှမက အသင်တို့သည် ငါအသျှင်မြတ်က အသင်တို့ (အား ဒုတိယအကြိမ် ဖန်ဆင်းရန်) အတွက် မည်သည့်အချိန်ကာလမျှ သတ်မှတ်တော်မမူခဲ့ဟု ထင်မှတ်နေခဲ့ကြသည်။ ထို့နောက် (မှတ်တမ်း) စာအုပ်သည် လက်ယျာလက်၌ ပေးခံရသည်ဖြစ်စေ၊ (သို့) လက်ဝဲလက်၌ ပေးခံရသည်ဖြစ်စေ၊ ၎င်း၏ ရှေ့မှောက်၌ ဖွင့်၍) ချထားပေးခြင်း ခံရပေမည်။ (အခြားအာယသ်တော်တစ်ပိုဒ်၌

وَنُخْرِجُ لَهُ يَوْمَ الْقِيٰمَةِ كِتٰبًا يَّلْقٰهُ مَنْشُوْرًا

ဟု လာရှိသည့်အတိုင်း ဖြစ်သည်။) ထိုအခါ အသင်သည် အပြစ်ရှိသူတို့အား တွေ့မြင်ရမည်မှာ ထိုမှတ်တမ်းစာအုပ်တွင် (ရေးသား) ပါရှိသည်များကို တွေ့မြင်လျက် ထို (အပြစ်ဒဏ်များ) အား ကြောက်ရွံ့ စိုးထိတ်နေပေမည်။ ထို့နောက် ၎င်းတို့က ပြောဆိုကြမည်မှာ 'သြော်- ကျွန်ုပ်တို့ အကျိုးနည်းရလေခြင်း။ ဤ (မှတ်တမ်း) စာအုပ်သည် မည်သို့သော အံ့သြဖွယ် (မှတ်တမ်း) စာအုပ်ပါနည်း။ သေးငယ်သော အပြစ်များကိုလည်းကောင်း၊ ကြီးလေးသော အပြစ်များကိုလည်းကောင်း၊ ထိုသူ (လောကတွင်) ပြုမိခဲ့သမျှသော အပြစ်အားလုံး (ရေးသားထားသည်ကို) တွေ့ရှိရပေမည်။ ထို့နောက် အသင့်အား မွေးမြူတော်မူသော အသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတရားပြုတော်မူမည် မဟုတ်ပေ။ (ကျူးလွန်ခြင်းမရှိခဲ့သော အပြစ်များကို ရေးမှတ်ခြင်း စည်းကမ်းချက်များအရ ပြုလုပ်ကျင့်ဆောင်ချက်များကို ရေးမှတ်မှု မပြုခြင်းများ မရှိပေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَالْبٰقِيٰتُ الصّٰلِحٰتُ

မွတ်စ်နဒ်အဟ်မဒ်၊ အိဗ်နေဟာဗ်ဗားန်နှင့် ဟာကင်မ်တို့သည် ဟဇရတ်အဗူစအီးဒ်ခုဒ်ရီ ﷺ သခင်၏ ဆင့်ပြန်ချက်ကို တင်ပြခဲ့ကြသည်။ ထိုဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'ဗာကိယားသ်ဆွာလိဟားသ်ကို များနိုင်သမျှ များပြားအောင် စုဆောင်းမှု ပြုကြကုန်။' ဆွဟာဗာများက 'ဤသည် မည်သည့်အရာပါနည်း' ဟု လျှောက်ထားမေးမြန်းကြရာ ကိုယ်တော်မြတ် ﷺ က

سُبْحَانَ اللهِ لَا اِلٰهَ اِلَّا اللهُ اَلْحَمْدُ لِلّٰهِ وَلَا اِلٰهَ اِلَّا اللهُ وَاللهُ اَكْبَرُ

ရွတ်ဆိုခြင်းဖြစ်သည်' ဟု မိန့်ကြားတော်မူလေသည်။ ဟာကင်မ်သည် ထိုဟဒီးစ်တော်အား ဆွဟီးဟ် ဖြစ်သည်ဟု ဆိုသည်။ အကိလီသည် ဟဇရတ်နူအ်မားန် ဗင်န် ဗရှီးရ် ﷺ ၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ရာတွင် တမန်တော်မြတ် ﷺ က

سُبْحَانَ اللهِ وَالْحَمْدُ لِلّٰهِ وَلَا اِلٰهَ اِلَّا اللهُ وَاللهُ اَكْبَرُ

သည်သာ 'ဗာကိယားသ်ဆွာလိဟားသ်' ဖြစ်သည်' ဟု မိန့်ကြားတော်မူခဲ့သည်။ ဤအကြောင်းအရာကိုပင် သွစ်ရာနီသည် စအဒ်ဗင်န်အုဗာဒဟ် ﷺ သခင်၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ခဲ့သည်။ ဆွဟီးဟ် မွတ်စ္စလင်မ်နှင့် သိရ်မေဇီတို့သည် ဟဇရတ်အဗူဟုရိုင်ရာဟ် ﷺ သခင်၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ခဲ့သည်မှာ 'တမန်တော်မြတ် ﷺ က

سُبْحَانَ اللهِ وَالْحَمْدُ لِلّٰهِ وَلَا اِلٰهَ اِلَّا اللهُ وَاللهُ اَكْبَرُ

ဟူသော စာပိုဒ်များသည် ကျွန်ုပ်ထံတွင် နေရောင်ခြည်ထိတွေ့သော အရာအားလုံး (လောကတစ်ခုလုံး) ထက် ပို၍ နှစ်သက်သောအရာများ ဖြစ်သည်ဟု မိန့်ကြားတော်မူလေသည်။ ဟဇရတ်ဂျာဗိရ် ﷺ သခင်က မိန့်ဆိုသည်မှာ-

لَاحَوْلَ وَ لَا قُوَّةَ اِلَّا بِاللهِ

ကို များမြောင်စွာ ဖတ်ရွတ်ကြကုန်။ အကြောင်းမှာ ဤ 'ကလေမာဟ်' တော်သည် (၉၉) ပါးသော ရောဂါဝေဒနာများနှင့် ဒုက္ခများကို ဝေးကွာစေသောကြောင့် ဖြစ်သည်။ ယင်းတို့အနက် အနိမ့်ဆုံးအဆင့် ဒုက္ခမှာ သောကဗျာပါဒ ဖြစ်သည်။

ထို့ကြောင့် ဤအာယသ်တော်တွင် 'ဗာကိယားသ်ဆွာလိဟားသ်' ဟူသော စာလုံးအား ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ ၊ အိက်ရိမဟ်နှင့် မုဂျာဟိဒ်တို့က 'ဤစာလုံးများသည် အဆိုပါစာပိုဒ်များ ဖတ်ခြင်းကို ဆိုလိုသည်' ဟု ဖွင့်ဆိုခဲ့ကြသည်။ စအီးဒ်ဗင်န်ဂျုဗိုင်ရ်၊ မတ်စရူးက်နှင့် အိဗ်ရာဟီးမ်တို့က 'ဗာကိယားသ်ဆွာလိဟားသ်သည် နမာဇ် (၅) ကြိမ်ကို ဆိုလိုသည်' ဟု မိန့်ဆိုခဲ့ကြသည်။

ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ အခြားဆင့်ပြန်ချက်တစ်ရပ် လာရှိသည်တွင် အာယသ်တော်မှ 'ဗာကီယားသ်ဆွာလိဟားသ်'သည် ကောင်းမြတ်သော အကျင့်သီလဟူသမျှကို ဆိုလိုသည်။ ယင်းတို့တွင် ဖော်ပြပါ စာပိုဒ်များသည်လည်းကောင်း၊ နမာဇ် (၅) ကြိမ်သည်လည်းကောင်း၊ အခြားသော ကောင်းမြတ်သည့် အမှုအကျင့်ဟူသမျှသည်လည်းကောင်း ပါဝင်သည်ဟု မိန့်ဆိုခဲ့သည်။ ဟဇရတ်ကသာဒဟ် ﷺ ထံမှလည်း ဤဖွင့်ဆိုချက်အတိုင်း ဆင့်ပြန်ချက်လာရှိသည်။ *[မဇ္ဇဟရီကျမ်း]*

ကုရ်အာန်၏ စာလုံးများအရလည်း ဤအတိုင်းသာ ဖြစ်ပေသည်။ အကြောင်းမှာ ထိုစာလုံးများ၏ တစ်လုံးချင်း၏ အဓိပ္ပာယ်မှာပင် အမြဲတည်တံ့ကျန်ရှိနေမည့် ကောင်းမြတ်သော ကျင့်ဆောင်ချက်များဟုပင် ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ကောင်းမြတ်သော ကျင့်ဆောင်ချက်အားလုံးသည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးဝယ် အမြဲထာဝရ တည်တံ့ကျန်ရှိနေမည်မှာ ပေါ်လွင်ပေသည်။

အိဗ်နေဂျရီးရ်၊ သွဗ်ရီနှင့် ကုရ်သုဗီတို့သည် ဤဆင့်ဆိုချက်ကိုပင် ဦးစားပေးခဲ့ကြသည်။

ဟဇရတ်အလီ ﷺ က မိန့်ဆိုခဲ့သည်မှာ 'လယ်ယာနှစ်မျိုးရှိသည်။ လောက၏ လယ်ယာမှာမူ ပစ္စည်းဥစ္စာနှင့် သားသမီးများဖြစ်သည်။ တမလွန်၏ လယ်ယာမှာ 'ဗာကီယားသ်ဆွလိဟားသ်'ဖြစ်သည်။' ဟဇရတ်ဟစန်ဗဆွရီ (ရဟ) သခင်က 'ဗာကီယားသ်ဆွာလိဟားသ်'သည် 'နီယသ်'ရည်ရွယ်ချက်နှင့် 'အိရာဒဟ်' စိတ်ဆန္ဒတို့ ဖြစ်သည်။ 'အအ်မာလိဆွာလိဟဟ်'ကောင်းမှု ကိုယ်ကျင့်တရားများ လက်ခံမှု ဖြစ်ခြင်းသည် 'နီယသ်'နှင့် 'အီရာဒသ်'တို့အပေါ်၌ မူတည်သည်'ဟု ဆိုသည်။

အုဗိုင်ဒ်ဗင်နအုမရ် ﷺ သခင်က ဆင့်ပြန်သည်မှာ 'ဗာကီယားသ်ဆွာလိဟားသ်'သည် ကောင်းမြတ်သော သမီးများဖြစ်သည်။ ထိုသမီးမိန်းကလေးတို့သည် မိမိတို့၏ မိဘနှစ်ပါးအတွက် အကြီးမားဆုံးကုသိုလ်အစုအပုံဖြစ်သည်။ ဟဇရတ်အာအေရှာဟ် ﷺ သခင်မ၏ ဆင့်ပြန်ချက်ကို အထောက်အထားအဖြစ် ကိုးကားတင်ပြသည်မှာ 'ကိုယ်တော်မြတ် ﷺ က မိန့်ကြားတော်မူခဲ့လေသည်။ ကျွန်ုပ်သည် မိမိ၏ အုမ္မသ်များအနက် လူတစ်ဦးကို တွေ့မြင်ခဲ့ရသည်။ ထိုသူ့အား 'ဂျဟန္နမ်'သို့ ခေါ်ဆောင်သွားရန် မိန့်တော်မူသည့်အခါ ၎င်း၏ သမီးများက ပွေ့ဖက်၍ ငိုယိုဟစ်အော်ကြသည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်ထံတော်ဝယ် 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ထိုသူသည် လောက၌ရှိစဉ်က ကျွန်တော်မျိုးမတို့အပေါ် အလွန်ကြီးမားစွာ ကျေးဇူးပြုခဲ့သူ (ကျွန်တော်မျိုးတို့၏ ဖခင်) ဖြစ်ပါသည်။ ထို့အပြင် ကျွန်တော်မျိုးမတို့အား ပွဲပြင်ဆုံးမရာ၌လည်း အထူးအားထုတ်ခဲ့ပါသည်'ဟု လျှောက်ထားလေရာ အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အပေါ် ကရုဏာသက်တော်မူလျက် လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူလိုက်သည်။ *[ကုရ်သုဗီကျမ်း]*

وَلَقَدْ جِئْتُمُوْنَا كَمَا خَلَقْنٰكُمْ اَوَّلَ مَرَّةٍ

'ကေယာမ်'နေ့တွင် လူအားလုံးကို မိန့်ကြားတော်မူမည်မှာ 'ယနေ့ အသင်တို့သည် ပထမအကြိမ် ဖန်ဆင်းစဉ်ကကဲ့သို့ မည်သည့်အရာမျှ မပါဘဲ ငါအသျှင်မြတ်၏ ရှေ့တော်မှောက်သို့ လက်မဲ့ရောက်ရှိလာခဲ့ကြသည်'ဟု ဖြစ်သည်။ ဘိုခါရီ၊ မွတ်စ္စလင်မ်နှင့် သိရ်မေဇီကျမ်းတို့တွင် အိဗ်နေအဗ္ဗားစ် ﷺ ၏ ဆင့်ပြန်

ချက်ကို ဖော်ပြထားကြသည်မှာ 'အခါတစ်ပါးတွင် တမန်တော်မြတ် ﷺ သည် 'ခွသ်ဗာဟ်'မိန့်ကြားရာတွင် 'အို၊ လူသားတို့၊ အသင်တို့သည် 'ကေယာမသ်'နေ့တွင် မိမိတို့ အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ခြေဗလာ၊ ကိုယ်ဗလာဖြင့် ခြေလျင်လျှောက်၍ လာကြရပေမည်။ အားလုံးတို့ထက်အလျင် ဝတ်စုံဆင်မြန်း ပေးခြင်း ခံရမည့်သူမှာ ဟဇရသ်အီဗ်ရာဟီးမ် ﷺ ဖြစ်လိမ့်မည်။ ထိုမိန့်ကြားချက်ကို ကြား၍ ဟဇရသ် အာအေရှာဟ် ﷺ က 'အို၊ တမန်တော်မြတ်၊ အမျိုးသား၊ အမျိုးသမီးအားလုံးသည် ကိုယ်ဗလာ (ကိုယ်လုံးတီး) ဖြစ်ကြမည်လော။ တစ်ဦးနှင့်တစ်ဦး ကြည့်ရှုကြမည်လော'ဟု လျှောက်ထားမေးမြန်းလေသည်။ တမန်တော်မြတ် ﷺ က 'ထိုနေ့တွင် လူတိုင်းသည် တစ်ဦးကို တစ်ဦး ကြည့်ရှုရန် အခွင့်အရေးပင် ရှိမည်မဟုတ်ဘဲ အားလုံး၏ အကြည့်မှာ အပေါ်သို့သာ မော့၍ ပြေးလွှားနေရပေမည်'ဟု မိန့်ကြားလေသည်။

ကုရ်သုဗီက မိန့်ဆိုသည်မှာ 'သေသူတို့သည် 'ဗရ်ဇခ်'လောကတွင် တစ်ဦးနှင့်တစ်ဦး မိမိတို့၏ ကဖန်များ ဝတ်လျက်နှင့်ပင် တွေ့ဆုံကြလိမ့်မည်'ဟူသော ဟဒီးစ်သည် အထက်ပါဟဒီးစ်တော်နှင့် ဆန့်ကျင်ခြားနားမှု မရှိပေ။ အဘယ်ကြောင့်ဆိုသော် ဤဖြစ်ရပ်သည် 'ကဗရ်'နှင့် 'ဗရ်ဇခ်'လောက၌ဖြစ်ပြီး အထက်ပါ ဟဒီးစ်တော်သည် 'ဟရှရ်'ကွင်းပြင်၌ ဖြစ်ပေါ်မည့် ကိစ္စဖြစ်သောကြောင့်ပင် ဖြစ်သည်။

အချို့ဟဒီးစ်တော်များတွင် ဖော်ပြထားသည်မှာ 'သေသူသည် မိမိ၏ 'ဒဖန်'မြေမြှုပ်စဉ်က ဝတ်ဆင်ပေးခဲ့သည့် ကဖန်ဝတ်စုံအတိုင်း 'ဟရှရ်'ကွင်းပြင်၌ ရှင်ပြန်ထလိမ့်မည်'ဟု ဖြစ်သည်။

ဟဇရသ်အုမရ်ဖာရူးက် ﷺ သခင်က မိန့်ဆိုသည်မှာ 'မိမိတို့၏ သူသေအလောင်းများအတွက် ကဖန်ကို ကောင်းမွန်စွာ ပြုလုပ်ကြကုန်။ အကြောင်းမှာ ၎င်းတို့သည် 'ကေယာမသ်'နေ့တွင် ထိုကဖန်ဖြင့်ပင် ပြန်လည်ရှင်ထရမည် ဖြစ်သောကြောင့်ပင် ဖြစ်သည်။' ဟဇရသ်အုမရ် ﷺ သခင်၏ ဤအမိန့်အား အချို့ ပညာရှင်များက 'ဤသည် ရှဟီဒီများအတွက် ဆိုလိုခြင်းဖြစ်သည်'ဟု ဆိုကြသည်။ အချို့ပုဂ္ဂိုလ်များက 'ဟရှရ်'ကွင်းပြင်တွင် အချို့မှာ ကဖန်ဝတ်စုံနှင့်လည်းကောင်း၊ အချို့မှာ ကိုယ်လုံးတီးဖြင့်လည်းကောင်း ရှင်ပြန်ထကြရမည်မှာ ဖြစ်နိုင်သည်'ဟု ဆိုကြသည်။ ဤပုံစံဖြင့် ဆင့်ပြန်ချက်နှစ်မျိုးစလုံး စုစည်းမှု ဖြစ်သွားသည်။ *[မဇ္ဇဟရီကျမ်း]*

وَوَجَدُوْا مَا عَمِلُوْا حَاضِرًا

'ဟရှရ်'ကွင်းပြင်၌ စုရုံးရသူအားလုံးသည် မိမိတို့ ပြုမူကျင့်ဆောင်ခဲ့သည့် ကျင့်ဆောင်ချက်များကို တွေ့မြင်ကြရပေမည်။ အဖွင့်ပညာရှင်များက ၎င်း၏ အလိုသဘောမှာ 'မိမိတို့ ပြုမူကျင့်ဆောင်ချက်များ၏ အကျိုးအစားများကို တွေ့မြင်ကြရမည်'ဟု ဆိုကြသည်။ ကျွန်ုပ်တို့၏ ဆရာသခင်ဖြစ်သော ဟဇရသ် မောင်လာနာ စိုင်ယိဒ် မိုဟမ္မဒ်အန္နဝရ် ကရှ်မီရီး (ရဟ) က မိန့်ဆိုသည်မှာ 'ဤနေရာတွင် မည်သည့် သုံးသပ်ချက်မျှ မလိုအပ်ပေ'ဟု ဖြစ်သည်။

ဤလောက၏ ပြုမူကျင့်ဆောင်ချက်များသည် တမလွန်၏ အကျိုးကုသိုလ်နှင့် အပြစ်ဒဏ်များ ဖြစ်သွားလိမ့်မည်။ ၎င်းတို့၏ ပုံပန်းသဏ္ဌာန်သည် တမလွန်တွင် ပြောင်းလဲသွားလိမ့်မည်။ ကောင်းမြတ်သော

ကျင့်စဉ်များသည် 'ဂျန္နသ်'၏ စည်းစိမ်များ၏ ပုံပန်းသဏ္ဍာန် ဖြစ်သွားပေမည်။ မကောင်းသော ကျင့်စဉ်များသည် 'ဂျဟန္နမ်'ငရဲ၏ မီး၊ မြွေနှင့် ကင်း စသည်များ ဖြစ်သွားပေလိမ့်မည် ဆိုသည့်အကြောင်းကို ဟဒီးစ်ဆင့်ပြန်ချက်များစွာတွင် တွေ့မြင်ရပေမည်။ ဟဒီးစ်တော်များတွင် 'ဇကားသ်'မပေးသူ၏ ဥစ္စာပစ္စည်းများသည် ကြီးမားသော မြွေကြီးအဖြစ်နှင့် ရောက်ရှိလာပြီး ၎င်းအား ပေါက်ပြီး 'ကျွန်ုပ်သည် အသင်၏ ဥစ္စာပစ္စည်းများ ဖြစ်သည်'ဟု ပြောဆိုပေလိမ့်မည်။ ကောင်းမြတ်သော ကျင့်စဉ်များသည် ချောမောလှပသော လူတစ်ဦးအသွင်ဖြင့် လူသားအား 'ကဗရ်'အတွင်း၌ တစ်ကိုယ်တည်း ဖြစ်ရှိနေမှု၌ ကြောက်ရွံ့စိုးရိမ်ဖွယ်ရာမှု ဝေးလွင့်စေရန်၊ နှစ်သိမ့်ရန် ရောက်ရှိလာပေလိမ့်မည်။ ကုရ်ဘာနီသားကောင်များသည် 'ပွလ်စွေရားသ်'၏ အစီးအနင်းများ ဖြစ်သွားပေလိမ့်မည်။ လူသား၏ အပြစ်ဒုစရိုက်တို့သည် အလေးအပင် ဝန်ထုပ်ဝန်ပိုးအဖြစ် လူတိုင်း၏ ဦးခေါင်းပေါ်တွင် သယ်ဆောင်လာကြရမည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် 'ယသီးမ်'မိဘမဲ့တို့၏ ဥစ္စာပစ္စည်းများကို မတရားသဖြင့် စားသုံးသူများနှင့် စပ်လျဉ်း၍

اِنَّمَا يَأْكُلُوْنَ فِىْ بُطُوْنِهِمْ نَارًا

'ဤသူတို့သည် မိမိတို့၏ ဝမ်းဗိုက်များတွင် မီးများကို ဖြည့်တင်းထားကြသည်'ဟု လာရှိထားပေသည်။ ဤဆင့်ပြန်ချက်များအားလုံးတွင် အများအားဖြင့် သွယ်ဝိုက်သောနည်းဖြင့် အဓိပ္ပာယ် ကောက်ယူထားပေသည်။ အကယ်၍ အစစ်အမှန်ဇစ်မြစ်ကို ယူလိုက်မည်ဆိုလျှင် ၎င်းတို့အနက် မည်သည့်နေရာမှု သွယ်ဝိုက်ခြင်းများ မလိုအပ်တော့ဘဲ ၎င်းတို့အားလုံးသည် မိမိ၏ အစစ်အမှန် ဇစ်မြစ်အပေါ်၌သာ ရှိပေတော့မည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် 'ယသီးမ်'မိဘမဲ့ကလေးတို့၏ ပစ္စည်းဥစ္စာများအား မတရားစားခြင်းကို 'မီး'ဟု မိန့်ဆိုထားသည်။ သို့ရှိရာ အစစ်အမှန် ဇစ်မြစ်အရဆိုလျှင် ထိုပစ္စည်းများသည် ထိုအချိန်၌လည်း မီးပင် ဖြစ်သည်။ သို့ရာတွင် ထိုမီး၏ အရိပ်လက္ခဏာများကို ခံစားသိရှိနိုင်ရန်အတွက် ဤလောကမှ ဖြတ်သန်းရွှေ့လျားရန်မှာ သတ်မှတ်ထားသည့် စည်းကမ်းချက် ဖြစ်သည်။ ဥပမာ– မီးခြစ်ဘူးတစ်ဘူး၏ ဘူးခွံကို မီးဟု ဆိုလျှင် မှန်ကန်ပေသည်။ သို့ရာတွင် ထိုဘူးခွံသည် မီးဖြစ်လာရန် မီးခြစ်ဆံနှင့် ပွတ်တိုက်ခြင်းမှာ အဓိကစည်းကမ်းချက် ဖြစ်သည်။ အလားတူ ဓါတ်ဆီ၊ လောင်စာဆီအား မီးဟု ဆိုလျှင် မှန်သည်ဟု ယူဆရမည်။ စင်စစ် ထိုသို့ မီးဟု ခေါ်ဆိုနိုင်ရန် အနည်းငယ်မျှသော မီးနှင့် ပေါင်းစပ်ပေးရန်မှာ စည်းကမ်းချက်ဖြစ်သည်။

အချုပ်ဆိုရသော် လူသားပြုခဲ့သမျှ ကောင်းမှုနှင့် မကောင်းမှုတို့သည် 'အာခိရသ်'တမလွန်တွင် အကျိုးကုသိုလ်နှင့် အပြစ်ဒဏ်များအသွင် ဖြစ်သွားကြပေမည်။ ထိုအချိန်တွင် ထိုကောင်းမှု၊ မကောင်းမှုတို့၏ ပုံပန်းသဏ္ဍာန်တို့မှာ လောကနှင့် မတူဘဲ အခြားသော ပုံသဏ္ဍာန်များ ဖြစ်သွားကြပေမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِذْ قُلْنَا لِلْمَلَٰٓئِكَةِ ٱسْجُدُوا۟ لِءَادَمَ فَسَجَدُوٓا۟ إِلَّآ إِبْلِيسَ كَانَ مِنَ ٱلْجِنِّ فَفَسَقَ عَنْ أَمْرِ رَبِّهِۦٓ ۗ أَفَتَتَّخِذُونَهُۥ وَذُرِّيَّتَهُۥٓ أَوْلِيَآءَ مِن دُونِى وَهُمْ لَكُمْ عَدُوٌّۢ ۚ بِئْسَ لِلظَّٰلِمِينَ بَدَلًا ﴿٥٠﴾

၁၈ : ၅၀ ။ ။ ၎င်းပြင် (ပြန်လည်သတိရကြလေကုန်။) တစ်ရံရောအခါဝယ် ငါအသျှင်မြတ်သည် ကောင်းကင်တမန်တို့အား 'အသင်တို့သည် အာဒမ်၏ ရှေ့ဝယ် ဦးချကြလေကုန်' ဟု မိန့်ကြားတော်မူခဲ့ပေရာ အီဗ်လီးစ်မှအပ ကောင်းကင်တမန်အပေါင်းတို့သည် ဦးချခဲ့ကြကုန်၏။ ယင်းအီဗ်လီးစ်မှာမူ 'ဂျင်န်' သတ္တဝါတို့အနက်မှ ဖြစ်ခဲ့ရာ ၎င်းသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်ကို သွေဖည်ခဲ့လေသည်။ သို့ပါလျက် အသင်တို့သည် ငါအသျှင်မြတ်အား စွန့်၍ ယင်းအီဗ်လီးစ်ကိုလည်းကောင်း၊ ယင်းအီဗ်လီးစ်၏ သားမြေးတို့ကိုလည်းကောင်း အဆွေခင်ပွန်းများ ပြုလုပ်ကြလေသလော။ အမှန်စင်စစ် ၎င်းတို့မှာမူ အသင်တို့၏ ရန်သူများပင် ဖြစ်ကြကုန်၏။ မတရားကျူးလွန်သူတို့၏ အကျိုးသည် အလွန်ဆိုးရွားလှပေသည်။

مَّآ أَشْهَدتُّهُمْ خَلْقَ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ وَلَا خَلْقَ أَنفُسِهِمْ وَمَا كُنتُ مُتَّخِذَ ٱلْمُضِلِّينَ عَضُدًا ﴿٥١﴾

၁၈ : ၅၁ ။ ။ ငါအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူရာ၌ ၎င်း (ရှိုက်သွာန်)တို့အား အဆင်သင့် ခေါ်ထားတော်မူခဲ့သည်မဟုတ်ပေ။ ထိုနည်းတူစွာ ၎င်းတို့အား ဖန်ဆင်းတော်မူရာ၌လည်း (အဆင်သင့် ခေါ်ထားခြင်းကို ပြုတော်) မမူခဲ့ချေ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် (သူတစ်ပါးကို) လမ်းလွဲစေသောသူတို့အား (မိမိ) လက်ရုံးအဖြစ် ပြုလုပ်တော်မူမည့် အသျှင်မြတ် မဟုတ်ပေ။

وَيَوْمَ يَقُولُ نَادُوا۟ شُرَكَآءِىَ ٱلَّذِينَ زَعَمْتُمْ فَدَعَوْهُمْ فَلَمْ يَسْتَجِيبُوا۟ لَهُمْ وَجَعَلْنَا بَيْنَهُم مَّوْبِقًا ﴿٥٢﴾

၁၈ : ၅၂ ။ ။ ထိုနည်းတူစွာ အကြင်နေ့ကိုလည်း (သတိထားကြလေကုန်။) ထိုအသျှင်မြတ်သည် (၎င်းနေ့တွင် မုရှ်ရစ်က်တို့အား) 'အသင်တို့သည် မိမိတို့ ယုံကြည် (ကိုးကွယ်) ခဲ့ကြသော ငါအသျှင်မြတ်၏ တွဲဖက်များကို ဟစ်ခေါ်ကြလေကုန်' ဟု မိန့်ကြားတော်မူသောအခါ ၎င်းတို့သည် ယင်းတွဲဖက်များကို ဟစ်ခေါ်ကြပေမည်။ သို့ရာတွင် ယင်းတွဲဖက်များမှာမူ ၎င်းတို့အား ပြန်၍ ထူးကြမည်မဟုတ်ပေ။ ၎င်းပြင် ငါအသျှင်မြတ်သည် ယင်း (မုရှ်ရစ်က်တို့နှင့် ၎င်းတို့၏ ကိုးကွယ်ရာ) တို့၏ စပ်ကြားတွင် အကာအကွယ်တစ်ခုကို ချထားတော်မူပေမည်။

وَرَاَ الْمُجْرِمُوْنَ النَّارَ فَظَنُّوْٓا اَنَّهُمْ مُّوَاقِعُوْهَا وَ
لَمْ يَجِدُوْا عَنْهَا مَصْرِفًا ﴿٥٣﴾

၁၈ : ၅၃ ။ ။ ထို့ပြင် အပြစ်ရှိသူတို့သည် (ဂျဟန္နမ်ငရဲ) မီးကို တွေ့မြင်ကြသောအခါ ၎င်းတို့သည် ကေန်မလွဲ မိမိတို့မှာ ယင်းမီးထဲသို့ ကျဆင်းကြရမည့်သူများပင် ဖြစ်ကြသည်ဟု ယုံကြည်ကြပေမည်။ သို့ရာတွင် ၎င်းတို့သည် ယင်းမီး (ဘေးမှ) လွှဲရှောင်နိုင်ရန် နေရာတစ်စုံတစ်ခုကိုမျှ တွေ့ရှိကြမည်မဟုတ်ပေ။

وَلَقَدْ صَرَّفْنَا فِيْ هٰذَا الْقُرْاٰنِ
لِلنَّاسِ مِنْ كُلِّ مَثَلٍ ؕ وَكَانَ الْاِنْسَانُ اَكْثَرَ شَيْءٍ جَدَلًا ﴿٥٤﴾

၁၈ : ၅၄ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်တွင် လူတို့၏အကျိုးငှာ ဥပမာပုံဆောင်ချက် အလုံးစုံတို့ကို အနည်းနည်းအဖုံဖုံ မိန့်ကြားတော်မူခဲ့ပေသည်။ စင်စစ် လူသားတို့မှာ အရာခပ်သိမ်းတို့ထက် အငြင်းအခုံ ပြုဆုံးပင် ဖြစ်ကြကုန်သည်။

وَمَا مَنَعَ النَّاسَ اَنْ يُّؤْمِنُوْٓا اِذْ جَآءَهُمُ الْهُدٰى وَيَسْتَغْفِرُوْا
رَبَّهُمْ اِلَّآ اَنْ تَاْتِيَهُمْ سُنَّةُ الْاَوَّلِيْنَ اَوْ يَاْتِيَهُمُ
الْعَذَابُ قُبُلًا ﴿٥٥﴾

၁၈ : ၅၅ ။ ။ စင်စစ် လူတို့အား ၎င်းတို့ထံ တရားလမ်းမှန်သည် ရောက်ရှိခဲ့ပြီးနောက် အီမာန်သက်ဝင်ယုံကြည်ခြင်းမှ လည်းကောင်း၊ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့်ကို အသနားခံ ပန်ကြားခြင်းမှလည်းကောင်း၊ (မည်သည့်အရာကမျှပင်) တားဆီးခဲ့သည်မဟုတ်ပေ။ စင်စစ် ထိုသူတို့သည် မိမိတို့ ရှေးသူဟောင်း များနည်းတူ မိမိတို့ထံလည်း စီရင်ချက် ရောက်ရှိလာခြင်း၊ သို့တည်းမဟုတ် မိမိတို့ထံ အမျိုးမျိုးသော ပြစ်ဒဏ်များ ဆိုက်ရောက် လာခြင်းမှအပ အခြားမည်သည့်ကိုမျှ စောင့်ဆိုင်း၍ နေကြသည်မဟုတ်ပေ။

وَمَا نُرْسِلُ الْمُرْسَلِيْنَ اِلَّا مُبَشِّرِيْنَ
وَمُنْذِرِيْنَ ۚ وَيُجَادِلُ الَّذِيْنَ كَفَرُوْا بِالْبَاطِلِ لِيُدْحِضُوْا
بِهِ الْحَقَّ وَاتَّخَذُوْٓا اٰيٰتِيْ وَمَآ اُنْذِرُوْا هُزُوًا ﴿٥٦﴾

၁၈ : ၅၆ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ရစူလ်တမန်တော်တို့အား သတင်းကောင်းပြောကြားသူများနှင့် သတိပေး နှိုးဆော်သူများအဖြစ်သာလျှင် စေလွှတ်တော်မူခဲ့၏။ သို့ရာတွင် ကာဖိရ်သွေဖည်ငြင်းပယ်ကြသော သူတို့မှာမူ အမှန်တရားကို

နှိမ်နင်းရန်အလို့ငှာ အမှားလက်ကိုင်ပြု၍ အငြင်းအခုံပြုကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ငါအသျှင်မြတ်၏ သက်သေလက္ခဏာတော်များကိုလည်းကောင်း၊ မိမိတို့ သတိပေးနှိုးဆော်ခြင်း ခံခဲ့ကြရသည်များကိုလည်းကောင်း ပြက်ရယ်ဖွယ်များ ပြုလုပ်ခဲ့ကြကုန်၏။

وَمَنْ أَظْلَمُ مِمَّن ذُكِّرَ بِآيَاتِ رَبِّهِ فَأَعْرَضَ عَنْهَا وَنَسِيَ مَا قَدَّمَتْ
يَدَاهُ ۚ إِنَّا جَعَلْنَا عَلَىٰ قُلُوبِهِمْ أَكِنَّةً أَن يَفْقَهُوهُ وَفِي
آذَانِهِمْ وَقْرًا ۖ وَإِن تَدْعُهُمْ إِلَى الْهُدَىٰ فَلَن يَهْتَدُوا إِذًا أَبَدًا ﴿٥٧﴾

၁၈ : ၅၇ ။ ။ အမှန်စင်စစ် အကြင်သူထက် မတရားသောသူသည် မည်သူရှိအံ့နည်း။ ထိုသူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်များဖြင့် ဆုံးမခြင်းကို ခံခဲ့ရသော်လည်း ၎င်းသူသည် ယင်းသက်သေလက္ခဏာတော်များမှ မျက်နှာလွှဲခဲ့လေသည်။ ၎င်းပြင် ထိုသူသည် မိမိ၏ လက်နှစ်ဖက်က ကြိုတင်ပို့နှင့်ပြီးဖြစ်သည့် (ပြစ်မှုဒုစရိုက်) များကိုလည်း မေ့ပျောက်ခဲ့ပေသည်။ ဧကန်စင်စစ် ငါအသျှင်မြတ်သည် ထို (ကဲ့သို့သော) သူတို့၏ စိတ်နှလုံးများအပေါ်ဝယ် ထိုသူတို့သည် ယင်း (အမှန်တရား) ကို နားမလည်နိုင်ကြရန် အဖုံးအအုပ်များကိုလည်းကောင်း၊ ထိုသူတို့၏ နားများတွင် နားပင်းမှုကိုလည်းကောင်း ပြုလုပ်တော်မူခဲ့၏။ စင်စစ် အကယ်၍ အသင်သည် ၎င်းတို့အား တရားလမ်းမှန်သို့ ဖိတ်ခေါ်သော်ငြားလည်း ၎င်းတို့သည် ဤအခြေအနေတွင် မည်သည့်အခါ၌မျှပင် လမ်းမှန်ကို အလျှဉ်းရရှိကြမည် မဟုတ်ပေ။

وَرَبُّكَ الْغَفُورُ ذُو الرَّحْمَةِ ۖ لَوْ يُؤَاخِذُهُم بِمَا
كَسَبُوا لَعَجَّلَ لَهُمُ الْعَذَابَ ۚ بَل لَّهُم مَّوْعِدٌ لَّن يَجِدُوا
مِن دُونِهِ مَوْئِلًا ﴿٥٨﴾

၁၈ : ၅၈ ။ ။ ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော အသျှင်၊ ကရုဏာတော်ရှင် ဖြစ်တော်မူပေသည်။ အကယ်၍သာ ထိုအသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ ရှာဖွေဆည်းပူးခဲ့ကြကုန်သော ပြစ်မှုဒုစရိုက်များကြောင့် ဖမ်းဆီးအရေးယူတော်မူပါလျှင် အမှန်ပင် ထိုအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ ပြစ်ဒဏ်ကို အဆောတလျင် ကျရောက်စေတော်မူခဲ့ပေမည်။ သို့ရာတွင် စင်စစ်မှာမူ ၎င်းတို့အဖို့ ချိန်းချက်ထားသော အချိန်တစ်ချိန်သည် ရှိနေပေရာ ၎င်းတို့သည် ထို (ပြစ်ဒဏ်ခံစားရန်) အချိန်မကျရောက်မီ ထွက်ပြေးလွတ်မြောက်ရန် နေရာဌာနတစ်စုံတစ်ရာကိုမျှ အလျှဉ်းတွေ့ရှိကြမည် မဟုတ်ပေ။

وَتِلْكَ الْقُرَىٰ أَهْلَكْنَاهُمْ لَمَّا ظَلَمُوا وَجَعَلْنَا لِمَهْلِكِهِم مَّوْعِدًا ﴿٥٩﴾

၁၈ : ၅၉ ။ ။ စင်စစ် ဤသည် (တို့သည်) အကြင်မြို့ (သူ) ရွာ (သား) များပင် (ဖြစ်၏။) ငါအသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ မတရားကျူးလွန်ခဲ့ကြသောအခါ ဖျက်ဆီးတော်မူခဲ့၏။ အမှန်စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့ ပျက်စီးရန်အလို့ငှာ ချိန်းချက်ထားသော အချိန်ကာလတစ်ခုကို ပြုလုပ်သတ်မှတ်တော်မူခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် (ထိုအချိန်ကိုသည်လည်း သတိရရန် ထိုက်သည်။) ငါအသျှင်မြတ်သည် ကောင်းကင်တမန်တို့အား အာဒမ် عليه السلام ၏ရှေ့တွင် 'စဂျ်ဒဟ်'ဦးချကြကုန်ဟု အမိန့်တော်မူသည့်အခါ 'ဂျင်န်'အမျိုးအနွယ်အုပ်စုမှ ဖြစ်သော အီဗ်လီးစ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်ကို ဖီလာဆန့်ကျင်မှုပြုခဲ့သည်။ (အဘယ်ကြောင့်ဆိုသော် 'ဂျင်န်'သတ္တဝါတို့အား ဖန်ဆင်းရာ၌ ဓါတ်သဘာဝများတွင် မီးသည်အများဆုံးဖြစ်သောကြောင့်ပင် ဖြစ်သည်။ မီး၏ ဓါတ်သဘာဝမှာ တသမတ်တည်း မရှိနေခြင်းဖြစ်သည်။ သို့ရာတွင် ဤဓါတ်သဘာဝ၏ တောင်းဆိုချက်ကြောင့် အီဗ်လီးစ်အား ချွင်းချက်ရှိသူဟုကား မမှတ်ယူရပေ။ အကြောင်းမှာ ထိုဓါတ်သဘာဝ၏ တောင်းဆိုချက်အား အလ္လာဟ်အသျှင်မြတ်၏ ကြောက်စိတ်ဖြင့် ချိုးနှိမ်နိုင်သောကြောင့် ဖြစ်သည်။) သို့တိုင်အောင်လည်း အသင်တို့သည် ငါအသျှင်မြတ်အား စွန့်လွှတ်၍ ထိုအီဗ်လီးစ်အားလည်းကောင်း၊ ၎င်း၏ သားစဉ်မြေးဆက် (အီဗ်လီးစ်၏ သားသမီးများနှင့် နောက်လိုက်များ) အားလည်းကောင်း အဆွေခင်ပွန်းပြုလုပ်နေကြပါသလော။ (ငါအသျှင်မြတ်၏ အမိန့်နာခံမှုကို စွန့်လွှတ်လျက် ထိုအီဗ်လီးစ်၏ ပြောကြားမှုအတိုင်း လျှောက်လှမ်းနေပါသလော။) အမှန်စင်စစ် ထို (အီဗ်လီးစ်နှင့် ၎င်း၏ နောက်လိုက်အုပ်စု) သည် အသင်တို့၏ ရန်သူဖြစ်သည်။ (အချိန်တိုင်း အသင်တို့၏ နစ်နာဆုံးရှုံးမှုအတွက် စဉ်းစားသောကဖြစ်ခြင်း၌ ရှိနေကြသည်။)

ဤ (အီဗ်လီးစ်နှင့် ၎င်း၏ သားသမီးနောက်လိုက်များအား မိတ်ဆွေဖွဲ့ခြင်းသည်) မတရားမှုပြုသူတို့အတွက် အလွန်ဆိုးယုတ်သော အစားပေးမှုပင် ဖြစ်ပေသည်။ (ဤနေရာတွင် 'ဗဒလ်' (အစားထိုးမှု၊ အစားပေးမှု) ဟု သုံးနှုန်းရခြင်းမှာ ၎င်းတို့သည် ငါအသျှင်မြတ် နှင့် မိတ်ဆွေခင်ပွန်း ပြုလုပ်လိုကြသည်။ သို့သော် ၎င်းတို့သည် ငါအသျှင်မြတ်အစား ရှိုက်သွာန်ကို မိတ်ဆွေဖွဲ့ကြရုံမျှမက ၎င်းအား ငါအသျှင်မြတ်နှင့် တွဲဖက်နိူင်းယှဉ် ကိုးကွယ်ခြင်းကိုပင် လက်ခံကြသောကြောင့် ဖြစ်သည်။ အမှန်စင်စစ်) ငါအသျှင်မြတ်သည် မိုးကောင်းကင်နှင့် ကမ္ဘာမြေကို ဖန်ဆင်းစဉ်အခါက ၎င်းတို့ (အား မိမိ၏ အကူအညီနှင့် အကြံဉာဏ်တောင်းခံရန် ခေါ်ယူခြင်းလည်း) မရှိခဲ့။ ထို့အပြင် ၎င်းတို့အား ဖန်ဆင်းစဉ်အခါကလည်း ၎င်းတို့ (ကို ခေါ်ယူခြင်း) မရှိခဲ့။ (တစ်ဦးကို ဖန်ဆင်းစဉ် အခြားတစ်ဦးကို ခေါ်ယူခြင်း မရှိခဲ့။) ထို့ပြင် ငါအသျှင်မြတ်သည် (တစ်စုံတစ်ဦးအား အထူးသဖြင့်) လမ်းမှားစေသူ (ရှိုက်သွာန်) များကို မိမိ၏ (မိတ်ဆွေ) လက်ရုံးအဖြစ် ပြုလုပ်ရန် (အားအင်ချည့်နဲ့သူ) မဟုတ်ပါချေ။ (အကူအညီစောင်မမှု ဟူသည်မှာ မိမိကိုယ်တိုင် စွမ်းဆောင်နိုင်ခြင်းမရှိသူအတွက်သာ ဖြစ်သည်။) ထို့ပြင် အသင်တို့သည် ထိုရှိုက်သွာန်တို့အား အသျှင်မြတ်နှင့် ယှဉ်တွဲထိုက်သူများဟု ယူဆခဲ့ကြသည်။ 'ကေယာမသ်'နေ့တွင် အစစ်အမှန်ကို သိရှိကြရလိမ့်မည်။)

ထိုနေ့အား သတိရအောက်မေ့ကြကုန်။ ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်သည် (မုရှ်ရစ်က်များအား) မိန့်ကြားတော်မူမည်မှာ ငါအသျှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ထိုက်သူများဟု အသင်တို့ ယူဆခဲ့သောသူတို့အား (မိမိတို့အား ကူညီမှိုင်းမရန်အတွက်) ဟစ်အော်ခေါ်ကြကုန်လေ။ ထိုအခါ ၎င်း (မုရှ်ရစ်က်)

တို့သည် ဟစ်အော် ခေါ်ဝေါ်တမ်းတကြပေမည်။ သို့ဖြစ်ပေရာ ၎င်းတို့၏ ကိုးကွယ်ရာများသည် ၎င်းတို့၏ ဟစ်ခေါ်ခြင်းကို တုန့်ပြန်ဖြေကြားခြင်း ပြုကြမည် မဟုတ်ပေ။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းတို့၏ ကြား အလယ်တွင် အတားအဆီးတစ်ခုကို ပြုပေးတော်မူပေမည်။ ထိုသို့မဟုတ်ဘဲ အတားအဆီးမရှိပါ လျှင်လည်း ၎င်းတို့အား ကူညီနိုင်ရန်ဆိုသည်မှာ မဖြစ်နိုင်ပေ။) ထို့နောက် အပြစ်ရှိသူတို့သည် 'ဂျဟန္နမ်' ငရဲဘုံကို တွေ့မြင်ကြပြီး ၎င်းတို့သည် ထိုငရဲဘုံ၌ ကျရောက်မည့်သူများဖြစ်ကြောင်း ယုံကြည်သွားကြ ပေလိမ့်မည်။ ထို့နောက် ထိုငရဲဘုံမှ လွတ်မြောက်ရန် မည်သည့်လမ်းစမျှ ရရှိကြမည်မဟုတ်ပေ။ ထို့အပြင် ငါအသျှင်မြတ်သည် ဤကုရ်အာန်ကျမ်းတွင် လူတို့၏ (တရားလမ်းမှန်) အတွက် အကောင်းဆုံး အကြောင်း အရာ အမျိုးမျိုးကို ပုံစံအမျိုးမျိုး တင်ပြ မိန့်ကြားထားတော်မူသည်။ (ထိုသို့ တင်ပြသည့်တိုင်အောင်လည်း ငြင်းပယ်သူ) လူတို့သည် အားလုံးတို့ထက် အငြင်းသန်သူပင် ဖြစ်ကြသည်။ ('ဂျင်န်' သတ္တဝါများနှင့် အခြားသက်ရှိသတ္တဝါများတွင် အသိဉာဏ်များ ရှိကြပါသော်လည်း လူတို့ကဲ့သို့ ပြဿနာငြင်းခုံမှုများ မပြု ကြပေ။ ထို့နောက် လူတို့ထံသို့ လမ်းမှန်တရား ရောက်ရှိခဲ့ပြီးနောက် (အီမာန်သက်ဝင် ယုံကြည်ရန် ဖြစ် သည်။) အီမာန်သက်ဝင် ယုံကြည်ခြင်းမှလည်းကောင်း၊ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင် မြတ်အား (ကုဖွရ်နှင့် မကောင်းမှုဒုစရိုက်များမှ) လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံခြင်းမှလည်းကောင်း မည်သည့်အရာကမျှ တားမြစ်ထားသည်မဟုတ်ပေ။

သို့ရာတွင် ၎င်းတို့သည် ရှေးခေတ်လူတို့ကဲ့သို့ ဖြစ်ရပ်များ (သေကြေပျက်စီးရခြင်းနှင့် 'အဇာဗ်' အပြစ်ဒဏ်များ) သည် ၎င်းတို့ထံသို့လည်း ကျရောက်လာလိမ့်မည်။ (သို့တည်းမဟုတ် 'အဇာဗ်'အပြစ်ဒဏ် သည် ၎င်းတို့၏ ရှေ့မှောက်၌ ရောက်ရှိလာလိမ့်မည်ဟု စောင့်မျှော်နေကြခြင်းကြောင့်သာ ဖြစ်ပေသည်။ (၎င်းတို့၏ အခြေအနေများအရ 'အဇာဗ်'ကိုသာ စောင့်မျှော်နေကြောင်း သိရှိရသည်။ ထိုသို့မဟုတ်ပါက ၎င်းတို့၏ အဆောင်အထား စောဒကများမှာ ကုန်ဆုံးသွားခဲ့ပြီးဖြစ်သည်။) ထို့နောက် ငါအသျှင်မြတ်သည် ရစူလ်တမန်တော်များကို သတင်းကောင်းပေးသူများနှင့် သတိပေးနှိုးဆော်သူများအဖြစ်သာ ခန့်အပ်စေလွှတ် တော်မူခဲ့သည်။ (၎င်းတို့အတွက် 'မုအ်ဂျေဇာဟ်' တန်ခိုးတော်များဖြင့် ပြည့်ဝကုံလုံသည့် အထောက်အထား များနှင့်တကွ ပြုပေးတော်မူခဲ့သည်။ ဤသည်များထက် ပို၍ ၎င်းတို့ထံမှ တစ်စုံတစ်ရာ တောင်းဆိုခြင်း ပြုသူသည့် အသိတရားခေါင်ပါးသူသာ ဖြစ်ပေသည်။) ကာဖိရ်တို့သည် အမှားလက်ကိုင်ပြု၍ အငြင်းအခုံ ပြုကြသည်။ သို့မှသာ အမှန်တရားကို နှိမ်နင်းနိုင်မည် ဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် ငါအသျှင်မြတ်၏ သက်သေလက္ခဏာတော်များနှင့် ၎င်းတို့အား ('အဇာဗ်'အပြစ်ဒဏ်မှ) သတိပေးနှိုးဆော် ခြိမ်းခြောက်ခြင်း ပြုခံရသည်များကို ပျက်ရယ်ပြုဖွယ်ရာများအဖြစ် ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ၎င်းသူထက် မတရားမှုပြုသူသည် မည်သူဖြစ်နိုင်အံ့နည်း။ ထိုသူသည် မိမိအား ဖန်ဆင်း မွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်များဖြင့် ဆုံးမခြင်း ခံခဲ့ရသည့်တိုင် ထိုအမိန့်တော်များကို မျက်နှာလွှဲဖယ်ခဲ့လေသည်။ ၎င်းအပြင် ထိုသူသည် မိမိလက်များ (အပြစ်ဒုစရိုက်များ) စုဆောင်းခဲ့သည်များ (၏ နောက်ဆုံး ရလာဒ်) ကို မေ့လျော့ခဲ့လေသည်။ ငါအသျှင်မြတ်သည် ထိုသူတို့၏ နှလုံးသားများတွင်

ဤ (အမှန်တရား၏) စကားများကို နားမလည်နိုင်ကြရန် အဖုံးအအုပ်များ ပြုလုပ်တော်မူခဲ့သည်။ (ထို အမှန်တရားကို ကြားနာခြင်းမှ) ၎င်းတို့၏ နားများတွင် နားအပိတ်ကို ထည့်ပေးထားတော်မူခဲ့သည်။ (ထို့အတွက်ကြောင့် ၎င်းတို့၏ အခြေအနေမှာ) အကယ်၍ အသင်သည် ၎င်းတို့အား တရားလမ်းမှန်ဘက်သို့ လုံးဝ ရောက်လာကြမည်မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် နားများဖြင့် အမှန်တရား၏ ဖိတ်ခေါ်သံကို မကြားနိုင်၊ စိတ်နှလုံးသားများဖြင့် အမှန်တရားကို နားမလည်နိုင်ကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အသင်သည် ပူဆွေးမှုမဖြစ်ပါနှင့်။) ထို့အပြင် ('အဇားဗ်'အပြစ်ဒဏ်ကို ဆိုင်းငံ့ထားသည့်အတွက် 'အဇားဗ်' အပြစ်ဒဏ်သည် ဖြစ်ပေါ်ရောက်ရှိလာရန်ပင် မရှိပါ'ဟု ၎င်းတို့က ယူဆနေကြသည်။ ထိုသို့ 'အဇားဗ်' ကို ဆိုင်းငံ့ထားရသည့်အကြောင်းမှာ) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလွန် တရာ လွတ်ငြိမ်းချမ်းသာခွင့် ပြုတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင် ဖြစ်တော်မူသည်။ ထို့ကြောင့် ၎င်းတို့သည် ယခု သတိတရား ရရှိလာပြီး အီမာန်သက်ဝင်ယုံကြည်လာ ကြလျှင် ၎င်းတို့အား လွတ်ငြိမ်းချမ်းသာခွင့်ပြုရန် ဖြစ်သည်။ သို့ပါသော်လည်း ၎င်းတို့၏ လုပ်ဆောင်ချက် များမှာ) အကယ်၍ ၎င်းတို့အား ၎င်းတို့၏ ပြုမူကျင့်ဆောင်ချက်များအပေါ် အရေးယူမှု ပြုမည်ဆိုပါလျှင် ၎င်းတို့အပေါ် ချက်ချင်းလက်ငင်းပင် 'အဇားဗ်'အပြစ်ဒဏ်ကို ကျရောက်စေတော်မူမည် ဖြစ်သည်။ (သို့ရာ တွင် ဤသို့ ပြုတော်မမူခဲ့ပါ။)

၎င်းတို့၏ ('အဇားဗ်'အပြစ်ဒဏ်) အတွက် သတ်မှတ်ထားပြီးဖြစ်သော အချိန်တစ်ချိန် ရှိနေပေသည်။ (ယေကယာမသ်'နေကို ဆိုလိုသည်။) ထိုသူတို့သည် ထိုသတ်မှတ်ကာလ မရောက်ရှိမီ (အလျင်) မည်သည့်ခိုလှုံရာဌာနမျှ တွေ့ရှိနိုင်ကြမည်မဟုတ်ပေ။ (ထိုအချိန် မရောက်ရှိမီအလျင် မည်သည့်ခိုလှုံရာ ဌာနတစ်ခုခု၌ သွားရောက်ပုန်းခိုခြင်းနှင့် လွတ်ကင်းနိုင်ခြင်းများ မရှိနိုင်ဟု ဆိုလိုသည်။) ထို့နောက် (ဤ မူဝါဒအတိုင်း ရှေးယခင်ကာဖိရ်များကိုလည်း ဆက်ဆံတော်မူခဲ့ပေသည်။ သို့ရှိရာ ဤမြို့၊ ရွာ၊ နယ်ပယ် တို့သည် (၎င်းတို့၏ ဖြစ်ရပ်များသည် ကျော်ကြားတင်ပြခဲ့ပြီးလည်းဖြစ်သည်။) ၎င်းတို့သည် (ထိုမြို့ရွာ များ၌ နေထိုင်ကြသူတို့သည်) မကောင်းမှုများ ကျူးလွန်ကြသည့်အခါ ငါအသျှင်မြတ်သည် ၎င်းတို့အား ဖျက်ဆီးတော်မူခဲ့လေသည်။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းတို့ ပျက်စီးကြစေရန်အတွက် အချိန်တစ်ချိန် ကို သတ်မှတ်တော်မူခဲ့သည်။ (ဤအတိုင်းပင် မျက်မှောက်ခေတ်ရှိ ထိုသူများအတွက်လည်း သတ်မှတ်ထား သည့်အချိန်ကာလ ရှိပေသည်။

သိမှတ်ဖွယ်ရာများနှင့် မှတ်သားဖွယ်ရာများ

အီဗ်လီးစ်၏ သားသမီးများနှင့် မျိုးနွယ်အဆက်လည်းရှိခြင်း

وَذُرِّيَّتَهُ ဤစာလုံးအားဖြင့် ရှိက်သွာန်တွင် သားသမီးများနှင့် မျိုးနွယ်အဆက်များလည်း ရှိကြောင်း သိရှိရသည်။ အချို့ပညာရှင်များက 'ဤနေရာတွင် ذُرِّيَّة သည် ကူညီသူ၊ စောင်မသူ၏ အဓိပ္ပာယ်

ဖြစ်သည်'ဟု ဆိုသည်။ ရှိုက်သွာန်၏ ကျောရိုးမှ ထွက်သည့် သားသမီးများဟုသာ ဆိုရန် အရေးမကြီးဟု ဆိုကြသည်။ သို့ရာတွင် ဟဒီးစ်တော်တစ်ပိုဒ်တွင် ဟုမိုင်ဒီသည် 'ကိသားဗွလ်ဂျမ်အိမိုင်နဆွဲဆွဟီးဟိုင်းန်' ကျမ်းတွင် ဟဇရသ်စလ်မားန်ဖာရ်စီ ؓ သခင်ထံမှ ဆင့်ပြန်ခဲ့ရာ ယင်းဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ က ၎င်း (ဟဇရသ်စလ်မားန်ဖာရစီ ؓ) အား ဆုံးမစကား မိန့်ကြားတော်မူသည်မှာ 'အသင်သည် ဈေးတွင် ပထမဦးဆုံး ဝင်ရောက်သူများအနက်မှ မဖြစ်စေနှင့်။ (သို့တည်းမဟုတ်) ဈေးမှ နောက်ဆုံး ထွက်သူများအနက်မှလည်း မဖြစ်စေနှင့်။ အဘယ်ကြောင့်ဆိုသော် ဈေးသည် ရှိုက်သွာန်၏ ဥများ သားပေါက်သည့် နေရာဖြစ်သောကြောင့်ပင် ဖြစ်သည်။'

ဤဟဒီးစ်တော်အားဖြင့် ရှိုက်သွာန်၏ မျိုးနွယ်အဆက်သည် ၎င်း၏ ဥများမှ ပြန့်နှံ့ခဲ့ကြောင်း သိရပေသည်။ ကုရ်သုဗီသည် ဤဆင့်ပြန်ချက်ကို တင်ပြပြီးနောက် ရှိုက်သွာန်၏ ကူညီသူများနှင့် စစ်တပ်များရှိကြောင်း ခိုင်မာသော အထောက်အထားများဖြင့် အတည်ဖြစ်ပေသည်။ သားသမီးမျိုးနွယ်အဆက်များ ရှိကြောင်းနှင့် စပ်လျဉ်း၍လည်း အထက်၌ တင်ပြပြီးဖြစ်သော ဟဒီးစ်တော်အရ သိရှိရပေသည်။

وَكَانَ الْاَنْسَانُ اَكْثَرَ شَيْءٍ جَدَلًا

ရှိရှိသမျှသော အဖန်ဆင်းခံများအနက် ပြဿနာငြင်းခုံမှု အပြုဆုံး အဖန်ဆင်းခံမှာ လူသားပင် ဖြစ်သည်။ ဤစကား မှန်ကန်ကြောင်း ထောက်ခံရာတွင် ဟဇရသ်အနတ်စ် ؓ ဆင့်ပြန်သည့် ဟဒီးစ်တော် တစ်ပုဒ်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'ကေယာမသ်'နေ့တွင် ကာဖိရ်များအနက်မှ တစ်ဦးကို ရှေ့တော်တင်သွင်း၍ ၎င်းအား 'ငါအသျှင်မြတ် စေလွှတ်တော်မူခဲ့သည့် တမန်တော်နှင့် စပ်လျဉ်း၍ အသင်သည် မည်သည့်ကျင့်ဆောင်ချက်များ ပြုကျင့်ခဲ့ပါသနည်း'ဟု မေးတော်မူပေမည်။ ၎င်းက ပြောဆိုသည်မှာ 'အို, ကျွန်တော်မျိုးအား မွေးမြူတော်မူသော အသျှင်၊ ကျွန်တော်မျိုးသည် အသျှင်မြတ်အားလည်း သက်ဝင်ယုံကြည်ပါသည်။ အသျှင်မြတ်၏ ရစူလ်တမန်တော်အပေါ်၌လည်း သက်ဝင်ယုံကြည်ခဲ့ပါသည်။ ကျင့်ဆောင်ချက်များ ကျင့်ကြံရာတွင် ၎င်း (ရှိုက်သွာန်) တို့၏ နာခံမှုပြုခဲ့ပါသည်'ဟု ပြောဆိုပေမည်။ အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူမည်မှာ 'အသင်၏ မှတ်တမ်းစာအုပ်သည် အသင်၏ရှေ့၌ ထားပါသည်။ ထိုမှတ်တမ်းစာအုပ်တွင်မူ ဤအရာများတစ်ခုမျှ မပါရှိပါ။ ထိုသူက 'ကျွန်တော်မျိုး ဤမှတ်တမ်းစာအုပ်ကို လက်မခံနိုင်ပါ'ဟု ပြောဆိုပေမည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူမည်မှာ 'ငါအသျှင်မြတ်၏ ဖရစ်ရှ်သာဟ်သည် အသင့်အား စောင့်ကြပ်ခဲ့ရသူ ဖြစ်သည်။ ထိုဖရစ်ရှ်သာဟ်က အသင်နှင့်မတူသော သက်သေထွက်ဆိုမှုများ ပြုထားသည်'ဟု မိန့်ကြားတော်မူပေမည်။ ထိုသူက 'ကျွန်တော်မျိုးသည် ၎င်း၏ ထွက်ဆိုမှုကိုလည်း လက်မခံပါ။ ၎င်းကိုလည်း ကျွန်တော်မျိုးမသိပါ။ ကျွန်တော်မျိုး မကောင်းမှု ပြုနေသည့်အချိန်၌လည်း ၎င်းအား ကျွန်တော်မျိုး မမြင်ဘူးခဲ့ပါ'ဟု ပြောဆိုပေမည်။ အလ္လာဟ်အသျှင်မြတ်က 'ဤရှေ့၌ ရှိသော လောင်ဟေ့မဟ်ဖူးဇ်'တွင် အသင်၏ ဤအဖြစ်အပျက်အားလုံးကို ရေးမှတ်ထားသည်'ဟု မိန့်တော်မူရာ ၎င်းက 'အို, ကျွန်တော်မျိုးအား မတရားမှု အမှောင်မှ ခိုလှုံခွင့် ပေးတော်မူ

ပါသလော။ (သို့) ခိုလှုံခွင့် ပေးတော်မမူပါသလော' ဟု မေးလျှောက်ရာ အလ္လာဟ်အသျှင်မြတ်က 'မုချ ဧကန် အသင်သည် မတရားမှု အမှောင်ထုမှ ငါအသျှင်မြတ်၏ ခိုလှုံခွင့်၌ ရှိပါသည်' ဟု မိန့်ကြားတော်မူသည်။ ထိုအခါ ထိုသူက 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ကျွန်တော်မျိုးသည် ကျွန်တော်မျိုး မြင်တွေ့ရသော အရာများမဟုတ်သော အကွယ်မှ သက်သေထွက်ဆိုချက်များကို မည်သို့ လက်ခံနိုင်ပါမည်နည်း။ ကျွန်တော်မျိုးသည် မိမိ၏ ပါးစပ်အပေါ် တံဆိပ်နှိပ် ချိတ်ပိတ်ခြင်း ခံရလေသည်။ ထို့နောက် ၎င်း၏ လက်နှင့် ခြေတို့သည် ၎င်း၏ ကုဖွရ်နှင့် ရှုရစ်က်လုပ်ရပ်များအား သက်သေထွက်ဆိုကြပေမည်။ ထို့နောက် ၎င်းသည် လွှတ်ပေးခြင်း ခံရပေမည်။ တစ်ဖန် 'ဂျဟန္နမ်'ငရဲဘုံသို့ သွတ်သွင်းခြင်း ခံရပေမည်။

(ဤဆင့်ပြန်ချက်၏ အကြောင်းအရာသည် မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရတ်အနတ်စ် ﷺ ထံမှ ဆင့်ပြန်ချက် လာရှိသည်။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِذْ قَالَ مُوسَىٰ لِفَتَاهُ لَا أَبْرَحُ حَتَّىٰ أَبْلُغَ مَجْمَعَ الْبَحْرَيْنِ أَوْ أَمْضِيَ حُقُبًا ٦٠

၁၈ : ၆၀ ॥ ॥ ၎င်းပြင် (ပြန်လည်သတိရကြလေကုန်။) တစ်ရံရောအခါဝယ် (နဗီတမန်တော်) မူစာသည် မိမိနောက်လိုက်ပါ တပည့်အား 'ငါသည် မြစ်နှစ်သွယ်ဆုံရာသို့ ရောက်သည့်တိုင်အောင် မရပ်မနား သွားပေမည်။ သို့တည်းမဟုတ် ငါသည် နှစ်ရှည်လများ သွား၍ပင် နေမည်'ဟု ပြောကြားခဲ့လေသည်။

فَلَمَّا بَلَغَا مَجْمَعَ بَيْنِهِمَا نَسِيَا حُوتَهُمَا فَاتَّخَذَ سَبِيلَهُ فِي الْبَحْرِ سَرَبًا ٦١

၁၈ : ၆၁ ॥ ॥ ထို့နောက် ၎င်း (မူစာနှင့် နောက်လိုက်ပါတပည့်) နှစ်ဦးစလုံးသည် ထိုမြစ်နှစ်သွယ်ဆုံရာသို့ ရောက်ရှိခဲ့ကြသောအခါ ၎င်းတို့နှစ်ဦးသည် မိမိတို့၏ ငါးကို မေ့သွားခဲ့ကြ၏။ စင်စစ် ယင်းငါးသည် မြစ်ထဲတွင် မိမိ၏လမ်းကို (ဥမင်လိုဏ်ခေါင်း ထွင်းဖောက်သည့်အလား) အက်ကြောင်းရှည်ကြီး ပြုလုပ်လျက် လျှောဆင်းသွားခဲ့လေသည်။

فَلَمَّا جَاوَزَا قَالَ لِفَتَاهُ آتِنَا غَدَاءَنَا لَقَدْ لَقِينَا مِنْ سَفَرِنَا هَٰذَا نَصَبًا ٦٢

၁၈ : ၆၂ ॥ ॥ တစ်ဖန် ယင်း (မူစာနှင့် နောက်လိုက်ပါတပည့်) နှစ်ဦးသည် (ထိုမြစ်နှစ်သွယ်ဆုံရာမှ) ရှေ့သို့ ကျော်လွန်လာခဲ့ကြသောအခါ ထိုမူစာက မိမိ၏ နောက်လိုက်ပါတပည့်အား 'ငါ့ထံ နံနက်စာကို ယူခဲ့လော။ ဧကန်မလွဲ ငါတို့သည် မိမိတို့၏ ဤခရီးကြောင့် မောပန်းခဲ့ရချေပြီ'ဟု ပြောဆိုခဲ့လေသည်။

قَالَ أَرَأَيْتَ إِذْ أَوَيْنَا إِلَى الصَّخْرَةِ فَإِنِّي نَسِيتُ الْحُوتَ وَ
مَا أَنْسَانِيهُ إِلَّا الشَّيْطَانُ أَنْ أَذْكُرَهُ ۚ وَاتَّخَذَ سَبِيلَهُ فِي
الْبَحْرِ ۖ عَجَبًا ﴿٦٣﴾

၁၈ : ၆၃ ။ ။ (ထိုအခါ) ယင်းနောက်လိုက်ပါ တပည့်က (ဤသို့) ပြောဖြေကြားခဲ့လေသည်။ ကျွန်ုပ်တို့သည် ကျောက်ဆောင်၏ အနီးတွင် နားခဲ့ကြသည်ကို (ကိုယ်တော်) သတိရပါလိမ့်မည်။ ထိုအခါ ကျွန်ုပ်သည် ကောန်မလွဲ ငါး (၏ ထူးဆန်းအံ့ဖွယ် ဖြစ်ရပ်အကြောင်း) ကို (ကိုယ်တော်အား ပြောပြရန်) မေ့သွားခဲ့ပါသည်။ အမှန်စင်စစ် ကျွန်ုပ်အား ယင်း (အကြောင်း) ကို သတိမရနိုင်ရန် ရှိုက်သွာန်ကသာလျှင် မေ့လျော့စေခဲ့ပါသည်။ စင်စစ် ယင်းငါးသည် မြစ်ထဲတွင် မိမိ၏ လမ်းကို ထူးဆန်းအံ့သြစွာ ပြုလုပ်၍ သွားခဲ့ပါသည်။

قَالَ ذَٰلِكَ مَا كُنَّا نَبْغِ ۚ فَارْتَدَّا عَلَىٰ آثَارِهِمَا قَصَصًا ﴿٦٤﴾

၁၈ : ၆၄ ။ ။ (ထိုအခါ) ယင်း (မူစာ) က 'ထို (နေရာ) သည်ပင် ကျွန်ုပ်တို့ ရှာဖွေနေသော အကြင် (နေရာ) ဖြစ်သည်' ဟု ပြောဆိုခဲ့လေသည်။ ထို့နောက် ၎င်းတို့နှစ်ဦးစလုံးသည် မိမိတို့ခြေရာများအပေါ်၌ ခြေရာခံ၍ (လာရာလမ်းအတိုင်း) နောက်သို့ ပြန်လှည့်ခဲ့ကြလေသည်။

فَوَجَدَا عَبْدًا مِنْ عِبَادِنَا آتَيْنَاهُ رَحْمَةً مِنْ عِنْدِنَا
وَعَلَّمْنَاهُ مِنْ لَدُنَّا عِلْمًا ﴿٦٥﴾

၁၈ : ၆၅ ။ ။ (ထိုနေရာသို့ ပြန်ရောက်လေသောအခါ) ၎င်းတို့နှစ်ဦးသည် ငါအသျှင်မြတ်၏ ကျွန်များအနက် ကျွန်တစ်ပါးကို တွေ့ရှိကြလေသည်။ ငါအသျှင်မြတ်သည် ထိုကျွန်အား မိမိထံတော်မှ အထူးကျေးဇူးတော်တစ်ရပ်ကို ချီးမြှင့်ပေးသနားတော်မူခဲ့သည့် အပြင် (အထူး) ပညာတစ်ရပ်ကိုလည်း သင်ကြား၍ ပေးတော်မူခဲ့လေသည်။

قَالَ لَهُ مُوسَىٰ هَلْ أَتَّبِعُكَ عَلَىٰ أَنْ تُعَلِّمَنِ مِمَّا عُلِّمْتَ رُشْدًا ﴿٦٦﴾

၁၈ : ၆၆ ။ ။ မူစာသည် (ငါအသျှင်မြတ်၏) ထိုကျွန်အား 'အသင်သည် မိမိအား သင်ကြားပို့ချပေးခြင်း ခံရသည့် ဆင်ခြင်တုံတရားအနက်မှ ကျွန်ုပ်အား သင်ပေးပါရန် ကျွန်ုပ် အသင်နှင့်အတူ လိုက်နိုင်ပါသလော' ဟု ပြောဆို (မေတ္တာရပ်ခံ) ခဲ့လေသည်။

قَالَ إِنَّكَ لَنْ تَسْتَطِيعَ مَعِيَ صَبْرًا ﴿٦٧﴾

၁၈ : ၆၇ ။ ။ ၎င်းက 'ကောန်အမှန် အသင်သည် ကျွန်ုပ်နှင့်အတူ အလျှင်း သည်းခံ (၍ နေ) နိုင်မည်မဟုတ်' ဟု ပြောဆိုဖြေကြားခဲ့လေသည်။

وَكَيْفَ تَصْبِرُ عَلَىٰ مَا لَمْ تُحِطْ بِهِ خُبْرًا ﴿٦٨﴾

၁၈ : ၆၈ ။ ။ စင်စစ် အသင်သည် အသိပညာအားဖြင့် မိမိမငုံမိသော ကိစ္စနှင့် စပ်လျဉ်း၍ မည်သို့လျှင် သည်းခံ၍ နေနိုင်ပါအံ့နည်း (ဟု ပြန်ကြားလေ၏။)

قَالَ سَتَجِدُنِي إِن شَاءَ اللَّهُ صَابِرًا وَلَا أَعْصِي لَكَ أَمْرًا ﴿٦٩﴾

၁၈ : ၆၉ ။ ။ (ထိုအခါ) ယင်း (မူစာ) က 'အင်န်ရှာအလ္လာဟ်' (အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူပါလျှင်) အသင်သည် ကျွန်ုပ်အား သည်းခံသူတစ်ဦးဖြစ်သည်ကို တွေ့ရှိရပါလိမ့်မည်။ ထို့ပြင် ကျွန်ုပ်သည် အသင်၏ မည်သည့်အမိန့်ကို မျှပင် သွေဖည်မည်မဟုတ်ပါ' ဟု ပြောဆိုခဲ့လေသည်။

قَالَ فَإِنِ اتَّبَعْتَنِي فَلَا تَسْأَلْنِي عَن شَيْءٍ حَتَّىٰ أُحْدِثَ
لَكَ مِنْهُ ذِكْرًا ﴿٧٠﴾

၁၈ : ၇၀ ။ ။ ၎င်းက (ဤသို့) ပြောကြားခဲ့သည်။ 'အကယ်၍ အသင်သည် ကျွန်ုပ်နှင့်အတူ လိုက်ခဲ့ပါလျှင် အသင်သည် ကျွန်ုပ်အား မည်သည့်အရာနှင့်မျှ စပ်လျဉ်း၍ ကျွန်ုပ်ကိုယ်တိုင် အသင့်အား ထိုအရာကို စတင် ပြောဆိုရှင်းလင်းခြင်း မပြုသမျှကာလပတ်လုံး မေးမြန်းခြင်းကို မပြုပါနှင့်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ထိုအချိန်ကိုလည်း အောက်မေ့သတိရပါလေ။ မူစာ عليه السلام သည် မိမိ၏ နောက်လိုက် တပည့်အား (ဘိုခါရီ၏ ဆင့်ပြန်ချက်အရ ၎င်း၏အမည်မှာ ယူရှအ်ဖြစ်သည်။) မိန့်ကြားသည်မှာ ကျွန်ုပ်သည် (ဤခရီးတွင်) မြစ်နှစ်စင်းပေါင်းဆုံသည့် နေရာသို့ မရောက်မချင်း ပုံမှန် ဆက်လက်၍ သွားနေမည် ဖြစ်သည်။ သို့မဟုတ်ပါက ဤအတိုင်းပင် ကာလရှည်ကြာသည်အထိ သွားနေပါမည်ဟု ပြောလေသည်။ (ဤခရီး ထွက်လာရသည့် အကြောင်းမှာ အခါတစ်ပါးတွင် ဟဇရသ်မူစာ عليه السلام သည် ဗနီအိစ်ရာအီလ်တို့အား တရားဟောကြားနေစဉ် လူတစ်ဦးက 'ဤအချိန်တွင် လူသားများအနက် အကြီးဆုံးပညာရှင်မှာ မည်သူပါနည်း' ဟု မေးရာ ဟဇရသ်မူစာ عليه السلام က 'ကျွန်ုပ်ပင် ဖြစ်သည်' ဟု ဖြေကြားလိုက်သည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်မှုအဆင့်၌ ရရှိသော အသိပညာများတွင် ကျွန်ုပ်နှင့် အဆင့်တူသူမရှိ' ဟု ဆိုလိုခြင်းဖြစ်သည်။ ဤသို့ ဖြေကြားခြင်းမှာ အမှန်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မူစာ عليه السلام သည် 'အုလုလ်အဇ်မ်' (မြင့်မားသော အစွမ်းသတ္တိရှိသူ နဗီ) ဖြစ်သောကြောင့်ပင် ဖြစ်သည်။ တမန်တော်၏ အဆင့်အရ အခြားသူတို့အဖို့ ဤအသိပညာ မရရှိနိုင်သောကြောင့်ပင် ဖြစ်သည်။ သို့ရာတွင် ပေါ်လွင်စွာ သုံးနှုန်းလိုက်သည့် စကားလုံးမှာ အကန့်အသတ်မရှိဘဲ အလွတ်တန်း ပြောဆိုလိုက်

မိသည့်အတွက် တမန်တော်မူစာ (عليه السلام) အား စကားပြောဆိုရာ၌ ဆင်ခြင်နိုင်ရန် အသိပညာပေးရန် ဆန္ဒဖြစ်ပေါ်တော်မူလေသည်။

အချုပ်ဆိုရသော် အသျှင်မြတ်က မိန့်ကြားတော်မူသည်မှာ 'မြစ်နှစ်စင်းပေါင်းဆုံရာ နေရာတွင် အသင့်ထက်ပို၍ ပညာရှိသော ငါအသျှင်မြတ်၏ ကျွန်လူသားတစ်ဦးရှိသည်' ဟု ဖြစ်သည်။ ဆိုလိုသည့်သဘောမှာ 'ထိုသူသည် အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်မှုမရှိသည့်တိုင် အချို့ပညာရပ်များ ထိုသူ့တွင် သာပိုပေသည်။ မကြာမီ ထင်ရှားစွာ တွေ့ရှိရပေမည်' ဟု ဖြစ်သည်။ သို့ရာတွင် မိမိကိုယ်မိမိ အတတ်ဆုံး၊ အသိဆုံး၊ ပညာအရှိဆုံးဟု ယတိပြတ် ပြောဆိုရန်ကား မသင့်ပေ။ အချုပ်မှာ မူစာ (عليه السلام) သည် ထိုပုဂ္ဂိုလ်နှင့် တွေ့ဆုံရန် ဆန္ဒဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် လျှောက်ထားမေးမြန်းသည်မှာ 'ထိုသူရှိရာသို့ ရောက်ရှိရန် မည်သို့ ပြုရပါမည်နည်း။' အသျှင်မြတ်က 'အသက်မရှိသည့် ငါးတစ်ကောင်ကို မိမိနှင့်အတူ ယူဆောင်၍ ခရီးထွက်ပါ။ ထိုငါးပျောက်ဆုံးသွားသည့်နေရာသည် ထိုသူရှိသည့်နေရာ ဖြစ်သည်' ဟု မိန့်ကြားတော်မူလေသည်။ (ထိုအခါ မူစာ (عليه السلام) သည် ယူရှအ် (عليه السلام) အား မိမိနှင့်အတူ ခေါ်ဆောင်ခဲ့သည်။ ထို့နောက် မိန့်ကြားသည်မှာ) သို့ဖြစ်ရာ (သွားရင်းသွားရင်း) မြစ်နှစ်စင်း ပေါင်းဆုံရာသို့ ရောက်ရှိသောအခါ (ထိုနေရာတွင် ကျောက်တုံးတစ်တုံးကို မှီ၍ အိပ်ပျော်သွားကြသည်။ ထိုငါးသည် အသျှင်မြတ်၏ အမိန့်တော်ဖြင့် အသက်ရှင်၍ မြစ်အတွင်းသို့ ဆင်းသက်သွားလေသည်။ ယူရှအ် (عليه السلام) သည် အိပ်ရာမှ နိုးပြီး ငါးကို မတွေ့ရသောအခါ မူစာ (عليه السلام) နိုးကြားလာလျှင် ဤအကြောင်းကို တင်ပြလိုက်မည်' ဟု စိတ်ကူးခဲ့သည်။ သို့သော် မူစာ (عليه السلام) နိုးလာသည့်အခါ ဤအကြောင်းကို ပြောရန် လုံး၀ မေ့လျော့သွားခဲ့သည်။ ထိုအချိန်တွင် အိမ်၌ ကျန်ရစ်ခဲ့သည့် မိသားစုနှင့် မွေးရပ်မြေတို့ကို သတိရခြင်းများက လွှမ်းမိုးသွားသဖြင့် မေ့လျော့သွားဟန်တူသည်။ ထိုသို့မဟုတ်ပါက ဤသို့ အံ့သြဖွယ်ကိစ္စမျိုး မေ့လျော့ရန်မရှိပါ။ သို့ရာတွင် အမြဲတမ်း 'မုအ်ဂျေဇာဟ်' တန်ခိုးတော်များကို တွေ့မြင်နေရသူ၏ အာရုံမှ မပြောပလောက်သည့် အံ့ဖွယ်ရာဆိုသည်များသည် အတွေးအာရုံတစ်ခုခု၏ လွှမ်းမိုးခြင်းကြောင့် ပျောက်သွားခြင်းမှာ အံ့သြစရာမဟုတ်ပေ။ မူစာ (عليه السلام) သည်လည်း ထိုငါးအကြောင်းကို မေးရန် မေ့လျော့သွားခဲ့သည်။ ဤသို့ဖြင့်) မိမိတို့၏ ထိုငါးကို နှစ်ဦးစလုံး မေ့လျော့ခဲ့ကြသည်။

ထိုသို့ဖြင့် ထိုငါးသည် (အသက်ရှင်လျက်) မြစ်အတွင်း၀ယ် လမ်းပြုလုပ်၍ သွားခဲ့သည်။ တစ်ဖန် ၎င်းတို့နှစ်ဦးသည် (ထိုနေရာမှ) ရှေ့သို့ ကျော်လွန်လာကြသောအခါ (ထို့နောက် ခရီးဝေးသို့ ရောက်ရှိပြီးသောအခါ) မူစာ (عليه السلام) သည် မိမိ၏ တပည့်အား 'ကျွန်ုပ်တို့၏ နံနက်စာကို ယူခဲ့ပါလော့။ မုချကေန် ဤခရီး (ယနေ့၏ ခရီး) သည် ကျွန်ုပ်တို့ အလွန်ပင် မောပန်းခဲ့သည်' ဟု မိန့်ကြားလေသည်။ (ဤခရီးထက် အလျင်က ဖြတ်သန်းခဲ့ရသည့် ခရီးစဉ်များတွင် မောပန်းခြင်းမရှိခဲ့ပေ။ အကြောင်းမှာ ရှေ့ဆက်လာသည့် ခရီးစဉ်မှာ ရည်ရွယ်ထားသည့်နေရာကို ကျော်လွန်လာ၍ဖြစ်ကြောင်း ထင်ရှားပေသည်။) ထိုအခါ တပည့်ဖြစ်သူက ဖြေကြားသည်မှာ 'ကျွန်ုပ်တို့ ကျောက်ဆောင်အနီး၌ နားခဲ့ကြသည်ကို (ကိုယ်တော်) သတိရ (တွေ့မြင်) ပါလိမ့်မည်။ (ထိုသို့ အနားယူအိပ်စက်နေစဉ် ထိုငါး၏ ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်ခဲ့သည်။ ကျွန်ုပ်

သည် ကိုယ်တော့်အား ထိုအကြောင်း ပြောပြရန် ရည်ရွယ်ခဲ့ပါသည်။ သို့သော် အခြားသော အကြောင်းများဘက်သို့ အာရုံရောက်သွားခဲ့ပါသည်။) သို့ဖြစ်ရာ ကျွန်ုပ်သည် ထိုငါး (၏ အကြောင်း) ကို မေ့လျော့သွားခဲ့ပါသည်။ စင်စစ် ကျွန်ုပ်အား ဤအကြောင်းကို တင်ပြရန် ရှိုက်သွာန်ကပင် မေ့လျော့စေခဲ့ပါသည်။ ထို့နောက် (ဖြစ်ပုံမှာ) ထိုငါးသည် (အသက်ရှင်လာပြီး) မြစ်အတွင်း၌ အံ့သြဖွယ်ရာ မိမိလမ်းကို ပြုလုပ်၍ သွားခဲ့ပါသည်။ (အလိုအလျောက် အသက်ရှင်လာခြင်းမှာ အံ့သြဖွယ်တစ်ရပ် ဖြစ်သည်။ တစ်ဖန် ထူးဆန်းအံ့ဖွယ်ပုံသဏ္ဌာန်ဖြင့် ထိုငါးဖြတ်သန်းသွားရာ လမ်းသည် တွင်းတူးထားသည့်အသွင်ဖြင့် မြစ်ပြင်အတွင်း၌ သဘာဝကို ဆန့်ကျင်စွာ တွေ့မြင်ရပေသည်။) မူစာ ﷺ သည် (ဤအဖြစ်အပျက်ကို နားထောင်ပြီး) 'ဤနေရာသည်ပင် ကျွန်ုပ်တို့ ရှာဖွေနေသည့်နေရာ ဖြစ်သည်'ဟု မိန့်ကြားလေသည်။ (ထိုနေရာသို့ ပြန်လှည့်ရမည်ဟု မိန့်ကြားခဲ့သည်။)

သို့ရှိရာ ၎င်းတို့နှစ်ဦးစလုံးသည် မိမိတို့၏ ခြေရာများကို ကြည့်လျက် နောက်ပြန်လှည့်ခဲ့ကြသည်။ (ဖြစ်နိုင်သည်မှာ ထိုလမ်းသည် သမရိုးကျ လမ်းမဟုတ်သည့်အတွက် ခြေရာကောက်ရခြင်း ဖြစ်ပေမည်) ဤသို့ဖြင့် (ထိုနေရာသို့ ပြန်လည်ရောက်ရှိပြီး) ၎င်းတို့နှစ်ဦးသည် ငါအသျှင်မြတ်၏ ကျွန်လူသားများအနက် တစ်ဦးဖြစ်သူ (ခိသွ်ရ်) ကို တွေ့ရှိကြလေသည်။ ၎င်းအား ငါအသျှင်မြတ်သည် မိမိ၏ အထူး 'ရဟ်မသ်' (လက်ခံတော်မူခြင်း) ကို ချီးမြှင့်ထားတော်မူသည်။ ('မက္ကဗူလီယသ်' (လက်ခံတော်မူခြင်း) ၏ အဓိပ္ပာယ်သည် 'ဝိလာယသ်' (သူတော်စင်ဖြစ်ခြင်း) နှင့် 'နဗူဝသ်' (နဗီဖြစ်ခြင်း) နှစ်မျိုးစလုံး ဖြစ်နိုင်သည်။) ထို့ပြင် ငါအသျှင်မြတ်သည် ထိုကျွန်အား မိမိထံတော်ပါးမှ (ရှာဖွေဆည်းပူးမှုအကြောင်းခံများ မရှိသော) အထူးပညာ (တစ်ရပ်) ကိုလည်း သင်ကြားပေးတော်မူထားသည်။ (လျှို့ဝှက်နက်နဲသော အသိပညာရပ်မျိုး ဖြစ်သည်။ ဤအကြောင်းကို ရှေ့လာမည့် ဖြစ်ရပ်များဖြင့် သိရှိပေလိမ့်မည်။ ထိုပညာရပ်သည် အသျှင်မြတ်နှင့် နီးကပ်မှုရရှိခြင်းနှင့် မသက်ဆိုင်ပေ။ အသျှင်မြတ်၏ နီးကပ်မှုအားဖြင့် ရရှိသည့်ပညာသည် အသျှင်မြတ်ဘက်မှ အထူးချီးမြှင့်သည့် လျှို့ဝှက်နက်နဲ သိမ်မွေ့သည့် ပညာရပ်ဖြစ်သည်။ ထိုပညာရပ်တွင် မူစာ ﷺ သည် သာပိုလျက်ရှိပေသည်။ အချုပ်မှာ) မူစာ ﷺ သည် (၎င်းအား စလာမ်ပြုလျက်) မိန့်သည်မှာ 'ကျွန်ုပ်သည် အသင်နှင့်အတူ နေခွင့်ရှိပါသလော။ (အသင်သည် ကျွန်ုပ်အား မိမိနှင့်အတူ နေခွင့်ပြုပါ။) အသင့်အား (အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ) အကျိုးပြုသော ပညာရပ်များ သင်ကြားပေးခြင်းခံရသည့် ပညာရပ်များအနက် ကျွန်ုပ်အားလည်း သင်ကြားပေးမည်ဟူသော စည်းကမ်းချက်ဖြင့် (နေခွင့်ပြုပါ)' ဟု ဖြစ်သည်။ ထိုပုဂ္ဂိုလ်က 'အသင်သည် ကျွန်ုပ်နှင့်အတူ နေ၍ (ကျွန်ုပ်၏ လုပ်ရပ်များအပေါ်) သည်းခံနိုင်မည်မဟုတ်ပါ'ဟု ဖြေကြားလေသည်။ (ဆိုလိုသည်မှာ အသင်သည် ကျွန်ုပ်အပေါ်၌ ဟန့်တားပိတ်ပင်မှုများ ပြုလုပ်ပေမည်။ သင်ကြားပေးသူအပေါ် သင်ကြားပေးသည့် ပညာရပ်နှင့် စပ်လျဉ်း၍ ဆည်းပူးသင်ယူသူက ဟန့်တားပိတ်ပင်မှုများ ပြုလုပ်လာပါလျှင် အတူနေထိုင်ရန် ခက်ခဲပါသည်' ဟု ဖြစ်သည်။)

'ထို့နောက် အသင်၏ အသိပညာရပ်တို့၏ ပြင်ပ၌ရှိသော အရာများနှင့် စပ်လျဉ်း၍ အသင် မည်သို့ သည်းခံနိုင်အံ့နည်း။ (အပေါ်ယံအားဖြင့်ကြည့်၍ ပြုလုပ်သည့် ရည်ရွယ်ချက်ကို မသိရှိနိုင်သည့်အတွက်

ရှရီအသ်တရားတော်နှင့် ဆန့်ကျင်သည်ဟု အသင်က ထင်မြင်ယူဆပေမည်။ ထို့ပြင် အသင်သည် တရားတော်နှင့် ဆန့်ကျင်သော အလုပ်အပေါ် နှုတ်ဆိတ်၍ နေနိုင်မည်မဟုတ်ပေ။)' မူစာ عليه السلام က (မဟုတ်ပါ) 'အင်န်ရှာအလ္လာဟ်၊ (အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိပါလျှင်) အသင်သည် ကျွန်ုပ်အား သည်းခံသူ (ကြံ့ခိုင်သူ) တစ်ဦးအဖြစ် တွေ့ရှိရပါလိမ့်မည်။ ထို့နောက် ကျွန်ုပ်သည် အသင်၏ မည်သည့်အမိန့်ကိုမျှ ဆန့်ကျင်သွေဖည်မည်မဟုတ်ပါ' ဟု ပြောဆိုခဲ့သည်။ ('ဟန့်တားပိတ်ပင်ခြင်း ပြုမည်မဟုတ်သကဲ့သို့ မည်သည့်စကားကိုမျှ ဆန့်ကျင်မည်မဟုတ်ပါ' ဟု ဖြစ်သည်။) ထိုပုဂ္ဂိုလ်က (အကယ်၍ အသင်သည် ကျွန်ုပ်နှင့်အတူ လိုက်ပါလိုသည်ဆိုလျှင် (သတိထားရမည်မှာ) ကျွန်ုပ်ကိုယ်တိုင် တင်ပြခြင်းမပြုသရွေ့ မည်သည့်အချက်နှင့် စပ်လျဉ်း၍မျှ မေးမြန်းခြင်းမပြုရဟု ပြောကြားခဲ့သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَ اِذْ قَالَ مُوْسٰى لِفَتٰهُ

ဤဖြစ်ရပ်၌ ပါရှိသော မူစာ عليه السلام သည် ထင်ရှားကျော်ကြားသည့် နဗီတမန်တော် မူစာဗင်န် အင်မ်ရာန် عليه السلام ဖြစ်သည်။ နောင်ဖလ်ဗကာလီသည် ဤဖြစ်ရပ်တွင် အခြားမူစာတစ်ဦးကို ဆက်နွယ်တင်ပြထားပေသည်။ ဘိုခါရီကျမ်းတွင် ဟဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنه ဘက်မှ ထိုအဆိုအား ပြင်းပြင်းထန်ထန် ချေပ ပယ်ဖျက်ခဲ့ကြောင်း လာရှိသည်။

ထို့နောက် فَتٰى ၏ အဓိပ္ပာယ်မှာ 'ပျိုရွယ်သူ၊ လုလင်ပျို'ဟု ဖြစ်သည်။ ဤစာလုံးအား လူတစ်ဦးဦး ဘက်သို့ ပတ်သက်ဆက်နွယ်ခြင်းပြု၍ သုံးနှုန်းပါလျှင် အဓိပ္ပာယ်မှာ 'အကျိုးဆောင်၊ နောက်လိုက်တပည့်' ဟု ဖြစ်သည်။ အကယ်ကြောင့်ဆိုသော် အကျိုးဆောင်နောက်လိုက် တပည့်ဟူသည် အလုပ်တိုင်းကို ပြုလုပ်ဆောင် ရွက်ပေးနိုင်ပြီး အင်အားဗလနှင့် ပြည့်စုံသော ငယ်ရွယ်သူများကိုသာ ထားလေ့ရှိကြသောကြောင့် ဖြစ်သည်။ ထို့ပြင် အလုပ်သမားများအား ပျိုရွယ်သူ၊ လုလင်ပျိုဟု ခေါ်ဝေါ်ခြင်းသည် 'အလုပ်သမားတို့ကိုလည်း ကျွန် (ဂ္ဂီ) အစေခံဟု ခေါ်ဝေါ်၍ ပြောဆိုခြင်းမပြုဘဲ ကောင်းသော အမည်များဖြင့် ခေါ်ဆိုကြကုန်'ဟူ၍ လာရှိသော အစ္စလာမ့်အဆုံးအမ ယဉ်ကျေးမှုပင် ဖြစ်သည်။ ဤနေရာတွင် فَتٰى 'လုလင်ပျို'ဟူသော စာလုံး၏ ပတ်သက်ဆက်နွယ်မှုသည် ဟဇရသ်မူစာ عليه السلام ဘက်သို့ ဖြစ်သည့်အတွက် ဟဇရသ်မူစာ عليه السلام ၏ 'တပည့် နောက်လိုက်'ဟု ဆိုလိုသည်။ ဟဒီးစ်ဆင့်ပြန်ချက်များတွင် ဤတပည့်သည်

يوشع بن نون ابن افرائيم بن يوسف عليه السلام

'ယူရှအ်ဗင်န်နူးန်အိဗ်နေဖရားအီးမ် ဗင်န် ယူစွ် عليه السلام ဖြစ်သည်'ဟု လာရှိသည်။ အချို့ဆင့်ပြန်ချက်များ၌ 'ဤသူသည် မူစာ عليه السلام ၏ တူတော် ဖြစ်သည်ဟု လာရှိသည်။ သို့ရာတွင် ဤအဆိုအား မှန်သည်ဟု

ယတိပြတ်ဆုံးဖြတ်၍ မရနိုင်ပါ။ မှန်ကန်သော ဆင့်ပြန်ချက်များအရ ၎င်း၏ အမည်မှာ يوشع بن نون 'ယူရှအ်ဗင်နူးန်' ဖြစ်ကြောင်းမှာ အတည်ဖြစ်ပေသည်။ ကျန်ရှိဝိသေသများနှင့် အခြေအနေများမှာ အထောက်အထားမရှိပါ။ *[ကုရ်သုဗီကျမ်း]*

مَجْمَعَ الْبَحْرَيْنِ 'မဂ်ျမအွလ်ဗဟ်ရိုင်းန်'ဟူသော စာလုံး၏ အဓိပ္ပာယ်မှာ မြစ်နှစ်သွယ်ပေါင်းဆုံရာ နေရာတိုင်းကို ခေါ်ဆိုပေသည်။ ဤသို့သော နေရာများသည် ကမ္ဘာလောကကြီးအတွင်း မြောက်မြားစွာရှိကြောင်း အထင်အရှားဖြစ်သည်။ ဤသို့ဆိုလျှင် ထို 'မဂ်ျမအွလ်ဗဟ်ရိုင်းန်'သည် မည်သည့်နေရာကို ခေါ်ဆိုပါသနည်း။ ကုရ်အာန်နှင့် ဟဒီးစ်တော်များတွင် ဤနေရာကို သတ်မှတ်၍ ဖော်ပြထားခြင်း မရှိပေ။ ထို့ကြောင့် နီးစပ်ရာအချက်အလက်များအရ အဖွင့်ပညာရှင်များ၏ အဆိုများတွင် ကွဲလွဲမှုများ ရှိပေသည်။ ကသာဒဟ် (ရဟ) က ပါရှင်းပင်လယ်နှင့် ရောမပင်လယ်တို့ ပေါင်းဆုံရာနေရာဖြစ်သည်'ဟု ဆိုသည်။ အိဗ်နေအသွီယဟ် (ရဟ) က 'အဇာဘိုင်ဂျန်အနီးရှိ နေရာတစ်ခုဖြစ်သည်'ဟု ဆိုသည်။ အချို့က 'ဂျော်ဒန်'ပင်လယ်နှင့် 'ကွလ်ဇမ်း'ပင်လယ်တို့ ပေါင်းဆုံရာ နေရာဖြစ်သည်ဟု ဆိုသည်။ ဤနေရာသည် 'သွန်ဂျဟ်'ဟူသော နေရာတွင် ရှိသည်ဟု ဆိုကြသည်။ အုဗိုင်ယ်ဗင်န်ကအ်ဗ်သခင်၏ ဆင့်ပြန်ချက်တွင် ဤနေရာသည် အာဖရိကတွင်ဖြစ်သည်ဟု ဆိုသည်။ စဒ်ဒီက အာမေးနီးယားတွင် ဖြစ်သည်ဟု ပြဆိုထားသည်။ အချို့ပညာရှင်များက 'အွန်ဒလွတ်စ်'ပင်လယ်သည် 'မုဟီးသ်'ပင်လယ်နှင့် ပေါင်းဆုံရာနေရာကို ပြသကြသည်။

မည်သို့ပင်ဆိုစေ အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်မူစာ عليه السلام အား ထိုနေရာကို သတ်မှတ်ခြင်း ပြု၍ ပြတော်မူခဲ့ရာ ထိုနေရာဘက်သို့ ခရီးထွက်ခဲ့ကြောင်း ထင်ရှားပေသည်။ *[ကုရ်သုဗီကျမ်း]*

ဟဇရသ်မူစာ عليه السلام နှင့် ဟဇရသ်ခိသွ်ရ် عليه السلام အကြောင်း

ဤဖြစ်ရပ် အကျယ်တဝင့်ကို ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတို့တွင် ဟဇရသ်အုဗိုင်ဗင်န်ကအ်ဗ် رضي الله عنه သခင်၏ ဆင့်ပြန်ချက် လာရှိသည်မှာ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'အခါတစ်ပါး၌ ဟဇရသ်မူစာ عليه السلام သည် မိမိ၏ ဗနီအိစ်ရာအီးလ်လူမျိုးတို့အား 'ခွသ်ဗာဟ်' တရားဟောမိန့်ကြားရန် မတ်တတ်ရပ်လိုက်သည့်အခါ လူတို့က ဟဇရသ်မူစာ عليه السلام အား 'လူသားအားလုံးတွင် ပညာအရှိဆုံးသူမှာ မည်သူဖြစ်ပါသနည်း'ဟု မေးလေရာ (ဟဇရသ်မူစာ عليه السلام ၏ အသိတွင် မိမိထက်ပို၍ အသိပညာရှိသူ မရှိနိုင်ဟု ယူဆမိသည့်အတွက်) 'ကျွန်ုပ်သည် ပညာအရှိဆုံးသူ ဖြစ်သည်'ဟု ဖြေကြားလိုက်သည်။ (အလ္လာဟ်အသျှင်မြတ်သည် မိမိနှင့် အနီးကပ်သော နဗီတမန်တော်တို့အား အထူးပဲ့ပြင်မှု ပြုတော်မူလေ့ရှိရာ ဤစကားကို နှစ်သက်တော်မမူပေ။ ထိုမျှသာမက ယဉ်ကျေးမှုစည်းကမ်းအရ 'အလ္လာဟ်အသျှင်မြတ်သာလျှင် ပညာအရှိဆုံး အသိတော်မူဆုံး ဖြစ်တော်မူသည်။ လူသားများတွင် အသိဆုံး၊ အတတ်ဆုံး ပညာအရှိဆုံး မည်သူရှိပါမည်နည်း'ဟူ၍ အလ္လာဟ်အသျှင်မြတ်အပေါ်၌သာ ပုံအပ်သည့်စကားမျိုးကိုသာ ပြောဆိုရပေမည်။

ဟာဇရသ်မူစာ عليه السلام ၏ ဤဖြေကြားချက်အပေါ် အလ္လာဟ်အသျှင်မြတ်၏ အရေးယူမှုကို ခံရလေတော့သည်။ ဟာဇရသ်မူစာ عليه السلام အပေါ် 'ငါအသျှင်မြတ်၏ ကျေးကျွန်တစ်ဦးသည် 'မဂ်ျမအွလ်ဗဟ်ရိုင်းန်'မြစ်နှစ်သွယ် ပေါင်းဆုံရာ၌ ရှိသည်။ ထိုသူသည် အသင့်ထက် အသိပညာအရာ၌ ပို၍ တတ်သိသူဖြစ်သည်'ဟု 'ဝဟီ' ကျရောက်လာခဲ့သည်။ (ဟာဇရသ်မူစာ عليه السلام သည် ဤသို့ သိရှိရသည့်အခါ 'ထိုသူသည် ကျွန်တော်မျိုးထက် ပို၍ အသိပညာရှိသူဖြစ်ရာ ကျွန်တော်မျိုးသည် ၎င်းထံမှ အကျိုးရယူရန်အတွက် ၎င်းရှိရာသို့ ခရီးထွက်လို ပါသည်'ဟု လျှောက်ထားလေသည်။)

ထို့ကြောင့် လျှောက်ထားသည်မှာ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးအား ထိုသူရှိရာနေရာ သို့ ညွှန်ပြတော်မူပါ။' အလ္လာဟ်အသျှင်မြတ်က 'ငါးတစ်ကောင်အား မိမိ၏ ခရီးဆောင်လွယ်အိတ်တွင် ထည့်လိုက်ပါ။ ထို့နောက် 'မဂ်ျမအွလ်ဗဟ်ရိုင်းန်'ဘက်သို့ ခရီးထွက်ပါ။ ထိုငါးပျောက်ကွယ်သွားသည့် နေရာသည်ပင် ငါအသျှင်မြတ်၏ ကျွန်နှင့် တွေ့ဆုံမည့်နေရာ ဖြစ်ပေသည်'ဟု မိန့်ကြားတော်မူလေသည်။ မူစာ عليه السلام သည် အမိန့်တော်အရ ငါးတစ်ကောင်ကို လွယ်အိတ်အတွင်း၌ ထည့်၍ ခရီးထွက်ခဲ့သည်။ ၎င်းနှင့်အတူ နောက်လိုက်တပည့်ဖြစ်သူ ယူရှအ်ဗင်နွန်းန်လည်း လိုက်ပါခဲ့သည်။ ထိုသို့ ခရီးနှင်ရင်း ကျောက်တုံး တစ်ခုအနီးသို့ ရောက်ရှိပြီး ထိုကျောက်တုံးကို ခေါင်းတင်ပြီး လဲလျောင်းလိုက်ကြသည်။ ဤနေရာတွင် ငါးသည် လှုပ်ရှားမှု ဖြစ်ပေါ်လာခဲ့သည်။ ခရီးဆောင်လွယ်အိတ်မှ ထွက်၍ မြစ်အတွင်းသို့ သက်ဆင်းသွား ခဲ့သည်။ ထို့ပြင် (ငါးအသေမှာ ရှင်လာပြီး မြစ်အတွင်း၌ သက်ဆင်းသွားခြင်းနှင့်အတူ အခြား 'မုအ်ဂျေဇဟ်' တန်ခိုးတော်တစ်ခုကို တွေ့ရှိရသည်မှာ) ငါးကူးခတ်သွားရာ လမ်းကြောင်းတစ်လျှောက်ကို အလ္လာဟ်အသျှင် မြတ်သည် ရေ၏ စီးတွေခြင်းကို ရပ်တန့်စေတော်မူလိုက်သည်။ ဤနေရာတွင် ရေအတွင်း၌ တွင်းပေါက်တစ်ခု ကဲ့သို့ ဖြစ်သွားလေသည်။ ယူရှအ်ဗင်နွန်းန်သည် ထူးဆန်းသည့် ထိုဖြစ်ရပ်များကို တွေ့မြင်နေရသည်။ (မူစာ عليه السلام မှာ အိပ်ပျော်သွားပြီးဖြစ်သည်။) မူစာ عليه السلام နိုးထလာသည့်အချိန်တွင်မူ ယူရှအ်ဗင်နွန်းန်သည် ထိုအဖြစ်အပျက်ကို တင်ပြရန် မေ့လျော့သွားခဲ့သည်။ ထို့နောက် ထိုနေရာမှ ရှေ့သို့ ခရီးဆက်ခဲ့သည်။ တစ်နေ့နှင့်တစ်ညကျော် ခရီးနှင်ခဲ့ကြသည်။ နောက်တစ်နေ့နံနက် မိုးသောက်ပြီးသောအခါ ဟာဇရသ်မူစာ عليه السلام သည် မိမိ၏ ခရီးဖော်တပည့်အား 'ကျွန်ုပ်တို့၏ နံနက်စာကို ယူလာပါ။ ဤခရီးစဉ်တွင် ကျွန်ုပ်တို့ မောပန်း သွားခဲ့ပြီ'ဟု ပြောဆိုသည်။

ကိုယ်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အရ) မူစာ عليه السلام သည် ထိုနေရာမှ ထွက်ခွာမလာမီအချိန်အထိ မောပန်းမှုကို မခံစားခဲ့ရပါ။ ယခု မူစာ عليه السلام က နံနက်စာ တောင်းခံသည့်အခါ ယူရှအ်ဗင်နွန်းန်သည် ငါး၏ ဖြစ်ရပ်ကို သတိရလာခဲ့ပြီး တမန်တော်မူစာ عليه السلام အား ပြောဆိုသည်မှာ 'ထိုအချိန်က ကိုယ်တော့်အား ဤဖြစ်ရပ်ကို မတင်ပြခဲ့သည်မှာ ရှိုက်သွာန်သည် ကျွန်ုပ် အား မေ့လျော့စေလိုက်သောကြောင့် ဖြစ်သည်'ဟု မေ့လျော့ရသည့် အကြောင်းရင်းကို တင်ပြလေသည်။ ထို့နောက် ဆက်လက်၍ ထိုငါးအသေသည် အသက်ရှင်လျက် မြစ်အတွင်း၌ အံ့ဖွယ်သဏ္ဍာန်ဖြင့် ဆင်းသက် ကူးခတ်သွားခဲ့သည့် အကြောင်းကို တင်ပြလေသည်။ ဟာဇရသ်မူစာ عليه السلام က 'ဤနေရာသည်ပင် ကျွန်ုပ်

တို့ ရည်ရွယ်သည့် နေရာဖြစ်သည်'ဟု မိန့်ကြားလေသည်။ (ဆိုလိုသည်မှာ ထိုငါး ပျောက်ဆုံးသွားသည့် နေရာသည် ကျွန်ုပ် ရည်ရွယ်ထားသည့် စခန်းနေရာဖြစ်သည်'ဟု ဆိုလိုသည်။)

ဤသို့ဖြင့် ထိုနေရာမှ ပြန်၍ လှည့်လာခဲ့သည်။ မိမိတို့လာသည့် လမ်းမှပင် ပြန်လှည့်လာကြသည်။ အကြောင်းမှာ ထိုနေရာဟောင်းကို ပြန်လည်ရရှိနိုင်ရန် ဖြစ်သည်။ ဤသို့ဖြင့် ထိုကျောက်တုံးအနီးသို့ ရောက်ရှိသောအခါ ထိုကျောက်တုံးအနီးတွင် ပုဂ္ဂိုလ်တစ်ဦးသည် ခြေဆုံးခေါင်းဆုံး စောင်ခြုံ၍ လဲလျောင်းနေသည်ကို တွေ့မြင်ရလေသည်။ မူစာ عليه السلام သည် (ထိုအခြေအနေ၌ပင်) 'စလာမ်'ပြုလိုက်သည်။ ခိဇ်ရ် عليه السلام သည် 'ဤလူသူမနီးသည့် တောကြီးထဲတွင် စလာမ်သည် မည်သည့်နေရာမှ လာပါသနည်း'ဟု မေးရာ ဟဇရသ်မူစာ عليه السلام က 'ကျွန်ုပ်သည် မူစာဖြစ်ပါသည်'ဟု ပြောဆိုရာ ဟဇရသ်ခိဇ်ရ် عليه السلام က 'မူစာဗနီအိစ်ရာအီးလ်လော' မေးမြန်းတော်မူ၏။ တမန်တော်မူစာ عليه السلام က 'ဟုတ်ပါသည်။ ကျွန်ုပ်သည် မူစာဗနီအိစ်ရာအီးလ်' ဖြစ်ပါသည်' ဟု ဖြေကြားတော်မူခဲ့သည်။ အလ္လာဟ်အသျှင်မြတ်က အသင့်အား အထူးချီးမြှင့်ထားသည့် အသိပညာများကို အသင့်ထံမှ သင်ယူဆည်းပူးရန် ရောက်ရှိလာခြင်း ဖြစ်ပါသည်' ဟု ဖြေကြားလေသည်။

ဟဇရသ်ခိဇ်ရ် عليه السلام က 'အသင်သည် ကျွန်ုပ်အပေါ် သည်းခံနိုင်စွမ်း ရှိမည်မဟုတ်ပါ။ အို၊ မူစာ၊ အသင့်ထံ၌ မရှိသည့် ပညာရပ်တစ်ခုကို အလ္လာဟ်အသျှင်မြတ်က ကျွန်ုပ်အား ချီးမြှင့်ထားပါသည်။ အသင့် အား အသျှင်မြတ်က ချီးမြှင့်ထားသည့် အသိပညာကိုလည်း ကျွန်ုပ်မသိပါ'ဟု ပြောကြားလေသည်။ ထိုအခါ မူစာ عليه السلام က 'အင်ရှာအလ္လာဟ်၊ အသင်သည် ကျွန်ုပ်အား သည်းခံသူအဖြစ် တွေ့မြင်ရပါလိမ့်မည်။ ကျွန်ုပ်သည် အသင်၏ မည်သည့်အလုပ်တွင်မျှ ဆန့်ကျင်မှု ပြုမည်မဟုတ်ပါ'ဟု ပြောဆိုလေသည်။

ဟဇရသ်ခိဇ်ရ် عليه السلام က 'အကယ်၍ အသင်သည် ကျွန်ုပ်နှင့်အတူ လိုက်ရန် အသင့်ဖြစ်ပါလျှင် အခြေအနေမှန်ကို ကျွန်ုပ်ကိုယ်တိုင် မတင်ပြသရွေ့ မည်သည့်အလုပ်၌မဆို ကျွန်ုပ်အား တစ်စုံတစ်ရာ မေးမြန်းခြင်း မပြုရ'ဟု ပြောဆိုလေသည်။ ဤသို့ ပြောဆိုကြပြီး နှစ်ဦးသား မြစ်ကမ်းနံဘေးမှ လမ်းလျှောက်ခဲ့ကြသည်။ ရုတ်တရက် လှေတစ်စီး ရောက်ရှိလာသည့်အခါ လှေပေါ်၌ လိုက်ပါစီးနင်းခွင့်ပြုပါရန် လှေသမားများနှင့် စကားပြောဆိုကြရသည်။ လှေသမားတို့သည် ဟဇရသ်ခိဇ်ရ် عليه السلام အား မှတ်မိသွားကြပြီး မည်သည့်အခကြေးငွေမျှ မယူဘဲ လှေပေါ်၌ စီးနင်းခွင့် ပြုလိုက်ကြသည်။ လှေပေါ်၌ စီးနင်းပြီးသည့်နှင့် ဟဇရသ်ခိဇ်ရ် عليه السلام သည် လှေ၏ ပျဉ်တစ်ချပ်ကို ပုဆိန်ဖြင့် ခွာထုတ်လိုက်သည်။ ဟဇရသ်မူစာ عليه السلام သည် (မနေနိုင်ဖြစ်သွားပြီး) 'ထိုသူများသည် ကျွန်ုပ်တို့အား မည်သည့်အခကြေးငွေမျှ မယူဘဲ လှေပေါ်၌ စီးနင်းစေခဲ့ပါသည်။ အသင်သည် လူအားလုံး နစ်မြုပ်စေရန် လှေကို ချိုးဖဲ့ပျက်စီးခြင်းဖြင့် အစားတုန့်ပြန်ပါသည်။ ဤသို့ပြုခြင်းမှာ အသင်သည် အလွန်ဆိုးယုတ်သောအမှုကို ကျူးလွန်ခြင်းဖြစ်ပါသည်'ဟု ပြောရာ ဟဇရသ်ခိဇ်ရ် عليه السلام က 'အသင်သည် ကျွန်ုပ်အပေါ် သည်းခံနိုင်မည်မဟုတ် ကျွန်ုပ် ကနဦးမှပင် ပြောဆိုခဲ့ပြီးဖြစ်ပါသည်' ဟု ပြောဆိုလေသည်။ ထိုအခါ မူစာ عليه السلام က ကျွန်ုပ်သည် မိမိ၏ ကတိကို မေ့လျော့သွားခဲ့မိပါသည်။ ကျွန်ုပ်အား စိတ်ဆိုးအရေးယူခြင်း မပြုပါနှင့်'ဟု ပြောဆိုလေသည်။

တမန်တော်မြတ် ﷺ သည် ဤဖြစ်ရပ်ကို တင်ပြရင်း မိန့်ကြားတော်မူသည်မှာ 'မူစာ عليه السلام ၏ ပဌမစောဒကသည် မေ့လျော့၍ ဖြစ်ခဲ့သည်။ ဒုတိယစောဒမှာ စည်းကမ်းချက်ပုံစံမျိုး ဖြစ်သည်။ တတိယ စောဒကမှာ သိလျက်နှင့် တမင်ပြုခြင်းဖြစ်သည်။ (ဤအတောအတွင်း ငှက်တစ်ကောင် ရောက်ရှိလာပြီး လှေ၏ ထိပ်၌ နားလျက် မြစ်အတွင်းမှ နှုတ်သီးအပြည့် ရေတစ်ကျိုက်ကို သောက်လိုက်သည်။ ခိဇ္ဇ်ရ် عليه السلام က မူစာ عليه السلام အား 'ကျွန်ုပ်၏ အသိပညာနှင့် အသင်၏ အသိပညာနှစ်ခုစလုံးကို ပေါင်း၍လည်း အလ္လာဟ်အရှင် မြတ်၏ အသိပညာတော်နှင့် နှိုင်းယှဉ်ပါလျှင် ဤငှက်၏ နှုတ်သီးမှ ရေသည် ဤပင်လယ်အတွင်းမှ ရေတို့၏ ကွာခြားမှု့ အဆင့်မျှပင် မရှိပါပေ' ဟု ပြောဆိုလေသည်။

ထို့နောက် လှေပေါ်မှ ဆင်း၍ မြစ်ပင်လယ်ကမ်းခြေပေါ်သို့ လမ်းလျှောက်ကြသည်။ ရုတ်တရက် ဟဇရတ်ခိဇ္ဇ်ရ် عليه السلام သည် အခြားကလေးများနှင့်အတူ ကစားနေသော ကလေးတစ်ဦးကို တွေ့ရှိရလေသည်။ ဟဇရတ်ခိဇ္ဇ်ရ် عليه السلام သည် မိမိ၏လက်ဖြင့် ထိုကလေး၏ ဦးခေါင်းနှင့် ကိုယ် တစ်ခြားစီဖြစ်အောင် ပြုလုပ်လိုက်သည်။ ကလေးမှာ သေဆုံးသွားလေသည်။ မူစာ عليه السلام က 'အသင်သည် အပြစ်မဲ့သည့် လူမမယ် ကလေးတစ်ဦးအား အပြစ်မရှိဘဲ သတ်ဖြတ်လိုက်ပါသည်။ ဤသည်မှာ အသင်သည် အလွန်ကြီးလေးသည့် ပြစ်မှုကို ကျူးလွန်လိုက်ခြင်းပင် ဖြစ်သည်'ဟု ပြောဆိုရာ ဟဇရတ်ခိဇ္ဇ်ရ် عليه السلام က 'အသင်သည် ကျွန်ုပ်အပေါ် သည်းခံနိုင်မည်မဟုတ်ဟု ကျွန်ုပ် ကနဦးမှပင် ပြောဆိုခဲ့ပြီး ဖြစ်ပါသည်'ဟု ပြောဆိုရာ မူစာ عليه السلام သည် ဤလုပ်ရပ်သည် ပထမလုပ်ရပ်ထက် ပိုမို ပြင်းထန်ကြောင်း တွေ့ရှိရသည့်အတွက် 'အကယ်၍ နောက်ထပ်မံ၍ ကျွန်ုပ်သည် အသင့်အား တစ်စုံတစ်ရာ မေးမြန်းခြင်း ပြုခဲ့ပါလျှင် အသင်သည် ကျွန်ုပ်အား မိမိနှင့်အတူ လိုက်ပါခြင်းမှ လမ်းခွဲလိုက်ပါ။ ကျွန်ုပ်ဘက်မှ အကြောင်းပြဆိုခြင်းများသည် အတိုင်းအတာ အပေါ်သို့ ရောက်ရှိခဲ့ပြီး ဖြစ်ပါသည်'ဟု ပြောကြားလေသည်။

ထို့နောက် ဆက်လက်၍ သွားကြလေရာ ရွာတစ်ရွာသို့ ရောက်ရှိခဲ့သည်။ ၄င်းတို့က ထိုရွာသား တို့အား 'မိမိတို့ကို ဧည့်သည်အဖြစ် ထားရှိပါရန် ပြောဆိုကြလေရာ ရွာသားများက ငြင်းဆိုခဲ့ကြသည်။ ၄င်းတို့နှစ်ဦးသည် ထိုရွာတွင် ပြိုကျလုဆဲဆဲ နံရံတံတိုင်းတစ်ခုကို တွေ့ရှိလေရာ ဟဇရတ်ခိဇ္ဇ်ရ် عليه السلام သည် ထိုတံတိုင်းအား မိမိ၏လက်ဖြင့် တည့်မတ်လိုက်သည်။ မူစာ عليه السلام က အံ့ဩစွာဖြင့် 'ကျွန်ုပ်တို့သည် ၄င်းတို့ [illegible] ဧည့်ဝတ်ပြုရန် တောင်းခံသည်ကို ၄င်းတို့က ငြင်းဆိုခဲ့ကြပါသည်။ အသင်သည် ဤမျှ ကြီးသော အလုပ်[illegible] ၄င်းတို့အတွက် ပြုလုပ်ပေးလိုက်ပါသည်။ အကယ်၍ အသင်သည် ပြုလုပ်ပေးလိုက ၄င်းတို့ထံမှ အခကြေးငွေယူ၍ လုပ်ပေးနိုင်ပါသည်'ဟု ပြောဆိုရာ ဟဇရတ်ခိဇ္ဇ်ရ် عليه السلام က

هٰذَا فِرَاقُ بَيْنِي وَبَيْنِكَ

ဟု ပြောဆိုလေသည်။ (ဆိုလိုသည်မှာ 'ယခုမူ စည်းကမ်းချက် ပြည့်ဝသွားလေပြီ။ အကြောင်းမှာ ကျွန်ုပ်နှင့် အသင်၏ လမ်းခွဲရမည့် အချိန် ရောက်ရှိလာခဲ့သောကြောင့် ဖြစ်သည်' ဟု ဖြစ်သည်။)

ထို့နောက် ဟဇရတ်ခိဇ္ဇ်ရ် عليه السلام သည် ဖြစ်ရပ် (၃) ခုစလုံး၏ အကြောင်းရင်း ဇစ်မြစ်ကို ပြောဆို ရှင်းပြလေသည်။

ذٰلِكَ تَأْوِيْلُ مَالَمْ تَسْطِعْ عَّلَيْهِ صَبْرًا

(ဆိုလိုသည်မှာ အသင် ခံနိုင်စွမ်းမရှိသော ထိုဖြစ်ရပ်များ၏ အကြောင်းရင်းဇစ်မြစ်မှာ ဤသို့ ဖြစ်သည်။) တမန်တော်မြတ် ﷺ သည် ထိုဖြစ်ရပ်အပြည့်အစုံကို တင်ပြတော်မူပြီးနောက် 'မူစာ ﷺ အဖို့ နောက်ထပ်အနည်းငယ်မျှ သည်းခံလိုက်မည်ဆိုလျှင် ၎င်းတို့နှစ်ဦးနှင့် စပ်လျဉ်းသော အခြားသော အကြောင်းများလည်း သိရှိရမည်သာ ဖြစ်သည်' ဟု မိန့်ကြားတော်မူပေသည်။ *[အင်န်သေဟာကျမ်း]*

ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်းတို့တွင် ဤရှည်လျားသည့် ဟဒီးစ်တော်လာရှိရာ၌ ထိုဟဒီးစ်တော်တွင် ဟဇရတ်မူစာ ﷺ ဆိုသည်မှာ 'မူစာဗနီအိစ်ရာအီးလ်နှင့် လုလင်ပျို ခရီးဖော်မှာ ယူရှအ်ဗင်နူးန်ဖြစ်ခြင်းနှင့် 'မဂ်ျမအွလ်ဗဟ်ရိုင်းန်'၌ ငါ၏ ကျွန်ရှိသည်'ဟူ၍ မူစာ ﷺ အား စေလွှတ်တော်မူခဲ့ရာ ထိုကျွန်၏အမည်မှာ ခိသ္သရ် ﷺ ဖြစ်ခြင်းတို့ကို ရှင်းလင်းပြတ်သားစွာ ဖော်ပြထားသည်။ ရှေ့တွင် ကုရ်အာန်အာယသ်တော်များနှင့် ၎င်းတို့၏ အလိုသဘောများနှင့် သဖ်စီးရ်ဖွင့်ဆိုချက်များကို တင်ပြထားလိမ့်မည်။

ခရီး၏ စည်းကမ်းချက်အချို့နှင့် စံနမူနာ တစ်ရပ်ဖြစ်သည့် တမန်တော်များ၏ ရည်ရွယ်ချက် ခိုင်မာခြင်း

لَا اَبْرَحُ حَتّٰى اَبْلُغَ مَجْمَعَ الْبَحْرَيْنِ اَوْ اَمْضِىَ حُقُبًا

ဤစာသားများသည် ဟဇရတ်မူစာ ﷺ က မိမိ၏ ခရီးဖော်ယူရှအ်ဗင်နူးန်အား ပြောဆိုခဲ့သည့် စကားများပင် ဖြစ်သည်။ မိမိခရီးစဉ်၏ ဦးတည်ချက်နှင့် ရည်ရွယ်ချက်တို့ကို မိမိ၏ ခရီးဖော်အား တင်ပြခြင်းကို ရည်ရွယ်သည်။ ထိုသို့ တင်ပြချက်တွင် လုပကောင်းမွန်သော ရှိသေမှုပြုသည့် စည်းကမ်းများကိုလည်း တွေ့ရှိရပေသည်။ အဘယ်ကြောင့်ဆိုသော် ခရီးစဉ်၏ အရေးကြီးသော အချက်များကို မိမိ၏ ခရီးဖော်၊ နောက်လိုက်တည့်အားလည်း တင်ပြရမည်ဟု ဖြစ်သည်။ မောက်မာထောင်လွှားသူတို့သည် မိမိတို့၏ ခရီးဖော်၊ နောက်လိုက်တပည့်များကို စကားစမြည် ပြောဆိုထိုက်သူများဟုလည်း မှတ်ယူခြင်းမရှိ။ မိမိတို့ ခရီးစဉ်နှင့် စပ်လျဉ်း၍လည်း ၎င်းတို့အား တင်ပြခြင်းလည်း မရှိကြပေ။

حُقُبًا ဟူသော စာလုံးသည် حُقْبَة ၏ 'ဂျမအ်'အများကိန်း ဖြစ်သည်။ အာဘိဓါန်ပညာရှင်တို့က 'ဟွတ်က်ဗာဟ်' သည် နှစ်ပေါင်း (၈၀) ကာလကို ခေါ်ဆိုသည်ဟု ဆိုကြသည်။ အချို့က 'ထို့ထက်ပို၍ များခြင်းအပေါ် 'ဟွတ်က်ဗာဟ်'ဟု သတ်မှတ်ကြသည်။ အမှန်ကန်ဆုံးအဆိုမှာ ကာလရှည်ကြာခြင်း' ဟု ဖြစ်သည်။ ကန့်သတ်ခြင်း၊ သတ်မှတ်ခြင်းများမရှိ။ ဟဇရတ်မူစာ ﷺ သည် မိမိခရီးဖော်အား 'ကျွန်ုပ်သည် 'မဂ်ျမအွလ်ဗဟ်ရိုင်းန်' နေရာသို့ ရောက်ရပေမည်။ ထိုနေရာသို့ ရောက်ရှိရန် အလ္လာဟ်အသျှင်မြတ်က အမိန့်တော် သတ်မှတ်ထားသည်' ဟု ပြောဆိုခဲ့သည်။ ထို့နောက် မူစာ ﷺ ၏ ခိုင်မာသည့် ဆုံးဖြတ်ချက်တွင် 'မည်မျှ ကာလရှည်ကြာ ခရီးသွားနေရပါစေ။ မိမိတို့ ရည်ရွယ်သည့် နေရာစခန်း မရောက်ရှိသရွေ့ ဆက်လက်သွားနေရမည်သာ ဖြစ်သည်'ဟူသော အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို လိုက်နာရာတွင် နဗီတမန်တော်တို့၏ ခိုင်မာသည့် ဆုံးဖြတ်ချက်မှာ ဤအတိုင်းပင် ဖြစ်ပေသည်။

ဟဇရတ်မူစာ عليه السلام သည် ခိဍ်ရ် عليه السلام ထက် ပို၍ မြတ်ခြင်းနှင့် မူစာ عليه السلام အား ပုံပြင်မှု 'မုအ်ဂျိဇာဟ်'

فَلَمَّا بَلَغَا مَجْمَعَ بَيْنِهِمَا نَسِيَا حُوْتَهُمَا فَاتَّخَذَ سَبِيْلَهٗ فِى الْبَحْرِ سَرَبًا

ကုရ်အာန်နှင့် ဟဒီးစ်တော်တို့၏ ရှင်းလင်းစွာ ဖော်ပြချက်များဖြင့် ဟဇရတ်မူစာ عليه السلام သည် နဗီတမန်တော်တို့၏ အုပ်စုတွင်လည်း ထူးခြားသော အဆင့်တစ်ခုကို ရရှိထားသူ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်နှင့် အပြန်အလှန်စကားပြောဆိုခွင့် ရရှိခြင်းမှာ ၎င်း၏ ထူးခြားသော ထူးမြတ်မှုတစ်ရပ် ဖြစ်သည်။ ဟဇရတ်ခိဍ်ရ် عليه السلام ၏ 'နဗူဝသ်'နဗီဖြစ်ခြင်းတွင် ကွဲလွဲမှုရှိသည်။ 'နဗူဝသ်'ရရှိသည်ဟု လက်ခံလိုက်ပါလျှင် 'ရိစာလသ်'ရစူလ်ဖြစ်ခြင်းကား မရရှိပေ။ ၎င်းအဖို့ မည်သည့်ကျမ်းဂန်မျှလည်း ကျရောက်ခြင်းမရှိခဲ့။ မည်သည့်အုမ္မသ်မျှလည်း မရှိခဲ့ပါချေ။ ထို့ကြောင့် မည်သို့ပင်ဆိုစေ ဟဇရတ်မူစာ عليه السلام သည် ခိဍ်ရ် عليه السلام ထက် အဆင့်များစွာ ထူးမြတ်သူဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ နီးကပ်သော 'ဗန္ဒာဟ်'ကျေးကျွန်များ၏ မပြောပလောက်သော ချွတ်ချော်မှုများကိုပင် ပြုပြင်တော်မူလေ့ ရှိသည်။ ၎င်းတို့အား ပွဲပြင်ရန်အတွက် မပြောပလောက်သည့် အနည်းငယ်မျှသော ချွတ်ချော်မှုများအတွက်လည်း ပြင်းပြင်းထန်ထန် အရေးယူတော်မူသည်။ ဤဖြစ်ရပ်အလုံးစုံသည် ထိုသို့ အထူးပြုပြင်ခြင်းများကို ပေါ်လွင်စေသည်။ ၎င်း၏ ပါးစပ်မှ 'ကျွန်ုပ်သည်ပင် အသိပညာအရှိဆုံး ဖြစ်သည်ဟူ၍ ပြောဆိုခြင်းကို အလ္လာဟ်အသျှင်မြတ်က မနှစ်မြို့တော်မူသည်ဖြစ်ရာ ၎င်းအား အထူးသတိပြုရန်အတွက် မူစာ عليه السلام ထံတွင် မရှိဘဲ အလ္လာဟ်အသျှင်မြတ် အထူးပညာတစ်ရပ် ချီးမြှင့်တော်မူခြင်း ခံရသည့် ကျွန်လူသားတစ်ဦး နေထိုင်ရာဒေသကို ညွှန်ပြတော်မူခဲ့သည်။ အမှန်စင်စစ် မူစာ عليه السلام ၏ အသိပညာသည် ၎င်း၏ အသိပညာထက် အဆင့်များစွာ မြင့်မားမှု ရှိပေသည်။ သို့ရာတွင် မည်သို့ပင်ရှိစေကာမူ ၎င်းထံ၌ရှိသော အသိပညာသည် မူစာ عليه السلام ထံတွင် မရှိပါချေ။ တစ်ဖက်တွင် မူစာ عليه السلام အဖို့ အလ္လာဟ်အသျှင်မြတ်သည် ပညာရှာဖွေရန် စိတ်ဓါတ်ပြင်းပြမှုကို ချီးမြှင့်တော်မူလိုက်သည်။ အခြားတစ်နေရာတွင် အသိပညာရှိနေသည်။ ထိုအသိပညာသည် ကျွန်ုပ်ထံတွင် မရှိဟု သိရှိရလေသောအခါ ထိုအသိပညာကို ဆည်းပူးရန် အသိပညာရှင်ကို ရှာဖွေခြင်းအတွက် အဆင်သင့်ဖြစ်သွားလေသည်။ အလ္လာဟ်အသျှင်မြတ်ထံတော်၌ပင် ထိုပုဂ္ဂိုလ် (ခိဍ်ရ် عليه السلام) ရှိမည့် နေရာဒေသကို လျှောက်ထားမေးမြန်းခဲ့သည်။

ဤနေရာတွင် စဉ်းစားဖွယ်အချက်တစ်ချက် ဖြစ်ပေါ်လာသည်မှာ အကယ်၍ အလ္လာဟ်အသျှင်မြတ်အလိုတော်ရှိပါလျှင် ခိဍ်ရ် عليه السلام အား မူစာ عليه السلام နှင့် တွေ့ဆုံမှုကို ဤနေရာ၌ပင် လွယ်ကူစွာ တွေ့ဆုံပေးနိုင်ပေသည်။ သို့သော်လည်း မူစာ عليه السلام အား ပညာရှာဖွေဆည်းပူးသူအဖြစ် ခရီးထွက်စေလိုတော်မူလျှင်လည်း ခိဍ်ရ် عليه السلام နေထိုင်ရာဒေသကို ပေါ်လွင်စွာ ပြသတော်မူခဲ့ပြီး အကြင်နေရာသို့ အခက်အခဲမရှိ ရောက်ရှိသွားစေရမည်သာ ဖြစ်သည်။ သို့သော် အဆိုပါနေရာအား ဖုံးကွယ်၍ တင်ပြထားသည်မှာ ထိုနေရာသို့ ရောက်လျှင် ငါးသေသည် အသက်ရှင်လျက် ပျောက်ဆုံးသွားလိမ့်မည်။ ထိုနေရာသည်ပင် ငါအသျှင်မြတ်၏ ထိုဗန္ဒာဟ်ကျွန်နှင့် တွေ့လိမ့်မည်ဟူ၍ မိန့်ကြားပြသတော်မူခဲ့သည်။

ဘိုခါရီကျမ်း၏ ဟာဒီးစ်ဖြင့် ထိုငါးနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'ငါးတစ်ကောင်ကို ခရီးဆောင်လွယ်အိတ်၌ ထည့်ခဲ့ပါ'ဟု မိန့်ကြားတော်မူခဲ့သည်မှာ အတည်ဖြစ်သည်။ ဤသည်ထက်ပို၍ ဤငါးအား စားရန် ယူဆောင်သွားပါ'ဟုလည်းကောင်း၊ (သို့) စားရန်မဟုတ်ဘဲ ယူဆောင်သွားပါဟုလည်းကောင်း မသိရှိရပေ။ နှစ်မျိုးစလုံး၏ အလိုသဘောလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် အဖွင့်ပညာရှင်တို့အနက် အချို့က 'ဤငါးသည် စားသုံးရန် ကြော်ထားသည့် ငါးဖြစ်သည်'ဟု ဆိုကြသည်။ ခရီးသွားနှစ်ဦးတို့သည် ခရီးစဉ်တစ်လျှောက် ထိုငါးအား စားသုံးလျက် ရှိခဲ့ကြသည်။ ထိုငါး၏ အစိတ်အပိုင်းထက်ဝက်ကို စားသုံးပြီးဖြစ်သည်။ ထို့နောက်တွင် 'မုအ်ဂျေဇာဟ်'၏ ပုံစံဖြင့် ကြော်ထားပြီး ထက်ဝက်စားပြီးသော ငါးသည် အသက်ရှင်လျက် မြစ်အတွင်းသို့ သက်ဆင်းသွားခဲ့သည်။

အိဗ်နေအသ္ဗီယဟ် (ရဟ) နှင့် အခြားသော အချို့ပညာရှင်များက 'ဤငါးသည် 'မုအ်ဂျေဇာဟ်' ပုံသဏ္ဍာန်ဖြင့် လောက၌ အသက်ရှင်နေဆဲဖြစ်သည်။ မြင်တွေ့ခဲ့ရသူများစွာတို့လည်း ထိုငါးသည် တစ်ခြမ်းသာ ရှိသည်။ အခြားတစ်ဖက်မှာ စားထားပြီးဖြစ်သည်'ဟု ဆိုကြသည်။ အိဗ်နေအသ္ဗီယဟ် (ရဟ) ကိုယ်တိုင် မိမိတွေ့မြင်ခဲ့ရကြောင်း တင်ပြချက် လာရှိသည်။ *[ကုရ်သုဗီးကျမ်း]*

အချို့အဖွင့်ပညာရှင်များက 'နံနက်စာစားရန်အပြင် အခြားငါးတစ်ကောင်ကို ခရီးဆောင်အိတ်၌ ထည့်ရန် မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်သည်။ ထိုအမိန့်တော်အတိုင်း ထည့်ထားခဲ့ခြင်းဖြစ်သည်။ ထိုအချက်တွင်လည်း ငါးသေသည် အသက်ရှင်လျက် မြစ်အတွင်း၌ ဆင်းသက်သွားခြင်းမှာ 'မုအ်ဂျေဇာဟ်'တော် တစ်ရပ်ပင် ဖြစ်သည်။

မည်သို့ပင်ဆိုစေ ဟဇရသ်ခိဇ္ဇ်ရ် عليه السلام ၏ နေထိုင်သည့်နေရာကို အလွယ်တကူ သတ်မှတ်ခြင်းမပြုဘဲ အလျှမ်းဝေးသည့် ပုံသဏ္ဍာန်ဖြင့် ပြသခဲ့သည်။ ဤသည်မှာလည်း ဟဇရသ်မူစာ عليه السلام အား စမ်းသပ်ခြင်း တစ်ရပ်ဖြစ်ကြောင်း ထင်ရှားပေသည်။ ထိုအပေါ်၌ ထပ်ဆင့်၍ စမ်းသပ်ခြင်းပြုသည့် ပုံသဏ္ဍာန်မှာ ထိုမိန့်ကြားထားသည့် နေရာသို့ ရောက်သောအခါ နှစ်ဦးစလုံးသည် ထိုငါးကို မေ့လျော့သွားကြသည်။ ကုရ်အာန်၏ အာယသ်တော်များတွင် ဤမေ့လျော့မှုကို ဟဇရသ်မူစာ عليه السلام နှင့် ၎င်း၏ ခရီးဖော်နှစ်ဦးစလုံးအား ဖြစ်ပေါ်စေခဲ့သည်။

نَسِيَا حُوتَهُمَا

သို့ရာတွင် ဘိုခါရီကျမ်း၏ ဟာဒီးစ်တော်ဖြင့် သိရှိရသည်မှာ 'ငါးသည် အသက်ရှင်၍ မြစ်အတွင်း၌ ဆင်းသက်သွားသည့်အချိန်တွင် မူစာ عليه السلام မှာ အိပ်ပျော်လျက် ရှိနေခဲ့သည်။ ယူရှအ်ဗင်နူးန်တစ်ဦးတည်းသာ ထိုထူးဆန်းသော ဖြစ်ရပ်ကို တွေ့မြင်ခဲ့ရခြင်းဖြစ်သည်။ ၎င်းကလည်း မူစာ عليه السلام နိုးကြားလာလျှင် ထိုအကြောင်းကို တင်ပြမည်ဟု ရည်ရွယ်ခဲ့သည်။ သို့ရာတွင် နိုးကြားလာသောအခါတွင်မူ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအပေါ်၌ မေ့လျော့မှုကို ကျရောက်စေခဲ့သည်။ ထို့ကြောင့် မေ့လျော့သွားသည်။ သို့ဖြစ်ပေရာ ဤနေရာတွင် နှစ်ဦးစလုံးဘက်သို့ မေ့လျော့ခြင်းအကြောင်း ညွှန်းဆိုရခြင်းမှာ ကုရ်အာန်ကျမ်းတွင်

يَخْرُجُ مِنْهُمَا اللُّؤْلُؤُ وَ الْمَرْجَانُ

ရေချိုပင်လယ်နှင့် ရေငန်ပင်လယ် နှစ်စင်းစလုံးမှ ပုလဲရတနာများနှင့် သန္တာပင်လယ်ကျောက်နီများ ထွက်ရှိသည့်အကြောင်း ဖော်ပြထားသည်။ စင်စစ် ပုလဲရတနာနှင့် သန္တာပင်လယ် ကျောက်နီများသည် ရေငန်ပင်လယ်မှသာ ထွက်ရှိခြင်းဖြစ်ပါသည်။ သို့ရာတွင် ဝေါဟာရအသုံးအနှုန်းများ၌ များသောအားဖြင့် ဤသို့ ရေးသားခြင်းသည် အများသုံးစွဲသော အသုံးအနှုန်းတစ်ခု ဖြစ်သည်။ ဖြစ်နိုင်သည့် အကြောင်းတစ်ရပ်မှာ ထိုနေရာမှ ရှေ့သို့ ခရီးဆက်သည့်အချိန်တွင် ငါးအား အတူယူဆောင်လာခြင်းတွင် ထိုပုဂ္ဂိုလ်နှစ်ဦးစလုံးပင် မေ့လျော့သွားခဲ့ကြသည်။ ထို့ကြောင့် နှစ်ဦးစလုံးဘက်သို့ نَسِيَا ဟု သုံးနှုန်းမိန့်ကြားခဲ့ခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ရည်ရွယ်သည့်နေရာသို့ ရောက်ပြီး ငါးသည် ရှင်လျက် ပျောက်ဆုံးသွားခြင်းဖြင့် ဓမ်မြစ်အစစ်အမှန်မှာ ပေါ်လွင်လာခဲ့သည်။ နေရာသည်လည်း သတ်မှတ်ချက် ဖြစ်ရှိသွားသည်။ သို့ရာတွင် အမှန်တရားကို ရှာဖွေသူအတွက် ထပ်မံ၍ စမ်းသပ်လိုသည့်အတွက် နှစ်ဦးစလုံးအပေါ်၌ မေ့လျော့မှုကို ကျရောက်စေတော်မူခဲ့သည်။ တစ်နေ့နှင့် တစ်ညကျော် ခရီးနှင်ပြီးသည့်နောက်တွင်မှ မောပန်းခြင်းနှင့် ဆာလောင်မှုများ ခံစားရလေတော့သည်။ ဤသည် ဒုတိယမြောက် စမ်းသပ်မှုဖြစ်သည်။ အကြောင်းမှာ သဘာဝအလျောက် မောပန်းမှုနှင့် ဆာလောင်မှုတို့အား ခံစားရမှုတို့သည် ထို့ထက်အလျင်ကပင် ဖြစ်သင့်ပေသည်။ ထိုနေရာ၌ ငါးကို သတိရမိမည်ဆိုလျှင် ဤမျှ ရှည်လျားသော ခရီး၏ ပိုမိုသော ဒုက္ခများ ခံစားရမည်မဟုတ်ပေ။ သို့ရာတွင် ဤသည်ထက်ပို၍ ဒုက္ခခံစားမှု ရရှိစေရန် ဤမျှ ရှည်လျားသော ခရီးနှင်ပြီးနောက် ဆာလောင်မှုတ်သိပ်ခြင်းကို ခံစားရစေသည်။ ထိုအချိန်တွင်မှ ငါးကို သတိရကြသည်။ တစ်ဖန် ကျွန်ုပ်တို့သည် ရည်ရွယ်သည့်နေရာကို များစွာ ကျော်လွန်ခဲ့ပြီးဟု သိရှိကြရသည်။ ထို့ကြောင့် မိမိတို့လာရာလမ်းမှ ခြေရာကောက်၍ နောက်ကြောင်းပြန်လှည့်ခဲ့ကြခြင်း ဖြစ်သည်။ ငါးသည် မြစ်ထဲသို့ ကူးခတ်သွားသည့်အကြောင်းကို ပထမအကြိမ်တွင် سَرَبًا ဟူသော စာလုံးဖြင့် လာရှိထားသည်။ سَرَب ၏ အဓိပ္ပာယ်မှာ 'တောင်များတွင် လမ်းဖောက်ရန် တူးသော (ဥမင်လိုဏ်) တွင်း၊ အပေါက်' ဟု ဖြစ်သည်။ သို့မဟုတ် မြို့ပြများတွင် မြေအောက်ဥမင်လိုဏ်လမ်းများ ဖောက်လုပ်သကဲ့သို့ ဖြစ်သည်။ ထိုအချက်အားဖြင့် ဤငါးသည် မြစ်အတွင်း၌ ကူးခတ်သွားသည့်အခါ ၄င်းသွားရာလမ်းကြောင်းတစ်လျှောက်တွင် ဥမင်လိုဏ်ခေါင်းသဖွယ် တွင်းပေါက်ဖြစ်သွားသည်။ ဘိုခါရီ၏ ဆင့်ပြန်ချက်ဖြင့် ရှင်းလင်းထားသည့်အတိုင်း ဖြစ်သည်။

ဒုတိယအကြိမ် ယူရှအ်ဗင်နူးန်သည် ဟဇရသ်မူစာ ﷺ အား ထိုဖြစ်ရပ်ကို ခရီးရှည်သွားပြီးမှ وَاتَّخَذَ سَبِيلَهُ فِي الْبَحْرِ عَجَبًا ဟူသော စာလုံးများဖြင့် ထိုဖြစ်ရပ်ကို တင်ပြခဲ့သည်။ ထိုတင်ပြချက်နှစ်ရပ်စလုံးတွင် မည်သည့် ဆန့်ကျင်ခြားနားမှုမျှ မရှိပါချေ။ အကြောင်းမှာ ရေအတွင်း၌ ဥမင်အပေါက်ဖြစ်သွားခြင်းသည်ပင် သဘာဝနှင့် ဆန့်ကျင်သည့် ထူးဆန်းအံ့သြဖွယ် ဖြစ်ရပ်တစ်ခုပင် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ဟဇရတ်ခိဇ္ဇရ် عليه السلام နှင့် တွေ့ဆုံခြင်းနှင့် ၎င်း၏ နဗီဖြစ်ခြင်းဆိုင်ရာ ဓမ္မသတ်

ကုရ်အာန်ကျမ်းတော်မြတ်တွင် ထိုပုဂ္ဂိုလ်ထူး၏ အမည်ကို ဖော်ပြခဲ့ခြင်းမရှိဘဲ عَبْدًا مِّنْ عِبَادِنَا ဟူသော သုံးနှုန်းထားသည်။ သို့ရာတွင် ဘုခါရီကျမ်း၏ ဟဒီးစ်တော်တွင် ၎င်း၏အမည်ကို خضر 'ခိဇ္ဇရ်'ဟု ပြဆိုထားသည်။ خضر ခိဇ္ဇရ်၏ အဓိပ္ပာယ်မှာ စိမ်းလန်းစိုပြေခြင်းဟု ဖြစ်သည်။ ၎င်း၏ အမည် خضر 'ခိဇ္ဇရ်'ဟု ဖြစ်ရခြင်းအကြောင်းကို အဖွင့်ပညာရှင်များက ပြဆိုကြသည်မှာ '၎င်းထိုင်လိုက်သည့် နေရာသည် မည်ကဲ့သို့သော မြေနေရာပင်ဖြစ်စေ၊ ထိုနေရာတွင် မြက်ပင်များ ပေါက်ရောက်လာသည်။ ထို့နောက် မြေပြင်သည် စိမ်းလန်းသွားလေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ခိဇ္ဇရ် عليه السلام အား နဗီ (သို့) 'ဝလီ' သူတော်စင်တစ်ပါးပါးဖြစ်ကြောင်း ဖော်ပြထားခြင်းမရှိပေ။ သို့ရာတွင် ပညာရှင်အများစုတို့ထံတွင် ၎င်း၏ နဗီဖြစ်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် တင်ပြထားသည့် ဖြစ်ရပ်များဖြင့် အတည်ပြု ပြောဆိုခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ဟဇရတ်ခိဇ္ဇရ် عليه السلام သည် ဤခရီးစဉ်၌ ဖြစ်ပျက်ခဲ့သည့် ဖြစ်စဉ်များတွင် အချို့မှာ ရှရီအသ်တရားတော်နှင့် လုံးဝ ဆန့်ကျင်သောကြောင့် ဖြစ်သည်။ ရှရီအသ်တရားတော်နှင့် ဆန့်ကျင်မှု တစ်ခုခုသည် အလ္လာဟ်အသျှင်မြတ်၏ 'ဝဟီ'မပါဘဲနှင့် မဖြစ်နိုင်ပေ။ ဤသည်မှာ နဗီတမန်တော်အတွက်သာ အထူးဖြစ်သည်။ 'ဝလီ'သူတော်စင်များတွင်လည်း كشف 'ကရှ်ဖ်' (သို့) الهام 'အိလ်ဟားမ်'တို့ဖြင့် အချို့ကိစ္စများကို သိရှိနိုင်ပေသည်။ သို့သော် ထိုအရာများသည် အထောက်အထားတစ်စုံတစ်ရာအား မဖြစ်ပေ။ ၎င်းတို့အားဖြင့် ရှရီအသ်၏ အမိန့်တစ်စုံတစ်ရာကို ပြောင်းလဲခြင်း မပြုနိုင်။ ထို့ကြောင့် ဟဇရတ်ခိဇ္ဇရ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ နဗီတမန်တော်ဖြစ်သည်ဟု သတ်မှတ်ခြင်းဖြစ်သည်။ ၎င်းအား ရှရီအသ်တရားတော်နှင့် ထင်ရှားစွာ ဆန့်ကျင်မှုရှိသော အချို့သော အမိန့်များသည် 'ဝဟီ'အားဖြင့် အသိပေးထားသည်။ ၎င်းပြုလုပ်သမျှတို့သည် ထိုဘောင်အပြင်မှဖြစ်သော အမိန့်တော်များအတိုင်း ပြုလုပ်ခြင်းဖြစ်သည်။ ထိုအကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်၏ အောက်ပါစာသားများအရလည်း ထင်ရှားသည်။

وَمَا فَعَلْتُهُ عَنْ اَمْرِى

ဆိုလိုသည်မှာ ကျွန်ုပ်ပြုလုပ်သမျှတို့သည် ကျွန်ုပ်ဘက်မှ ပြုလုပ်ခြင်းမဟုတ်ပါ။ သို့သာမက အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့်သာ ပြုလုပ်ခြင်းဖြစ်ပါသည်။

အချုပ်ဆိုရသော် ပညာရှင်အများစုတို့ထံတွင် ဟဇရတ်ခိဇ္ဇရ် عليه السلام သည်လည်း နဗီတမန်တော်တစ်ပါးပင် ဖြစ်ပေသည်။ သို့ရာတွင် ၎င်း၏ ပြုမူဆောင်ရွက်မှုများသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အပ်နှင်းခံရခြင်းဖြစ်သည်။ ထိုအကြောင်းများနှင့် စပ်လျဉ်း၍သာ အသိပညာပေးခြင်း ခံရသည်။ ဟဇရတ်မူစာ عليه السلام မှာမူ ထိုအသိပညာများ မရှိသည့်အတွက် ၎င်း၏ လုပ်ရပ်အပေါ် စောဒကတက်ခြင်း ဖြစ်သည်။ သဖ်စီရ်ကုရ်သုဗီ၊ ဗဟရ်မုဟီးသွ်၊ အဘူဟိုင်ယာန်နှင့် သဖ်စီးရ်ကျမ်းများအချို့တွင် ဤအကြောင်း အရာကို ကွဲလွဲသော ခေါင်းစဉ်များဖြင့် တင်ပြထားကြပေသည်။

ဝလီသူတော်စင်တစ်ပါးအဖို့ ရှရီအသ်တရားတော်၏ ထင်ရှားပေါ်လွင်သော အမိန့်တစ်ခုနှင့် ဆန့်ကျင်၍ ပြုလုပ်ခြင်းမပိုင်ကြောင်း

ဤနေရာမှ သိရှိရသည်မှာ ပညာမဲ့များစွာတို့သည် تَصَوُّف 'သစောင်ဝုဖ်'အား အမည်ပျက်အောင် ပြုလုပ်သူ စူ ဖီဆိုသူတို့က 'ရှရီအသ်သည် သီးခြားဖြစ်သည်။ 'သွရီကသ်'သည် သီးခြားဖြစ်သည်။ များစွာသော အရာတို့သည် ရှရီအသ်တရားတော်၌ 'ဟရာမ်'ဖြစ်သည်။ သို့ရာတွင် 'သွရီကသ်'၌ ထိုအရာများပြုခြင်း ပိုင်သည် ဟု ပြောဆိုကြသည်။ ထို့ကြောင့် 'ဝလီ'ဟုဆိုသူ တစ်ဦးဦးက ပေါ်လွင်ထင်ရှားစွာ အပြစ်ဒုစရိုက်များ ကျူးလွန်နေကြသည့်တိုင် ၎င်းတို့အပေါ်သို့ စောဒကမတက်နိုင်ကြပေ။ ဤသည်မှာ ပေါ်လွင်စွာ မှားယွင်းခြင်းပင် ဖြစ်သည်။ ကမ္ဘာပေါ်ရှိ မည်သည့်ဝလီကိုမျှ ဟဇရသ်ခိသွ်ရ် عَلَيْهِ السَّلَامُ နှင့် နှိုင်းယှဉ်သုံးသပ်ခြင်း မပြုနိုင်ပေ။ ထိုသို့ နှိုင်းယှဉ်ပြီး ရှရီအသ်နှင့် ဆန့်ကျင်သော မည်သည့်လုပ်ရပ်ကိုမျှ ပြုလုပ်ခြင်း မပိုင်ပေ။

တပည့်သည် ဆရာ၏ အမိန့်ကို နာခံရခြင်း

هَلْ اَتَّبِعُكَ عَلٰۤى اَنْ تُعَلِّمَنِ مِمَّا عُلِّمْتَ رُشْدًا

ဤနေရာတွင် ဟဇရသ်မူစာ عَلَيْهِ السَّلَامُ သည် နဗီ၊ ရစူလ်ဖြစ်လျက် ဟဇရသ်ခိသွ်ရ် عَلَيْهِ السَّلَامُ ထံမှ ရိုသေလေးမြတ်စွာ 'ကျွန်ုပ်သည် အသင့်ထံမှ အသင်၏ ပညာရပ်များ ဆည်းပူးလိုပါသည်'ဟု ခွင့်ပန်ကြားလေသည်။ ထိုသို့ ခွင့်ပန်ကြားခြင်းကို ကြည့်ခြင်းဖြင့် တပည့်သည် ဆရာထက် ထူးမြတ်ကြီးမြင့်သူဖြစ်ပါလျှင်လည်း ဆရာအား အထူးလေးစားရိုသေစွာဖြင့် အမိန့်နာခံရမည် ဖြစ်သည်။ ပညာရှာဖွေခြင်း၏ စည်းကမ်းမှာ ဤသည်ပင်ဖြစ်ကြောင်း သိရှိရပေသည်။ *[ကုရ်သုဗီကျမ်း၊ မဇ္ဇဟရီကျမ်း]*

ရှရီအသ်၏ အာလင်မ်အသိပညာရှင်သည် ရှရီအသ်နှင့် ဆန့်ကျင်သည့် လုပ်ရပ်အပေါ် 'ဆွဗရ်' သည်းခံမှုပြုခြင်း မပိုင်ကြောင်း

اِنَّكَ لَنْ تَسْتَطِيْعَ مَعِىَ صَبْرًا ۝ وَكَيْفَ تَصْبِرُ عَلٰى مَالَمْ تُحِطْ بِهٖ خُبْرًا

ဟဇရသ်ခိသွ်ရ် عَلَيْهِ السَّلَامُ သည် ဟဇရသ်မူစာ عَلَيْهِ السَّلَامُ အား 'အသင်သည် ကျွန်ုပ်အား 'ဆွဗရ်'သည်းခံနိုင်မည်မဟုတ်။ အသင်သည် ဇစ်မြစ်ကို အစစ်အမှန် မသိသည့်အခါ မည်သို့ 'ဆွဗရ်'သည်းခံနိုင်မည်နည်း'ဟု ပြောဆိုလေသည်။ ဆိုလိုသည်မှာ 'ကျွန်ုပ်အား ချီးမြှင့်ထားသည့် အသိပညာသည် အသင်၏ အသိပညာနှင့် အမျိုးအစား ကွဲလွဲသည်။ ထို့ကြောင့် အသင်သည် 'ကျွန်ုပ်၏ လုပ်ဆောင်ချက်များအပေါ် စောဒကပြုထိုက်သည်'ဟုသာ မြင်ပေမည်။ ကျွန်ုပ်သည် မိမိ၏ လုပ်ဆောင်ချက်၏ အကြောင်းရင်း ဇစ်မြစ်

ကို တင်ပြခြင်းမပြုသရွေ့ အသင်သည် အသင်၏ တာဝန်ရှုထောင့်မှ ကြည့်၍ ကျွန်ုပ်၏ လုပ်ဆောင်ချက်များ အပေါ် စောဒကတက်လိမ့်မည်'ဟု ပြောကြားလေသည်။ ဟဇရသ်မူစာ عليه السلام သည် ၎င်းထံသို့ သွားရောက်ရန်နှင့် ၎င်းထံမှ ပညာဆည်းပူးရန် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အမိန့်တော် ကျရောက်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် အပေါ်ယံအားဖြင့် နားမလည်သည့်တိုင် ၎င်း၏ ပြုမူဆောင်ရွက်ချက် တစ်စုံတစ်ရာသည် ရှရီအသ်နှင့် ဆန့်ကျင်မှုရှိမည်မဟုတ်ဟု စိတ်ချယုံကြည်ခဲ့သည်။ ထို့ကြောင့်လည်း 'ဆွဗရ်'သည်းခံခြင်း ပြုပါမည်ဟု ကတိပေးခဲ့ခြင်း ဖြစ်သည်။ ထိုသို့မဟုတ်ပါက ဤကဲ့သို့ ကတိပေးခြင်းမှာလည်း မည်သည့်သာသနာ့ပညာရှင်မျှ ပိုင်မည်မဟုတ်ပေ။ သို့သော်လည်း တစ်ဖန်ပြန်၍ ရှရီအသ်တရားတော်နှင့် စပ်လျဉ်း၍ သာသနာ့ရေးရာ စိတ်ဓါတ်၏ ပြင်းပြမှုတို့က လွှမ်းမိုးသွားပြီး ထိုကတိကိုပင် မေ့လျော့သွားခဲ့သည်။

ပထမဖြစ်ရပ်မှာမူ ဤမျှ ပြင်းထန်ခြင်း မရှိပေ။ လှေသမားများ၏ ဥစ္စာပစ္စည်း ဆုံးရှုံးမှု၊ (သို့) နစ်မြုပ်သွားစေမည့် စိုးရိမ်ရမှုမျှသာ ဖြစ်သည်။ ဤသို့ဖြစ်ခြင်းမှလည်း ကင်းလွတ်ခဲ့ပါသည်။ သို့ရာတွင် ထိုဖြစ်ရပ်၏ နောက်တွင် ဖြစ်သော ဖြစ်ရပ်များတွင် ဟဇရသ်မူစာ عليه السلام သည် 'ကျွန်ုပ် စောဒကတက်မည်မဟုတ်ပါ' ဟု ကတိပေးခဲ့ခြင်းလည်း မရှိပေ။ တစ်ဖန် ကလေးငယ်အား သတ်ဖြတ်လိုက်သည့် ကိစ္စကို တွေ့မြင်ရသည့်အခါ အလွန်ပြင်းထန်စွာ စောဒကတက်ခဲ့သည်။ ထို့ပြင် မိမိ၏ စောဒကပြုခြင်းအပေါ်၌ မည်သည့်အကြောင်း ချွင်းချက်မျှလည်း တင်ပြခဲ့ခြင်းမရှိ။ 'အကယ်၍ နောင်တစ်ကြိမ် စောဒကတက်မိပါလျှင် ကျွန်ုပ်အား အသင်နှင့် မထားရန် အသင့်၌ အခွင့်အရေး ရှိသည်'ဟုသာ ပြောဆိုခဲ့သည်။ အကြောင်းမှာ နဗီတမန်တော်တစ်ပါးအဖို့ 'ရှရီအသ်တရားတော်နှင့် ဆန့်ကျင်စွာ ပြုလုပ်နေသည်ကို တွေ့မြင်ပြီး 'ဆွဗရ်' သည်းခံခြင်းပြုရန် မဖြစ်နိုင်သောကြောင့် ဖြစ်သည်။ သို့သော် တစ်ဖက်တွင်လည်း နဗီတစ်ပါးပင် ဖြစ်သည့်အတွက် နောက်ဆုံးတွင် ဤတစ်စိတ်တစ်ဒေသဖြစ်ရပ်တို့သည် ဟဇရသ်ခိဇ္ဇ်ရ် عليه السلام အတွက် ရှရီအသ်တရားတော်၏ အများစု ဥပဒေအမိန့်များမှ သီးခြားခွဲထုတ်ခြင်းသည်ပင် အခြေခံစေ့မြစ်အဖြစ် ပေါ်ထွက်လာခဲ့သည်။ ၎င်း၏ ပြုမူဆောင်ရွက်ချက်ဟူသမျှသည် အလ္လာဟ်အသျှင်မြတ်၏ 'ဝဟီ'ဗျာဒိတ်တော်နှင့်အညီသာ ပြုခြင်းဖြစ်သည်။ *[မဇ္ဇ်ဟာရီကျမ်း]*

မူစာ عليه السلام ၏ အသိပညာနှင့် ခိဇ္ဇ်ရ် عليه السلام ၏ အသိပညာတွင် မတူညီသည့် အခြေခံတစ်ခုနှင့် ၎င်းတို့နှစ်ဦးစလုံးတွင် အပေါ်ယံ ဆန့်ကျင်ခြားနားမှုအား ရှင်းလင်းခြင်း

ဤနေရာတွင် သဘာဝအလျောက် မေးခွန်းတစ်ခု ပေါ်ပေါက်လာသည်။ အဘယ်ကြောင့်ဆိုသော် ခိဇ္ဇ်ရ် عليه السلام ၏ ပြောကြားချက်အရ ၎င်းအား ချီးမြှင့်ထားသည့် အသိပညာ၏ အမျိုးအစားသည် ဟဇရသ်မူစာ عليه السلام ၏ အသိပညာနှင့် ကွဲလွဲမှုရှိသည်ဟု ဖြစ်သည်။ သို့ရာတွင် ထိုနှစ်ဦးစလုံး၏ အသိပညာတို့သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှသာ ချီးမြှင့်တော်မူထားခြင်း ဖြစ်သည်။ သို့ဖြစ်ပေရာ '၎င်းတို့နှစ်ဦး၏ အမိန့်ပညတ်ချက်များတွင် အဘယ်ကြောင့် ဆန့်ကျင်ကွဲလွဲမှုများ ဖြစ်ရပါသနည်း'ဟု ဖြစ်သည်။

ထိုအကြောင်း ဆန်းစစ်ချက်ကို ကာဇွီစနာအွလ္လာဟ် ပါနီပယ်သီး (ရဟ) က သဖ်စီရ်မဇ္ဟရီ ကျမ်း၌ အမှန်တရားနှင့် အနီးကပ်ဆုံးကို စိတ်ဝင်စားဖွယ် ရေးသားထားသည်။ ဤအကြောင်းကို ကျွန်ုပ် နားလည်သမျှ ရေးသားဖော်ပြလိုက်ပါသည်။ ၎င်း၏ အကျဉ်းချုပ်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ 'ဝဟီ'ဖျာဒိတ်တော်နှင့် 'နဗူဝသ်'တို့အား အပ်နှင်းခြင်းကို များသောအားဖြင့် သက်ရှိသတ္တဝါတို့အား ပြုပြင်မှု ပြုကြသည့် ပုဂ္ဂိုလ်ထူးတို့ကိုသာ အပ်နှင်းတော်မူ၍ ၎င်းတို့အပေါ် ကျမ်းဂန်နှင့် ရှရီအသ် ပို့ချပေးတော် မူသည်။ ထိုကျမ်းနှင့် ရှရီအသ်တို့တွင် အသျှင်မြတ်၏ အဖန်ဆင်းခံသတ္တဝါတို့၏ 'ဟေဒါယသ်'တရား လမ်းမှန်နှင့် ပြုပြင်မှုဆိုင်ရာ အခြေခံဥပဒေများ ပါရှိသည်။ ကုရ်အာန်ကျမ်းတော်မြတ်၌ နဗီဖြစ်ခြင်း၊ ရစူလ်ဖြစ်ခြင်း တင်ပြထားသမျှ နဗီတမန်တော်အားလုံးတို့သည် ဤအတိုင်းပင် ဖြစ်သည်။ ၎င်းတို့အပေါ် ရှရီအသ်တရားတော်နှင့် ပြုပြင်မှုတာဝန်များ အပ်နှင်းထားသည်။ ၎င်းတို့အပေါ် 'ဝဟီ'ကျရောက်လာခြင်း များသည် ထိုအကြောင်းများနှင့် စပ်လျဉ်း၍သာ ဖြစ်သည်။ သို့သော်လည်း အခြားတစ်ဖက်တွင် ဖန်ဆင်းမှု နှင့် သက်ဆိုင်သော လုပ်ဆောင်ချက်များလည်း ဖြစ်ပေါ်လျက်ရှိသည်။ ၎င်းတို့အတွက် များသောအားဖြင့် ဖရစ်ရှ်သာဟ်များကို သတ်မှတ်ထားသည်။

သို့ရာတွင် နဗီတမန်တော်များ၏ အုပ်စုတွင်လည်း အလ္လာဟ်အသျှင်မြတ်သည် အချို့တို့ကို ဤဖန် ဆင်းခြင်းဆိုင်ရာ လုပ်ဆောင်ချက်များအတွက် သတ်မှတ်ထားတော်မူသည်။ ဟဇရသ်ခိဇ္ဇ်ရ် ﷺ သည် ထိုအုပ်စုမှဖြစ်သည်။ ဖန်ဆင်းခြင်းဆိုင်ရာ လုပ်ဆောင်ချက်များနှင့် ပတ်သက်သည်။ ထိုသူတစ်ဦးအား ရေနစ်ခြင်းမှ ကယ်တင်ရန် (သို့) လူတစ်ဦးအား သတ်ဖြတ်ရန်၊ (သို့) လူတစ်ဦးအား တိုးတက်မှုဖြစ်စေ ရန်၊ (သို့) လူတစ်ဦးအား နိမ့်ကျမှု ဖြစ်စေရန်တို့အတွက် သတ်မှတ်တော်မူထားသည်။ ထိုလုပ်ဆောင် ချက်များသည် လူအများနှင့် ပတ်သက်ခြင်းမရှိ။ ၎င်းတို့၏ အမိန့်များသည်လည်း လူအများနှင့် သက်ဆိုင် ခြင်းလည်း မရှိပေ။ ထိုကဲ့သို့ အထူးဖြစ်ရပ်များတွင် အချို့ပုံသဏ္ဌာန်များ ဖြစ်ပေါ်ရာ၌ 'လူတစ်ဦးကို သတ်ဖြတ်ခြင်းသည် ရှရီအသ်၏ ဥပဒေနှင့် ဆန့်ကျင်မှုဖြစ်သော်လည်း 'သက္ကဝီးန်' (ဖန်ဆင်းမှုဆိုင်ရာ ဥပဒေ) တွင် ထိုအထူးဖြစ်ရပ်အား ရှရီအသ်၏ ဥပဒေမှ ထုတ်ပယ်လိုက်ပြီး၊ ထို 'သက္ကဝီးန်'(ဖန်ဆင်းမှုဆိုင်ရာ လုပ်ဆောင်ချက်) အရ ပြုလုပ်သူအား ပြုပိုင်ခွင့် ပေးထားပေသည်။ ဤသို့သော အခြေအနေမျိုးတွင် ရှရီအသ် တရားတော်၏ ဥပဒေအတွင်းမှ သာသနာ့ပညာရှင်တို့သည် ထိုထုတ်ပယ်ထားသည့် ဥပဒေကို နားမလည် ကြပေ။ 'ဟရာမ်'ဟု ဆိုရန် အခက်တွေ့ကြရသည်။ 'သက္ကဝီးန်' ဖန်ဆင်းမှုသဏ္ဌာန်မှ လုပ်ဆောင်ချက် များ ပြုသူသည် သူ့နေရာနှင့်သူ အမှန်ပေါ်၌ ရှိသည်။

အချုပ်ဆိုရသော် ဆန့်ကျင်ကွဲလွဲမှု ဖြစ်သည်ဟု မြင်ရသည့် နေရာများသည် အမှန်စင်စစ် ဆန့်ကျင် ကွဲလွဲမှုများ မဟုတ်ပါပေ။ အချို့အထူးဖြစ်ရပ်များသည် ရှရီအသ်တရားတော်၏ ဥပဒေများမှ ကန့်သတ် ပယ်ထုတ်ထားသည်။ အဗူဟိုက်ယာန်သည် ဗဟ်ရေမိုဟီသ်၌သခင် မိန့်ဆိုထားသည်မှာ-

الجمهو رعلى ان الخضرنبى وكان علمه معر فة

بواطن قد اوحيت اليه وعلم موسى الا حكام والفتيابالظاهر

ထို့ကြောင့် ဤကန့်သတ် ပယ်ထုတ်မှုသည် 'နဗူဝသ်'၏ 'ဝဟီ'အကြောင်းခံဖြင့် ဖြစ်ရန် အရေးကြီးသည်။ ဝလီတစ်ပါးပါး၏ 'ကရှ်ဖ်' နှင့် 'အိလ်ဟားမ်'အား ဤသို့ ကန့်သတ်ပယ်ထုတ်ရန် လုံးဝလုံလောက်ခြင်း မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် ဟဇရသ်ခိဇ်ရ် عليه السلام အနေနှင့် ကလေးငယ်အား သတ်ဖြတ်ခြင်းသည် တရားတော်အရ 'ဟရာမ်'ဖြစ်သည်မှာ ထင်ရှားပါသည်။ သို့သော် ဟဇရသ်ခိဇ်ရ် عليه السلام သည် ဖန်ဆင်းမှုဆိုင်ရာ ပုံသဏ္ဍာန်ဖြင့် ထိုဥပဒေမှ ကန့်သတ်ပယ်ထုတ်ခြင်း ခံရသည်။ ၎င်းတို့အပေါ်၌ နဗီမဟုတ်သူတစ်ဦးဦး၏ 'ကရှ်ဖ်' နှင့် 'အိလ်ဟားမ်' တို့ဖြင့် နှိုင်းယှဉ်သုံးသပ်လျက် 'ဟရာမ်' ကိစ္စတစ်ခုခုကို 'ဟလာလ်' ဟု မှတ်ယူခြင်းသည် လုံးဝသာသနာမဲ့သူတို့၏ လုပ်ရပ်ဖြစ်ခြင်းနှင့် အစ္စလာမ်အား ပုန်ကန်ခြားနားခြင်းပင် ဖြစ်ပေသည်။

အချို့ပညာမဲ့သော စူဖီတို့၏ လုပ်ဆောင်ချက်များမှာ ဤအတိုင်းပင် ဖြစ်သည်။ အိဗ်နေအဘီရှိုက်ဗဟ်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنه ထံမှ ဤဖြစ်ရပ်ကို ဆင့်ပြန်ခဲ့သည်မှာ 'နဂ်ဒဟ်ဟာဝရီ' (ခါရိဂျီ) သည် အိဗ်နေအဗ္ဗားစ် رضي الله عنه အား စာရေးပေးခဲ့သည်မှာ 'ခိဇ်ရ် عليه السلام သည် အရွယ်မရောက်သေးသည့် ကလေးငယ်အား မည်ကဲ့သို့ သတ်ဖြတ်လိုက်ပါသနည်း။ နဗီကိုယ်တော်မြတ် ﷺ က လူမမယ်ကလေးများကို သတ်ဖြတ်ခြင်းမှ တားမြစ်တော်မူခဲ့ပါသည်'ဟု ဖြစ်သည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنه သည် ၎င်း၏အဖြေ၌ ရေးသားခဲ့သည်မှာ 'အကယ်၍ ကလေးတစ်ဦးဦးနှင့် စပ်လျဉ်း၍ မူစာ عليه السلام ၏ အာလင်မ် (ခိဇ်ရ် عليه السلام) ကဲ့သို့သော အသိပညာမျိုး အသင် ရရှိခဲ့မည်ဆိုလျှင် အသင့်အတွက်လည်း လူမမယ်ကလေးအား သတ်ဖြတ်ခြင်း ပိုင်သွားပေမည်'ဟု ဖြစ်သည်။ ဆိုလိုသည်မှာ ဟဇရသ်ခိဇ်ရ် عليه السلام အား 'နဗူဝသ်'၏ 'ဝဟီ'အားဖြင့် ထိုအသိပညာ ရရှိခဲ့သည်။ ထိုအသိပညာသည် ယခုအခါ မည်သူ့ထံတွင်မျှ မရရှိနိုင်ပေ။ အကြောင်းမှာ 'နဗူဝသ်'သည် ချုပ်ငြိမ်းခဲ့ပြီး ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် မည်သည့်နဗီမျှ ပွင့်ပေါ်မည် မဟုတ်တော့ပေ။ 'ဝဟီ'၏ အကြောင်းခံဖြင့် ထိုဖြစ်ရပ်မျိုးနှင့် စပ်လျဉ်း၍ အသျှင်မြတ်၏ အမိန့်တော်တစ်ခုခုမှ တစ်စုံတစ်ဦးအား ကန့်သတ်ထုတ်ပယ်နိုင်သော အသိပညာသည် ချုပ်ငြိမ်းသွားပြီးဖြစ်သည်။

[မဇ္ဇ်ဟရီကျမ်း]

ဤဖြစ်ရပ်အားဖြင့် သိရှိရသည်မှာ လူတစ်ဦးတစ်ယောက်ကို ရှရီအသ်၏ အမိန့်တစ်စုံတစ်ရာမှ ကန့်သတ်ထုတ်ပယ်ခြင်းကို သတ်မှတ်ခြင်းမှာ နဗီတမန်တော်များ၏ 'ဝဟီ'မှလွဲ၍ အခြားသူများအဖို့ အခွင့်အရေးမရှိပါချေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

فَانْطَلَقَا ۗ حَتّٰىٓ إِذَا رَكِبَا فِى السَّفِينَةِ خَرَقَهَا ۖ قَالَ أَخَرَقْتَهَا لِتُغْرِقَ أَهْلَهَا لَقَدْ جِئْتَ شَيْـًٔا إِمْرًا ﴿٧١﴾

၁၈ : ၇၁ ။ ။ ထို့နောက် ၎င်း (မူစာနှင့် ခိဇ္ဇ်ရ်) တို့နှစ်ဦးသည် လျှောက်သွားခဲ့ကြပြီး နောက်ဆုံးတွင် ၎င်းတို့နှစ်ဦးသည် ရွက်သင်္ဘောပေါ်သို့ စီးနင်းကြသောအခါ ယင်း (ခိဇ္ဇ်ရ်) သည် ထိုရွက်သင်္ဘောကို ဖောက်ခဲ့လေသည်။ (ထိုအခါ) ၎င်း (မူစာ) က (ဤသို့) ပြောဆိုခဲ့လေသည်။ 'အသင်သည် ဤ (ရွက်သင်္ဘော) ပေါ်၌ ပါရှိသော သူတို့အား နစ်မြုပ်စေရန်အလို့ငှာ သင်္ဘောကို ဖောက်ခဲ့လေသလော။ ကေန်မလွဲ အသင်သည် အလွန်ဆိုးရွားသော အပြုအမူတစ်ရပ်ကို ပြုလုပ်ခဲ့ချေပြီ။'

قَالَ أَلَمْ أَقُلْ إِنَّكَ لَنْ تَسْتَطِيعَ مَعِىَ صَبْرًا ﴿٧٢﴾

၁၈ : ၇၂ ။ ။ ယင်း (ခိဇ္ဇ်ရ်) က '(အို၊ မူစာ) ကေန်အမှန် အသင်သည် ကျွန်ုပ်တို့နှင့်အတူ အလျဉ်း သည်းခံ၍ နေနိုင်မည်မဟုတ်ကြောင်း ကျွန်ုပ် (စောစောကပင်) ပြောကြားခဲ့သည် မဟုတ်ပါလော' (ဟု ဆိုလေသည်။)

قَالَ لَا تُؤَاخِذْنِى بِمَا نَسِيتُ وَلَا تُرْهِقْنِى مِنْ أَمْرِى عُسْرًا ﴿٧٣﴾

၁၈ : ၇၃ ။ ။ ၎င်း (မူစာ) က 'အသင်သည် ကျွန်ုပ်မေ့လျော့ခဲ့သော ကိစ္စနှင့် စပ်လျဉ်း၍ ကျွန်ုပ်အား အရေးမယူပါလေနှင့်။ ၎င်းပြင် အသင်သည် ကျွန်ုပ်၏ (ဤ) ကိစ္စတွင် ကျွန်ုပ်အပေါ်၌ အကျပ်မကိုင်ပါလေနှင့်'ဟု ပြောဆိုခဲ့လေသည်။

فَانْطَلَقَا ۗ حَتّٰىٓ إِذَا لَقِيَا غُلٰمًا فَقَتَلَهُۥ قَالَ أَقَتَلْتَ نَفْسًا زَكِيَّةًۢ بِغَيْرِ نَفْسٍ لَّقَدْ جِئْتَ شَيْـًٔا نُّكْرًا ﴿٧٤﴾

၁၈ : ၇၄ ။ ။ ထို့နောက်တစ်ဖန် ၎င်း (မူစာနှင့် ခိဇ္ဇ်ရ်) တို့နှစ်ဦးသည် (ရှေ့သို့ ဆက်လက်၍) လျှောက်သွားခဲ့ကြပြန်ရာ သူငယ်တစ်ယောက်ကို တွေ့ကြသောအခါ ယင်း (ခိဇ္ဇ်ရ်) က ထိုသူငယ်အား သတ်ဖြတ်ခဲ့လေသည်။ (ဤသည်တွင်) ၎င်း (မူစာ) က '(အချင်းခိဇ္ဇ်ရ်)၊ အသင်သည် သန့်စင်သော အသက်တစ်ချောင်းကို မည်သည့်အသက်တစ်ချောင်း (၏ သတ်စားသတ်ခြင်း) မျှ မဟုတ်ဘဲ (မတရားသဖြင့်) သတ်ဖြတ်ခဲ့လေသလော။ ကေန်မလွဲ အသင်သည် အလွန့်အလွန် ဆိုးရွားလှသော အပြုအမူတစ်ရပ်ကို ကျူးလွန် ပြုလုပ်ခဲ့ချေပြီ'ဟု ပြောဆိုခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အချုပ်မှာ ၎င်းတို့နှစ်ဦး အချင်းချင်း စကားသတ်မှတ်ချက်များ ပြုလုပ်ကြပြီးဖြစ်သည်။) ထို့နောက် ၎င်းတို့နှစ်ဦးသည် (တစ်နေရာသို့) သွားကြသည်။ (၎င်းတို့နှင့်အတူ ယူရှအ် عليه السلام သည်လည်း လိုက်ပါလာလေသည်။ သို့သော် ၎င်းမှာ မူစာ عليه السلام ၏ နောက်လိုက်ဖြစ်သည့်အတွက် နှစ်ဦးဟုသာ တင်ပြခြင်း

ဖြစ်သည်။) ဤမျှခန့်အထိတွင် (သွားရင်းသွားရင် လှေစီးရန် လိုအပ်သည့်နေရာသို့ ရောက်ရှိသွားခဲ့ကြသည်။) နှစ်ဦးသား လှေပေါ်၌ ထိုင်လိုက်ကြသည့်အခါ ထိုပုဂ္ဂိုလ် (ခိသွ်ရ် عليه السلام) သည် ထိုလှေ (၏ သစ်သားတစ်ချပ်ကို ခွာ၍ ထိုလှေ) တွင် အပေါက်ဖောက်ပစ်လိုက်သည်။ မူစာ عليه السلام က 'အသင်သည် ဤလှေပေါ်တွင် စီးနင်းသူများ နစ်မြုပ်သွားကြစေရန် ဤလှေအား အပေါက်ဖောက်ခြင်း ဖြစ်ပါသလော။ အသင်သည် အလွန်ကြီးလေးသော (အမှားလုပ်ရပ်ကို) ပြုလိုက်သူ ဖြစ်သည်။' ထိုပုဂ္ဂိုလ်က 'အသင်သည် ကျွန်ုပ်အား သည်းခံနိုင်မည်မဟုတ်ဟု ကျွန်ုပ်ကနဦးမှ ပြောဆိုခဲ့ပါသည်'ဟု ပြောဆိုလေသည်။ (နောက်ဆုံးတွင် အသင်သည် မိမိစကားအပေါ်၌ မတည်သူဖြစ်သည်။) မူစာ عليه السلام က '(ကျွန်ုပ် မေ့လျော့သွားခဲ့ပါသည်။) မေ့လျော့မှုကို အသင် အရေးမယူပါနှင့်။ ကျွန်ုပ်၏ ဤလုပ်ရပ် (နောက်လိုက်မှုပြုခြင်း) တွင် ကျွန်ုပ်အပေါ် အကြပ်အတည်းမဖြစ်ပါစေနှင့်။ (မေ့လျော့မှုအပေါ် ခွင့်မလွှတ်ခြင်း မပြုပါနှင့်။)' ထို့နောက် ၎င်းတို့နှစ်ဦးသည် (လှေပေါ်မှ ဆင်း၍ ရှေ့သို့) လျှောက်ခဲ့ကြသည်။ ဤသို့ဖြင့် လူမမယ်ကလေးငယ်တစ်ဦးအား တွေ့ရှိရသောအခါ ထိုပုဂ္ဂိုလ်သည် ထိုလူမမယ်ကလေးအား သတ်ဖြတ်လိုက်လေသည်။ မူစာ عليه السلام သည် (ကြောက်ရွံ့တုန်လှုပ်လျက်) ပြောဆိုသည်မှာ 'အသင်သည် အပြစ်မရှိသည့် အသက်တစ်ချောင်းကို သတ်ဖြတ်လိုက်သည်။ (ထိုသတ်ခြင်းမှာလည်း) အသက်တစ်ချောင်း၏ အစားယူခြင်းမဟုတ်ဘဲ၊ သတ်ဖြတ်ခြင်းဖြစ်သည်။ ကေန်မုချ အသင်သည် အလွန်ကြီးလေး၍ မပြုအပ်သော အမှုကို ကျူးလွန်သူဖြစ်သည်။ (ပထမအကြောင်းမှာ လူမမယ်ကလေးအား သတ်ဖြတ်ခြင်းဖြစ်သည်။ ၎င်းမှာ 'ကိဆွားစ်' (အသေစားသေစေ) သတ်ဖြတ်ခြင်း၌ပင် မပိုင်ပါ။ တစ်ဖန် ၎င်းကလေးသည် မည်သည့် လူသတ်မှုမှလည်း ကျူးလွန်ထားသူမဟုတ်ပါ။ ဤလုပ်ရပ်သည် ပထမလုပ်ရပ်ထက်ပင် ပို၍ ဆိုးရွားပါသည်။ အဘယ်ကြောင့်ဆိုသော် ပထမဖြစ်ရပ်တွင် ကေန်မလွဲ ပစ္စည်းဥစ္စာ ဆုံးရှုံးမှုရှိခဲ့သည်။ လှေပေါ်၌ စီးနင်းသူများ နစ်မြုပ်မည်ကိုလည်း စိုးရိမ်ခဲ့ရသည်။ သို့ရာတွင် ထိုစိုးရိမ်မှုမှ လွတ်မြောက်ခဲ့ပါသည်။ ယခုတစ်ဖန် အရွယ်မရောက်သေးဘဲ အပြစ်ဟူသရွေ့မှ ကင်းစင်သည့် ကလေးငယ်အား သတ်ဖြတ်လိုက်ပြန်သည်။)'

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اَخَرَ قْتَهَا لِتُغْرِ قَ اَهْلَهَا

'ဆွဟီးဟိုင်းန်' (ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း) တွင် ဟဇရတ်ခိသွ်ရ် عليه السلام သည် ပုဆိန်ဖြင့် လှေ၏ ပျဉ်ချပ်ကို ခွာလိုက်သည်ဟု လာရှိသည်။ ထိုသို့ ပြုခြင်းကြောင့် လှေအတွင်း၌ ရေများ ပြည့်လျှံလျက် နစ်မြုပ်ရန် စိုးရိမ်ရသည်အထိ ဖြစ်သွားခဲ့သည်။ ထို့ကြောင့် မူစာ عليه السلام သည် ၎င်းအပေါ်၌ စောဒကတက်ခြင်း ဖြစ်သည်။ သို့ရာတွင် သမိုင်းဆင့်ပြန်ချက်များတွင် 'ရေသည် ထိုလှေအတွင်း၌ ဝင်ရောက်ခြင်းမရှိခဲ့။ ဟဇရတ်ခိသွ်ရ် عليه السلام ကပင် ထိုလှေအား တစ်စုံတစ်ရာ ပြုပြင်လိုက်သည်'ဟု လာရှိသည်။ ဗဂဝီ၏ ဆင့်ပြန်

ချက်တစ်ရပ်တွင် 'ထိုပျဉ်ချပ်ခွာလိုက်သည့် နေရာတွင် ခိဇ္ဇ်ရ် ﷺ သည် မှန်တစ်ချပ်ကို တပ်ဆင်လိုက်သည်။ 'မုအ်ဂျေဇာဟ်'အသွင်ဖြင့် ရေသည် လှေအတွင်းသို့ ဝင်ရောက်ခြင်း မရှိတော့ပေ။' ကုရ်အာန်၏ စာသားများ သုံးနှုန်းမှုအရ 'ထိုလှေတွင် နစ်မြုပ်ရန် အကြောင်းတစ်စုံတစ်ရာပင် မပေါ်ပေါက်ခဲ့ပေ'ဟု ထိုအချက်ဖြင့် အထက်ပါဆင့်ပြန်ချက်များအား ထောက်ခံထားကြောင်း သိရှိရသည်။

حَتّٰٓى اِذَا لَقِيَا غُلٰمًا

غُلَام 'ဂုလာမ်'ဟူသော စာလုံးသည် အာရဗီဘာသာတွင် 'အရွယ်မရောက်သေးသော ကလေး' ကို ခေါ်ဆိုသည်။ ဤကလေးအား ဟဇရသ်ခိဇ္ဇ်ရ် ﷺ က သတ်ဖြတ်လိုက်ခြင်း ဖြစ်သည်။

ထိုအကြောင်းနှင့်စပ်လျဉ်း၍ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ နှင့် အဖွင့်ပညာရှင်အများစုက မိန့်ဆိုကြသည်မှာ 'ထိုကလေးသည် အရွယ်မရောက်သေးသည့် ကလေးဖြစ်သည်' ဟူ၏။ ထို့နောက် ရှေ့တွင် ထိုအကြောင်းနှင့် စပ်လျဉ်း၍ نَفْسًا زَكِيَّةً ဟု လာရှိသည်။ ထိုစာလုံးအားဖြင့်လည်း ထိုကလေးသည် အရွယ်မရောက်သေးသည့် ကလေးဖြစ်ကြောင်း ထောက်ခံခြင်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် زَكِيَّة ၏ အဓိပ္ပာယ်မှာ 'အပြစ်ဒုစရိုက်များမှ သန့်ရှင်းခြင်း' ဖြစ်သည်။ ဤဂုဏ်ရည်သည် နဗီတမန်တော် (သို့) အရွယ်မရောက်သေးသည့် လူမမယ်ကလေး၌သာ ရှိပေသည်။ ၎င်းတို့၏ လုပ်ရပ်များအပေါ်၌ အရေးယူခြင်း မရှိပေ။ ၎င်းတို့၏ 'အအ်မာလ်နာမဟ်' အကောင်းအဆိုး ရေးမှတ်သည့် မှတ်တမ်းစာအုပ်တွင် မည်သည့်အပြစ်ဒုစရိုက်မှ ရေးသားခြင်းရှိမည် မဟုတ်ပေ။

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးက်' စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၁၅]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْأَلُوا أَهْلَ الذِّكْرِ إِن كُنتُمْ لَا تَعْلَمُونَ ۝

معارف القرآن

''အသင်တို့ မသိကြပါမူ
တတ်သိသူများအား မေးမြန်း ကြလေကုန်။''